354.
၁၈၆

ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေ

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

မဟာပညာဗလ
ပဌမကျော်ဦးကြီးဖေ

အဋ္ဌမတွဲ

ဟံသာဝတီ

ငါးရာ့ငါးဆယ်

နိပါတ်တော်စကားပြေ

အဋ္ဌမတွဲ

{ ဝီသတိနိပါတ် မာတင်္ဂဇာတ်မှ-စတ္တာလီသနိပါတ်
စူဠသုတသောမဇာတ် အထိ၊ ဇာတ်ပေါင်း ၂၉။ }

မဟာပညာဗလ-ပဌမကျော်ဦးကြီးဖေ
ရေးသားစီရင်သည်။

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၈

နိဒါန်း

စိရံ တိဋ္ဌတု သဒ္ဓမ္မော။ ။သဒ္ဓမ္မော၊ သူတော် ကောင်း တရားသည်။စိရံ၊ကြာမြင့်စွာ။တိဋ္ဌတု၊ တည်ပါစေသတည်း။

နိပါတ်တော်

ငါးရာ့ငါးဆယ် နိပါတ်တော်မှာ မြတ်စွာဘုရား ဟော ကြားတော်မူအပ်သော နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ တွင် ခုဒ္ဒကနိကာယ် သုတ္တန်ပိဋကတ်အဝင်အပါ ပါဠိဇာတ် ပါဠိတော်ပင် ဖြစ်ပါသည်၊ ထိုပါဠိဇာတ် ပါဠိတော်ကို ဧကကနိပါတ်အစ အသီတိနိပါတ်အဆုံး အခန်းပေါင်း နှစ်ဆယ့်တခန်း၊ ဇာတ်ပေါင်း ငါးရာ့သုံးဆယ်ခုနစ်ဇာတ် တို့ဖြင့် တန်ဆာဆင်ကာ ဟော ား ထားပါသည်၊ မဟာ နိပါတ် ဇာတ်ပေါင်း တဆယ် ဇာတ်ကြီး ဆယ်ဖွဲ့ တို့နှင့် ပေါင်းလျှင် ငါးရာ့လေးဆယ်ခုနစ်ဇာတ်တို့ ဖြစ်ပါသည်၊ အခေါ်အဝေါ်လွယ်ကူစေရန် ဇာတ်သုံးဇာတ် လျော့နေ သော်လည်း ငါးရာ့ငါးဆယ် နိပါတ်တော်ဟု ခေါ်ဝေါ် စမှတ်ပြုကြပါသည်။

အဋ္ဌကထာ

ပါဠိဇာတ် အဋ္ဌကထာကို သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူစဉ်- အရှင်မဟာ ဗုဒ္ဓဃောသ မထေရ် ပြုစီရင်တော်မူသည်၊ သာသနာသက္ကရာဇ် (၉၃၀) လောက်တွင် မြန်မာပြည် အောက်ပိုင်း သထုံမြို့သို့ ရောက်လာသည်၊ သာသနာ

သက္ကရာဇ် (၁၆၀၀) ကျော်၊ကောဇာသက္ကရာဇ်(၄၀၀) ကျော်လောက်တွင် မြန်မာပြည်အထက်ပိုင်း ပုဂံပြည်သို့ အနော်ရထာမင်း ဆောင်ယူတော်မူသဖြင့် တပြည်လုံး ဘဖြည်းဖြည်းပျံ့နှံ့ခဲ့ပါသည်။

ဋီကာများ

ပါဠိဇာတ်ဋီကာတို့တွင်လီနတ္ထပကာသနီမည်သောဋီကာ ဓဟောင်းကို သီဟိုဠ်ကျွန်း အနုရာဓမြို့ ဗဒရတိတ္ထကျောင်း၌ သီတင်းသုံးတော်မူသော ဆရာဓမ္မပါလမထေရ် ပြုစီရင် တော်မူသည်၊ အသမ္ဘောဟဝိလာသိနီမည်သော ဋီကာသစ် ကိုကား၊ မြန်မာပြည်ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်း လက်ထက် မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာရာမတိုက်တော်၌ သီတင်းသုံးတော်မူသော "ပညာသာမိ သိရိကဝိဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်တော်ရ မောင်းထောင်ကြီးရွာ ဇာတိ ဒုတိယမောင်းထောင် ဆရာတော် ပြုစီရင်တော် မူပါသည်။

နိသျနှင့်ဂဏ္ဌိများ

ပါဠိဇာတ် ပါဠိတော် နိသျနှင့် အဋ္ဌကထာနိသျများကို ဆရာတော် အသီးသီးတို့ စီရင်တော်မူကြသည်၊ ဇာတက- ဝိသောဓနီခေါ် ပါဠိဇာတ်ဂဏ္ဌိကို စစ်ကိုင်းမြို့ ထူပါရုံစေတီ တော်ဒါယကာ နရပတိမင်းလက်ထက် ပင်းယမြို့ စကား အင်းရွာဇာတိ အရိယဝံသမ္မသေနာပတိမထေရ် ပြုစီရင် တော်မူပါသည်။

ဝတ္ထုများ

ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုကို ဒီပဲယင်းမြို့ မုံတိုင်ဆရာတော်ပြုစီရင်တော်မူသည်ဟု ပိဋကတ်သမိုင်းတွင် အဆိုရှိသည်၊ စာအုပ်ရိုက်၍ ယခုသုံးစွဲလျက်ရှိသော ငါးရာ့ငါးဆယ်နိပါတ် ဇာတ်ဝတ္ထုကိုကား၊ ဘိုးတော်မင်းတရားလက်ထက် ကောဇာသက္ကရာဇ် (၁၁၆၁) ခုတွင် မင်္ဂလာဘုံကျော်ကျောင်း၌ သီတင်းသုံးတော်မူသော "ကဝိန္ဒာဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ဒုတိယ ညောင်ကန်ဆရာတော်- ပြုစီရင်တော်မူပါသည်။

အနှစ်သာရများ

ထိုငါးရာ့ငါးဆယ် နိပါတ် ဇာတ် ဝတ္ထုတို့မှာ ဓမ္မကြောင်း, လောကကြောင်း,ရာဇကြောင်း စုံလင်လှသည်၊ စီးပွါးရေး,ကြီးပွါးချမ်းသာရေး,ကျန်းမာရေး, ပညာဉာဏဗဟုသုတတိုးပွါးရေး, လိမ္မာယဉ်ကျေးရေး, ပေါင်းသင်းဆက်ဆံရေး စသည်တို့နှင့် ပြည့်နှက်လျက်ရှိသည်၊ မှတ်ယူသုံးစွဲ၍ မကုန်နိုင်အောင် အနှစ်သာရအမျိုးမျိုးနှင့် ပြည့်စုံလှလောက်သည်၊ ငါးရာ့ငါးဆယ် နိပါတ်ဇာတ်ဝတ္ထုတို့၌ လိမ္မာကျွမ်းကျင်ပါလျှင်၊ သူတပါးတို့ မှိခိုအားထားရာ, ကိုးကွယ်ရာ,ဆည်းကပ်ပူဇော်ရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး တဦးဖြစ်လာနိုင်ပါသည်။

ရှေးခေတ်အခါ

ရှေးခေတ်အခါက ပျို့,ကဗျာ,လင်္ကာ,ချေင်း,မော်ကွန်း, သမိုင်း,သံပိုင်း, ရတု,သီချင်းကြီး, သီချင်းခံ,ကြိုး,ပတ်ပျိုး,

ယိုးဒယားစသည်တို့ကို ဖန်တီးကြသော ကဗျာ့ပါရဂူကြီးတို့မှာ၊ ထိုငါးရာ့ငါးဆယ်နိပါတ်ဇာတ်ဝတ္ထုတခုခုကိုပင် မူတည်ကြရသည်၊ ဝတ္ထု, ပုံပြင်, ပြဇာတ်စသည်တို့ကို ရေးသားကြသော ပညာရှိတို့လည်း ထိုငါးရာ့ငါးဆယ်နိပါတ်ဇာတ်ဝတ္ထုတို့ကို အမှီပြု၍ ရေးသားကြရသည်၊ ကပြသော ပွဲလမ်းသဘင်တို့၌လည်း နှစ်ပါးသွားခံကား, လွမ်းခံကား, ဆွေးခံကား၊ အကြမ်း,အနု,ဇာတ်လမ်း, ဇာတ်ကွက်ဖော်၍ သရုပ်တင်ကာ လူအများရှုစားချင်လောက်အောင်လည်း ထိုငါးရာ့ငါးဆယ်နိပါတ် ဝတ္ထုတို့ကိုပင် ကပြအသုံးခံကြရပါသည်။

အခက်အခဲများ

ယခုခေတ်အခါ၌ကား ရှေးခေတ်အခါ ပညာရှိတို့လို ပါဠိဘာသာကို ကောင်းစွာ မကျွမ်းကျင်ကြသဖြင့် ရှေးဟောင်းဖြစ်သော ဇာတ်ပါဠိတော်, အဋ္ဌကထာ, ဋီကာ, နိသျ, ဂဏ္ဌိ, ဝတ္ထုစကားပြေတို့ကို မကြည့်ရှုနိုင်ကြသောကြောင့် ပညာဗဟုသုတလိုလား ရှာမှီးသူများ အတွက် အခက်အခဲနှင့် ရင်ဆိုင်တွေ့နေကြရသည်၊ ရှေးဟောင်းဖြစ်သော နိပါတ်ဇာတ်နိသျ, ဝတ္ထုစကားပြေတို့လည်း ဇာတ်ပါဠိတော်,ဇာတ်အဋ္ဌကထာပါဠိတို့၏ဘာသာပြန်များသာ ဖြစ်သဖြင့် စကားဝါကျအထပ်ထပ်ပါနေခြင်း, မပြေမပြစ်ရှိခြင်း, ကျယ်ဝန်းခြင်း, ပါဠိနှင့်အနက်ရောထွေးနေခြင်း, စကားအသုံးအနှုန်း ရှေးကျနေခြင်းတို့ကြောင့် ယခုခေတ်လူများ လွယ်ကူစွာမသိနိုင်၊ မသုံးစွဲနိုင်၊ သို့အတွက် အကျွန်ုပ်တို့သည် လွန်ခဲ့သောနှစ်ပေါင်း (၂၅) နှစ်လောက်

ကာပင် ခေတ်လူများနှင့် လျော်အောင် ပေါ်လွင်ထင်ရှား သော နိပါတ်တော်စကားပြေကို ရေးသားမည်ဟု ကြံစည် ခဲ့ပါသည်၊ သို့သော်လည်း အလုပ်ချိန်မရ အကြောင်းမညီ ညွတ်သဖြင့် အထမမြောက်ခဲ့ပါ။

သူဌေး ဦးညွန့်

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးအေးငြိမ်း၍လာသောအခါ ရှေးအခါက ကြံစည်ခဲ့ဘူးသော နိပါတ်တော်စကားပြေကို ရေးသားရန် တဖန်သတိရပြန်၏၊ ထိုအခါ ရန်ကုန်မြို့ ဟံသာဝတီတိုက်ရှင် သူဌေးဦးညွန့်အား ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေ ရေးသားရန် ပြောကြားပါ၏၊ သူဌေးဦးညွန့်လည်း ရတနာသုံးပါးကို လေးစားယုံကြည် လျက် အစလသဒ္ဓါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး ဖြစ်သည့် အလျောက်အမြန်ရေးသားပါရန်တိုက်တွန်းပါ၏၊အကျွန်ုပ် လည်း နှစ်ပေါင်းများစွာ ကြံစည်လာခဲ့သော အကြံအစည် ကြီး ပြီးမြောက်ပေပြီ၊ မိမိ၏ပညာဉာဏ်ကို အရင်းခံကာ အတိုင်းမသိ အကျိုးများသော ဓမ္မဒါနကုသိုလ်ကြီးကို ပြုရ ပေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ မနေမနား ရေး သားလာခဲ့ရာ၊ ထိုနိပါတ်တော်စကားပြေသည် ဘေးရန် ကင်းလျက် တဆယ့်ရှစ်လပြည့်သောအခါပြီးစီးအောင်မြင် ခြင်းသို့ ရောက်ခဲ့ပါသည်။

ဥယျောဇဉ်

အို–ပညာရှိ သူတော်ကောင်း အပေါင်းတို့.... အနှစ် သာရနှင့်ပြည့်ဝစုံလင်သော ဤနိပါတ်တော် စကားပြေကို ကြည့်ရှုလေ့ကျက် မှတ်သားကြပါကုန်၊ လောကီ, လော

နိဒါန်း

ကုတ္တရာ ပညာဗဟုသုတနှင့် ပြည့်စုံကြလျက် လူအများတို့ အားထားမှီခိုရာဖြစ်ကြပါကုန်၊ ပစ္စုပ္ပန်,သံသရာ,အတ္တ,ပရ နှစ်ဝသော အကျိုးတို့ကို သည်ပိုးရွက်ဆောင် ကြပါကုန်ဟု ကောင်းမြတ်သော စိတ်ဖြင့် နှိုးဆော် တိုက်တွန်း အပ်ပါသတည်း။

ဦးကြီးဖေ-ပဌမကျော်

မာတိကာ

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

ဝီသတိနိပါတ်

၄၉၇။ မာတင်္ဂဇာတ် ... ၁

ဒိဋ္ဌမင်္ဂလိကာသူဌေးသမီး၏ မာန်မာနကို နှိမ်လိုသည်ဖြစ်၍ အမိဋ္ဌာန်ပြုကာ အိပ်၍နေသော ဒွန်းစဏ္ဍား မာတင်္ဂသူခမိန်အကြောင်း။

၄၉၈။ စိတ္တသမ္ဘူတဇာတ် ၂၂

လေးဘဝလုံး အချစ်မပျက်ဘဲ အတူယှဉ်တွဲကာ သေကြရ,ဖြစ်ကြရသော စိတ္တ,သမ္ဘူတ ညီနောင်နှစ်ဦးအကြောင်း။

၄၉၉။ သိဝိဇာတ် ... ၃၇

မျက်စိကိုအလိုရှိ၍ အလှူခံလာသော ပုဏ္ဏားအား မျက်လုံးနှစ်ခုကိုထုတ်၍ လှူဒါန်းသော သိဝိမင်းကြီးအကြောင်း။

၅၀၀။ သိရိမန္ဒဇာတ် ... ၅၂

[ဤဇာတ်သည် မဟာဥမင်္ဂဇာတ်နှင့်တူ၏။]

၅၀၁။ ရောဟဏမိဂဇာတ် ... ၅၂

နောင်တော်ရွှေသမင်မင်း ကျော့ကွင်း၌မိ၍နေရာ ညီတော်သမင်နှင့် နှမတော်သမင်မတို့ မပြေးဘဲအတူနေ၍ အသေခံသဖြင့် မုဆိုးကကြည်ညိုသောကြောင့် ကျော့ကွင်းမှ လွတ်ခြင်းအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၅၀၂။ စူဠဟံသဇာတ် ၆၉

ရွှေဟင်္သာမင်း ကျော့ကွင်းတွင်မိ၍နေရာ ဟင်္သာစစ်သူကြီးသုမုခသည် မိမိအရှင်သခင်ကို စွန့်ပစ်မပြေးဘဲ အတူနေကာ အသေခံသဖြင့် မုဆိုးကြည်ညိုသောကြောင့် ကျော့ကွင်းမှလွတ်ခြင်းအကြောင်း။

၅၀၃။ သတ္တိဂုမ္ဗဇာတ် ၇၀

ငယ်စဉ်ကပင် ခိုးသားတို့၏အလယ်၌ဖြစ်၍ ကြမ်းတမ်းသော သတ္တိဂုမ္ဗကျေးသားနှင့် ရသေ့ သူတော်ကောင်းတို့၏ အလယ်၌ဖြစ်၍ သိမ်မွေ့ နူးညံ့သော ပုပ္ဖကကျေးသား ညီနောင်နှစ်ဦးတို့အကြောင်း။

၅၀၄။ ဘလ္လာတိယဇာတ် ၈၉

တညဉ့်မျှ တောင်ကြားမြစ်ငယ် ရေအလျဉ်ခြားနေသဖြင့် အနှစ်ခုနစ်ရာတိုင်တိုင် တွေးမိတိုင်း ပူဆွေးငိုကြွေးနေကြရပုံ အကြောင်းစုံကို ဘလ္လာတိယမင်းအား ပြောကြားကြသော ကိန္နရီမောင်နှံအကြောင်း။

၅၀၅။ သောမနဿဇာတ် ၉၆

ရသေ့ရဟန်းဖြစ်ပါလျက် သစ်ပင်ဝါးပင် စိုက်ပျိုးရောင်းချကာ စီးပွားရှာမှီးနေသော ရသေ့စဉ်းလဲအား အပြစ်ပြောဆိုရှုံ့ချသော သောမနဿမင်းသားအကြောင်း။

၅၀၆။ စမ္ပေယျဇာတ် ၁၁၁

နဂါးအဖြစ်မှလွတ်ရန်အတွက် လူ့ပြည်သို့ လာရောက်ကာ ဥပုသ်သီတင်း ဆောက်တည် နေစဉ် အလမ္ပါယ်ဆရာနှင့်တွေ့၍ အဖမ်းခံရပြီးမှ မင်းကိုမှီ၍လွတ်ရသော စမ္ပေယျနဂါးမင်းအကြောင်း။

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

၅၀၇။ မဟာပလောဘနဇာတ် ... ၁၂၉
[ဤဇာတ်သည် အနိတ္ထိဂန္ဓဇာတ်နှင့် တူ၏၊ အကျဉ်းအကျယ်မျှသာထူးသည်။]

၅၀၈။ ပဉ္စပဏ္ဍိတဇာတ် ... ၁၃၀
[ဤဇာတ်သည် မဟာဥမင်ဇာတ်နှင့်တူ၏။]

၅၀၉။ ဟတ္ထိပါလဇာတ် ... ၁၃၀
ဟတ္ထိပါလမင်းသားကိုအကြောင်းပြု၍ မင်းမိဖုရားနှင့်တကွ ခုနစ်ပြည်ထောင်လုံး တောထွက်သော အကြောင်း။

၅၁၀။ အယောဃရဇာတ် ... ၁၅၃
ဘီလူးမရန်ဘေး စိုးရိမ်ရသည်ဖြစ်၍ သံအိမ်တွင်းတွင်ပင် ကြီးပြင်းလာရသော အယောဃရမင်းသားသည် မင်းမပြုဘဲ တောထွက်သဖြင့် ခမည်းတော် မယ်တော်နှင့်တကွ တပြည်လုံး တောထွက်သော အကြောင်း။

တိံသနိပါတ်

၅၁၁။ ကိံဆန္ဒဇာတ် ... ၁၆၆
မင်းသည် အကျင့်သီလနှင့်ပြည့်စုံပါလျက် ပုရောဟိတ်မှူကား အကျင့်ပျက်ကာ တံစိုးလက်ဆောင်စား၍ တရားစီရင်သဖြင့်၎င်း, သရက်သီးတလုံးမျှ ပေးလှူဘူးသဖြင့်၎င်း နေ့ခံညဉ့်စံရသည့် ဝေမာနိကပြိတ္တာမျိုးဖြစ်ရခြင်းအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၅၁၂။ ကုမ္မာဇာတ် ... ၁၇၇
သေအရက်ကို စတင်တွေ့ရှိသော သူရာမူဆိုးနှင့် သေအိုးကို အပြစ်များစွာပြောကြားပြီး ရောင်းချသော သိကြားမင်းအကြောင်း။

၅၁၃။ ဇယဒိသဇာတ် ... ၁၉၁
ဘီလူးမနို့ရည်သောက်စို့၍ လူစင်စစ်မှ ဘီလူးသဘွယ်ဖြစ်သော ပေါရိသာဒသည် ဇယဒိသမင်းကြီးကိုဖမ်းရာ ဖခင်အစား အသေခံသွားပြီး ပေါရိသာဒကို ဆုံးမယဉ်ကျေးစေသော အလီနသတ္တုမင်းသားအကြောင်း။

၅၁၄။ ဆဒ္ဒန္တဇာတ် ... ၂၁၁
သောဏုတ္တရမုဆိုးသည် သုဘဒ္ဒါမိဖုရားအတွက် ဆင်မင်းရှိရာသို့သွား၍ ဆင်စွယ်ကိုဖြတ်ရာ မရသဖြင့် ကိုယ်တိုင်ဖြတ်၍ လှူဒါန်းသော ဆဒ္ဒန်ဆင်မင်းအကြောင်း။

၅၁၅။ သမ္ဘဝဇာတ် ... ၂၃၆
ဘုရားရှင်တို့သာ ဖြေစွမ်းနိုင်သော အလွန်ခက်ခဲသောပြဿနာကို တခဏချင်းဖြေစွမ်းနိုင်သော ခုနစ်နှစ်သားအရွယ်ရှိ ဘုရားအလောင်းသမ္ဘဝသတို့သားအကြောင်း။

၅၁၆။ မဟာကပိဇာတ် ... ၂၄၉
ချောက်ကမ်းပြတ်တွင်ကျနေသော ပုဏ္ဏားသည် အသက်ဘေးမှကယ်ဆယ်သည့် မိမိကျေးဇူးရှင်အား ကျောက်ခဲဖြင့်ထုရာ မသေဘဲကျေးစွပ်သည့်ပုဏ္ဏားကိုပင် ဦးခေါင်းသွေးစက်ဖြင့် လမ်းခရီးကို ပြသော မျောက်မင်းအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၅၁၇။ ဒကာရက္ခသဇာတ် ... ၂၅၄
[ဤဇာတ်သည် မဟာဥမင်ဇာတ်နှင့်တူ၏။]

၅၁၈။ ပဏ္ဍရကဇာတ် ... ၂၅၄
လျှို့ဝှက်အပ်သော အကြောင်းကို နှုတ်မစောင့်သော တက္ကတွန်းအား ပြောဆိုမိသဖြင့် လွယ်ကူစွာ ဂဠုန်၏ အသုတ်ကိုခံရသော ပဏ္ဍရက နဂါးမင်း အကြောင်း။

၅၁၉။ သမ္ဗုလာဇာတ် ... ၂၇၉
တောကြီးအလယ် ဒါနဝဘီလူး ကာမဂုဏ်ဖြင့် ဖြားယောင်းသော်လည်း အသက်ကို ပမာဏမထား ကျင့်ဝတ်မဖေါက်ပြားသော သောတ္ထိသေန အိမ်ရှေ့ မင်းမိဖုရား သမ္ဗုလာမင်းသမီးအကြောင်း။

၅၂၀။ ဂန္ဓတိန္ဒုကဇာတ် ၂၀၆
မင်းနှင့်တကွ အမတ်များစွာတို့ အဂတိတရား လိုက်စားသဖြင့် တိုင်းပျက်ပြည်ပျက် အမျက်ထွက်ကြ သောကြောင့် ဘားသတ္တဝါကအစ မင်းအားကျိန် ဆဲသည်ကို မင်းကြီးသိ၍ တည်ပင်စောင့်နတ် အဆုံး အမဥ္စတည်ကာ တရားသဖြင့်မင်းပြုသောအကြောင်း။

စတ္တာလီသနိပါတ်

၅၂၁။ တေသကုဏဇာတ် ... ၃၀၂
ဥယျာဉ်တော်အတွင်းမှရသော ဥသုံးလုံးမှပေါက် ဖွားသော ခင်ပုပ်ငှက်, ဆက်ရက်မ, ကျေးသားတို့ သည် ပြဿနာအရပ်ရပ်ကိုဖြေကြား၍ မင်းကြီးအား အဆုံးအမပေးသောအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၅၂၂။ သရဘင်္ဂဇာတ် ... ၃၂၃

မြှားရေးအတတ်၌ တဘက်ကမ်းခတ် တတ်မြောက်သဖြင့် ကောင်းကင်တွင် မြှားပြာသာဒ်ပြုပြီး တစင်းတည်းသောမြှားဖြင့် ဖျက်ဆီး ပစ်ချနိုင်သော ကြောင့် သရဘင်္ဂအမည်ရသော ဇောတိပါလပုဏ္ဏားလုလင်အကြောင်း။

၅၂၃။ အလမ္ဗုသာဇာတ် ... ၃၅၂

အလမ္ဗုသာနတ်သမီးသည် ကာမဂုဏ်ဖြင့် ဖြားယောင်းဖျက်ဆီးလျက် သုံးနှစ်တိုင်တိုင် သတိမရ မြောမွေ့ခနေပြီးမှ သတိရ၍ တရားကိုအားထုတ်သော ဣသိသိင်္ဂရသေ့အကြောင်း။

၅၂၄။ သင်္ခပါလဇာတ် ... ၃၆၆

နဂါးပြည်မှ လူ့ပြည်လာရောက်ကာ ဥပုသ်ဆောက်တည်စဉ် မုဆိုးတို့နှင့်တွေ့၍ နှိပ်စက်ညှဉ်းပန်း၍ ဖမ်းယူသည်ကို အဓိဋ္ဌာန်မပျက် အမျက်မထွက်ဘဲ သည်းခံသော သင်္ခပါလနဂါးမင်းအကြောင်း။

၅၂၅။ စူဠသုတသောမဇာတ် ... ၃၈၄

မိဖုရားနှင့်တကွ နန်းတော်သူ နန်းတော်သား, မြို့တော်သူမြို့တော်သားတို့ တောင်းပန်သော်လည်း မရဘဲ မြတ်သောတောထွက်ခြင်းဖြင့် တောထွက်သော သုတသောမမင်းအကြောင်း။

အဋ္ဌမတွဲ မာတိကာပြီး၏။

ငါးရာ့ငါးဆယ်

နိပါတ်တော်စကားပြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမနှင့် ပဋိညာဉ်

(၁) မုနိန္ဒမုခသရဇေ၊
နိပါတ ပဒုမေ သုဘေ။
ဖုလ္လိံသု ဇာတကသုမာ၊
နာနာ ဇနာလိစုမ္ဗိတာ။ ။

(၂) ဝိဘူသိယ ဓေတေ သုမေ၊
သုဂန္ဓေ မမ မတ္တကေ။
အတ္တာယ သုတကာမာနံ၊
ဝက္ခံ နိပါတစုဏ္ဏိယံ။ ။

(၃) ကေဝိသတိ ခဏ္ဍေဟိ၊
မဏ္ဍိတံ အတ္ထသံဟိတံ။
သတ္တတိံသပဉ္စသတ၊
ဇာတကေဟိ သုလက္ခိတံ။ ။

(၄) သုဏန္တု တံ သာရဏိယံ၊
သာဓူနံ ကဏ္ဏ ဘူသနံ။
ဗဟုဿုတေဟိ သမ္ပုဏ္ဏံ၊
ပညဝန္တေဟိ မာနိတံ။ ။

(၅) ဝဍ္ဍနံ့ တံ သုဏာန္တာနံ၊
လောကုတ္တရာ စ လောကိယာ။
အတ္ထာ ဟိတာ သုခါ သဗ္ဗေ၊
နဒီသောတာ ဒိနေဒိနေ။ ။

(၁) မုနိန္ဒမုခသရဇေ၊ မုနိငါး၀၊ အစိုးရသည့်၊ဘုရား ခံတွင်း၊ အိုင်တို့မင်းဝယ်၊ ထင်လင်းလှစွာ၊ ပေါက်ပွား၍ လာထသော။ သုဘော၊ ကောင်းမြတ်စံပယ်၊ တင့်တယ်စွာ သော။ နိပါတပဒုမေ၊ ဧကေ, ဒုက၊စသည်တည်ရှိ၊ အသီတိ အဆုံး၊ ပေါင်းရုံးဟောဘော်၊ နိပါတ်တော်အစုံ၊ ပဒုမာ ကြာရုံ၌။ နာနာဇနာလိစုမ္ဗိတာ၊ အထူးထူး အထွေထွေ၊ ရှိသေညွတ်ရုံး၊ လူသုံးပါးတည်းဟူသော ပျားပိတုန်းတို့၊ စားသုံးစုပ်နမ်းအပ်ကုန်သော။ ဇာတကသုမာ၊ အပဏ္ဏ က၊ စသည်မည်ဆန်း၊ ပဒုမာကြာပန်းတို့သည်။ ဖုလ္လိံသု၊ ကားကားစွင့်စွင့်၊ မားမားတင့်လျက်၊ ပွင့်ကြလေကုန်ပြီ။

(၂-၃) သုဂန္ဓေ၊ ခေတ်တွင်းအာဏာ၊ ကောင်းစွာ လှိုင်လှိုင်၊ တကြိုင်ကြိုင်သင်းပျံ့၊ ကောင်းသော ရနံ့ရှိကုန် သော။ တေသုမေ၊အပဏ္ဏကစသည်မည်ဆန်း၊ထိုပဒုမာ ကြာပန်းတို့ကို။ မမ၊ ကြီးဖေပဌမကျော်၊ မည်ခေါ်သမုတ်၊ အကျွန်ုပ်၏။ မတ္တကေ၊ အမြတ်အင်္ဂါ၊ စဉ်လာမပျက်၊ ဦးခေါင်းထက်၌။ ဝိဘူသိယ၊ ဝေဝေဆာဆာ၊ ရှိစေငှါဟု၊ ကောင်းစွာရှင်လန်း၊ ပန်ဆင်မြန်း၍။ သုတကာမာနံ၊ကြား မြင်လိုလား၊အမျိုးသားတို့၏။အတ္ထာယ၊လောကုတ်,လော ကီ၊ နှစ်လီအကျိုးပွားတိုးစေခြင်းငှါ။ ဧကဝီသတိခဏ္ဍေဟိ၊ ဧကကနိပါတ်အစ၊ အသီတိနိပါတ်အဆုံး၊ ပေါင်းရုံးတင့်

ဆန်း၊နှစ်ဆယ့်တခဏ်းတို့ဖြင့်။မဏ္ဍိတ်၊စုံစုံလင်လင်၊တန်ဆာ ဆင်အပ်သော။ အတ္တသံဟိတ်၊ အကျိုးစီးပွါး၊ ထွန်းကား အစဉ် စပ်ယှဉ်သော။ သတ္တတိံသ ပဋ္ဌသတဇာတကေဟိ၊ ငါးရာ့သုံးဆယ်၊ စွန်းကယ်ခုနစ်ဖြာ၊ ဇာတ်များစွာတို့ဖြင့်။ လက္ခိတ်၊ သေချာပိုင်းခြား၊ မှတ်သားအပ်သော။ နိပါတ စုဏ္ဏိယံ၊ ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေကို။အဟံ၊ ငါသည်။ ဝက္ခံ၊ ရေးသားပြဆိုပေအံ့။

(၄) သာရဏိယံ၊ အသက်ထက်ဆုံး၊ ရှင်ပြီးအောက် မေ့အပ်သော။ သာဝူနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ၊ အရိယာ အပေါင်း၊ သူတော်ကောင်းတို့၏။ ကဏ္ဏဘူသနံ၊ နားဩဆင် ရာ၊ တန်ဆာသဘွယ်ဖြစ်သော။ ဗဟုဿုတေဟိ၊ များများ ဖြင်ဖြင်၊ ကြားအမြင်တို့နှင့်။ သမ္ပုဏ္ဏံ၊ စုံလင်ကုံလုံ၊ကောင်း စွာပြည့်စုံသော။ ပညဝန္တေဟိ၊ဝရဇိန်တနဲ၊ ဖေါက်ခွဲသိမြင်၊ ပညာရှင်တို့သည်။ မာနိတံ၊ မြတ်နိုး စုံမက်အပ်သော။ တံနိပါတစုဏ္ဏိယံ၊ ထိုငါးရာ့ငါးဆယ် နိပါတ်တော်စကား ပြေကို။ သာဓဝေါ၊ လောကီ,လောကုတ်၊ နှစ်လီအစီး အပွါး၊ လိုလားကြသော သူတော်ကောင်း တို့သည်။ သုဏန္တု၊ ရိုသေလေးစား၊ သဒ္ဓါပွားလျှက်၊ နာကြားကြ ပါစေကုန်သတည်း။

(၅) တံ၊ထိုငါးရာ့ငါးဆယ်၊နိပါတ်တော် စကားပြေ ကို။ သုဏန္တာနံ၊ ရိုသေလေးစား၊ သဒ္ဓါပွါးလျှက်၊နာကြား ကုန်သောသူတို့အား။ ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း။ နဒီ သောတာဝဋ္ဋ၊ အဟုန်ဒီးဒီး၊စီးဆင်းအစဉ်၊ မြစ်ရေအလျဉ် ကဲ့သို့။ သဗ္ဗေ၊ အလုံးစုံကုန်သော။ လောကုတ္တရာစ၊ လော

ကုတ္တရာလည်း ဖြစ်ကုန်သော။ လောကိယာစ၊ လောကီလည်းဖြစ်ကုန်သော။ အတ္တာစ၊ ကြီးကျယ်ဖွံ့ဖြိုး၊ ကောင်းသော အကျိုးတို့သည်ရှင်း။ ဟိတာစ၊ ကြီးကြီးထွားထွား၊ ကောင်းသော အစီးအပွါးတို့သည်ရှင်း။သုခါစ၊ ကြီးကျယ်လှစွာ၊ ကောင်းသောချမ်းသာတို့သည်ရှင်း။ဝဍ္ဎန္တု၊ကိုးစားလောက်အောင်၊ တန်ခိုးထွားလျက်၊ တိုးပွားပါစေကုန်သတည်း၊

ငါးရာ့ငါးဆယ်
နိပါတ်တော်စကားပြေ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အဋ္ဌမတွဲ

ဝီသတိနိပါတ်

၄၉၇- မာတင်္ဂဇာတ်

ပစ္စုပ္ပန်ဝတ္ထု။

ဥယျာဉ်ပျော်ထွက် မူးယစ်လျက်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ပိဏ္ဍောလ မထေရ်သည် များသောအားဖြင့် ဥဒေန မင်းစော၏ ဥယျာဉ်၌သာ နေ့သန့်စဉ်ခြင်းကိုပြု၍ ဖလ သမာပတ် ချမ်းသာကိုခံစားကာ နေ့အဘို့ကိုလွန်စေ၏၊ ထိုမထေရ်သည် တနေ့သ၌ ဥယျာဉ်သို့သွား၍ ကောင်းစွာ ပွင့်သော အင်ကြင်းပင်ရင်း၌ နေသည်ရှိသော် ဥဒေနမင်းစောသည် ခုနစ်ရက်ပတ်လုံး များစွာသောသုရာကိုသောက်၍ ဥယျာဉ်

ကစားရန် များစွာသော အခြံအရံဖြင့် ဥယျာဉ်တော်သို့သွားကာ မင်္ဂလာကျောက်ဖျာဝယ် မိန်းမတယောက်၏ ရင်ခွင်၌ အိပ်သည်ရှိသော် အလွန်မူးယစ်သဖြင့် အိပ်ပျော်ခြင်းသို့ရောက်လေ၏။

မင်းအမျက်ထွက် ဆဲရေးလျက်

ကခြေသည် မိန်းမတို့သည် မင်းကြီးအိပ်ပျော်နေသည်ကိုသိလျှင်တူရိယာတို့ကိုစွန့်၍ သစ်သီးပန်းမာလ်တို့ကို ဆွတ်ခူးလျက် ဥယျာဉ်တွင်းသို့ လှည့်လည်သည်ရှိသော် ပိဏ္ဍောလမထေရ်ကို မြင်သဖြင့် သွား၍ခြံရံကာနေ၏၊ မထေရ်လည်း မိန်းမတို့ကို တရားဟောလျက်နေ၏၊ မင်းကြီးမိုး၍ အိပ်သောမိန်းမတို့သည် မင်းကိုလှုပ်၍ နှိုးလေ၏၊ မင်းကြီးနိုးလျှင်"မိန်းမတွေဘယ်သွားသနည်း"ဟု မေးရာ "ရဟန်းတပါးကို သွား၍ ခြံရံနေကြသည်"ဟု လျှောက်ထားကုန်၏၊ဥဒေနမင်းသည် မထေရ်ကိုအမျက်ထွက်သဖြင့် ဆဲရေး၍ ခါချဉ်တို့ကိုကိုက်စေမည်ဟု မထေရ်၏ကိုယ်ပေါ်၌ ခါချဉ်ထုပ်တို့ကို ပစ်ချစေ၏၊ မထေရ်လည်း ကောင်းကင်၌ရပ်လျက် မင်းကြီးကိုဆုံးမ၍ ဇေတဝန်ကျောင်းတော်သို့သွားလေ၏။

မြတ်စွာဘုရားသည် ,ပိဏ္ဍောလမထေရ်အား "ဘယ်အရပ်မှ လာသနည်း" ဟု မေးရာ မထေရ်သည်ထိုအကြောင်းကို လျှောက်ထားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည်"ချစ်သားပိဏ္ဍောလ....ဥဒေနမင်းသည် ယခုအခါ၌သာရဟန်းတို့အား ညှဉ်းဆဲသည်မဟုတ်၊ ရှေးအခါ၌လည်း ညှဉ်းဆဲဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

ဥယျာဉ်ပျော်လာ
ဒိဋ္ဌမင်္ဂလိကာ

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် မြို့တော်၏ ပြင်ပဝယ် ဒွန်းစဏ္ဍားရွာ၌ ဒွန်းစဏ္ဍားဖြစ်၍ မာတင်္ဂ ဟု မှည့်ခေါ်ကြကုန်၏၊ နောက်အဘို သိကြားလိမ်မာသောအရွယ်သို့ ရောက်လတ်သော် မာတင်္ဂသုခမိန် ဟု ထင်ရှားကျော်စော၏၊ ဗာရာဏသီမြို့တော်၌ ဒိဋ္ဌမင်္ဂလိကာမည်သော သူဌေးသမီးသည် ရှိလေ၏၊ တလတကြိမ် နှစ်ကြိမ် အခြံအရံများစွာဖြင့် ဥယျာဉ်ကစား သွားလေ့ရှိ၏။

မာတင်္ဂတွေ့
အိမ်ပြန်တွေ့

တနေ့သ၌ မာတင်္ဂသုခမိန်သည်တစုံတခု ပြုဘွယ်ကိစ္စဖြင့် မြို့တွင်းသို့ဝင်လတ်သော် မြို့တံခါး၌ ဒိဋ္ဌမင်္ဂလိကာ သူဌေးသမီးကိုမြင်၍ သင့်သောအရပ်သို့ ဆုတ်ခွါလျက် ပုန်းကွယ်ကာနေ၏၊ ဒိဋ္ဌမင်္ဂလိကာသည် တင်းတိမ်ပေါက်မှ ကြည့်လတ်သော် မာတင်္ဂသုခမိန်ကိုမြင်၍ "ဤသူသည် အဘယ်သူနည်း" ဟု မေးရာ ဒွန်းစဏ္ဍားဖြစ်ကြောင်း ပြောသည်ရှိသော် မင်္ဂလာမရှိ မမြင်သင့်မမြင်ထိုက်သော သူယုတ်မာကို မြင်မိလေစွတကားဟု နံ့သာရေဖြင့် မျက်နှာသစ်ပြီးလျှင် မြင်ရာအရပ်မှ အိမ်သို့ပြန်လေ၏။

ဝိုင်းနှိပ်စက်မှု
မိဋ္ဌာန်ပြု

ဒိဋ္ဌမင်္ဂလိကာ၏ အခြွေအရံ တို့သည် "ဟယ် ယုတ်မာဆိုးရွားလှသော ဒွန်းစဏ္ဍား.... သင့်ကိုမှီ၍ ငါတို့၏ ထမင်း

သေစာ အရက်တို့သည် ပျက်စီးဆုံးပါးခဲ့ပြီ” ဟု အမျက်ထွက်လျက် မာတင်္ဂသုခမိန်ကို လက်ခြေတို့ဖြင့် ပုတ်ခတ်ရိုက်နှက် ကန်ကြောက်ကုန်၏၊ ထိုအခါ မာတင်္ဂသုခမိန်သည် မိန်းမောတွေဝေ၍ သွားလေ၏၊ အတန်ကြာ၍ သတိရလာလျှင် ဒိဋ္ဌမင်္ဂလိကာ၏ အခြွေအရံ များသည် အပြစ်မရှိသောငါ့ကို အကြောင်းမဲ့ သက်သက် နှိပ်စက်ညှဉ်းဆဲဘိ၏၊ (ဒိဋ္ဌမင်္ဂလိကာကို ရသော်ထမည်၊ မရသော်မထ၊ အသေခံမည်)ဟု မိဋ္ဌာန်လျက် ဒိဋ္ဌမင်္ဂလိကာ၏ အဘသူဌေးကြီး၏ အိမ်တံခါး၌အိပ်လေ၏။

ခုနစ်ရက်မထ သမီးကိုရ

ထိုအခါ အဘသူဌေးကြီးသည် မာတင်္ဂသုခမိန်အား “အမောင်ဒွန်းစဏ္ဍား… အဘယ်ကြောင့် အိပ်သနည်း”ဟု မေး၏၊ “သူဌေးကြီး…. အခြားအကြောင်းမရှိ ဒိဋ္ဌမင်္ဂလိကာကို ရလို၍အိပ်သည်”ဟု ပြောလေ၏၊ ဤသို့အိပ်နေရာ ခြောက်ရက်သည် လွန်ခဲ့၏၊ (ဘုရားအလောင်းတို့ မိဋ္ဌာန်ခြင်းကား ပြည့်စုံမြဲဖြစ်သည်၊)ထိုကြောင့်ခုနစ်ရက်မြောက်နေ့၌ အဘသူဌေးကြီးသည် သမီးဖြစ်သော ဒိဋ္ဌမင်္ဂလိကာကို အိမ်မှထုတ်၍ မာတင်္ဂသုခမိန်အား ပေးရလေတော့၏၊ ထိုအခါ ဒိဋ္ဌမင်္ဂလိကာသည် မာတင်္ဂ သုခမိန်ကို “အရှင့်သား….ထတော်မူပါ၊ အရှင့်သားအိမ်သို့သွားပါအံ့”ဟု ပြော၏၊ “နှမ…. အရက်သမား သင့်အခြွေအရံတို့သည် ငါ့ကိုသတ်ပုတ်ညှဉ်းဆဲကြသဖြင့် အားနည်းလှ၏၊ ငါ့ကိုပွေ့ချီကာ ကျောပိုး၍သွားလော့”ဟု ပြောလေ၏၊ ဒိဋ္ဌမင်္ဂလိကာလည်း မာတင်္ဂသုခမိန်ကိုကျောပိုးကာ မြို့သူမြို့သားတို့မြင်ကုန်စဉ်လျှင် မြို့မှထွက်၍ဒွန်း

P.4 အရှင့်သားထတော်မူပါဟု ဒိဋ္ဌမင်္ဂလိကာသူဌေးသမီးသည် မာတင်္ဂအား. နှစ်သိမ့်စေပုံ

စဏ္ဍာလရွာသို့သွားလေ၏၊ မာတင်္ဂသုခမိန်လည်း ဒိဋ္ဌမင်္ဂလိကာအား ကျူးလွန်ခြင်းမရှိ၊ အမျိုးကိုမဖျက်ဆီးလေ။

အိမ်ကိုပြန်ကြ ရဟန်းသွင်ပြ

ထိုနောက် နှစ်ရက်သုံးရက် ကြာလျှင် ငါကား ဒိဋ္ဌမင်္ဂလိကာအား ဘုန်းတန်ခိုးကြီးမား၍ အခြံအရံများလာအောင် ပြုလုပ်ပေးလို၏၊ ထိုသို့ ပြုလုပ်ပေးခြင်းမှာလည်း ရသေ့ရဟန်းပြုမှသာ ပြုလုပ်ပေးနိုင်မည်၊ အခြားအကြောင်းဖြင့် မပေးနိုင်ဟုကြံစည်ပြီးလျှင် ဒိဋ္ဌမင်္ဂလိကာကိုခေါ်၍ "နှမ.. ငါသည်တောမှ တစုံတခုကိုမဆောင်ယူချေသော် ငါ့အား အသက်မရှည်လတ့်၊ ငါသွားဦးမည်၊ ငါမလာမီ မပျင်းရိမဆန့်ကျင်လင့်"ဟု မှာထားပြီးလျှင် အိမ်နေသူတို့အားလည်း "ဒိဋ္ဌမင်္ဂလိကာကို မမေ့ရစ်ကြလင့် စောင့်ရှောက်ကြ"ဟု မှာထားကာ တောသို့ဝင်၍ ရသေ့ရဟန်းပြုလေ၏၊ ခုနစ်ရက်အတွင်း သမာပတ်ရှစ်ပါး အဘိညာဉ်ငါးပါးကိုဖြစ်စေပြီးလျှင် ယခုအခါ ဒိဋ္ဌမင်္ဂလိကာ၏ကိုးကွယ်ရာ ဖြစ်နိုင်လောက်ပြီဟု ကြံစည်လျက် တန်ခိုးဖြင့်သွား၍ ဒွန်းစဏ္ဍာလရွာ၌ ဆင်းသက်ကာ ဒိဋ္ဌမင်္ဂလိကာ၏ အိမ်တံခါးသို့ သွားလေ၏။

မယားမှာကြား တောပြန်သွား

ဒိဋ္ဌမင်္ဂလိကာလည်း မာတင်္ဂ သုခမိန်လာကြောင်းကိုသိလျှင် အိမ်မှထွက်၍ "အရှင့်သား.... အ ဘယ် ကြောင့် အကျွန်ုပ်ကိုးကွယ်ရာမဲ့ကို ပြုဘိသနည်း"ဟု ငိုကြွေးမြည်တမ်း၏၊ ထိုအခါ မာတင်္ဂသုခမိန်သည် "နှမ.... မစိုးရိမ်လင့်၊ သင့်အား ရှေးကရှိသော စည်းစိမ်အခြံအရံထက် အလွန်များမြတ်သော စည်းစိမ်အခြံအရံကို ငါပြုလုပ်၍

ပေးမည်၊ သို့သော်လည်း ငါမှာထားသောအတိုင်းပြော ရစ်ပါ၊ ငါ၏လင်ကား မာတင်္ဂသုခမိန်မဟုတ်၊ မဟာ ဗြဟ္မာကြီးဖြစ်သည်ဟု ပရိသတ်အလယ်၌ ပြောပါ၊ ယခု အဘယ်မှာ ရှိသနည်းဟုမေးလျှင် ဗြဟ္မာပြည်သို့သွားသည်၊ ဘယ်အခါ ပြန်လာမည်နည်းမေးလျှင် ခုနစ်ရက်မြောက် လပြည့်နေ့၌ လဝန်းကိုခွဲဖောက်၍ လာလိမ့်မည်''ဟု ပြော ရစ်ပါဟု မှာထားခဲ့ပြီးလျှင် ဟိမဝန္တာသို့ကြွလေ၏။

လူများပြောပြ အံ့ဩကြ

ထိုနေ့မှစ၍ ဒိဋ္ဌမင်္ဂလိကာလည်း မာ တင်္ဂ မိန့်မှာထားခဲ့တိုင်း ဗာရာဏသီ ပြည် လူတို့အလယ်တွင် ပြောဆိုလေ၏၊ ထိုအခါလူအများသည် ဒိဋ္ဌမင်္ဂလိကာစကားကို ကြားလျှင် ငါတို့ကိုးကွယ်ရာ မဟာဗြဟ္မာကြီးဖြစ်ပါလျက် ဒိဋ္ဌမင်္ဂလိ ကာကို အဘယ်ကြောင့် ရလေသနည်းဟု အံ့ဩကာ ဤစကားသည် ဒိဋ္ဌမင်္ဂလိကာပြောဆိုတိုင်း ဖြစ်ပေလိမ့်မည် ဟု ယုံကြည်လျက် မဟာဗြဟ္မာကြီးအလာကိုသာ မျှော် လင့်၍နေကြကုန်၏။

ဗြဟ္မာအသွင်ပြ ကြိုဆိုကြ

လပြည့်နေ့သို့ရောက်သောအခါ လမင်း သည် ကောင်းကင်လယ်၌ ထွန်းလင်း လျက်ရှိ၏၊ ထိုအခါ မာတင်္ဂသုခမိန် သည်တန်ခိုးဖြင့် မဟာဗြဟ္မာကြီးအသွင်ဖန်ဆင်း၍ အလုံး စုံသောကာသိတိုင်း တဆယ့်နှစ်ယူဇနာရှိသော ဗာရာဏ သီပြည်ကို တပြိုင်နက် ထွန်းလင်းစေလျက် လဝန်းကို ဖောက်ထွင်းကာ ဗာရာဏသီမြို့တော်အလယ်၌ သုံးပတ် လှည့်လည်၍ လူအများသည် ပန်းနံ့သာ စသည်တို့ဖြင့်

ပူဇော်စဉ်လျှင် ဒွန်းစဏ္ဍားရွာသို့ ရှေးရှုကာနေ၏၊ ထိုအခိုက် မင်းရိက္ခာစား ပုဏ္ဏားတို့သည် စုဝေးတိုင်ပင်ကာ ဒွန်းစဏ္ဍားရွာသို့ သွားကုန်၍ ဒိဋ္ဌမင်္ဂလိကာ၏ အိမ်ကို သုတ်သင်ရှင်းလင်းကုန်၏၊ ဝတ်ပန်း ပုဆိုးတို့ဖြင့်မိုးကာကုန်၏၊ မြေကို နံ့သာမျိုးလေးပါးတို့ဖြင့် လိမ်းကျံကုန်၏၊ ပန်းနံ့သာ အခိုးအထုံတို့ကိုပြုကုန်၏၊ အထက်က ဗိတာန်ကြက်ကုန်၏၊ ဆီမီးညှိထွန်းကုန်၏၊ အိမ်အတွင်း၌ သဲဖြူခင်းလျက် ပန်းတို့ကိုကြဲ၍ တန်ခွန်ကုက္ကားတို့ကို စိုက်ကုန်၏။

သားသန္ဓေပေး ဂုဏ်မြောက်ရေး

အိမ်ကို တန်ဆာဆင်ပြီးသည် ရှိသော် မာတင်္ဂရသေ့သည် ကောင်းကင်မှဆင်းသက်ပြီးလျှင် အိမ်သို့ဝင်၍ အိပ်ရာပေါ်၌နေ၏၊ ဒိဋ္ဌမင်္ဂလိကာလည်း ဥတုလာ၍ စဲစအခါဖြစ်၏၊ မာတင်္ဂရသေ့သည် ဒိဋ္ဌမင်္ဂလိကာ၏ချက်ကို လက်မဖြင့်သုံးသပ်၏၊ ထိုအခါကိုယ်ဝန်တည်လေ၏၊ "နှမ····သင့်အား ကိုယ်ဝန်တည်ခဲ့ပြီ၊ သားယောကျ်ား ဘွားမြင်လတံ့၊ သင်တို့ သားအမိနှစ်ယောက်လုံး လာဘ်လာဘစည်းစိမ် အခြံအရံ ပေါများလတံ့၊ သင်၏ခြေဆေးရေသည် ဇမ္ဗူဒိပ်တကျွန်းလုံး ဘိသိက်ရေဖြစ်လတံ့၊ သင်၏ချိုးရေသည် အမြိုက်ဆေးဖြစ်လတံ့၊ သင်၏ချိုးရေကို ဦးခေါင်း၌သွန်းလောင်းသူတို့သည် အနာရောဂါ ကင်းလွတ်ကုန်လတံ့၊ ယုတ်မာသောအဖြစ်မှ ကင်းကုန်လတံ့၊ ခြေဖမိုး၌ ခေါင်းထား၍ရှိခိုးရသူတို့သည် အသပြာတထောင်ပေးကုန်လတံ့၊ အသံကြားရာအရပ်က ရှိခိုးရသူတို့သည် အသပြာတရာ ပေးရကုန်လတံ့၊ မြင်ရာအရပ်က ရှိခိုးရသူတို့သည် တသပြာပေးရ

ကုန်လတံ့၊ မမေ့မလျော့နေရစ်လော့”ဟု မှာထားဆုံးမ ပြီးလျှင် အိမ်မှထွက်၍ လူတို့မြင်ကုန်စဉ်လျှင် ကောင်းကင်သို့ပျံတက်ကာ လဝန်းသို့ဝင်လေ၏။

ထင်ရှားပေါ်လွင်သားဖွါးမြင်

ပုဏ္ဏားတို့လည်း ထိုညဥ့်လွန်လျှင် ဒိဋ္ဌမင်္ဂလိကာကို ရွှေထမ်းစဉ်ဖြင့် ထမ်း၍ မြို့တွင်းသို့ ဝင်ကုန်၏၊ လူအပေါင်းတို့လည်း မဟာဗြဟ္မာကြီး၏မယားဟူ၍ ပန်းနံ့သာစသည်ဖြင့် ပူဇော်ကုန်၏၊ ခြေဖမိုးကို ခေါင်းဆိုက်၍ ရှိခိုးရသောသူတို့သည် အသပြာ တထောင်ပေးရကုန်၏၊ ကြားရာအရပ်မှ တရာ၊မြင်ရာအရပ်မှတသပြာပေး၍ရှိခိုးရကုန်၏၊ ဤသို့လျှင် တဆယ့်ရှစ်ကုဋေသော ဥစ္စာကိုရကုန်၏၊ ထိုအခါ ဒိဋ္ဌမင်္ဂလိကာကို မြို့လယ်တွင် မဏ္ဍပ်ကြီးဆောက်လုပ်၍ တင်းတိမ်ကာရံပြီးလျှင် မြတ်သောနေရာ၌ထားကုန်၏၊ မဏ္ဍပ်အလယ်၌ တံခါးမုခ် ခုနစ်တန်ထား၍ ဘုံခုနစ်ဆင့် ရှိသောပြာသာဒ်ကြီးကိုဆောက်လုပ်စေရာဆယ်လဖြင့်ပြီးစီးလေ၏၊ မဏ္ဍပ်၌ပင်သတိုးသားကိုဘွားမြင်၏၊ ပုဏ္ဏားတို့သည် မဏ္ဍပ်အလယ်၌ဘွားမြင်သောကြောင့် သတိုးသားကို မဏ္ဍဗျသတိုးသားဟု အမည်မှည့်ကုန်၏၊ ဒိဋ္ဌမင်္ဂလိကာလည်း အခြံအရံများစွာဖြင့် ပြာသာဒ်တွင်နေ၏။

ပေးလှူဒါနမဏ္ဍဗျ

မဏ္ဍဗျသတိုးသားလည်း အခြံအရံများစွာဖြင့်ကြီးပျင်းရ၏၊ ခုနစ်နှစ် ရှစ်နှစ်အရွယ်သို့ ရောက်သောအခါ ဇမ္ဗူဒိပ်ကျွန်းတွင်ရှိသော မြတ်သောပုဏ္ဏားတို့သည် စုဝေးတိုင်ပင်လျက် မဏ္ဍဗျသတိုးသားအား ဗေဒင်သုံးပုံကိုသင်ကုန်၏၊

တဆယ့်ခြောက်နှစ်ရှိသောအခါ တတ်မြောက်လိမ်မာခြင်းသို့ရောက်၏၊ ထိုအခါမှစ၍ပုဏ္ဏားတို့အား ဆွမ်းကျွေးဝတ်ကိုဖြစ်စေ၏၊ တသောင်းခြောက်ထောင်သော ပုဏ္ဏားတို့သည် မပြတ်စားရကုန်၏၊ လေးခုမြောက်တံခါးမုခ်၌အလှူကို လှူကုန်၏။

တနေ့သ၌ များစွာသော ယနာဂုနိုဆွမ်းကို စီမံပြီးလျှင် လေးခုမြောက်တံခါးမုခ်၌ တသောင်းခြောက်ထောင်သော ပုဏ္ဏားတို့အား ကျွေးမွေးလျက်ရှိ၏၊ မဏ္ဍဗျသတိုးသားလည်း တန်ဆာဆင်လျက် ရွှေခြေနင်းကိုစီး၍ လက်၌ရွှေလှံကိုကိုင်ကာ မည်သည့်နေရာ၌ ထောပတ်, မည်သည့်နေရာ၌ပျားရည်လှူကြ ဟု စီမံလျက်နေ၏။

မာတင်္ဂကို အပြစ်ဆို ထိုခဏ၌မာတင်္ဂရသေ့သည် မဏ္ဍဗျသတိုးသားသည် အဘယ်သို့နည်း ဟု ကြည့်ရှုဆင်ခြင်လတ်သော် အရာမဟုတ်သည်၌ ပြေးဝင်သည်ကို မြင်လျှင် ထိုသတိုးသားကို ယနေ့ဆုံးမမည် ဟု ကြံစည်ကာ သင်္ကန်း သပိတ်တို့ကို ယူလျက် ကောင်းကင်ဖြင့်ကြွလာ၍ လေးခု မြောက်တံခါးမုခ် အလှူစရပ်၌ ရပ်လေ၏၊ မဏ္ဍဗျ လုလင်လည်း ဟိုဟိုသည်သည်ကြည့်လတ်သော် မာတင်္ဂရသေ့ကို မြင်လျှင် ဤသို့သဘောရှိသော မြေဘုတ်ဘီလူးနှင့်တူသော ရဟန်းသည် ဘယ်အရပ်မှလာသနည်း ဟု ကြံစည်လျက်—ရသေ့အား—

"အို-ရဟန်း .... သင်ကား ညစ်နွမ်းလျက် တွဲလျားကျသော ချည်မျှင်သင်္ကန်းကို ဝတ်ထားသဖြင့် မြေဘုတ်ဘီလူးနှင့် တူ၏၊ ဘယ်အရပ်မှ လာ

သနည်း တံမြက်ချေးစွန့်ရာ အမှိုက်ပုံမှ ရအပ်သော အဝတ်ကို လည်ပင်းတွင် ရောက်လျက် လာဘိ၏၊ အဘယ်သူနည်း၊ သင်ကား မြတ်သော အလှူခံ မဟုတ်''။

ဟု ရှေးဦးစွာရှုတ်ချပြစ်တင်၍ စကားပြောလေ၏။

မာတင်္ဂရသေ့မြင် သားကနှင်

ထိုအခါ မာတင်္ဂရသေ့သည် မဏ္ဍဗျလုလင် စကားကိုကြားသော်လည်း နူးညံ့သောစိတ်ဖြင့်သာမဏ္ဍဗျလုလင်အား—

''အို-မဏ္ဍဗျလုလင်.... သင်စီရင်၍ ထားသော ဆွမ်းကို ပုဏ္ဏားတို့သည် ခဲစားကြကုန်၏၊ သောက်လည်းသောက်ကြကုန်၏၊ သင် ငါ့ကို သူတပါးထံ အလှူခံ၍ အသက်မွေးသော အဖြစ်ကို သိသည် မဟုတ်ပါလား၊ ခွေးသားစားမျိုး ဒွန်းစဏ္ဍားသည် ပုဏ္ဏားတို့စားကြွင်း ယုတ်နိမ့်သူတို့ ရအပ်သော ဆွမ်းကို ရလိုပါ၏''။

ဟု ဆွမ်းကိုအလှူခံ၏၊ ထိုနောင် မဏ္ဍဗျ လုလင်သည် မာတင်္ဂရသေ့အား—

''အို-ရဟန်း .... ဤဆွမ်းကို ပုဏ္ဏားတို့အား လှူဒါန်းသည်မှာ အကျိုးစီးပွားများသည် ဟု ယုံကြည်လျက် လှူဒါန်းခြင်းဖြစ်၏၊ ဤအရပ်မှဘဲသွားပါ၊ အဘယ်ကြောင့် ရပ်လာသနည်း၊ ငါသို့သော သူတို့သည် သင်သို့သော ဒွန်းစဏ္ဍားအား မလှူကြကုန်''။

ဟု အတင်းမောင်းမဲကာနှင်ထုတ်လေ၏။

သားကိုတရားပြဆိုဆုံးမ

တဘန် မာတင်္ဂရသေ့သည် မဏ္ဍဗျလုလင်အား အလှူခံ ပုဂ္ဂိုလ်တို့၏အယုတ်အမြတ်ကို ပြောကြားလို၍–

"အို-မဏ္ဍဗျလုလင်....စပါးကို အလိုရှိသောသူတို့သည် ကုန်းချိုင်းကန်ချောင်းကို မှီသောလယ်ဤသုံးမျိုးတို့၌ စိုက်ပျိုးရသကဲ့သို့ ထို့အတူသင်သည် သဒ္ဓါတရားဖြင့် အယုတ်,အလတ်,အမြတ်,ဤအလှူခံသုံးမျိုးတို့အား လှူလော့၊ ဤသို့လှူသည် ရှိသော် အလှူခံတို့ကို နှစ်သက်စေနိုင်၏"။

ဟု ဖျောင်းဖျကာ ပြောဆိုပြန်၏၊ ထိုအခါ မဏ္ဍဗျလုလင်သည် ရသေ့အား–

"အို-ရဟန်း....ငါသည် လောက၌ ကုသိုလ်ကောင်းမှု၏ စိုက်ပျိုးရာ လယ်တာ မြေကောင်းသဘွယ်ဖြစ်သော ပုဂ္ဂိုလ်တို့ကို သိ၏၊ အမျိုးနှင့်ပြည့်စုံသော ဗေဒင်တတ် ပုဏ္ဏားတို့သည် လယ်တာမြေကောင်းနှင့် တူကုန်၏၊ သီလကို အလွန်ချစ်ကုန်၏"။

ဟုမိမိကြေနပ် နှစ်သက်သော အလှူခံတို့ကို ပြောကြားလေ၏၊ထိုနောင် ရသေ့သည် မဏ္ဍဗျ လုလင်အား–

"အို-လုလင်....လောက၌ဇာတိမာန်ယစ်ခြင်း, အလွန် မာန်မူခြင်း, တပ်မက်မောခြင်း, အမျက်ထွက်ခြင်း,တွေဝေခြင်း ဤမကောင်းသော တရားရှိသော ပုဂ္ဂိုလ်တို့ကား လယ်တာ မြေကောင်းနှင့်မတူကုန်၊ သီလကို မချစ်ကုန်"။

"အို-မဏ္ဍဗျလုလင်…. လောက၌ ဇာတိမာန်
ယစ်ခြင်း၊ အလွန်မာန်မူခြင်း၊ တပ်မက်မောခြင်း၊
အမျက်ထွက်ခြင်း၊ တွေဝေခြင်း ဤမကောင်းသော
တရားမရှိသော ပုဂ္ဂိုလ်တို့ကား လယ်တာ မြေ
ကောင်းနှင့် တူကုန်၏၊ သီလကိုချစ်ကုန်၏"။
ဟု ယုတ်သော အလှူခံနှင့် မြတ်သော အလှူခံတို့ကို
ခွဲခြားကာ ပြောဆိုပြန်၏။

မာတင်္ဂနှင်ရေး အမိန့်ပေး

မဏ္ဍဗျ သတိုးသားသည် အဘန်ဘန်
ပြောသည် ရှိသော် ဤရဟန်းကား
အလွန်စကားများဘိ၏၊ မြည်တမ်းဘိ၏
ဟု အမျက်ထွက်လျက် ဥပဇောတိယ တံခါးစောင့်၊ ဥပဇ္ဈာ
ယ တံခါးစောင့်၊ ဂဏ္ဍကုစ္ဆိ တံခါးစောင့်တို့ကို ခေါ်၍
"အချင်းတံခါးစောင့်တို့.. အဘယ်အရပ်သို့ သွားနေကြသ
နည်း၊ ဤဒွန်းစဏ္ဍားသူယုတ်မာကို မမြင်ကြသလော၊ ဤသူ
ယုတ်မာ၏ မျက်နှာကို ပုတ်ခတ်ပေါက်ကွဲ စေလျက် လှံ
တန်ဝါးခြမ်းစိတ်တို့ဖြင့် ရိုက်နှက်ကာ ကျောရေကို ခွါပြီး
လျှင် လည်ပင်းကိုကိုင်၍ နှင်ထုတ်ကြလော့"ဟု ပြင်းထန်
စွာ အမိန့်ပေးလေ၏၊ ရသေ့သည် တံခါးစောင့်တို့ အနီးသို့
မရောက်မီ မဏ္ဍဗျလုလင်နှင့် ပုဏ္ဏားတို့ မြင်ကုန်စဉ်လျှင်
ကောင်းကင်သို့ ပျံတက်၍ ကောင်းကင်၌ ရပ်တည်လျက်—

"အို-မဏ္ဍဗျလုလင်…သင်ကား ရသေ့ရဟန်း
တို့ကို ဆဲရေးဘိ၏၊ သင်ကား တောင်ကိုလက်သည်း
ဖြင့် တူးသည်နှင့်တူ၏၊သံကို သွားဖြင့်ကိုက်ဝါးသည်
နှင့်တူ၏၊ မီးကိုမျိုရန်အားထုတ်သည်နှင့် တူ၏"။
ဟု ဆဲရေးခြင်းအပြစ်ကိုပြ၍ ဆုံးမကာကောင်းကင်ဖြင့်

သွား၍ အရှေးအရပ်သို့သွားသော ခရီးတကြောင်း၌ဆင်း သက်လျက်(ခြေရာထင်စေသတည်း)ဟု မိဋ္ဌာန်ခဲ့၍ အရှေ့ တံခါးအနီး၌ ဆွမ်းခံပြီးလျှင် စရပ်တဆောင်သို့ဝင်၍ ဆွမ်း ဘုဉ်းပေးတော်မူ၏။

နတ်တို့အမျက်ထွက် မာတင်္ဂအတွက်

ထိုအခါ မြို့စောင့်နတ်တို့သည် မဏ္ဍဗျ လုလင်ကား ငါတို့သခင်ရသေ့ကို ညှဉ်း ဆဲနှိပ်စက်ဘိ၏ ဟု သည်းမခံနိုင်၍ လာကြကုန်၏၊ နတ်ကြီးတို့သည်မဏ္ဍဗျလုလင်၏လည်ပင်း ကိုကိုင်၍ လှဲကုန်၏၊ ကြွင်းသောနတ်တို့သည် ပုဏ္ဏားတို့ လည်ပင်းတို့ကိုကိုင်၍လှဲကုန်၏၊ မဏ္ဍဗျလုလင်သည်တကိုယ် လုံးအေးလျက်အိပ်၏၊ ပုဏ္ဏားတို့လည်း ခံတွင်းမှတံတွေး များအန်ထွက်ကုန်လျက် ထိုမှဤမှတပြောင်းပြန်ပြန် လူး လည်းလျက်နေကုန်၏၊ ထိုအခါ အလုပ်အကျွေး တို့သည် ဒိဋ္ဌမင်္ဂလိကာအား ထိုအကြောင်းကို ပြောကြားကြကုန်၏၊ ဒိဋ္ဌမင်္ဂလိကာလည်း လျင်စွာလာလတ်၍ သားကိုမြင်လျှင်—

"အချင်းတို့.....ငါ့သား ဘယ်လိုဖြစ်သနည်း၊ ဦးခေါင်းနောက်သို့ ပြန်နေပြီ၊ လက်ခြေတို့လည်း မလှုပ်ရှား၊ မျက်ဖြူလည်းလန်၍နေချေပြီ၊ ငါ့သား ကိုအဘယ်သူဤသို့ပြုဘိသနည်း"။

ဟု စိုးရိမ်ပူပန်လျက် သားဖြစ်ခြင်း အကြောင်းကို မေး လေ၏။

လုပ်ကျွေးတို့ပြောပုံ အကြောင်းစုံ

ထိုအခါ အလုပ် အကျွေးတို့သည် အကြောင်းစုံကို ဒိဋ္ဌမင်္ဂလိကာအား—

"အရှင်မ .... ညစ်နွမ်းယုတ်ညံ့သော အဝတ်သက်န်းကို ဝတ်၍ တံမြက်ချေးစွန့်ရာ အမှိုက်ပုံမှ ရသောအဝတ်ကိုလည်ပင်းတွင်ရောက်လျက် ရဟန်းတပါးသည် ဤအရပ်သို့လာပါ၏၊ ထိုရဟန်းပြုလုပ်သွားပါ၏"။

ဟု ပြန်ကြား ပြောဆိုကုန်၏၊ ထိုအခါ ဒိဗ္ဗမင်္လိကာသည် ထိုသူတို့ စကားကိုကြားလျှင် မာတင်္ဂသုခမိန်မှ တပါးသော သူအား ဤသို့သော အစွမ်းသတ္တိမရှိ၊မချွတ် မာတင်္ဂသုခမိန် အတတ်ပညာဖြစ်လတံ့၊ ပညာရှိ၏၊ မေတ္တာကိုပွား၏၊ ဤမျှလူတို့ ပင်ပန်းစေ၍ အခြားသို့ ကြွသေးမည်မဟုတ်ဟု ကြံစည်လျက်—

"အချင်းတို့.... ပညာကြီးသော ထိုရဟန်းသည် အဘယ်အရပ်သို့ ကြွလေသနည်း ပြောကြပါ၊ ယခုသွား၍ အပြစ်ကို ကန်တော့အံ့၊ စင်စစ်ငါ့သား၏ အသက်ကို ရလိုပါ၏"။

ဟု အလုပ်အကျွေးတို့အား မေးမြန်းပြန်၏၊ ထိုအခါ အလုပ် အခကျွေးတို့သည်—

"အရှင်မ.... ကောင်းကင်၌ ဆယ့်ငါးရက်လ ထွန်းပသကဲ့သို့ ပညာကြီးသော ရဟန်းသည် ကောင်းကင်ခရီးဖြင့် ကြွသွားလေ၏၊ ဖြောင့်မှန် ကောင်းမြတ်သော ထိုရဟန်းသည် အရှေ့အရပ်သို့ ကြွသွားတော်မူ၏"။

ဟု မိမိတို့ တွေ့မြင်တိုင်း ပြောဆို ညွှန်ပြကုန်၏၊ ထိုနောက် ဒိဗ္ဗမင်္လိကာသည် ငါ၏လင်ကို ငါစူးစမ်းရှာဖွေ

မည်ဟုရွှေခွက်ကြီး ရွှေခွက်ငယ်ကို ကိုင်လျက် အခြံအရံ တို့ဖြင့် အရှေ့အရပ်သို့သွားရာ မာတင်္ဂရသေ့ခြေရာကိုတွေ့၍ အစဉ်အတိုင်း လိုက်ပြန်ရာ စရပ်၌ ဆွမ်းဘုဉ်းပေးနေစဉ် တွေ့လေ၏။

ရောဂါပျောက်ဆေး ရေစင်ပေး

မာတင်္ဂရသေ့လည်း ဒိဋ္ဌမင်္ဂလိကာကို မြင်လျှင် သပိတ်၌ အတန်ငယ်သော ဆွမ်းကို ချန်၍ထားး၏၊ ဒိဋ္ဌမင်္ဂလိကာ လည်း ရွှေခွက်ဖြင့်ရေကိုပေး၏၊ ရသေ့သည် ရွှေခွက်၌သာ လျှင် လက်ကိုဆေး၍ ခံတွင်းကိုဆေး၏၊ ထိုဒိဋ္ဌမင်္ဂလိကာ သည် မာတင်္ဂရသေ့ကို—

"အရှင်···· အကျွန်ုပ်သားသည် ဦးခေါင်း နောက်သို့ ပြန်နေပြီ၊ လက်ခြေတို့လည်း မလှုပ်ရှား နိုင်၊ မျက်ဖြူလည်း လန်နေချေပြီ၊ အကျွန်ုပ်သားကို အဘယ်သူတို့ ဤသို့ပြုဘိသနည်း"—

ဟု မေးလျှောက်လေ၏၊ ထိုအခါ မာတင်္ဂရသေ့သည်—

"ဒိဋ္ဌမင်္ဂလိကာ····တန်ခိုးကြီးသော မြို့စောင့် နတ်တို့လာကုန်၏၊ ရသေ့တို့ကား ကောင်းသော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသည်ကိုသိကြကုန်၏၊ ပျက်စီး ၍ အမျက်ထွက်သော သင့်သားကို ထိုနတ်တို့သည် ဤသို့ပြုကြကုန်၏"။

"အရှင်···· နတ်တို့သည် အကျွန်ုပ်သားကို ဤသို့ပြုကြကုန်၏၊ အရှင်သည် အကျွန်ုပ်သားကို အမျက်မထွက်ပါလင့်၊ အရှင့်ခြေတော်တို့ကို ကိုး ကွယ်ဆည်းကပ်ပါ၏၊ သား၌ စိုးရိမ်ခြင်းကြောင့် အရှင့်ထံလာခဲ့ပါ၏"။

"ဒိဋ္ဌမင်္ဂလိကာ···· အမှန်ကား- သင့်သား ပြစ်မှားသောအခါ၌၎င်း,ယခုသင်တောင်းပန်သော အခါ၌၎င်း ငါသည် အနည်းငယ်မျှ စိတ်နှလုံး ပြစ်မှားခြင်းမရှိ၊ သင့်သားကား ဗေဒင်အတတ် မာန်ယစ်သဖြင့် မေ့လျော့ဘိ၏၊ ဗေဒင်အတတ်၌ အကျိုးအကြောင်းကိုမသိလေ"။

"အရှင်····စင်စစ် မိုက်မဲ တွေဝေခြင်းနှင့်တကွ မာန်ယစ်ခြင်းဖြင့် ပုဂ္ဂိုလ်၏စိတ်သညာသည် တွေ ဝေသည်သာတည်း၊ ပညာကြီးသောအရှင်-မိုက်မဲ တွေဝေသဖြင့် ပြစ်မှားမိသောအပြစ်ကို သည်းခံ တော်မူပါ၊ ပညာရှိတို့မည်သည်မှာ အမျက်ဒေါသ မကြီးပါကုန်"-

ဟု ဤသို့ဒိဋ္ဌမင်္ဂလိကာသည် တောင်းပန်သည် ရှိသော် မာတင်္ဂ ရသေ့သည် "ဒိဋ္ဌမင်္ဂလိကာ····နတ်တို့ ကြည်ညို အောင်အမြိုက်ကန့်လန့်ကာဆေးကိုငါပေးမည်"ဟု ဝန်ခံ လျက်-

"ဒိဋ္ဌမင်္ဂလိကာ···· ဤ ငါ၏စားကြွင်းဆွမ်းကို နင့်သားမိုက် မဏ္ဍဗျလုလင်စားစေလော့ နတ်တို့ သည်နင့်သား မဏ္ဍဗျလုလင်ကို မညှဉ်းဆဲနိုင်ကုန် ရာ၊ နင့်သားလည်းအနာရောဂါကင်းလိမ့်မည်"

ဟု အမြိုက်ကန့်လန့်ကာဆေးကို ပြောလေ၏၊ ဒိဋ္ဌ မင်္ဂလိကာသည် ရသေ့၏ စကားကိုကြားလျှင် "အရှင်···· အမြိုက်ကန့်လန့်ကာ ဆေးကို ပေးပါ"ဟု ရွှေခွက်ငယ်ကို ကပ်၏၊ရသေ့သည် စားကြွင်းဆွမ်းကိုထည့်ပြီးလျှင် ထက် ဝက်ကို သင့်သားခံတွင်း၌ သွန်းလောင်း၍ ထက်ဝက်ကို

အိုးစရည်းကြီး၌ ရေနှင့်ရော၍ ပုဏ္ဏားတို့ခံတွင်း၌ သွန်းလောင်းလော့၊ အလုံးစုံ အနာရောဂါ ကင်းပျောက်ကုန်လတ္တံ့ဟု မိန့်တော်မူပြီးလျှင် ကောင်းကင်သို့ပျံတက်၍ ဟိမဝန္တာသို့ သွားလေ၏။

စားကြွင်းကျွေးလစ်ပြကတော့ဖြစ်

ထိုနောက် ဒိဋ္ဌမင်္ဂလိကာသည် အမြိုက်ကန့်လန့်ကာ ဆေးကို ယူခဲ့၍ အိမ်သို့ရောက်လျှင် ရှေးဦးစွာ သားခံတွင်း၌ သွန်းလောင်း၏၊ နတ်သည်ပြေးလေ၏၊ မဏ္ဍဗျလုလင်လည်း မြေမှုန့်တို့ကိုသုတ်ခါ၍ ထပြီးလျှင် "မိခင်····ဘယ်လိုဖြစ်သနည်း" ဟုမေး၏၊ "ချစ်သား···· သင်ပြုသောအမှုကိုသင်သိလတ္တံ့"ဟုပြောဆို၍"သင့်အလှူခံပုဏ္ဏားတို့ဖြစ်နေပုံ သင်ပင်ကြည့်ရှုလော"ဟု ပြောလေ၏၊ မဏ္ဍဗျလုလင်လည်း အလှူခံပုဏ္ဏားတို့ကိုမြင်လျှင် နှလုံးမသာဖြစ်လေ၏၊ ထိုအခါ မိခင်သည်—

"ချစ်သားမဏ္ဍဗျ····သင်သည်မိုက်လှ၏၊ပညာနည်း၏၊ အလှူခံတို့၌ မလိမ္မာ၊ ကိလေသာဖန်ရည်စွန်းလျက် ညစ်ညူးသော အကျင့်ရှိ၍ ကိုယ်နှုတ်နှလုံးကိုမစောင့်သောအလှူခံတို့အား လှူဘိ၏။

ဆံကျစ်ထုံးလျက် ခွါနှင့်တကွ သစ်နက်ရေဝတ်၍ မျက်ဖုံးသောရေတွင်းကဲ့သို့ နှုတ်ခမ်းမွေးမုတ်ဆိတ်မွေးတို့ဖြင့် ဖုံးလွှမ်း ရှုတ်ထွေးသော ခံတွင်းရှိ၍ အကျင့်မကောင်းသော ပုဏ္ဏားတို့ကို ရှုလော့၊ ထိုဆံကျစ်သစ်နက်ရေတို့သည် ပညာနည်းသောသူကို မစောင့်ရှောက်နိုင်။

ရာဂ-ဒေါသ-မောဟ ကင်း၍ အာသဝေါတရား
ကုန်ပြီးသော ရဟန္တာအရှင်မြတ်တို့အား လှူခြင်း
သည် အကျိုးကြီးလှ၏”–

ဟု အလှူခံတို့ အကြောင်းကို ပြောဆို ပြီးလျှင် “ချစ်သား…သင်သည် ဤနေ့မှစ၍ ဤသို့သောသဘော ရှိသော ဒုဿီလတို့အား မလှူပါလင့်၊ အဘိညာဉ် သမာပတ်နှင့်ပြည့်စုံ၍ တရားစောင့်သော ပုဏ္ဏားတို့အား ၎င်း, အရှင်ပစ္စေကဗုဒ္ဓါတို့အား၎င်း လှူဒါန်းလော့”-ဟု ဆုံးမပြီးလျှင် သင့်ဆရာပုဏ္ဏားတို့အား အမြိုက်ကန့်လန့် ကာဆေးကိုတိုက်၍ အနာကင်းအောင်ပြုမည်ဟု စားကြွင်း ထမင်းကိုယူစေ၍ အိုးစရည်းကြီးတို့၌ ထည့်ကာ ရေနှင့် ရောပြီးလျှင် အနည်းငယ်စီ တသောင်း ခြောက်ထောင် သောပုဏ္ဏားတို့ခံတွင်း၌ သွန်းလောင်းစေ၏၊ နတ်တို့သည် ပြေးကုန်၏၊ ပုဏ္ဏားတို့သည် အနာရောဂါကင်းကုန်လျက် လျင်စွာမြေမှုန့်တို့ကိုသုတ်ခါ၍ထကြကုန်၏။

ထိုအခါ မလဲသော ပုဏ္ဏားတို့သည် လဲသောပုဏ္ဏား တို့ကို ဤသူတို့ကား ဒွန်းစဏ္ဍားစားကြွင်းကိုစားကြသဖြင့် ဇာတ်ပျက်သောကြောင့် ပုဏ္ဏားမဟုတ်သည်ကို ပြုကုန်၏၊ ထိုဇာတ်ပျက်ပုဏ္ဏားယောင်တို့သည် ရှက်နိုးကုန်သည်ဖြစ်၍ ဗာရာဏသီပြည်မှ ထွက်ပြေးကုန်လျက် မဇ္ဈတိုင်းသို့သွား ကာ မဇ္ဈမင်းထံ ခစား၍နေကုန်၏၊ မဏ္ဍဗျလုလင်ကား ဗာရာဏသီပြည်၌သာနေ၏။

အမျိုးဇာတ်မာန်တက်ရသေ့ပျက်

ထိုအခါ ဝေတ္တဝတီမြို့ကိုမှီ၍ဝေတ္တာမြစ် နား၌ ဇာတိမန္တမည်သော ပုဏ္ဏား သည် ရသေ့ရဟန်းပြု၍နေ၏၊ အမျိုး

ဇာတ်ကိုမှီ၍အလွန်မာန်တက်၏၊ မာတင်္ဂရသေ့သည် ထိုရသေ့၏မာနကိုချိုးမည်ဟု ထိုအရပ်သို့သွားကာ မြစ်ညာ၌နေ၏၊တနေ့သ၌ ဒန်ပူကိုစားပြီးလျှင် ဇာတိမန္တရသေ့၏ဆံကျစ်၌ငြိစေသတည်းဟုဓိဋ္ဌာန်၍မြစ်၌ချ၏၊ထိုဒန်ပူသည်ရေချိုးနေသော ဇာတိမန္တရသေ့၏ဆံကျစ်၌ငြိလေ၏၊ ရသေ့လည်းဒန်ပူယုတ် ပျက်လေဟုဆို၍ ဒန်ပူလာရာအရပ်သို့ စုံစမ်းရန်မြစ်ညာသို့တက်၏၊မာတင်္ဂရသေ့ကိုမြင်လျှင် "အရှင်အဘယ်အမျိုးနည်း"ဟုမေး၏၊ "ဒွန်းစဏ္ဍားမျိုးဖြစ်သည်"ဟုပြောလျှင် "မြစ်၌သင်ဒန်ပူကိုချသလော"ဟုမေး၏၊ ဩ-ငါချမိ၏၊"အလွန်ယုတ်မာသောဒွန်းစဏ္ဍားဤအရပ်၌မနေလင့်၊အကြေ၌နေလော့"ဟုဆို၏၊မာတင်္ဂရသေ့သည်အကြေ၌ နေသော်လည်း ချအပ်သောဒန်ပူသည်ဇာတိမန္တရသေ့၏ဆံကျစ်၌ငြိပြန်သော်တဖန်လာ၍"ဟယ်သူယုတ် ပျက်လော့၊ အကယ်၍သင်ဤအရပ်၌နေလျှင် ခုနစ်ရက်မြောက်နေ့၌သင့်ဦးခေါင်း ခုနစ်စိတ်ကွဲလိမ့်မည်"ဟုဆို၍ ကျိန်ဆဲ၏။

မာန်ကျစေရန်
တန်ခိုးဖန်

မာတင်္ဂရသေ့သည် ငါကား အကယ်၍ အမျက်ထွက်ငြားအံ့၊သီလမစောင့်သည် ဖြစ်လတံ့၊ ဥပါယ်တမျဉ်ဖြင့် ထိုရသေ့၏မာနကို ဖျက်ဆီးမည်ဟု ကြံစည်ကာ ခုနစ်ရက်မြောက်နေ့၌ နေကိုမထွက်ရအောင်တားမြစ်ထား၏၊ ထိုအခါ လူတို့သည် ဇာတိမန္တရသေ့ထံလာကြ၍"အရှင်ဘုရား....နေကိုမထွက်ရအောင်တားမြစ်ထားပါ သလော"ဟု မေး၏။ "ဒါယကာတို့.... ဤနေကို တားမြစ်ထားခြင်းသည် ငါ့အမှုမဟုတ်၊ မြစ်နား၌ ဒွန်းစဏ္ဍား တယောက် နေ၏၊ ထိုဒွန်းစဏ္ဍား၏ အမှုဖြစ်လိမ့်မည်" ဟု ပြောလေ၏၊ထို

အခါလူတို့သည် မာတင်္ဂရသေ့ထံကပ်၍ "အရှင်ဘုရား…. နေကိုမထွက်ရအောင် တားမြစ် ထားပါသလော" ဟု မေးကြ၏၊ "ဒါယကာတို့….ဩ….ဟုတ်၏"ဟု ပြော၏၊ "အဘယ်ကြောင့် တားမြစ်ထားပါသနည်း"ဟု မေးသော အခါ"ဆရာရသေ့သည်အပြစ်မရှိသော ငါ့ကို ကျိန်ဆဲဘိ၏၊ ထိုရသေ့သည်လာ၍ကန်တော့ရန် တားမြစ်ထား၏၊ ငါ့ခြေတို့၌ဝပ်သည်ရှိသော်နေကိုငါလွှတ်မည်"ဟု ပြောဆို၏၊လူတို့သည် ဇာတိမန္တရသေ့ကို အတင်းဆွဲငင်ကာ မာတင်္ဂရသေ့၏ ခြေတို့၌ဝပ်စေ၍ ကန်တော့စေပြီးလျှင် "အရှင်ဘုရား…. နေကိုလွှတ်တော်မူပါ"ဟု ပြောပြန်၏၊"မလွှတ်နိုင်သေး၊အကယ်၍ လွှတ်သည်ရှိသော် ဇာတိမန္တရသေ့၏ ဦးခေါင်းခုနစ်စိတ်ကွဲလတံ့"ဟု ပြော၏၊ "အရှင်ဘုရား…. အဘယ်သို့ပြုရမည်နည်း"ဟု မေး၏၊ "မြေဆိုင်မြေခဲကိုယူဆောင်၍ဇာတိမန္တရသေ့ ဦးခေါင်းပေါ်၌ထားပြီးလျှင်ရေထည်းသို့ ခေါင်းပေါ်ရုံဆင်း၍နေစေ" ဟု ပြော၏၊ လူတို့သည် မာတင်္ဂရသေ့ စီမံတိုင်းပြုပြီးလျှင်"နေကိုလွှတ်တော်မူပါ"ဟု လျှောက်ထားကုန်၏၊ မာတင်္ဂရသေ့လည်း နေကိုလွှတ်တော်မူသဖြင့် နေထွက်လေ၏၊ ထိုအခါမြေဆိုင်ခဲသည် ခုနစ်စိတ်ကွဲလေ၏၊ရသေ့သည်ရေသို့ငုတ်၍နေ၏။

မာတင်္ဂရသေ့ ဘေးရန်တွေ့

မာတင်္ဂရသေ့လည်း ဇာတိမန္တရသေ့၏ မာန်ကို ချိုးဖျက်ဆုံးမပြီးလျှင်ယခုအခါ တသောင်းခြောက်ထောင်သောပုဏ္ဏားတို့သည် အဘယ်မှာနေကြသနည်းဟု ခြင်ဆင်လတ်သော် မဇ္ဈတိုင်း၌ နေကြောင်းကိုသိလျှင် ထိုပုဏ္ဏားတို့ကို ဆုံးမဦးမည်ဟု ကောင်းကင်ဖြင့် သွားကာ မြို့တော်၏အနီး၌

ဆင်းသက်၍ မြို့တွင်း၌ဆွမ်းခံဝင်လေ၏၊ ပုဏ္ဏားတို့မြင်လျှင် ဤရသေ့သည် ဤမြို့၌ တရက်နှစ်ရက်နေလျှင်ငါတို့ထောက် တည်ရာမရဖြစ်တော့မည်ဟု မင်းကြီးထံ လျင်မြန်စွာသွား ကြ၍ "အရှင်မင်းကြီး.... မာယာအတတ်ဖြင့် လှည့်ပတ် ဖြားယောင်းတတ်သော ဝိဇ္ဇာမိုရ်ရသေ့ ရောက်လာသည်၊ ဖမ်းစေပါလော့"ဟု မင်းကြီးအား ကုန်းတိုက်ကုန်၏၊ ပညာ နည်းသော မင်းမိုက်လည်း မစုံစမ်းမဆင်ခြင်ဘဲ ပုဏ္ဏား ပျက်တို့စကားကို အဟုတ်မှတ်ထင်လျက် ဖမ်းဆီးရန်မင်း ချင်းတို့ကိုစေခိုင်းလေ၏။

ရသေ့ကိုသတ်ချက် ပြည်လုံးပျက်

မာတင်္ဂရသေ့လည်း ပြောင်း, ပဲ, လူး, ဆတ်ရောပြွမ်းသော ဆွမ်းကိုယူ၍ နံရံ တခုတွင်မှီ၍ အင်းပျဉ်ငယ်၌ နေလျက် ဘုဉ်းပေးတော်မူ၏၊ ထိုအခိုက် တပါးကိုကြံစည်အောက် မေ့၍ ဆွမ်းဘုဉ်းပေးနေသောရသေ့ကို မင်းချင်းတို့သည် သန်လျက်ဖြင့် ခုတ်ဖြတ်ကာ အသက်ကုန်ခြင်းသို့ ရောက် စေကုန်၏၊ ရသေ့လည်း သေလွန်လျှင်ဗြဟ္မာ့ပြည်သို့လား လေ၏။

ဤသို့လျှင် မာတင်္ဂရသေ့သည် မသင့်တင့်သောအားဖြင့် အသက်ကုန်ခြင်းသို့ ရောက်ရသည့်အတွက် နတ်တို့သည် အလွန် အမျက်ထွက်ကုန်လျက် အလုံးစုံသော မဇ္ဈတိုင်းကို ပြာပူမိုးရွာစေကုန်၏၊ မဇ္ဈတိုင်းသားတို့သည်ရသေ့သူတော် ကောင်းသတ်ဖြတ်မိသဖြင့် အလုံးစုံပျက်စီးရလေကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမဏ္ဍဗျလုလင်သည်-ယခုအခါ ဥဒေနမင်း။

※ မာတင်္ဂသုခမိန်သည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရဟန်းကိုဆဲ၊ နဘ်ညှဉ်းဆဲ၊ လဲ၍မေ့လျော့သည်။

(၂) ဆေးကန္နသန္နကာ၊ တိုက်သောခါ၊ ရောဂါ ပျောက်ကင်းသည်။

(၃) ရဟန်းသတ်မျိုး၊ နဘ်စိတ်ဆိုး၊ မျိုးလုံးပျက်တက်သည်။

(၄) မဏ္ဍျတိုင်းလုံး၊ ပြာပုံဖုံး၊ ပျက်ထုံးရှိလေသည်။

မာတင်္ဂဇာတ် ပြီး၏။

၄၉၈-စိတ္တသမ္ဘူတဇာတ်

ပဉ္စပဏ္ဏာသ

တပည့်ချင်းချစ်မှု ချီးကျူးပြ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အရှင်မဟာကဿပ၏ သဒ္ဓိဝိဟာရိက တပည့် နှစ်ယောက်တို့သည် အလွန်ချစ်ကျွမ်းဝင်ကုန်၏၊ အချင်းချင်းဝေဘန်၍သုံးဆောင်ကုန်၏၊ ဆွမ်းခံသွားရာ၌လည်း အတူတကွ သွားကုန်၏၊ နေရာ၌လည်း အတူတကွနေကုန်၏၊ ကွေကွင်းခွဲခွါခြင်းငှါ မတတ်နိုင်ကုန်။

ရဟန်းတို့သည် တရားသဘင်၌ထိုရဟန်းတို့အကြောင်းကို စကားစပ်မိ၍ ချီးကျူးပြောဆိုနေကြရာ မြတ်စွာ

ဘုရားကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့.... ဤရဟန်းနှစ်ပါးတို့သည် တခုသောကိုယ် အဖြစ် တဘဝထည်းဝယ် ချစ်ကျွမ်းဝင်ကြသည်မှာ အံ့ဘွယ် မရှိသေး၊ ရှေးပညာရှိတို့သည် လေးဘဝခြား သော်လည်း အဆွေခင်ပွန်း အဖြစ်ကို မစွန့်ကုန်သည်သာ တည်း"ဟု မိန့်တော်မူကာ အောက်ပါ အတိတ် ဇာတ်ကို ဆောင် တော်မူသတည်း။

ဒွန်းစဏ္ဍားနှစ်ဝ အတတ်ပြ

လွန်လေ ပြီးသောအခါ အဝန္တိတိုင်း ဥဇ္ဇေနီပြည်ဝယ် အဝန္တိမင်း မင်းပြုသည် ရှိသော် ပြည်၏ အပ၌ ဒွန်စဏ္ဍားရွာ ငယ် ရှိလေ၏၊ ဘုရားအလောင်းသည် ထိုဒွန်းစဏ္ဍား ရွာငယ်တွင် ဒွန်းစဏ္ဍားမျိုး၌ဖြစ်၍ စိတ္တအမည်ရှိ၏၊ မိထွေး ၏သားလည်း သမ္ဘူတ အမည်ရှိ၏။

ထိုသူငယ် နှစ်ယောက်တို့သည် အရွယ်သို့ရောက်လတ် သော် ဒွန်းစဏ္ဍားအမျိုး အနွယ်ကို ဖွပ်ဆေးတတ်သော အတတ်ကို သင်ယူကြကုန်၍ တနေ့သ၌ သူငယ်ချင်း နှစ် ယောက်တို့သည် ဥဇ္ဇေနီပြည်တံခါး၌အတတ်ပညာကိုပြကြ မည် ဟု တိုင်ပင်ကာ တယောက်သည် မြောက်ဘက်တံခါး ၌ အတတ်ကိုပြ၏၊ တယောက်ကား အရှေ့ဘက် တံခါး၌ အတတ်ကိုပြ၏။

အမျိုးသမီးရလျက် ပျော်ပါးထွက်

ထိုဥဇ္ဇေနီပြည်၌ ဒိဋ္ဌမင်္ဂလိကာ မည် သော မိန်းမ နှစ်ယောက် တို့သည် ရှိကုန်၏၊ တယောက်ကား သူဌေးသမီး ဖြစ်၍ တယောက်ကား ပုရောဟိတ် သမီးဖြစ်၏၊ ထိုနှစ်

ယောက်တို့သည် ဉယျာဉ်ကစား သွားရန် များစွာသော ခဲဘွယ်ဘောဇဉ် သေအရက်တို့ကို စီရင်ပြီးလျှင် များစွာသော အခြံအရံဖြင့် တယောက်သည် မြောက်တံခါးဖြင့် ထွက်၏၊ တယောက်ကား အရှေ့တံခါးဖြင့် ထွက်၏၊ နှစ်ယောက်လုံးပင် ပရိသတ်အလယ်၌ အတတ်ပြနေသော ဒွန်းစဏ္ဍားတို့ကို မြင်လျှင်"အဘယ်သူနည်း" ဟု မေးရာ ဒွန်းစဏ္ဍားဖြစ်ကြောင်း ပြောဆိုကြလျှင် မင်္ဂလာမရှိ မမြင်အပ် မမြင်ကောင်းသော ဒွန်းစဏ္ဍားသူယုတ်မာကို မြင်ရသည်ဟု နံ့သာရေတို့ဖြင့်မျက်နှာသစ်၍ မြင်ရာအရပ်မှ အိမ်သို့ပြန်ကြ၏။

အနွယ်ဇွန့်ကာ ပညာရှာ

ထိုအခါအခြွေအရံတို့သည် ဒွန်းစဏ္ဍားတို့ကို "ဟယ် မကောင်းသော ဒွန်းစဏ္ဍားသူယုတ်မာတို့.... သင်တို့ကိုမှီ၍ ငါတို့မှာ အဘိုးများစွာထိုက်တန်သော ခဲဘွယ်ဘောဇဉ် သေအရက်တို့ပျက်စီးကုန်ပြီဟု အမျက်ထွက်၍ ဒွန်းစဏ္ဍား ညီနောင်တို့ကို ရိုက်နှက်ပုတ်ခတ်ကြကုန်၏၊ ဒွန်းစဏ္ဍား ညီနောင်တို့လည်း မျှော့မေ့ကာ နေကြကုန်၏၊ သတိရလာသောအခါ ထ၍ တယောက်ထံတယောက်သွား၍ တခုသောအရပ်၌တွေ့ကြ၍ အချင်းချင်း ဆင်းရဲငြိုငြင်သော အဖြစ်အပျက်ကို ပြောဆိုကာ ငိုကြွေးကြကုန်၏။

နောက်တဖန် ထိုညီနောင်နှစ်ယောက်တို့သည် ငါတို့မှာ အမျိုးအနွယ်ကိုမှီ၍ ဤသို့သောဆင်းရဲကို ရကြကုန်၏၊ ထို့ကြောင့် ဒွန်းစဏ္ဍားမပြုလုပ်တော့ပြီဟု တိုင်ပင်ဆုံးဖြတ်ကာ အမျိုးအနွယ်ကိုဖုံးလွှမ်း၍ ပုဏ္ဏားလုလင်အ

သွင်ဖြင့် တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံသို့ သွား၍ အတွင်းနေတပည့်အဖြစ်ဖြင့် အတတ်ပညာသင် ကြားကုန်၏၊ စိတ္တသုခမိန်သည် အတတ်ပညာ အပြီးသို့ ရောက်၏၊ သမ္ဘူတသုခမိန်ကား အတတ်ပညာ အပြီးသို့ မရောက်သေး။

ပုဏ္ဏားထင်အောင် အယောင်ဆောင်

ထိုအခါ တနေ့သ၌ ပုဏ္ဏားတယောက်သည် ပုဏ္ဏားတို့ကို ယနာနို့ဆွမ်းကျွေး ရန်ပင့်ဖိတ်၏၊ ဆရာကြီးသည် ညတွင် မိုးကြီးရွာသဖြင့် ညွန်ရေပေါ၍ မလိုက်နိုင်သည့် အတွက် စိတ္တသုခမိန်ကို အကြီးအမှူးပြုကာ ပုဏ္ဏားတို့ကိုလွှတ်လိုက်၏၊ အိမ်သို့ရောက်လျှင် အသင့်ထည့်၍ထားသော ယနာနို့ဆွမ်းတို့ကို ပုဏ္ဏားတို့အားကပ်ကုန်၏၊ သမ္ဘူတသည် တပ်မက်မောလျက် အေးနေပြီဟူသောအမှတ်ဖြင့် ယနာနို့ခဲကို ခံတွင်းသို့ခွန့်၏၊ယနာသည်ပူသဖြင့် ခံတွင်းကိုလောင်လေ၏၊ ထိုအခါ သမ္ဘူတသည် အလွန်ပူသဖြင့် သတိမထားမိဘဲ ဒွန်းစဏ္ဍားဘာသာဖြင့် (ခလု-ခလု)ဟု ဆို၏၊ စိတ္တသုခမိန်လည်း သတိမထားမိဘဲလျှင် ဒွန်းစဏ္ဍားဘာသာဖြင့် (နိဂ္ဂလ-နိဂ္ဂလ)ဟု ဆိုလိုက်မိ၏။

ဒွန်းစဏ္ဍားသိမြင် ရိုက်ပုတ်နှင်

လုလင်တို့သည် တဦးနှင့်တဦးကြည့်ကာ ဤဘာသာကား အဘယ်ဘာသာနည်းဟုမေးကုန်၏၊စိတ္တသုခမိန်လည်း မကြားယောင်ပြု၍ မင်္ဂလာကိုသာရွတ်ဆို၏၊ ပုဏ္ဏားလုလင်တို့လည်း ပြင်ပသို့ထွက်၍ ဘာသာကိုစုံစမ်းမေးမြန်းကြသဖြင့် ဒွန်းစဏ္ဍားဘာသာမှန်း သိကြလျှင် "ဟယ်-ဒွန်းစဏ္ဍား

လူယုတ်မာတို့…. ဤမျှလောက်ကြာမြင့်အောင် ပုဏ္ဏားဟု ပြောဆိုကာ လှည့်ပတ်ဖြားယောင်းကြကုန်၏”ဟု ဒွန်း စဏ္ဍားညီနောင် နှစ်ယောက်လုံးကိုပင် ရိုက်ပုတ်ထောင်းထု ကြကုန်၏။

သူတော်ကောင်းတယောက်သည် လာလတ်၍ ရိုက်ပုတ် ထောင်းထုသောသူတို့ကို ဖယ်ကြကုန်ဟုတားမြစ်၍ ဤအ ပြစ်သည် သင်တို့အမျိုးအနွယ်၏ အပြစ်တည်း၊ အရပ်တ ပါးသို့သွားကာ ရဟန်းပြု၍ အသက်မွေးကြကုန်ဟုပြော ဆို၍ လွှတ်လိုက်၏၊ လုလင်တို့သည် ဆရာကြီးထံရောက် လျှင် ညီနောင်နှစ်ယောက်တို့သည် ဒွန်းစဏ္ဍားဖြစ်ကြောင်း ကို လျှောက်ကုန်၏။

စုတေဖြစ်ပျက် တူတွဲလျက်

ဒွန်းစဏ္ဍားညီနောင်တို့လည်း တောသို့ ဝင်၍ ရသေ့ရဟန်းပြုကုန်လျက်နေကြ ရာ မကြာမြင့်မီလျှင်စုတေ၍ နေရဥ္စရာ မြစ်နားဝ၌ သမင်မဝမ်းဝယ် ပဋိသန္ဓေနေ၍သမင်ညီနောင် ဖြစ်ကုန်၏၊ ဘွားမြင်သောအခါမှစ၍ အတူတကွမခွဲဘဲ နေကုန်၏၊ ကင်းကွာခြင်းငှာမတတ်နိုင်ကုန်၊ တနေ့သ၌ ထိုသမင်ညီနောင်တို့သည် အစာစားပြီးလျှင် သစ်ပင်ရင်း တခု၌ ခေါင်းချင်းထိလျက် ချိုချင်းယှက်ကာ နှုတ်သီးချင်း တင်၍ စားမြို့ပြန်နေစဉ် မုဆိုးတယောက်မြင်၍ လှံမနှင့် ထိုးလိုက်ရာ နှစ်ကောင်လုံး တပြိုင်နက် သေကုန်၏။

သမင်ဘဝမှစုတေကြပြန်သော် ဥမ္မဒ္ဒါမြစ်နားဝ၌ ဝန်လို ငှက်ဖြစ်ကုန်၏၊ ဝန်လိုငှက်ဘဝ၌ ညီနောင်နှစ်ကောင်တို့ သည်ကြီးပျင်းလတ်သော် အတူတကွနေကုန်၏၊ အစာစား

ရာ၌လည်း အတူတကွသာ စားကုန်၏၊ တနေ့သ၌ မူဆိုး တယောက်သည် ညွှတ်ကွင်းကို ထောင်လတ်သော် နှစ် ကောင်လုံး တပြိုင်နက်မိ၍ သေကြပြန်ကုန်၏။

အတိတ်ဆင်ခြင်
အမည်တွင်

ဝန်လို၄က် ဘဝမှ စုတေ ကြပြန်သော် စိတ္တ သုခမိန်သည် ကောသမ္ဗီပြည်၌ ပုရောဟိတ်၏ သားဖြစ်လေ၏၊ သမ္ဘူတ သုခမိန်သည် ဥတ္တရပဉ္စာလရာဇ်မင်း၏ သားဖြစ်လေ၏၊ သတိုးသားနှစ်ယောက်တို့ကိုအမည်မှည့်သောအခါရှေးရှေး ဘဝဟောင်းက အမည်အတိုင်းသာ မှည့်ကြကုန်၏၊ နှစ်ဦး လုံးပင် ဇာတိဿရ ဉာဏ်ကိုရ၍ သမ္ဘူတ သုခမိန်သည် လေးဘဝမြောက် ဒွန်းစဏ္ဍားဘဝကိုသာ မြင်နိုင်၏၊ စိတ္တ သုခမိန်ကား လေးဘဝလုံးကိုပင် မြင်နိုင်၏။

အတိတ်ကဖြစ်ဘူး
ဥဒါန်းကျူး

စိတ္တသုခမိန်သည် တဆယ့်ခြောက်နှစ်ရှိ သောအခါ တောထွက်၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ရသေ့ရဟန်းပြု၍ ဈာန်အ ဘိညာဉ်ကို ဖြစ်စေလျက် ဈာန်ချမ်းသာဖြင့်သာ နေ၏၊ သမ္ဘူတ သုခမိန်ကား အဘမင်းကြီး နတ်ရွာစံလျှင် အဘိ သိက်သွန်း၍ မင်းဖြစ်သော နေ့မှာပင် လူတို့ အလယ်၌ သီချင်းဂါထာနှစ်ဂါထာကို သီကုံးကာ ဥဒါန်းကျူးလေ၏၊ မင်းကြီး သီဆိုသံကို ကြား၍ မောင်းမတို့သည်၎င်း,စောင်း သမားတို့သည်၎င်း ငါတို့မင်းကြီး သီဆိုသော သီချင်း ဖြစ်သည် ဟု အမြဲသီဆိုလေ့ရှိကြကုန်၏၊ အစဉ်သဖြင့်ပြန့်နှံ့ ကာ တမြို့လုံး လူကြီး လူငယ်မှ စ၍ ဤသို့သီဆိုကြကုန်၏။

သူငယ်သင်ကြား မင်းခစား

စိတ္တသုခမိန်လည်း ငါ့ညီသမ္ဘူတ မင်းအဖြစ်ကို ရပြီလောဟု ဆင်ခြင်ရာ မင်းအဖြစ် ရကြောင်းသိလျှင် ယခုသွားချိန်မတော်သေး၊ သားသမီးတို့ဖြင့် ပွားလာစေဦး ဟုစောင့်ဆိုင်းကာ အနှစ်ငါးဆယ်တိုင် စောင့်နေခဲ့၏၊ အနှစ်ငါးဆယ်ရှိ၍ သားသမီးတို့ဖြင့် တိုးပွားလာသောအခါ ကောင်းကင်ခရီးဖြင့်ကြွ၍ ဉယျာဉ်တော်၌ ဆင်းသက်လျက် ရွှေဆင်းတုကဲ့သို့ ကျောက်ဖျာ၌ ထိုင်နေ၏၊ ထိုအခိုက် သူငယ်တယောက်သည် သီချင်းဆို၍ထင်းခွေ၏၊ စိတ္တသုခမိန်ကြားလျှင် သူငယ်ကိုခေါ်၍မေးရာ မင်းနှစ်သက်သော သီချင်းဖြစ်ကြောင်းကို လျှောက်ထားလေ၏၊ ထိုအခါ စိတ္တသုခမိန်သည် သူငယ်အား "မင်း၏သီချင်းကို အတုလိုက်၍ဆိုနိုင်သောသူ ရှိသလော"ဟုမေး၏၊"မရှိပါ"ဟုဖြေ၏၊"သင်အတုလိုက်၍ ဆိုဝံ့မည်လော"ဟု မေးပြန်၏၊ "သိလျှင်ဆိုဝံ့ပါသည်"ဟု ပြောသောအခါ "ကောင်းပြီ သုံးခုမြောက်သောသီချင်းဂါထာကိုသီဆိုလော့"ဟုသီချင်းဂါထာကိုသင်ပေးပြီးလျှင် "မင်းကြီးထံသွား၍ ဆိုပြလေ၊ မင်းကြီးသည် ကြည်ညို၍ ကြီးစွာသောစည်းစိမ်ကို ပေးလိမ့်မည်"ဟုမှာထား၍ လွှတ်လိုက်၏။

မင်းဂါထာကို အဖြေဆို

ထိုအခါ သူငယ်သည် တန်ဆာဆင်ကာ မင်းအိမ်သို့သွား၍ မင်းကြီးနှင့် တကွ အတုလိုက်၍ သီချင်းဆိုလိုပါသတဲ့ ဟု မင်းကြီးအားလျှောက်စေလျှင် မင်းကြီးသည် သူငယ်ကို ရှေ့တော်သို့ခေါ်စေ၍ မေးမြန်းရာ သီဆိုနိုင်ကြောင်း လျှောက်ပြန်ရာ မင်းကြီးသည် အလုံးစုံသောပရိသတ်တို့ကို

စုဝေးစေ၍ "အရှင်မင်းကြီး····ရှေးဦးစွာ သီဆိုတော်မူပါ၊ နောက်မှ အကျွန်ုပ်သီဆိုပါအံ့"ဟု လျှောက်ထားလေ၏၊ ထိုအခါမင်းကြီးသည်–

"အချင်းတို့····လူတို့အား ကောင်းစွာကျင့်အပ်သောကောင်းမှုအလုံးစုံသည် အကျိုးရှိ၏၊စိုးစဉ်းမျှ အကျိုးမဲ့သည်မရှိ၊ မိမိ၏ ကောင်းမှု၏ အစွမ်းဖြင့်ဖြစ်သော သမ္ဘူတမည်သော ငါ့ကိုယ်ကို ငါမြင်ရ၏၊ လူတို့အား ကောင်းစွာ ကျင့်အပ်သော ကောင်းမှု အလုံးစုံသည် အကျိုးရှိ၏၊ စိုးစဉ်းမျှ အကျိုးမဲ့သည်မရှိ၊ ငါ့အား စိတ်နှလုံး အလိုပြည့်သကဲ့သို့ နောင်တော် စိတ္တသုခမိန်အားလည်း စိတ်နှလုံးအလို ပြည့်ပါ၏လော"–

ဟု ရှေးဦးစွာ သီချင်းနှစ်ဂါထာကိုသီဆို၏၊ ထိုနောက်သူငယ်သည်–

"အရှင်မင်းကြီး···· လူတို့အား ကောင်းစွာကျင့်အပ်သော ကောင်းမှု အလုံးစုံသည် အကျိုးရှိ၏၊ စိုးစဉ်းမျှ အကျိုးမဲ့သည်မရှိ၊ အရှင်မင်းကြီးအား စိတ်နှလုံး အလိုပြည့်သကဲ့သို့ နောင်တော် စိတ္တသုခမိန် အားလည်း စိတ်နှလုံး အလိုပြည့်ပါ၏"–

ဟု နောက်ထပ် သုံးခုမြောက်သီချင်းဂါထာကိုသီဆို၏။

သူငယ်ဖြေကြား
မင်းမေးကြား

ထိုအခါ သမ္ဘူတမင်းကြီးသည် သူငယ်၏သီဆိုသော သီချင်းသံကိုကြားလျှင်–

"သူငယ်.... သင်သည်ပင် စိတ္တသုခမိန်လော၊ သို့မဟုတ် တပါးသူထံမှကြားခဲ့သလော၊ သို့မဟုတ် သင့်အား တစုံတယောက်သောသူသည် ထိုအကြောင်းကိုပြောကြားသလော၊ ဂါထာကို ကောင်းစွာသိဆိုအပ်ပေ၏၊ ငါ့အား ယုံမှားခြင်းမရှိ၊ သင့်အား တရာသော ရွှာဆုကိုငါပေးပါ၏"—

ဟု လေးခုမြောက် သီချင်းဂါထာကို သီဆိုပြန်၏၊ ထိုအခါ သူငယ်သည်—

"အရှင်မင်းကြီး.... အကျွန်ုပ်သည် စိတ္တသုခမိန်မဟုတ်ပါ၊ သူတပါးထံမှတဆင့် ကြားခဲ့ရပါ၏၊ ဥယျာဉ်၌နေသော ရသေ့သည် ဤအကြောင်းကို ပြောကြားလိုက်ပါ၏၊ သွား၍ မင်းကြီး၏ သီချင်းဂါထာကို အတုလိုက်၍ဆိုချေ၊ နှစ်လိုဝမ်းမြောက်၍ သင့်အား ဆုတော်ပေးလိမ့်မည်ဟု မှာထားကာ လွှတ်လိုက်ပါ၏"—

ဟု မိမိသိသမျှအကြောင်းကို လျှောက်ထားလေ၏။

နောင်တော်တွေ့မှ ဝမ်းမြောက်လှ

သူငယ်၏စကားကိုကြားလျှင်ရသေ့ကား နောင်တော် စိတ္တသုခမိန် ဖြစ်လိမ့်မည်၊ ယခုအခါသွား၍ ဖူးမြင်မည်ဟု ပြောဆို၍ အမတ်တို့အား မင်းခမ်းမင်းနားကို ပြင်ဆင်ရန်စေခိုင်းပြီးလျှင် မှူးမတ်အခြွေအရံများစွာနှင့်တကွ ရထားဖြင့် သွား၍ ဥယျာဉ်တော်တံခါးသို့ရောက်လျှင် ရထားကိုထားခဲ့၍ စိတ္တသုခမိန်ထံချဉ်းကပ်လျက် ရှိသေစွာရှိခိုး၍တင့်အပ်လျောက်ပတ်သောအရပ်၌နေပြီးလျှင် ဝမ်းမြောက်ဝမ်းသာ

"အရှင်ဘုရား.... အကျွန်ုပ်သည် ပရိသတ်အလယ်၌ သီဆိုအပ်သောသီချင်းဂါထာကို အရှေတော်လေစွတကား၊ အကျွန်ုပ်သည် သီလအကျင့်နှင့်ပြည့်စုံသော ရှင်ရသေ့ကိုဖူးမြင်ရ၍ အလွန်နှစ်သက်ဝမ်းမြောက်ရပါ၏"—

ဟု ပြောဆိုလျှောက်ထားပြီးလျှင် နေရာခင်းခြင်းစသော ဝတ်ကြီးဝတ်ငယ်တို့ကိုပြုစေလျက်—

"အရှင်ဘုရား....အရှင်ဘုရားသည်အကျွန်ုပ်၏ နေရာကိုဎင်း, သောက်ရေသုံးဆောင်ရေတို့ကိုဎင်း, ခြေနယ်ဆီကိုဎင်း ခံယူတော်မူပါ၊ အရှင်သည်ဧည့်သည်တို့အားလှူအပ်သောအလှူကိုခံယူတော်မူပါ—

ဟု ဧည့်ဝတ်ကြေပြွန်စွာ ဖိတ်မန်ပြီးလျှင်—

"အို-အမတ်တို့....နှလုံးမွေ့လျော်ဘွယ်ရှိသော နေရာကိုဆောက်လုပ်ကြကုန်၊ ရှင်ရသေ့သည်မိန်းမအပေါင်းတို့နှင့် စမွယ်ပါလော့၊ ကာမဂုဏ်တို့ဖြင့်ချီးမြှောက်ရန် အခွင့်ပြုတော်မူပါ၊ နှစ်ယောက်သောငါတို့သည် ဤမင်းစည်းစိမ်ကို ခံစားပါကုန်အံ့"—

ဟု ဖိတ်မန်ပြီးလျှင် ထီးနန်းစည်းစိမ်ကို ထက်ဝက်ခွဲ၍ ပေးလေ၏။

မင်းဖိတ်ကြားမှု ငြင်းပယ်ပြီ

ထိုအခါ စိတ္တသုခမိန်သည် မင်းကြီးဖိတ်ကြားသော ထီးနန်းစည်းစိမ်ကို အပြစ်ပြကာပယ်လိုသဖြင့်—

"မင်းကြီး···· မကောင်းသောအကျင့်၏အကျိုးကိုငှင်း၊ ကောင်းသောအကျင့်၏ ကြီးမြတ်သောအကျိုးကိုငှင်း၊ မြင်ရ၍မိမိကိုယ်ကိုသာစောင့်အံ့၊ သားမယား,ကျွန်ယောက်ျား,ဆင်မြင်း,ပစ္စည်းဥစ္စာကို မစောင့်တပါ"–

"မင်းကြီး···· လူတို့မှာ ဒသကအပိုင်းအခြားဆယ်ပါးရှိ၏၊ ဤလူ့ရွာ၌သတ္တဝါတို့ အသက်သည်ထိုအပိုင်းအခြားသို့မရောက်မီလျှင် ဖြတ်ထားသောကျူပင်ခြောက်ကဲ့သို့ ခြောက်ကပ်ရ၏။

ထိုသို့အသက်သည် ခြောက်ကပ် လွယ်ပါလျက်ကာမဂုဏ်ငါးပါး၌ နှစ်သက်ခြင်း မြူးထူးခြင်း ပျော်ပါးခြင်းသည်အဘယ်အကျိုးရှိအံ့နည်း၊ ဥစ္စာကိုရှာမှီးခြင်းသည်အဘယ်အကျိုးရှိအံ့နည်း၊ သားမယားတို့ဖြင့် အဘယ်သို့ပြုရအံ့နည်း၊ငါကား သားမယားတို့အနှောင်အဖွဲ့မှလွတ်ပြီ"။

"မင်းကြီး···· အမြဲနှိပ်စက်နေသော သေမင်းသည် ငါ့အား မေ့လျော့သည်မရှိ၊ ငါသည်မမေ့လျော့ကြောင်းကိုသိ၏၊ ကာမဂုဏ်တို့၌ မွေ့လျော်ခြင်း ဥစ္စာရှာမှီးခြင်းသည် အဘယ်အကျိုး ရှိအံ့နည်း"။

"မင်းကြီး····လူတို့အား အမျိုးစသည်ယုတ်မာလှ၏၊ ဒွန်းစဏ္ဍားမျိုးသည် ခြေနှစ်ချောင်းရှိသောသူတို့တွင် အယုတ်မာဆုံးတည်း၊ အလွန်ယုတ်မာသော မိမိတို့ပြုအပ်သော မကောင်းမှုကြောင့် ရှေးအခါ ဒွန်းစဏ္ဍားမျိုး၌ ငါတို့ဖြစ်ခဲ့ရပြီ"။

"မင်းကြီး....အဝန္တိတိုင်းတို့၌ ဒွန်းစဏ္ဍားတို့သည် ဖြစ်ခဲ့ဘူးကုန်ပြီ၊ နေရဉ္ဇနာမြစ်ကမ်းနား၌ သမင်တို့သည် ဖြစ်ခဲ့ဘူးကုန်ပြီ၊ ဥမ္မဒ္ဒါမြစ်နား၌ ဝန်လိုင့်ကျက်တို့သည် ဖြစ်ခဲ့ဘူးကုန်ပြီ၊ ယခုအခါ ငါတို့သည် ပုဏ္ဏားမျိုး မင်းမျိုးတို့၌ဖြစ်ကြကုန်၏"—

ဤသို့လျှင် ရှေးအခါ ဖြစ်ခဲ့ဘူးသော သူယုတ်ဘဝတို့ကို ဘော်ပြပြီးလျှင်—

"မင်းကြီး.... ဇီဝိတိန္ဒြေသည် သေခြင်းအနီးသို့ ကပ်၏၊ အသက်သည်တိုလှ၏၊ သေခြင်းအနီးသို့ ဆောင်နေသော အိုခြင်းကို သားသမီးစသည်တို့သည်မစောင့်ရှောက်နိုင်ကုန်၊မင်းကြီး..ငါ့စကားကို နားထောင်ပါ၊ ဆင်းရဲပွားကြောင်းဖြစ်သော မကောင်းမှုတို့ကိုမပြုပါလင့်၊ ဆင်းရဲသောအကျိုးကို ပေးတတ်သော မကောင်းမှုတို့ကို မပြုပါလင့်၊ ကိလေသာမြူပြည့်သော ဦးခေါင်းရှိသောမကောင်းမှုတို့ကိုမပြုပါလင့်၊ငရဲ၌ဖြစ်စေတတ်သောမကောင်းမှုတို့ကို မပြုပါလင့်—

ဟု တရားဟောကြား ဆုံးမတော်မူ၏။

ကာမညွန်ထွက်အနုတ်ခက်

ထိုအခါ မင်းကြီးသည် ကာမဂုဏ်ညွန်မှ ထွက်ရန်ခက်သည်ကို ရသေ့အား ပြောကြားလိုသဖြင့်—

"အရှင်ဘုရား.... အရှင်ဘုရားဆိုသော စကားသည် ဆိုသောအတိုင်း မချွတ်ကေန် မှန်ပေ၏၊ အကျွန်ုပ်အား များစွာသော ကာမဂုဏ်တို့သည်

ရှိကုန်၏၊ အကျွန်ုပ်ကဲ့သို့သောသူသည် ထိုကာမဂုဏ်တို့ကို စွန့်နိုင်ခဲ၏''။

''အရှင်ဘုရား…. ဆင်ပြောင်ကြီးသည် ညွန်အိုင်အလယ်၌ နစ်မြုပ်သကဲ့သို့၊ အကျွန်ုပ်သည်လည်း ကာမဂုဏ်အလယ်၌ နစ်မြုပ်ခဲ့၏၊ ကာမဂုဏ်ညွန်ပျောင်းမှ ထွက်မြောက်ရာ ကြည်းကုန်းသို့ရောက်ရန် မစွမ်းနိုင်ပါ၊ အရှင်ဘုရား၏ လမ်းခရီးကို မလိုက်နိုင်ပါ''။

''အရှင်ဘုရား….အမိအဘတို့သည် သားသမီးတို့ကို အဘယ်သို့ ချမ်းသာနှင့် ပြည့်စုံနိုင်ပါအံ့နည်းဟု ဆုံးမကုန်သကဲ့သို့ အရှင်ဘုရားသည်လည်း အကျွန်ုပ်ကိုတမလွန်ဘဝ၌ ကြာမြင့်စွာ ချမ်းသာနိုင်မည့်အခြင်းအရာကို ဆုံးမပေ၏''-

ဟု လျှောက်ထားလေ၏။

နောင်ဖွဲ့လွတ်ရေးဂါထာပေး

ထိုအခါ ရသေ့သည် မင်းကြီးအား- အဂတိတရား မလိုက်စားဘဲ တရားမှန်ကန်သောတရားကို ကျင့်ရန် တိုက်တွန်းလို၍-

''မင်းကြီး….သင်သည် လူ၌ဖြစ်သော ဤကာမဂုဏ်တို့ကို အကယ်၍မစွန့်နိုင်သည်ဖြစ်အံ့၊ မစွန့်နိုင်ခဲ့သော် တရားနှင့်လျော်သော အခွန်အတုတ်ကို ကောက်ခံပါ၊ နိုင်ငံသားတို့အပေါ်၌ မတရားသော အမှုကို မပြုလုပ်ပါလင့်''။

''မင်းကြီး….တရားစောင့်သောရဟန်းပုဏ္ဏားတို့ကို ပင့်ဖိတ်စေရန် တမန်တို့ကို အရပ်လေးမျက်

နှာသို့စေလွှတ်ပါ၊ ထိုရဟန်းပုဏ္ဏားတို့အား ထမင်း အဖျော်အဝတ်သက်နိုးကျောင်းစသည်တို့ဖြင့် လုပ်ကျွေးပါ၊ ကြည်ညိုသောစိတ်ဖြင့် ရောင့်ရဲစေပါ၊ အစွမ်းသတ္တိအားလျော်စွာ လှူဒါန်းသုံးဆောင် စားသောက်စေ၍ နတ်ပြည်သို့သွားပါ"။

"မင်းကြီး.... မိန်းမအပေါင်း ခြံရံလုပ်ကျွေးနေသော သင်မင်းကြီးကို မာနယစ်ခြင်းသည် အကယ်၍နှိပ်စက်ငြားအံ့၊ ဤဂါထာကိုနှလုံးသွင်းလော့၊ ပရိသတ်အလယ်၌ရွတ်ဆိုလော့"—
ဟု ပြောဆိုပြီးလျှင် ဂါထာကိုပေးလေ၏။

ရွတ်ဆိုရမည့်ဂါထာ

[အကြင်သတ္တဝါသည် ရှေးအခါလွင်တီးခေါင်၌ အိပ်ရ၏၊ ထင်းခွေ ဟင်းရွက်ခူး သွားနေသော မိန်းမ၏နို့ကိုစို့ရ၏၊ ခွေးတို့ဖြင့်ရောပြွမ်းခြံရံလျက်နေရ၏၊ ထိုသတ္တဝါကိုပင် ယခုအခါ မင်းဟူ၍ဆိုအပ်၏။]

ဤသို့လျှင် စိတ္တသုခမိန်သည် သမ္ဘူတမင်းအား အဆုံးအမပေး၍ "အဆွေသမ္ဘူတ.... ငါသည်သင့်အားဆုံးမအပ်ပေပြီ၊ယခုအခါ၌သင်သည် ရဟန်းပြုလိုလျှင်ပြုပါလေ၊ မပြုလိုလျှင်လည်းနေပါလေ၊မိမိသည်သာလျှင် မိမိပြုသောကံ၏အကျိုးကို ခံစားရလတ့်"ဟု ပြောဆို သတိပေးပြီးလျှင် ကောင်းကင်သို့ပျံတက်၍ မင်းကြီး၏ဦးခေါင်းပေါ်၌ ခြေမှုန့်မြူတို့ကို ချသကဲ့သို့ မိမိနေရာ ဟိမဝန္တာသို့ကြွလေ၏။

ထီးနန်းစွန့်ခွာ၍ တောထွက်သွား

မင်းကြီးလည်း ခေါင်းပေါ်၌ ဖြူနှင့်ဖြူ ချခဲ့သော စိတ္တသုခမိန်ကိုမြင်လျှင် အလွန် ထိတ်လန့် တုန်လှုပ်လျက် သားကြီး အား မင်းအဖြစ်ကိုပေး၍ စစ်သည်ဗိုလ်ပါ အခြံအရံတို့ကို ပြန်စေပြီးလျှင်ဟိမဝန္တာသို့ရှေးရှုသွားလေ၏၊ စိတ္တသုခမိန် လည်း သမ္ဘူတ မင်းလာသည်ကိုသိ၍ ရသေ့အပေါင်း ခြံရံလျက် ခရီးဦးကြိုဆိုကာ သမ္ဘူတ မင်းကိုခေါ်၍သွားပြီး လျှင် ရသေ့ရဟန်းပြုစေ၍ ကသိုဏ်းပရိကံတို့ကိုပြောကြား လေ၏၊ သမ္ဘူတရသေ့လည်း မကြာမီဈာန်အဘိညာဉ် ကိုဖြစ်စေ၏၊ ထိုသူနှစ်ယောက်တို့သည် အသက်၏အဆုံး၌ ဗြဟ္မာပြည်သို့ လားရကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ သမ္ဘူတသုခမိန်သည်-ယခုအခါအာနန္ဒာ။
※ စိတ္တသုခမိန်သည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဆွေဖေါ်ချင်းချင်း၊ မြဲပေါင်းသင်း၊ ကွေကွင်းမနေနိုင်။
(၂) လေးဘဝလုံး၊ ပျက်မမုန်း၊ နှလုံးချစ်မြဲခိုင်။
(၃) အဆွေရှိတုံ၊ ကျိုးလုံးစုံ၊ ခြုံ၍ပြီးစေနိုင်။

စိတ္တသမ္ဘူတဇာတ်ပြီး၏။

၄၉၉-သိဝိဇာတ်

မဇ္ဈိမပဏ္ဏာသ၊

ကောသလမင်းလျှပ် အနုမောဒနာမပြု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကောသလမင်းသည် ဘုရားအမှူးရှိသော သံဃာအား အသဒိသအလှူကြီးကိုပေးလှူ၍ ခုနစ်ရက်မြောက်သောနေ့၌ အလုံးစုံသော ပရိက္ခရာတို့ကို ပေးလှူပြီးလျှင် မြတ်စွာဘုရားထံ တရားအနုမောဒနာပြုရန် တောင်းပန်၏၊ မြတ်စွာဘုရားလည်း တရားအနုမောဒနာမပြုဘဲ ကျောင်းသို့ကြွတော်မူ၏။

ထိုအခါ ကောသလမင်းကြီးသည် နက်ဖြန်နံနက် အစာစားပြီးသော်ကျောင်းတော်သို့သွား၍"အရှင်ဘုရား... အဘယ်ကြောင့် တရား အနုမောဒနာ မပြုပါသနည်း"ဟု လျှောက်သည်ရှိသော် မြတ်စွာဘုရားသည် "မြတ်သောမင်းကြီး....ပရိတ်သတ်မစင်ကြယ်"ဟုမိန့်တော်မူပြီးလျှင်—

"မြတ်သောမင်းကြီး.... စင်စစ်ဝန်တိုစဉ်းလဲသောသူတို့သည် နတ်ပြည်သို့မသွားရကုန်၊ မိုက်သောသူတို့သည် စင်စစ် အလှူကို မချီးမွမ်းကုန်၊ ပညာရှိသော သူတို့သည် အလှူကို ဝမ်းမြောက်ကုန်၏၊ ထိုသို့ ဝမ်းမြောက်သောကြောင့်သာလျှင် ပစ္စုပ္ပန်တမလွန်၌ ချမ်းသာနှင့် ပြည့်စုံကုန်၏"—

ဟု ဟောတော်မူ၏၊ ကောသလမင်းကြီးလည်း တရားတော်ကိုနာရလျှင် အလွန်ကြည်ညိုသဖြင့် မြတ်စွာဘုရား

အား သိဝိတိုင်းဖြစ် အသပြာတထောင် ထိုက်တန်သော ကိုယ်ဝတ်စုလျားကို ပေးလှူပြန်၏။

နက်ဖြန် နေ့ဝယ် တရားသဘင်၌ ရဟန်း တို့သည် ကောသလမင်းကြီး အလှူ၌မရောင့်ရဲနိုင်ခြင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားသည် ကြွလာတော်မူ၍ သိတော်မူလျှင် "ရဟန်းတို့....ရှေးပညာရှိတို့သည် တနေ့ တနေ့၌ ခြောက်သိန်း ခြောက်သိန်းမျှသော ဥစ္စာကို စွန့်၍ ပေးလှူရသော်လည်း မရောင့်ရဲနိုင်သဖြင့် မျက်စိတို့ကိုထုတ်၍ ပေးလှူကုန်ဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

နေ့စဉ်ရှူပုံ ခြောက်သိန်းကုန်

လွန်လေပြီးသောအခါ သိဝိတိုင်းအရိဋ္ဌပုရပြည်ဝယ် သိဝိမင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ထိုသိဝိမင်းကြီး၏ သားတော်ဖြစ်၍ သိဝိမင်းသား အမည်ရှိ၏၊ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ကြားပြီးလျှင် မင်းအဖြစ်ကိုရ၍ အဂတိမလိုက်စားဘဲ တရားသဖြင့် မင်းပြုလေ၏။

မြို့တံခါး လေးမျက်နှာ, မြို့လယ်, နန်းတော်တံခါး ဤခြောက်ဌာနတို့၌ အလှူတင်းကုပ် ခြောက်ဆောင် တို့ကို ဆောက်လုပ်လျက် တနေ့တနေ့လျှင် ခြောက်သိန်းခြောက်သိန်းမျှဖြစ်သော ဥစ္စာတို့ကို စွန့်လွှတ်ကာ အလှူကြီးကိုပေး၏၊ လစဉ် ရှစ်ရက်, ဆယ့်လေးရက်, ဆယ့်ငါးရက်နေ့တို့၌

ကိုယ်တိုင် အလှူတင်းကုပ်တို့သို့ လှည့်လည်၍ ကြည့်ရှုတော်မူလေ့ရှိ၏။

အလှူအာရုံပြု အမိန့်ဒါန်ပြု

တနေ့သ၌ နံနက် မိုးသောက်ထ အခါ မြတ်သောပလ္လင်ပေါ်၌နေတော်မူလျက် မိမိပေးလှူအပ်သော အလှူတို့ကို ဆင်ခြင်တော်မူသည်ရှိသော်—

"ငါကား.... အလုံးစုံသောလူတို့ ပေးလှူအပ်သောအလှူကိုပေးလှူအပ်ပြီ၊ ငါ့အား မလှူမိသေးသောဝတ္ထုမည်သည်မရှိ၊ အကြင်သူသည် အကယ်၍ ငါ့မျက်စိကိုတောင်းလာငြားအံ့၊ ငါသည် ထိုသူ့အား မတုန်မလှုပ်ပေးလှူအံ့"—

ဟု ဗာဟိရအပဖြစ်သောဝတ္ထုတို့ကို ပေးလှူရသော်လည်း မနှစ်သက်မရောင့်ရဲနိုင်ဘဲ အဇ္ဈတ္တိက အတွင်းဖြစ်သောဝတ္ထုကို ပေးလှူမည် ဟု ကြံစည်ဆုံးဖြတ်တော်မူ၏။

မင်းကြီးလှူခင်း သိကြားစမ်း

ထိုနောက်မင်းကြီးသည် နံ့သာရေတဆယ့်ခြောက်လုံးတို့ကိုချိုးပြီးလျှင်အထူးထူးသော တန်ဆာတို့ကိုဆင်ယင်လျက် မွန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို သုံးဆောင်ပြီးလျှင် မြတ်သောမင်္ဂလာဆင်တော်သို့ တက်စီးလျက် အလှူတင်းကုပ်တို့ကို လှည့်လည်ကြည့်ရှုရန်သွားလေ၏၊ သိဝိမင်းကြီး၏အကြံကို သိကြားမင်းသိလေလျှင် ဤသိဝိမင်းကြီးကား ကြံစည်သောအတိုင်း ပေးလှူနိုင်မည်လော ဟု စုံစမ်းရန် မျက်စိမမြင်သော ပုဏ္ဏားအိုဟန် ဘန်ဆင်းလျက် မင်းကြီးသွားသောလမ်းတွင် မြင့်မောက်ရာ အရပ်တခုကနေ၍

လက်ကိုဖြန့်၍ (အောင်စေသတည်း၊ အောင်စေသတည်း) ဟု ကြွေးကြော်လျက်နေ၏။

မျက်စိလိုပြန် အလှူခံ

မင်းကြီးသည်— ပုဏ္ဏားအံ၏အသံကိုကြား လျှင် ဇင်းထံသို့ ဆင်တော်ကိုနှင်စေ၍ "ပုဏ္ဏား.... သင်သည်ဘာကိုအလိုရှိ သနည်း" ဟု မေးတော်မူလတ်သော် ပုဏ္ဏားအိုသည် မင်းကြီးအား—

"မြတ်သော မင်းကြီး.... အလွန် အိုသကဲ့သို့ အဝေးသို့ မမြင်နိုင်သဖြင့် မျက်စိကိုတောင်းခြင်းငှါ လာခဲ့ပါ၏၊ အကျွန်ုပ်အား မျက်စိတလုံးကို ပေး လှူတော်မူပါ၊ ငါတို့နှစ်ယောက်သည် မျက်စိတလုံး စီရှိသည်ဖြစ်ပါလတ့်"—

ဟု မျက်စိတလုံးကို အလှူခံလေ၏။

မင်းလျှော်တင် အလှူခံဝင်

သိဝိ မင်းကြီးသည် ထိုပုဏ္ဏား အို၏ စကားကို ကြားလျှင် "ငါလည်း နန်း တော်၌နေစဉ် ကြံစည်၍လာခဲ့၏၊ ငါ လာခြင်းကား ကောင်းသောလာခြင်းတည်း၊ယနေ့ ငါ့စိတ် အလို ပြည့်တော့မည်၊ မပေးလှူဘူးသောအလှူကို ပေးလှူ ရတော့အံ့"ဟု ကြံစည်လျက် နှစ်သက်ဝမ်းမြောက်စွာ—

"အို-ပုဏ္ဏားကြီး.... သင့်ကို အဘယ်သူ ညွှန် ကြားအပ်သဖြင့် ဤအရပ်သို့ မျက်စိတောင်းရန် လာဘိသနည်း၊ မျက်စိကို လူသာမန်သည် ပေး စွန့် လှူနိုင်ခဲ၏၊ သင်ပုဏ္ဏားကား ပေးလှူနိုင်ခဲ

သော မြတ်သောအင်္ဂါဖြစ်သော မျက်စိကိုတောင်း
လာဘိ၏တကား"—

ဟု မေးမြန်း ပြောဆိုလေ၏၊ ထိုအခါ သိကြားမင်း
သည်—

"မြတ်သောမင်းကြီး···· လူ့ပြည် နတ်ပြည်တို့၌
သုဇမ္ပတိဟူ၍ရင်း, မာဃဝဟူ၍ရင်း ထင်ရှားသော
သိကြား နတ်မင်းသည် ညွန်ကြား အပ်သဖြင့်
အကျွန်ုပ်သည် မျက်စိကိုတောင်းခြင်းငှါ ဤအရပ်
သို့လာခဲ့ပါ၏"။

"မြတ်သော မင်းကြီး···· အလှူခံ ဖြစ်သော
အကျွန်ုပ်အား တောင်းအပ်သော မြတ်သော မျက်
စိကို ပေးလှူပါ၊ မင်းကြီးသည် မြင်ခြင်းအကြောင်း
ဖြစ်သော မျက်စိကိုပေးလှူပါ၊ စွန့်လှူနိုင်ခဲသော
မြတ်သောမျက်စိကိုပေးလှူပါ"—

ဟု မျက်စိတလုံးကို အလှူခံလေ၏။

မင်းကြီးမျက်စိမှု ပုဏ္ဏားရှု

ထိုအခါ မင်းကြီးသည် အလှူခံပုဏ္ဏား
အား မိမိ၏မျက်စိကို အလှူခံရန်ပြော
ကြားလို၍—

"အို-ပုဏ္ဏား···· သင်သည် မျက်စိကို အလိုရှိ
လျက်တောင့်တ၍လာဘိ၏၊ သင်အလိုရှိတိုင်းတောင့်
တတိုင်း ပြည့်စေသတည်း၊ မျက်စိကိုရစေသတည်း"။

"အို-ပုဏ္ဏား···· မျက်စိတလုံးကို တောင်းလာ
သော သင့်အား နှစ်လုံးသောမျက်စိတို့ကို ငါပေး
လှူအံ့ သင်သည် မျက်စိနှင့်ပြည့်စုံသည်ဖြစ်၍ လူ

အပေါင်းကို ကြည့်ရှုလျက် သွားပါလော့၊သင်အလို
ရှိသော မျက်စိသည် ပြည့်စုံစေသတည်း”—

ဟု ပြောဆိုကာ မျက်စိတို့ကို ပေးလှူရန် ဝန်ခံပြီးလျှင် ဤအရပ်၌ထုတ်၍ပေးလှူခြင်းငှါ မသင့်လျော်သဖြင့် ပုဏ္ဏား ကိုခေါ်၍ နန်းတော်သို့ သွားလေ၏၊ ရောက်လျှင် သိဝိက မည်သော ဆေးသမားကိုခေါ်၍ “အချင်း သိဝိက....ငါ့ မျက်စိတို့ကို ထုတ်လော့”-ဟု အမိန့်ပေးလေ၏၊ ထိုအခါ မင်းကြီးသည် မျက်စိတို့ကိုထုတ်၍ ပုဏ္ဏားအားပေးလှူလိုသ တဲ့ဟုတမြို့လုံးတပြိုင်နက် အုတ်အုတ်ကျက်ကျက်ဖြစ်လေ၏။

တိုင်းပြည်လူများ မင်းကြီးတား

ထိုအခါ စစ်သူကြီးစသော မင်းကျွမ်း ဝင်သူတို့သည်၎င်း, မောင်းမ တို့သည် ၎င်း, အလုံးစုံသော ပြည်သူတို့သည် ၎င်း မင်းထံ၌ စုဝေးကုန်လျက်—

“အရှင်မင်းကြီး.... မျက်စိကိုမပေးလှူပါလင့်၊ အကျွန်ုပ်တို့အလုံးစုံကို စွန့်တော်မမူပါလင့်၊ များ စွာသော ပုလဲကျောက်မျက်ရွဲ စသော ဥစ္စာတို့ကို ပေးလှူပါလော့”။

“အရှင်မင်းကြီး.... ကအပ်သော ရထား, တန်ဆာဆင်အပ်သော အာဇာနည်မြင်း,ရွှေကြိုး, ရွှေကွန်ယက် တင်အပ်သော ဆင်တို့ကိုပေးလှူပါ လော့”။

“အရှင်မင်းကြီး... ဆင်ယာဉ်မြင်းယာဉ်ရထား ယာဉ်နှင့်တကွ မင်းကြီးကို ခြံရံနေသော တိုင်းသူ

ပြည်သား အလုံးစုံကို ပေးလှူပါလော့၊ မျက်စိကို မပေးလှူပါလင့်”။

ဟု တားမြစ်ကြကုန်၏။

မင်းကြီးစေတနာ ထက်လှစွာ

ထိုအခါ မင်းကြီးသည် အလုံးစုံသော ပရိသတ်တို့အား မိမိ၏ ဝန်ခံချက်ကို ပြောကြားလိုသဖြင့်—

“အို—အချင်းတို့…စင်စစ်ပေးလှူအံ့ဟု ဆိုပြီးလျက် မပေးလှူသောသူသည် မြေ၌ထောင်ထားသောကျော့ကွင်းကို လည်ပင်း၌ စွပ်သည်မည်၏၊ ယုတ်မာသော သူတို့အောက် အထူးသဖြင့် ယုတ်မာ၏၊ ယမမင်း၏နိုင်ငံသို့ရောက်ရ၏”။

“အို—အချင်းတို့… တောင်းလာသော ဝတ္ထုကိုသာပေးလှူအံ့၊ မတောင်းလာသောဝတ္ထုကို မပေးလှူပါ၊ ငါသည် ပုဏ္ဏားတောင်းလာသော မျက်စိကိုသာလျှင်ပေးလှူပါအံ့”။

ဟု မဆုတ်မနစ် အတိအလင်း ပြောဆိုလေ၏။

သူတော်ကျင့်မြတ် ရှူဒါန်းအစ်

ထိုအခါ အမတ်တို့သည် မင်းကြီးအား ပေးလှူသောစိတ်၏ ရည်မှန်းမှုကို မေးလို၍—

“အရှင်မင်းကြီး…အသက်ရှည်ခြင်းကို တောင့်တ၍ ပေးလှူသလော၊ အဆင်းလှခြင်းကို တောင့်တ၍ ပေးလှူသလော၊ ချမ်းသာခြင်းကိုတောင့်တ၍ ပေးလှူသလော၊ ခွန်အားကြီးခြင်းကို တောင့်တ၍ ပေးလှူသလော၊ အဘယ်ဝတ္ထုကို တောင့်တ၍ပေး

လှူသနည်း၊ မြတ်သော မင်းကြီးသည် တမလွန် လောက ဟူသော အကြောင်းကြောင့် ပေးလှူသလော”–

ဟု မေးမြန်းလျှောက်ထားကုန်၏၊ ထိုအခါ မင်းကြီးသည် တိုင်းသူပြည်သားတို့အား–

“အချင်းတို့.... ငါသည် ဤမျက်စိကိုပေးလှူခြင်းကား သားသမီးအခြံအရံ စည်းစိမ်ချမ်းသာ ပြည်ရွာတိုင်းကား ဥစ္စာများကိုတောင့်တ၍ ပေးလှူသည်မဟုတ်၊ ရှေးသူတော်ကောင်းတို့ တရားကို ကျင့်လို၍ ငါ့စိတ်သည် အလှူ၌သာမွေ့လျော်၏”–

ဟု တရားဟောလေ၏။

မျက်စိလှူပွဲ အလွန်ရဲ

အမတ်တို့သည် သိဝိမင်းကြီး၏ စကားကိုကြားလျှင် စကားဆိုရာ မရှိသဖြင့် ဆိတ်ဆိတ်သာ နေကုန်၏၊ ထိုအခါ မင်းကြီးသည် သိဝိကဆေးဆရာအား–

“ဆရာသိဝိက.... သင်ကား ငါ၏ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူဖြစ်၏၊ ဆေးအတတ်ကိုလည်း ကောင်းစွာတတ်မြောက်၏၊ ငါ့စကားကိုကောင်းစွာ နားထောင်ပါ၊ ထုတ်ဆောင်ခြင်းငှါ အလိုရှိသော ငါ၏မျက်စိတို့ကိုထုတ်၍ အလှူခံ၏လက်၌ ထားပါလော့”–

ဟု မျက်စိတို့ကိုထုတ်ရန် အမိန့်ပေးလေ၏၊ ထိုအခါ သိဝိကဆေးဆရာသည်–

P.44 မျက်စိအလှူခံလာသူ ပုဏ္ဏားအား မျက်စိပေးလှူလို၍ ဆေးဆရာကိုမျက်စိထုတ်ရန် သိဝိမင်းမိန့်ကြားနေပုံ

"အရှင်မင်းကြီး···· မျက်စိတို့ကို ပေးလှူခြင်းကား ခဲယဉ်းလှ၏၊ စုံစမ်းဆင်ခြင်တော်မူဦးလော့" ဟု သတိပေးစကား လျှောက်ထားပြန်၏၊မင်းကြီးသည်"ဆရာသိဝိက····ငါစုံစမ်းဆင်ခြင်ပြီးပြီ၊ ကြာရှည်အောင်မလုပ်ပါလင့်၊ စကားများများ ပြောမနေပါလင့်"—

ဟု တချက်လွှတ် အမိန့်ပေးလေ၏။

မျက်စိထုတ်ပြန် ဝေဒနာထန်

ထိုအခါ သိဝိကဆေးဆရာသည် ငါကဲ့သို့တတ်မြောက်ပြီးသော ဆေးဆရာမှာ မင်းကြီး၏ မျက်စိတို့ကို ဓားနှင့်ထုတ်ယူခြင်းကား မသင့်လျော်ပေဟု ကြံစည်၍ အထူးထူးသော ဆေးတို့ကိုသွေး၍ ဆေးမှုန့်ဖြင့် ကြာညိုလက်ကို ထုံစေပြီးလျှင် လက်ျာဘက်မျက်စိသို့သွင်းစေ၏၊ မျက်စိသည် လှည့်လည်သဖြင့် ဒုက္ခဝေဒနာဖြစ်၏၊"အရှင်မင်းကြီး···ဆင်ခြင်ဦးလော့၊ပကတိအတိုင်းဖြစ်အောင်တတ်နိုင်၏"ဟုပြော၏၊ "အမောင်···· ထုတ်သာထုတ်လော့၊ ကြာရှည်အောင်မလုပ်ပါလင့်"ဟု ပြော၏၊ တဘန်ဆေးကိုဖျော်၍ မျက်စဉ်းခပ်ပြန်၏၊ မျက်စိသည် မျက်ကွင်းမှထွက်၏၊ ပြင်းစွာသောဒုက္ခဝေဒနာသည်ဖြစ်၏။

သွေးသန့်ရဲရဲ အမျှင်တွဲ

"အရှင်မင်းကြီး···· ဆင်ခြင်ဦးလော၊ ပကတိအတိုင်း ဖြစ်အောင်တတ်နိုင်၏" ဟု ပြော၏၊ "အမောင်···· ကြာရှည်အောင်မလုပ်ပါလင့်" ဟု ပြော၏၊ အလွန်ထက်သော မျက်စဉ်းကိုခပ်ပြန်၏၊ မျက်စိသည် ဆေး၏အာနုဘော်ကြောင့် ပတ်ပတ်လည်၍ မျက်ကွင်းမှထွက်လာ၏၊အကြော

မျှင်တို့သည် တွဲရရွဲဆွဲကာတည်ကုန်၏၊ "အရှင်မင်းကြီး.... ဆင်ခြင်တော်မူဦးလော့၊ ပကတိအတိုင်းဖြစ်အောင် တတ်နိုင်၏"ဟု ပြော၏၊ "အမောင်.... ကြာရှည်အောင်မလုပ်ပါလင့်"ဟု ပြော၏၊ထိုအခါအလွန်ပြင်းထန်သောဝေဒနာဖြစ်၏၊ သွေးတို့သည် ယိုစီး၍အဝတ်ပုဆိုးတို့ကို စွတ်ကုန်၏၊ မှူးမတ်အပေါင်းတို့သည် မင်းကြီး၏ခြေရင်း၌ ဝပ်ကုန်၍ "အရှင်မင်းကြီး.... မျက်စိကို ပေးလှူတော်မမူပါလင့်"ဟု ငိုကြွေးမြည်တမ်းကြကုန်၏၊ မင်းကြီးလည်း ဒုက္ခဝေဒနာကို သည်းခံတော်မူလျက် "အမောင်....ကြာရှည်အောင် မလုပ်ပါလင့်၊ ထုတ်သာထုတ်ပါ"ဟုအမိန့်ပေးပြန်၏။

သဗ္ဗညုထောက်ကူ မျက်စိလှူ

ထိုအခါ သိဝိက ဆေးဆရာ သည် "ကောင်းပြီ" ဟု လျှောက်ထားကာ လက်ဝဲ လက်ဖြင့် မျက်စိကို ကိုင်၍ လက်ျာလက်ဖြင့် ဓားငယ်ကိုယူ၍ မျက်ကြောတို့ကိုဖြတ်ပြီးလျှင် မျက်စိကိုယူကာ မင်းကြီး၏လက်၌ တင်ထား၏၊ မင်းကြီးသည် လက်ဝဲမျက်စိဖြင့် လက်ျာမျက်စိကို ကြည့်ရှုလျက် ပုဏ္ဏားကိုခေါ်၍"ငါသည် မျက်စိထက် အဆ ရာ, ထောင်,သောင်း,သိန်းတို့ဖြင့် သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော မျက်စိကိုသာလျှင် ချစ်ခင်နှစ်သက်တော်မူ၏" ဟု မိန့်တော်မူပြီးလျှင်(ဤမျက်စိအလှူသည် ငါ့အား သဗ္ဗညုတဉာဏ်ဖော်၏ အထောက်အပံ့ ဖြစ်စေသတည်း) ဟု ဆုတောင်း၍ ပုဏ္ဏားအား ပေးလှူလေ၏။

လက်ဝဲမျက်စိမူ တဖန်လှူ

ပုဏ္ဏားလည်း မင်းကြီး၏ မျက်စိကိုယူ၍ မိမိမျက်ကွင်း၌ တင်ထား၏၊ ထိုမျက်စိသည် သိကြားမင်း၏ အာနုဘော်ဖြင့်

ကြာညိုပွင့်ကဲ့သို့ ဖြစ်၍ထင်၏၊ မင်းကြီးလည်း လက်ဝဲဘက် မျက်စိဖြင့် ပုဏ္ဏားၡ၏မျက်စိကိုမြင်၍ ငါသည် ကိုယ်တွင်းဖြစ်သော မျက်စိအလှူကို လှူရပေပြီဟု နှစ်သက်ခြင်းပီတိဖြင့် မပြတ်ပျံ့နှံ့သည်ဖြစ်၍ ကျန်သော မျက်စိတလုံးကိုလည်း ထုတ်နုတ်၍ လှူပြန်၏၊ သိကြားမင်းသည် ထိုမျက်စိကိုလည်း မိမိမျက်ကွင်း၌ထည့်၍ မင်းအိမ်မှ ထွက်ကာလူအများမြင်ကုန်စဉ်လျှင် မြို့မှထွက်ပြီးလျှင် မိမိနေရာတာဝတိံသာသို့ သွားလေ၏။

ထီးနန်းမနှစ်မျို ရဟန်းပြုလို

သိဝိမင်းကြီး၏မျက်စိ၌ မကြာမြင့်မီလျှင် မျက်သားတို့သည်တက်ကုန်၏၊ ထင်မြင်သောအဖြစ်သို့ မရောက်မူ၍ ကမ္ဗလာအိမ်ကျင် ဘောလုံးကဲ့သို့ တက်သောအသားဆိုင်ဖြင့် ပြည့်လေ၏၊ ပန်းချီဆေးရေးသောအရုပ်ကဲ့သို့ မျက်စိတို့သည် ဖြစ်ကုန်၏၊ ပြင်းစွာသော ဒုက္ခဝေဒနာသည် ဖြစ်လေ၏၊ နှစ်ရက်သုံးရက် ' ပြာသာဒ်တော်၌နေ၍ သူကန်းမင်းပြုသဖြင့် အကျိုးမရှိပြီဟု ကြံစည်လျက် အမတ်တို့ကိုခေါ်၍ တိုင်းပြည်ကို အပ်နှင်းပြီးလျှင် ငါသည် ရသေ့ရဟန်းပြု၍ ဥယျာဉ်တော်၌ ရဟန်းတရားကို အားထုတ်၍ နေတော့မည်၊ အလုပ်အကျွေးတယောက်ကို ငါ့ထံမှာထားကြဟု မိန့်ဆိုလေ၏။

ထမ်းစဉ်စီးလျက် ဥယျာဉ်ထွက်

အမတ်တို့လည်း မင်းကြီးအမိန့်အတိုင်း ထမ်းစင်ဖြင့် ဥယျာဉ်တော်သို့ပို့၍ ရေကန်နား၌ ထား၍ အလုပ်အကျွေးအစောင့်အရှောက် တို့ကို စီမံပေးပြီးလျှင် ပြန်ကုန်၏၊ မင်းကြီးလည်း ထက်ဝယ် ဖွဲ့ခွေလျက် မိမိအလှူကိုသာ

ဆင်ခြင်၍နေ၏၊ ထိုခဏ၌သိကြားမင်းသည် ထိုအကြောင်းကိုသိ၍ မင်းမြတ်အားဆုပေးကာ မျက်စိကိုပကတိအတိုင်းဖြစ်အောင်ပြုမည်ဟု ကြံစည်ကာ ဥယျာဉ်တော်သို့လာ၍ မင်းကြီးနှင့် မနီးမဝေးအရပ်၌ စင်္ကြံသွား၏။

မင်းကြီးထံကို ဆုပေးလို

မင်းကြီးသည် သိကြားမင်း၏ခြေသံကို ကြားလျှင် "ဤခြေသံကား အဘယ်သူနည်း"ဟုမေး၏၊ ထိုအခါ သိကြားမင်းသည် မင်းကြီးအား—

"မင်းကြီး····အကျွန်ုပ်ကား နတ်တို့ကိုအစိုးရသော သိကြားမင်းဖြစ်၏၊ သင်မင်းကြီး၏ထံသို့လာခဲ့၏၊ သင်မင်းကြီးသည် အလိုရှိရာဆုကိုယူတော်မူပါ"—

ဟု ဆုဖြင့် ဖိတ်မန်လေ၏၊ ထိုအခါသိဝိမင်းကြီးသည်—

"သိကြားမင်း····ငါ့အား ဥစ္စာလည်း များလှ၏၊ ဗိုလ်ပါလည်း များလှ၏၊ ကျီကျလည်းများလှ၏၊ ယခုအခါ ငါသည် မျက်စိကန်းနေသဖြင့် သေခြင်းသာနှစ်သက်၏"—

ဟု ပြောကြားလေ၏။

မင်းလှူဒါန်းမှု ချီးမွမ်းပြု

ထိုအခါ သိကြားမင်းသည် "အရှင်မင်းကြီး···· တကယ်သေလို၍ သေခြင်းကို နှစ်သက်သလော၊ မျက်စိကန်းခြင်းကြောင့် သေခြင်းကိုနှစ်သက်သလော အလှူမည်သည် တမလွန်အကျိုးငှါသာ ပေးလှူအပ်သော်လည်း ပစ္စုပ္ပန်အကျိုးငှါလည်း အထောက်အပံ့ဖြစ်၏၊ ထို့ကြောင့် သင်

မင်းကြီးသည် သစ္စာကိုဆိုပါလော၊ သစ္စာဆိုလျှင်နောက် တဘန် မျက်စိတို့သည် ဖြစ်လာကုန် လတ္တံ့”ဟု ပြော ကြားလေ၏၊ မင်းကြီးသည် သိကြားမင်းအား “သိကြား မင်း.... အကယ်၍ငါ့အား မျက်စိတို့ကိုပေးလိုအံ့၊ တပါး သောဥပါယ်တမျဉ်ကို မပြုလင့်၊ ငါ၏အလှူအကျိုးဆက်ဖြင့် သာလျှင် မျက်စိတို့ကို ဖြစ်စေပါလော”ဟု ပြော၏၊ “မင်းကြီး.... အကျွန်ုပ်သည် နတ်ဘုံကို အစိုးရသော သိကြားမင်းဖြစ်သော်လည်း သူတပါးအား မျက်စိတို့ကို မပေးနိုင်ပါ၊ အရှင်မင်းကြီး၏ ဒါနအစွမ်းဖြင့်သာ အရှင် မင်းကြီးအား မျက်စိတို့သည် ဖြစ်လာကုန်လတ္တံ့”ဟု ပြော ဆိုလေ၏၊ ထိုအခါ မင်းကြီးသည်—

“အထူးထူးသော အလှူခံတို့သည် ငါ့ထံသို့ တောင်းရန်လာကြကုန်၏၊ ထိုအလှူခံတို့တွင် ငါ့ကို တောင်းသောသူကို ငါသည် စိတ်ဖြင့် ချစ်မြတ်နိုး အပ်၏၊ ဤသို့ မှန်သောစကားကိုဆိုရခြင်းကြောင့် ငါ၏မျက်စိသည် ဖြစ်မြဲတိုင်းဖြစ်ပါစေသတည်း”—

ဟု သစ္စာဆိုလေ၏၊ ထိုအခိုက်တွင်မျက်စိသည် ပကတိ အတိုင်း ဖြစ်လာလေ၏၊ ထို့နောက်မင်းကြီးသည်—

“ပုဏ္ဏားသည် ငါ့ထံသို့ မျက်စိ၏အလို့ငှါလာခဲ့ ၏၊ ထိုပုဏ္ဏားအား ငါသည် မျက်စိတို့ကိုပေးလှူ ခဲ့ပြီ၊ ငါသည် လွန်စွာနှစ်သက်၏၊ များစွာဝမ်း မြောက်၏၊ ဤသို့ မှန်သောစကားကို ဆိုရခြင်း ကြောင့် ငါ့အား နှစ်ခုမြောက်မျက်စိသည် ဖြစ်မြဲ ဖြစ်ပါစေသတည်း”—

ဟု နှစ်ကြိမ်မြောက် သစ္စာဆိုပြန်၏၊ ထိုအခိုက် နှစ်လုံးမြောက်မျက်စိသည် ထင်ရှားဖြစ်လာပြန်၏၊ မင်းကြီးသည် မျက်စိနှစ်လုံးကိုပြန်၍ရလာလျှင် သိကြားမင်း၏အာနုဘော်ကြောင့် လူအများတို့သည် မင်းကြီးထံ၌ စည်းဝေးကြကုန်၏၊ သိကြားမင်းသည် လူများအလယ်၌ မင်းကြီးကိုကောင်းချီးပေးကာ မိမိနေရာ နတ်ရွာသို့သွားလေ၏။

သိဝိမင်းမြတ် ချီးမွမ်းအခန်း

သိဝိမင်းကြီးလည်း လူအများခြံရံလျက် များစွာသော ပူဇော်သက္ကာရဖြင့် မြို့တွင်းသို့ဝင်ပြီးလျှင် သုစန္ဒနမည်သော ပြာသာဒ်တော်သို့တက်လေ၏၊ မင်းကြီး မျက်စိတို့ကိုပြန်ရသောအဖြစ်ကို သိကြသဖြင့် သိဝိတိုင်းသား များစွာသော လူတို့သည် များစွာသော လက်ဆောင် ပဏ္ဏာတို့ကိုယူ၍ လာကြကုန်၏၊ မင်းကြီးသည် ဤလူအပေါင်း၌ ငါ၏အလှူကိုချီးကျူးအံ့ဟု ကြံစည်လျက် နန်းတော်တံခါးဝ၌ မဏ္ဍပ်ကြီးကို ဆောက်လုပ်စေ၍ ခင်းထားအပ်သော ပလ္လင်၌ နေတော်မူပြီးလျှင် မြို့တော်၌စည်လည်စေ၍ အလုံးစုံသောသူတို့ စုဝေးရောက်လာကြလျှင်—

အလှူကျင့်မြတ် ဆုံးမအခန်း

"အို- သိဝိတိုင်းသူတို့.... ဤလောက၌ အဘယ်သူသည် စည်းစိမ်ဥစ္စာကို မပေးလှူအံ့နည်း၊ စင်စစ် မိမိချစ်ခင်မွန်မြတ်သော ဥစ္စာကိုလည်း ပေးလှူရာ၏၊ ပေးလှူရန် ငါ တိုက်တွန်း၏၊ အညီအညွတ် စည်းဝေးရောက်လာကြသော အလုံးစုံသော သိဝိတိုင်းသူတို့သည် နတ်မျက်စိနှင့်တူသော ငါ၏မျက်စိတို့ကို ရှုကြည့်ကြကုန်

လော၊ ငါ၏မျက်စိတို့ကား နံရံတောတောင်တို့ကို ဖေါက်ထွင်းကျော်လွန်လျက် ထက်ဝန်းကျင် ယူဇနာတရာတိုင်တိုင် မြင်နိုင်ကုန်၏။”

အလှူပေးမှုရဲရင့်ပြ

“ဤလောက၌ သတ္တဝါတို့အား စွန့်ကြဲခြင်းထက်လွန်မြတ်သော တစုံတခုသော တရားမရှိ၊ ထို့ကြောင့်ငါသည် လူ၌ဖြစ်သောမျက်စိကို ပေးလှူ၍ နတ်၌ဖြစ်သော မျက်စိကို ရအပ်ပေပြီ၊ ထိုအကြောင်းကိုမြင်၍ သင်တို့သည် အလှူတို့ကိုပေးလှူကြကုန်၊ ပေးလှူပြီးမှ သုံးဆောင်ကြကုန်၊ အစွမ်းအားလျော်စွာ သုံးဆောင်ပြီးလျှင် မကဲ့ရဲ့သည်ဖြစ်၍ နတ်ပြည်သို့ ရောက်ကြလော့”—

ဟု တရားဟောပြီးလျှင် ထိုနေ့မှစ၍ လခွဲတကြိမ် လူတို့ကိုစုဝေးစေ၍ တရားဟောတော်မူ၏၊ လူတို့လည်း မင်းကြီးအဆုံးအမ၌တည်လျက် ကုသိုလ်ကောင်းမှုကို ပြုကြ၍ သေလွန်သောအခါ နတ်ပြည်သို့ရောက်ကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ သိဝိကဆေးသမားသည်- ယခုအခါ အာနန္ဒာ။

※ သိကြားမင်းသည်- အနုရုဒ္ဓါ။

※ ကြွင်းသောပရိသတ်သည်- ဘုရားပရိသတ်။

※ သိဝိမင်းကြီးသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သူတော်ခပဲ၊ အလှူပွဲ၊ ရောင့်ရဲမရှိပေ။
(၂) ပြင်ပပိုင်နက်၊ လှူရချက်၊ နှစ်သက်မရှိပေ။
(၃) ကိုယ်တွင်းမျက်စိ၊ လှူရဘိ၊ ပီတိရွှန်းရွှန်းဝေ။
(၄) ယူဇနာမြင်သိ၊ နတ်မျက်စိ၊ ရဘိမျက်မှောက်ပေ။

သိဝိဇာတ်ပြီး၏။

၅၀၀-သိရိမန္ဒဇာတ်

[ဤသိရိမန္ဒဇာတ်သည် မဟာဥမင်္ဂဇာတ်၌ ထင်ရှားဖြစ်လတ္တံ့။]

၅၀၁-ရောဟဏမိဂဇာတ်

ပစ္စုပ္ပန်ဝတ္ထု။

အာနန္ဒာကျေးဇူး ဘုရားချီးကျူး

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မြတ်စွာဘုရားကိုသတ်ရန် နာဠာဂိရိဆင်ကိုလွှတ်ရာ၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏အကျိုးငှါ အသက်ကိုစွန့်တော်မူခြင်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ ။[ပစ္စုပ္ပန်ဝတ္ထုသည် အသီတိနိပါတ်၊ စူဠဟံသဇာတ်၌ ထင်ရှားဖြစ်လတ္တံ့။]

အတိတ်ဝတ္ထု။

မိဘအိုကျွေးခြင်း၊ သမင်မင်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် မိဖုရားကြီးကား ခေမာ အမည်ရှိ၏၊

ထိုအခါ ဘုရားအလောင်းသည် ဟိမဝန္တာအရပ်ဝယ် သမင်မျိုး၌ဖြစ်၍ အမည်အားဖြင့် ရောဟဏအမည်ရှိ၏၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏၊ ညီတော်သမင်ကား စိတ္တအမည်ရှိ၏၊ နှမတော်သမင်ကား သုတနာအမည်ရှိ၏၊ ထိုသမင်တို့သည်ဟိမဝန္တာ၌ တောင်နှစ်လုံးကိုလွန်၍ သုံးလုံးမြောက်တောင်ကြားဝယ် ရောဟဏမည်သော ရေအိုင်ကိုမှီ၍ သမင်ရှစ်သောင်း ခြံရံလျက်နေကြကုန်၏၊ရောဟဏသမင်မင်းကား မျက်စိမမြင်သော မိဘအိုတို့ကို လုပ်ကျွေးလျက်နေ၏။

မိဖုရားအိပ်မက်
သမင်မင်းမြင်

ထိုအခါ ဗာရာဏသီပြည် အနီးရှိရွာ၌ နေသော မုဆိုးတယောက်သည် ဟိမဝန္တာတော၌ လှည့်လည်ရာ ရောဟဏသမင်မင်းကိုမြင်ခဲ့၍ မိမိနေရာသို့ပြန်လာသောအခါ သားအား "ချစ်သား.... ဟိမဝန္တာ သုံးလုံးမြောက်တောင်ကြား၌ ရွှေအဆင်းနှင့်တူသောသမင်ရှိသည်၊ မင်းကြီးမေးလျှင် လျှောက်ထားရစ်လော"ဟု မှာကြားပြီးလျှင် နောက်အဘို့၌သေလွန်ခဲ့၏။

ထိုအခါ ခေမာမိဖုရားကြီးသည် တနေ့သ၌ နံနက်အိပ်ရာထဲ၌ (ရွှေသမင်သည်လာ၍ ရွှေအင်းပျဉ်၌ နေကာ သာယာသောအသံဖြင့် တရားဟော၏၊ မိဖုရားကြီးသည် ကောင်းချီးပေးတရားနာ၏၊ တရားဟောမပြီးမီလျှင်ထ၍ သွား၏၊) ဟု အိပ်မက်မြင်မက်လေ၏၊ မိဖုရားကြီးသည် ရွှေသမင်ကိုဖမ်းကြကုန် ဖမ်းကြကုန် ဟု မြည်တမ်းစဉ်လျှင် အိပ်ရာမှနိုးလေ၏။

တရားနာလို၍ မိဖုရားဆန္ဒ

အိပ်ရာမှထသောအခါမိဖုရားကြီးသည် ငါကားမင်းကြီးအား အိပ်မက်မြင်မက်သည် ဟု လျှောက်ထားလျှင် ဂရုမစိုက်ရှာ၍ပေးမည်မဟုတ်၊ ချင်ခြင်းဖြစ်သည်ဟု လျှောက်ထားရလျှင် ဂရုစိုက်ကာ မရရအောင်ရှာ၍ပေးလတ္တံ့ ဟု ကြံစည်လျက် ဖျားနာဟန်ပြု၍အိပ်၏၊မင်းကြီးသည် မိဖုရားကြီးထံ လာလတ်၍ "အရှင်မိဖုရား.... ဘယ်ရောဂါဖြစ်သနည်း" ဟု မေး၏၊ "အရှင်မင်းကြီး.... တပါးသောရောဂါမဖြစ်ပါ၊ချင်ခြင်းဖြစ်ပါသည်"ဟုပြော၏၊"အဘယ်ကိုအလိုရှိသနည်း" ဟုမေး၏၊ "ရွှေသမင်၏တရားကို နာခြင်းငှါအလိုရှိပါသည်" ဟု ပြော၏၊ "အရှင်မိဖုရား.... မရှိသောဝတ္ထုကိုတောင့်တဘိသည်၊ ရွှေသမင်သည်မရှိ" ဟု ပြောလေ၏၊ "အရှင်မင်းကြီး.... အကယ်၍မရပါမူ အိပ်ရာ၌ ပင်သေရလတ္တံ့" ဟု ပြော၏၊ "အရှင်မိဖုရား အကယ်၍ ရှိပါမူ မုချရလတ္တံ့ မစိုးရိမ်လင့်" ဟုပြောဆိုကာ သက်သာရာရစေ၏။

မင်းစေခိုင်းချက် သမင်ဖမ်းထွက်

မင်းကြီးသည် ရွှေသမင် ရှိ-မရှိ ပုဏ္ဏားတို့ကို မေးရာ ရှိကြောင်းလျှောက်ကြလျှင် မုဆိုးတို့ကို စည်းဝေးစေ၍မေးပြန်၏၊ မုဆိုးသားသည် ရွှေသမင်ရှိသည်အဖြစ်ကို အဘထံမှကြားဘူးကြောင်း လျှောက်ထား၏၊ ထိုအခါ မင်းကြီးသည် ထိုမုဆိုးသားအား"အမောင်သွားချေ ရွှေသမင်ကိုရလာသောအခါ များစွာသော ပူဇော် သက္ကာရကို ငါပေးမည်"ဟုပြောဆိုကာ ရိက္ခာပေး၍လွှတ်လိုက်၏၊ မုဆိုးသားသည် "အရှင်မင်းကြီး.... အကယ်၍ ရွှေသမင်ကိုမဆောင်

နိုင်အံ့၊ အရေတို့ကိုဆောင်ယူခဲ့ပါမည်၊ အကယ်၍အရေတို့ကို မဆောင်နိုင်အံ့၊ အမွေးတို့ကိုလည်း ဆောင်ယူခဲ့ပါမည်” ဟု ဝန်ခံ၍ အိမ်သို့ပြန်ပြီးလျှင် သားမယားတို့ကို ဥစ္စာပေး၍ ဟိမဝန္တာသို့သွားလေ၏။

မှုဆိုးထောင်သည့် ကျော့ကွင်းမိ

ဟိမဝန္တာသို့ရောက်၍ရွှေသမင်ကိုမြင်ရလျှင် မည်သည့်နေရာ၌ ကျော့ကွင်းထောင်၍ဘမ်းရမည်နည်း ဟု စုံစမ်းရာ ရေသောက်ဆိပ်၌ နေရာကောင်းကိုမြင်၍ မြဲမြံသောသားရေကျော့ကွင်းဖြင့်ထောင်ထားလေ၏၊ တဘန်မိုးသောက်ထနေ့၌ ရွှေသမင်မင်းသည် သမင်ရှစ်သောင်းခြံရံလျက် ကျက်စားရာအရပ်၌ အစာကိုစားပြီးလျှင် ပကတိသွားနေကျရေဆိပ်သို့ အမှတ်မဲ့ရေသောက်ရန် ဆင်းသွားလေ၏၊ ထိုအခါ သမင်မင်းကိုသားရေကျော့ကွင်းမိလေ၏၊ သမင်မင်းသိလျှင် ငါအကယ်၍မြည်ငြားအံ့၊ ငါ့ဆွေမျိုးတို့ကြောက်လန့်သဖြင့် ရေမသောက်ရဘဲရှိကြအံ့ဟု အောင့်အီးသည်းခံလျက်နေ၏။

သမင်မင်းအချက်ပေး သမင်ပေါင်းပြေး

သမင်အပေါင်းတို့ ရေသောက်ပြီး၍ ရေမှ တက်ကြသောအခါ ကျော့ကွင်းကိုဖြတ်မည်ဟု ဆွဲငင်၏၊ ပဌမအကြိမ် အရေပြတ်၏၊ ဒုတိယအကြိမ် ဆွဲငင်ပြန်ရာ အသားပြတ်၏၊ တတိယအကြိမ်ဆွဲငင်ပြန်ရာ အကြောပြတ်၍ ကြော့ကွင်းသည် အရိုးသို့ထိလေ၏၊ ထိုအခါ ဆွဲငင်၍ မရတော့မှန်းသိသဖြင့် ကျော့ကွင်းမိသော မြည်သံဖြင့် ပြင်းစွာမြည်လေ၏၊ သမင်တို့သည် သမင်မင်းမြည်သံကို ကြားကြလျှင် သေဘေးမှကြောက်သဖြင့် သုံးစုကွဲကာ ပြေးကြကုန်၏။

စိတ္တသမင်သည် သုံးစုံကွဲသောသမင်တို့၌ နောင်တော်သမင်မင်းကိုမမြင်လျှင် နောင်တော်၌ ဘေးဖြစ်ကြောင်းကို သိ၍ နောင်တော်ထံသွားလေ၏၊ နောင်တော် ရောဟဏသမင်မင်းသည် စိတ္တသမင်လာသည်ကိုမြင်လျှင်—

"ညီတော်စိတ္တ···· သမင် အပေါင်းတို့သည် သေဘေးမှ ကြောက်သဖြင့် ပြေးကြကုန်၏၊ သင်လည်း ပြေးပါလော့၊ ဤအရပ်၌ နေခြင်းကိုအလိုမရှိလင့်၊ သမင် အပေါင်းသည် သင်နှင့် အတူအသက်မွေးကြရကုန်လတ့်"—

ဟု အကျိုးအကြောင်းကို ပြောဆိုကာ ညီတော်ကိုနှင်လေ၏။

ညီပါတဖန်အမိခံ

ထိုနောက် ညီတော် နောင်တော်တို့သည် အချင်းချင်း စကား ပြောဆိုကြကုန်၏။

"နောင်တော် ရောဟဏ···· အကျွန်ုပ်သည် မသွားပါအံ့၊ စိတ်နှလုံးသည် စိုးရိမ်ခြင်းဖြင့် ဆွဲငင်လျက်ရှိပါ၏၊ နောင်တော်ကိုမစွန့်ပါ၊ ဤအရပ်၌ အသက်ကိုစွန့်ပါအံ့။"

"ညီတော်····ဆောင်ယူသူမရှိ လုပ်ကျွေးသူမရှိသော မျက်မမြင် မိဘအိုတို့သည် စင်စစ် သေကြရကုန်လတ့်၊ ထိုကြောင့် သင်သွားပါ၊ နေခြင်းကိုအလိုမရှိပါလင့်၊ သင်နှင့်အတူ မိဘအိုတို့ အသက်မွေးရကုန်လတ့်။"

နောင်တော်.... အကျွန်ုပ်မသွားပါ၊ စိတ်နှလုံး
သည် စိုးရိမ်ခြင်းဖြင့် ဆွဲငင်လျက်ရှိပါ၏၊ အကျွန်ုပ်
သည် ကျော့ကွင်းမိနေသော နောင်တော်ကို မစွန့်
ပါအံ့၊ ဤအရပ်၌ပင် အသက်ကိုစွန့်ပါအံ့"-

ဟု ဤသို့စကားပြောဆိုကာ ညီတော်သည် နောင်တော် သမင်မင်း၏ လက်ျာနံပါး၌မှီ၍ ရပ်၏။ နှမတော် သုတနာ သမင်မလည်း နောင်တော်ကို မမြင်လျှင် နောင်တော်၌ ဘေးဖြစ်ကြောင်းကိုသိ၍ ပြန်၍ပြေးလာ၏။

နှမလှဲနည်းတူ မောင်ကိုကူ

ထိုအခါ နောင်တော် ရောဟဏသည် နှမတော်လာသည်ကိုမြင်လျှင်-

"ကြောက်တတ်သော နှမတော်.... သင်နှမ
တော်သည် သွားပါလော၊ ပြေးပါလော၊ ငါ့မှာ
သံတိုင်ကဲ့သို့မြဲမြံ၍ စဉ်းလဲသော ကျော့ကွင်း၌ မိ၍
နေ၏၊ သင်နှမသည် လျင်စွာပြေးလော့၊နေခြင်းကို
အလိုမရှိလင့်၊ သမင်အပေါင်းသည် သင်နှင့်အတူ
အသက်မွေးရကုန်လတ့်"-

ဟု နှမတော်ကိုလည်း နှင်ပြန်၏၊ ထိုနောက် နောင်တော် နှမတော်တို့သည် အချင်းချင်း စကားပြောဆိုကြကုန်၏။

"မောင်တော်.... အကျွန်ုပ်သည် မသွားပါအံ့၊
စိတ်နှလုံးသည် စိုးရိမ်ခြင်းဖြင့် ဆွဲငင်လျက်ရှိပါ၏၊
နောင်တော်ကိုမစွန့်ပါ၊ ဤအရပ်၌ အသက်ကိုစွန့်
ပါအံ့"-

ဟု စသည်ဖြင့် ညီတော်နှင့်အတူ ပြောဆိုကာ နောင်တော်၏လက်ဝဲနံပါးကိုမှီလျက်ရပ်၏။

ကြောက်ရွံ့မပြေး မှုဆိုးဘေး

မုဆိုးလည်း ပြေးသော သမင်တို့ကို မြင်လျက် ကျော့ကွင်းမိသောမြည်သံကို လည်းကြားလျှင် သမင်မင်းကို မိသည် ဖြစ်လိမ့်မည်ဟု မြိမြိစွာ ခါးတောင်းကျိုက်ပြီးလျှင် လှံမကို ကိုင်လျက်လာ၏၊ ရောဟဏသမင်မင်းမြင်လျှင် ညီတော် နှမတော်တို့အား—

"ညီတော် နှမတော်တို့.... ကြမ်းကြုတ်သော မုဆိုးသည် လက်နက်ကိုစွဲကိုင်ကာလာချေပြီ၊ မုဆိုးသည်ယခုအခါ ငါတို့အား မြှားဖြင့်ဝင်း လှံမဖြင့်ဝင်း သတ်လတံ့"—

ဟုပြောကြားလေ၏၊ မုဆိုးကိုမြင်သော်လည်း ညီတော် စိတ္တကား မပြေးလေ၊ နှမတော်သုတနာမူကား ကိုယ် အဖြစ်၌ မတည်နိုင်ဘဲ သေဘေးမှ ကြောက်ရွံ့လှသဖြင့် အတန်ငယ်ပြေးပြီးလျှင် ငါ့နောင်တော်တို့ကိုစွန့်၍ ဘယ် အရပ်သို့ ပြေးရမည်နည်းကြံစည်ကာ နဖူး၌ သေစာကို ရွက်၍ အသက်ကိုစွန့်တော့မည်ဟု တဘန် ပြန်လာကာ နောင်တော်၏လက်ဝဲနံပါးမှာပင်ရပ်ပြန်၏။

ရွှေသမင်ကိုမြင် မုဆိုးဆင်ခြင်

မုဆိုးသည် လာ၍ ရွှေသမင်သုံးကောင် တို့ကိုမြင်လျှင် မေတ္တာစိတ်ကို ဖြစ်စေ၍ သမင်မင်းကား ကျော့ကွင်းဖြင့် ဖွဲ့မိ၏၊ ဤနှစ်ကောင်တို့ကား ဟိရိဩတ္တပ္ပဖြင့်ဖွဲ့မိကုန်၏၊ ရွှေသမင် မင်းကို အဘယ်ကြောင့် စွန့်၍မပြေးကုန်သနည်း ကြံစည် ပြီးလျှင်—

"ရွှေသမင်မင်း…. ဤသမင်တို့သည် သင်နှင့်
အဘယ်သို့ တော်စပ်ကုန်သနည်း၊ ကျော့ကွင်းမှ
လွတ်ကုန်လျက် ကပ်၍နေကုန်၏၊ အသက်၏ အ
ကြောင်းကြောင့်လည်း ရွှေသမင်မင်းကို စွန့်ခြင်းငှါ
အလိုမရှိကုန်"—

ဟု ရှေးဦးစွာ မေးမြန်းလေ၏၊ ရွှေသမင်မင်းသည်
မုဆိုးအား—

"အဆွေမုဆိုး…. ဤသမင်တို့ကား တဝမ်း
တည်းအောင်း၍ အမိတူဖြစ်ကုန်သော ညီတော်
နှမတော်တို့တည်း၊ အသက်၏ အကြောင်းကြောင့်
လည်း ငါ့ကိုစွန့်ခြင်းငှါအလိုမရှိကြကုန်"—

ဟု ပြောကြားလေ၏၊ ထိုအခါ မုဆိုးသည် သမင်မင်း၏
စကားကိုကြားလျှင် အတိုင်းထက်အလွန် နူးညံ့သောစိတ်
ရှိလေ၏။

မုဆိုးရှေ့၌
တောင်းပန်ပြ

ထိုအကြောင်းကို စိတ္တသမင်း သိလျှင်
မုဆိုးအား "အဆွေမုဆိုး…. ဤသမင်
မင်းကား သာမန်သမင်ဟု မအောက်
မေ့ပါလင့်၊ သမင်ရှစ်သောင်းတို့မင်းတည်း၊ ပညာကြီး၏၊
အကျင့်သီလနှင့်ပြည့်စုံ၏၊ နူးညံ့သောစိတ်ရှိ၏၊ မျက်မမြင်
မိဘသမင်အိုတို့ကို လုပ်ကျွေး၍နေ၏"ဟု ဂုဏ်ကျေးဇူးကို
ပြောဆိုပြီးလျှင်—

"အဆွေမုဆိုး…. လုပ်ကျွေးသူမရှိသော မျက်
မမြင် မိဘသမင်အိုတို့သည် စင်စစ် သေကြရကုန်

လတ့ံ၊ ငါတို့ငါးယောက်တို့၏ အသက်ကို ပေးပါလော့၊ နောင်တော်ကိုလွှတ်ပါလော့”—
ဟု တောင်းပန်လေ၏။

ကျော့ကွင်းဖြေကာ ကြည်ညိုစွာ

မုဆိုးသည် ညီတော်၏ တရားစကားကို ကြားရလျှင် ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍—
“အရှင်သမင်မင်း…. အကျွန်ုပ်သည် မိဘကို လုပ်ကျွေးသော သမင်မင်းကိုလွှတ်ပါအံ့၊လွှတ်လိုက်သော မြတ်သော ရွှေသမင်မင်းကိုမြင်၍ မိဘတို့သည် နှစ်သက်ဝမ်းသာစေကုန်သတည်း”—
ဟု ပြောကြားပြီးလျှင် မုဆိုးသည် မင်းပေးသော စည်းစိမ်ဖြင့် အသို့ပြုရအံ့နည်း၊ အကယ်၍ ငါသည် ဤရွှေသမင်မင်းကိုသတ်ငြားအံ့၊မြေသော်လည်းမျိုရာ၏၊ဦးခေါင်းပေါ်၌ မိုးကြိုးသော်လည်းကျရာ၏၊ ရွှေသမင်မင်းကို လွှတ်မည်ဟု ကြံ၍ သမင်မင်းသို့ကပ်ပြီးလျှင် လှံတံကိုချ၍ သားရေလွှန်ကို ဖြတ်လျက် လည်ဘက်ကာရေ၏အဆုံး၌ အိပ်စေ၍ နူးညံ့စွာကျော့ကွင်းကိုဖြေပြီးလျှင် ရေဖြင့်ဆေး၍ အရေအသား အကြောတို့ကို တဘန် ဆက်စပ်မိအောင် မေတ္တာဖြင့် အဘန်ဘန်သုံးသပ်၏၊ မုဆိုး၏မေတ္တာပါရမီ၏အာနုဘော်ကြောင့်၎င်း သမင်မင်း၏မေတ္တာပါရမီ အာနုဘော်ကြောင့်၎င်း အနာကင်းပျောက်ကာ ပကတိအတိုင်း ဖြစ်လေ၏၊ ထိုအခါ သမင်မင်းသည် ချမ်းသာစွာနေ၏။

ညီဝမ်းမြောက်စွာ အနုမောဒနာ

စိတ္တသမင်သည် နောင်တော်ကို မြင်ရလျှင် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မုဆိုးအား—

"အဆွေမုဆိုး.... ငါသည် ယခုကျော့ကွင်းမှ လွတ်သော ရွှေသမင်မင်းကို မြင်ရ၍ ဝမ်းမြောက်သော စိတ်ရှိသကဲ့သို့၊ ထို့အတူ သင်မုဆိုးသည် အလုံးစုံသော ဆွေမျိုးတို့နှင့်တကွ နှစ်သက်ဝမ်းမြောက်သော စိတ်ရှိပါစေ"–

ဟု ဆုတောင်း အနုမောဒနာပြုလေ၏။

သမင်ဖမ်းရေး မုဆိုးမေး

ထိုနောက် သမင်မင်းသည် မုဆိုးအား "အဆွေမုဆိုး.... ငါ့ကိုဖမ်းခြင်းသည် မိမိအမှုကိစ္စရှိ၍ ဖမ်းသလော၊ သို့မဟုတ် သူတပါးတို့စေခိုင်း၍ ဖမ်းသလော"ဟု မေး၏၊ "အရှင်.... အကျွန်ုပ်အား အမှုကိစ္စမရှိ၊ မင်းကြီး၏ခေမာမိဖုရားကြီးသည် အရှင်တို့တရားစကားကို ကြားနာလိုသည်ဟု ချင်ခြင်းဖြစ်သဖြင့် မင်းကြီးကစေခိုင်း၍ ဖမ်းရပါသည်"ဟု ပြော၏၊ "အဆွေ.... မင်းကြီးအကျိုး၄ါဖမ်းပါလျက် ငါ့ကိုလွှတ်ခြင်းသည် အလွန်ပြုနိုင်ခဲသောအမှုကို သင်ပြုပေ၏၊ လာပါ၊ ငါ့ကိုမင်းကြီးထံဆောင်ယူ၍ ပြပါလော့၊ မိဖုရားကြီးကို ငါတရားဟောမည်"ဟု ပြောကြားလေ၏၊ "အရှင်.... မင်းတို့မည်သည် ကြမ်းကြုတ်လှ၏၊ အဘယ်သို့ပြုမည်ကို အဘယ်သူသိနိုင်အံ့နည်း၊ မင်းပေးသောစည်းစိမ်ဖြင့် အလိုမရှိ၊ သမင်မင်းသာ အလိုရှိရာ ချမ်းသာရာသို့ကြွပါလော"ဟု ပြောဆိုလေ၏။

တရားခဟာကြား လက်ဆောင်ပါး

ထိုအခါ သမင်မင်းသည် မုဆိုးအား စည်းစိမ်ကိုရအောင် ငါပြုလုပ်မည်ကြံလျက် "အဆွေမုဆိုး.... ငါ၏ကျော

ကိုသုံးသပ်လော”ဟု ပြော၏၊ မူဆိုးသည် သုံးသပ်သည်ရှိသော် လက်၌အမွေးတို့သည် ပြည့်ကုန်၏၊ “အရှင်…. အမွေးတို့ဖြင့် အသို့ပြုရအံ့နည်း”ဟု မေး၏၊ “အဆွေမူဆိုး….ဤအမွေးတို့ကို မင်းကြီးနှင့် မိဖုရားကြီးတို့အားပြ၍ ရွှေသမင်၏အမွေးတို့ဖြစ်ကြောင်းပြောပြီးလျှင် ငါ့ကိုယ်စားပြု၍ (ဓမ္မဋ္ဌရ မဟာရာဇ) စသော ဆယ်ဂါထာတို့ဖြင့် တရားဟောလေဟု မှာထားကာလွှတ်လိုက်၏၊ မူဆိုးလည်း သမင်မင်းကို ဆရာအရာ၌ထားလျက် လက်ျာရစ်သုံးပတ်လှည့်၍ ရှိခိုးပြီးလျှင် အမွေးတို့ကို ပဒုမာကြာရွက်ဖြင့်ထုတ်ယူကာ ပြန်လေ၏။

သားကိုမြင်မှ ဝမ်းသာလှ

သမင်မောင်နှမ သုံးယောက်တို့လည်း အစာနှင့်ရေကိုယူ၍ မိဘတို့ထံပြန်ကြကုန်၏၊ ထိုအခါ မိဘအိုတို့သည် ရောဟဏအား–

“ချစ်သားရောဟဏ…. သင်၏ အသက်သည် သေခြင်း၏အနီးသို့ ရောက်ပြီးလျှင် အဘယ်ကဲ့သို့လွတ်မြောက်လာသနည်း၊ မူဆိုးသည် စဉ်းလဲသော ကျော့ကွင်းမှ အဘယ်သို့ လွှတ်လိုက်သနည်း”–

ဟု ဝမ်းမြောက်ဝမ်းသာ မေးမြန်းကြကုန်၏၊ ထိုအခါ ရောဟဏသမင်မင်းသည် မိဘတို့အား–

“အို-မိခင်ဘခင်တို့·· ညီတော်စိတ္တနှင့် နှမတော်သုတနာတို့သည် နားချမ်းသာသောစကား, စိတ်နှလုံးသို့ဝင်သောစကား, စိတ်နှလုံးကိုမှီသောစကား

တို့ကို ကောင်းစွာ ပြောဆိုကြသောကြောင့် မှူးဆိုး
သည် အကျွန်ုပ်ကိုလွှတ်လိုက်ပါ၏''-

ဟု လွှတ်လိုက်သောအကြောင်းကို ပြောကြားလေ၏။

သားကိုလွှတ်မှု ဆုတောင်းပြု

မိဘအိုတို့သည် မှူးဆိုးအား မေတ္တာတရား ဆုတောင်းလိုသဖြင့်-

''ငါတို့သည် ယခုပြန်လာသော သားတော်
ရောဟဏ သမင်မင်းကိုမြင်ရ၍ နှစ်သက်ဝမ်း
မြောက်ကုန်သကဲ့သို့၊ ထိုအတူ မှူးဆိုးသည်လည်း
သား မယားတို့နှင့်တကွ နှစ်သက် ဝမ်းမြောက်
ပါစေ''-

ဟု ဆုတောင်းအနုမောဒနာ ပြုလိုက်ကြကုန်၏။

ထိုနောက် မှူးဆိုးသည်လည်း တောမှ ထွက်၍သွားရာ
မင်းကြီးထံသို့ရောက်လျှင် ရှိခိုး၍နေ၏။

သမင်မိရေး မင်းကြီးမေး

မင်းကြီးသည် မှူးဆိုးပြန်လာသည်ကိုမြင်
လျှင် မှူးဆိုးအား မေးလိုသဖြင့်-

''အို-မှူးဆိုး····သမင်မင်းကိုဆောင်ခဲ့မည်၊ မရ
လျှင် သမင်ရေကိုဆောင်ခဲ့မည်၊ မရလျှင် သမင်
မွေးကိုသော်လည်း ဆောင်ခဲ့မည်ဟု သင်ပြောပါ
လျက် ယခုအခါ အဘယ့်ကြောင့် မဆောင်ခဲ့သ
နည်း''-

ဟု မေးလေ၏။ မှူးဆိုးသည် မင်းကြီး၏စကားကိုကြား
လျှင် မင်းကြီးအား-

"မြတ်သောမင်းကြီး.... စဉ်းလဲသော ကျော့ကွင်းကို ထောင်၍ထားရာ ရွှေသမင်မင်းကိုမိပါ၏၊ ထိုသမင်မင်းကို မမိသောသမင်နှစ်ကောင်တို့သည် အနီး၌ကပ်၍ ရပ်ကြကုန်၏။"

"အကျွန်ုပ်သည် ရွှေသမင်မင်းကို အကယ်၍ သတ်လျှင် ယနေ့ပင်သေရလတံ့ဟု ထိပ်လန့်ပါ၏၊ မဖြစ်ဘူးမြဲ ကြက်သီးမွေးညှင်းထခြင်းလည်း ဖြစ်ခဲ့ပါ၏"—

ဟု ဖြစ်ခဲ့သောအကြောင်းအရာတို့ကို လျှောက်ထား၏။

သမင်တို့သဘောကို မင်းလျှောက်ဆို

ထိုအခါ မင်းကြီးသည် မုဆိုးအား သမင်တို့၏ သဘောကို မေးလိုပြန်သဖြင့်—

"အမောင်မုဆိုး.... ထိုသမင်တို့သည် အဘယ်သို့ သဘောရှိကုန်သနည်း၊ အဘယ်သို့တရားစောင့်ကုန်သနည်း၊ အဘယ်သို့ အဆင်းရှိကုန်သနည်း၊ အဘယ်သို့ အကျင့်သီလရှိကုန်သနည်း၊ သင်ကား ထိုသမင်တို့ကို အလွန်ချီးမွမ်းဘိ၏"—

ဟု သမင်တို့အကြောင်းကိုမေးလေ၏။ ထိုအခါ မုဆိုးသည်—

"မြတ်သောမင်းကြီး.... ထိုရွှေသမင်တို့သည် ဖြူသောဦးချို,စာမရီမြီးကဲ့သို့ စင်ကြယ်သောအမြီး, ရွှေအဆင်းနှင့်တူသောအရေ, ခြင်းခြင်းနီသောခွါ

ငါးပါးသောကြည့်ခြင်းနှင့်ပြည့်စုံသော မျက်စိရှိကြသဖြင့် အလွန်ချစ်နှစ်သက်ဘွယ် ရှိပါကုန်၏”—

ဟု သမင်တို့အကြောင်းကိုလျှောက်ထားပြီးလျှင် အမွေးတို့ကို မင်းကြီးလက်၌ထား၍—

“မြတ်သောမင်းကြီး···· ထို ရွှေသမင်တို့သည် ဤသို့ သဘောရှိကုန်၏၊ ဤသို့ တရားစောင့်ကုန်၏၊ မိခင်ဘခင်တို့ကို လုပ်ကျွေးကုန်၏၊ ထို့ကြောင့် ထိုရွှေသမင်တို့ကို မဆောင်ယူသိုက်ပါ”—

ဟု ရွှေသမင် မောင်နှမသုံးဦးတို့၏ ဂုဏ်ကျေးဇူးတို့ကို လျှောက်ထားပြန်၍ “မြတ်သောမင်းကြီး···· ထိုရွှေသမင်မင်းသည် မိမိအမွေးကိုပြ၍ မင်းတို့ကျင့်အပ်သောတရားကို မိမိကိုယ်စား ဟောပါ”ဟု မှာထားလိုက်ကြောင်း လျှောက်ပြန်၏။

မူဆိုးယူဆောင်
တရားလက်ဆောင်

ထိုအခါမင်းကြီးသည် မိဖုရားကြီးအား တရားဟောပါဟု တိုက်တွန်း၏၊ မုဆိုးလည်း မြတ်သောပလ္လင်၌နေလျက်—

“မြတ်သောမင်းကြီး···· အမိအဘတို့၌ ကျင့်ဝတ်တရားငါးပါးကို ကျင့်တော်မူလော့”

“သားမယားတို့၌ ကျင့်ဝတ်တရား ငါးပါးကို ကျင့်တော်မူလော့”

“အဆွေခင်ပွန်းတို့၌ ကျင့်ဝတ်တရား ငါးပါးကို ကျင့်တော်မူလော့”

“ဆင်ယဉ် မြင်းယဉ် စစ်သည်ဗိုလ်ပါတို့၌ ကျင့်ဝတ်တရား ငါးပါးကို ကျင့်တော်မူလော့”

"ရွာနီဂုံးတို့၌ ကျင့်ဝတ်တရားငါးပါးကို ကျင့်တော်မူလော့"

"တိုင်းကား ဇနပုဒ်တို့၌ ကျင့်ဝတ်တရားငါးပါးကို ကျင့်တော်မူလော့"

ရဟန်းပုဏ္ဏားတို့၌ ပစ္စည်းလေးပါးလှူခြင်းဟူသော ကျင့်ဝတ်တရားကိုကျင့်တော်မူလော့"–

"သားငှက်တို့၌ ဘေးမဲ့ပေးခြင်းဟူသော ကျင့်ဝတ်တရားကိုကျင့်တော်မူလော့"

"မြတ်သောမင်းကြီး.... တရားကို ကျင့်တော်မူလော့၊ ကောင်းစွာ ကျင့်အပ်သော တရားသည် လူ့နတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရွက်ဆောင်၏၊ မင်းကြီးသည် ဤလူ့ပြည်၌ တရားကို ကျင့်၍နတ်ပြည်သို့သွားရလတ့်"

"မြတ်သောမင်းကြီး.... တရားကို ကျင့်တော်မူလော့၊ ဗြဟ္မာ၊သိကြား၊နတ်အများသည် တရားကျင့်သဖြင့် နတ်ပြည်သို့ ရောက်ရကုန်၏၊ မင်းကြီးလည်း မင်းကျင့်တရားဆယ်ပါးကို မမေ့မလျော့ပါလင့်"–

ဟုမူဆိုးသည် ရှေးသမင်မင်းပေးသော နည်းအတိုင်း တရားဟောလေ၏။ ။[အထက်ပါတရားတို့ကား တေသကုဏဇာတ်၌လည်း ပါပြီ။] လူအများလည်း ကောင်းချီးပေးကြကုန်၏၊ မိဖုရားကြီးလည်း တရားတော်ကို ကြားနာရလျှင် ချင်ခြင်းငြိမ်းလေ၏။

စည်းစိမ်ဆုလာဘ်
မင်းပေးအပ်

မင်းကြီးလည်း မူဆိုးအား အလွန်နှစ်သက်တော်မူသဖြင့်–

"အဆွေမှုဆိုး…. သင့်အား အဘိုးများစွာ ထိုက်တန်သော ပတ္တမြား နားဒေါင်း ကိုဂင်း, ခေါင်းအုံးလေးလုံးရှိ၍ အောက်မဲညိုပွင့် အဆင်း နှင့်တူသောပလ္လင်ကိုဂင်း, ရွှေစင်နိက္ခတရာကိုဂင်း ငါပေးပါ၏"။

"အဆင်း စည်းစိမ်ဥစ္စာ တူမျှသော မယား နှစ်ယောက်တို့ကိုဂင်း, နွားလားဥသဘနှင့် တကွ နို့ညှစ်နွားမတရာကိုဂင်း ငါပေး၏"။

"အဆွေမှုဆိုး…. လယ်လုပ်ခြင်း, ကုန်သွယ် ခြင်း, ကြွေးမြီ ချပေးခြင်းစသော ကောင်းမြတ် သော အသက်မွေးခြင်းဖြင့် သားမယားကို လုပ် ကျွေးပါလော့၊တဘန်မကောင်းမှုကိုမပြုပါလင့်"- ဟု ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာကို ပေးပြီးလျှင် ကောင်းသော အသက်မွေးခြင်းဖြင့် အသက်မွေးရန်ညွှန် ကြားလေ၏၊ မိမိလည်း တရားနှင့်အညီ မင်းပြုမည်ဟုဝန်ခံ စကားပြောကြားလေ၏။

မှုဆိုးသံဝေ ရဟန်းပြုလေ

မှုဆိုးလည်း အိမ်ရာ ထောင်ခြင်း၌ အပြစ်ကိုမြင်၍ ရဟန်းပြုတော့မည်ဟု ကြံစည်ကာ မင်းကြီးထံ ရဟန်းပြုရန် ခွင့်ပန်ပြီးလျှင် မင်းကြီးချီးမြှောက်သော စည်းစိမ်ဥစ္စာတို့ ကို သားမယားတို့အား ပေးခဲ့၍ ဟိမဝန္တာသို့ ဝင်ကာ ရသေ့ရဟန်းပြု၍ဈာန်အဘိညာဉ်တို့ကိုဖြစ်စေပြီးလျှင်ဗြဟ္မာ့ ပြည်သို့ လား၏၊ မင်းကြီးလည်း ရွှေသမင်မင်း၏ အဆုံးအမ၌တည်၍ သေလွန်သောအခါနတ်ပြည်သို့ လား

ရ၏။ [ရွှေသမင်မင်း၏ အဆုံးအမ သြဝါဒသည် အနှစ်တထောင်ပတ်လုံးတည်လေ၏။]

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမူဆိုးသည်-ယခုအခါ ဆန္နအမတ်။
※ မင်းကြီးသည်-သာရိပုတ္တရာ။
※ ခေမာမိဖုရားကြီးသည်-ခေမာဘိက္ခုနီမ။
※ မယ်တော်ခမည်းတော်တို့သည်- မြတ်သောသာကီဝင်မင်းမျိုး။
※ သုတနာသည်-ဥပ္ပလဝဏ်။
※ စိတ္တသည်-အာနန္ဒာ။
※ ရောဟဏသမင်မင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

နှလုံးပုံ

(၁) ဘုရားတွက်တာ၊ အာနန္ဒာ၊ စွန့်ရှာအသက်ကို။
(၂) ကျေးဇူးရှင်အား၊ ဘေးဖြစ်ငြား၊ စွန့်ထားအသက်ကို။
(၃) သူတော်အားလုံး၊ ကျင့်လက်သုံး၊ ထုံးဟောင်းမလေ့ကို။

ရောဟဏမိဂဇာတ်ပြီး၏။

၁၀၂-ရုဋ္ဌဟံသဇာတ်

ပစ္စုပ္ပန်ဝတ္ထု။

ဘုရားကျိုးငါ အသက်စွန့်ရာ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ညီတော် အာနန္ဒာသည် မြတ်စွာဘုရားအကျိုးငါ အသက်ကိုစွန့်ခြင်းကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

ဟံသာမင်းမြတ် ချင်ခြင်းတင်

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗဟုပုတ္တကမင်း မင်းပြုသည်ရှိသော် ထိုမင်း၏ မိဖုရားကြီး ကား ခေမာအမည်ရှိ၏၊ ထိုအခါ ဘုရားအလောင်းသည် ရွှေဟံသာမျိုး၌ဖြစ်၍ ကိုးသောင်းခြောက်ထောင်သောဟံသာ အပေါင်းခြံရံကာ စိတ္တကုဋ်တောင်၌နေ၏။

ထိုအခါ တနေ့သ၌ ခေမာမိဖုရားကြီးသည် ရွှေဟံသာမင်း၏တရားကို နာကြားရသည်ဟု အိပ်မက် မြင်မက်ပြီးလျှင် မင်းကြီးအားအိပ်မက်မြင်မက်ကြောင်းကို မလျှောက်ထားဘဲ ရွှေဟံသာမင်း၏တရားကို နာလိုသောချင်ခြင်း ဖြစ်သည်ဟု လျှောက်ထားလေ၏။

ဟံသာဖမ်းရေး မင်းမိန့်ပေး

မင်းကြီးလည်း ရွှေဟံသာမင်း မည်သည့် နေရာ၌ရှိသနည်းဟု အမတ်တို့ကို မေးရာ စိတ္တကုဋ်တောင်၌ ရှိကြောင်းကို လျှောက်ထားကြလျှင် ခေမာမည်သောအိုင်ကြီးကို ပြုစေ

၍ ဟသ်ာတို့အစာဖြစ်သော စပါးမျိုးတို့ကို စိုက်ပျိုးစေပြီးလျှင် လေးထောင့်တို့၌ ဘေးမဲ့ပေးကြောင်း ကြွေးကြော်ခြင်းကို နေ့တိုင်းပြုစေ၏၊ မုဆိုးတယောက်ကိုလည်း ဟသ်ာတို့ကိုဖမ်းစိမ့်သောငှါတိုက်တွန်း၍ထား၏။

မုဆိုးလည်း မင်းကြီး တိုက်တွန်းထားသော အတိုင်း ကျော့ကွင်းထောင်၍ဖမ်းရာ ရွှေဟသ်ာမင်းကို မိလေ၏၊ ထိုအခါ ဟသ်ာအပေါင်းတို့သည် သေဘေးမှ ကြောက်သဖြင့်ပျံကြကုန်၏။

ဟသ်ာဘုရင်ခြိုရ်နှင်

သုမုခ စစ်သူကြီးသည် ဟသ်ာမင်းကို မမြင်လတ်သော် ဟသ်ာမင်းထံပြန်ခဲ့၏၊ ဟသ်ာမင်းသည် သုမုခကိုမြင်လျှင် စုံ· စမ်းမည်ဟုကြံစည်လျက်—

"အမောင်သုမုခ···· ကောက်သောလည်ပင်းရှိသော ဟသ်ာတို့သည် သေဘေးမှ ကြောက်သောကြောင့်ပျံကြကုန်ပြီ၊ သင်လည်းပျံပါလော"—

"အမောင်သုမုခ···· တကောင်ထည်း ကျော့ကွင်းမိနေသောငါ့ကို ဆွေမျိုးတို့သည် စွန့်ပစ်၍ ငဲ့ကွက်ခြင်းမရှိဘဲ သွားကြကုန်၏၊ အဘယ့်ကြောင့် သင်တကောင်တည်းချန်ရစ်သနည်း"။

"အမောင်သုမုခ···· သင်ပျံလိုရာအရပ်သို့ ပျံပါလော့၊ ကျော့ကွင်းမိသောသူ၌ အဆွေခင်ပွန်းမရှိ ချမ်းသာခြင်းမှ မဆုတ်ယုတ်စေလင့်၊ သင်ပျံလိုရာ အရပ်သို့ပျံပါလော့"—

ဟု ပြောကြားလေ၏။

သဘောဝင်ပွဲ
တူမခွဲ

ထိုအခါ သုမုခစစ်သူကြီးသည် ညွှန်အပြင်၌နေ၍—

"ဓတရဋ္ဌ ဟံသာမျိုးဖြစ်သော အရှင်မင်းကြီး.... ဤသို့ဆင်းရဲနှိပ်စက်ကာမျှဖြင့် အရှင်မင်းကြီးကို အကျွန်ုပ်မစွန့်ပါ၊ အကျွန်ုပ်၏အသက်ရှင်ခြင်း သေခြင်းမှာရှင်မင်းကြီးအတူဖြစ်လတ့်"— ဟု ရဲရင့်သောစကားကိုဆိုလေ၏၊ ထိုနောက်ဟံသာမင်းသည် သုမုခစစ်သူကြီးအား—

"အမောင်သုမုခ.... သင်သည်အရှင်မင်းကြီးကို အကျွန်ုပ် မစွန့်ပါ ဟု ဆိုသောစကားသည် အရိယာသူတော်ကောင်းတို့၏ မြတ်သော စကားတည်း၊ ငါလည်းသင့်ကို စုံစမ်းလို၍ သင်အလိုရှိရာ အရပ်ပျံပါလော့" ဟု ဆိုမိ၏။

ဤသို့လျှင် ဟံသာခင်းနှင့် သုမုခစစ်သူကြီးတို့ပြောဟောစဉ်လျှင် မုဆိုးသည် လှံတံကိုယူ၍ လျင်စွာလာလတ်၏။

သခါနီးလျှင်
ဘေးမမြင်

ထိုအခါ သုမုခစစ်သူကြီးသည် မုဆိုးထံသွား၍ ရှိခသော အခြင်းအရာကိုပြပြီးလျှင် ဟံသာမင်း၏ဂုဏ်ကျေးဇူးတို့ကိုပြောကြား၏၊ မုဆိုးသည်လည်း နူးညံ့သောစိတ်ဖြစ်လေ၏၊ သုမုခသည်တဘန်ဟံသာမင်းကို နှစ်သိမ့်စေလျက် အနီး၌တည်၏၊ မုဆိုးလည်းဟံသာမင်းသို့ကပ်၍—

"အို-ဟင်္သာမင်း…. ကောင်းကင်၌ ကျက်စားသော သင်ဟင်္သာမင်းကဲ့သို့သော ငှက်မည်သည် ကောင်းကင်၌ ခြေပြု၍သွားဘိ၏၊ သင်ဟင်္သာမင်းသည် အဝေးမှကျော့ကွင်းကို မသိသလော"။

"အဆွေမုဆိုး…. သတ္တဝါသည် ပျက်စီးခြင်းသို့ရောက်လိုသောအခါ၌အသက်ကုန်ခြင်းသို့ရောက်လတ်သော် ပိုက်ကွန်အနီး, ကျော့ကွင်းအနီးသို့ရောက်သော်လည်းမသိပါ"–

ဟု ပြောဆိုလေ၏။

ထွက်၍မပြေး သုမုခမေး

မုဆိုးသည် ဟင်္သာမင်း၏တရားစကားကို အလွန်နှစ်သက်၍ တဖန်သုမုခအား–

"အို-သုမုခစစ်သူကြီး…. ကောက်သောလည်ပင်းရှိသော ဟင်္သာတို့သည် သေဘေးမှကြောက်သောကြောင့်ပျံကြကုန်ပြီ၊ သင်တကောင်ထည်းသာ ချန်ရစ်ခဲ့၏။ ထိုရွှေဟင်္သာ တို့သည် စားသောက်ကုန်၍ ငဲ့ကွက်ခြင်းမရှိကြဘဲ ပျံကြကုန်၏၊ သင်တကောင်ထည်းသာကပ်ဘိ၏"။

"အို-သုမုခစစ်သူကြီး…. ဤဟင်္သာမင်းကား သင်နှင့်အဘယ်သို့ စပ်တော်သနည်း၊ လွတ်သော သင်သည်ကျော့ကွင်းမိရာသို့ကပ်ဘိ၏၊ ငှက်တို့သည် စွန့်၍သွားကြကုန်၏၊ သင်တကောင်ထည်းသာ အဘယ့်ကြောင့်ချန်ရစ်ဘိသနည်း"–

ဟု မစွန့်ခြင်းအကြောင်းကိုမေးလေ၏၊ သုမုခသည် မူဆိုးအား—

"အဆွေမူဆိုး.... ဤဟင်္သာကား ငါ၏မင်းတည်း၊ ငါ၏အသက်နှင့်တူသော အဆွေခင်ပွန်းတည်း၊သေခြင်းဆုံးသည့်တိုင်အောင် ဤဟင်္သာမင်းကို ငါမစွန့်ပါ"—

ဟု မစွန့်ခြင်းအကြောင်းကို ပြောကြားခဲလေ၏။

ဟင်္သာမင်းဂုဏ်ကို လွန်ကြည်ညို

ထိုစကားကိုကြားလျှင် မူဆိုးသည်အလွန်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ အကယ်၍ငါသည် ဤသို့သီလနှင့်ပြည့်စုံသော ဟင်္သာမင်းကိုဖြစ်မှားမိအံ့၊ ငါ့အားမြေမှုလည်းမျိုရာ၏၊ မင်းကြီးထံမှရသော ပစ္စည်းဥစ္စာဖြင့်အဘယ်အကျိုးရှိအံ့နည်း ယခုပင်လွှတ်အံ့ ဟု ကြံစည်လျက်—

အို-သုမုခစစ်သူကြီး....သင်သည်အဆွေခင်ပွန်း၏ အကြောင်းကြောင့် အသက်ကိုပင် စွန့်လို၏၊ ငါသည်သင့်အဆွေခင်ပွန်းကို လွှတ်ပါအံ့၊ရွှေဟင်္သာမင်းသည် သင်၏အလိုသို့ လိုက်ပါစေသတည်း—

ဟု ပြောဆိုပြီးလျှင် မူဆိုးသည် ရွှေဟင်္သာမင်းကို ကျော့ကွင်းမှလွှတ်၏၊ ရွှေဟင်္သာမင်း၏ပါရမီအာနုဘော်ကြောင့် ကျော့ကွင်းမိရာအနာသည် ခဏခြင်းလျှင်ပျောက်ကင်းလေ၏။

ဟင်္သာဖမ်းရေး မူဆိုးကိုမေး

ထိုအခါ သုမုခသည် ဟင်္သာမင်းကိုမြင်လျှင်၊ နှစ်သက်သောစိတ်ရှိသည်ဖြစ်၍

"အဆွေမှုဆိုး.... ကျော့ကွင်းမှ လွတ်သော
ဟသ်ာမင်းကိုမြင်ရ၍ နှစ်သက်ဝမ်းမြောက်သကဲ့သို့
ထို့အတူ အဆွေမှုဆိုးလည်း အလုံးစုံသောဆွေ
မျိုးတို့နှင့်တကွ နှစ်သက်ဝမ်းမြောက်ပါစေ"—

ဟု ဝမ်းမြောက် ဝမ်းသာ ချီးကျူး အနုမောဒနာ ပြုလေ၏။

မှုဆိုးသည် အရှင်ကြွတော်မူလော့၊ အဆွေအဘယ်သို့နည်း၊ ငါ့ကို အဆွေအတွက် ဖမ်းသလော၊ သို့မဟုတ်၊ သူတပါးခိုင်း၍ ဖမ်းသလော၊ "အရှင်.... အကျွန်ုပ် အတွက် မဟုတ်ပါ၊ မင်းကြီး ခိုင်း၍ ဖမ်းရ ပါသည်၊" "အဆွေ...ငါ့ကိုမင်းကြီးထံပို့ပါလော့၊" "အရှင်...မင်းတို့မည်သည် အလွန်ကြမ်းကြုတ်ကုန်၏၊ အဘယ်သို့ ဖြစ်မည် မပြောနိုင်ပါ၊" "အဆွေ....ငါတို့သည် သင်ကဲ့သို့ ကြမ်းကြုတ်သော မှုဆိုးကို နူးညံ့စေနိုင်သေးသည်၊ မင်းကြီးနှစ်သက်ဘို့ ငါ့တာဝန်ဖြစ်သည်၊ ပို့သာပို့ပါဟုပြောလေ၏။

မင်းကြီးမေးသမျှ ဖြေကြားဆုံးမ

ထိုအခါ မှုဆိုးသည် ရွှေဟသ်ာနှစ်ကောင်ကို မင်းကြီးထံပို့လေ၏၊ မင်းကြီးလည်း အလွန်နှစ်သက်သည် ဖြစ်၍ ရွှေအင်းပျဉ်၌နေစေပြီးလျှင် ပျားပေါက်ပေါက်တို့ကို ကျွေးမွေးပြုစု၍ တရားဟောရန် လက်အုပ်ချီ၍ တောင်းပန်၏။ ရွှေဟသ်ာမင်းလည်း မင်းကြီးနှင့် စကားတုံ့လှယ်ပြောဆိုပြီးလျှင် တရားဟောလေ၏။

"မြတ်သောမင်းကြီး.... အသို့နည်း-အရှင်မင်း
ကြီးအား အပြစ်ကင်းပါ၏လော၊ အနာကင်းပါ

၏လော၊ တိုင်းပြည် သာယာ ဝပြောပါ၏လော၊ တရားနှင့်အညီမင်းပြုပါ၏လော”–

“ရွှေဟင်္သာမင်း….ငါ့အား အပြစ်ကင်းပါ၏၊ အနာကင်းပါ၏၊ တိုင်းပြည်လည်း သာယာဝပြော ပါ၏၊တရားနှင့်အညီလည်းမင်းပြုပါ၏”။

“မြတ်သော မင်းကြီး…. အသို့နည်း- အရှင် မင်းကြီးအား အမတ်တို့၌ အနည်းငယ်သောအပြစ် ဒေါသမရှိပါသလော၊ အသို့နည်း-တောင်အရပ်သို့ ရှေးရှုလျက် အရိပ်သည်မပွားသကဲ့သို့ ရန်သူမချစ် မနှစ်သက်သူတို့သည် မပွားဘဲရှိပါကုန်သလော”။

“ရွှေဟင်္သာမင်း….ငါ့အား-အမတ်တို့၌အနည်း ငယ်သော အပြစ်ဒေါသမရှိပါ၊ တောင်အရပ်သို့ ရှေးရှုလျက် အရိပ်မပွားသကဲ့သို့ ရန်သူ မချစ်မနှစ် သက်သူတို့ မပွားပါကုန်”။

“မြတ်သောမင်းကြီး‥အသို့နည်း-အနွယ်ဇာတ် အမျိုးတူဖြစ်ကုန်သော မယားတို့သည် လင့်အလို သို့လိုက်ပါကုန်၏လော၊ ချစ်ဘွယ်သော စကားကို ဆိုကြပါကုန်၏လော၊ သားသမီးအခြံအရံနှင့် ပြည့် စုံကုန်၏လော”။

“ရွှေဟင်္သာမင်း….ငါ၏ အနွယ်ဇာတ် အမျိုး တူဖြစ်ကုန်သော မယားတို့သည် လင့်အလိုသို့ လိုက် ကြပါကုန်၏၊ ချစ်ဘွယ်စကားကို ဆိုကြပါကုန်၏၊ သားသမီးအခြံအရံနှင့်ပြည့်စုံပါကုန်၏”။

"မြတ်သောမင်းကြီး.... အသို့နည်း- အရှင်မင်းကြီးအား ကောင်းစွာမွေးဘွားအပ်ကုန်သော သားတို့သည် များပါကုန်၏လော၊ လျင်သော ပညာနှင့်ပြည့်စုံပါကုန်၏လော၊ အမှုကိစ္စတို့၌ ဝမ်းမြောက်ဝမ်းသာ ဆောင်ရွက်ကြပါကုန်၏လော"။

"ရွှေဟင်္သာမင်း....ငါ၏ ကောင်းစွာမွေးဘွားအပ်ကုန်သော သားတို့သည် တရာ့တယောက်ရှိပါကုန်၏၊ သားများဘဟူ၍ ကျော်စောထင်ရှားပါ၏၊ သင်ဟင်္သာမင်းသည် ထိုသားတို့အား ပြုဘွယ်ကိစ္စကိုပြောကြားပါလော့၊ ထိုသားတို့သည် ဟင်္သာမင်း၏စကားကို မဆန့်ကျင်ကုန်လတ့်"။

ထို့နောက် ဟင်္သာမင်းသည် မင်းသားတို့အား—

"မြတ်သောမင်းကြီး....အကယ်၍ အမျိုးဇာတ်အကျင့်နှင့် ပြည့်စုံပါသော်လည်း နောက်အိုမင်းသောအခါမှ လုံ့လဝီရိယကို ပြုသောသူသည် ပြုဘွယ်ကိစ္စနှင့် ဘေးရန်တို့ဖြစ်လတ်သော် ဆုတ်နစ်ရ၏"။

"မြတ်သောမင်းကြီး.... ပညာကို မသင်ကြားသောသူအား ကြီးစွာသော ဆုတ်ယုတ်ခြင်းဖြစ်၏၊ ညအခါ အားနည်းသော အရောင်အလင်းသည် ကြီးမားသော အဆင်းတို့ကိုသာ မမြင်ရသကဲ့သို့တည်း"။

အနှစ်သာရမရှိသော အတတ်ပညာ၌ အနှစ်သာရရှိ၏ဟု ယူဆသောသူသည် အတတ်ပညာကို

မရလေ၊ တောင်ချောက်ကြား၌ကျသော သမင်ဆီးဆောက်သည် ထိုတောင်ချောက်ကြား၌ပင် နစ်မြုပ်ရသကဲ့သို့တည်း။

သူယုတ်ပင်ဖြစ်သော်လည်း ထကြွလို့လသမာဓိ အကျင့်သီလနှင့် အကယ်၍ပြည့်စုံငြားအံ့၊ ညအခါမီးသည် ထွန်းပသကဲ့သို့ထွန်းပနိုင်၏။

ဤဆိုအပ်ပြီးသော ညအခါ အားနည်းသော အရောင်အလင်းနှင့် မီးရောင်ကို ဥပမာပြု၍ သားတို့ကို သင်ယူအပ်သော အတတ်ပညာတို့၌ သင်ယူစေပါလော့၊ ပညာရှိသည် မိုယ်းအခါ လယ်မြေကောင်း၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် ပေါက်ပွားသကဲ့သို့ လာဘ်သပ်ပကာ စည်းစိမ်အခြံအရံတို့ဖြင့် ပွားများနိုင်၏။

ဤသို့လျှင် ဟံသာမင်းသည် မင်းမိဖုရားတို့အား ည၌ သုံးယာမ်ပတ်လုံး တရားဟောလေ၏၊ မိဖုရားကြီးလည်း ချင်ခြင်းငြိမ်းလေ၏၊ ဟံသာမင်းသည် အရုဏ်တက်သော အခါ မင်းကြီးနှင့် မိဖုရားကြီးတို့ကို သီလ၌ တည်စေ၍ အပ္ပမာဒတရားဖြင့် ဆုံးမပြီးလျှင် သုမုခစစ်သူကြီးနှင့်အတူ နန်းတော် လေသွန်တံခါးမှထွက်ကာ စိတ္တကုဋ်တောင်သို့ သွားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါမှုဆိုးသည်-ယခုအခါဆန္နအမတ်။

※ မင်းကြီးသည်-သာရိပုတ္တရာ။

※ ခေမာမိဖုရားကြီးသည်-ခေမာရဟန်းမိန်းမ။

※ ရွှေဟင်္သာမင်း ပရိသတ်သည်- သာကီဝင်မင်း အပေါင်း။

※ သုခုမစစ်သူကြီးသည်-အာနန္ဒာ။

※ ဓတရဋ္ဌဟင်္သာမင်းသည်-ငါဘုရားဖြစ်လာပြီ- ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မျိုးဇာတ်ပြည့်ဝ၊ အိုကာလ၊ လုံ့လပြုသသူ။
(၂) ကိစ္စဘေးရန်၊ ကြုံလာပြန်၊ ကေန်ဆုတ်လိမ့်ဟူ။
(၃) မသင်ပညာ၊ စွန့်လွှတ်ကာ၊ ကြီးစွာဆုတ်လိမ့်ဟူ။
(၄) အားနည်းရောင်လျှင်၊ ညခါတွင်၊ မငြင်ဆင်းအတူ။
(၅) နှစ်မဲ့ပညာ၊ နှစ်ယူရာ၊ ပညာမရဟူ။
(၆) ချောက်ကျသမင်၊ ခရီးတွင်၊ အလျင်နစ်မြုပ်တူ။
(၇) လုံ့လသမာဓိ၊ သီလရှိ၊ ထွန်းဘိညမီးတူ။
(၈) ပညာသင်ကြား၊ မျိုးကောင်းသား၊ ကြီးပွားလိမ့်မည်ဟူ။
(၉) မိုဃ်းအခါကြိုက်၊လယ်ကောင်း၌၊စိုက်သည့်မျိုးစေ့တူ။

ရုဋ္ဌဟံသဇာတ်ပြီး၏။

၅၀၃-သတ္တိဂုမ္ဗဇာတ်

ပဉ္စာသနိပါတ်

ကျောက်မောင်းဆင်လတ် ဘုရားကိုသတ်

နတ်လူတို့ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် မဒ္ဒကုစ္ဆိလိုဏ် ၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်

သည် ဂိဇ္ဈကုဋ်တောင်စောင်းမှ ကျောက်လုံးကို လိမ့်၍ချလတ်သော် မြတ်စွာဘုရား၏ ခြေတော်၌ ကျောက်ချပ်ထိခိုက်မိသဖြင့် ပြင်းစွာသောဒုက္ခဝေဒနာဖြစ်တော်မူ၏။

မြတ်စွာဘုရားကို ဖူးမြင်ရန် စုဝေးကြသော ရဟန်းတို့ကိုမြင်လျှင် မြတ်စွာဘုရားသည် ဤကျောင်းကားကျဉ်းမြောင်းလှသည်၊ ပရိသတ်လည်းများလိမ့်မည်၊ သို့အတွက် ငါဘုရားကို ညောင်စောင်း ထမ်းစဉ်ဖြင့် မဒ္ဒကုစ္ဆိလိုဏ်သို့ ဆောင်ယူကြကုန်ဟု မိန့်တော်မူ၏၊ ရဟန်းတို့လည်း မြတ်စွာဘုရား အမိန့်တော်အတိုင်း ပြုကြကုန်၏၊ ဆရာဇီဝကလည်း မြတ်စွာဘုရား၏ခြေတော်ကိုချမ်းသာအောင် ဆေးကုသလေ၏။

ရဟန်းတို့သည် မြတ်စွာဘုရား အထံတော်၌ နေကုန်လျက် "ငါ့ရှင်တို့....ဒေဝဒတ်ကား မိမိလည်းယုတ်မာ၏၊ ပရိသတ်လည်း ယုတ်မာ၏ဟု စကားစပ်မိ၍ ပြောဆိုကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့....ဒေဝဒတ်ကား ယခုအခါ၌သာ မိမိလည်းယုတ်မာ,ပရိသတ်လည်း ယုတ်မာသည်မဟုတ်၊ ရှေးအခါ၌လည်း မိမိလည်းယုတ်မာ, ပရိသတ်လည်းယုတ်မာခဲ့ဘူးပြီ"ဟု မိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

ကျေးသိုက်ပျက်ဆဲ ညီနောင်ကွဲ

လွန်လေပြီးသောအခါ ဥတ္တရ ပဉ္စာလမြို့ဝယ် ပဉ္စာလမင်း မင်းပြုသည်ရှိသော် ဘုရား အလောင်းသည် တောကြီး၌ တောင်ဖုမ်းတခုရှိ လက်ပံတောဝယ် ကျေးမင်း၏သား

ဖြစ်လေ၏၊ ညီတကောင်လည်းရှိ၏၊ တောင်၏ လေညာအရပ်၌ သူခိုးငါးရာတို့နေရာရွာတခုရှိ၏၊ တောင်၏လေကြေအရပ်၌ကား ရသေ့ငါးရာတို့နေရာ သင်္ခမ်း ကျောင်းတို့သည်ရှိကုန်၏။

ကျေးသားငယ် နှစ်ကောင်တို့ အတောင်ပေါက်စအခါဝယ် ပြင်းစွာတိုက်သောလေဗွေသည် ဆောင်ယူသွားရာ ကျေးသားငယ် တကောင်သည် သူခိုးတို့ရွာ လက်နက်တို့အလယ်၌ ကျသောကြောင့် သူခိုးတို့သည် သတ္တိဂုမ္ဗ ဟု အမည် မှည့်ကြကုန်၏၊ ကျေးသားငယ် တကောင်သည် ရသေ့တို့ကျောင်း သဲပြင်ဝယ် ပန်းတို့အလယ်၌ ကျသောကြောင့် ရသေ့တို့သည် ပုပ္ဖက ဟု အမည်မှည့်ကြကုန်၏၊ သတ္တိဂုမ္ဗကျေးသားသည် သူခိုးတို့အလယ်၌ ကြီးပြင်းရ၏၊ ပုပ္ဖကကျေးသားကား ရသေ့တို့အလယ်၌ကြီးပြင်းရ၏။

မင်းကြီးတာဘက် သမင်ထွက်

တနေ့သ၌ မင်းကြီးသည် အလုံးစုံသော တန်ဆာ တို့ဖြင့် တန်ဆာ ဆင်လျက် ရထားစီးကာ များစွာသော အခြံအရံနှင့်တကွ သမင်တို့ကိုသတ်ရန် မြို့၏မနီးမဝေးဖြစ်သော တောသို့သွားလေ၏၊ တောသို့ရောက်လျှင် မင်းကြီးသည် သမင်ဖမ်းရန် တာဝေ၍ထား၏၊ သမင်ထွက်သွားသော တာစောင့်သည် ဘဏ္ဍာစားလျော်ရမည်ဟု အမိန့်ပေးပြီးလျှင် ပုန်းကွယ်ရာခြုံတခု၌ လေးမြှားကိုတင်ကာ အသင့်စောင့်လျက်နေ၏။

လူတို့လည်း တုတ်လှံကန်တို့ဖြင့် ခြုံတို့ကိုတခဲနက် ပုတ်ခတ်ကုန်၏၊ဇေီသားတကောင်သည် ပုတ်ခတ်သံကိုကြား၍

ထကာ ပြေးသွားရာ ခရီးကိုကြည့်လတ်သော် မင်းကြီး တည်ရာတာသည်သာ ဆိတ်ညံသည်ကိုမြင်၍ ထိုအရပ်မှ ထွက်၍ပြေးလေ၏၊ ထိုအခါ မူးမတ် ဗိုလ်ပါတို့သည် မင်းကြီးနေရာမှ ထွက်မှန်းသိကြလျှင် မင်းကြီးကြွားလောက်အောင်(ရွှေသမင်ဘယ်ကထွက်၊ မင်းကြီးတာကထွက်)ဟု ဆိုကာပြက်ရယ်ပြုကြကုန်၏။

သမင်မမှီလိုက်
မောပန်းဟိုက်

မင်းကြီးလည်း ပြက်ရယ်ပြုသံကို ကြားလျှင် ရှက်၍မင်းဟူသောမာနဖြင့် ဇကိသားကို ငါအရလိုက်မည်ဟု ရထားစီး၍ ဇကိသားသွားရာသို့ အတင်းလိုက်လေ၏၊ မူးမတ်ဗိုလ်ပါတို့လည်း မမှီနိုင်သဖြင့် ကျန်ရစ်ခဲ့ကြကုန်၏၊ မင်းကြီးလည်း ရထားထိန်းနှင့်တကွ သွားသည်ရှိသော် မွန်းတည့်သော်လည်း ဇကိသားကိုမမြင်၍ ပြန်လတ်သော် သူခိုးတို့ရွာအနီး တောင်ချောက်ကြားတွင် ရထားကို ရပ်၍ အပန်းဖြေရန် အိပ်လေ၏၊ ရထားထိန်းလည်း မင်းကြီး၏ခြေတို့ကို ဆုပ်နယ်လျက်နေ၏၊ မင်းကြီးသည် ပျော်ချည်, နိုးချည်ဖြစ်၍နေ၏။

ကြမ်းကြုတ်နှစ်မြို့က်
ကျေးသားမိုက်

ရွာ၌နေသောသူခိုးတို့သည် မင်းကြီးကို စောင့်ရှောက်ရန် တောသို့ ဝင်ကုန်၏၊ ရွာတွင် သတ္တိဂုမ္ဗကျေးသားနှင့် ထမင်းချက်သော ပတိကောလုမ္ဗ ဥနှစ်ဦးသာ ကျန်ရစ်ခဲ့၏၊ ထိုအခါ သတ္တိဂုမ္ဗကျေးသားသည် ရွာမှထွက်၍ မင်းကြီးအိပ်နေသည်ကိုမြင်လျှင် ပတိကောလုမ္ဗအား—

"အို-ပတိကောလုမ္ဗ… ပြည့်စုံသော မြင်းရထား, ပြေပြစ်သော နားခြောင်း, နီမြန်းသော နဖူးသင်း ကျစ်ရှိ၍ နုပျိုလှသောမင်းကြီးသည် နေမင်းထွန်း သကဲ့သို့ တင့်တယ်လှ၏၊ နေမွန်းတည့်သောအခါ ၌ မင်းကြီးနှင့် ရထားထိန်းတို့သည် အိပ်ပျော်ကြ ကုန်၏၊ ယခုအခါ ငါတို့သည် မင်းကြီး၏အလုံးစုံ သောတန်ဆာကို အနိုင်အထက်လုယက်၍ ယူကြ ကုန်အံ့။

ယခုအခါ ညသန်းခေါင်ကဲ့သို့ ဆိတ်ညံလှ၏၊ ရထားထိန်းနှင့်မင်းတို့လည်း အိပ်ပျော်ကြကုန်ပြီ၊ အဝတ်တန်ဆာ ပတ္တမြား နားခြောင်းတို့ကိုယူပြီး လျှင် နှစ်ယောက်လုံးကိုသတ်၍ သစ်ခက်တို့ဖြင့် ဖုံး ဘိကုန်အံ့"—

ဟု ကြမ်းကြုတ်သော စကားတို့ကိုဆို၍ ရွာပြင်သို့လျှင် စွာထွက်၍ကြည့်လိုက် ပတိကောလုမ္ဗထမင်းချက်ထံ သွား လိုက်လုပ်၍နေ၏။

ကျေးနှင့်ခိုးသား တိုင်ပင်ခြား

ထိုအခါ ပတိကောလုမ္ဗသည် ကျေး သား၏ စကားကိုကြား၍ ရွာမှထွက်၍ ကြည့်လတ်သော် မင်း၏အဖြစ်ကိုသိ၍—

"ဟယ်- သတ္တိဂုမ္ဗ…. သင်ကား သူရူးကဲ့သို့ ဘာတွေကိုပြောဆိုဘိသနည်း၊ စင်စစ် မင်းတို့ကို ချဉ်းကပ်ခြင်းငှါ ခဲယဉ်းကုန်၏၊ ပြောင်ပြောင် တောက်သောမီးကဲ့သို့ တန်ခိုးဖြင့် တောက်ပ၏"—

ဟု ပြောဆိုလေ၏။ ထိုအခါ ကျေးသားသည် မခံချင် သဖြင့် ပတိကောလုမ္ဗအား—

"အို- ပတိကောလုမ္ဗ···· သင်ကား သေအရက် မူးလျက် စကားကြီးပြောကာ အသတ်မရှိသော ငါ့အမိ၌ကြိုးဝါးသည်မဟုတ်လော၊ အဘယ့်ကြောင့် ခိုးမှုကို စက်ဆုပ်ကြောက်ရွံ့ဘိသနည်း"–
ဟု ကြိမ်းမောင်းပြောဆိုပြန်၏။

ခိုးသားနှိုးဆော်
ကျေးသားအော်

ထိုအခါ မင်းကြီးသည် အိပ်ရာမှနိုး၍ သတ္တိဂုမ္ဗကျေးသားနှင့် ပတိကောလုမ္ဗတို့ အချင်းချင်း ပြောဆိုကြိမ်းမောင်းကြသော စကားတို့ကိုကြားလျှင် ဤအရပ်ကား ဘေးရန်ရှိ၏ဟု ကြံစည်လျက်–

"အချင်းရထားထိန်း····ယခုအမြန်ထလော့၊ ရထားကိုကခလော့၊ ကျေးငှက်ပြောသောစကားကို ငါသည်မနှစ်သက်၊ အခြားရသေ့ကျောင်းသို့ သွားကုန်အံ့"–

ဟု ရထားထိန်းကိုနှိုးကာ ရထားကိုက၍ အမြန် တဘက်ရှိရသေ့ကျောင်းသို့သွားကုန်၏၊ သတ္တိဂုမ္ဗကျေးသားသည် လျင်မြန်စွာ မောင်းနှင်သွားသော ရထားကိုမြင်ပြန်လျှင်–

"အချင်းတို့···· ရသေ့ကျောင်း၌ အလုပ်အကျွေးဖြစ်ကုန်သော သူခိုးတို့သည် ဘယ်အရပ်သို့ သွားကြကုန်သနည်း၊ ဤပဉ္စာလမင်းသည်သွားချေပြီ၊ သူခိုးတို့ မမြင်သောကြောင့် လွတ်ရလေပြီတကား"။

"အို-သူခိုးတို့…. ဤပဋ္ဌာလမင်းသည် သွား လေပြီ၊ သင်တို့အသက်ရှင်စဉ် ပဋ္ဌာလမင်းကိုမ လွှတ်ကြကုန်လင့်၊ လေး မြှား ထား လှံ ခက်ရင်း တို့ကိုကိုင်၍ ထိုမင်းကိုဖမ်းကြကုန်လော့"–

ဟု အဆောတလျင် မြည်တမ်းကာ ဟိုဟိုသည်သည် ပြေးသွားစဉ်လျှင် မင်းကြီးလည်း ရသေ့တို့ ကျောင်းသို့ ရောက်လေ၏။

သူတော်နှင့်ပေါင်း လိမ်မာကြောင်း

ထိုအခိုက် ရသေ့တို့လည်း သစ်သီးရှာ သွားကြကုန်၏၊ ပုပ္ဖက ကျေးသားတကောင်သာ ကျောင်း၌ ကျန်ရစ်ခဲ့၏၊ ထိုကျေးသားသည် မင်းကြီးကိုမြင်လျှင်–

"အရှင်မင်းကြီး…. အရှင်မင်းကြီး ကြွလာတော်မူခြင်းကား ကောင်းသောကြွလာခြင်းတည်း၊ အပြစ်ကင်းသော ကြွလာခြင်းတည်း၊ ဤအရပ်သို့ ကြွလာတော်မူသော အရှင်မင်းကြီးသည် အလိုတော်ရှိရာကို မိန့်ကြားတော်မူပါ။

တည်သီး, လွှန်သီး, သစ်မည်စည်သီး, သရက်ဖြူသီး, သခွါးသီးစသည်တို့ရှိကုန်၏၊ ယင်ပျားအရသာနှင့်တူကုန်၏၊ ချိုနိုးရာရာကို စားတော်မူပါ၊ တောင်ချောက်ကြားမှခတ်ထားသော ဤရေလည်း အေးလှ၏၊ အရှင်မင်းကြီးသည် အလိုတော်ရှိလျှင် ရေအိုးစဉ်မှယူ၍ သုံးဆောင်တော်မူပါ။

P.85 ပုဖွကကျေးသားသည် အရှင်မင်းကြီး…ကြွတော်မူပါ၊ သစ်သီးသုံးဆောင်တော်မူပါဟု ယဉ်ကျေးစွာပြောဆိုနေပုံ

ဤကျောင်း၌ ရသေ့တို့သည် သစ်သီးရှာသွား ကြပါကုန်၏၊ အကျွန်ုပ်အား ဆောင်ယူပေးရန် လက်မရှိပါ၊ ကိုယ်တော်တိုင်ထ၍ ယူတော်မူပါ”—

ဟု သာယာချေငံသောစကားကို ပြောကြားကာ ဘိတ်မန်တကပြုလေ၏။

သူတော်ရိပ်ခမ်း လွှန်အေးချမ်း

မင်းကြီးသည် ပုပ္ဖကကျေးသား၏စကား ကိုကြားရလျှင် နားဝင်ချိုလျက် ကြည်ညိုလှသဖြင့် ကြမ်းကြုတ်သော သတ္တိဂုမ္ဗကျေးသားကို သတိရကာ—

“အချင်းရထားထိန်း.... ဤကျေးသားကား လောကွတ်ကျေသဖြင့် ကောင်းပေစွတကား၊အလွန်တရားစောင့်ပေစွတကား၊ အခြားတွေ့ခဲ့သောကျေး သားကား-ဤမင်းကိုသတ်ကြ၊ နှောင်ဖွဲ့ကြ၊အသက်ရှင်စဉ် မလွှတ်စေလင့်”—

ဟု ဤသို့မြည်တမ်းစဉ်လျှင် အေးချမ်းသော ရသေ့ကျောင်းသို့ ရောက်ခဲ့ရ၏ဟု ကျေးသား နှစ်ကောင်တို့အကြောင်းကို ပြောကြားလေ၏။

သူမြတ်တို့မွေး လူယဉ်ကျေး

မင်း ကြီး ပြော ကြား သော စကားကို ပုပ္ဖကကျေးသားကြား၍ လျှောက်ထားလိုသဖြင့်—

“မြတ်သောမင်းကြီး.... အကျွန်ုပ်ကား အစ်ကိုဖြစ်ပါ၏၊ ထိုကျေးသားကား ညီဖြစ်ပါ၏၊ အမိဝမ်း၌ အတူအောင်းကြပါ၏၊ သစ်တပင်တည်း၌ အတူကြီးကြကုန်၏၊ နောက်အခါ အကျွန်ုပ်တို့နှစ်

ကောင်မှာ အရပ်တခြားစီရောက်၍ နေကြကုန်၏၊ သတ္တိဂုမ္ဗ ကျေးသားသည် သူခိုးတို့ထံ၌ ကြီးရ၏၊ အကျွန်ုပ်ကား ဤရသေ့တို့ထံ၌ကြီးရ၏၊ သတ္တိဂုမ္ဗသည် သူယုတ်တို့ထံသို့ရောက်ရ၏၊ အကျွန်ုပ်ကား သူတော်ကောင်းတို့ထံသို့ ရောက်ရ၏၊ ထို့ကြောင့် အကျွန်ုပ်တို့မှာ အကျင့်အမူ ကွဲပြားကြကုန်၏"။

"မြတ်သောမင်းကြီး....သတ္တိဂုမ္ဗသည် သူခိုးတို့ ရွာ၌ သတ်ဖြတ်ခြင်း နှောင်ဖွဲ့ခြင်းအတုပြု၍ လိမ်ခြင်း,အဖြောင့်လိမ်ခြင်း,ရွာကိုဖျက်၍ လုယက်ခြင်း, အိမ်ကိုတက်၍ အနိုင်အထက်လုယက်ခြင်းစသော မကောင်းသော အကျင့်အမူအရာတို့ကို သင်ရပါ၏။

အကျွန်ုပ်ကား ဤရသေ့တို့ကျောင်း၌ သစ္စာတရား, သူစရိုက်တရား,မညှဉ်းဆဲခြင်း, စောင့်စည်းခြင်း, ဝှန္ဓေကို ဆုံးမခြင်းတရားစသော ကောင်းသောအကျင့်အမူအရာတို့ကို သင်ရပါ၏၊ ရသေ့တို့ ရင်ခွင်၌ကြီးရ၏"။

"မြတ်သောမင်းကြီး.... သူတော်ကောင်း, သူယုတ်မာ, သီလရှိသူ, သီလမရှိသူတို့ကို မှိဝဲဆည်းကပ်သူတို့သည် မှိဝဲဆည်းကပ်ခံရသူတို့ အလိုသို့ လိုက်တတ်ကုန်၏၊ အဆွေခင်ပွန်းဖွဲ့သောသူ, မှိဝဲဆည်းကပ်သောသူ, အတူတကွ ပေါင်းသင်းသော သူတို့လည်း အဆွေခင်ပွန်းအဖွဲ့ခံရသူ, မှိဝဲဆည်းကပ်ခံရသူ, အပေါင်းအသင်းခံရသူတို့နှင့်သာ တူကုန်၏"။

"မြတ်သောမင်းကြီး.... မကောင်းမှုလိမ်းကျံနေသော ဆရာသည်၎င်း, အဆွေခင်ပွန်းသည်၎င်း မိမိထံဆည်းကပ်လာသူ တပည့်ကို၎င်း, အဆွေခင်ပွန်းကို၎င်း မကောင်းမှုလိမ်းကျံစေ၏၊ အဆိပ်လိမ်းကျံသောမြားသည် မြားတောင့်ကို အဆိပ်လိမ်းကျံစေသကဲ့သို့တည်း"။

"မြတ်သောမင်းကြီး.... ငါးပုပ်ကိုသမန်းမြက်နှင့်ထုပ်ရာ သမန်းမြက်လည်း အပုပ်နံ့နံသကဲ့သို့ ထို့အတူ သူမိုက်နှင့်ပေါင်းဘော်ရာ ပေါင်းဘော်သူလည်းသူမိုက်ဖြစ်လာရ၏၊မွှေးသောတောင်ဇလပ်ပန်းကို ပေါက်ဖက်ဖြင့်ထုပ်ရာ ပေါက်ဖက်လည်း အမွှေးနံ့နံသကဲ့သို့ ထို့အတူ သူလိမ္မာနှင့်ပေါင်းဘော်ရာ ပေါင်းဘော်သူလည်း သူလိမ္မာဖြစ်လာရ၏။

ထို့ကြောင့်သူမိုက်သူယုတ်မာတို့ကိုမပေါင်းဘော်မှီဝဲရာ၊ သူလိမ္မာ သူတော်ကောင်း တို့ကိုသာ ပေါင်းဘော် မှီဝဲရာ၏၊ သူမိုက် သူယုတ်မာတို့သည် ငရဲသို့ရောက်စေကုန်၏၊ သူလိမ္မာ သူတော်ကောင်းတို့သည် နတ်ပြည်သို့ရောက်စေကုန်၏"—

ဟု မင်းကြီးအား အကျိုး အကြောင်းပြကာ တရားဟော၏၊ မင်းကြီးလည်း တရားတော်၌ အလွန်ကြည်သို၏၊ ထိုအခါ ရသေ့တို့လည်း ရောက်လာကြကုန်၏၊ ထိုအခါ မင်းကြီးသည် ရသေ့တို့အား "အရှင်ဘုရားတို့....အကျွန်ုပ်အား သနားတော်မူသဖြင့် ပဉ္စာလရာဇ်မြို့တော်သို့ ကြွတော်မူပါကုန်"ဟု လျှောက်ထားကာ ရသေ့တို့ ဝန်ခံခြင်းကို

ယူ၍ မြို့တော်သို့ပြန်လေ၏၊ ရသေ့တို့လည်း ကျေးသားကို ဘေးမဲ့ပေးကာ တော၌ပင်ထားခဲ့၍ ပဥ္စာလရာဇ် မြို့တော်သို့ကြွကုန်၏။

မင်းကြီးလည်း ရသေ့တို့ကို ဥယျာဉ်တော်၌ ထား၍ အသက်ထက်ဆုံး လုပ်ကျွေးလျက် နတ်ပြည်၌ ပြည့်စေ၏၊ ထိုမင်းကြီး၏သားတော်မှစ၍ မင်းခုနစ်ဆက်တို့သည် ရသေ့တို့ကို ကိုးကွယ် လုပ်ကျွေးကြကုန်၏၊ ပုပ္ဖကကျေးသား လည်း တော၌နေ၍လျှင် သေလွန်သောအခါ ကံအား လျော်စွာလားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓိဆက်စပ်တော်မူလျက်–

ရဟန်းတို့….

※ ထိုအခါ သတ္တိဂုမ္ဘ ကျေးသားသည်– ယခုအခါ ဒေဝဒတ်။

※ သူခိုးတို့သည်–ဒေဝဒတ်၏ပရိသတ်။

※ ပဥ္စာလရာဇ်မင်းသည်–အာနန္ဒာ။

※ ရသေ့တို့သည်–ဘုရားပရိသတ်။

※ ပုပ္ဖကကျေးသားသည်–ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိုက်,ယုတ်သူမှာ၊မိုက်,ယုတ်သာ၊ ရှိရာပေါင်းဘော်များ။

(၂) မိုက်,ယုတ်နှင့်ပေါင်း၊ မိုက်, ယုတ်ကြောင်း၊ မနှောင်းဖြစ်တတ်ငြား။

(၃) သူတော်,လိမ်မာ၊ထံ၌မှာ၊လိမ်မာ,သူတော်များ။
(၄) သူတော်,လိမ်မာ၊ပေါင်းသင်းရာ၊ဖြစ်လာနည်းမခြား။
(၅) မိုက်, ယုတ်မပေါင်း၊ သူတော်ကောင်း၊ ပေါင်းအပ်လိမ်မာများ။
(၆) မိုက်, ယုတ်ပေါင်းလျှင်၊ ပါယ်လေးခွင်၊ အလျင်ရောက်စေငြား။
(၇) သူတော်,လိမ်မာ၊ပေါင်းဘော်ရာ၊နတ်ရွာရောက်စေငြား။

သတ္တိဂုမ္ဗဇာတ်ပြီး၏။

၂၀၄။ ဘလ္လာတိယဇာတ်

ပဉ္စုပ္ပန်ဝတ္ထု၊

မင်းနှင့် မိဖုရား ဆုံးမငြား

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်မလ္လိကာ မိဖုရားကြီးသည် ကောသလမင်းကြီးနှင့် အိပ်ရာညောင်စောင်းကိုအမှီပြု၍ အငြင်းအခုံဖြစ်သတတ်၊ ကောသလမင်းကြီးသည် အမျက်ထွက်သည်ဖြစ်၍ မိဖုရားကြီးကို ကြည့်တော်မမူ၊ မလ္လိကာမိဖုရားကြီးသည် ငါ့အပေါ်၌ မင်းကြီး အမျက်ထွက်သည်ကို မြတ်စွာဘုရား မသိယောင်တကား ဟု ကြံစည်လေ၏။

မြတ်စွာ ဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ နက်ဖြန် မိုးသောက်အခါတွင် သံဃာအပေါင်းခြံရံလျက် သာဝတ္ထိမြို့တွင်းသို့ဝင်ကာ ကောသလမင်းကြီး နန်းတော်သို့ ကြွတော်မူ၍၊ ကောသလမင်းကြီးလည်းမွန်မြတ်သောဆွမ်း ခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏၊ မြတ်စွာဘုရားလည်း

ဆွမ်းဘုဉ်းပေးပြီးလျှင် ကောသလမင်းအား "မြတ်သော မင်းကြီး....မလ္လိကာ မိဖုရားကြီး အဘယ်မှာနည်း"ဟု မေး၏၊ "အရှင်ဘုရား.... မိမိစည်းစိမ်ဖြင့် ယစ်နေသော ကြောင့်၊မမြင်ရပါ"ဟုလျှောက်ထားရာ မြတ်သောမင်းကြီး သင်မင်းကြီးသည် ရှေးအခါ ကိန္နရာမျိုး၌ဖြစ်၍ တညဉ့်မျှ ကိန္နရီမနှင့် ကွဲရသည့်အတွက် အနှစ်ခုနစ်ရာတို့ ပတ်လုံး ငိုကြွေးဘူးပြီဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ် ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

သမင်သားနှစ်သက် မင်းကြီးထွက်

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဘလ္လာတိယမင်း မင်းပြုသည်ရှိသော် ထိုမင်းသည် မီးကျီးဖြင့်ကင်အပ်သော သမင်သားကို စားမည်ဟု ကြံစည်ပြီးလျှင် တိုင်းပြည်ကို မှူးမတ်အား အပ်နှင်းခဲ့၍ လက်နက် ငါးပါးကို ကိုင်စွဲလျက် ကောင်းစွာ သင်အပ်ပြီးသော ခွေးအပေါင်းခြံရံလျက် မြို့တော်မှထွက်ပြီးလျှင် ဟိမဝန္တာ သို့ဝင်၍ ဂင်္ဂါမြစ်အကြောသို့သွားရာ ဂင်္ဂါမြစ်သို့စီးဝင်သော မြစ်ငယ်ကိုမြင်လျှင် အစဉ်လျှောက်၍သွားလေ၏။

ကိန္နရာပျော်စဉ် မင်းကြီးမြင်

ရောက်ရာအရပ်၌ သမင်, ဝက် စသည် တို့ကို သတ်၍စားလျက် တဖန် မြင့်ရာ အရပ်သို့ တက်ပြန်လျှင် အနည်းငယ် သော ရေမပြတ်စီးဆင်းလျက် ငါးလိပ် စသည်တို့နှင့်ပြည့်စုံ သော မြစ်ငယ်တခုသို့ရောက်ပြန်၏၊ ထိုမြစ်ငယ်ကား ကမ်း နှစ်ဘက်၌ အသီးအပွင့်နှင့် ပြည့်စုံသော သစ်ပင်တို့သည်

ရောပြွမ်းလျက် သားငှက်အပေါင်းတို့ မှီဝဲနေထိုင်ရာ ဖြစ်၏၊ မြစ်တွင်းဝယ် ဖြူဖွေးသောသဲသောင်ပြင်လည်းရှိ၏၊ ကိန္နရာဖိုမတို့လည်း အချင်းချင်း ဘက်ရမ်းနမ်းရှုတ်ကာ ကစားမြူးထူးကြကုန်၏၊ မြည်တမ်းလျက်ငိုကြွေးကြကုန်၏။

ကိန္နရာပူဆွေး မင်းကြီးမေး

ဘလ္လာတိယ မင်းကြီးသည် မြစ်ငယ်ကမ်းနားဖြင့် ဂန္ဓမာဒနတောင်သို့တက်လတ်သော် ငိုကြွေးသော ကိန္နရာတို့ကို မြင်လျှင် အဘယ်ကြောင့်ငိုကြွေးကြသနည်း၊ ငါမေးမည်ဟုကြံစည်ကာ ခွေးတို့ကိုကြည့်၍ လက်ဖျစ်တီး၏၊ ခွေးတို့လည်း လက်ဖျစ်တီးသံကို ကြားလျှင် ချုံထဲသို့ဝင်ကာ ရင်ဖြင့်ဝပ်ကြကုန်၏၊ ထိုအခါ ဘလ္လာတိယမင်းကြီးသည် လေးတောင့်နှင့် ကြွင်းသောလက်နက်တို့ကို သစ်ပင်ကို မှီ၍ထားပြီးလျှင် ကိန္နရာတို့ထံသို့ ခြေသံကို မကြားစေဘဲ အသာအယာသွားပြီးလျှင် ကိန္နရာမနှင့်စကားပြောလေ၏။

"အချင်းတို့.... ဆောင်းလေးလ အလွန်တွင် ဟိမဝန္တာမြစ်ကမ်း၌ တည်နေသော သင်တို့သည် မပြတ်အဘယ်စကားကို တိုင်ပင်ကြသနည်း၊ သင်တို့အဆင်းကား လူ့၏ကိုယ်အဆင်းနှင့်တူကုန်၏၊သင်တို့ကို လူဟူ၍မှတ်ရမည်လော"။

"အမောင်မုဆိုး.... ငါတို့ကား- မာလာဂိရိမြစ်,ပဏ္ဍုရကမြစ်,တိကူဋမြစ်၊၍သို့အေးချမ်းသောရေရှိသောမြစ်တို့ကို လှည့်လည်ပါကုန်၏၊ ငါတို့ကား လူမဟုတ်ကြပါ၊လူအဆင်းနှင့်တူသော သားမျိုးကိန္နရာတို့ဖြစ်ပါ၏"။

“အိုု-ကိန္နရာတို့…. သင်တို့ကား အလွန်ဆင်းရဲသော သဘော ရှိသည်ဖြစ်၍ ငိုကြွေးကြကုန်၏၊ မယားကိန္နရီမသည် လင်ကိန္နရာဖိုကို လည်ဘက်ဘိ၏၊ သင်တို့သည် ဤတော၌ မရောင့်ရဲနိုင်ကြဘဲ အဘယ်ကြောင့် ငိုကြွေးကြကုန်သနည်း၊ အဘယ်ကြောင့် မြည်တမ်းကြကုန်သနည်း၊ အဘယ်ကြောင့် စိုးရိမ်ကြကုန်သနည်း”။

“အမောင်မုဆိုး…. ငါတို့သည် အလိုမရှိကုန်ဘဲ တညဥ့်မျှကွဲကွာ၍နေကြရကုန်၏၊ ထိုသို့ကင်းကွာ၍နေရသောညဥ့်ကို နှမြောစိုးရိမ်လျက် ထိုညဥ့်မျိုး နောက်တဘန် မဖြစ်ပါစေသတည်း ဟု နှလုံးသွင်းကာ ငိုကြွေးမြည်တမ်းစိုးရိမ်ကြပါကုန်၏”။

“အိုု-ကိန္နရီမ…. သင်တို့သည် ပျောက်လေပြီးသောဥစ္စာကို နှမြောစုံမက်သကဲ့သို့ရင်း, သေလွန်ပြီးသောမိဘကို အောက်မေ့သကဲ့သို့ရင်း ကင်းကွာ၍နေခဲ့ရသောညဥ့်ကို ချစ်ခင်သနားကြကုန်၏၊ သို့ပါလျက် သင်တို့သည် အဘယ်ကြောင့်ကင်းကွာ၍ နေကြသနည်း”။

“အမောင်မုဆိုး…. လျဉ်သောရေအယဉ်ရှိ၍ သစ်ပင်တို့ဖုံးလွှမ်းလျက်တောင်နှလုံးကြား၌စီးသွားသော ဤမြစ်ကိုရှုပါလော့၊ ငါ့လင်သည်မိုယ်းရွာသောအခါ ငါ့နောက်ကလိုက်ပါသည်မှတ်ထင်ကာ ကူးသွားဘိ၏။

ငါကား ကိုယ်တိုင် ပန်ဆင်လျက် ချစ်လင် ထံသွားရန်ငှင်း၊ချစ်လင်ပန်ဆင်ရန်ငှင်း၊ ပန်းမွှေရာ ခင်း၍ ချစ်လင်နှင့် တည့်ခွ့လုံးမွှေလျော်ရန်ငှင်း ရည် မှန်းလျက် မှန်ကူပန်း,ကင်ပွန်းပန်း,မိုယ်းဆွေပန်း, စံပယ်ပန်းတို့ကိုငှင်း၊ငုရွှေပန်း, တောင်ကသစ်ပန်း တို့ကိုငှင်း ဆွတ်ခူး၍နေပါ၏။

အဆွေ မူဆိုး···· ကိုယ်တိုင် လိမ်းကျံရန်ငှင်း၊ ချစ်လင်လိမ်းကျံရန်ငှင်း ရည်မှန်းလျက် အကျော်, ကရမက်,စန္ဒကူးနံ့သာတို့ကို ကျောက်ပျဉ်၌သွေး ၍နေပါ၏။

ထိုအခိုက် မြစ်ရေသည် ကမ်းနှစ်ဘက်နှင့်ညီမျှ အောင် စီးဆင်းပြည့်လျှံ၍လာသဖြင့် ငါသည်ဟို ဘက်ကမ်းသို့မကူးနိုင်ပါ၊သည်ဘက်ကမ်း, ဟိုဘက် ကမ်း၌ အသီးအသီးတည်ကြသော ငါတို့သည် မြင်ကြရကုန်၏၊ ရံခါငိုကြွေးကြကုန်၏၊ ရံခါရယ် မောကြကုန်၏။

ဤသို့လျှင် ပြိုးပြင်ဆင်းရဲစွာ ညဉ့်ကုန်လွန်၍ နေထွက်လတ်သော် မြစ်ရေကျဆင်းနည်းပါးသွား သဖြင့် ကူးကြ၍ ငါတို့နှစ်ယောက်သည် အချင်းချင်း လည်ဘက်က ရံခါငိုကြွေးကြကုန်၏၊ ရံခါရယ် မောကြကုန်၏။

အမောင်မူဆိုး ···· ငါတို့နှစ်ယောက် ကွေကွင်း ၍နေခဲ့ဘူးသောညဉ့်ကား-ယခုအခါမှစ၍ ရေတွက်

သည်ရှိသော် သုံးရက်လျှော့ အနှစ်ခုနစ်ရာတို့ကြာ မြင့်ခဲ့ပြီ၊အမောင်မူဆိုး····အမောင်တို့အသက်ကား အနှစ်တရာသာဖြစ်သည် အဘယ့်ကြောင့် ချစ်စွာ သော သားမယားနှင့် ကွေကွင်း၍နေဘိသနည်း”– ဟု ကိန္နရီမသည် မင်းကြီးကို အကြောင်းစုံပြော ကြားလေ၏၊ ထိုနောက်မင်းကြီးသည် ကိန္နရီမအား–

“အို- ကိန္နရီမ···· သင်တို့၏ အသက်ကား အဘယ်မျှရှည်သနည်း၊ အဆင့်ကြား၍ငင်း, မိဘတို့ ပြောကြား၍ငင်း သင်ဘို့အသက်အပိုင်းအခြားကို သိကုန်အံ့၊ ငါ့အားမကြောက်မရွံ့ပြောကြားပါ”– ဟု အသက်အပိုင်းအခြားကို မေးလေ၏၊ ထိုအခါ ကိန္နရီမသည် မင်းကြီးအား–

“အမောင်မူဆိုး····ငါတို့အသက်အပိုင်းအခြား ကား အနှစ်တထောင်ရှည်ကုန်၏၊ ငင်းအကြား၌ မကောင်းသောအနာရောဂါလည်းမရှိကုန်၊ဆင်းရဲ နည်း၍ ချမ်းသာများကုန်၏၊ နှစ်သက်ခြင်းမကင်း ဘဲ အသက်ကိုစွန့်ရကုန်၏”–
ဟု ပြောကြားလေ၏။

ကိန္နရီပြောပြ သံဝေရ

ထိုအခါ ဘလ္လာတိယ မင်းကြီးသည် ကိန္နရီမ၏ စကားကို ကြားရလျှင် တိရစ္ဆာန်ဖြစ်သောကိန္နရီမတို့စဉ်လျက် လည်း တည္ခ့မျှကွေကွင်း၍နေရရုံမျှဖြင့် အနှစ်ခုနစ်ရာတို့ ပတ်လုံးလည်ဘက်ကာ ငိုကြွေးမြည်တမ်း စိုးရိမ်ကြကုန်

သေး၏တကား၊ ငါတို့မှာ ယူဇနာသုံးရာရှိသော ကာသိတိုင်းကြီး၌ ကြီးစွာသောမင်းစည်းစိမ်ကို စွန့်ပစ်ကာ တော၌ကျက်စားဘိ၏၊ အလွန်ဆင်းရဲငြိုငြင်သော အမှုကိုပြုမိစွတကား၊ လူတို့အသက်ကားတိုလှ၏၊ သမင်တောသို့မသွားပြီ၊တိုင်းပြည်သို့ပြန်ကာဒါန,သီလစသောကုသိုလ်ကောင်းမှုတို့ကိုပြုအံ့ဟု သတိသံဝေဂ ရကာ ထိုအရပ်မှ ဘဲလျက်ဗာရာဏသီနေပြည်တော်သို့ပြန်ခဲ့လေ၏။

မင်းကြီးရောက်လာသျှင် မှူးမတ်တို့သည် ဆည်းကပ်ကုန်လျက် ဟိမဝန္တာအရပ်၌မြင်ခဲ့သော အံ့ဘွယ်သရဲတို့ကိုမေးကုန်၏၊ မင်းကြီးလည်း မိမိမြင်ခဲ့သောအတိုင်း အကြောင်းကိုပြောကြားတော်မူ၏၊ ထိုအခါမှစ၍ မင်းကြီးသည် ဒါန,သီလစသော ကုသိုလ် ကောင်းမှုတို့ကို ပြုစု အားထုတ်ကာ ထီးနန်းစည်းစိမ်ကို ခံစားတော်မူ၏။

ဘုရားဆုံးမလေ မင်းအမျက်ပြေ

ဤသို့လျှင် မြတ်စွာဘုရားသည် ကောသလမင်းကြီးအား ဘလ္လာတိယ ဇာတ်လာ ကိန္နရာဖိုမတို့အကြောင်းကိုဟောကြားကာ ဆုံးတော်မူလျှင် မင်းကြီးသည် မလ္လိကာမိဖုရားကြီးအပေါ်၌ အမျက်တော်ပြေငြိမ်း၍ မိဖုရားကြီးနှင့် သင့်တင့်ညီညွတ်စွာနေတော်မူ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

မြတ်သောမင်းကြီး....

※ ရှေးအခါ ကိန္နရာဖိုသည်– ယခုအခါ ကောသလ မင်းကြီး။

※ ကိန္နရီမသည်–မလ္လိကာမိဖုရားကြီး။

※ ဘလ္လာတိယမင်းကြီးသည်–ငါဘုရား ဖြစ်လာပြီ– ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) လင်နှင့်မယား၊ လျှာနှင့်သွား၊ ကိုက်ဝါးမိသည်သာ။

(၂) သဘောကွဲလွဲ၊ ခိုက်ရန်ပွဲ၊ အမြဲဖြစ်တတ်စွာ။

(၃) တညတာပေ၊ မြစ်ခြားလေ၊ ကွဲကွေကိန္နရာ။

(၄) ခုနစ်ရာနှစ်၊ ငိုကြွေးလစ်၊ သနစ်ယူကြရာ။

(၅) တရားသက်ဝင်၊ မယားလင်၊ ချစ်ခင်ကြင်နာရာ။

ဘလ္လာတိယဇာတ်ပြီး၏။

၅၀၅- သောမနဿဇာတ်

ပဉ္စုပနိပါတ်

ဒေဝဒတ်ကြံမှု အကြောင်းပြု

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်ရန်ကြံစည်အားထုတ်ခြင်းကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

ဆရာရသေ့ ဥယျာဉ်မွေ့

လွန်လေပြီးသောအခါကုရုတိုင်း ဥတ္တရပဉ္စာလမြို့ဝယ် ရေဏုမင်း မင်းပြုသည် ရှိသော် မဟာရက္ခိတရသေ့သည် ရသေ့ငါးရာခြံရံလျက် ဟိမဝန္တာအရပ်၌ကြာမြင့်စွာနေလေ၏။

တနေ့သ၌ မဟာရက္ခိတရသေ့သည် ရသေ့ငါးရာနှင့်တကွ ချဉ်ဆားမှီဝဲရန်အလို့ငှာ ဟိမဝန္တာမှ ထွက်၍ ဒေသစာရီ လှည့်လည်လတ်သော် ဥတ္တရပဉ္စာလမြို့ ဥယျာဉ်တော်သို့ရောက်၍ တည်းခိုကာ နံနက်အခါ မြို့တွင်းသို့ ဆွမ်းခံဝင်ရာ မင်းအိမ်တံခါးသို့ရောက်လေ၏၊ မင်းကြီးသည် ရသေ့တို့၏ဣရိယာပုထ်ကိုမြင်လျှင် ကြည်ညို၍ နန်းပြာသာဒ်ထက်သို့ပင့်ပြီးလျှင်ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့်လုပ်ကျွေး၍ အရှင်တို့သည် မိုဃ်းလပတ်လုံး အကျွန်ုပ်ဥယျာဉ်တော်၌ သီတင်းသုံးတော်မူပါ ဟု လျှောက်ထား၏၊ ရသေ့တို့လည်း နေရန်ခွင့်ပြုကုန်၏။

ထိုအခါ မင်းကြီးသည် ရသေ့တို့နှင့်အတူ ဥယျာဉ်တော်သို့သွားပြီး၍ ကျောင်းသင်္ခမ်း ဆောက်လုပ်စေပြီးလျှင် ရသေ့ပရိက္ခရာတို့ကိုလှူ၍ ရသေ့တို့ကိုရှိခိုးပြီးလျှင် နန်းတော်သို့ပြန်၏၊ထိုအခါမှစ၍ ရသေ့တို့သည် နန်းတော်သို့ကြွ၍ နေ့စဉ်ဆွမ်းဘုဉ်းပေးရကုန်၏၊ မင်းကြီးကားအမျိုးအနွယ်ကိုစောင့်ရှောက်မည့် သားသမီးမရှိ၊ တောင့်တသော်လည်းမရလေ။

သားတော်ထွန်းကား ရသေ့ကြား

မိုဃ်းလ ကျော်လွန်သောအခါ မဟာရက္ခိတရသေ့သည် ယခုအခါဟိမဝန္တာအရပ် သည် မွေ့လျော်ဘွယ် ရှိပြီ၊

ဟိမဝန္တာသို့သွားမည်ဟုနှလုံးသွင်းကာ ရသေ့အပေါင်းနှင့်တကွ မင်းကြီးထံပန်ကြား၍ မင်းကြီး၏ပူဇော်သက္ကာရတို့ကို မြတ်နိုးတနာပြုပြီးလျှင် မြို့တော်မှထွက်လေ၏၊ ခရီးအကြားဝယ် နေမွန်းတည့်သောအခါ အပန်းဖြေရန် ခရီးလမ်းမှဘဲခွါ၍ အေးချမ်းသောသစ်ပင်ရိပ်၌ နုပျိုသောမြက်ခင်းဝယ် ခေတ္တနားနေလေ၏။

ရသေ့တို့သည် မင်းကြီး၌ သားသမီးမရှိခဲ့၊ အမျိုးအနွယ်ကိုစောင့်ရှောက်မည့်သားသမီးကိုရပါမူ ကောင်းလေစွ၊ မင်းအစဉ်အဆက်လည်း စပ်မိရာ၏ဟု စကားကိုဖြစ်စေကုန်၏၊ ထိုအခါ မဟာရက္ခိတရသေ့သည် ရသေ့တို့စကားကိုကြား၍ မင်းကြီးအား သားရမည်မရမည်ကို စုံစမ်းဆင်ခြင်လတ်သော် ရမည်ကိုမြင်သဖြင့်–"အို-ရသေ့တို့….သင်တို့မစိုးရိမ်ကြကုန်လင့်၊ ယနေ့ မိုးသောက်သောအခါ နတ်ပြည်မှ နတ်သား တယောက်သည် စုတေ၍ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေလတံ့၊ မုချ သားရမည်ဟု မိန့်တော်မူ၏။

စဉ်းလဲရသေ့
မင်းကြီးတွေ့

ထိုအခါ ပရိသတ်တွင် ပါလာသော ရသေ့စဉ်းလဲ တယောက်သည် ရသေ့ကြီးစကားကို ကြားလျှင် ငါကားယခုအခါ မုချမင်းဆရာဖြစ်လတံ့ဟု ကြံစည်စိတ်ကူးကာ ရသေ့တို့သွားသောအခါ ဖျားနာဟန်ပြု၍အိပ်၏၊ ရသေ့တို့သည် ငါ့ရှင်….သွားမည်၊လာပါဟုဆိုကုန်၏၊ "ငါ့ရှင်တို့….ငါမလိုက်နိုင်"ဟု ဆို၏၊ ထိုအခါ မဟာရက္ခိတ ရသေ့သည် ရသေ့စဉ်းလဲ၏ ယုတ်မာသောစိတ်အကြံကိုသိ၍"ငါ့ရှင်…

သင်လိုက်နိုင်သောအခါမှလိုက်ခဲ့”ဟု ပြောဆိုပြီးလျှင်ရသေ့အပေါင်းကိုခေါ်ယူ၍ ဟိမဝန္တာသို့ကြွလေ၏။

ရသေ့စဉ်းလဲလည်း ရသေ့တို့သွားကြလျှင် မြို့တော်သို့ လျင်မြန်စွာပြန်၍ မင်းကြီးထံသွားလေ၏၊ မင်းကြီးလည်း ရှိခိုးပြီးလျှင် ရသေ့တို့ ကျန်းမာ ချမ်းသာကြောင်းကို မေးလျှောက်ပြီးလျှင် “အရှင်ဘုရား.... အဘယ်ကြောင့် လျင်မြန်စွာပြန်ခဲ့သနည်း”၊ “မြတ်သောမင်းကြီး.... ရသေ့တို့ ကျန်းမာ ချမ်းသာကြပါ၏၊ သို့ရာတွင် ခရီးအကြားဝယ် ရသေ့တို့သည် မင်းကြီးအား သားရပါမည်လော၊မရမည်လော”ဟု စကားဖြစ်လာရာ ငါသည်ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုဆင်ခြင်လတ်သော် တန်ခိုးကြီးသောနတ်သားတယောက်သည် နတ်ပြည်မှစုတေ၍ သုဓမ္မာမိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေလတ့်ဟု ငါမြင်၏၊မင်းကြီးသည် မသိ၍ ဖျက်ဆီးမိရာ၏၊ သို့အတွက် ထိုအကြောင်းကို ပြောကြားရန် အမြန်လာခဲ့ရ၏၊ ယခုအခါ ပြောကြား၍ပြီးပေပြီ၊ ငါပြန်တော့မည်၊ “အရှင်ဘုရား.... သွားခြင်းငှါ မတတ်ကောင်းပြီ” ဟု လျှောက်ထားကာ အလွန်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ရသေ့စဉ်းလဲကို ဥယျာဉ်တော်သို့ ဆောင်ယူကာ ကောင်းမွန်သောနေရာ ကျောင်းကိုစီရင်၍ သီတင်းသုံးစေ၏၊ရသေ့စဉ်းလဲလည်း မင်းဆရာဖြစ်၍ နန်းတော်၌ အမြဲဆွမ်းဘုဉ်းပေးရ၏၊ အမည်လည်း ဒိဗ္ဗစက္ခုရှင်ရသေ့ဟု တပြည်လုံး ထင်ရှားလေ၏။

ရသေ့အမှု ပျက်ရယ်ပြု

မိုးသောက်သောအခါ နတ်သား တယောက်သည် နတ်ပြည်မှ စုတေ၍ သုဓမ္မာမိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေ

လေ၏၊ ဆယ်လလွန်သဖြင့် မွေးဘွားလတ်သော် သတို့သားကို သောမနဿ သတို့သားဟု အမည် မှည့်ကုန်၏၊ သတို့သားသည် စည်းစိမ်ချမ်းသာ အခြံအရံဖြင့် ကြီးပြင်း၍လာ၏၊ ရသေ့စဉ်းလဲလည်း ဥယျာဉ်၏တနေရာ၌ အထူးထူးသောဟင်းသီးဟင်းရွက်တို့ကို စိုက်ပျိုး၍ ဟင်းရွက်သည်တို့အား ရောင်းချလျက် ဟင်းရွက်သည်ကြီးလုပ်၍ ပစ္စည်းဥစ္စာတို့ကို စုဆောင်းလေ၏။

သောမနဿ သတို့သား ခုနစ်နှစ် မြောက်သောအခါ ပစ္စန္တရာဇ်သည် ပုန်ကန်ထကြွခဲ့၏၊ မင်းကြီးသည် သားတော် သောမနဿ မင်းသားအား "ချစ်သား····ဆရာဒိဗ္ဗစက္ခုရသေ့ကိုမမေ့ပါလင့်၊ပြုစုလုပ်ကျွေးလော့"ဟုအပ်နှင်းခဲ့၍ ပစ္စန္တရာဇ်ကိုငြိမ်းစေရန် စစ်သည်ဗိုလ်ပါနှင့်အတူ မြို့တော်မှထွက်လေ၏။

မင်းကြီးပြန်မလာသေးမီ တနေ့သ၌ သောမနဿ မင်းသားသည် ဆရာရသေ့ကို ဖူးမြင်အံ့ဟု ဥယျာဉ်တော်သို့ သွားလတ်သော် မည်းနက်သောသက်န်းတို့ကို ဝတ်ရုံလျက် လက်နှစ်ဘက်တို့ဖြင့် ရေအိုးနှစ်လုံးကိုကိုင်ကာ အားကြီးမာန်တက် ဟင်းရွက်ခင်းတို့ကို ရေလောင်း၍ နေသောရသေ့စဉ်းလဲကိုမြင်လေ၏၊ ထိုအခါ မင်းသားသည် ဤရသေ့ကား ရဟန်းတရားကိုအားမထုတ်၊ သူတော်ကောင်းမဟုတ်၊ဟင်းရွက်ရောင်းလျက် ပစ္စည်းစုနေသည်ဟု သိလျှင် ရသေ့အား "အို-ဟင်းရွက်သူကြွယ်···· သင်ဘာလုပ်နေသလဲ"ဟု မေးမြန်းကာ ရသေ့စဉ်းလဲကို အရှက်ကွဲစေ၍ ရှိမခိုးဘဲ ဥယျာဉ်တော်မှထွက်၍ ပြန်ခဲ့၏။

ရသေ့ထံမှောက်
မင်းကြီးရောက်

ရသေ့စဉ်းလဲလည်း မင်းသားပြက်ရယ်ပြုသည်ကိုသိလျှင် မိမိအပြစ်ကို မရှုဘဲ ဤမင်းသားငယ်ကား ယခုအခါကပင် ဆန့်ကျင်ဘက် ရန်သူဖြစ်ဘိ၏၊ ကြီးပြင်းလာသော အခါ ဘယ်သူသိနိုင်အံ့နည်း၊ ယခုအခါကပင် ဖျက်ဆီးပစ်မည် ဟု ကြံစည်ကာ မင်းကြီးလာသောအခါ ကျောက်ပျဉ်ကို တနေရာတွင်ချ၍ သောက်ရေအိုးကိုခွဲလျက် ကျောင်း၌ မြက်သစ်ရွက်တို့ကိုကြဲလျက် ကိုယ်ကို ဆီနန္နင်းလိမ်းကျံပြီးလျှင် ကျောင်းတွင်းသို့ဝင်၍ ညောင်စောင်းငယ်တွင် ဆင်းရဲငြိုငြင်လေဟန်ခေါင်းမြီးခြုံပြီးအိပ်လေ၏။

မင်းကြီးလည်း သူပုန်တို့ကိုငြိမ်းစေပြီးလျှင် မြို့တော်သို့ ပြန်လာ၍ရောက်လျှင် ဆရာဒိဗ္ဗစက္ခုရသေ့ကို ဖူးမြင်မည် ဟု ဥယျာဉ်တော် ရသေ့ကျောင်းသို့သွားလျှင် ကစဉ့်ကရဲ ဘောက်လွဲဘောက်ပြန် ဖြစ်နေသည်ကိုမြင်ရာ ဤအမှုကား မည်သို့နည်းဟု အောက်မေ့လျက် ကျောင်းတွင်းသို့ ဝင်၍ အိပ်နေသော ရသေ့၏ခြေတို့ကိုဆုပ်နယ်လျက် ရသေ့အား—

"အရှင်ရသေ့…. အရှင်ရသေ့ကို အဘယ်သူ
နှိပ်စက်ညှဉ်းဆဲသနည်း၊ အဘယ်သူသည် ဆဲရေး
သနည်း၊ အဘယ်ကြောင့် နှလုံးမသာ စိုးရိမ်ပူ
ဆွေးသနည်း၊ ယခုအခါ အဘယ်သူ၏မိဘတို့သည်
ငိုကြွေးစေကုန်သနည်း၊ အဘယ်သူ နှိပ်စက်ညှဉ်း
ဆဲ၍ မြေ၌အိပ်စေသနည်း"ဟု—

မေးမြန်း လျှောက်ထားလေ၏၊ ရသေ့စဉ်းလဲလည်း ညည်းတွားလျက် အိပ်နေရာမှထ၍ မင်းကြီးအား—

"အရှင်မင်းကြီး....ငါသည် အရှင်မင်းကြီးကို မြင်ရသဖြင့် နှစ်သက် ဝမ်းမြောက်ပါ၏၊ မမြင်ရသည်မှာ ကြာမြင့်ပြီ၊ ငါသည်သူတပါးကိုမညှဉ်းဆဲပါဘဲလျက် သင်မင်းကြီး၏ သားတော်သည် ဥယျာဉ်တော်သို့ဝင်၍ ငါ့ကိုနှိပ်စက်ညှဉ်းဆဲဘိ၏"—

ဟု မဟုတ်မမှန် လုပ်ကြံကုန်းတိုက်လေ၏၊ မင်းမိုက်လည်းရသေ့စဉ်းလဲ၏စကားကိုကြားလျှင်မစုံစမ်းမဆင်ခြင်ဘဲအမျက်ဒေါသ ဟုန်းဟုန်းထလျက် နန်းညွှန့် ဖြစ်သောသောမနဿမင်းသားငယ်ကို သတ်ရန် အမတ်တို့အား—

"အမတ်တို့.... သံလျက်စွဲ တံခါးစောင့်တို့ အမြန်လာကြစေကုန်၊ ခိုးသူသတ်ယောကျ်ား အာဏာသား တို့သည် နန်းတွင်းရှိ သောမနဿမင်းသား၏ ဦးခေါင်းကို ဖြတ်၍အမြန်ငါ့ထံယူခဲ့ကြကုန်"—

ဟုတချက်လွှတ်အမိန့်ပေးလေ၏။

ကုန်းတိုက်သည့်ဒဏ် သားတော်ခံ

ထိုအခါ ခိုးသူသတ် အာဏာသားတို့သည် အမြန်မင်းသားထံသို့ သွား၍ မင်းသားကို ဘမ်းဆီး ချုပ်နှောင်က "အရှင်မင်းသား....အရှင်မင်းသားကို ခမည်းတော်သည် စွန့်အပ်ပြီ၊ ယခုအမြန် သတ်ရန်စေခိုင်း အမိန့်ပေးအပ်ပြီ"ဟု ပြောကြကုန်၏၊ ထိုအခါ မင်းသားသည် ငိုကြွေးလျက် လက်အုပ်ချီက "အချင်းတို့.... ငါသည် ခမည်းတော်မင်းမြတ်ကို ဖူးမြင်လိုပါ၏၊ ငါ့ကိုအသက်ရှင်နေစဉ် မင်းကြီးထံ ပြကြပါကုန်" ဟု တောင်းပန်၏၊

အာဏာသားတို့လည်း မင်းသား၏စကားအတိုင်း မင်းသားကို ဆောင်ယူကာ မင်းကြီးထံပြကြကုန်၏၊ မင်းသားသည် မင်းကြီးကိုမြင်၍ အဝေးမှလျှင်အော်ဟစ်ကာ—

"ခမည်းတော်မင်းကြီး.... သံလျက်စွဲ တံခါးစောင့်သူသတ် အာဏာသားတို့သည် အကျွန်ုပ်ကို သတ်ရန်လာကြကုန်၏၊ အကျွန်ုပ်အား အဘယ်အပြစ်ရှိသနည်း၊ အကြောင်းကို မိန့်ကြားတော်မူပါ"—

ဟု တောင်းပန် လျှောက်ထားလေ၏၊ ထိုအခါမင်းကြီးသည် မင်းသားအား "ဘဝဂ်ဘုံသည် နိမ့်လှသေး၏၊ သင့်အပြစ်ကား ကြီးမြင့်လှ၏"ဟုပြောဆိုကြိမ်းမောင်းလျက်-

"ဟယ်မင်းသား.... ငါ့ဆရာ ဒိဗ္ဗစက္ခုရသေ့သည် ည့်နံနက်တိုင်း ရေ၌ဆင်း၍ကျင့်၏၊ အမြဲမီးကိုလုပ်ကျွေး၏၊ ကိုယ်နှုတ်နှလုံးစောင့်၏၊ မြတ်သောအကျင့်ကိုကျင့်၏၊ ဤသို့ ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသော ရသေ့မြတ်ကို သင်သည် အဘယ်ကြောင့် ဟင်းရွက်သူကြွယ်ဆိုဘိသနည်း"—

ဟုအပြစ်ကိုပြလေ၏၊ ထိုအခါ မင်းသားသည် ခမည်းတော်မင်းကြီးအား—

"ခမည်းတော် မင်းကြီး.... ဤရသေ့အား အထူးထူးအပြားပြား စိုက်ပျိုးသိမ်းဆည်း၍ ထားသော ထန်းပင်ငယ်အမြစ်, အဥ, အသီးတို့ ရှိပါကုန်၏၊ ထိုအမြစ်,အဥ,အသီးတို့ကို မမေ့မလျော့ ကိုယ်တိုင်စောင့်ရှောက်ပါ၏၊ လုံခြုံရန် အမြဲစောင်

ရန်းကာထားပါ၏၊ ထို့ကြောင့်ထိုရသေ့ကို ဟင်း
ရွက်သူကြွယ်ဟုဆိုပါ၏”—

ဟုလျှောက်ထားပြီးလျှင် အကယ်၍ ယုံတော်မမူလျှင် မြို့တံခါးလေးမျက်နှာရှိ ဟင်းရွက်သည်တို့ကို မေးစေပါလော့ဟု လျှောက်ထားပြန်၏၊ မင်းကြီးသည်မေးစေ၏။

သက်သေနိုင်မှ ပြစ်ဒဏ်လွတ်ရ

ဟင်းရွက်သည်တို့လည်း “မှန်ပေ၏၊ အကျွန်ုပ်တို့သည် ရသေ့လက်မှ ဟင်းရွက် ဟင်းသီးတို့ကို ဝယ်ရပါကုန်၏၊ ဟင်းရွက်ဟင်းသီးခင်းတို့ကို ရှုတော်မူပါဟုပြသကာ မင်းကြီးကိုလျှောက်ထားကုန်၏၊ မင်းသား၏ လူယုံတော်တို့သည် ရသေ့ကျောင်းတွင်းသို့ဝင်၍ ရှာဖွေကာ သိမ်းဆည်းထားသော အသပြာထုပ်ကို ပြကုန်၏၊ ထိုအခါမင်းကြီးသည် ဟုတ်မှန်နေသဖြင့် သားတော်အား အပြစ်မရှိကြောင်းကိုသိလျှင်— သားတော်ပြောသော စကားသည် မှန်ပေ၏ဟု ဝန်ခံလေ၏။

သားတော်တောထွက် တရားဟောလျက်

ထို့နောက်မင်းသားသည် ရသေ့စဉ်းလဲအပြစ်တို့ကို ထင်စွာပြပြီးလျှင် ငါကား ဤမင်းမိုက်ထံနေသဖြင့် အကျိုးမရှိ၊ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုခြင်းသည် မွန်မြတ်လှ၏ဟု ကြံစည်လျက်—

“အချင်တို့···· နိဂုံးဇနပုဒ်နှင့်တကွ အညီအညွတ် စည်းဝေးရောက်လာကြသော အလုံးစုံသော ပရိသတ်တို့သည် အကျွန်ုပ်၏စကားကို နားထောင်ကြကုန်လော့၊ ဤမင်းမိုက်သည် ဆရာရသေ့မိုက်

၏စကားကို ယုံကြည်၍ မစုံစမ်းမဆင်ခြင်ဘဲ အပြစ်
မရှိသောငါ့ကို အကြောင်းမဲ့သတ်စေဘိ၏”–

ဟု လာလာသမျှသော ပရိသတ်ကိုရှိခိုး၍ မင်းကြီး
အား ကဲ့ရဲ့စကား ပြောကြားပြီးလျှင်–

“ခမည်းတော်မင်းကြီး···· ဝါးပင်ကို စည်ပင်
ပြန့်ပွားသည်ရှိသော် နှုတ်ယူနိုင်ခဲသကဲ့သို့ အမြစ်
ခိုင်မြဲသောတဏှာသည် စည်ပင် ပြန့်ပွားသည်ရှိ
သော် နှုတ်ယူနိုင်ခဲပါ၏၊ မင်းကြီးခြေတော်တို့ကို
ရှိခိုးပါ၏၊ အကျွန်ုပ်အား ရဟန်းပြုရန် ခွင့်ပြု
တော်မူပါ၊ ရဟန်းပြုပါအံ့”–

ဟု ခွင့်တောင်းလေ၏။ ထို့နောက် ခမည်းတော်သည်
သားတော်အား–

“ချစ်သား···· ပြန့်ပြောသော စည်းစိမ်ချမ်း
သာကို ခံစားပါလော့၊ အလုံးစုံသောမင်းအဖြစ်
ကို ပေးပါ၏၊ ယနေ့ပင် မင်းပြုပါလော့၊ ရဟန်း
အဖြစ်သည် ဆင်းရဲလှ၏၊ ထို့ကြောင့် ရဟန်းမပြု
ပါလင့်”။

“ခမည်းတော်···· ခမည်းတော်၏ စည်းစိမ်
ချမ်းသာ အဘယ်မျှရှိသနည်း၊ အကျွန်ုပ်သည် ရှေး
အခါ နတ်ပြည်၌မွေ့လျော်ဘွယ် သာယာဘွယ်ဖြစ်
သော အာရုံငါးပါးတို့ကို ခံစားမွေ့လျော်ခဲ့ပါပြီ”။

“ခမည်းတော်····အကျွန်ုပ်သည် တာဝတိံသာ
နတ်ပြည်ဝယ် နတ်သမီးအပေါင်းခြံရံလျက် နတ်
စည်းစိမ်ကို ခံစားခဲ့ရပြီ၊ သူပြောစကားကိုယုံကြည်

တတ်သော မိုက်စွာသော ခမည်းတော်မင်းကြီးအိမ်၌မနေလိုပါ"။

"ချစ်သား.... ခမည်းတော်သည် အကယ်၍ သူပြောစကားကို ယုံကြည်ကာ မိုက်သည်ဖြစ်အံ့၊ ခမည်းတော်၏ အပြစ်ကို သင်သည်းခံပါ၊ ခမည်းတော်အား နောက်တဘန် ဤကဲ့သို့သော အပြစ်ဖြစ်လာငြားအံ့၊သင်ချစ်သားအလိုရှိတိုင်းပြုပါ"—

ဟုဝန်ချတောင်းပန်ကာ အပ်နှင်း၏၊ မင်းသားသည် ထိုစကားကိုကြားလျှင် ခမည်းတော်အား—

"ခမည်းတော်....မစုံစမ်းဘဲပြုသောအမှု,မနှိုင်းချိန်ဘဲ ကြံစည်သော အကြံအစည်တို့သည် ဆေးသမား၏ ပျက်စီးခြင်းကဲ့သို့ မကောင်းကျိုးတို့ဖြစ်လာကုန်၏၊ စုံစမ်း၍ပြုသောအမှု, နှိုင်းချိန်၍ ကြံစည်သောအကြံအစည်တို့သည် ဆေးသမား၏ပြည့်စုံခြင်းကဲ့သို့ ကောင်းကျိုးတို့ဖြစ်လာကုန်၏"။

"ခမည်းတော်.... ကာမဂုဏ် ခံစားသောလူသည် ပျင်းရိလျှင်မကောင်း၊ ရဟန်းသည် ကိုယ်နှုတ် နှလုံးကိုမစောင့်စည်းလျှင် မကောင်း၊ မင်းသည် မစူးစမ်းမဆင်ခြင်ဘဲပြုလုပ်လျှင် မကောင်း၊ ပညာရှိသည် အမျက်ထွက်လျှင်မကောင်း"။

"ခမည်းတော်.... မင်းမည်သည်ကား စုံစမ်းဆင်ခြင်၍သာပြုရာ၏၊ မစုံစမ်းမဆင်ခြင်ဘဲ မပြုရာ၊ စုံစမ်းဆင်ခြင်၍ ပြုလေ့ရှိသောမင်းအား စည်းစိမ်အခြံအရံအကျော်အစောသည် တိုးပွား၏"။

"ခမည်းတော်.... မင်းမည်သည်ကား စုံစမ်း ဆင်ခြင်၍ အပြစ်ဒဏ်ကိုပေးရာ၏၊ အဆောတလျင် ပြုသောအမှုသည်နောင်တတဘန်ပူပန်ရ၏၊အကျိုး စီးပွားရှိသော ကောင်းစွာ ဆောက်တည်ခြင်း ရှိ သောသူတို့အား နောင်တတဘန် ပူပန်ခြင်းမရှိ ကုန်"။

"ခမည်းတော်....လောက၌ နောင်တတဘန်ပူ ပန်ခြင်းမရှိသောအမှု, ခွဲခြားဝေဘန်၍ပြုအပ်သော အမှုတို့သည် ပညာရှိတို့ချီးမွမ်းအပ်ကုန်သောအမှု တို့တည်း၊ ကောင်းကျိုးချမ်းသာလည်းရှိကုန်၏"။

"ခမည်းတော်....သိလျက်စွဲတံခါးစောင့် သူခိုး သတ်အာဏာသားတို့သည် အကျွန်ုပ်ကို သတ်ရန် လာကုန်၍ မယ်တော်၏ ရင်ခွင်ကြား၌ နေသော အကျွန်ုပ်ကိုဘမ်းယူဆွဲငင်ကြကုန်၏"။

"ခမည်းတော်.... အမှန်အားဖြင့် အကျွန်ုပ် သည် ခါးစပ်ကျင်နာ ကျဉ်းမြောင်းကာ အလွန် ဆင်းရဲခြင်းသို့ရောက်ရ၏၊ ချစ်စွာသော အသက်ကို ရခဲ့၏၊ ငြိုငြင်ဆင်းရဲစွာ သူသတ်တို့လက်မှ လွတ် မြောက်ရ၏၊ ရဟန်းပြုရန်သာ စိတ်ညွတ်ပါတော့ ၏"—

ဟုတရားပြသဆုံးမလေ၏၊ခမည်းတော်လည်းသားတော် တရားဟောသည်ရှိသော် မိဖုရားကြီးကို တောင်းပန် တား မြစ်စေမည်ဟု ကြံစည်လျက် မိဖုရားကြီးကိုခေါ်၍—

"အို–သုဓမ္မာ မိဖုရားကြီး…. သင့်သားတော်သော မနသ ဿမင်းသားကား နုပျိုလှသေး၏၊ သနား ဘွယ်ကောင်း၏၊ ယခုအခါ ငါသည် သားတော်ကို တောင်းပန်၍ခွင့်မရ၊ သင်မိဖုရားကြီးသည် သားတော်ကိုတောင်းပန်သင့်ပါ၏"–

ဟုအတောင်းပန်ခိုင်းလေ၏၊ ထိုအခါ သုဓမ္မာမိဖုရားကြီးသည်သားတော်အား–

"ချစ်သား….သင်သည် ဆွမ်းခံဝတ်ဖြင့်အသက်မွေးခြင်း၌ မွေ့လျော်လော့၊ ရဟန်းပြုခြင်း အကျင့်၌စုံစမ်းဆင်ခြင်၍ ရဟန်းပြုလော့၊ သတ္တဝါခပ်သိမ်းတို့၌ အပြစ်ဒဏ်ကိုချထား၍ မကွဲရှဲအပ် မွန်မြတ်သောနိဗ္ဗာန်အရပ်သို့ချဉ်းကပ်လော့"–

ဟုရဟန်းပြုခြင်းကို မတားမြစ်ဘဲ ထပ်မံ၍ တိုက်တွန်းလေ၏၊ မင်းကြီးသည် မိဖုရားကြီးစကားကို ကြားလျှင် မိဖုရားကြီးအား–

"အို-သုဓမ္မာမိဖုရားကြီး…. သင်ပြောဆိုသော စကားသည် အံ့ဘွယ်သရဲ ရှိစွတကား၊ ဆင်းရဲနေသော ငါ့ကိုထပ်မံ၍ဆင်းရဲစေဘိ၏၊သားကိုတောင်းပန်ပါဟု ငါပြောဆိုပါလျက် သင်သည် ရဟန်းပြုခြင်း၌ လွန်စွာအားထုတ်စေဘိ၏တကား"–

ဟုအပြစ်တင်လေ၏၊ ထိုအခါ မိဖုရားကြီးသည်မင်းကြီးအား–

"မြတ်သောမင်းကြီး…. ကိလေသာမှလွတ်၍ အပြစ်မရှိ သုံးဆောင်ခြင်းရှိသော ဘုရားစသော

သူတော်ကောင်းတို့သည် ကိလေသာ ငြိမ်းသည် ဖြစ်၍ ဤလောကကို သွားတော်မူကြကုန်၏၊ ထို ဘုရားစသော သူတော်ကောင်းတို့၏ လမ်းခရီးကို သွားသောသားတော်ကို တားမြစ်ခြင်းငှါမဝံ့ပါ”-

ဟုမတားမြစ် မပိတ်ပင်ဝံ့ကြောင်းကို လျှောက်ထား လေ၏၊ ထိုနောက် မင်းကြီးသည် မိဖုရားကြီးအား—

“အိုသုစမ္ဘာမိဖုရားကြီး.... သင်ကားစင်စစ်မို့ဲ အပ်၍ ပညာဗဟုဿုတ ရှိကုန်လျက် များစွာသော အကြောင်းတို့ကို သိမြင်ကြံဆနိုင်ကုန်သော ပုဂ္ဂိုလ် တို့၏ ကောင်းစွာဆိုအပ်သောစကားတို့ကိုကြားနာ ရ၍ ဤသုစမ္ဘာမိဖုရားကြီးကား စိုးရိမ်ကြောင့်ကြ ကင်းသည်ဖြစ်ရာ၏”—

ဟုအလွန်ချီးကျူးလေ၏။

သားတော်မင်းသား နတ်တို့ပင့်သွား

ထိုနောက် သောမနဿမင်းသားသည် မယ်တော် ခမည်းတော်တို့ကို ရှိခိုး၍ “အို—မယ်တော် ခမည်းတော်တို့.... အကယ်၍အကျွန်ုပ်အား အပြစ်ရှိငြားအံ့ သီးခံတော်မူပါ ကုန်”ဟု တောင်းပန် ကန်တော့ပြီးလျှင် လူအပေါင်းကို လည်း လက်အုပ်ချီကာ ဟိမဝန္တာသို့ ရှေးရှုသွားလေ၏၊ လိုက်ပို့သောလူအပေါင်းတို့ပြန်သည်ရှိသော်လူ့အသွင်ဖြင့် လာသောနတ်တို့သည် တောင်ခုနစ်လုံးတို့ကို လွန်စေ၍ ဟိမဝန္တာသို့ရောက်အောင်ဆောင်ယူသွားကြကုန်၏။

မင်းသားလည်း ဟိမဝန္တာသို့ရောက်လျှင် ဝိသကြံနတ် သား ဖန်ဆင်း၍ထားသောကျောင်း၌ ရသေ့ရဟန်းပြု

လေ၏၊ မင်းသား ရသေ့ငယ် တဆယ့်ခြောက်နှစ် အရွယ် သို့ရောက်သည့်တိုင်အောင် နတ်တို့သည် ခမည်းတော်မင်း ကြီးအိမ်၌ လုပ်ကျွေးမွေးမြူသကဲ့သို့ လုပ်ကျွေးမွေးမြူကြ ကုန်၏။

ဒိဗ္ဗစက္ခု အမည်ခံရသေ့စဉ်းလဲကိုလည်း လူအများသည် ထောင်းထု ရိုက်နှက်ကြ၍ သေခြင်းသို့ရောက်စေ၏၊ သော မနသမင်းသည် ဈာန်အဘိညာဉ်ကိုဖြစ်စေလျက် သေလွန် သောအခါ ဗြဟ္မာပြည်သို့လားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ် တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဒိဗ္ဗစက္ခုရသေ့သည်-ယခုအခါ ဒေဝဒတ်။

※ သုမေဓာမိဖုရားကြီးသည်-မဟာမာယာဒေဝီ။

※ မဟာရက္ခိတရသေ့သည်-သာရိပုတ္တရာ။

※ သောမနဿမင်းသားသည်-ငါဘုရားဖြစ်လာပြီ— ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မစုံစမ်းပြု၊ ထိုအမှု၊ ပူမှုနှောင်တသာ။
(၂) မနှိုင်းချိန်ဘဲ၊ ကြံစည်လဲ၊ ထိုနဲ့နှောင်ပူရာ။
(၃) မစုံစမ်းပြန်၊ မနှိုင်းကြံ၊ ကောန်ပျက်စီးရာ။
(၄) စုံစမ်းပြုရန်၊ နှိုင်းချိန်ကြံ၊ ကောန်ကြီးပွားရာ။
(၅) နှောင်တံ-မရှိ၊ မှုပြုဘိ၊ ချီး၏ပညာဝါ။

သောမနဿဇာတ်ပြီး၏။

၃၀၆—စမ္မေယျဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဥပုသ်စောင့်သုံး နဂါးမင်းထုံး

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒါယကာတယောက်သည် ဥပုသ်စောင့်သုံးလေ၏၊ မြတ်စွာဘုရားသည်ထိုဒါယကာအား -ဒါယကာ....ဥပုသ်စောင့်သုံးခြင်းအမှုသည်ကောင်း၏၊ ရှေးပညာရှိတို့သည် နဂါးမင်းစည်းစိမ်ကို စွန့်၍ ဥပုသ်စောင့်သုံးကြဘူးပြီ ဟု မိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

စစ်ရှုံးသောမင်း မြစ်သို့ဆင်း

လွန်လေပြီးသော အခါ အင်္ဂတိုင်း၌ အင်္ဂမင်း မင်းပြုလေ၏၊ မဂဓတိုင်း၌ မဂဓမင်း မင်းပြုလေ၏၊ ထိုတိုင်းနှစ်ခုတို့အကြား၌ စမ္ပာမည်သောမြစ်သည်ရှိလေ၏၊ ထိုစမ္ပာမြစ်၌ နဂါးပြည်သည်ရှိလေ၏၊ဆိုနဂါးပြည်၌ကား စမ္မေယျမည်သော နဂါးမင်းသည် မင်းပြုလေ၏၊ ရံခါ မဂဓမင်းသည် အင်္ဂတိုင်းကိုသိမ်းယူ၏၊ ရံခါ အင်္ဂမင်းသည် မဂဓတိုင်းကိုသိမ်းယူ၏။

တနေ့သ၌ မဂဓမင်းသည် အင်္ဂမင်းနှင့်စစ်ထိုးကြရာ စစ်ရှုံး၍မြင်းကိုစီးလျက် ပြေးသည်ရှိသော် အင်္ဂမင်း၏သူရဲကောင်းတို့သည် နောက်မှအဘင်းလိုက်ကုန်၏၊ မဂဓမင်းသည် စမ္ပာမြစ်သို့တဘန်ရောက်ပြန်လျှင် ရန်သူလက်၌

သေရခြင်းထက် မြစ်သို့ဆင်း၍သေရခြင်းသည် မြတ်သေး၏ဟု ကြံစည်ကာ မြင်းနှင့်တကွ မြစ်တွင်းသို့ဆင်းလေ၏။

နဂါးကယ်မ ပြည်ပြန်ရ

ထိုအခိုက် စမ္ပေယျနဂါးမင်းသည် ရေအတွင်း၌ မဏ္ဍပ်ဘန်ဆင်းလျက် များစွာသော အခြံအရံဖြင့် များစွာသော အဖျော်ကို သောက်လျက်နေ၏၊ မဂဓမင်းလည်း မြင်းနှင့်တကွ ရေထဲသို့ငုပ်၍ နဂါးမင်း၏ရှေ့တွင် ဆင်းသက်လတ်၏၊ နဂါးမင်းလည်း တန်ဆာဆင်အပ်သော မဂဓမင်းကိုမြင်လျှင် ချစ်ခင်သဖြင့် နေရာမှထပြီးလျှင်"မြတ်သောမင်းကြီး.... မကြောက်လင့်"ဟု နှုတ်ဆက်ကာ ပလ္လင်ထက်၌နေစေပြီးလျှင် ရေထဲသို့ ငုပ်လာခြင်းအကြောင်းကို မေး၏၊မဂဓမင်းလည်း ဟုတ်မှန်သောအတိုင်းပြောကြား၏၊ ထိုအခါ နဂါးမင်းသည် မဂဓမင်းကို "မြတ်သောမင်းကြီး.... မကြောက်လင့်၊ ငါသည်အရှင်မင်းကြီးကို တိုင်းကြီးနှစ်တိုင်းတို့၏အရှင်ဖြစ်အောင် ပြုလုပ်ပေးမည်" ဟု ဝန်ခံကာ ခုနစ်ရက်ပတ်လုံး ကြီးစွာသောစည်းစိမ်ကို ခံစားစေ၏။

ကျေးဇူးသိတတ် လူမင်းမြတ်

ခုနစ်ရက်မြောက်နေ့၌ နဂါးမင်းသည် မဂဓမင်းနှင့်တကွ နဂါးပြည်မှထွက်၍ မိမိအာနုဘော်ဖြင့် အင်္ဂမင်းကိုဘမ်း၍ သတ်ပြီးလျှင် မိတ်ဆွေ မဂဓမင်းကို အင်္ဂတိုင်း, မဂဓတိုင်း နှစ်တိုင်းလုံး၌မင်းပြုစေ၏၊ ထိုအခါမှစ၍ နဂါးမင်းနှင့် မဂဓမင်းတို့သည် အလွန်ချစ်ကျွမ်းဝင်ကုန်လျက် မြဲမြံသော အဆွေခင်ပွန်းဖြစ်ကြကုန်၏၊ မဂဓမင်းသည် နှစ်တိုင်း

နှစ်တိုင်း စမ္မာမြစ်နား၌ ရတနာမဏ္ဍပ်ဆောက်လုပ်စေ၍ များစွာသော ပူဇော်ဘွယ်တို့ဖြင့် နဂါးမင်းအားပူဇော်၏၊ နဂါးမင်းလည်း နဂါးပြည်မှထွက်၍ များစွာသောအခြံအရံဖြင့်လာ၍အပူဇော်ခံ၏၊ လူတို့သည် နဂါးမင်းစည်းစိမ်ကိုကြည့်ရှုကြကုန်၏။

စည်းစိမ်လိုမှု ကုသိုလ်ပြု

ထိုအခါ ဘုရားလောင်းသည် သူဆင်းရဲမျိုး၌ဖြစ်၍ မင်းပရိသတ်နှင့်တကွ မြစ်နားသို့လိုက်သွားရာ နဂါးမင်းစည်းစိမ်ကိုမြင်လျှင် အလွန်လိုချင်မက်မောသော လောဘဖြစ်၍ တောင့်တလျက် အလှူပေးခြင်း,သီလဆောက်တည်ခြင်းကိုသာ ပြု၍နေ၏၊ စမ္မေယျနဂါးမင်းသေသည်မှ ခုနစ်ရက်မြောက်နေ့၌စုတေ၍နဂါးပြည်စမ္မေယျနဂါးမင်း၏ပြာသာဒ်ကြက်သရေတိုက် အိပ်ရာအပြင်ဝယ်ဖြစ်လေ၏၊ မုလေးပန်းဆိုင်းနှင့်တူသော ကြီးစွာသောကိုယ်ရှိ၏၊ ထိုအခါ ဘုရားလောင်းသည် မိမိကိုယ်ကိုမြင်လျှင် နှလုံးမသာယာသည်ဖြစ်၍ ငါကား တိရစ္ဆာန်မျိုး၌ဖြစ်ရ၏၊ သေရခြင်းသည် မြတ်သေး၏ ဟု အောက်မေ့၍နေ၏။

ထိုအခိုက် သုမနာမည်သော နဂါးမိဖုရားကြီးသည် နဂါးမင်းကိုမြင်လျှင် အာနုဘော်ကြီးသော နဂါးမင်းဖြစ်လာလတံ့ဟု ကြံစည်လျက် ကြွင်းသော နဂါးမတို့ကိုခေါ်၍ များစွာသောအတီးအမှုတ်တို့ဖြင့် ပူဇော်စေ၏၊ ထိုအခါ နဂါးမင်းသည် သိကြားမင်း၏နေရာ တာဝတိံသာနတ်ပြည်ကဲ့သို့ထင်လာ၏၊ သေလိုသောစိတ်သည် ပျောက်ငြိမ်းလေ၏၊ နဂါးအသွင်ကို စွန့်ကာတန်ဆာဆင်လျက် အိပ်ရာ

အပြင်၌နေ၏၊ ထိုအခါမှစ၍ စည်းစိမ်အခြံအရံသည် အလွန်များလေ၏။

နဂါးမနှောင့်ရှက်သီလပျက်

နောက်အဘို့၌နဂါးမင်းသည်တိရစ္ဆာန်မျိုး၌ဖြစ်ရသည်ကို အလွန်ငြီးငွေ့လျက် အမြန် လွတ်မြောက်၍ ဝင့်ဆင်းရဲမှ ထွက်ရန် ရည်သန်ကာ ဥပုသ် ဆောက်တည်လျက် ပြာသာဒ်ထက်၌သာနေ၏၊ တန်ဆာဆင်အပ်သော နဂါးမတို့လာကြ၍ နှောင့်ရှက်ကြသဖြင့် ဥပုသ်ပျက်လေ၏၊နောက်တဘန် ဥပုသ်ဆောက်တည်လျက် ဥယျာဉ်တော်သို့သွား၍ နေပြန်၏၊ နဂါးမတို့လာ၍ နှောင့်ရှက်ပြန်သဖြင့် ပျက်ပြန်၏။

လူ့ပြည်သို့သွား ဥပုသ်စောင့်ခြား

ထိုအခါ နဂါးမင်းသည် လူ့ပြည်သို့ သွား၍ဥပုသ်ဆောက်တည်မည်ဟု ကြံစည်လျက် ဥပုသ်နေ့၌ နဂါးပြည်မှထွက်၍ ပစ္စန္တရာဇ်ရွာတခုနှင့် မနီးမဝေး လမ်းခရီးမ အနီးရှိ တောင်ပို့ထိပ်၌နေ၍ ငါ၏အရေအသားကို အလိုရှိသူတို့သည် ယူစေကုန်၊ အလမ္ပါယ်သမားတို့ ကပြရန်အလိုရှိလျှင်လည်းယူစေကုန်ဟု နှလုံးသွင်းလျက် ကိုယ်ကို အလျှူဝ၌စွန့်၍ အခွေတို့ကိုခွေလျက် အိပ်ကာ ဥပုသ် ဆောက်တည်လေ၏၊ ခရီးလမ်း၌သွားကုန်သောသူတို့သည်မြင်လျှင် ပန်းနံ့သာစသည်တို့ကို ပူဇော်ကြကုန်၏၊ ပစ္စန္တရာဇ်၌နေသောသူတို့လည်း နဂါးမင်းကြီးသည် တန်ခိုးအာနုဘော်ကြီး၏ဟု ကြည်ညိုကြ၍ အထက်၌မဏ္ဍပ်ဆောက်ကာ သဲဖြူခင်း၍ ပန်းနံ့သာစသည်တို့ကိုပူဇော်ကုန်၏၊အချို့လည်းလာ၍ သားဆုကိုတောင်းကုန်၏၊ တဆယ့်လေးရက် တဆယ့်ငါးရက်

နေ့တို့၌ တောင်ပို့ထိပ်၌ ဥပုသ်ဆောက်တည်လျက် အထွက်တရက်နေ့၌ နဂါးပြည်သို့ပြန်၏။

ဘေးရန်ရှိလျှင် နိမိတ်မြင်

ကာလ ကြာလတ်သော် တနေ့သ၌ သုမနာ မိဖုရားကြီးသည် နဂါးမင်းထံ ကပ်၍ "အရှင်မင်းကြီး.... အရှင်တို့သည် လူ့ပြည်သို့သွား၍ ဥပုသ် ဆောက်တည်တော်မူ၏၊ လူ့ပြည်၌ကား ရံရှာဘွယ်ရှိ၏၊ ဘေးရန်များလှ၏၊ အရှင်အား အကယ်၍ ဘေးဖြစ်သည်ရှိသော် အကျွန်ုပ်တို့သည် ဘယ်အကြောင်းဖြင့် သိရကုန်အံ့နည်း"ဟု မေးလျှောက်၏၊ ထိုအခါ နဂါးမင်းကြီးသည် မိဖုရားကြီးကို ဥယျာဉ်တော်သို့ခေါ်၍ မင်္ဂလာရေကန်သို့ရောက်လျှင် "အရှင်မိဖုရား.... အကယ်၍ ငါ့အားတစုံတယောက် ပုတ်ခတ်ညှဉ်းပန်းငြားအံ့၊ ဤမင်္ဂလာရေကန်၌ ရေသည်နောက်လတ့်၊ အကယ်၍ ဂဠုန်ဘမ်းအံ့၊ ရေသည်ကျိုက်ကျိုက်ဆူဖြစ်၍ ထင်ရလတ့်၊ အကယ်၍အလမ္ပါယ်သမားတို့ဘမ်းယူအံ့၊ ရေသည် သွေးကဲ့သို့ခြင်းခြင်းနီလတ့် ဟု ပြော၍ ဤနိမိတ်သုံးပါးကို ကြည့်၍ ငါ့အားဘေးရန်ရှိမရှိ သိလေလော့ဟု မှာထား၏။

အလမ္ပါယ်ဖမ်းပြန် မခုခံ

တဆယ့်လေးရက်မြောက် နေ့၌ နဂါးမင်းသည် လူ့ပြည်သို့သွား၍ တောင်ပို့ထိပ်၌ဥပုသ်ဆောက်တည်ကာလျောင်း၍နေ၏၊ ကိုယ်ရောင်ကိုယ်ဝါဖြင့် တောင်ပို့ကို တင့်တယ်စေ၏၊ ဖြူဖွေး၍*ထွန်တုံးပမာဏရှိ၏။

---

* ဘူရိဒတ်ဇာတ်၌ကိုယ်သည်ပေါင်လုံးပမာဏရှိ၏၊ သင်္ခပါလဇာတ်၌ ကိုယ်သည် လှေပိန်းကောပမာဏရှိ၏၊ ဤဇာတ်၌ကား ကိုယ်သည်ထွန်တုံးပမာဏရှိ၏။

ထိုအခါ ဗာရာဏသီပြည်သား လုလင် ပုဏ္ဏားတယောက်သည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာထံ အလမ္ပါယ်အတတ်ကို သင်ကြားပြီး၍ ပြန်လာရာ တောင်ပို့ထိပ်၌ ဥပုသ်စောင့်နေသော နဂါးမင်းကိုမြင်လျှင် ဤမြွေကြီးကိုဖမ်း၍ ကပြစေရမူ ဥစ္စာများစွာရပေမည်ဟုကြံစည်လျက် နတ်ဆေးတို့ကိုယူ၍ နတ်မန္တရားနှင့်တူသော မန္တရားကိုရွတ်လျက် နဂါးမင်းထံ သွား၏၊ နဂါးမင်းသည် မန္တရားကိုကြားသောအခါမှစ၍ နားတို့၌ သံတံကျင်လျှိုသကဲ့သို့ရှင်း ဦးခေါင်း၌သံမှိုနှက်သကဲ့သို့ရှင်းဖြစ်လာ၏၊ ဤအသံကား အဘယ်အသံနည်းဟု ကြည့်ရှုလတ်သော် မြွေအလမ္ပါယ်သမားကိုမြင်လျှင် ငါ၏အဆိပ်ကား များပြားပြင်းထံလှ၏၊ ငါသည် အကယ်၍ နှာခေါင်းလေဖြင့် မှုတ်လတ်သော် ဖွဲပြာကဲ့သို့ ဖရိုဖရဲကြဲလတံ့၊ ထိုအခါ ငါ့သီလပျက်လတံ့ ဟု အလမ္ပါယ်ကိုမကြည့်ဘဲ မျက်စိတို့ကို မှိတ်လျက် အခွေကြား ခေါင်းထားကာနေ၏။

အလမ္ပါယ်နှိပ်စက် သည်းခံလျက်

အလမ္ပါယ်ပုဏ္ဏားသည်ဆေးကိုစီရင်ပြီးလျှင် မန္တရားကို ရွတ်ကာ နဂါးမင်း၏ ကိုယ်၌ တံတွေးထွေး၏၊ ဆေးနှင့်မန္တရား၏အာနုဘော်ကြောင့် တံတွေးထိရာအရပ်သည် ဖုးရရူးထသကဲ့သို့ဖြစ်၏၊ ထိုအခါ အလမ္ပါယ်ပုဏ္ဏားသည် အမြီးကို ကိုင်၍ဆွဲပြီးလျှင် အလျားအိပ်စေ၍ လှံတံခွဖြင့်နှိပ်လျက် အားနည်းအောင်ပြု၍ ဦးခေါင်းကို မြဲစွာကိုင်လျက် နှိပ်ရာ ခံတွင်းပွင့်လာလျှင် တံတွေးထွေး၍ သွားတို့ကိုချိုး၏၊ ခံတွင်း၌ သွေးဖြင့်ပြည့်၏၊ နဂါးမင်းသည် သီလပျက်မည်ကို ကြောက်သဖြင့် အောင့်အည်းသည်းခံလျက် မျက်စိကိုဖွင့်

P.116 စမ္ပေယျနဂါးမင်းသည် လှံတံဖြင့်ထိုးဆွနှိပ်စက်သော အာလမ္ပါယ်ပုဏ္ဏားအား သီလပျက်မည်စိုး၍သည်းခံနေပုံ

၍ကြည့်ခြင်းမျှကိုပင်မပြု၊အလမ္ဗါယ်သည်နဂါးမင်းကိုတဘန် အမြီးမှစ၍ တကိုယ်လုံးအရိုးတို့ကို မှုန့်မှုန့်ညက်ညက်ကြေ စေသကဲ့သို့ ကိုယ်ကိုနင်း၏၊ ရစ်ပတ်၏၊ ရက်ကန်းသည်တို့ ချည်စာနင်းသကဲ့သို့နင်းနယ်၏၊ အမြီးကိုကိုင်၍ ခေါက်ဖွပ် သကဲ့သို့ဖွပ်၏၊ နဂါးမင်း၏ ကိုယ်အလုံးသည် သွေးတို့ဖြင့် လိမ်းကျံလျက်ရှိ၏၊ ကြီးစွာသောဝေဒနာကိုခံစားရ၏။

မင်းထံရောက်ကြောင်း အစာမစား

အလမ္ဗါယ် ပုဏ္ဏားသည် နဂါးမင်းကို ပခြုတ်၌ ထည့်၍ ယူဆောင်ပြီးလျှင် ပစ္စန္တရာဇ်သို့သွားလျက် လူတို့အလယ် ၌ကစေ၏၊အလမ္ဗါယ်ဆရာ၏အလိုအတိုင်းညိုသောအဆင်း စသည်, လေးထောင့်သဏ္ဌာန်စသည်, အငယ်အကြီးပမာ ဏစသည်, ပါးပျဉ်းရာထောင်စသည်တို့ကိုပြုလုပ်ကာက-ရ ၏၊ လူအများသည် ကြည်ညို၍ ဥစ္စာများစွာကိုပေးကုန်၏၊ တနေ့တည်း၌ပင် အသပြာတထောင်ကိုရ၏၊ အလမ္ဗါယ် သည် ဖမ်းယူစက အသပြာတထောင်ရလျှင် လွှတ်မည်ဟု ကြံစည်ထားသော်လည်း လောဘကြီးကာ ပစ္စန္တရာဇ်မှာ ပင် ဤမျှရတုံသေး၏၊ မင်းနေပြည်ဖြစ်လျှင် မည်မျှရမည် မသိ၊ ဥဂ္ဂသေနမင်းကြီးထံသွား၍ကပြပြီးမှ လွှတ်မည်ဟု ကြံစည်ပြန်လျက် ဗာရာဏသီပြည် ဥဂ္ဂသေနမင်းကြီးထံ သွားလေ၏၊ နဂါးမင်းသည် အစာအာဟာရကို ကျွေး သော်လည်း မစားလေ။

ဥဂ္ဂသေန မင်းကြီးထံ ရောက်လျှင် မင်းကြီးသည် အလမ္ဗါယ်ကိုအကခိုင်းရာ နက်ဖြန်ပန္နရသီနေ့၌မင်းရင်ပြင် တွင်ကပြပါမည်ဟုလျှောက်ထားလေ၏၊မင်းကြီးလည်းတမြို့

လုံးစည်လည်စေ၏၊ အလမ္ပါယ်ပုဏ္ဏားသည် နက်ဖြန်နေ့တွင် မင်းရင်ပြင်ဝယ် မင်းနှင့်တကွ ပရိသတ်အလယ်၌ မြွေပခြုတ်ကိုချ၍ ပခြုတ်မှထုတ်ပြီးလျှင် နဂါးမင်းကိုကစေ၏၊ လူတို့သည် အလွန်နှစ်သက်၍ ပုဆိုးဦးရစ်မြှောက်ကြကုန်၏၊ ရတနာခုနစ်ပါးတို့ကို နဂါးမင်းအထက်၌ မြှောက်ကြကုန်၏၊ ဖမ်းယူလာသည်မှာ တလပြည့်ခဲ့၏၊ အစာလည်း မစားရလေ။

မိဖုရားရောက်လာ ငိုကြွေးရှာ သုမနာမိဖုရားကြီးလည်း နဂါးမင်းကြီး ပြန်လာနိုး ပြန်လာနိုးနှင့် စောင့်နေရာ မလာတော့သဖြင့် ပူပန်သောကရောက်လျက်အကြောင်းအဘယ်သို့ရှိသနည်းဟုကြည့်ရှုရန်မင်္ဂလာရေကန်သို့သွား၍ကြည့်လေ၏၊ မင်္ဂလာရေကန်၌ ရေသည် သွေးအဆင်းကဲ့သို့ ခြင်းခြင်းနီနေသည်ကိုမြင်လျှင် ငါ့ချစ်လင်နဂါးမင်းသည် အလမ္ပါယ်လက်ရောက်နေပြီဟုအတတ်သိ၍ ငိုကြွေးကာ နဂါးပြည်မှထွက်၍ဥပုသ်ဆောက်တည်နေကျတောင်ပို့၌ နဂါးမင်းကို ဖမ်းယူရာ ညှင်းဆဲရာတို့ကို မြင်၍ ရင်ထုမနာဖြစ်လျက် လူတို့ကို မေးမြန်း၍ လိုက်ရာ ဥဂ္ဂသေနမင်းကြီး၏ မင်းရင်ပြင် ပွဲသဘင်သို့ ရောက်၍ ကောင်းကင်၌ရပ်တည်ကာ ငိုလျက်နေ၏။

သိသာလိုရေး မင်းကြီးမေး နဂါးမင်းသည် ကောင်းကင်သို့ မော်၍ ကြည့်လတ်သော် မယားသုမနာမိဖုရားကြီးကိုမြင်လျှင် ရှက်နိုးသဖြင့် ပခြုတ်တွင်းသို့ဝင်၍အိပ်လေ၏၊ ထိုအခါ မင်းကြီးသည် နဂါးမင်းပခြုပ်တွင်းသို့ဝင်၍ နေသောအကြောင်းကား အဘယ်

သို့နည်းဟု ဟိုဟိုသည်သည် ကြည့်ရှုလတ်သော် ကောင်းကင်၌တည်နေသော နဂါး မိဖုရားကြီးကိုမြင်၍-

"အဘယ်....သင်ကားလျှပ်စစ်နွယ်သောက်ရှုးကြယ်ကဲ့သို့ အရောင်တောက်ပ၏၊ အဘယ်သူနည်း၊ နတ်သမီးဖြစ်သလော၊ဂန္ဓဗ္ဗနတ်သမီးဖြစ်သလော၊ သင့်ကို လူမိန်းမဟု မမှတ်ထင်မိပါ"-

ဟု မေးလေ၏၊ ထိုအခါ သုမနာမိဖုရားသည် မင်းကြီးအား-

"မြတ်သောမင်းကြီး.... အကျွန်ုပ်ကား နတ်သမီးလည်းမဟုတ်ပါ၊ ဂန္ဓဗ္ဗနတ်သမီးလည်းမဟုတ်ပါ၊ လူမိန်းမလည်းမဟုတ်ပါ၊ အရှင်မင်းကြီးအားကောင်းခြင်း မင်္ဂလာဖြစ်ပါစေ၊ အကျွန်ုပ်ကား နဂါးမဖြစ်ပါ၏၊ အကြောင်းရှိသောကြောင့် ဤပြည်သို့လာခဲ့ပါ၏"-

ဟု ပြောဆိုပြီးလျှင် အချင်းချင်းစကားပြောကြကုန်၏။

"အို-နဂါးမ.... သင်သည် တုန်လှုပ်သောစိတ်ရှိလျက် ပင်ပန်းနွမ်းနယ်သော ဣန္ဒြေရှိဘိ၏၊သင်၏မျက်စိမှ မျက်ရည်ပေါက်တို့သည် ယိုစီးကုန်၏၊ သင့်အား အဘယ်ဝတ္ထုပျောက်ဆုံးသနည်း၊ ဘယ်အရာကိုလို၍ ဤအရပ်သို့လာသနည်း၊ အကြောင်းကိုပြောကြားပါ"။

"မြတ်သောမင်းကြီး.... ထက်သောတန်ခိုးရှိ၏ဟု လူတို့သမုတ်အပ်သော နဂါးမင်းကို အလမ္ပါယ်ယောက်ျားသည် အသက်မွေးလိုသဖြင့် ဖမ်းယူ

ထားပါ၏၊ ထိုနဂါးမင်းကား အကျွန်ုပ်၏ချစ်လင် ဖြစ်ပါ၏၊ အကျွန်ုပ်၏ချစ်လင်နဂါးမင်းကို ပခြုပ်အနှောင်အဖွဲ့မှ လွှတ်တော်မူပါ"။

"အို-နဂါးမ…. အားလုံ့လနှင့် ပြည့်စုံသော နဂါးမင်းကို ဤအလမ္ပါယ် ယောက်ျားသည် တယောက်တည်းဖြစ်လျက် အဘယ်ကြောင့် ဖမ်းယူနိုင်သနည်း၊ အကြောင်းကို ငါ့အားပြောကြားပါ၊ သင့်လင်နဂါးမင်းကို ဖမ်းယူခြင်းကို ငါတို့အဘယ်မှာသိနိုင်မည်နည်း"။

"မြတ်သောမင်းကြီး…. အကျွန်ုပ်လင် နဂါးမင်းသည် တမြို့လုံးကိုလည်း ဖွဲ့ပြာဖြစ်အောင်ပြုနိုင်ပါ၏၊ အမှန်အားဖြင့် အားလုံ့လနှင့်ပြည့်စုံပါ၏၊ နဂါးမင်းသည် သီလကိုရိုသေပါ၏၊ သီလပျက်မည်မှကြောက်သောကြောင့် ခြိုးခြံသော အကျင့်ကို ကျင့်၍နေပါ၏"။

"မြတ်သောမင်းကြီး‥အကျွန်ုပ်လင် နဂါးမင်းသည်တဆယ့်လေးရက်မြောက်ဥပုသ်နေ့တဆယ့်ငါးရက်မြောက် ဥပုသ်နေ့တို့၌ ခရီးလမ်းဆုံတို့၌ ဥပုသ်ဆောက်တည်၍ နေပါ၏၊ အလမ္ပါယ်ယောက်ျားသည် အသက်မွေးလိုသည်ဖြစ်၍ ဖမ်းယူပါ၏၊ ဤအလမ္ပါယ် ဖမ်းယူထားသော နဂါးမင်း ကား အကျွန်ုပ်ချစ်လင်ဖြစ်ပါ၏၊ နဂါးမင်းကို သင်မင်းကြီးသည် ပခြုပ်အနှောင်အဖွဲ့မှ လွှတ်တော်မူပါ"။

"မြတ်သောမင်းကြီး.... ပတ္တမြား နားဒောင်း ဝတ်လျက် ရေမိုးသောအိမ်၌နေသော နဂါးမတ သောင်းခြောက်ထောင်ရှိပါ၏၊ ထိုနဂါးမတသောင်း ခြောက်ထောင်တို့သည် နဂါးမင်းကို ခစားကြပါ ကုန်၏"။

"မြတ်သောမင်းကြီး.... အနိုင်အထက် နှိပ် စက်ကလူမပြုလုပ်ဘဲ တရားနှင့်အညီ ရွာကိုပေးသ ဖြင့်၎င်း,ရွှေစင်နိက္ခကိုပေးသဖြင့်၎င်း, နွားတရာကို ပေးသဖြင့်၎င်း လွှတ်စေတော်မူပါ၊ နဂါးမင်းသည် လွတ်လွတ်သွားပါစေ၊ ကုသိုလ်ကို အလိုရှိသော နဂါးမင်းသည် ပခြုပ် အနှောင်အဖွဲ့မှ လွတ် ပါစေ"—

ဟု ဆုလာဘ်ပေး၍လွှတ်ရန် တောင်းပန်လေ၏။

နဂါးလွှတ်ရန် မင်းကြီးဝန်ခံ

ထိုအခါ မင်းကြီးသည် နဂါးမပြော သော အတိုင်း လွှတ်မည်ဟု ဝန်ခံပြီး လျှင် အလမ္ပါယ်ယောက်ျားအား—

"အို-အလမ္ပါယ်မှူဆိုး.... ငါသည် သင့်အား ရွှေစင်နိက္ခတရာကို၎င်း, ကောင်းမြတ်သော ပတ္တ မြား နားဒောင်းကို၎င်း, ခေါင်းအုံးလေးခုရှိ၍ အောင်းမဲညိုပွင့် အဆင်းရှိသော ပလ္လင်ကို၎င်း ပေးပါ၏၊ အရွယ်အဆင်းတူ မယားနှစ်ယောက် ကို၎င်း,နွားလားဥသဘနှင့်တကွ နို့ညှစ်နွားမတရာ ကို၎င်း ငါပေးပါ၏၊ နဂါးမင်းကိုလွှတ်ပါ၊ အလို

ရှိရာသို့သွားပါစေ၊ ကုသိုလ်ကိုအလိုရှိသော နဂါး
မင်းသည် ပခြုပ်အနှောင်အဖွဲ့မှ လွတ်ပါစေ''-
ဟု ပြောဆိုကာ ဆုလာဘ်ပေး၍ လွှတ်စေ၏။

ပခြုပ်တွင်းမှ လွတ်မြောက်ရ

ထိုအခါ အလမ္ပါယ် ယောက်ျားသည် မင်းကြီး၏စကားကို ဝန်ခံ၍-

''မြတ်သောမင်းကြီး.... တစုံတရာ ဆုလာဘ်
မပေးသော်လည်း အရှင်မင်းကြီး၏စကားတော်ကို
ရိုသေလေးစားသဖြင့် နဂါးမင်းကို ပခြုပ်အနှောင်
အဖွဲ့မှလွှတ်ပါကုန်အံ့၊ နဂါးမင်းသည် လွတ်လွတ်
အလိုရှိရာသွားပါစေ၊ ကောင်းမှုကိုအလိုရှိသော
နဂါးမင်းသည် ပခြုပ်အနှောင်အဖွဲ့မှ လွတ်ပါစေ
သတည်း''-

ဟု လျှောက်ထားပြီးလျှင် အလမ္ပါယ်သည် နဂါးမင်းကို ပခြုပ်တွင်းမှထုတ်၍ လွှတ်လေ၏။

ကျေးဇူးကိုသိ ပူဇော်ဘိ

ထိုအခါ နဂါးမင်းသည် ပခြုပ်တွင်းမှ လွတ်လျှင် ပန်းအတွင်းသို့ဝင်၍ နဂါးအသွင်ကိုစွန့်၍မြေကိုဘောက်ခွဲကာ ထွက်လာဘိသကဲ့သို့ တန်ဆာဆင်အပ်သော လုလင်အသွင်ဖြင့် တည်လေ၏၊ သုမနာနဂါးမိဖုရားလည်း ကောင်းကင်မှ ဆင်းသက်ကာ နဂါးမင်းထံ၌တည်လာ၏၊ နဂါးမင်းသည် မင်းကြီးကိုလက်အုပ်ချီလျက်-

''မြတ်သောမင်းကြီး.... အရှင်မင်းကြီးအား
ရှိခိုးပါ၏၊ မြတ်သောမင်းကြီး.... အရှင်မင်းကြီး

အား ရှိခိုးပါ၏၊လက်အုပ်ချီပါ၏၊ အရှင်မင်းကြီး အားအကျွန်ုပ်နေရာ နန်းပြာသာဒ်ကိုပြချင်ပါ၏”— ဟု လျှောက်ထားလေ၏။

ယုံကြည်စေလို သစ္စာဆို ထိုအခါ ဥဂ္ဂသေနမင်းကြီးသည် စမ္မေယျနဂါးမင်းအား—

“အို-နဂါးမင်း.... လူနှင့်နဂါးတို့ ချစ်ကျွမ်းဝင်ခြင်းကား အလွန်ခဲယဉ်းလှ၏ဟု ပညာရှိတို့ ပြောဆိုကြကုန်၏၊ သင်နဂါးမင်းသည် အကျွန်ုပ်အား နန်းပြာသာဒ်ကိုကြည့်ရှုရန် တောင်းပန်ဘိ၏၊ အကျွန်ုပ်လည်း သင်နဂါး၏နန်းပြာသာဒ်ကို မြင်လိုပါ၏၊ စင်စစ်သော်ကားသင်နဂါးမင်းကို မယုံကြည်နိုင်ပါ”—

ဟု ပြောဆိုလေ၏။ ထိုအခါနဂါးမင်းသည် မင်းကြီးအား—

“မြတ်သောမင်းကြီး.... အကယ်၍ လေသည် တောင်ကိုသော်လည်း လွင့်စေရာ၏၊ လ,နေ တို့သည် မြေသို့လည်းကျကုန်ရာ၏၊ အလုံးစုံသောမြစ်တို့သည် အညာသို့လည်းစီးကုန်ရာ၏၊ အကျွန်ုပ်သည် မဟုတ်မမှန်သောစကားကို မဆိုရာ”။

“မြတ်သောမင်းကြီး.... အကယ်၍ ကောင်းကင်ကြီးသည် ကွဲရာ၏၊ မဟာသမုဒ္ဒရာသည်လည်း ခန်းခြောက်ရာ၏၊မြေကြီးသည်လည်း ဖျာကဲ့သို့လိပ်ခွေရာ၏၊ ကျောက်ဖြင့်ပြီးသော မြင်းမိုရ်တောင်

သည်လည်း အမြစ်နှင့်တကွ ကောင်းကင်သို့ပျံတက်ရာ၏၊ အကျွန်ုပ်သည် မဟုတ်မမှန်သောစကားကို မဆိုသည်သာတည်း''—

ဟု ယုံကြည်လောက်အောင် ကျိန်ဆိုလေ၏။

နောက်ထပ်တဖန် ကျိန်ဆိုပြန်

ထိုအခါ ဥဂ္ဂသေနမင်းသည် ကျိန်ဆိုသော်လည်း မယုံကြည်သဖြင့် နဂါးမင်းအား တဘန်—

''အို-နဂါးမင်း···· သင်တို့ကား စင်စစ်အဆိပ်ပြင်းထန်ကုန်၏၊ အဆိပ်များကုန်၏၊ တန်ခိုးကြီးကုန်၏၊ လျင်မြန်စွာ အမျက်ထွက်တတ်ကုန်၏၊ ငါတို့ကြောင့် ပခြုပ်နှောင်အိမ်တွင်းမှ လွတ်ရ၏၊ ငါတို့ပြုအပ်သော ကျေးဇူးကိုသိသိုက်၏''—

ဟု ပြောဆိုပြန်၏၊ နဂါးမင်းသည် မင်းကြီးမယုံကြည်သည်ကိုသိလျှင် ယုံကြည်စိမ့်သောငှါ နောက်ထပ်တဘန်—

''မြတ်သောမင်းကြီး···· ကျေးဇူးပြုသော သင်မင်းကြီးကဲ့သို့သောကျေးဇူးရှင်ကို မသိသောသူသည် ကြမ်းကြုတ်သောငရဲ၌ ခံရစေသတည်း၊ တစုံတခုသောကိုယ်ချမ်းသာကို မရပါစေသတည်း၊ ပခြုပ်ဖြင့်နှောင်ဖွဲ့ကာသေပါစေသတည်း''—

ဟု ကျိန်ဆိုပြန်လေ၏။

ချင်းချင်းယုံမှ ချီးကျူးကြ

ထိုအခါ ဥဂ္ဂသေနမင်းသည် ယုံကြည်၍ နဂါးမင်းအား—

"အို-နဂါးမင်း.... သင်၏ဝန်ခံခြင်းသည် မှန်ပါစေ၊ အမျက်မကြီးသည် ရန်ငြိုးမဖွဲ့သည် ဖြစ်ပါစေ၊ လူတို့သည် နွေအခါမီးကိုရှောင်ကြဉ်သကဲ့သို့ ဂဠုန်တို့သည် အလုံးစုံသော နဂါးမျိုးတို့ကိုရှောင်ကြဉ်ကြပါစေ"—

ဟု ဆုတောင်းကာ ကောင်းချီးပေးလေ၏၊ ထိုအခါ နဂါးမင်းသည် မင်းကြီးအား တဖန်—

"မြတ်သောမင်းကြီး....အမိသည် တယောက်တည်းသောသားကို အစဉ်သနားသကဲ့သို့ သင်မင်းကြီးသည် နဂါးမျိုးကို အစဉ် သနားတော်မူပေ၏၊ အကျွန်ုပ်နှင့်တကွ နဂါးမျိုးတို့လည်း အရှင်မင်းကြီး၏ များစွာသော အမှုကိစ္စတို့ကို ဆောင်ရွက်ကြပါအံ့"—

ဟုဝန်ခံကာကောင်းချီးပေးပြန်၏။

နဂါးပြည်၌ လွန်မျှော်ပိုက်

ထိုအခါ ဥဂ္ဂသေနမင်းကြီးသည် နဂါးပြည်သို့သွား၍ ကြည့်ရှုရန် ဆင်,မြင်း, ရထား များစွာသောစစ်သည်ဗိုလ်ပါတို့ကို အမတ်တို့ကို စီရင်စေ၏၊ အမတ်တို့လည်း စီရင်ကြကုန်၏၊ မင်းကြီးသည် တသောင်း ခြောက်ထောင်သော မောင်းမအပေါင်းခြံရံလျက် များစွာသောစစ်သည်ဗိုလ်ပါနှင့်တကွ မင်း၏အသရေဖြင့် ဗာရာဏသီ မြို့တော်မှ ထွက်၍ နဂါးပြည်သို့သွားလေ၏။

နဂါးပြည်သို့ရောက်လျှင် မြို့တံတိုင်း, ပစ္စင်, ရင်တားတို့ကိုရှင်း အလွန်ဆန်းကြယ်၍ မွေလျော်ဘွယ် ကောင်းသော

ဘုံဗိမာန် ဥယျာဉ်ရေကန် စသည်တို့ကိုဂုဏ်း မြင်ရလေ၏၊ ထိုနောက် ဥဂ္ဂသေနမင်းကြီးသည် နဂါးမင်း၏ ဗိမာန်သို့ ဝင်လေ၏၊ နဂါးမင်းလည်း ခရီးဦးကြိုဆိုကာ မြတ်သော နေရာ၌ နေစေ၏၊ နဂါးမင်းသမီးတို့သည် နတ်၌ဖြစ်သော တူရိယာတို့ကို တီးမှုတ်သီဆို ကပြကြလျက် မင်းကြီးအား ဖျော်ဖြေကြကုန်၏၊ မွန်မြတ်သော အရသာရှိသော နတ် ဘောဇဉ်ကို ဆက်သကုန်၏၊ မင်းကြီး၏ပရိသတ်အားလည်း ကျွေးမွေး ညှော်ခံကုန်၏၊ မင်းကြီးအား နတ်၌ဖြစ်သော ကာမဂုဏ်တို့ဖြင့်လည်း မွေ့လျော်စေကုန်၏၊ မင်းကြီးသည် ပရိသတ်နှင့်တကွ ခုနစ်ရက်ပတ်လုံး နတ်စည်းစိမ်ကိုခံစား တော်မူ၏။

ဥပုသ်စောင့်မှု မေးမြန်းပြု

ထိုအခါ ဥဂ္ဂသေနမင်းကြီးသည်အတိုင်း မသိသော နဂါးမင်း၏ စည်းစိမ်ကိုမြင် ရလျှင်နဂါးမင်းအား–

"အို-နဂါးမင်း.... သင့်မှာ ဤမျှအတိုင်းမသိ ကြီးကျယ် ခမ်းနားလှသော စည်းစိမ်ချမ်းသာကို စွန့်၍ အဘယ်ကြောင့် လူ့ပြည်သို့လာ၍ တောင်ပို့ ထိပ်၌ ဥပုသ်ဆောက်တည်ဘိသနည်း၊ ထိုသို့ဥပုသ် စောင့်ခြင်းမှာ အဘယ်ကို တောင့်တ၍ ဥပုသ် ဆောက်တည်ပါသနည်း"–.

ဟုမေးလေ၏၊ ထိုအခါ နဂါးမင်းသည် ဥဂ္ဂသေန မင်းကြီးအား–

"မြတ်သောမင်းကြီး....အကျွန်ုပ်ကား သား, သမီး, ဥစ္စာ,စည်းစိမ်, အသက်ရှည်ခြင်းကိုတောင့် တ၍ ဥပုသ်ဆောက်တည်သည်မဟုတ်ပါ၊ လူ့

အဖြစ်ကိုတောင့်တ၍ ဥပုသ် ဆောက်တည်ပါ၏” ဟုပြော၏။

“နဂါးမင်း····သင်တို့နဂါးပြည်၌ အရာရာပြည့်စုံပါလျက် နဂါးပြည်ထက် လူ့ပြည်သည် အဘယ်ကြောင့်မြတ်ပါသနည်း”ဟုမေး၏။

“မြတ်သောမင်းကြီး ···· လူ့ပြည်ကို ထား၍ အမြိုက်နိဗ္ဗာန် ဟူသော စင်ကြယ်ရာသည် ၎င်း၊ သီလကို စောင့်စည်းခြင်းသည်၎င်းမရှိပါ၊ အကျွန်ုပ်သည် လူ့အဖြစ်ကိုရသည်ရှိသော်ပဋိသန္ဓေနေခြင်း, သေခြင်း၏အဆုံးကိုပြုပါအံ့”ဟု ပြော၏။

“အို-နဂါးမင်း····စင်စစ်အကြားအမြင်ပညာဗဟုသုတရှိ၍ အရာရာမှာ ကြံစည်နိုင်ကုန်သော ပညာရှိတို့ကို မှီဝဲဆည်းကပ်အပ်ကုန်၏၊ အကျွန်ုပ်ကား သင်နဂါးမင်းနှင့် နဂါးမတို့ကိုမြင်ရ၍ များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုပါအံ့” ဟု ပြော၏။

“မြတ်သောမင်းကြီး····စင်စစ် အကြားအမြင်ပညာဗဟုသုတရှိ၍ အရာရာမှာ ကြံစည်နိုင်ကုန်သော ပညာရှိတို့ကို မှီဝဲဆည်းကပ် အပ်ကုန်၏၊ သင်မင်းကြီးသည် အကျွန်ုပ်နှင့် နဂါးမတို့ကိုမြင်ရ၍ များစွာသောကုသိုလ်ကောင်းမှုကိုပြုပါလော့” ဟု ပြော၏။

ဤသို့နဂါးမင်းနှင့်တကွ ပြောဆိုပြီးလျှင် ဥဂ္ဂသေနမင်းသည် နဂါးမင်းအား တိုင်းပြည်သို့ပြန်ရန်ပန်ကြား၏။

ရွှေငွေယူကာ ပြန်ကြွလာ

ထိုအခါ နဂါးမင်းသည် ဉတ္တသေနမင်း အား—

“မြတ်သောမင်းကြီး···· ဤရွှေငွေ အစုကား များလှ၏၊ အမြင့်ထန်းတဖျားမျှရှိ၏၊ ဤရွှေငွေမှ လိုသလောက် ယူဆောင်၍ ရွှေနန်းတော်နှင့် ငွေ တံတိုင်းတို့ကိုပြုတော်မူပါ”။

“ကျောက်မျက်ရွဲနှင့် ရောနေသော ဂါဟငါး ထောင်ရှိသော ပုလဲတို့ကိုယူဆောင်၍ နန်းတော် မြေ၌ညွန်မြူမရှိရအောင်ခင်းတော်မူပါ”။

“မြတ်သောမင်းကြီး····ရွှေနန်းတော် ငွေတံ တိုင်း ကျောက်မျက်ရွဲ ရောသော ပုလဲအခင်းရှိ၍ ဝပြောကုံလုံသော ဗာရာဏသီမြို့တော်၌ နေတော် မူပါ၊မင်းအဖြစ်ကိုလည်းပြုတော်မူပါ”။

ဟုအလိုရှိရာ ယူဆောင်သွားရန် ဘိတ်မန်လေ၏၊ ဉတ္တသေနမင်းလည်း ယူဆောင်သွားရန် ဝန်ခံလေ၏၊ ထို အခါ နဂါးမင်းသည် နဂါးပြည်၌ ဉတ္တသေန မင်းကြီး၏ ပရိသတ်သည် အလိုရှိရာယူစေ-ဟု စည်လည်စေ၏၊ ဉတ္တ သေနမင်းကြီး အတွက်လည်း အရာမက များစွာသော လှည်းတို့ဖြင့် ရွှေငွေစသော ဥစ္စာတို့ကို တင်ဆောင်ကာ ဗာရာဏသီမြို့သို့ ပို့စေ၏၊ ဉတ္တသေနမင်းကြီးလည်း များ စွာသော ပရိသတ်အခြံအရံဖြင့် နဂါးပြည်မှ ထွက်ကာ ဗာရာဏသီပြည်သို့သွားလေ၏၊ [ထိုအခါမှစ၍ ဇမ္ဗူဒိပ် ကျွန်းဝယ်ရွှေငွေပေါများသတတ်။]

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည်အတိတ်,ပစ္စုပ္ပန် နှစ်တန်သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ဒါယကာတို့····

※ထိုအခါအလမ္ဗါယ်ပုဏ္ဏားသည်-ယခုအခါဒေ၀ဒတ်။

※ဥဂ္ဂသေနမင်းသည်-သာရိပုတ္တရာ။

※သုမနာမိဖုရားကြီးသည်-ရာဟုလာမယ်တော်။

※စမ္ပေယျနဂါးမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဥပုသ်သီလ၊ စောင့်သုံးက၊ မုချကျိုးရှိမည်။

(၂) စည်းစိမ်စွန့်ထား၊ ရေနဂါး၊ စောင့်ငြားမိဋ္ဌာန်တည်။

(၃) ပညာရှိထုံး၊ ဥပုသ်သုံး၊ သက်ဆုံးမြသင့်သည်။

စမ္ပေယျဇာတ်ပြီး၏။

၅၀၇-မဟာပလောဘနဇာတ်

ပစ္စုပ္ပန်၀တ္ထု

ညစ်ညူးစေမှု မိန်းမပြု — နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတ၀န်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မိန်းမတို့မည်သည် စင်ကြယ်သောသတ္တ၀ါအား ညစ်ညူးကြောင်းဖြစ်သည်ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကာသိက မင်း မင်းပြုသည်ရှိသော် သားတော်ကား အနိတ္ထိဂန္ဓသတို့ သား အမည်ရှိသတတ်။

[ဤ မဟာပလောဘနဇာတ်၌ ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထုတို့သည် အနိတ္ထိဂန္ဓဇာတ်နှင့်တူပြီ၊ အ ကျဉ်းအကျယ်မျှသာထူးသည်၊ အဓိပ္ပါယ်မထူးပြီ။]

၅၀၈—ပဉ္စပဏ္ဍိတဇာတ်

[ဤပဉ္စပဏ္ဍိတဇာတ်သည် မဟာဥမင်ဇာတ်၌ ထင်စွာ ဖြစ်လတံ့။]

၅၀၉-ဟတ္ထိပါလဇာတ်

ပစ္စုပ္ပန်ဝတ္ထု။

တောထွက်ခြင်းပြု အကျိုးရ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မြတ်သော တောထွက်ခြင်းကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

စည်းစိမ်များလျက် သားသမီးမဲ့

လွန်လေပြီးသောအခါ ဗာ ရာ ဏ သီ ပြည်ဝယ် ဧသုကာရီမင်း မင်းပြုသည်ရှိ သော် ထိုမင်း၏ ပုရောဟိတ်ပုဏ္ဏားသည်

မင်းနှင့် ငယ်ရွယ်စဉ်အခါမှစ၍ အလွန်ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်းဖြစ်၏၊ ထိုမင်းနှင့်ပုဏ္ဏား နှစ်ယောက်လုံးမှာ ပင် သားသမီးမရှိကြကုန်။

ထိုမင်းနှင့်ပုဏ္ဏားတို့သည် တနေ့သ၌ ချမ်းအေးသော နေရာဝယ် အတူတကွနေကြစဉ် ငါတို့အား စည်းစိမ်ဥစ္စာ များစွာရှိ၏၊ သားသမီးကား မရှိကြကုန်၊ အဘယ်သို့ပြုရ အံ့နည်းဟု အချင်းချင်း တိုင်ပင်ကြကုန်၏၊ ထို့နောက်မင်း ကြီးသည် ပုရောဟိတ်အား "အဆွေပုရောဟိတ်.... သင့် အား အကယ်၍သားရှိအံ့၊ သင့်သားအား မင်းစည်းစိမ် ကိုငါပေးမည်၊ ငါ့အားမူလည်း သားရှိအံ့၊ ငါ့သားအား သင်၏ဥစ္စာ အလုံးစုံကိုပေးရမည်"ဟု အချင်းချင်း ကတိ ကဝတ်ပြုကုန်၏။

သားသမီးများလျက် စည်းစိမ်မဲ့

တနေ့သ၌ ပုရောဟိတ်သည် မိမိစားရ သော ရွာသို့သွား၍ ပြန်လာသောအခါ တောင်တံခါးဖြင့် မြို့သို့ဝင်သည်ရှိသော် မြို့၏အပ၌ ဗဟုပုတ္တိကမည်သော သူဆင်းရဲမတယောက် ကိုမြင်လေ၏၊ ထိုဗဟုပုတ္တိက၌ သားခုနစ်ယောက်ရှိ၏၊ အနာရောဂါကင်း၏၊ တယောက်ကား ထမင်းအိုးခွက်ကို ကိုင်၏၊ တယောက်ကား အိပ်ရာဖျာကိုကိုင်၏၊ တယောက် ကား ရှေ့ကသွား၏၊ တယောက်ကား နောက်ကလိုက်၏၊ တယောက်ကား အမိလက်ကိုဆွဲ၏၊ တယောက်ကား ပခုံး၌လိုက်၏၊ တယောက်ကား ရင်ခွင်၌လိုက်၏။

သားသမီးရကြောင်း နတ်ကိုကြိမ်းမောင်း

ပုရောဟိတ်သည် ထိုမိန်းမကို မြင်လျှင် "နှမ.... ဤသူငယ်တို့အဘကား အ ဘယ်သူနည်း"ဟု မေး၏၊ "အရှင်....

မြဲသောအဘမရှိပါ”ဟုပြော၏၊ “ဤသူငယ်တို့ကို သင်အဘယ်သို့ ရသနည်း”ဟု မေးပြန်၏၊ ထိုအခါ သူဆင်းရဲမသည် တစုံတရာစွဲလမ်းရာကို မရသဖြင့် မြို့တံခါးအနီးရှိ ပညောင်ပင်ကြီးကိုလက်ညှိုးထိုးလျက်“အရှင်....ဤညောင်စောင့်နတ်မင်းထံ တောင်းပါ၏၊ ဤနတ်မင်းပေး၍ ရပါ၏”ဟု ပြော၏၊ “နှမ....ကောင်းပြီ သွားလော့”ဟုပြောဆိုကာ ရထားမှသက်ဆင်း၍ ပညောင်ပင်ရင်းသို့သွားပြီးလျှင် ပညောင်ပင်ခက်ကိုကိုင်၍လှုပ်လျက် “ဟယ်-ပညောင်ပင်စောင့်နတ်.... ငါတို့မင်းကြီးသည် သင့်အား နှစ်စဉ်တနှစ် အသပြာတထောင်အကုန်အကျခံ၍ ပူဇော်သက္ကာရပြုဘိ၏၊ သို့ပါလျက် ငါတို့မင်းကြီးအား သားဆုကိုမပေး အဘယ်ကျေးဇူးရှိ၍ သူဆင်းရဲမအား သားတွေပေးရသနည်း၊ အကယ်၍ ငါတို့မင်းကြီးအား သားဆုကိုမပေးလျှင် ခုနစ်ရက်မြောက်နေ့၌ သင့်ပညောင်ပင်ကို အမြစ်ပါတူး၍ အပိုင်းအပိုင်းဖြတ်မည်” ဟု ကြိမ်းမောင်း ခြိမ်းချောက်၍သွားလေ၏၊ ပုရောဟိတ်သည် ဤသို့သောနည်းဖြင့် ငါးရက်တိုင်အောင်လာ၍ နေ့စဉ် ကြိမ်းမောင်းခြိမ်းချောက်၏။

ခြောက်ရက်မြောက်နေ့၌ကား လာ၍ အခက်ကိုကိုင်ပြန်လျက် “ဟယ်-ပညောင်စောင့်နတ်.... ယနေ့ခြောက်ရက်ရှိချေပြီ၊ တရက်မျှသာကျန်တော့၏၊ အကယ်၍ ငါတို့မင်းကြီးအားသားဆုကိုမပေးအံ့၊နက်ဖြန်သင့်သစ်ပင်ကိုအမြစ်ပါတူး၍အပိုင်းအပိုင်းဖြတ်တော့မည်”ဟုခြိမ်းချောက်ကာနောက်ဆုံး သတိပေးသောအနေဖြင့်ပြောကြားပြန်၏။

နတ်မင်းကြောက်ခြင်း သိကြားထံသွား

ထိုအခါ ပသြောင်စောင့် နတ်သည် ပုဏ္ဏားခြိမ်းချောက်သံကိုကြား၍ ဆင်ခြင်လတ်သော် ဤပုဏ္ဏားကား သူဆင်းရဲမအား ငါသည် သားတို့ကိုမပေးရပါဘဲလျက်သူဆင်းရဲမ တော်မိတော်ရာ ပြောသောစကားကို ယုံကြည်လျက် သားမရခဲ့သော် မုချ ငါ့ပသြောင်ပင်ကို ဖျက်ဆီးပေအံ့မည်၊ ဘယ်အကြောင်းဖြင့် ပုဏ္ဏားအား သားဆုကိုပေးရမည်နည်းဟုကြံစည်လျက် စာတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့ထံသွား၍ ပုဏ္ဏားအား သားဆုကိုပေးရန် လျှောက်ထား၏၊ နတ်မင်းကြီးလေးယောက်တို့လည်း ငါတို့မပေးနိုင်ဟု ပြောကုန်၏၊ တဖန် နှစ်ကျိပ်ရှစ်ယောက်သော နတ်စစ်သူကြီးတို့ထံသွား၍ လျှောက်ပြန်ပါလည်း ငါတို့မပေးနိုင်ဟု ပြောကြပြန်ကုန်၏၊ တဖန် ကြံရာမရသဖြင့် သိကြားမင်းထံသွား၍ လျှောက်ပြန်၏။

သားလေးယောက်ရ ဝမ်းမြောက်လှ

သိကြားမင်းသည် သေကာရီ မင်းအား သားရမည်, မရမည်ကို ဆင်ခြင်လတ်သော်ရှေးအခါ ဗာရာဏသီပြည်သယ်ရက်ကန်းသည်ဖြစ်၍ ကုသိုလ်ကောင်းမှုကိုပြုကြသဖြင့် တာဝတိံသာ နတ်ပြည်သို့ ရောက်လာသော နတ်သား လေးယောက်ကိုမြင်၏၊ထိုအခါသိကြားမင်းသည် နတ်သားလေးယောက်တို့ထံသွား၍"အမောင်တို့…လူ့ပြည်၌ဖြစ်ရန်သင့်ကုန်၏၊ သေကာရီမင်းကြီး၏ မိဖုရားကြီးဝမ်း၌ ဖြစ်ကုန်လော"ဟု တိုက်တွန်း၏၊ နတ်သားလေးယောက်တို့လည်း အရှင်နတ်မင်းကောင်းပါပြီ၊သို့သော်လည်း မင်းမျိုး၌မဖြစ်

လိုကြပါ၊ ပုရောဟိတ်၏ပုဏ္ဏားမဝမ်း၌ ဖြစ်ကြပါမည်၊ငယ်ရွယ်စဉ်ကပင် ရဟန်းပြုကြပါကုန်အံ့ဟု ဝန်ခံကတိပေးကုန်၏၊သိကြားမင်းလည်း နတ်သား လေးယောက်ထံမှ ကတိရလျှင် ပဉောင်စောင့်နတ်အား အကြောင်းစုံကို ပြော၍လွှတ်လိုက်၏၊ ပဉောင်စောင့်နတ်လည်း အလွန်နှစ်သက်ဝမ်းမြောက်လျက် သိကြားမင်းကိုရှိခိုးပြီးလျှင် မိမိဗိမာန်သို့ပြန်လာခဲ့၏။

ပုဏ္ဏားအားသားပေးရာ

ပုရောဟိတ်သည် ခုနစ်ရက်မြောက်နေ့ နံနက်အခါ၌ လူတို့ကို စည်းဝေးစေ၍ ပဲခွပ်ပုဆိန်ထားမတို့ကိုယူကာပညောင်ပင်ရင်းသို့သွား၍ ညောင်ခက်ကိုကိုင်ပြီးလျှင် "ဟယ်…. ပညောင်စောင့်နတ် ယနေ့ခုနစ်ရက်စေ့ခဲ့ပြီ၊ သားရမည်လော"ဟုမေး၏၊ ထိုအခါပညောင်စောင့်နတ်သည်ကြီးစွာသော နတ်၏တန်ခိုးအာနုဘော်ဖြင့် ပင်စည်ကြားမှ ထွက်လတ်၍"အို-ပုဏ္ဏား….သားတယောက်ကိုထားဘိဦး၊ သင့်အားသားလေးယောက်ကိုပေးမည်" ဟု ပြော၏၊ "နတ်မင်း…. အကျွန်ုပ်အားသားအလိုမရှိပါ၊ သေကာရီ မင်းကြီးအားပေးပါ" ဟု ပြောပြန်၏၊ သင့်ကိုသာပေးမည်ဟုပြောလျှင်၊သို့ဖြစ်လျှင် အကျွန်ုပ်အားနှစ်ယောက်သေကာရီမင်းကြီးအားနှစ်ယောက်ဝေ၍ပေးပါဟု တဖန်ပြောပြန်၏၊ သေကာရီမင်းကြီးအား ငါမပေးနိုင်၊ သင့်ကိုသာ လေးယောက်လုံးပေးမည်၊ သင့်အားလည်းရကာမျှသာ ဖြစ်သည်၊ ငယ်စဉ်ကပင် ရဟန်းပြုကြလိမ့်မည်ဟု ပြော၏၊ "နတ်မင်း…. ပေးသာပေးပါ၊ ရဟန်းမပြုအောင် လုပ်ရမည်မှာ အကျွန်ုပ်တို့ တာဝန် ဖြစ်ပါသည်" ဟု ပြော၏၊

ပဉ္စောင်စောင့်နတ်လည်း သားဆုကိုပေးပြီးလျှင် ဗိမာန်တွင်းသို့ဝင်လေ၏၊ ထိုအခါမှစ၍ ပဉ္စောင်စောင့်နတ်အား များစွာသောပူဇော်သက္ကာရကိုပြုကုန်၏။

အရွယ်ရောက်လစ်ကြီးကဲဖြစ်

ထိုနတ်သားလေးယောက်တို့တွင်အကြီးနတ်သားသည် စုတေ၍ ပုဏ္ဏေးမဝမ်း၌ဖြစ်လေ၏၊မွေးဘွားသောအခါ ဟတ္ထိပါလအမည်မှည့်၍ ရဟန်းမပြုစေရန် ဆင်ထိန်းတို့လက်သို့အပ်နှံလေ၏၊ နောက်တယောက် မွေးဘွားပြန်သောအခါ အဿပါလ အမည်မှည့်၍ မြင်းထိန်းတို့လက်သို့အပ်နှံပြန်လေ၏၊နောက်တယောက်မွေးဘွားပြန်သောအခါဂေါပါလ အမည်မှည့်၍ နွားထိန်းတို့လက်သို့အပ်နှံပြန်၏၊ နောက်တယောက် မွေးဘွားပြန်သောအခါ အဇပါလ အမည်မှည့်၍ ဆိတ်ထိန်းတို့လက်သို့ အပ်နှံပြန်၏၊ ထိုသတို့သားလေးယောက်တို့သည် ကြီးပြင်းသောအခါ အလွန်လှပတင့်တယ်ကုန်၏၊ မိမိတို့သက်ဆိုင်ရာ ဆင်ထိန်း မြင်းထိန်း နွားထိန်း ဆိတ်ထိန်းတို့၌ အကြီးအကဲဖြစ်ကြကုန်၏။

အဘိသိက်သွန်းရန်တိုင်ပင်ပြန်

သေကာရီမင်းကြီးလည်း သတို့သားတို့ရသေ့ ရဟန်းပြုမည်ကို စိုးရိမ်သောကြောင့် နိုင်ငံအတွင်း၌ရှိသော ရသေ့ရဟန်းတို့ကိုနှင်ထုတ်ကုန်၏၊ ကာသိတိုင်းအလုံး၌ ရသေ့ရဟန်းတယောက်မျှလည်းမရှိ၊ သတို့သားတို့လည်း ပညာဗဟုသုတမရှိ၊ လူကြမ်းစရိုက်ကြမ်းသူတို့လက်၌ ကြီးပြင်းကြရသဖြင့် အလွန်ကြမ်းကြုတ်ကုန်၏၊ အရပ်ရပ်မှလာသောလက်ဆောင်ပဏ္ဏာတို့ကို လုယက်ကုန်၏။

ဟတ္ထိပါလ သတို့သား တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ ကိုယ်အင်္ဂါလုံးရပ်သဏ္ဌာန်ပြည့်စုံခြင်း ကိုမြင်၍ မင်းနှင့်ပုရောဟိတ်တို့သည် ဤသတို့သားတို့ကား အလွန်ကြမ်းကြုတ်ကုန်၏၊ ကြီးပြင်း၍ အရွယ်သို့ရောက်ပြီ၊ ထီးဖြူဆောင်းချိန်တန်ပြီ၊ သတို့သားတို့အား အဘယ်သို့ပြု ရကုန်အံ့နည်း၊ အဘိသိက်ခံသောအခါမှစ၍ အလွန်အစိုး ရကြကုန်လတံ့၊ အရပ်ရပ်မှ ရသေ့ရဟန်းတို့လည်း ရောက် လာကြကုန်လတံ့၊ ထိုအခါ ရသေ့ ရဟန်းတို့ကိုမြင်၍ အတု ယူကာ ရသေ့ ရဟန်းပြုကြဦးမည်လော၊ ရသေ့ ရဟန်းပြု ကြလျှင် တိုင်းပြည်ချောက်ချားတော့မည်၊ သို့အတွက် အဘိသိက်မသွင်းမီကစုံစမ်းကြဦးမည်၊ နောက်မှအဘိသိက် သွင်းကုန်အံ့ ဟု တိုင်ပင်ဆွေးနွေးကြကုန်၏။

သဘောသိမှု စုံစမ်းပြု

ထို့နောက် မင်းနှင့် ပုဏ္ဏားတို့သည် ရသေ့ရဟန်းအသွင်ကိုယူပြီးလျှင် သား တော် ဟတ္ထိပါလ၏အိမ်တံခါးသို့သွား ကုန်၏၊ ဟတ္ထိပါလသတို့သားသည် မင်းနှင့်ပုဏ္ဏားကိုမြင် လျှင်—

"အရှင်ဘုရား.... မြတ်သော အသွင်အပြင်ရှိ၍ မြတ်သော ဆံကျစ်ရှိလျက် ထမ်းပိုးဝန်ကို ဆောင် ကာသွားချေးများသဖြင့် မြူကပ်ငြိသော ဦးခေါင်း ရှိသော ရှင်ရသေ့ကို ဆယ့်ခြောက်နှစ်ကြာမှ မြင်ရ ပေ၏တကား"။

"အရှင်ဘုရား....သုစရိုက်၌ မွေ့လျော်၍ ဖလ် ရည်စွန်းသော သင်္ကန်းကို ဝတ်လျက် လျှော်တေ

သက်န်းကို ဖုံးလွှမ်းသော အရှင်ရသေ့ကို ဆယ့်ခြောက်နှစ်ကြာမြင့်မှ မြင်ရပေ၏တကား"။

"အရှင်ဘုရား.... အရှင်ဘုရားသည် အကျွန်ုပ်တို့၏နေရာနှင့် ခြေဆေးရန်နံ့သာရေကိုဎင်း အလုံးစုံသော ပူဇော်သက္ကာရကိုဎင်း ခံတော်မူပါ"—

ဟု ပန်ကြားလျှောက်ထားလေ၏။

ရဟန်းပြုလို သားကြီးဆို

ထိုအခါ ခမည်းတော် ပုရောဟိတ်သည် "ချစ်သားဟတ္ထိပါလ.... သင်သည်ငါတို့ကိုအဘယ်သူမှတ်ထင်၍ ဘိတ်မန်တကပြုသနည်း"ဟုမေး၏၊"ဘခင်....ဟိမဝန္တာ၌ နေရသောရသေ့ရဟန်းတို့ဟုမှတ်ထင်ပါ၏"ဟုပြော၏၊ 'ချစ်သားငါတို့ကားရသေ့ရဟန်းမဟုတ်ကုန်၊ ဤသူကား သေကာရီမင်းကြီး၊ ငါကားသင့်ခမည်းတော်ပုရောဟိတ်တည်းဟုပြော၏၊ "ခမည်းတော်....မင်းကြီးနှင့် ခမည်းတော်တို့ ဖြစ်ပါလျက် အဘယ့်ကြောင့် ရသေ့ရဟန်းအသွင်ကိုယူကြသနည်း" ဟုမေး၏၊"ချစ်သား.... သင့်ကိုစုံစမ်းလို၍ ယူကြသည်"ဟုပြော၏၊"ခမည်းတော်.... အဘယ့်ကြောင့် အကျွန်ုပ်ကိုစုံစမ်းလိုသနည်း"ဟု မေး၏၊"ချစ်သား....သင်သည် ရသေ့ရဟန်းအသွင်ကိုမြင်ပါလျက် အကယ်၍ ရသေ့ရဟန်းမပြုငြားအံ့၊ သင့်ကို အဘိသိက်သွန်း၍ မင်းမြှောက်ရန် ဖြစ်သည်" ဟုပြော၏၊"ခမည်းတော်.... အကျွန်ုပ်သည် မင်းအဖြစ်ကိုအလိုမရှိပါ၊ ရသေ့ရဟန်းပြုပါမည်"။

ကြောင်းမျိုးစုံပြ တားမြစ်ကြ

ထိုအခါ ပုရောဟိတ်သည် ဟတ္ထိပါလအား—

"ချစ်သား…. ဖေဒင်ကိုသင်၍ ဥစ္စာရှာဦးလော့၊ အိမ်၌ သားသမီးတို့ကိုဖြစ်စေ၍ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခံစားပြီးလျှင် အိုမင်းသောကာလမှ ရသေ့ရဟန်း ပြုခြင်းကို သူတော်ကောင်းတို့ချီးမွမ်းအပ်၏"—

ဟု ဆိုးမလေ၏၊ ခမည်းတော် စကားကို ကြားလျှင် ဟတ္ထိပါလ သတို့သားသည် ခမည်းတော်အား—

"ခမည်းတော်…. ဖေဒင်တို့သည် နတ်ရွာမဂ်ဖိုလ်ပေးတတ်၏ဆိုသော စကားသည်မမှန်၊ ဥစ္စာရခြင်းလည်း ကေန်မဖြစ်နိုင်၊ သားသမီးရသဖြင့် အိုခြင်း,နာခြင်း,သေခြင်းကို မတားမြစ်နိုင်၊ အာရုံငါးပါး ကာမဂုဏ်တရား ကင်းလွတ်ခြင်းကိုသာ သူတော်ကောင်းတို့ဆိုကုန်၏၊ သတ္တဝါတို့အား မိမိတို့ပြုသောကံဖြင့်သာ အကျိုးပြီး၏"—

ဟု ပြောဆိုကာ ခမည်းတော် စကားကို ပယ်လေ၏၊ ထိုအခါ သေ့ကာရီမင်းကြီးသည် ဟတ္ထိပါလအား—

"ချစ်သား….သင်၏စကားသည်မှန်ပေ၏၊ မိမိတို့ပြုအပ်သောကံဖြင့်သာ အကျိုးပြီး၏၊ သင်၏အမိအဘတို့ အိုမင်းကုန်ပြီ၊ အမိအဘတို့သည် အနှစ်တရာ အနာကင်းသည်ကို မြင်ချင်ကုန်၏၊ သင်သည် အနှစ်တရာ အနာကင်းသည်ဖြစ်၍ အမိအဘတို့ကို လုပ်ကျွေးပါလော့"—

ဟု တမျိုးလှည့်၍ပြောပြန်၏။

စကားပယ်ဖျက်မြို့မှထွက်

ထိုအခါ ဟတ္ထိပါလသည် သေုကာရီမင်းကြီးအား—

"မြတ်သောမင်းကြီး.... အကြင်သူသည် သေမင်းနှင့်အဆွေခင်ပွန်းဖြစ်ငြားအံ့၊အိုခြင်းနှင့်အဆွေခင်ပွန်းဖြစ်ငြားအံ့၊ ထိုသူကား ဘယ်အခါမျှ မသေလတံ့ဟု သိသည်ဖြစ်အံ့၊ ထိုသူတို့သည် အနှစ်တရာပတ်လုံး အနာကင်းသည်ကိုမြင်ချင်ကုန်ရာ၏"။

"မြတ်သောမင်းကြီး.... ဥပမာကား- ကူးတို့သူကြီးသည် မြစ်ဆိပ်ရေ၌ လှေကိုထား၍ ကမ်းတဘက်သို့ ကူးလိုသူအပေါင်းကို တင်စေ၍ ထိုးဝါးတက်တို့ဖြင့် အားထုတ် လှော်ခတ်ကာ တဘက်ကမ်းသို့ပို့ဆောင်သကဲ့သို့ ထို့အတူနာခြင်းအိုခြင်းတို့သည် အမြဲလူတို့ကို သေမင်း၏နိုင်ငံသို့ ပို့ဆောင်ကုန်၏"—

ဟု လျှောက်ထားကာ မင်းကြီးစကားကို ပယ်ပြီးလျှင် သတ္တဝါတို့ အာယုသင်္ခါရကား နည်းလှ၏၊ မင်းကြီးနှင့် တရားစကားပြောနေစဉ်ပင် နာခြင်း အိုခြင်း သေခြင်းတို့ ကပ်ရောက်ကုန်ရာ၏-ဟု အဆုံးအမပေးပြီးလျှင် မင်းကြီးနှင့်ခမည်းတော်တို့ကိုရှိခိုး၍ မင်းအဖြစ်ကို စွန့်လွှတ်လျက် မိမိအလုပ်အကျွေးတို့ကိုခေါ်၍ ရသေ့ရဟန်းပြုရန် မြို့မှထွက်လေ၏။

ပရိသတ်အားတရားဟောကြား

ထိုအခါ ဤရသေ့ ရဟန်း အဖြစ်ကား ကောင်းမြတ်သည်ဖြစ်လိမ့်မည်ဟုဟတ္ထိပါလ သတို့သားနှင့်အတူ တောထွက်

သော ပရိသတ်ကား တယူဇနာ ရှည်လျားသတတ်၊ ဟတ္ထိပါလသတို့သားလည်း ပရိသတ်နှင့်တကွ ဂင်္ဂါမြစ်နားသို့ ရောက်လျှင် ရေကိုကသိုဏ်းရှု၍ ဈာန်ကို ဖြစ်စေပြီးလျှင် ပရိသတ်သည်များလတံ့၊ ညီတော်သုံးယောက် ခမည်းတော် မယ်တော် သေနာရီမင်း မိဖုရားကြီးတို့လည်းတောထွက်၍ ရဟန်းပြုကြကုန်လတံ့၊ သို့အတွက် ထိုပရိသတ်အလာကိုစောင့်ကာ ဤအရပ်၌ ဆိုင်းငံ့နေဦးမည် ကြံစည်လျက် ဂင်္ဂါမြစ်နားတွင် ပရိသတ်ကိုအဆုံးအမပေး၍နေ၏။

အဿပါလထံ စုံစမ်းပြန်

တနေ့သ၌ မင်းနှင့် ပုဏ္ဏားတို့သည် ဟတ္ထိပါလကား မင်းအဖြစ်ကို စွန့်၍ ရသေ့ ရဟန်းပြုရန် ပရိသတ်နှင့်တကွ တောထွက်လေပြီ၊ အဿပါလကိုစုံစမ်းမည်ဟု ကြံစည်ကုန်လျက် ရသေ့ ရဟန်းအသွင်ကို ယူပြီးလျှင် အဿပါလ၏ အိမ်တံခါး၌ ရပ်ကြပြန်၏။

ထိုအခါ အဿပါလသတို့သားသည် ဟတ္ထိပါလအတူ မင်းပုဏ္ဏားတို့သို့ကပ်၍ဘိတ်မန်တကပြု၏၊မင်းကြီးနှင့်ပုဏ္ဏားတို့လည်း ရှေးနည်းအတူလျှင် မိမိလာသောအကြောင်းကို ပြောကြားကုန်၏၊ အဿပါလသည် အကျွန်ုပ်နောင်တော် ဟတ္ထိပါလရှိပါလျက် အဘယ့်ကြောင့်အကျွန်ုပ်အား မင်းအဖြစ်ကိုပေးသနည်း။

''ချစ်သား.... သင့်နောင်တော် ဟတ္ထိပါလကား မင်းအဖြစ်ကိုစွန့်လွှတ်၍ ရသေ့ ရဟန်းပြုရန် တောထွက်ခဲ့ပြီ'' ဟုပြော၏၊''ဘခင်....နောင်တော် ဟတ္ထိပါလကား အဘယ် အရပ်၌ နေသနည်း'' ဟုမေး၏၊''ချစ်သား.... ဂင်္ဂါမြစ်နား၌နေသည်''။

နောင်တော်နည်းပြ တောထွက်မှု

"ဘခင်.... အကျွန်ုပ်ကား နောင်တော် ထွေးပစ်သော တံတွေးကို မမျိုလိုပါ၊ မိုက်၍ပညာနည်းသူတို့သာ ကိလေသာကိုမစွန့်နိုင်ကုန်၊ အကျွန်ုပ်မူကားစွန့်ပါအံ့"ဟု ပြောဆိုပြီးလျှင်—

"မြတ်သောမင်းကြီး.... ကာမဂုဏ်ကား ငြိကပ်သောကြောင့် ညွန်ကြီးမည်၏၊ ကျွံနစ်သောကြောင့် ညွန်ပျောင်းမည်၏၊ စိတ်နှလုံးကိုဆောင်၏၊ လွန်မြောက်နိုင်ခဲ၏၊ သေမင်း၏တည်ရာဖြစ်၏၊ ထိုကာမဂုဏ်ညွန်ကြီးညွန်ပျောင်း၌ ကျွံနစ်သော လူမိုက်တို့သည် နိဗ္ဗာန်သို့မရောက်နိုင်ကုန်"။

"မြတ်သောမင်းကြီး... အကျွန်ုပ်သည် ရှေးအခါ၌ နိုင်ထက်ကလူပြုမူခြင်း လုယက်ခြင်းစသည်ဖြင့် ကြမ်းကြုတ်သောအမှုကိုပြုမိ၏၊ ထိုမကောင်းကျိုးကို အကျွန်ုပ်ယူအပ်ပြီ၊ ထိုမကောင်းကျိုးမှ လွတ်ခြင်းမရှိ၊ ဒွါရသုံးပါးကို သိမ်းဆည်းကာ မိမိကိုယ်ကို စောင့်ရှောက်ပါအံ့၊ တဘန် ကြမ်းကြုတ်သောအမှုကို မပြုတော့ပြီ၊ မကောင်းကျိုးကို မယူတော့ပြီ"—

ဟု မင်းကြီးနှင့် ဘခင်တို့အား တရားဟောပြီးလျှင် သံဝေဂရ၍ ရသေ့ရဟန်းပြုရန် တယူဇနာမျှပရိသတ်နှင့်တကွ နောင်တော်ဟတ္ထိပါလထံသို့သွားလေ၏၊ ဟတ္ထိပါလလည်း ညီတော်အဿပါလအား ကောင်းကင်မှနေ၍ တရားဟောပြီးလျှင် ဤနေရာ၌နေရန်မိန့်ဆိုလေ၏။

ဂေါပါလအား စုံစမ်းခြင်း

တနေ့သ၌ မင်းနှင့် ပုရောဟိတ်တို့သည် ရှေးနည်းအတူ ဂေါပါလ သတို့သား အိမ်သို့သွားပြန်၏၊ ဂေါပါလ လည်း နောင်တော်တို့အတူဘိတ်မန်တကပြု၏၊မင်းပုဏ္ဏားတို့လည်း မိမိတို့လာသောအကြောင်းကို ပြောကြားကုန်၏၊ဂေါပါလ လည်း နောင်တော် အဿပါလစွန့်ပယ်သကဲ့သို့စွန့်ပယ်ပြီး လျှင် မင်းကြီးနှင့်ခမည်းတော်တို့အား—

"မြတ်သောမင်းကြီး…. နွားကျောင်းသားသည် တော၌ပျောက်သောနွားကိုမမြင်၍ ရှာဖွေသကဲ့သို့ ထို့အတူ အကျွန်ုပ်၏ ရသေ့ရဟန်းအဖြစ်ဟူသော အကျိုးစီးပွားသည် ပျောက်ခဲ့၏၊ အကျွန်ုပ်သည် အဘယ်ကြောင့် ရသေ့ရဟန်းအဖြစ်ကို မရှာဘဲ နေအံ့နည်း"—

ဟု တရားဟော၍ နောင်တော်တို့ထံသွားမည် ဟု လျှောက်လေ၏၊ ထိုအခါ မင်း,ပုဏ္ဏားတို့သည် ဂေါပါလ သတို့သားကို "ချစ်သား…. တရက်နှစ်ရက်ငံ့ပါဦး၊ ငါတို့ သက်သာရာရပြီးမှ ရဟန်းပြုပါ" ဟု တားမြစ်ကုန်၏—

ရှေးနည်းယူလျက် တောသို့ထွက်

ထိုအခါ ဂေါပါလသည် မင်းကြီးနှင့် ခမည်းတော်တို့အား—

"မြတ်သောမင်းကြီး…. ယနေ့ပြုရမည့်အမှုကို နက်ဖြန်မှပြုမည် ဟု စွန့်ထားခြင်း၊ နက်ဖြန်ပြုရမည့် အမှုကို သံဘက်မှပြုမည် ဟု စွန့်ထားခြင်းတို့ကား ပြုရမည့်အမှုမှ ဆုတ်ယုတ်၏၊ အကျိုးကိုလည်းမရ

တော၌လတံ့၊ ထို့ကြောင့် ဖြစ်လာသောကုသိုလ်
ဆန္ဒကို အဘယ်ပညာရှိသည်ပစ်ပယ်ရာအံ့နည်း''-

ဟု တရားဟောပြီးလျှင် ရသေ့ ရဟန်းပြုရန် တယူဇနာမျှသော ပရိသတ်ကိုယူ၍ နောင်တော်တို့ထံ သွားလေ၏၊ ဟတ္ထိပါလလည်း ညီတော်ဂေါပါလကိုလည်းတရားဟောလေ၏။

အဇပါလထံ စုံစမ်းပြန်

တနေ့သ၌ မင်းပုဏ္ဏားတို့သည် ရှေးနည်းအတူ အဇပါလသတို့သားအိမ်သို့ သွားကြပြန်၏၊ အဇပါလ သတို့သားလည်း နောင်တော်တို့အတူဘိတ်မန်တကပြု၏၊မင်း,ပုဏ္ဏားတို့သည်း ရှေးနည်းအတူ မိမိတို့လာသော အကြောင်းကို ပြောကြားကုန်၏၊ထိုအခါ အဇပါလသည်''ခမည်းတော်·· အကျွန်ုပ်၏နောင်တော်သုံးပါးတို့ အဘယ်သို့သွားသနည်း''၊ ''ချစ်သား·· နောင်တော်သုံးပါးတို့သည် မင်းအဖြစ်ကို စွန့်လွှတ်ကာသုံးယူဇနာမျှပရိသတ်ကိုယူ၍ ရသေ့ ရဟန်းပြုရန် ဂင်္ဂါမြစ်နားသို့ သွားကြကုန်၏''၊ ''ခမည်းတော်···· နောင်တော်တို့ထွေးသော တံတွေးကို ဦးခေါင်းဖြင့်မရွက်လိုပါ၊အကျွန်ုပ်လည်းရသေ့ ရဟန်းပြုပါအံ့''၊''ချစ်သား··· ငယ်ပါသေး၏၊ ငါတို့အကျွေးအမွေးမလွှတ်သေးပါ၊အရွယ်ရောက်သောအခါ ရသေ့ ရဟန်းပြုရအံ့''။

နောင်တော်များနည်း အစဉ်မှီး

''ခမည်းတော်···· အသို့ဆိုသနည်း၊ ငယ်သော်ရှင်း,ကြီးသော်ရှင်း သေရသည် မဟုတ်ပါလော၊ ဘယ်သူမှာဘယ်အခါသေရမည် ဟု လက်ခြေတို့၌ သေစာအ

မှတ်အသားမရှိပါ၊ အကျွန်ုပ်လည်း သေရမည့်အခါကို မသိပါ၊ ထို့ကြောင့် ရသေ့ ရဟန်းပြုပါအံ့''ဟု တရားဟော ပြီးလျှင်မင်းကြီးနှင့် ခမည်းတော်တို့အား—

''မြတ်သောမင်းကြီး.... ငယ်နုလှ၍ ပြီးရယ် စမွယ် ပြောဆိုခြင်းရှိလျက် ဆပ်သွားပန်းကဲ့သို့ပြည့် ကျယ်သောမျက်လုံး ကော့ဖြူးသော မျက်တောင် ရှိသောမိန်းမငယ်ကို အကျွန်ုပ်မြင်ရပါ၏၊ စည်းစိမ် တို့ကိုမခံစားရမီ ပဌမအရွယ် ထိုမိန်းမငယ်ကို သေမင်းသည်ယူဆောင်၍သွားပါ၏''။

''မြတ်သောမင်းကြီး.... ရွှေကြေးမုံပြင်ကဲ့သို့ သောမျက်နှာရှိ၍ ရူစချင်ဘွယ် ရွှေအဆင်းနှင့် တူသောအဆင်းရှိလျက် ဝတ်ပန်းပွင့်ဝတ်ဆံအလား ကောင်းစွာပေါက်သော မုတ်ဆိတ်ရှိသောလုလင် ပျိုလည်း သေမင်းနိုင်ငံသို့သွားရ၏၊ အကျွန်ုပ်သည် သေမင်းမရောက်မီ ကာမဂုဏ်တို့ကိုစွန့်၍ ရသေ့ ရဟန်းပြုပါအံ့၊ အခွင့်ပြုတော်မူပါ''—

ဟု တောင်းပန်ပြီးလျှင်၊အရှင်မင်းကြီးတို့နေရစ်ခဲ့ကြပေ တော့ ဟု ပြောဆိုကာ မင်းကြီးနှင့် ခမည်းတော်တို့ကို ရှိခိုးကန်တော့ပြီးလျှင် တယူဇနာမျှ ပရိသတ်နှင့်တကွ မြို့တော်မှထွက်ကာ ရဟန်းပြုရန် ဂင်္ဂါမြစ်နားသို့သွား လေ၏၊ ဟတ္ထိပါလရသေ့လည်း ကောင်းကင်ကနေလျက် ညီတော် အဇပါလအားတရားဟောလေ၏။

ခမည်းတော်ပုဏ္ဏား သားထံသွား

တနေ့သ၌ ခမည်းတော် ပုရောဟိတ် သည် မြတ်သော ပလ္လင်၌နေလျက် ငါ့ သားတော် လေးပါးတို့ ရဟန်းပြုကြ

ကုန်ပြီ၊ ငါတယောက်ထည်းသာ လူ့သစ်ငုတ်ဖြစ်၍ ကျန်ရစ်ချေပြီ၊ ငါလည်း ရသေ့ရဟန်းပြုတော့မည်ဟု ကြံစည်လျက် ပုဏ္ဏေးမကိုခေါ်၍—

"ဝါသိဋ္ဌ အနွယ်ဖြစ်သော အို-ပုဏ္ဏေးမ….
သစ်ရွက်သစ်ခက်တို့ကြောင့် သစ်ပင်အမည်ကိုရ၏၊
သစ်ရွက် သစ်ခက်မရှိသော သစ်ပင်ကိုကား သစ်
ငုတ်ဟု ခေါ်ကြ၏၊ ငါလည်း သားသမီးမရှိသော
ကြောင့် လူ့သစ်ငုတ်ဖြစ်ချေပြီ၊ ယခုအခါ ရသေ့
ရဟန်းပြုချိန်တန်ပြီ"—

ဟုပုဏ္ဏေးမအား ပြောကြားတိုင်ပင်လေ၏၊ထို့နောက် ပုရောဟိတ်သည် တပည့်ပုဏ္ဏားခြောက်သောင်းကိုခေါ်၍ တိုင်ပင်ပြီးလျှင် ကုဋေရှစ်ဆယ်သော စည်းစိမ် ဥစ္စာကို ပုဏ္ဏေးမအား အပ်နှင်းခဲ့၍ ပုဏ္ဏား ခြောက်သောင်းနှင့်တကွ ရသေ့ရဟန်းပြုရန် သားတော်ဟတ္ထိပါလထံသို့သွားလေ၏။

ပုဏ္ဏေးမလည်း တောနိုမှိး

တနေ့သ၌ပုဏ္ဏေးမသည် ငါ့သားတော်လေးယောက်တို့လည်း ထီးနန်းကိုစွန့်၍ ရသေ့ရဟန်း ပြုကြကုန်ပြီ၊ ငါ့လင်လည်း ပုရောဟိတ်ရာထူးနှင့် ကုဋေရှစ်ဆယ်မျှ ဥစ္စာကိုစွန့်၍ သားတော်တို့ထံ ရသေ့ရဟန်းပြုလေပြီ၊ ငါလည်းသားတော်တို့ သွားလမ်းအတိုင်း သွားတော့မည်ဟု ကြံစည်လျက်—

"အချင်းတို့…. ကြိုးကြာငှက်တို့သည် ကောင်းကင်၌ မငြိကပ်ဘဲသွားကုန်၏၊ ကြိုးကြာပျို နှစ်ကောင်တို့သည် မိုဃ်းလလွန်ကုန်သော် ပင့်ကူအိမ်

တို့ကို ဖျက်ဆီး၍သွားကုန်၏၊ ကြိုးကြာအိုတို့သည်
ကြိုးကြာပျိုတို့ သွားသောလမ်းကို အလွယ်တကူ
လိုက်ကုန်သကဲ့သို့ ထို့အတူ ငါတို့ သည်လည်း
သားနှင့်လင်တို့သွားသော ခရီးသို့လိုက်ကုန်အံ့''–
ဟုဥဒါန်းကျူးကာ ငါသည်အဘယ့်ကြောင့်တယောက်
ထည်းနေရစ်အံ့နည်း၊ ရသေ့ရဟန်းပြုတော့အံ့ဟုဆိုးဖြတ်
ပြီးလျှင် ပုဏ္ဏေးမတို့ကိုခေါ်၍ တိုင်ပင်ပြီးလျှင် ပုဏ္ဏေးမတို့
နှင့်တကွသားတော်တို့ထံသို့သွားလေ၏။

ပုရောဟိတ်ပစ္စည်း မင်းသိမ်းဆည်း

တနေ့သ၌ သေကာရီ မင်းကြီးသည်
ပုရောဟိတ်ကို မေးလတ်သော် ပုရော
ဟိတ်သည်ရင်း, ပုဏ္ဏေးမသည်ရင်း
ပစ္စည်းဥစ္စာတို့ကိုစွန့်၍ နှစ်ယူဇနာမျှပရိသတ်ကိုယူ၍ ရသေ့
ရဟန်းပြုရန် သားတော်တို့ထံ သွားကြောင်းကို လျှောက်
ထားကြကုန်၏၊ ထိုအခါ သေကာရီမင်းကြီးသည် အရှင်
မရှိသော ပစ္စည်းဥစ္စာကား မင်းဘဏ္ဍာ ဖြစ်သည်ဆို၍
ပုဏ္ဏား၏ ပစ္စည်းဥစ္စာတို့ကို နန်းတော်သို့ ဆောင်ယူစေ၏၊
ထိုအခါ မိဖုရားကြီးသည်''အရှင်မင်းကြီး.... အဘယ်အမှု
ကို ပြုတော်မူသနည်း''ဟု မေး၏၊ ''အရှင်မိဖုရား ....
ပုရောဟိတ်အိမ်မှ ပစ္စည်းဥစ္စာတို့ကို သိမ်းယူစေ၏'' ဟု
ပြော၏၊ ''ပုရောဟိတ် အဘယ်မှာရှိသနည်း''ဟု မေး၏၊
ပုရောဟိတ်သည် ပုဏ္ဏေးမနှင့်တကွ ရသေ့ရဟန်းပြုရန်မြို့မှ
ထွက်ခဲ့ပြီ''ဟု မိန့်တော်မူ၏။

ဥပမာပြ မိဖုရားဆုံးမ

မိဖုရားကြီးသည် ထိုအကြောင်းကိုသိ
လျှင်၍မင်းကြီးကား ပုဏ္ဏား-ပုဏ္ဏေးမ-
သားတော်လေးယောက်တို့ ထွေးအပ်

သောတံတွေးကို မိုက်မဲသောကြောင့်စားမျိုဘိ၏၊ ဤမင်းကြီးကို ဥပမာပြ၍ စွန့်စေမည်ဟု ကြံစည်လျက် အိမ်ဈေးမှ အမဲတို့ကိုယူစေ၍ မင်းရင်ပြင်၌စုပုံပြီးလျှင် ဖြောင့်သောခရီးကို ချန်လှပ်၍ ကွန်တို့ကိုကာရံစေ၏၊ လင်းတတို့သည် လာ၍စားကြကုန်၏၊ ပညာရှိသော လင်းတတို့သည် ကွန်ကိုမြင်လျှင် စားပြီးအမဲတို့ကိုအန်၍ ကွန်ကိုမထိစေဘဲ ဖြောင့်ဖြောင့်ပျံကြကုန်၏၊ ပညာမဲ့သောလင်းတတို့သည် အန်ဖတ်စား၍ အလွန်လေးကုန်သဖြင့် ဖြောင့်ဖြောင့်မပျံနိုင်ဘဲ ကွေ့ကောက်၍ပျံကြရာ ကွန်၌မိကုန်၏၊ လူတို့သည် လင်းတတကောင်ကိုဖမ်း၍ မိဖုရားကြီးအားဆက်ကုန်၏၊ မိဖုရားကြီးသည်လင်းတကို မင်းကြီးအားပြ၍ "မြတ်သောမင်းကြီး.... လင်းတတို့ကိုကြည့်မည်"ဟု လေသွန်တံခါးသို့ခေါ်ကာ လေသွန်တံခါးကိုဖွင့်လျက်-

"မြတ်သောမင်းကြီး.... အခဲသားကိုစားကာ အန်ပြီးမှ ပျံသောလင်းတတို့သည် ဖြောင့်ဖြောင့်ပျံနိုင်သဖြင့် ကွန်မှလွတ်ကုန်၏၊ အန်ဖတ်စား၍ ပျံသောလင်းတတို့သည် လေး၍ ဖြောင့်ဖြောင့်မပျံနိုင်ဘဲ ကွေ့ကောက်ပျံကြသောကြောင့် ကွန်၌မိ၍ အကျွန်ုပ်၏လက်သို့ရောက်ရ၏"။

"မြတ်သောမင်းကြီး.... ပုရောဟိတ် ပုဏ္ဏားသည် ကာမဂုဏ်တို့ကိုစွန့်အန်ခဲ့ပြီ၊ အရှင်မင်းကြီးသည် တဘန်စားမျိုပြန်၏၊ အန်ဖတ်ကိုစားမျိုသူကို ဘုရားစသော ပညာရှိသူတော်ကောင်းတို့ မချီးမွမ်းကုန်"-

ဟုမင်းကြီးအားလျှောက်ထားလေ၏။

သံဝေရလျက် မင်းတောထွက်

မင်းကြီးသည် မိဖုရားကြီး စကားကို ကြားလျှင် သတိသံဝေဂရကာ နှလုံး မသာခြင်းဖြစ်လေ၏၊ ဘဝ သုံးပါးတို့ သည် ရဲရဲပြောင်ပြောင် တောက်လောင်သကဲ့သို့ ထင်ကုန် ၏၊ ယနေ့ပင် မင်းအဖြစ်ကိုစွန့်၍ရသေ့ရဟန်း ပြုတော့ မည်ဟုကြံစည်လျက်မိဖုရားကြီးအား—

"အို-မိဖုရားကြီး.... ညွန်ကြီး၌ရင်းညွန်ပျောင်း ၌ရင်း ကျွံနစ်နေသော အားနည်းသော သူကို အားကြီးသောသူသည် ဆွဲယူ ကယ်တင်သကဲ့သို့ ထို့အတူ သင်မိဖုရားကြီးသည် ကောင်းစွာဆို အပ်သောစကားတို့ဖြင့် ငါ့ကို ဆွဲယူ ကယ်တင် ပေ၏"—

ဟုချီးကျူးစကား မြွက်ကြား၍ အမတ်တို့ကိုခေါ်၍ တိုင်ပင်ပြီးလျှင် တဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီ မင်းအဖြစ်ကို စွန့်လွှတ်၍ အလိုရှိသူတို့မင်းပြုကြလော့ ဟု ပြောဆိုပြီးလျှင် အမတ်အပေါင်း ခြံရံကာ သုံးယူဇနာမျှ ပရိသတ်နှင့်တကွ ဟတ္ထိပါလထံ သွားလေ၏၊ ဟတ္ထိပါလ လည်း ကောင်းကင်မှနေ၍တရားဟောလေ၏။

တိုင်းပြည်လူစု တိုင်ပင်ပြု

တနေ့သ၌ ကြွင်းကျန်သော သူတို့သည် စည်းဝေးကြ၍ မင်းအိမ်တံခါးသို့ သွား ပြီးလျှင် မိဖုရားကြီးအား—

"မိဖုရားကြီး.... မင်းကြီးသည် တိုင်းပြည်ကို စွန့်၍ ရသေ့ရဟန်းအဖြစ်ကို နှစ်သက်တော်မူခဲ့ပြီ၊ မင်းကြီးကဲ့သို့ပင် အရှင်မိဖုရားကြီးသည် အကျွန်ုပ်

တို့၏မင်းဖြစ်တော်မူပါ၊ အကျွန်ုပ်တို့သည် စောင့်ရှောက်အပ်သည်ဖြစ်၍ တိုင်းပြည်ကို ဆုံးမတော်မူပါ''—

ဟုမင်းပြုရန်တောင်းပန်လျှောက်ထားကုန်၏။

ထီးနန်းမင်းလုပ်လွှန်စက်ဆုပ်

မိဖုရားကြီးသည် ထိုသူတို့ စကားကိုကြားလျှင် ထိုသူတို့အား—

''အို-ပြည်သူ အပေါင်းတို့.... မင်းကြီးသည် တိုင်းပြည်ကို စွန့်လွှတ်၍ ရသေ့ရဟန်း အဖြစ်ကို နှစ်သက်ပြီ၊ ငါလည်း လောက၌ နှလုံးမွေ့လျော်ဘွယ် သာယာဘွယ်ရှိသော ကာမဂုဏ်တို့ကိုစွန့်လွှတ်၍ တယောက်ထည်းထီးကျင့်အံ့''။

''အို-ပြည်သူအပေါင်းတို့.... နံနက်ညစသော အခါ တို့သည် လွန်ကုန်သည်ရှိသော် အသက်အရွယ်ကိုစား၍ သွားကုန်၏၊ ပဌမစသော အရွယ်တို့သည် အစဉ်အတိုင်း စွန့်ကြကုန်၏၊ ငါသည်လည်း လောက၌ သာယာဘွယ် မွေ့လျော်ဘွယ်ရှိသော ကာမဂုဏ်တို့ကိုစွန့်၍ တယောက်ထည်းထီးကျင့်တော့အံ့''—

ဟု စသည်ဖြင့် လူအပေါင်းကိုတရားဟောပြီးလျှင် မှူးမတ် မယားတို့ကိုခေါ်စေ၍ တိုင်ပင်ကာ နန်းတော်ရှိ ရွှေတိုက်, ငွေတိုက်တို့ကိုဖွင့်စေ၍ မြှုပ်ထားသောရွှေငွေတို့ကိုလည်း ရှိသည့်အရပ်ပါညွှန်ပြလျက် ရွှေပေတွင် အက္ခရာရေးသားစေ၍ အလိုရှိသူတို့ယူကြကုန်, လှူပါကုန်၏ဟုဆို၍

နန်းပြာသာဒ်မဠ္ဍပ်ဆွဲစေလျက် တမြို့လုံးစည်လည်စေပြီးလျှင် ကြီးကျယ်ခမ်းနားသော စည်းစိမ်ကိုစွန့်လွှတ်၍ ရသေ့ ရဟန်းပြုရန် မြို့တော်မှထွက်လေ၏။

တိုင်းပြည်အလုံး တောကျင့်သုံး

ထိုသို့ထွက်သောခဏ၌ တမြို့လုံးချောက်ချားလေ၏၊ မင်းမိဖုရားတို့သည် တိုင်းပြည်ကိုစွန့်၍ ရသေ့ရဟန်းပြုရန်ထွက်ကြပြီ, ငါတို့နေသဖြင့်အကျိုးမရှိပြီဟုလူတို့သည် သားသမီးတို့ကိုလက်ဆွဲကာအိုးအိမ်ဥစ္စာတို့ကိုစွန့်၍ လိုက်ကြကုန်၏၊ ခင်းမြဲတိုင်းသောဈေးတို့လည်းကျန်ရစ်ကုန်၏၊ ပြန်၍ကြည့်သူမရှိ၊ တပြည်လုံးအချည်းနှီးသာဖြစ်လေ၏။

မိဖုရားကြီးလည်း သုံးယူဇနာမျှပရိသတ်ကိုယူ၍ ဟတ္ထိပါလထံ ရသေ့ရဟန်းပြုရန်သွားလေ၏၊ ဟတ္ထိပါလလည်း ကောင်းကင်မှနေ၍ တရားဟောလေ၏၊ ထိုအခါ တဆယ့်ရှစ်ယူဇနာမျှ ပရိသတ်ကို ယူ၍ ဟိမဝန္တာသို့ သွားလေ၏၊ နောက်အတွင်၌ ပရိသတ်သည် ယူဇနာသုံးဆယ်မျှရှိသတတ်၊ ထိုပရိသတ်နှင့်တကွ ဟိမဝန္တာသို့ဝင်၏။

သိကြားမင်းဖန် နေထိုင်ရန်

ထိုအခါ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍ ဝိသုကြံနတ်သားကို ခေါ်၍ အမောင်သွားချေ၊ အလျားသုံးဆယ့်ခြောက်ယူဇနာ,အနံ တဆယ့်ငါးယူဇနာရှိ ကျောင်းကိုဘန်ဆင်း၍ ရသေ့တို့ပရိက္ခရာ အစုံအလင် ဘန်ဆင်းချေလော့ဟု စေလွှတ်၏၊ ဝိသုကြံနတ်သားလည်း သိကြားမင်းအမိန့်အတိုင်း ဟိမဝန္တာသို့ သွား၍

ကျောင်း,ပရိက္ခရာအသုံးအဆောင်,စကြို,နေ့သန့်ရာ,ညသန့်ရာ,စည်းဝေးရာ,ဝစ္စကုဋီ,ပဿာဝကုဋီ,ရေကန်,ရေတွင်း, ဥယျာဉ်,သစ်သီး,ပန်းမာလ်,လမ်းခရီး စသည်တို့ကို အပြည့်အစုံဘန်ဆင်းပြီးလျှင် ကြောက်မက်ဘွယ်ဖြစ်သော သားငှက်တို့ကို အနီးမှနှင်ထုတ်၍ ကျောင်းတို့၌ ဟင်္သာပြဒါးဖြင့် (ရဟန်းပြုလိုသူတို့ယူကြကုန်)ဟု အက္ခရာရေး၍ ထားခဲ့ပြီးလျှင် မိမိနေရာသို့သွားလေ၏။

တောမှာညီညာကျင့်ကြံရှာ

ဟတ္ထိပါလလည်း တယောက်ထည်းသွားသောခရီးလမ်းဖြင့်သွား၍သိကြားပေးသောကျောင်းသို့ရောက်လျှင် အက္ခရာတို့ကိုဖတ်၍ ငါတို့အား နတ်သိကြားပေးလာသည် ဖြစ်လိမ့်မည်ဟု နှလုံးသွင်းကာ ရသေ့ရဟန်းအသွင်ကို ယူပြီးလျှင် ကြွင်းသောသူတို့ကိုလည်း အသီးသီး ပရိက္ခရာတို့ကို ယူစေ၍ ရသေ့ရဟန်းပြုစေ၏၊ နေရာထိုင်ခင်းကို စီရင်သောအခါ၌ နို့စို့သားငယ်ရှိသောမိန်းမတို့အား အလယ်ကျောင်းတို့ကိုပေး၏၊ ပြင်ဘက်မှ အိုမင်းသောမိန်းမတို့ကိုပေး၏၊ ပြင်ဘက်မှ အလတ်ဖြစ်သော မိန်းမတို့ကိုပေး၏၊ ပြင်ဘက်မှ ယောကျ်ားတို့ကိုပေး၏၊ ဤသို့လျှင် ချမ်းသာစွာစီမံသောအတိုင်း နေကြကုန်၏။

မိတ်ဆွေဟုလိုက်တောသို့လိုက်

ပြည်နီးချင်း မင်းသည် ဗာရာဏသီပြည် မင်းမရှိသတတ်ဟုကြား၍ လာကြပြီးလျှင် နန်းတော် ရွှေငွေစသောဘဏ္ဍာတို့ကိုမြင်ရလျှင် ယူလိုသောစိတ် မရှိကြတော့ဘဲ ဤမျှလောက်သော စည်းစိမ်ချမ်းသာတို့ကိုစွန့်၍ ပြုကြ

သော ရသေ့ရဟန်းအဖြစ်ကား မွန်မြတ်သည်ဖြစ်လိမ့်မည် ဟုသံဝေဂရကာသေသောက်ကြူးတို့ကိုလမ်းခရီးမေး၍ဟတ္ထိ ပါလထံလိုက်ကြကုန်၏၊ ဟတ္ထိပါလလည်း ကောင်းကင် ကနေ၍ ခရီးလမ်းမှကြိုဆိုကာ တရားဟောလေ၏၊ ဤနည်း တူ ပြည်နီးချင်းမင်းခြောက်ယောက်တို့လည်း ဟတ္ထိပါလ ထံလိုက်ကြကုန်၏၊ထိုအခါသုံးဆယ့်ခြောက်ယူဇနာရှိသော ကျောင်းတို့သည် အခြားမရှိအောင်ပြည့်နှက်၍ နေလေ တော့၏။

ကောင်းမှုညီညာ ထက်နတ်ရွာ

ထိုအခါ ဟတ္ထိပါလရသေ့သည် မိမိတို့ ရသေ့ပရိသတ်တွင် ကာမဝိတက်စသည် ကို ကြံစည်သောရသေ့တို့အား ဗြဟ္မဝိ ဟာရဘာဝနာ, ကသိုဏ်းဘာဝနာတို့ကို ပြောကြားသင်ပြ လေ၏၊ ရသေ့တို့သည် များသောအားဖြင့် ဈာန်အဘိညာဉ် ကိုရကြကုန်၏၊ ရသေ့တို့ကို သုံးစုစုပြီးလျှင် နှစ်စုသော ရသေ့တို့သည် ဗြဟ္မာပြည်၌ဖြစ်ကြကုန်၏၊ ကျန်တစုကို သုံး စုစုပြန်လျှင် တစုသည် ဗြဟ္မာပြည်၌ဖြစ်၏၊ တစုသည် ကာ မာဝစရ နတ်ပြည်ခြောက်ထပ်၌ဖြစ်၏၊ တစုသည် ရသေ့ တို့အား လုပ်ကျွေးခြင်းကိုပြု၍ လူ့ပြည်၌ မင်း,ပုဏ္ဏား, သူ ဌေးသူကြွယ်ဖြစ်၏၊ ဤသို့လျှင် ဟတ္ထိပါလရသေ့၏ အဆုံး အမ၌တည်သောသူတို့သည် အပါယ်လေးပါးမှကင်းလွတ် ကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓိဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ သေ့ကာရီမင်းကြီးသည်- ယခုအခါ သုဒ္ဓေါဒနမင်းကြီး။
※ မိဖုရားကြီးသည်- မာယာဒေဝီ။
※ ပုရောဟိတ်သည်- မဟာကဿပ။
※ ပုဏ္ဏေးမသည်- ဘဒ္ဒကာပိလာနီ။
※ အဇပါလသည်- အနုရုဒ္ဓါ။
※ ဂေါပါလသည်- မောဂ္ဂလာန်။
※ အဿပါလသည်- သာရိပုတ္တရာ။
※ ကြွင်းသောပရိသတ်သည်- ဘုရားပရိသတ်၊
※ ဟတ္ထိပါလသည်- ငါဘုရားဖြစ်လာပြီ-
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကာမငါးတန်၊ ကြမ်း,နုညွန်၊ နစ်ကျွံတတ်လေသည်။
(၂) လူမိုက်ခဲပဲ၊ မလွတ်ဘဲ၊ ကျွံမြဲကျွံကြသည်။
(၃) ပညာရှင်လေ့၊ မပျော်မွေ့၊ စွန့်၍တောထွက်သည်။
(၄) သေမင်းနှင့်ပ၊ ချိန်းမရ၊ ငယ်ကထွက်သင့်သည်။
(၅) အို,နာ,သေဘေး၊ မလွတ်သေး၊ မဝေးလိုက်တော့သည်။

ဟတ္ထိပါလဇာတ်ပြီး၏။

၅၁၀။ အယောဃရဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

တောထွက်ခြင်းပြု ကျိုးရှိပုံ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မြတ်သော

တောထွက်ခြင်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

လူသားကိုစား ဘီလူးများ

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် မိဖုရားကြီးသည် ကိုယ်ဝန်ရ၍ ရင့်လျှင် မိုးသောက်ယာမ် အခြားမဲ့၌ မွေးဘွားလေ၏၊ ထိုအခါ ရှေးဘဝက ရန်သူဖြစ်ဘူးသော ဘီလူးမသည် လာ၍ မိဖုရားကြီးမြင်စဉ်လျှင် သူငယ်ကိုအတင်းယူ၍ပြေး၏၊ မိဖုရားကြီးသည် ငါ့သားကို ဘီလူးမယူ၍ပြေးပြီဟု ကျယ်လောင်စွာသောအသံဖြင့် ဟစ်အော်၏၊ ဘီလူးမသည် ကြာစွယ်ကြာရင်းကဲ့သို့ သူငယ်ကို ကြွပ်ကြွပ်မြည်အောင် ဝါး၍စားပြီးလျှင် လက်တို့ကိုခါ၍ ကြောက်မက်ဘွယ်သော အဆင်းကိုပြပြီးလျှင် ခြိမ်းချောက်၍သွား၏၊ မင်းကြီးကိုလျှောက်ထားလျှင်လည်း ဘီလူးမအား အဘယ်သို့ပြုနိုင်မည်နည်းဟု ပြော၍သာနေ၏၊ နောက်ကိုယ်ဝန်ရပြန်လျှင် များသော အစောင့်အရှောက်ကိုထား၏၊ မွေးဘွားပြန်လျှင် ဘီလူးမသည် လာ၍စားပြန်၏။

ဘေးရန်အတွက် ကြံစည်ချက်

သုံးကြိမ်မြောက် ကိုယ်ဝန် ရသောအခါ မင်းကြီးသည် လူတို့ကို စည်းဝေးစေ၍ "အမောင်တို့.... မိဖုရားကြီး မွေးဘွားတိုင်း မွေးဘွားတိုင်းသော သားတို့ကို ဘီလူးမလာ၍စား၏၊အဘယ်သို့ပြုရအံ့နည်း"ဟု မေး၏၊ အမတ်တယောက်သည် "အရှင်မင်းကြီး.... ဘီလူးတို့မည်သည်

ထန်းရွက်ကို ကြောက်ကုန်၏၊ မိဖုရားကြီးလက်ခြေတို့၌ ထန်းရွက် ဆွဲခြင်းငှါ သင့်၏'' ဟု, အမတ် တယောက်သည်''အရှင်မင်းကြီး···· ဘီလူးတို့ မည်သည် သံအိမ်ကို ကြောက်ကုန်၏၊သံအိမ်ဆောက်ခြင်းငှါသင့်၏''ဟုလျှောက်ထားကုန်၏။

ဘီလူးကိုကြောက် သံအိမ်ဆောက်

ထိုအခါ မင်းကြီးသည် တိုင်းပြည်ရှိ ပန်းပဲတို့ကို ခေါ်စေ၍ အမတ်တို့ကို မေးပြီးလျှင် မြို့တွင်း၌သာလျှင် မွေ့လျော်ဘွယ်ရှိသော မြေအရပ်၌ သံအိမ်ကို ဆောက်စေ၏၊ ပန်းပဲတို့လည်း မင်းကြီးအမိန့်အတိုင်း တိုင်မှစ၍ သံတို့ဖြင့်ပြုလုပ်ကာ ကိုးလအတွင်းမှာပင် သံအိမ်ကြီးသည်ပြီးစီးလေ၏၊ ထိုသံအိမ်ကြီး၌ အခါခပ်သိမ်း ဆီမီးထွန်းညှိ၍ ထား၏၊ ထိုအခါ မင်းကြီးသည် ကိုယ်ဝန် ရင့်မာသည်ကို သိလျှင် သံအိမ်ကြီးကို တန်ဆာဆင်စေ၍ မိဖုရားကြီးကို ယူဆောင်ပြီးလျှင် သံအိမ်ကွင်းသို့ဝင်၏၊ မိဖုရားကြီးသည် ဘုန်းပညာလက္ခဏာနှင့်ပြည့်စုံသော သားတော်ကို ဘွားမြင်၏၊ သတို့သားကို အယောဃရ သတို့သားဟု အမည်မှည့်၏၊ သတို့သားကို နို့ထိန်းတို့အား ပေးပြီးလျှင် များစွာသော အစောင့်အရှောက်ကိုထား၍ မိဖုရားကြီးကိုယူကာ မြို့တော်ကို လက်ျာရစ် လှည့်ပြီးလျှင် နန်းပြာသာဒ်ပေါ်သို့တက်၍နေ၏။

ဘီလူးမသေ သားအသက်ရှေ

ဘီလူးမလည်း ရေခပ်ရန် အလှည့်ရောက်သဖြင့် ဝေဿဝဏ် နတ်မင်းကြီးထံ ရေခပ်နေရာ ရေခပ်ရင်းပင်သေဆုံး

လေ၏၊ အယောဃရမင်းသားလည်း သံအိမ်၌ ကြီးပြင်း ရ၏၊အရွယ်ရောက်သောအခါ ထိုသံအိမ်ကြီးမှာပင်အလုံးစုံသော အတတ်ပညာတို့ကိုသင်ကြားရ၏။

မင်းကြီးသည် အမတ်တို့အား ငါ့သားတော်အသက်အရွယ်မည်မျှရှိပြီနည်းဟု မေး၏၊အမတ်တို့လည်း တဆယ့်ခြောက်နှစ်အရွယ်ရှိကြောင်း လျှောက်ထားကုန်၏၊တဆယ့်ခြောက်နှစ်ရှိသောသူသည် ရဲရင့်၏၊ အားအစွမ်းနှင့် ပြည့်စုံ၏၊ ဘီလူးတထောင်ကိုလည်း တားမြစ်ခြင်းငှါ စွမ်းနိုင်၏၊ မင်းအဖြစ်ကိုပေးမည်၊ မြို့အလုံးစုံကို တန်ဆာဆင်စေပြီးလျှင် သံအိမ်တွင်းမှထုတ်၍ ဆောင်ယူခဲ့ကြဟု အမိန့်ပေးလေ၏၊ အမတ်တို့လည်း မြို့အလုံးကို တန်ဆာဆင်ပြီးလျှင် မင်္ဂလာဆင်တော်ကို သံအိမ်ကြီးသို့ယူ၍ မင်းသားကိုလည်း တန်ဆာဆင်ကာ ဆင်တော်ပေါ်သို့တင်၍ "အရှင်မင်းသား....မြို့တော်ကို လက်ျာရစ်လှည့်၍ ခမည်းတော်မင်းကြီးကို ဖူးမျှော်ကန်တော့ပါ၊ ယနေ့ပင် အရှင်မင်းသားအား အဘိသိက်သွန်း၍ မင်းမြှောက် လိမ့်မည်" ဟု လျှောက်ထားပြီးလျှင် မြို့တော်ကို လက်ျာရစ်လှည့်စေ၏။

အကြောင်းသိက သံဝေရ

မင်းသားသည် မြို့တော်ကို လက်ျာရစ်လှည့်လည်ရာ မွေ့လျော်ဘွယ် ရှိသောအရံဥယျာဉ် ရေကန်ရွှေနန်းပြာသာဒ်တို့ကိုမြင်ရလျှင်- "အမတ်မင်းဘို့.... ငါ့ခမည်းတော်သည် ငါ့ကိုဤမျှလောက်နှောင်အိမ်၌နေစေဘိ၏၊ ဤမျှတင့်တယ်သောမြို့တော်ကိုမမြင်စေရ၊ငါ့အားဘယ်အပြစ်ရှိသနည်း" "အရှင့်သား....အရှင့်သားမှာအပြစ်မရှိပါ၊မရှိသော်လည်း

နောင်တော်နှစ်ပါးကို ဘီလူးမတယောက်သည် လာ၍ စား၏၊ ထို့ကြောင့် ခမည်းတော်သည် ဘီလူးမဘေး လွတ်အောင် သံအိမ်၌နေစေတော်မူ၏၊ အရှင့်သားမှာ သံအိမ်ကြောင့်အသက်ရှင်ပါသည်'' ဟု လျှောက်ထားကုန်၏။

မင်းသားသည် အမတ်တို့စကားကိုကြားရလျှင် ငါကား ဆယ်လပတ်လုံးဘင်ပုပ်ငရဲနှင့်တူသော အမိဝမ်း၌ပဋိသန္ဓေ နေခဲ့ရ၏၊ ဘွားမြင်ပြန်ပါသော်လည်း ဥဿဒရက်ငရဲ၌ ကျသကဲ့သို့ တဆယ့်ခြောက်နှစ်ပတ်လုံး နှောင်အိမ်တွင်း၌ နေခဲ့ရ၏၊ ပြင်ပသို့ကြည့်ရှုခွင့်မရ၊ ဘီလူးမဘေးမှလွတ်ပါသော်လည်းမအိုမနာ မသေနေရမည်မဟုတ်၊ မင်းအဖြစ်ကို အလိုမရှိ၊ မင်းဖြစ်လျှင်ထွက်နိုင်တော့မည်မဟုတ်၊ ယနေ့ပင် ခမည်းတော်ထံခွင့်ပန်၍ ဟိမဝန္တာသို့ သွားပြီးလျှင် ရသေ့ ရဟန်းပြုမည် ဟု ကြံစည်လေ၏။

မင်းမြောက်ကြရန် မိန့်ပေးပြန်

နန်းတော်သို့ ဝင်၍ ခမည်းတော်ထံ ရောက်လျှင်မင်းသားသည် ခမည်းတော်အား ရှိခိုးလျက်နေ၏၊ မင်းကြီးသည် သားတော်၏တင့်တယ်စမွယ်ခြင်းကို ကြည့်ရှုတော်မူ၍ အားကြီးသောချစ်ခြင်းဖြင့်အမတ်တို့ကိုကြည့်၏၊ အမတ်တို့လည်း ''အရှင်မင်းကြီး.... အဘယ်သို့ပြုရအံ့နည်း'' ဟု လျှောက်ထားကုန်၏၊ ''အမတ်တို့....ငါ၏သားတော်ကိုရတနာအစု၌ထားကာ အဘိသိက်သွန်း၍ မင်းမြောက်ကြကုန်''ဟု အမိန့်ပေးလေ၏။

တောထွက်လိုကြောင်း တရားဟောကြား

ထိုအခါ မင်းသားသည် ခမည်းတော်မင်းကြီးအား ''ခမည်းတော်.... အကျွန်ုပ်မင်းအဖြစ်ကိုအလိုမရှိပါ၊ရဟန်း

ပြုပါအံ့၊ ခွင့်ပြုတော်မူပါ"၊ "ချစ်သား…. မင်းအဖြစ်ကို ပယ်၍ အဘယ့်ကြောင့် ရဟန်းပြုအံ့နည်း"၊ "ခမည်းတော်…. အကျွန်ုပ်ကားဆယ်လပတ်လုံးဘင်ပုပ်ငရဲနှင့်တူသော အမိဝမ်း၌ပဋိသန္ဓေနေခဲ့ရ၏၊ ဘွားမြင်ပြန်ပါသော်လည်း ဥဿဒရက်ငရဲသို့ကျရသကဲ့သို့ တဆယ့်ခြောက်နှစ်ပတ်လုံး နှောင်အိမ်တွင်း၌နေခဲ့ရ၏၊ ပြင်ပသို့ကြည့်ရှုခွင့်မရ၊ ဘီလူးမဘေးမှလွတ်ပါသော်လည်း မအို မနာ မသေ နေရမည်မဟုတ်၊ သေမင်းစစ်သည်ကိုအောင်မြင်ခြင်း,လှည့်ပတ်ခြင်းငှါမတတ်နိုင်ပါ၊ ဘုံသုံးပါး၌ ငြီးမငွ ပျင်းရိလှပါ၏၊ မအိုမနာမသေမီ ရဟန်းပြု၍ ရဟန်းတရားကိုအားထုတ်ပါအံ့၊ မင်းအဖြစ်ကိုအလိုမရှိပါ၊ ခွင့်ပြုတော်မူပါ" ဟု လျှောက်ထားပြီးလျှင် တဘန်မင်းကြီးအား—

တိမ်တိုက်နှင့် သူရဲကောင်း

"ခမည်းတော်….အကြင်သတ္တဝါသည် တညဉ့်ရှေးဦးစွာအမိဝမ်း၌ပဋိသန္ဓေနေရ၏၊ ထိုသတ္တဝါသည် တက်သောတိမ်တိုက်ကဲ့သို့သွားရ၏၊ သွားသည်ရှိသော် နောက်သို့မပြန်ရပြီ"။

"ခမည်းတော်…. စစ်မြေပြင်၌ စစ်ထိုး၍နေသော အားအစွမ်းနှင့်ပြည့်စုံသော သူရဲကောင်းတို့သည် အိုရကုန်သည်သာတည်း၊ သေရကုန်သည်သာတည်း၊ အလုံးစုံသော သတ္တဝါအပေါင်းကို ပဋိသန္ဓေနေခြင်း, အိုခြင်းသည် နှိပ်စက်၏၊ ထို့ကြောင့် ရဟန်းပြု၍တရားကိုကျင့်မည် ဟု စိတ်ဖြစ်ပါ၏"။

ပြည့်ရှင်မင်းနှင့် သေမင်း

“ခမည်းတော်…. အင်္ဂါလေးပါးရှိသော စစ်သည်ဗိုလ်ပါကိုရင်း, အလွန် ကြောက်မက်ဘွယ်ကောင်းသောပြည့်ရှင်မင်းကိုရင်း နှိပ်စက်၍အချို့မင်းတို့သည်အောင်နိုင်ကုန်၏၊ထိုမင်းတို့သည်လည်း သေမင်း၏စစ်သည်တို့ကို အောင်နိုင်ခြင်းငှါ မစွမ်းနိုင်ကုန်၊ ထို့ကြောင့် ရဟန်းပြု၍ တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏”။

“ခမည်းတော်…. ဆင်,မြင်း,ရထား,ခြေသည်သူရဲခြံရံကုန်သောအချို့မင်းတို့သည် ရန်သူတို့လက်မှလွတ်ထွက်နိုင်ကုန်၏၊ ထိုမင်းတို့သည်လည်း သေမင်းလက်မှ လွတ်ထွက်ခြင်းငှါမစွမ်းနိုင်ကုန်၊ ထို့ကြောင့်ရဟန်းပြု၍တရားကိုကျင့်မည် ဟု စိတ်ဖြစ်ပါ၏”။

ရန်သူမင်းနှင့်ဆင်ပြောင်

“ခမည်းတော်…. ဆင်မြင်းရထား ခြေသည်သူရဲတို့ဖြင့် ရန်သူမင်းတို့၏ တိုင်းပြည်ကို ဖျက်ဆီးနိုင်ကုန်၏၊ ဗိုလ်ထုကိုဖျက်ဆီး၍ အသက်ကုန်ခြင်းသို့ရောက်စေနိုင်ကုန်၏၊ ထိုမင်းတို့သည်လည်း သေမင်းကို ဖျက်ဆီးခြင်းငှါ မစွမ်းနိုင်ကုန်၊ ထို့ကြောင့် ရဟန်းပြု၍တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏”။

“ခမည်းတော်··သုံးပါးသောအရပ်တို့မှပေါက်ကုန်လျက် ယိုစီးသောမုန်ရှိ၍ အမုန်ယစ်ကုန်သောဆင်ပြောင်ကြီးတို့သည် မြို့တို့ကို နှိမ်နင်းနိုင်ကုန်၏၊

လူတို့ကို သတ်ဖြတ်နိုင်ကုန်၏၊ ထိုဆင်ပြောင်ကြီးတို့သည်လည်း သေမင်းကို နှိမ်နင်းခြင်းငှါ မစွမ်းနိုင်ကုန်၊ထို့ကြောင့် ရဟန်းပြု၍တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏”။

လေးသမားနှင့်အင်းအိုင်

“ခမည်းတော်….ရဲရင့်ကုန်၍ လေးအတတ်ကို သင်ပြီးလျှင် အဝေးသို့ ရောက်အောင်ပစ်နိုင်သော လေးသမားတို့သည်၎င်း, အက္ခဏဝေဓိ စသော လေးသမားတို့သည်၎င်း သေမင်းကို ပစ်ခြင်းငှါ မစွမ်းနိုင်ကုန်၊ထို့ကြောင့် ရဟန်းပြု၍တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏”။

တောအုပ်နှင့်တကွမြေကြီး

“ခမည်းတော်….အနဝတတ်စသောအိုင်ကြီးတို့သည် ခန်းခြောက်တတ်ကုန်၏၊ တောင်တောအုပ်နှင့်တကွမြေကြီးသည် ကုန်ခမ်းတတ်၏၊ အလုံးစုံသောသင်္ခါရသည် ရှည်မြင့်စွာသော ကာလသို့ ရောက်၍ ကုန်တတ်သည်သာတည်း၊ ပျက်ချိန် ကာလသို့ရောက်လတ်သော် ပျက်သည်သာတည်း၊ ထို့ကြောင့် ရဟန်းပြု၍ တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏”။

သေသောက်ကြူးနှင့်သစ်ရွက်သစ်သီး

“ခမည်းတော်….လောက၌ ယောကျ်ားမိန်းမဖြစ်သော သတ္တဝါတို့အသက်သည် သေသောက်ကြူး၏ အဝတ်ပုဆိုး တုန်လှုပ်သကဲ့သို့၎င်း, ကမ်းနား

သစ်ပင်သည် တုန်လှုပ်သကဲ့သို့ရင်း တုန်လှုပ်တတ်၏၊ထို့ကြောင့် ရဟန်းပြု၍ တရားကိုကျင့်မည်ဟုစိတ်ဖြစ်ပါ၏။

"ခမည်းတော်····သစ်ရွက်သစ်သီးတို့သည် ကြွေကျကုန်သကဲ့သို့ အငယ်,အကြီး,မိန်းမ,ယောကျ်ား,ဥဘတောဗျည်း,နပုန်းပဏ္ဍုက်ဟူသော သတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်ခြင်းကြောင့် သေ၍မြေသို့ကျရကုန်၏၊ထို့ကြောင့် ရဟန်းပြု၍ တရားကိုကျင့်မည်ဟုစိတ်ဖြစ်ပါ၏"။

လမင်းနှင့်ဘီလူးပြိတ္တာ

"ခမည်းတော်···· သတ္တဝါတို့၏ အရွယ်သည် လ,နှင့်တူသည်ဖြစ်၍ လဆုတ်၌ကုန်ပြီး၍ လဆန်း၌ ပြည့်ပြန်သည်မဖြစ်၊စင်စစ်အရွယ်သည် ရှေ့သို့သွား၏၊ သွားပြီးသောအရွယ်သည် တဘန် နောက်သို့ပြန်၍မဆုတ်၊ အိုပြီးသောသူအား ကာမဂုဏ်၌ မွေ့လျော်ခြင်း ချမ်းသာခြင်းမရှိ၊ထို့ကြောင့် ရဟန်းပြု၍ တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏"။

"ခမည်းတော်····တန်ခိုးကြီးသော ဘီလူး,မြေဘုတ်ဘီလူး,ပြိတ္တာတို့သည် အမျက်ထွက်ကုန်၍ လူတို့ကို ထွက်သက်လေဖြင့် ပုတ်ခတ်၍သတ်နိုင်ကုန်၏၊ ပူးဝင်နိုင်ကုန်၏၊ သေမင်းကို ထွက်သက်လေဖြင့် ပုတ်ခတ်၍ မသတ်နိုင်ကုန်၊ မပူးမဝင်နိုင်ကုန်၊ ထို့ကြောင့် ရဟန်းပြု၍ တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏"။

"ခမည်းတော်…. ဘုတဝိဇ္ဇာအတတ်ကို တတ်သောဆေးသမားတို့သည် အမျက်ထွက်သောတန်ခိုးကြီးသောဘီလူး,မြေဘုတ်ဘီလူး,ပြိတ္တာတို့ကိုပူဇော်ခြင်းအမှုဖြင့် သည်းခံစေခြင်း ကြည်ညိုစေခြင်းကိုပြုခြင်းငှါစွမ်းနိုင်ကုန်၏၊ သေမင်းကို ပူဇော်သောအမှုဖြင့် သည်းခံစေခြင်း ကြည်ညိုစေခြင်းကိုပြုခြင်းငှါမစွမ်းနိုင်ကုန်၊ ထို့ကြောင့် ရဟန်းပြု၍ တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏"။

သေမင်း၏သဘော

"ခမည်းတော်..မင်းတို့သည် မင်းအားပြစ်မှားသူ ပြည်ရွာကိုဖျက်ဆီးသူ, လုယက် ညှဉ်းဆဲသူတို့ကို အပြစ်ကိုသိကုန်၍ အပြစ်အားလျော်စွာ ဒဏ်ပေးနိုင်ကုန်၏၊သေမင်းကိုဒဏ်မပေးနိုင်ကုန်၊ထို့ကြောင့် ရဟန်းပြု၍ တရားကို ကျင့်မည်ဟု စိတ်ဖြစ်ပါ၏"။

"ခမည်းတော်….မင်းအားပြစ်မှားသူ,ပြည်ရွာကိုဖျက်ဆီးသူ, လုယက် ညှဉ်းဆဲသူတို့သည် မင်းတို့ကိုတောင်းပန်သဖြင့် ကြည်ညိုစေခြင်း သည်းခံစေခြင်းကိုရကြကုန်၏၊ သေမင်းကို တောင်းပန်သဖြင့် ကြည်ညိုစေခြင်း သည်းခံစေခြင်းကို မပြုနိုင်ကုန်၊ထို့ကြောင့် ရဟန်းပြု၍ တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏"။

"ခမည်းတော်….သေမင်းသည် ဤသူကား မင်းဖြစ်၏၊ ဤသူကား ပုဏ္ဏားဖြစ်၏၊ ဤသူကားသူဌေးသူကြွယ်ဖြစ်၏၊ ဤသူကား ခွန်အားကြီးသူ ဖြစ်၏၊

ဤသူကား တန်ခိုးကြီးသူဖြစ်၏ဟု ငဲ့ကွက်ခြင်းမရှိ၊ ထို့ကြောင့်ရဟန်းပြု၍ တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏"။

သေမင်း၏စွမ်းရည်

"ခမည်းတော်····ခြင်္သေ့,ကျား,သစ်တို့သည် တုန်လှုပ်သောသတ္တဝါတို့ကို နှိပ်စက်၍စားကုန်၏၊ ထိုခြင်္သေ့,ကျား, သစ်တို့သည် သေမင်းကို စားခြင်းငှါ မစွမ်းနိုင်ကုန်၊ထို့ကြောင့် ရဟန်းပြု၍တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏"။

"ခမည်းတော်··· မျက်လှည့်သမားတို့သည် ပွဲသဘင်အလယ်၌ လှည့်ပတ်ခြင်းကို ပြုကုန်လျက် ခဏချင်းလူအပေါင်းတို့၏ မျက်စိတို့ကို မဟုတ်သည်ကို အဟုတ်ပြုကာ တွေဝေစေနိုင်ကုန်၏၊ သေမင်းကို မတွေဝေစေနိုင်ကုန်၊ ထို့ကြောင့် ရဟန်းပြု၍ တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏"။

"ခမည်းတော်···· ထက်မြက် ပြင်းထန်သောအဆိပ်ရှိကုန်သော မြွေတို့သည် အမျက် ထွက်ကုန်သည်ရှိသော် လူတို့ကို ကိုက်သတ်နိုင်ကုန်၏၊ သေမင်းကိုမကိုက်သတ်နိုင်ကုန်၊ ထို့ကြောင့် ရဟန်းပြု၍ တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏"။

"ခမည်းတော်····အဆိပ်ပြင်းထန်သော မြွေတို့သည် အမျက်ထွက်ကုန်၍ ကိုက်သောသူ၏ မြွေဆိပ်တို့ကို ဆေးသမားတို့သည် ဆေးဖြင့်ကုသကာ အဆိပ်ကို ဖျောက်နိုင်ကုန်၏၊ ကိုက်သောသေမင်း၏

အဆိပ်ကို မဖျောက်နိုင်ကုန်၊ ထို့ကြောင့် ရဟန်းပြု၍ တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏”။

သေမင်း၏အံ့ဘွယ်

“ခမည်းတော်····ဓမ္မန္တရီဆေးသမား,ဝေတရဏီဆေးသမား, ဘောဇ ဆေးသမားတို့သည် မြွေအဆိပ်တို့ကိုဖျောက်နိုင်ကုန်၏၊ သေမင်းအဆိပ်တို့ကိုမဖျောက်နိုင်ကုန်၊ ထိုဆေးသမားတို့သည် သေကြရကုန်ပြီ၊ ထို့ကြောင့် ရဟန်းပြု၍ တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏”။

“ခမည်းတော်···· ဝိဇ္ဇာဓိုရ်တို့သည် ဂန္ဓာရီအတတ် ဃောရအတတ်တို့ကို သင်ကုန်၍ ရန်သူလက်မှလွတ်ထွက်နိုင်ကုန်၏၊ ဆေးတို့ဖြင့် ရန်သူမမြင်ရာသို့ ရောက်စေနိုင်ကုန်၏၊ သေမင်းမမြင်ရာသို့မရောက်စေနိုင်ကုန်၊ ထို့ကြောင့် ရဟန်းပြု၍ တရားကိုကျင့်မည်ဟု စိတ်ဖြစ်ပါ၏”။

ကုသိုလ်နှင့်အကုသိုလ်

“ခမည်းတော်···· ကုသိုလ်တရားသည် တရားကျင့်သူကို စင်စစ်စောင့်ရှောက်၏၊ ကောင်းစွာကျင့်အပ်သောကုသိုလ်တရားသည် လူ,နတ်,နိဗ္ဗာန်သုံးတန်သောချမ်းသာကို ရွက်ဆောင်၏၊ ထိုသို့ချမ်းသာကိုရွက်ဆောင်ခြင်းကား ကောင်းစွာ ကျင့်အပ်သော ကုသိုလ်တရား၏အကျိုးတည်း၊ ကုသိုလ်တရားကို ကျင့်သောသူသည် အပါယ်လေးပါးသို့မလားရ”။

"ခမည်းတော်⋯⋯ ကုသိုလ်တရား, အကုသိုလ် တရား ဤနှစ်ပါးတို့ကား တူမျှသောအကျိုးမရှိကုန်၊ အကုသိုလ် တရားသည် ငရဲသို့ ရောက်စေတတ်၏၊ ကုသိုလ်တရားသည် သုဂတိသို့ရောက်စေတတ်၏"။

မင်းသားနှင့်တကွ တောထွက်ကြ

ဤသို့ မင်းကြီးအားတရားဟော၍ပြီးလျှင် တိုင်းပြည်သည် ခမည်းတော်၏ တိုင်းပြည်သာဖြစ်စေလော့၊ အကျွန်ုပ် မင်းအဖြစ်ကိုအလိုမရှိပါ၊ စင်စစ်ကား ခမည်းတော်နှင့် စကားပြောနေစဉ်ပင်လျှင် အိုခြင်း,နာခြင်း,သေခြင်းတို့ ရောက်လာကုန်၏၊ သို့အတွက် ခမည်းတော်တို့ နေရစ်ကြလော့ဟု ပြောဆိုပြီးလျှင် ကာမဂုဏ်တို့ကိုစွန့်၍ မယ်တော် ခမည်းတော်တို့ကို ရှိခိုးပြီးလျှင် ရဟန်းပြုရန် မြို့တော်မှထွက်လေ၏၊ ခမည်းတော် မင်းကြီးလည်း သားတော်နှင့် အတူ ထွက်တော်မူ၏၊ မယ်တော် မိဖုရားကြီးသည်၎င်း, ပုဏ္ဏားသူကြွယ်စသော မြို့သူမြို့သားတို့သည်၎င်း ပစ္စည်းဥစ္စာအိုးအိမ်တို့ကိုစွန့်ကြ၍ တမြို့လုံး ထွက်ကြကုန်၏၊ ပရိသတ်တို့သည်တဆယ့်နှစ်ယူဇနာရှိကုန်၏။

အယောဃရမင်းသားသည် ပရိသတ် အလုံးစုံကိုယူ၍ ဟိမဝန္တာသို့ သွားလေ၏၊သိကြားမင်းသည်ထိုအကြောင်းကိုသိ၍ ဝိသုကြုံနတ်သားကို စေခိုင်း၏၊ ဝိသုကြုံနတ်သားလည်းကျောင်းပရိက္ခရာစသည်တို့ကိုပြည့်စုံအောင်ဖန်ဆင်း၍ပေး၏၊ အယောဃရမင်းသားမှစ၍ အလုံးစုံသောပရိသတ်တို့သည်ရသေ့ရဟန်းပြုကြကုန်၏။[အကြွင်းဟတ္ထိပါလဇာတ်နှင့်တူပြီ။]

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ရှေးအခါ မယ်တော်ခမည်းတော်တို့သည်- ယခု အခါသာကီဝင်မင်းမျိုးတို့။

※ ကြွင်းသောပရိသတ်သည်-ငါဘုရားပရိသတ်။

※ အယောဃရပညာရှိသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အိုခြင်း,နာခြင်း၊ သေရခြင်း၊ မကင်းသတ္တဝါ။
(၂) ငယ်သည်,ကြီးသည်၊ လိမ္မာသည်၊ မိုက်သည်မဟူပါ။
(၃) ချမ်းသာဆင်းရဲ၊ရဲမရဲ၊မလွဲသေရရှာ။
(၄) အို,နာ,သေဘေး၊ မရောက်သေး၊ အေးဘို့တရားရှာ။
(၅) သတိမထား၊ ဆုံလည်နွား၊ ဖြစ်ငြားသံသရာ။

အယောဃရဇာတ်ပြီး၏။

ဝီသတိနိပါတ်စကားပြေပြီး၏။

တိံသနိပါတ်

၅၁၁။ ကိံဆန္ဒဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဥပုသ်စောင့်မှု အကြောင်းပြ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဥပုသ်ဆောက်

တည်သော ဒါယကာ ဒါယိကာမတို့ကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

မင်းပင်ကောင်းလျက် မင်းမြောင်ဖျက်

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် တရားနှင့်အညီ မင်းပြု၏၊ သဒ္ဒါတရားနှင့်ပြည့်စုံ၏၊ အလှူပေးခြင်း,သီလစောင့်သုံးခြင်း, ဥပုသ်ဆောက်တည်ခြင်းစသော ကုသိုလ်ကောင်းမှုကို ပြုလေ့ရှိ၏၊ မှူးမတ်တို့ကိုလည်း ပြုလုပ်စေ၏၊ ပုရောဟိတ်ပုဏ္ဏားကား စဉ်းလဲသောတရားသူကြီးဖြစ်၏၊တံစိုးလက်ဆောင်စားလေ့ရှိ၏။

မင်းကြီးသည် ဥပုသ်နေ့၌ မှူးမတ်တို့ကိုခေါ်၍ "သင်တို့ ဥပုသ်ဆောက်တည်ကြကုန်လော့" ဟု တိုက်တွန်းတော်မူ၏၊ ပုရောဟိတ်ကား ဥပုသ်မဆောက်တည်၊ တံစိုးစား၍ စဉ်းလဲသောတရားကို စီရင်ပြီးလျှင် မင်းကြီးထံ အခစားလာ၏၊ မင်းကြီးသည် ပုရောဟိတ်ကို "ဆရာ.... ဥပုသ်ဆောက်တည်၏လော" ဟု မေး၏၊ ပုရောဟိတ်သည် "အရှင်မင်းကြီး.... ဆောက်တည်ပါ၏" ဟုမဟုတ်မမှန်မုသားဆို၏။

ဥပုသ်ထက်ဝက် ဒါနဖက်

ပုရောဟိတ် နန်းပြာသာဒ်မှ ဆင်းလတ်သော် အမတ်တယောက်သည် "ဆရာ.... ဆရာတို့သည် ဥပုသ်မဆောက်တည်သည် မဟုတ်ပါလော"ဟုမေး၏၊ပုရောဟိတ်သည်"အမောင်....ငါကား နံနက်စာသာစား၏၊ အိမ်သို့ရောက်လျှင် ခံတွင်းကိုဆေး၍ ဥပုသ်ဆောက်တည်အံ့၊ ထို

သို့ဆောက်တည်သည်ရှိသော် ထက်ဝက်ဥပုသ် ဖြစ်လတံ့” ဟုပြောဆို၏၊ ပုရောဟိတ်သည်အိမ်သို့ရောက်လျှင်ပြောဆိုခဲ့ တိုင်းပြုလုပ်သဖြင့်ထက်ဝက်သောဥပုသ်ကိုရ၏။

ပုရောဟိတ်သည် တနေ့သ၌ တရားဆုံးဖြတ်ရာ၌ နေသည်ရှိသော် သီလရှိသော မိန်းမတယောက်သည် တရားဆိုလတ်၏၊ ထိုမိန်းမသည် ငါကား အိမ်သို့သွားခွင့်မရ၊ သီလဆောက်တည်မည်ဟု ကြံစည်လျက် နေမွန်းတည့်နီးလတ်သော် ခံတွင်းကိုဆေးရန် ပြင်ဆင်၍နေ၏၊ ပုရောဟိတ်သိလျှင်“နှမ···· သင်သည် ဤသရက်သီးကိုစား၍ ဥပုသ်ဆောက်တည်လော့”ဟုဆို၍ သရက်သီးကို ပေးလေ၏၊ မိန်းမလည်း သရက်သီးကိုစား၍ ဥပုသ်ဆောက်တည်၏၊ ပုရောဟိတ်ပုဏ္ဏားလည်း ဤသရက်သီးကို ပေးခြင်းမျှသာကုသိုလ်ကောင်းမှုရှိ၏။

နေ့ခံညစံ အကျိုးဖန်

နောက်အဘို့၌ ပုရောဟိတ်သည် သေလွန်၍ ဟိမဝန္တာအရပ် ကောသိကီမည်သော မြစ်နား၌ ယူဇနာသုံးဆယ်ရှိသော သရက်ဥယျာဉ်ဝယ် မွေလျော်ဘွယ် ရှိသော ရွှေဗိမာန်၌ ဝေမာနိကနတ်ပြိတ္တာဖြစ်၍ တသောင်းခြောက်ထောင်သော နတ်သမီး အခြံအရံရှိ၏၊ ထိုပုဏ္ဏားပြိတ္တာသည် ညအခါ၌သာ နတ်စည်းစိမ်ကိုခံစားရ၏၊ အရုဏ်တက်သည်ရှိသော် သရက်ဥယျာဉ်သို့ဝင်ရ၏၊ ခဏချင်းလျှင် နတ်၌ဖြစ်သောကိုယ်သည် ကွယ်ခဲ့၏၊ အတောင်ရှစ်ဆယ် ပမာဏရှိသော ပြိတ္တာကိုယ်သည် ဖြစ်လာ၏၊ ကိုယ်အလုံးစုံ၌လောင်လျက် ပင်လုံးကျွတ်ပွင့်သော ပေါက်ပင်

နှင့်တူ၏၊ ပေါက်တူးပမာဏရှိသော လက်သည်းတို့သည် ဖြစ်လာကုန်၏၊ လက်သည်းတို့ဖြင့် မိမိကျောက်ကုန်းသားကိုခွာ၍စားရ၏၊ အလွန်ဆင်းရဲ၍ သည်းစွာသောအသံဖြင့် မြည်တမ်းကာ ခံစားရ၏၊ နေ့ဝင်လတ်သော် ပြိတ္တာကိုယ်ကွယ်၍ တန်ဆာဆင်အပ်သော နတ်သားကိုယ်ဖြစ်လာ၏၊ တသောင်း ခြောက်ထောင်သော နတ်သမီးတို့သည် အတီးအမှုတ်အမျိုးမျိုးတို့ဖြင့် ခြံရံကုန်၏၊ ပုဏ္ဏားသည် နတ်ပြာသာဒ်သို့တက်၍ ကြီးစွာသောစည်းစိမ်ကိုခံစား၏။

ကောင်းဆိုးနှစ်တန် ကျိုးပေးဟန်

ထိုပုဏ္ဏားသည် ဥပုသ် ဆောက်တည်သောမိန်းမအား သရက်သီးကို ပေးခဲ့ဘူးသော ကောင်းမှုကြောင့် ယောဇနာသုံးဆယ်ရှိသော သရက်ဥယျာဉ်ကိုရ၏၊ တံစိုးစားသော မကောင်းမှုကြောင့် မိမိကျောက်ကုန်းသားကို နတ်ခွါ၍စားရ၏၊ နေ့ထက်ဝက်မျှ ဆောက်တည်ဘူးသော ဥပုသ်ကံကြောင့် နတ်ပြာသာဒ်၌ တသောင်းခြောက်ထောင်သော နတ်သမီးအခြံအရံဖြင့် နတ်စည်းစိမ်ကိုခံစားရ၏။

သရက်သီးတစ်မက် သေခံလျက်

ထိုအခါ ဗာရာဏသီမင်းသည် ကာမဂုဏ်တို့ကိုစွန့်လျက် တောထွက်ကာ ရသေ့ရဟန်းပြု၍ ဂင်္ဂါမြစ်နား၌နေ၏၊ နေ့စဉ်ဆွမ်းခံဝတ်ဖြင့် အာဟာရကိုမျှတ၏၊ တနေ့သ၌ ထိုဝေမာနိကပြိတ္တာ၏ သရက်ဥယျာဉ်မှ အိုးစရည်းပမာဏရှိသော သရက်သီးမှည့်တလုံးသည် ဂင်္ဂါမြစ်၌ ကြွေကျလေ၏၊ ရေအယဉ်ဖြင့်မျောလာသော သရက်သီးကြီးကို ရသေ့သည် မြစ်၌မျက်နှာသစ်ရန်လာခိုက် မြင်၍ ဆယ်ယူလျက် ကျောင်းသို့ရောက်လျှင် မီးတင်းကုပ်တွင်း၌ထား၏။

ထိုသရက်သီးကိုကုန်သည်တိုင်အောင် နေ့စဉ် မျှလောက်ရုံသာယူ၍စား၏၊ ကုန်သောအခါ အခြားသစ်သီးကိုမစားနိုင်ချေ၊ ရသတဏှာဖြင့်နှောင်ဖွဲ့ကာ မြစ်နားသို့သွား၍ မြစ်ကိုကြည့်လျက် သရက်သီးကိုရမှစားမည်၊ မရလျှင် ဤနေရာမှမထတော့အံ့ဟု စိတ်ကိုဆုံးဖြတ်ကာ ထိုင်လျက်နေလေ၏၊ ခြောက်ရက်ပတ်လုံး အစာအာဟာရကင်းကာ လေနေပူတို့ကြောင့် ခြောက်ကပ်လျက်နေ၏။

ကြောင်းကျိုးသိရေး နတ်သမီးမေး

ခုနစ်ရက်မြောက်သောနေ့၌ မြစ်စောင့်နတ်သမီးသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍ ဤရသေ့အား သရက်သီးမှည့်ကိုပေးမည်ဟု ကြံစည်၍ ဂင်္ဂါမြစ်၏ အထက်ကောင်းကင်၌ရပ်လျက် ရသေ့အား—

"အို-ရှင်ရသေ့···· ရှင်ရသေ့သည် ဘယ်ကိုအလိုရှိ၍ အဘယ်ကိုစိတ်ကူးလျက် အဘယ်ကိုတောင့်တ၍ အဘယ်ကိုရှာမှီးကာ အဘယ့်ကြောင့် နေပူကြီးထဲ၌ နေဘိသနည်း"—

ဟု ပဋိသန္ဓာရစကား ပြောကြား မေးမြန်းလေ၏၊ ရသေ့သည် နတ်သမီးစကားကိုကြားလျှင် ကောင်းကင်သို့မော့လျက်—

"အို-နတ်သမီး····ရေကိုဆောင်လျက် ကောင်းသောသဏ္ဌာန်ရှိ၍ အိုးစရည်းမျှကြီးသော အဆင်းအနံ့ အရသာနှင့်ပြည့်စုံသော သရက်သီးသည် မြစ်ရေတွင်မျော၍လာပါ၏၊ ငါသည် ထိုသရက်သီးကြီးကို ယူဆောင်၍ မီးတင်းကုပ်၌ထားပါ၏"။

"အို-နတ်သမီး.... ထိုသရက်သီးကြီးကို ကုန်သည်တိုင်အောင် နေ့စဉ်ထားငယ်ဖြင့်လှီး၍ အနည်းငယ် အနည်းငယ် စားပါ၏၊ သရက်သီးကုန်သောအခါ အခြားသစ်သီးကိုမစားနိုင်တော့ပါ၊ သရက်သီးသည် ငါ့ကိုသေအောင် ဘန်တီးဘိ၏ တကား"။

"အို-နတ်သမီး.... ငါသည် သရက်သီးကိုမရလျှင် အသေခံတော့မည်ဟု စိတ်ကိုဆုံးဖြတ်ကာ မြစ်ရေကိုကြည့်လျက် ဤမြစ်ကမ်းနားနေပူကြီးထဲ၌ နေပါ၏"။

"အို-နတ်သမီး.... သင့်အကြောင်းကို ပြောကြားပါဦး၊ သင်ကား အဘယ်သူနည်း၊ အဘယ့်ကြောင့် ဤအရပ်သို့လာသနည်း၊ ငါ့အား သင်၏အမည် အမျိုးအနွယ်ကိုပြောကြားပါ"—

ဟု မိမိဖြစ်ပျက်ပုံအကြောင်းစုံကို ပြောကြားပြီးလျှင် နတ်သမီးကို တဖန်မေးမြန်းပြန်၏။

တဏှာပယ်ရန် ပြောဆိုပြန်

ထိုအခါ နတ်သမီးသည် ရသေ့အား—

"အို-ရှင်ရသေ့.... အကျွန်ုပ်ကား မွှေးလျော်ဘွယ်ရှိသော ဤမြစ်ကို စွဲ၍နေပါ၏၊ မြစ်ကိုအုပ်စိုးသော မြစ်စောင့်နတ်သမီးဖြစ်ပါ၏၊ အကျွန်ုပ်၏ ဗိမာန်ကား မြစ်ရေအယဉ်၌တည်ရှိ၏"။

"အို-ရှင်ရသေ့.... ဤမြစ်သို့ တောင်ချောက်ကြားမှလာသော မြစ်ချောင်းတို့သည် စီးဝင်ကုန်

၏၊ သရက်, သပြေ, ပိန္နဲစသော အသီးမျိုးတို့
သည် မြစ်ရေ၌ မပြတ်မျော၍လာကုန်၏၊ မြစ်ကမ်း
နှစ်ဘက်၌ အထူးထူးသော သစ်ပင်တို့လည်း ရှိ
ကုန်၏”။

“အို-ရှင်ရသေ့···· အကျွန်ုပ်၏စကားကို နား
ထောင်ပါ၊ သင်ရသေ့သည် ပညာကြီးသူဖြစ်လျက်
တကျာ၏အလိုသို့ မလိုက်ပါလင့်၊ တပ်မက်ခြင်း
တကျာကို တားမြစ်ပါ”။

“အို-ရှင်ရသေ့····အရှင်သည် အသားအသွေး
တို့ ပွားများ၍ပျိုရွယ်သူဖြစ်လျက် သရက်သီး၌တပ်
မက်မော၍ သေလွန်ခဲ့သော် သင့်အား ပညာကြီး
သူဟု ငါတို့မအောက်မေ့နိုင်”။

“အို-ရှင်ရသေ့····တကျာ၏အလိုသို့လိုက်သော
သူကို ဗြဟ္မာ, နတ်, ဒိဗ္ဗစက္ခုကိုရသော ရသေ့တို့
သည် သိကြကုန်၏၊ ထိုသူတို့ကို လုပ်ကျွေးသော
သူတို့လည်း သိကြကုန်၏”—

ဟု တကျာ၏အလိုသို့ မလိုက်သင့်ကြောင်းကို ပြော
ကြားလျှောက်ထားလေ၏။

မြိမ်းချောက်ကဲ့ရဲ့ ရသေ့ဖျက်

ထို့နောင်မှ ရသေ့သည် နတ်သမီး
အား—

“အို-နတ်သမီး···· ငါသည် အလုံးစုံသောသုစ
ရိုက်တရားကိုဌင်း, အသက်၏ ပျက်စီးစုတေခြင်းကို
ဌင်း သိပါ၏၊ ဤသို့သိ၍ တည်ရှိနေသူအား အ

ကယ်၍ သူတပါးကိုသတ်ရန် လုံ့လမပြုအံ့၊ အကု
သိုလ်မပွားပါ”။

“အို-နတ်သမီး…. သင့်ကို မကောင်းမှုကိုဝေး
စွာပြုသဖြင့် လောက၏ အကျိုးစီးပွါးဖြစ်သည်ဟု
ငါသိ၏၊ သင်သည် မကောင်းသော အပြစ်တင်
သောစကားကိုဆိုသဖြင့်မကောင်းမှုကိုဖြစ်စေဘိ၏”။

“အို-နတ်သမီး…. အကယ်၍ငါသည် သရက်
သီးကိုမရသဖြင့် မြစ်ကမ်းနားၐသေခဲ့အံ့၊ စင်စစ်
သင့်ကိုကဲ့ရဲ့ကြလတ္တံ၊ထို့ကြောင့်သင်သည် မကောင်း
သောကဲ့ရဲ့ခြင်းမှ စောင့်ရှောက်ပါလော့၊ မကဲ့ရဲ့
ပါစေလင့်”–

ဟု ပြောဆိုပြန်၏။

အလိုပြည့်အံ့ဥယျာဉ်မို့

ထိုအခါ နတ်သမီးသည် ရသေ့အား–

“အို-ရှင်ရသေ့…. သရက်သီးကိုရလို၍ ပြော
ဆိုနေသောအကြောင်းကို ငါသိရပြီ၊ သင်သည် စွန့်
နိုင်ခဲသော ထီးနန်းစည်းစိမ် ကာမဂုဏ်ကိုစွန့်၍
ငြိမ်းအေးကြောင်းအကျင့်ကိုကျင့်ပေ၏၊ ထိုကြောင့်
သင့်ကိုပိုက်ပွေ့၍ သရက်ဥယျာဉ်သို့ ဆောင်ကာ
သရက်သီးကိုပေးပါအံ့”။

“အို-ရှင်ရသေ့…. ရှေးအနှောင်အဖွဲ့ကို စွန့်၍
နောက်အနှောင်အဖွဲ့၌တည်သောသူသည်မကောင်း
သောအကျင့်ကို ကျင့်သည်မည်၏၊ ထိုသူအား
မကောင်းမှုသည်လည်း ပွား၏”။

"အို-ရှင်ရသေ့…. လာလှည့်၊ သင့်ကိုပို့ပါအံ့၊ သရက်သီး၌ ကြောင့်ကြကင်းသည် ဖြစ်ပါလော့၊ အကျွန်ုပ်ဆောင်ယူအံ့၊ သရက်ဥယျာဉ်၌ ကြောင့်ကြကင်းသည်ဖြစ်၍ နေတော်မူပါလော့"–

ဟုပြောဆိုပြီးလျှင်ရသေ့ကိုပွေ့ပိုက်ဆောင်ယူကာသရက်ဥယျာဉ်၌ထား၍ "ရှင်ရသေ့….ဤဥယျာဉ်၌ သရက်သီးတို့ကို လိုသလောက်စား၍ မက်မောခြင်းတဏှာကို ဖြည့်လော့"ဟု ဆိုပြီးလျှင် သွားလေ၏။

ဆင်းရဲချမ်းသာ
မေးမြန်းရာ

ရသေ့လည်း သရက်သီးတို့ကို လိုသလောက် စားပြီးလျှင် အပန်းဖြေ၍ ဥယျာဉ်ကိုလှည့်လည်လတ်သော် ဆင်းရဲဝေဒနာကို ခံစားနေရသော ဝေမာနိကပြိတ္တာကိုမြင်၍ တစုံတရာစကားမဆိုနိုင်ဘဲ နေဝင်လတ်သော် ကခြေသည် မိန်းမတို့ဖြင့် ခြံရံနေသည်ကိုမြင်ရပြန်၍–

"အို-နတ်သား….သင်သည်ညအခါနတ်ပန်းကို ပန်ကာ နတ်ခေါင်းပေါင်းကိုပေါင်းလျက် နတ်ဝတ်တန်ဆာဆင်သဖြင့် အင်္ဂါကြီးငယ်နှင့် ပြည့်စုံသည် ဖြစ်၍ စန္ဒကူးလိမ်းကျံကာ စည်းစိမ်ကိုခံစားရ၏၊ နေ့အခါ၌ကား ကြီးစွာသော ဆင်းရဲဝေဒနာကို ခံစားရ၏"။

"အို-နတ်သား…. နတ်သမီးတသောင်းခြောက်ထောင်တို့သည် သင့်ကိုခစားလုပ်ကျွေးကြကုန်၏၊ ဤသို့မဖြစ်ဘူးမြဲ ကြက်သည်းမွေးညှင်းထဘွယ်ဖြစ်သော တန်ခိုးအာနုဘော်ရှိပေ၏"။

"အို-နတ်သား.... ရှေးအခါ၌ သင်သည် အဘယ်ကောင်းမှုကိုပြုခဲ့သနည်း၊ လူ့ပြည်၌အဘယ်မကောင်းမှုကိုပြုခဲ့၍ ယခုအခါ မိမိကျောက်ကုန်းသားကိုစားကာ ဆင်းရဲခံရသနည်း"-

ဟု ဝေမာနိက ပြိတ္တာအား အကြောင်းစုံမေးမြန်းလေ၏။

ပြိတ္တာပြောပြကြားသိရ

ဝေမာနိကပြိတ္တာလည်း ထိုရသေ့ကိုသိပြီးဖြစ်၍ "အရှင်မင်းကြီး....အရှင်မင်းကြီးတို့သည် အကျွန်ုပ်ကို မသိကုန်သလော၊ အကျွန်ုပ်ကားရှေးဘဝက အရှင်မင်းကြီး၏ ပုရောဟိတ်ဖြစ်သည်၊ အကျွန်ုပ်အား ညအခါ၌ ကျံစည်းစိမ်ချမ်းသာကိုခံစားရခြင်းကား အရှင်မင်းကြီးကိုမှီ၍ ဆောင့်သုံးအပ်သောဒန္တထက်ဝက် ဥပုသ်ကြောင့်ဖြစ်ရသည်၊နေ့အခါ၌ကြီးစွာသောဆင်းရဲကို ခံစားရခြင်းကား ဟံ းစားသောမကောင်းမှုကြောင့်ဖြစ်ရသည်" ဟု ပြောကြားပြီးလျှင်-

"ရှင်ရသေ့.... အကျွန်ုပ်ကား ဗေဒင်တို့ကိုသင်၍ ကာမဂုဏ်တို့၌တပ်မက်မောပါ၏၊ ရှည်မြင့်စွာသောကာလပတ်လုံး မိမိကိုယ်ကို ဖျက်ဆီးခြင်းငှါ သူတပါးအား ကျင့်မိခဲ့ပါပြီ"။

"ရှင်ရသေ့.... အကျွန်ုပ်သည် သူတပါးတို့ကျောက်ကုန်းသားကို ခွါ၍စားသကဲ့သို့ ဘုံစိုးလက်ဆောင်ကိုစားခဲ့ပါ၏၊ ယခုအခါ မိမိကျောက်ကုန်းသားကိုခွါ၍စားရပါ၏"-

ဟု အကြောင်းစုံကိုလျှောက်ထားလေ၏။

အလိုပြည့်ဝ ချမ်းလည်းရ

ထိုနောက် ဝေမာနိကပြိတ္တာသည်ရသေ့အား-အရှင်ဘုရားတို့သည် အဘယ်အကျိုးငှါ ဤအရပ်သို့ ကြွလာပါသနည်းဟု မေးပြန်၏၊ ထိုအခါ ရသေ့သည်အကြောင်းစုံကိုပြောကြားလေ၏၊ "အရှင်ဘုရား‥ယခုအခါ ဤအရပ်၌နေမည်လော၊ကြွမည်လော"၊ "အမောင်‥‥ဤအရပ်၌ မနေပါ၊ ကြွမည်၊" "အရှင်ဘုရား‥‥ကောင်းပြီ၊ မပြတ်သရက်သီးဖြင့်လုပ်ကျွေးပါအံ့"ဟု လျှောက်ထားလေ၏၊ရသေ့လည်းကျောင်းသို့ပြန်၏၊ ဝေမာနိကပြိတ္တာလည်း ထိုအခါမှစ၍ ရသေ့အား သရက်သီးတို့ဖြင့်လုပ်ကျွေး၏၊ ရသေ့လည်း သရက်သီးတို့ကိုစားလျက် ကသိုဏ်းပရိကံကိုပြု၍ ဈာန်အဘိညာဉ်ကိုရသဖြင့် သေလွန်သောအခါ ဗြဟ္မာပြည်သို့လားရ၏။

ဒေသနာတော်ကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ အချို့သောတာပန်,အချို့သကဒါဂါမ်, အချို့အနာဂါမ် ဖြစ်ကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ဒါယကာတို့‥‥

※ ထိုအခါ မြစ်စောင့် နတ်သမီးသည်— ယခုအခါ ဥပ္ပလဝဏ်။

※ ရသေ့သည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အဂတိလိုက်ငြား၊ တံစိုးစား၊ လားလိမ့်ပါယ်လေးရွာ။
(၂) ကိုယ့်ကျောက်ကုံးသား၊ ခွာရှိစား၊ ဖြစ်ငြားနတ်ပြိတ္တာ။
(၃) ကောင်း,မကောင်းမှု၊ ရောနှောပြု၊ ကျိုးစုရောသည်သာ။
(၄) ဥပုသ်စောင့်သား၊ တံစိုးစား၊ ပြငြားလူဖြစ်ခါ။
(၅) နေ့ ငရဲခံ၊ ည သုံးယာမ်၊ ခံစံနတ်ချမ်းသာ။

ကိံဆန္ဒဇာတ်ပြီး၏။

၅၁၂-ကုမ္ဘဇာတ်

ပစ္စုပ္ပန်ဝတ္ထု။

သေသောက်ကြူးများ တန်ခိုးနှင့်တား

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဝိသာခါ၏ အဆွေခင်ပွန်းမ ငါးရာတို့သည် ပွဲသဘင်၌ ထက်စွာသော သေအရက်ကို သောက်ပြီးလျှင် ညချမ်းအခါ ဝိသာခါနှင့် အတူ မြတ်စွာဘုရားထံသို့ သွားကြကုန်၏။

ဝိသာခါသည် မြတ်စွာဘုရားကို ရှိခိုး၍ ချောက်ပတ်သောနေရာ၌ နေ၏၊ အဆွေခင်ပွန်းမ ငါးရာတို့တွင် အချို့ကား ကကြကုန်၏၊ အချို့ကား သီချင်းဆိုကြကုန်၏၊ အချို့ကား လက်လှုပ်ကြကုန်၏၊ အချို့ကား ခြေလှုပ်ကြကုန်၏၊ အချို့ကား ငြင်းခုံကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် သူရာယစ်ကုန်သော မိန်းမတို့အား ထိတ်လန့်စိမ့်သောငှါ ညိုသောရောင်ခြည်တော်ကိုလွှတ်၏၊ ထိုအခါ အမိုက်မှောင်

ကျ၍ ထိတ်လန့်ကြကုန်၏၊ သေဘေးမှ ကြောက်လန့်ကြကုန်၏၊ သူရာအယစ်လည်း ပြေကြကုန်၏။

ဝိသာခါလျှောက်ထား မိန့်ဟောကြား

ထိုအခါ မြတ်စွာဘုရားသည် နေရာပလ္လင်မှ ကွယ်ပြီးလျှင် မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူ၍ ရောင်ခြည်တော်လွှတ်ပြန်၏၊ နေတထောင် လတထောင်ထွက်သကဲ့သို့ ဖြစ်လာ၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုမိန်းမတို့အား တရားဟောတော်မူ၏၊ ထိုမိန်းမတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏၊ မြတ်စွာဘုရားသည် ကြွတော်မူ၍ ဂန္ဓကုဋိတိုက်၌ နေတော်မူ၏၊ဝိသာခါသည် "အရှင်ဘုရား… အရက်အကြောက်ကိုဖျက်ဆီးတတ်သော ဤသေအရက်ကို သောက်ခြင်းသည် ဘယ်ကာလမှစ၍ ဖြစ်ပါသနည်း" ဟု လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် ဝိသာခါအား စ၍ဖြစ်သော ကာလကို ဟောတော် မူလိုသည် ဖြစ်၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

သစ်ခေါင်းတွင်းရေ ၄က်သောက်လေ

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် သူရာမည်သော မုဆိုးသည် ဆင်စွယ်နှင့် စာမရီသားမြီး စသည်တို့ကို ရှာဖွေရန် ဟိမဝန္တာသို့သွားလေ၏၊ ထိုဟိမဝန္တာ၌ သစ်ပင်တပင်တွင် လူတရပ်လောက်ရှိသောအရပ်ဝယ် သစ်ကိုင်းသုံးခွအကြားတွင် အိုးစရည်းပမာဏ အခေါင်းသည်တည်ရှိလေ၏၊မိုယ်းရွာလတ်သော် ရေဖြင့်ပြည့်၏၊ ထိုသစ်ပင်ကို ခြံရံကာ သဖန်းခါး,

ရှိရှား,ရေပ်ချိုပင်တို့လည်းရှိကုန်၏၊ ထိုသပန်းခါး, ရှိရှား, ရေပ်ချိုပင်တို့မှ အသီးတို့သည် သစ်ခေါင်းတွင်းသို့ ကြွေကျကုန်၏၊ အနီး၌ အလိုလိုပေါက်သော သလေးခင်းလည်းရှိ၏၊ ကျေးငှက်တို့သည် သလေးနှံတို့ကိုယူ၍ သစ်ပင်ခွကြား၌ စားကြရာ သလေးဆန်တို့ သစ်ခေါင်းထဲသို့ ကျကုန်၏၊ သစ်ခေါင်းတွင်း၌ ရေသည် နေပူဖြင့်ကျက်နေသောကြောင့် နီသော အဆင်းရှိ၏။

နွေလအခါ ကျေးငှက်တို့သည် ရေငတ်သည်ရှိသော် ထိုသစ်ခေါင်းရေကိုသောက်၍ မူးယစ်ကာ အထက်သို့ပျံပြီးလျှင် သစ်ပင်ရင်း၌ ကျကုန်၏၊ အတန်ငယ် အိပ်ပျော်ကုန်လျက် တွန်မြူးကာ တဘန်ပျံကြကုန်၏၊ သစ်ပင်ထက်၌ မျောက်စသည်တို့လည်း ဤနည်းအတူသာ ဖြစ်ကုန်၏။

မုဆိုးသောက်ကြည့်
မူးယစ်ဘိ

မုဆိုးသည် ထိုသစ်ပင်ရင်းသို့ ရောက်၍ ထိုအခြင်းအရာကို မြင်လျှင် ဤသတ္တဝါတို့ သောက်သောရေကား အဆိပ်ရေမဟုတ်တန်ရာ၊ အကယ်၍ အဆိပ်ရေဖြစ်ငြားအံ့၊ သေကြကုန်ရာ၏၊ စင်စစ်သော်ကား အတန်ငယ်အိပ်ပျော်၍ လိုရာသွားနိုင်ကြကုန်၏၊ အဆိပ်ရေမဟုတ်ဟု ကြံစည်မိသဖြင့် မိမိလည်း အနည်းငယ် ခပ်၍သောက်၏၊ မူးယစ်ကာ အမဲသားကို စားလိုသဖြင့် သစ်ပင်ရင်း၌ ကျသော ကျေးငှက်တို့ကိုသတ်ပြီးလျှင် မီးဖြင့်ကင်၍ လက်တဘက်က ကသျက်၊ လက်တဘက်ကကိုင်ကာ စား၏၊ အလွန်ကျေနပ်လှသဖြင့် ရေကိုသောက်လိုက်၊ အမဲကင်ကို စားလိုက်ဖြင့် ထိုအရပ်တွင် တရက် နှစ်ရက်နေ၏။

သုရာဝရုဏာ ခေါ်တွင်ကြ

ထိုသစ်ပင်အနီး၌ ဝရုဏာ မည်သော ရသေ့သည်နေ၏၊ မုဆိုးသည် တပါးသောအခါ၌ ထိုရသေ့ထံ သွားဘူး၏၊ ငါသည် ဤအဖျော်ကို ရသေ့နှင့်တကွ သောက်ဦးမည်ဟု ကြံစည်ပြီးလျှင် ဝါးကျည်တောက်ဖြင့် အပြည့်ခပ်၍ အမဲကင်ကိုကိုင်ကာ ရသေ့ထံသို့သွား၍ "အရှင်.. ဤအဖျော်ကိုသောက်ပါ"ဟုဆို၍ ရသေ့နှင့်အတူ သောက်ကြကုန်၏၊ အမဲကင်ကိုလည်း အတူစားကြကုန်၏၊ [ဤသို့လျှင် သုရာမုဆိုးနှင့် ဝရုဏာရသေ့တို့ ရှေးဦးစွာတွေ့မြင် သုံးဆောင်ကြသောကြောင့် ထိုအဖျော်အား သုရာဟူသော အမည် ဝရုဏာဟူသောအမည်သည် ထင်ရှားဖြစ်လာသတတ်။]

ရသေ့လာဆက် မင်းနှစ်သက်

ထိုနောက် မုဆိုးနှင့် ရသေ့တို့သည် တိုင်ပင်၍ ဝါးကျည်တောက် တို့ဖြင့် ယူဆောင်ကာ ပစ္စန္တရစ်မြို့သို့ သွား၍ သေအရက်ကို ပြုလုပ်တတ်သောသူတို့ လာကုန်၏ဟု မင်းကြီးအား လျှောက်စေ၏၊ မင်းကြီးလည်း ခေါ်စေ၏၊ သုရာမုဆိုးနှင့် ဝရုဏာရသေ့တို့သည် မင်းကြီးအား သေအရက်ကို ဆက်သကြကုန်၏၊ မင်းကြီးလည်း သောက်၍ အလွန်နှစ်သက်တော်မူ၏၊ မင်းကြီးသည် ထပ်၍ အယူခိုင်းပြန်၏၊ တကြိမ် နှစ်ကြိမ်သွား၍ယူကြ၏၊ မုဆိုးနှင့် ရသေ့တို့သည် အမြဲမပြတ်သွား၍ မယူနိုင်သဖြင့် သေအရက် အဆောက်အဦတို့ကို မှတ်သားပြီးလျှင် ထိုမြို့၌ပင် ကိုယ်တိုင် ပြုလုပ်ကြကုန်၏၊ မင်းကြီးမှစ၍ မြို့သူမြို့သားတို့သည် သေအရက်သောက်သဖြင့် မေ့လျော့ကာ ဆင်းရဲကုန်၏၊ မြို့အလုံးသည် သုဉ်းသကဲ့သို့ ဖြစ်လေ၏။

သေအရက် ကြိုက်လှ အားပေးကြ

မှုဆိုးနှင့် ရသေ့တို့သည် ထိုမြို့မှသွားပြန်၍ ဗာရာဏသီမြို့သို့ ရောက်လျှင် သေအရက်ကို ပြုလုပ်ကြကုန်၏၊ မင်းနှင့်တကွ တမြို့လုံး သေအရက် သောက်ကြူးဖြစ်သဖြင့် ပျက်စီးပြန်၏၊ တဘန် သာကေတပြည်သို့ သွားကြပြန်၏၊ ထိုမြို့လည်းပျက်စီးပြန်၏၊တဘန် သာဝတ္ထိပြည်သို့သွားကြပြန်၏၊ ထိုပြည်၌ သဗ္ဗမိတ္တမင်းသည် မင်းပြုလေ၏၊ ထိုမင်းကြီးထံကပ်၍ မင်းကြီး၏ အထောက်အပံ့ဖြင့် သေအရက်၏ အဆောက်အဦ အမြစ် အခေါက်တို့ကို စုဆောင်းကာ အိုးစရည်း ငါးရာတို့ဖြင့် သေအရက်ကိုပြုလုပ်ကုန်၏။

အဆိပ်ထင်မှတ် ဆက်သူသတ်

သေအရက်တို့ကို ကြွက်မသောက်နိုင်ရန် အိုးတလုံး၌ ကြောင်တကောင်ချည်၍ အစောင့်ထား၏၊ ကြောင်တို့သည် နေပူသဖြင့် အိုးမှဝေကျသော သေအရက်တို့ကို သောက်ကြသဖြင့် မူးယစ်၍ အိပ်ပျော်ကုန်၏၊ ကြွက်တို့သည် ထိုကြောင်တို့၏ နှုတ်သီး,အစွယ်,အမြီးတို့ကို စား၍သွားကုန်၏၊ မှူးမတ် တို့မြင်လျှင် ကြောင်တို့သည် သေအရက်သောက်ကြ၍ သေကုန်၏ဟု မင်းကြီးကို လျှောက်ထားကြကုန်၏၊ မင်းကြီးလည်း မသိသည်ဖြစ်၍ အဆိပ်ကို ပြုလုပ်ရမည်လောဟု အမျက်ထွက်ကာ မှုဆိုးနှင့် ရသေ့ကိုဦးခေါင်းကိုဖြတ်၍ သတ်စေကုန်၏၊ “အရှင်… အလွန်ချိုသည် အလွန်ကောင်းသည်”ဟု မြည်တမ်းကာ သေရှာကုန်၏၊ မင်းကြီးသည်သေအရက်အိုးတို့ကိုအခွဲခိုင်း၏။

သံသယကင်းပ နှစ်မြိုက်လှ

ကြောင်တို့သည် အမူးပြေကြလျှင်ထ၍ ပြေးကုန်၏၊ လူတို့သည် ပြေးသော ကြောင် တို့ကို မြင်လျှင် မင်းကြီးကို လျှောက်ထားကြကုန်၏၊ မင်းကြီးလည်း အဆိပ်မဟုတ် တန်ရာ၊ အကယ်၍ အဆိပ်ဖြစ်လျှင် ကြောင်တို့သေကုန် ရာ၏၊ အလွန်ချိုမြိန်သည် ဖြစ်ရာ၏၊ ထိုသေအရက်ကို ငါသောက်မည်ဟု ကြံစည်၍ မြို့ကိုတန်ဆာ ဆင်စေလျက် မဏ္ဍပ်ကြီးဆောက်လုပ်ပြီးလျှင် တန်ဆာဆင်လျက် ထီးဖြူ ရာဇပလ္လင် ခင်းကျင်းစေလျက် ရာဇပလ္လင်ပေါ်၌ နေ၍ မှူးမတ်အပေါင်းခြံရံကာ သေအရက်သောက်ရန်ပြင်ဆင် ကြီးစားလေ၏။

သိကြားဆင်ခြင် သေသေ့ံပွဲမြင်

ထိုအခါ သိကြားမင်းသည် လူ့ပြည်သို့ ကြည့်လတ်သော် သဗ္ဗမိတ္တ မင်းသား သေအရက် သောက်ရန် ကြိုးစား၍ နေ၏၊ ထိုမင်းသည်အကယ်၍သောက်ငြားအံ့ ဇမ္ဗူဒိပ် တ ကျွန်းလုံး ပျက်စီးလတံ့၊ သို့အတွက် ဤမင်း သေအရက် မသောက်အောင် ငါပြုလုပ်မည် ဟု ကြံစည်လျက်သေ အရက်ပြည့်သော အိုးတလုံးကို လက်ဝါးပြင်၌ တင်ကာ ပုဏ္ဏား အသွင်ဖြင့် လာလတ်ပြီးလျှင် မင်းကြီးမြင်ရာ ကောင်းကင်၌ရပ်လျက် ''ဤအိုးကိုဝယ်ကြကုန်''ဟု ဆို၏၊ သဗ္ဗမိတ္တမင်းကြီးမြင်လျှင်—

''အို-ပုဏ္ဏား····သင်ဘယ်အရပ်မှလာသနည်း၊ တာဝတိံသာနတ်ပြည်မှလာ၍ ကောင်းကင်၌ ထင် ရှားဖြစ်သလော၊ ညဥ့်၌ထွန်းပသောလ, ကောင်း

P.182 သုရာမူဆိုးအားသတ်ပြီးနောက် ကြောင်တို့မသေဘဲ ပြေးသည်ကိုမြင်မှ သေအိုးမှန်းမင်းကြီးသိ၍ အံ့အားသင့်နေပုံ

ကင်း၍ပြက်သော လျှပ်စစ်ကဲ့သို့သင့်ကိုယ်မှအရောင်တို့သည် ထွက်လတ်ကုန်၏"-

"အို-ပုဏ္ဏား....သင်သည် ကောင်းကင်၌ ပြတ်သောလေရှိသည်ကိုပြု၏၊ သွားလည်းသွား၏၊ ရပ်လည်းရပ်၏၊ ကောင်းကင်၌ ခြေဖြင့်မသွားကုန်သော နတ်တို့တန်ခိုးသင်၏တန်ခိုးဖြင့် တည်နေရာကို ပြုအပ်သလော"။

"အို-ပုဏ္ဏား.... ကောင်းကင်၌ သွားခြင်းကို အစွဲပြု၍ ရပ်တည်သောသင်သည် အဘယ်သူနည်း အကြောင်းကို ပြောကြားပါ"။

"အိုးကို ဝယ်ကြပါဆိုသော စကား၏အနက်အဓိပ္ပါယ်ကိုလည်း ပြောကြားပါ၊ ဤအိုးကား အဘယ်အိုးဖြစ်သနည်း"-

ဟု မင်းကြီးသည် ပုဏ္ဏားအားမေးလေ၏။

သေရည်သဘာဝ အပြစ်ပြ

ထိုအခါ သိကြားမင်းသည် "ကောင်းပြီ နားထောင်ပါ" ဟုဆို၍-

"မြတ်သောမင်းကြီး....ဤအိုးကား ထောပတ်အိုးလည်းမဟုတ်၊ တင်လဲအိုးလည်းမဟုတ်၊ ပျားရည်အိုးလည်းမဟုတ်၊ အိုး၏အပြစ်တို့ကား များကုန်၏၊နားထောင်ပါဟုဆို၏"။

"မြတ်သောမင်းကြီး....သေအရက်ကိုသောက်၍သွားသည်ရှိသော် ဘဝါးလှမ်းဘိုင်း, ဘဝါးလှမ်းတိုင်းလဲရာ၏၊ ကမ်းပါးပြတ်, တွင်း, လိုဏ်

ညွှန်စေး,ဆန်ဆေးရည် စသည်သွန်ရာအရပ်သို့ကျ ရာ၏၊ မစားသင့်သောအစာကို များစွာစားမိ ရာ၏၊ ဤအပြစ်တို့ဖြင့် ပြည့်သောအိုးကို ဝယ်ကြ ပါကုန်''—

''မြတ်သောမင်းကြီး·· သေအရက်ကိုသောက် သောကြောင့် စိတ်ကို အစိုးမရသည်ဖြစ်၍ မြက် ဟောင်းဖတ်ကိုစားသော နွားနှင့်တူ၏၊ ကိုးကွယ် ရာမရှိသောသူကဲ့သို့ လှည့်လည်၏၊ သီချင်းလည်း ဆို၏၊က လည်း က၏၊ထိုသေအရက်ဖြင့်ပြည့်သော အိုးကို ဝယ်ကြပါ''—

သေရည်ကြူးလတ် ပျက်စီးတတ်

''မြတ်သော မင်းကြီး···· သေအရက် ကိုသောက်သောကြောင့် စင်စစ်အစေ လကတက္ကဒွန်းတို့ကဲ့သို့ အဝတ်မဆည်း ဘဲမြို့ရွာလမ်းခရီးလယ်၌ သွားမိရာ၏၊တွေဝေသဖြင့် အလွန်အိပ်ခြင်းလည်းဖြစ်ရာ၏၊ ထိုသေအရက်ဖြင့် ပြည့်သောအိုးကို ဝယ်ကြပါ''—

''မြတ်သောမင်းကြီး····သေအရက်ကိုသောက် သောကြောင့် ထ၍ တုန်တုန်လှုပ်လှုပ် လက်ရှိုး ဦးခေါင်းလှုပ်လျက် သစ်သားဖြင့် ပြုလုပ်အပ်သော ယန္တရားရုပ်ကဲ့သို့ ကတတ်၏၊ ထိုသေအရက်ဖြင့် ပြည့်သောအိုးကို ဝယ်ကြပါ''—

''မြတ်သောမင်းကြီး·· သေအရက်ကိုသောက် သောကြောင့် စင်စစ် မီးလောင်လျက် အိပ်ရ၏၊ ထိုမှတပါး မြေခွေးတို့စားအပ်သည်ဖြစ်၍ နေရ၏၊

နှောင်ဖွဲ့ခြင်း,သတ်ပုတ်ညှဉ်းဆဲခြင်း, စည်းစိမ်ဆုတ်ယုတ်ခြင်းသို့ ရောက်တတ်၏၊ ထိုသေအရက်ဖြင့် ပြည့်စုံသောအိုးကို ဝယ်ကြပါ"—

မာနတက်လတ်ချောပစ်တတ်

"သေအရက်ကို သောက်သောကြောင့် သဘင်လယ်၌ မဆိုသင့်သောစကားကို ဆိုမိရာ၏၊ အဝတ်မဝတ်ဘဲမိမိအန်ဘတ်၌လဲသည်ဖြစ်၍ အန်ဘတ်လိမ်းကျံလျက် နစ်၍ အိပ်ရ၏၊ထိုသေအရက်ဖြင့် ပြည့်သောအိုးကို ဝယ်ကြပါ"—

"သေအရက်ကို သောက်ခြင်းကြောင့် ငါကား အလွန်မြတ်သောသူတည်း၊ ငါနှင့်တူသူမရှိဟု ကြီးဝါးပြောဆိုမိရာ၏၊ မျက်စိလည်း နီမြန်းရာ၏၊ ဤမြေအလုံးစုံကို အစိုးရ၏၊ ငါနှင့်တူသောမင်းမရှိဟု မှတ်ထင်တတ်၏၊ ထိုသေအရက်ဖြင့် ပြည့်သောအိုးကို ဝယ်ကြပါ"—

"သေအရက်သည် အလွန်မာန်မူတတ်၏၊ ပြင်းထန်တတ်၏၊ ချောပစ်ကုန်းတိုက်တတ်၏၊ အဆင်းမလှ အဝတ်မရှိ ပြေးလွှားတတ်၏၊ သူခိုး သေသောက်ကြူးတို့ရောက်ရာနေရာဖြစ်၏၊ထိုသေအရက်ဖြင့် ပြည့်သောအိုးကို ဝယ်ကြပါ"—

သေသောက်မှုအတွက် ကျိုးမထွက်

သေအရက်သည် လူ့ပြည်၌ ပြည့်စုံလုံလောက်လျက် ဝပြောသောပစ္စည်းဥစ္စာရှိသော အမျိုးတို့ကို အမျိုးပြတ်သွားအောင်ပြုတတ်၏၊ထိုသေအရက်ဖြင့်ပြည့်သောအိုးကို ဝယ်ကြပါ"—

"သေအရက်သည် အမျိုး၌ ရှိသောရွှေ, ငွေ, ရတနာ,ဥစ္စာ, စပါး, ကျွဲ,နွား, ဆင်,မြင်းစသော ပစ္စည်း တို့ကိုလည်း ဖျက်ဆီးတတ်၏၊ ဥစ္စာမရှိအောင်ပြုတတ်၏၊ ထိုသေအရက်ဖြင့် ပြည့်သောအိုးကို ဝယ်ကြပါ"–

"သေအရက်ကို သောက်သောကြောင့် စင်စစ်မာန်တက်လျက် အမိအဘကိုလည်း ဆဲရေးမိတတ်၏၊ ယောက္ခမ မိန်းမသူ, ချွေးမတို့ကိုလည်း ကိလေသာအစွမ်းဖြင့် ဆွဲငင်မိရာ၏၊ထိုသေအရက်ဖြင့်ပြည့်သောအိုးကို ဝယ်ကြပါ"–

"သေအရက်ကို သောက်သောကြောင့် မိန်းမသည် မာန်တက်လျက် ယောက္ခမ ယောကျ်ားသူ, လင်တို့ကို ဆဲရေးမိရာ၏၊ ကျွန် အလုပ်အကျွေးတို့ကိုလည်း ကိလေသာအစွမ်းဖြင့် ဆွဲငင်မိရာ၏၊ ထိုသေအရက်ဖြင့်ပြည့်သောအိုးကို ဝယ်ကြပါ"–

သေကြူးမည်သည် နှုတ်မတည်

သေအရက်ကို သောက်သောကြောင့် မြတ်သောအကျင့်တရား၌ တည်သော ရဟန်း, ပုဏ္ဏားတို့ကိုလည်း သတ်ပုတ်ညှဉ်းဆဲမိရာ၏၊ သတ်ပုတ်ညှဉ်းဆဲမိသောကြောင့် အပါယ်လေးပါးသို့လည်း ရောက်ရာ၏၊ ထိုသေအရက်ဖြင့် ပြည့်သော အိုးကို ဝယ်ကြပါ"–

"သေအရက်ကို သောက်သောကြောင့် ကိုယ်နှုတ်စိတ်တို့ဖြင့် မကောင်းမှုကိုပြုမိရာ၏၊မကောင်းမှုကိုပြုသောကြောင့် ငရဲသို့လည်း ကျရာ၏၊ထိုသေအရက်ဖြင့်ပြည့်သောအိုးကို ဝယ်ကြပါ"–

"ရှေးအခါ သေအရက် မသောက်သောသူကို ပစ္စည်းဥစ္စာများစွာပေး၍ မုသားဆိုပါဟု ခိုင်းသော်လည်း မရပေ၊ သေအရက် သောက်သောသူကား မုသားကိုဆိုတတ်၏၊ ထိုသေအရက်ဖြင့်ပြည့်သောအိုးကို ဝယ်ကြပါ"။

သေသော့ဖြစ်ခြင်း၊ အရှက်ကင်း

"သေအရက်ကို သောက်သောကြောင့် ခိုင်းစေဘွယ်ကိစ္စ၌ ခိုင်းစေသော်ရင်း၊ အဆောတလျင်ပြုဘွယ်ကိစ္စ ဖြစ်လတ်သော်ရင်း အဘယ်ကြောင့်လာသနည်း မေးသောအခါ မှာထားလိုက်သောစကားကိုမသိ မပြောဆိုတတ်၊ ထိုသေအရက်ဖြင့် ပြည့်သောအိုးကို ဝယ်ကြပါ"

"သေအရက်ကို သောက်သည်ရှိသော် အရှက်အကြောက်ရှိသောသူတို့လည်း မှုးယစ်သည်ဖြစ်၍ အရှက်အကြောက် ကင်းကုန်၏၊ ပညာရှိတို့ရှိကုန်လျက်လည်း စကားများစွာ ပြောဆိုတတ်ကုန်၏၊ ထိုသေအရက်ဖြင့် ပြည့်သောအိုးကို ဝယ်ကြပါ"။

"သေအရက်ကိုသောက်သောကြောင့် ဝက်သူငယ်ကဲ့သို့ အမျိုးယုတ်သူနှင့်လည်း အတူအိပ်တတ်၏၊ အစာအာဟာရကို မစားဘဲမြေကြီး၌ဆင်းရဲစွာ အိပ်ခြင်း,အဆင်းမလှခြင်း,အကဲ့ရဲ့ခံရခြင်းသို့လည်း ရောက်တတ်၏၊ ထိုသေအရက်ဖြင့် ပြည့်သောအိုးကို ဝယ်ကြပါ"။

"သေအရက်ကို သောက်သောကြောင့် ခေါင်းငိုက်ဆိုက်ဖြစ်လျက် လည်ပင်း၌ယန္တရားဖွဲ့၍ ညှဉ်းဆဲအပ်သော နွားကဲ့သို့အိပ်ရ၏၊ သေအရက်၏ပြင်းထန်သော အဟုန်ကဲ့သို့ သူတပါးကို နှိပ်စက်နိုင်သော ပြင်းထန်သောအဟုန်မရှိ၊ ထိုသေအရက်ဖြင့် ပြည့်သောအိုးကို ဝယ်ကြပါ"။

အဆိပ်နှင့်မခြားသေရည်များ

"မြတ်သောမင်းကြီး....လူတို့သည်သေအရက်ကို အဆိပ်ထန်သောမြွေကဲ့သို့ ရှောင်ကြဉ်ကြကုန်၏၊ လောက၌အဆိပ်နှင့်တူသော သေအရက်ကို အဘယ်သူသောက်ထိုက်သနည်း"။

"မြတ်သောမင်းကြီး.... သေအရက်ကိုသောက်သောကြောင့် အန္ဓကဝေဏ္ဍုသား မင်းညီနောင်တကျိပ်တို့သည် သမုဒ္ဒရာကမ်းနား၌ခြိရံကုန်လျက် အချင်းချင်းရှားနှစ်ကျည်ပွေ့ဖြင့်ရိုက်နှက်ကြကုန်၏၊ ထိုသေအရက်ဖြင့် ပြည့်သောအိုးကို ဝယ်ကြပါ"။

"မြတ်သောမင်းကြီး....သေအရက်ကိုသောက်သောကြောင့် သားမယားနှင့်တကွ အသုရာတို့သည် မူးယစ်မေ့လျော့ကုန်လျက် မြဲသည်ဟုသမုတ်အပ်သော တာဝတိံသာနတ်ပြည်မှ လျောကျသက်ဆင်းရကုန်၏၊ ဤသို့သဘောရှိသော သေအရက်သည် အကျိုးမရှိဟု သိအပ်သောမင်းကြီးသည် အဘယ်ကြောင့် သောက်အံ့နည်း"။

"မြတ်သောမင်းကြီး.... ဤအိုး၌နို့ဓမ်းလည်း မဟုတ်၊ ပျားရည်လည်းမဟုတ်၊ အပြစ်များသည့် ကိုသိ၍ ဝယ်လောဟု အိုး၌တည်ရှိသော သေအရက်၏သဘောကို အရှင်မင်းကြီးအား ပြောကြားအပ်ပြီ"-

ဟု သေအရက်၏ အပြစ်အလုံးစုံကိုပြောကြားလေ၏။

သိကြားဟောပြ မင်းသတိရ

ထိုအခါ သဗ္ဗမိတ္တမင်းကြီးသည် သေအရက်၏အပြစ်ကိုသိရသဖြင့် အလွန်နှစ်သက်သည်ဖြစ်၍–

"အို-ပုဏ္ဏား....အကျွန်ုပ်၏မိဘတို့သည် ဤသို့သဘောမရှိကုန်၊ သင်ပုဏ္ဏားကား အကျွန်ုပ်၏အကျိုး စီးပွားကို အလိုရှိဘိ၏၊ မွန်မြတ်သောအကျိုးကို အလိုရှိဘိ၏၊ ယခုအခါငါသည် သင်ပုဏ္ဏား၏စကားကို လိုက်နာပါအံ့"။

"အို-ပုဏ္ဏား.... အခွန်တသိန်း ထွက်သောရွာငါးရွာကိုငင်း, ကျွန်မိန်းမတရာကိုငင်း, နွားခုနစ်ရာကိုငင်း, အာဇာနည်မြင်းကသော ရထားဆယ်စီးကိုငင်း သင့်အားပေးပါ၏၊ သင်ကားငါ၏အကျိုးကို အလိုရှိသောဆရာဖြစ်ပေ၏"။

ဟု ချီးမွမ်းလျက် ဆုပေးလေ၏-

မင်းကိုဆုံးမ နတ်ထံကြွ

ထိုအခါ သိကြားမင်းသည်မိမိကို နတ်သိကြားအဖြစ်ကိုသိစေပြီးလျှင်ကောင်းကင်၌ရပ်လျက်ပင် မင်းကြီးအား–

"မြတ်သောမင်းကြီး…သင်ပေးသောကျွန်မိန်းမ တရာ, နွားခေါင်းနွား, နွားခုနစ်ရာ, အာဇာနည်မြင်း ကသော ရထားဆယ်စီးတို့သည် သင်အားသာ ဖြစ်ပါစေ၊ ငါကား တာဝတိံသာနတ်တို့ကို အုပ်စိုးသော သိကြားမင်းဖြစ်၏"။

"မြတ်သောမင်းကြီး…. သင်မင်းကြီးသည် သားပြွမ်းထမင်း, ဃနာထမင်း, ပျားရေနှင့်တကွ မုန့်တို့ကိုစားပါလော့၊ ဤသို့အထူးထူးသောခဲဘွယ် ဘောဇဉ်တို့ကို စား၍ သေအရက် သောက်ခြင်းမှ ရှောင်ကြဉ်ပါလော့၊ သုစရိုက်တရား၌ မွေ့လျော်သော သင်သည် နတ်ပြည်သို့ ရောက်ရလတံ့"–

ဟု ပေးအပ်သောဆုကိုပယ်၍ တရားဟောပြော ဆုံးမလေ၏၊ ဤသို့လျှင် သိကြားမင်းသည် မင်းကြီးကိုအဆုံးအမပေးပြီးလျှင် မိမိနေရာ တာဝတိံသာနတ်ပြည်သို့သွားလေ၏၊ သဗ္ဗမိတ္တမင်းကြီးလည်း သေအရက်ကို မသောက်မူ၍ သေအရက်အိုးတို့ကို ခွဲစေပြီးလျှင် ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်လျက် နတ်ပြည်သို့ လားလေ၏။

ထိုအခါမှစ၍ ဇမ္ဗူဒိပ်ကျွန်း၌ သေအရက် သောက်ခြင်းသည် အစဉ်သဖြင့် ပွားများ၍လာ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....
※ ထိုအခါ သဗ္ဗမိတ္တမင်းသည်-ယခုအခါအာနန္ဒာ။
※ သိကြားမင်းသည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သေ,အရက်ဘား၊ အပြစ်များ၊ ရှေးနှားပေါ်ခဲ့ရာ။
(၂) သူရာမူဆိုး၊ အစပျိုး၊ ခေါ်ရိုးသေသည္ဘာ။
(၃) ရသေ့ဝရဏ၊ ထောက်ပြန်က၊ ဝရဏခေါ်တဖြာ။
(၄) သူတို့နှစ်ဦး၊ ပကတူး၊ ထူး၍စီမံလာ။
(၅) ထိုခါစ၍၊ သေသောက်လေ့၊ ယနေ့တိုင်အောင်သာ။
(၆) သေနှင့်အရက်၊ လူကိုဖျက်၊ စက်ဆုပ်အပ်လေစွာ။
(၇) ကုသိုလ်တရား၊ မေ့လျော့ငြား၊လားလိမ့်ပါယ်လေးရွာ။
(၈) ခုဘဝလဲ၊ ယုတ်မိုက်မဲ၊ လူထဲမဝင်ပါ။

ကုမ္ဘဇာတ်ပြီး၏။

၅၁၃-ဇယဒိသဇာတ်

ပဉ္စာသနိပါတ်

မိဘကျွေးမွေး အကြောင်းရေး

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အမိအဘကို လုပ်ကျွေးသော ရဟန်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

သားငယ်ဘွားမြင်၍ ဘီလူးမစား

လွန်လေပြီးသောအခါ ကပိလတိုင်း ဥတ္တရပဉ္စာလမြို့၌ ပဉ္စာလမင်း မင်းပြု၏၊ ထိုမင်း၏မိဖုရားကြီးကား ကိုယ်ဝန်ရှိရာ ရင့်မာလာသဖြင့် သားကိုဘွားမြင်၏၊ ရှေးဘဝ၌ ရန်သူဖြစ်ဘူးသော ဘီလူးမသည် အခါအခွင့်ကိုရ၍ မိဖုရားကြီး သားဘွားမြင်စဉ်လျှင် လာ၍ သားငယ်ကိုယူကာ ကြာရိုးကြာစွယ်ကိုစားသကဲ့သို့ ကြွပ်ကြွပ် မြည်အောင် ဝါး၍ စားပြီးလျှင် သွားလေ၏၊ နှစ်ကြိမ်မြောက် ဘွားမြင်သောအခါ၌လည်းရှေးနည်းအတူသာလျှင် လာ၍စား၏။

သုံးကြိမ်မြောက် ဘွားမြင်ရာ၌ကား မိဖုရားကြီး သားဘွားအိမ်သို့ဝင်သောအခါ မြဲမြံစွာ အစောင့်အရှောက်ကို ပြု၍ထား၏၊ ဘီလူးမသည်လာ၍ သားငယ်ကိုအတင်းယူ၍ ပြေး၏၊ မိဖုရားကြီးလည်း ဘီလူးမ ငါ့သားကိုယူ၍ ပြေးသည်ဟု ကျယ်လောင်စွာ အော်ဟစ်၏၊ လက်နက်ကိုင် အစောင့်အရှောက်တို့သည် လာ၍ မိဖုရားကြီးပေးသော အမှတ်သညာဖြင့် အတင်းလိုက်ကုန်၏၊ ဘီလူးမလည်း စားခွင့်မရသဖြင့် ရေပြွန်ပေါက်သို့အတင်းဝင်၏။

ဘီလူးမနို့ဝင်လွန်ချစ်ခင်

သားငယ်သည် အမိမှတ်သဖြင့် ဘီလူးမနို့ကိုစို့၏၊ ဘီလူးမလည်း သားကဲ့သို့ ချစ်သဖြင့် သုသာန်သို့ ရောက်လျှင် သူငယ်ကို ကျောက်ဂူတခု၌ထား၍ ကျွေးမွေး၏၊ အစဉ်သဖြင့် ကြီးပြင်းလာသောအခါ လူသားကို ဆောင်၍ စားစေ၏၊ သားအမိနှစ်ယောက်လုံး လူသားကိုစားကြကုန်၏၊ သူငယ်

လည်း မိမိလူဖြစ်သည်ကိုမသိ၊ ဘီလူးမသား မှတ်ထင်၍ နေ၏၊ ထိုမင်းသားသည် ကိုယ်ကိုဖျောက်ခြင်းငှါ မတတ်နိုင်၊ ထိုအခါ ဘီလူးမသည် မင်းသားအား ကိုယ်ပျောက်စေသော ဆေးမြစ်တခုကိုပေးထား၏၊ မင်းသားသည် ထိုဆေးမြစ်၏အာနုဘော်ကြောင့် ကိုယ်ပျောက်လျက် လူတို့ကို ဖမ်း၍စား၏။

ဘေးရန်ကင်းလှ ဇယဒိသ

တနေ့သ၌ ဘီလူးမသည် ဝေဿဝဏ်နတ်မင်းကြီးထံ အလှည့်ကြ၍ အမှုကိစ္စကို ဆောင်ရွက်ရန် သွားရာ ဝေဿဝဏ် နတ်မင်းကြီးထံမှာပင် အမှုကိစ္စ ဆောင်ရွက်ရင်း သေခဲ့၏။

လေးကြိမ်မြောက် သားဘွားမြင်သောအခါ ဘီလူးဘေးမှလွတ်၍ ချမ်းသာ၏၊ ထိုမင်းသားကို ရန်သူဘီလူးမကို အောင်နိုင်သဖြင့် ဇယဒိသ သတို့သားဟု အမည်မှည့်ကုန်၏၊ မင်းသားသည် အရွယ်သို့ရောက်လတ်သော် အတတ်ပညာအလုံးစုံကို သင်ကြားပြီးလျှင် မင်းအဖြစ်ကိုရလေ၏၊ ထိုအခါ ဘုရားအလောင်းသည် ထိုဇယဒိသမင်းကြီး၏ မိဖုရားကြီးဝမ်း၌ဖြစ်၍ အလီနသတ္တုမင်းသားဟု အမည်မှည့်ကုန်၏၊ အရွယ်သို့ရောက်၍ အတတ်ပညာ သင်ကြားပြီးလျှင် အိမ်ရှေ့မင်းအဖြစ်ကို ရလေ၏၊

တောတွင်းကျက်စား ဘီလူးမသား

ဘီလူးမ၏ သားလည်း နောက်အဘို့၌ ဆေးမြစ် ပျောက်သွားသဖြင့် ကိုယ်ဖျောက်ခြင်းငှါ မတတ်နိုင်ရကား ကိုယ်ထင်ပြလျက်ပင် သုသာန်ဝယ် လူသားတို့ကို စား၍နေ၏၊

လူတို့သည် ထိုဘီလူးကိုမြင်လျှင် ကြောက်လန့်၍ မင်းကြီးအား ကြားလျှောက်ကြကုန်၏၊ မင်းကြီးလည်း ဘီလူးကိုဖမ်းကြကုန်ဟု မင်းချင်းတို့ကို စေလွှတ်၏၊ မင်းချင်းတို့လည်း ဗိုလ်ပါအပေါင်းနှင့်တကွ သုသာန်ကို ဝန်းရံကုန်၏၊ ဘီလူးမသားလည်း သေဘေးမှကြောက်သဖြင့် အဝတ်မပါဘဲ လူတို့အကြားမှထွက်၍ အတင်းပြေး၏၊ လူတို့သည် ကြောက်၍ နှစ်ဖြာကွဲကုန်၏၊ ဘီလူးမသားလည်း တောသို့ဝင်၍ လမ်းသွား လမ်းလာတို့ကို ဖမ်း၍ စားပြီးလျှင် ပညောင်ပင်ကြီးတပင်၌ အမြဲနေ၏။

တောအုပ်မြှင်တန်းခရီးသွားဖမ်း

ထိုအခါ လှည်းကုန်သည်မှူး ပုဏ္ဏားတယောက်သည် လှည်းငါးရာဖြင့်သွားရာ တောအုပ်သို့ ရောက်လျှင် တောအုပ်စောင့်တို့အား အသပြာတထောင်ပေး၍ ငါးရမ်းကာ တောအုပ်ကို ကျော်လွန်အောင်ပို့စေ၏၊ လှည်းကုန်သည်တို့သည် တောအုပ်သို့ ဝင်လတ်သော် ဘီလူးမသားသည် ကြွေးကြော်လျက်ပြေးလာ၏၊ ကြောက်ကုန်သောသူတို့သည် မြေကြီး၌ဝပ်ကြကုန်၏၊ ဘီလူးမသားသည် ပုဏ္ဏားကိုယူ၍ ပြေးသည်ရှိသော် တောအုပ်စောင့်တို့လည်း လိုက်ကုန်၏၊ ဘီလူးမသားသည် ခြေ၌ ရှားငုတ်တိုက်မိသဖြင့် ပုဏ္ဏားကို ချခဲ့၍ မိမိပညောင်ပင်သို့ ပြန်လာပြီးလျှင် ပညောင်ပင်ရင်း၌ အိပ်လေ၏။

မင်းကြီးပျော်ပါးသမင်လိုက်သွား

ဘီလူးမသားအိပ်၍ ခုနစ်ရက်မြောက်နေ့၌ ဇယဒိသမင်းကြီးသည် သမင်တောသို့သွားရန် မြို့မှထွက်၏၊ ထိုအခါ

တက္ကသိုလ်ပြည်၌ နေသော နန္ဒမည်သော ပုဏ္ဏားသည် တဂါထာလျှင် တရာစီထိုက်တန်သော သတာရဟာလေးဂါထာကို ယူ၍လာခဲ့ရာ မင်းကြီးနှင့်ပက်ပင်းတွေ့၍ ဖူးမြင်ကာ သတာရဟာလေးဂါထာ ပါလာကြောင်း လျှောက်ထား၏၊ မင်းကြီးလည်း ယခုခေတ္တဆိုင်းငံ့ဦး သမင်တောသို့ သွားဦးမည် ပြန်လာမှနာယူမည်ဟု အချိန်းအချက်ပြု၍ ပုဏ္ဏားအား တည်းခိုရန် အိမ်ကိုပေးပြီးလျှင် သမင်တောသို့သွားလေ၏။

ချေကို မိလေ
အပန်းဖြေ

ရောက်လျှင် မင်းကြီးသည် လူတို့ကိုခေါ်၍သမင်ကို ကိုယ့်တာနှင့်ကိုယ် စောင့်၍ဖမ်းကြရမည်၊ ကိုယ့်တာကထွက်ပြေးလျှင် ကိုယ်လျော်ကြေးပေးရမည်ဟု အမိန့်ပေးကာ တာဝေ၍စောင့်ကုန်၏၊ လူတို့လည်း ချုံတို့ကိုပုတ်ခတ်ကြကုန်၏၊ ထိုအခါ ချေတကောင်သည် ချုံတွင်းမှထ၍ မင်းကြီး၏တာဘက်မှ ထွက်၍ပြေးလေ၏၊ လူတို့သိလျှင် မင်းကြီးအား ပြက်ရယ်ပြုကြကုန်၏၊ မင်းကြီးလည်း ရှက်နိုးသဖြင့် သန်လျက်ကိုကိုင်၍ ချေကိုအပြင်းလိုက်လေရာ သုံးယူဇနာမျှရောက်လျှင်မှီ၍ သန်လျက်ဖြင့် နှစ်ပိုင်းဖြတ်ပြီးလျှင် ထမ်းပိုးဖြင့်ထမ်း၍လာရာ ပညောင်ပင်ကြီးသို့ရောက်လျှင် အရိပ်ဝင်၍ မြေဇာမြက်ခင်းပေါ်၌ အပန်းဖြေပြီးလျှင် သွားမည်ဟုထလေ၏။

ဘီလူးရိပ်နန်း
မင်းကြီးဖမ်း

ထိုအခါ ဘီလူးမသားသည်လာလတ်၍ ဇယဒိသမင်းကြီးကို "အိုယောကျ်ား.. ရပ်လော, ရပ်လော ငါ့အစာဖြစ်ပြီ မသွားလင့်"ဟုဆိုကာ လက်ကိုကိုင်၍—

"အို-ယောက်ျား…ကြာမြင့်စွတကား၊ငါ့အား ယနေ့အစာမစားရသည်မှာ ခုနစ်ရက်ရှိခဲ့ပြီ၊ စားချိန်၌ မွန်မြတ်သောအစာဖြစ်ပေ၏၊ သင်ဘယ်အရပ်မှလာသနည်း၊ အမျိုးဇာတ်ကို ငါ့အားပြောကြားပါ"—

ဟုမေးလေ၏၊ ဇယဒိသမင်းကြီးလည်း အလွန်ကြောက်လန့်သဖြင့် မပြောနိုင်၊ သို့သော်လည်း သတိကိုဖြစ်စေ၍—

"ဘီလူး….ငါကား ပဉ္စာလမင်းတည်း၊ သမင်တောသို့လာခဲ့၏၊ အမည်ကား ဇယဒိသတည်း၊ သင်သည် ကြားဘူးပေလိမ့်မည်၊ ငါကား တောင်ခြေရင်းသို့ငှင်း, တောသို့ငှင်း သွားရ၏၊ ယခုအခါ ဤချေသားကိုစား၍ ငါ့ကိုလွှတ်ပါ"—

ဟု မိမိအမျိုးအမည်ကို ပြောကြားပြီးလျှင် လွှတ်ရန်တောင်းပန်၏။

ဘီလူးတောင်းပန်ခွင့်လွှတ်ရန်

ထိုအခါ ဘီလူးသည် ဇယဒိသမင်းကြီးအား တောင်းပန်သောစကားကို မေးကြားလို၍—

"အို-ဇယဒိသမင်း…. သင်ကားငါ့ကိုနှိပ်စက်လို၍ ငါ့ဥစ္စာဖြင့် မိမိကိုယ်ကိုဖလှယ်ကာ ချေသားကိုစားပါဆိုဘိ၏၊ ချေသားကား ငါ့အစာတည်း၊ ယခုချေသားကိုစားမည်၊ နောက်စားလိုသောအခါ သင့်ကိုစားဦးမည်၊ ငိုကြွေး မြည်တမ်းရမည့်အခါမဟုတ်"—

ဟု ခပ်မာမာ ပြောလေ၏၊ ဇယဒိသမင်းကြီးသည် ပုဏ္ဏားကို သတိရ၍—

"အို-ဘီလူး....ငါ့အားဝယ်သဖြင့်လွှတ်ခြင်းမရှိ၊ တိုင်းပြည်သို့သွားပါရစေဦး၊ နက်ဖြန် နံနက်စောစော ပြန်လာရန်ဝန်ခံပါမည်၊ ပုဏ္ဏားနှင့် သတာရဟာဂါထာကို နာရန်ကတိရှိခဲ့၏၊ ထိုကတိအတိုင်း နာပြီးလျှင် သစ္စာကိုစောင့်သောအားဖြင့် ငါပြန်လာပါအံ့"–

ဟု နေပြည်တော်သို့ ခေတ္တသွားရန်တောင်းပန်၏။

သစ္စာမှန်ကန် ကတိဝန်ခံ

ဘီလူးလည်းဇယဒိသမင်းကြီးစကားကို ကြားလျှင် အကြောင်းအရာကို မေးကြားလို၍–

"ဇယဒိသမင်း... သေခြင်း၏ အနီးသို့ရောက်သော ပြည့်ရှင်မင်းဖြစ်သောသင်သည် ကံပြုပြင်အပ်သောအမှုကို အဘယ့်ကြောင့် စိုးရိမ်ဘိသနည်း၊ အကြောင်းကိုပြောကြားပါ၊ အကြောင်းကို ပြောကြားသောအခါမှ နက်ဖြန်လာခြင်းကို ခွင့်ပြုနိုင်မည်လည်းမသိ"–

ဟု ပြန်လိုခြင်းအကြောင်းကိုမေး၏၊ ဇယဒိသမင်းကြီးသည် ဘီလူးအား–

"အို-ဘီလူး...ငါသည် ဥစ္စာ၌တပ်မက်မောသော နန္ဒပုဏ္ဏားနှင့် ဥစ္စာပေးမည်ဟုဝန်ခံထားခြင်းသည် ကိုယ်၌စွပ်လျက်ရှိ၏၊ ထိုဝန်ခံချက်မှမလွတ်မြောက်သေးပါ၊ လွတ်မြောက်အောင်ပြုပြီးလျှင် သစ္စာကို စောင့်သောအားဖြင့် သင့်ထံ တဖန် ပြန်လာပါမည်"–

ဟု အကြောင်းကို ပြောကြား၏။

နန်းတော်ပြန်ဝင် ဂါထာသင် — ထိုအခါ ဘီလူးသည် ဇယဒိသမင်းကြီး အားခွင့်ပြုလျက် တဖန်မှာကြားလို၍—

"အို- ဇယဒိသမင်း···· ဥစ္စာ၌တပ်မက်မောသော နန္ဒပုဏ္ဏားနှင့် ဥစ္စာပေးမည်ဟုဝန်ခံထားခြင်းသည် ကိုယ်၌စွပ်လျက်ရှိ၏၊ ထိုဝန်ခံထားခြင်းမှ မလွတ်မြောက်သေး၊ ဝန်ခံထားခြင်းကိုပြု၍ လွတ်မြောက်စေပြီးမှ သစ္စာကို စောင့်သောအားဖြင့် တဖန်ပြန်လာခဲ့ပါ"—

ဟုခွင့်ပြုလေ၏၊ ဇယဒိသမင်းကြီးသည်"အဆွေ····မစိုးရိမ်လင့်၊ နက်ဖြန်ဆက်ဆက်လာခဲ့မည်"ဟု ပြောဆိုပြီးလျှင် ခရီးလမ်းတို့ကိုမှတ်သား၍ ဗိုလ်ပါရှိရာသို့ သွားပြီးလျှင် ဗိုလ်ပါနှင့်တကွ မြို့တော်သို့ဝင်၍ နန္ဒပုဏ္ဏားကိုခေါ်ပြီးလျှင် မြတ်သောနေရာ၌ထားကာ သတာရဟ လေးဂါထာတို့ကို နာယူ၍ အသပြာလေးထောင် ပေးပြီးလျှင် ယာဉ်ဖြင့် တက္ကသိုလ်ပြည်သို့ ပို့စေ၏။

သားကိုနန်းအပ် မှာကြားလတ် — နက်ဖြန်နေ့ရောက်သောအခါ သစ္စာပြုထားသောအတိုင်း ဘီလူးထံသွားလိုသဖြင့် သားတော် အလီနသတ္တုမင်းသားကိုခေါ်ကာ ထီးနန်းစည်းစိမ်ကို အပ်လို၍—

"ချစ်သား····မင်းအဖြစ်ကိုသင့်အားငါပေး၏၊ ယနေ့ပင်လျှင်အဘိသိက်သွန်းစေလော့၊ ကိုယ်၌၎င်း, သူတပါး၌၎င်း တရားကိုကျင့်လော့၊တိုင်းနိုင်ငံ၌မတရားကျင့်ခြင်းသည် မဖြစ်စေလင့်၊ ငါသည် ဘီလူးထံသို့သွားအံ့"—

ဟုဆုံးမလေ၏၊ထိုအခါ အလီနသတ္တုမင်းသားသည်—

"ခမည်းတော် မင်းကြီး.... သင်မင်းကြီး၏ ခြေတော်ရင်း၌ အဘယ်အမှုကိုပြုမိ၍ မနှစ်သက်သနည်း၊ မနှစ်သက်သောကြောင့် သင်မင်းကြီးသည် အကျွန်ုပ်ကို မင်းအဖြစ်၌တည်စေ၏၊ ထိုမနှစ်သောအမှုကို နာကြားလိုပါ၏၊ အကျွန်ုပ်သည် ခမည်းတော်နှင့်ကင်း၍ မင်းအဖြစ်ကို အလိုမရှိနိုင်ပါ"—

ဟု ခမည်းတော်အား ပြန်၍ လျှောက်ထား၏။

ဖခင်တွက်ကို သားသွားလို

ထိုအခါ ခမည်းတော်သည် သားတော် အလိနသတ္တု မင်းသားအား ဘီလူးနှင့် ကတိထားခဲ့သော အကြောင်းကို ပြောလို၍—

"ချစ်သား.... ကိုယ်အမှုအရာမှုငင်း, နှုတ်အမှုအရာမှုငင်း ဤကိုယ်နှုတ်နှစ်ပါးမှ သင့်အပြစ်ကိုငါ မတွေ့မြင်ပါ၊ ငါကား ဘီလူးနှင့်သစ္စာပြု၍လာခဲ့ရ၏၊ သစ္စာကိုစောင့်သောအားဖြင့် ငါသည် ဘီလူးထံသို့သွားအံ့"—

ဟု အကြောင်းကိုပြောကြားလေ၏၊ ထိုအခါ အလိနသတ္တုမင်းသားသည် ခမည်းတော်ကိုယ်စား ဘီလူးထံ သွားလိုရကား—

"ခမည်းတော်.... အကျွန်ုပ်သည် ဘီလူးထံ သွားပါအံ့၊ခမည်းတော်သည် ဤနန်းတော်၌သာနေတော်မူပါ၊ အကယ်၍ခမည်းတော်သွားအံ့၊ ဘီလူးထံမှ ခမည်းတော်အား သေဘေးမှ လွတ်ခြင်းမည်သည်မရှိ၊ အကယ်၍ခမည်းတော်သွားအံ့၊ အကျွန်ုပ်

လည်းသွားပါအံ့၊သားအဘနှစ်ယောက်လုံး ဘီလူး
စာမဖြစ်ပါစေလင့်၊ ထို့ကြောင့် အကျွန်ုပ်သာသွား
ပါအံ့"—

ဟု မင်းကြီးအား လျှောက်ထားလေ၏။

ဖခင်ကိုယ်စား သားတော်သွား

ထိုအခါ ခမည်းတော်သည် သားတော် အလီနသတ္တုမင်းသားအား ဘီလူး၏ သတ်ဖြတ်ညှဥ်းဆဲမည်ဖြစ်သောဘေးကို ပြောကြားလို၍—

"ချစ်သား.... အဘကိုယ်စားသွား၍ ဘီလူး
စားခံခြင်းသည် စင်စစ်သူတော်ကောင်းတို့သဘော
ဖြစ်၏၊ သို့ပါသော်လည်း သင့်ကိုဘီလူးသည် တံစိုး
၌ထိုး၍ မီးကင်ပြီးစားရာ၏၊ ထိုစားသောအခါ၌
ငါ၏ သေခြင်းထက်လည်း သင်၏သေခြင်းသည်
အလွန်ဆင်းရဲရာ၏"—

ဟုသားတော်သွားခြင်းကို မြစ်ပယ်လေ၏၊အလီနသတ္တု
မင်းသားသည် တဖန် ခမည်းတော်အား—

"ခမည်းတော်.... အကျွန်ုပ်၏ အသက်ဖြင့်
ခမည်းတော်၏အသက်ကိုလဲလှယ်ပါ၏၊ခမည်းတော်
သည် ဘီလူးထံမသွားပါလင့်၊ အကျွန်ုပ်၏အသက်
ကို ခမည်းတော်၏ အသက်ဖြင့် လဲလှယ်ပါအံ့၊
ထို့ကြောင့် ခမည်းတော်အသက်ရှင်ရန် အကျွန်ုပ်
သည် သေခြင်းကို အလိုရှိပါ၏"—

ဟုလျှောက်ထားပြန်၏၊ ထိုအခါ ဇယဒိသ မင်းကြီး
သည် သားတော်၏အစွမ်းသတ္တိကို သိပြီးဖြစ်၍"ချစ်သား..

ကောင်းပြီ၊ သင်ချစ်သား သွားလေလော့”ဟု ခွင့်ပြုလေ၏၊ ထိုအခါ အလီနသတ္တုမင်းသားသည် မယ်တော်ခမည်းတော်တို့ကို ရှိခိုးပြီးလျှင် မြို့တော်မှ ထွက်လေ၏။

သားချမ်းသာမှု သစ္စာပြု

အလီနသတ္တုမင်းသားထွက်လျှင် မယ်တော်ခမည်းတော်,မှူးမတ်,အခြွေအရံတို့လည်း အတူထွက်ကြကုန်၏၊ မင်းသားလည်း ဘီလူးအနီးသို့ရောက်လျှင် အခြွေအရံကို ထားခဲ့၍ ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာ ဘီလူးထံသွားလေ၏၊ မယ်တော်မိဖုရားကြီးသည် မှုးမေ့လျက်မြေ၌လဲလေ၏၊ ခမည်းတော်လည်း လက်နှစ်ဘက်ကိုမြှောက်ကာ သည်းစွာငိုကြွေးလေ၏။

ထိုနောက် ခမည်းတော်မင်းကြီးသည် ဘီလူးထံသားတော်သွားသောအခါ လက်အုပ်ချီလျက်-

“သောမနတ်မင်း, ဝရုဏနတ်မင်း, ပဇာပတိနတ်မင်း, လနတ်သား, နေနတ်သားတို့ကိုအကျွန်ုပ်ရှိခိုးပါ၏၊ ထိုနတ်မင်းတို့ စောင့်ရှောက်တော်မူကြသဖြင့် သားတော်ကို ဘီလူးမစားဘဲ လွှတ်လိုက်ပါစေ”ဟုသစ္စာပြုလေ၏။

ထိုနောက်မယ်တော်မိဖုရားကြီးသည်-

“ဒန္တကီမင်း၏နိုင်ငံ၌ ကုမ္မဝတီမြို့သို့ သွားသောရာမမင်း၏အမိသည် ကောင်းစွာ စောင့်ရှောက်အပ်သဖြင့်ချမ်းသာခြင်းကိုပြုခဲ့ဘူးပြီ၊ ချစ်သား····သင့်အား ချမ်းသာခြင်းကို ငါပြုပါ၏၊ ဤသို့မှန်သောစကားကို ဆိုရခြင်းကြောင့် သားတော်ကို

နတ်တို့စောင့်ရှောက်ပါစေ၊ ဘီလူးမစားဘဲ လွတ်ပါစေ''–ဟုသစ္စာပြုလေ၏။

ထိုနောက်နှမတော်သည်–

''ငါသည် မောင်တော် အလီနသတ္တုမင်းသား၌ မျက်မှောက် မျက်ကွယ် စိတ်ဖြင့်ပြစ်မှား ခြင်းကို မအောက်မေ့မိပါ၊ ဤသို့မှန်သောစကားကို ဆိုရခြင်းကြောင့် မောင်တော်ကို နတ်တို့စောင့်ပါစေ၊ ဘီလူးသည် မစားဘဲလွတ်ပါစေ''ဟု သစ္စာပြုလေ၏။

ထိုနောက်မယားသည်–

''ငါ၏ချစ်လင်သည် ငါ့ကိုလွတ်၍ သူတပါးကို စိတ်ဖြင့်လည်းမတောင့်တစဘူး၊ ငါ့အားစိတ်နှလုံးဖြင့် မုန်းခြင်းလည်း မဖြစ်စဘူး၊ ဤသို့မှန်သော စကားကိုဆိုရခြင်းကြောင့် ချစ်လင်ကိုနတ်တို့စောင့်ပါစေ၊ ဘီလူးမစားဘဲ လွတ်ပါစေ''ဟု သစ္စာပြုလေ၏။

ဤသို့လျှင်ခမည်းတော်, မယ်တော်,နှမတော်,ကြင်ယာတော်တို့သည် လွတ်မြောက်ချမ်းသာရန် အသီးသီး သစ္စာပြုကြကုန်၏။

မင်းသားလာရေး ဘီလူးမေး အလီနသတ္တု မင်းသားလည်း ခမည်းတော် ညွှန်ကြားအပ်သော လမ်းအတိုင်းသွားလေ၏၊ ထိုအခါဘီလူးသည် ''မင်းတို့မည်သည် မာယာများ၏၊ အဘယ်သူ သိနိုင်အံ့နည်း''ဟုကြံစည်လျက်ပညောင်ပင်သို့တက်၍မင်းကြီးအလာ

ကိုသာ မျှော်မှန်းလျက်နေ၏၊ ထိုအခိုက် ဘီလူးသည်မင်းသားလာသည်ကိုမြင်လျှင် အဘကိုပြန်စေ၍သားလာသည်ဖြစ်လတံ့၊ ငါ့၌ဘေးမရှိဟု ကြံစည်ပြန်လျက် ပညောင်ပင်မှ ဆင်းသက်၍ မင်းသားအား ကျောပေးလျက်နေ၏၊ မင်းသားသည် လာလတ်၍ ဘီလူးထံသို့ရောက်လျှင်ရပ်၏၊ ဘီလူးသည် မင်းသားကို—

"အို-လုလင်....သင်ကားကိုယ်ကြီး၏၊ ဖြောင့်မတ်၏၊ ရွှေအဆင်းနှင့်တူသောမျက်နှာရှိ၏၊ ဘယ်အရပ်မှလာသနည်း၊ တော၌နေသောငါ့ကို သင်မသိသလော၊ ငါ့ကိုကြမ်းကြုတ်သော လူသားစားဘီလူးဟုသိလျက် ချမ်းသာကိုအလိုရှိသောအဘယ်သူသည် ဤအရပ်သို့လာရာအံ့နည်း"—

ဟု ရှေးဦးစွာ ပြောဆိုလင့်၏။

မကြောက်မရွံ့ ဖြေကြားပုံ

ထိုအခါ အလီနသတ္တုမင်းသားသည် ဘီလူးအား မိမိ လာခြင်း အကြောင်းရင်းကို ပြောကြားလိုသဖြင့်—

"အို-ဘီလူး.... သင့်ကို လူသားစားဘီလူးဟု ငါသိပါ၏၊ တော၌ နေသည်ကိုလည်း သိပါ၏၊ ငါကား ဇယဒိသမင်းကြီး၏သားတော်စစ်ဖြစ်ပါ၏၊ ယခုအခါ ခမည်းတော်ကို သင်လွှတ်လိုက်သဖြင့် ခမည်းတော်ကိုယ်စား ငါလာပါ၏၊ ငါ့ကိုသင်စားလော့"—

ဟုမကြောက်မရွံ့ရဲဝံ့စွာပြောကြားလေ၏၊ ဘီလူးသည် မင်းသားကို—

"အို-မင်းသား….သင့်ကို ဇယဒိသမင်းကြီး၏ သားတော်ဖြစ်သည်ကိုငါသိ၏၊ သင်တို့ သားအဘ နှစ်ယောက်ကား မျက်နှာ အဆင်းသဏ္ဌာန်ခြင်းတူလှ၏၊ သင်သည် ခမည်းတော် လွတ်မြောက်ခြင်း အကြောင်းကြောင့် သေခြင်းကိုအလိုရှိဘိ၏၊ သင်ပြုသောအမှုကား အလွန်ပြုနိုင်ခဲ၏"—

ဟု ချီးကျူးစကား ပြောကြားလေ၏။

ဘီလူးစားရန်မှု မင်းသားခွင့်ပြု

ထိုအခါ မင်းသားသည် တဖန်ဘီးလူးအား မိမိကိုစားရန်ခွင့်ပြုလို၍—

"အို-ဘီလူး….အဘသေဘေးလွတ်ခြင်း, အမိသေဘေးလွတ်ခြင်းအကြောင်းကြောင့် တမလွန်သို့ သွားရသည်ရှိသော် နတ်ပြည်ချမ်းသာကို အလိုရှိသောသူသည် တစုံတခုသောအမှုကို ပြုနိုင်ခဲ၏ဟု မအောက်မေ့၊ ငါလည်း မိဘတို့အကျိုးငှါ အသက်ကိုစွန့်ရာ၌ တစုံတခုသောအမှုကို ပြုနိုင်ခဲသည် မအောက်မေ့ပါ"-

ဟု ပြောကြား၍ အဘ၏ကိုယ်စားလာခဲ့ခြင်းကို အတိအလင်းပြောကြားလေ၏၊ထိုအခါဘီလူးသည်"မင်းသား… သေဘေးမှ မကြောက်သူမည်သည်မရှိ၊ သင်ကားအဘယ်ကြောင့်မကြောက်သနည်း"ဟု မေးပြန်၏၊ မင်းသားသည် ဘီလူးအား—

"အို-ဘီလူး…. ငါကား မျက်မှောက်မျက်ကွယ်၌ ကိုယ်နှုတ်နှလုံးသုံးပါးဖြင့် မတရားပြုကျင့်မိသည် ဟု မအောက်မေ့မိပါ၊ ငါသည် ပငိုသန္ဓေနေရခြင်း, သေရခြင်းရှိသောသူဖြစ်၏၊ ငါအား

ယခုဘဝ၌သေခြင်းမှမလွတ်သကဲ့သို့ တမလွန်ဘဝ၌
လည်း သေခြင်းမှ လွတ်မည်မဟုတ်”—

“အို-ဘီလူး…. ယခုငါ့ကိုစားလော့၊ ငါ့ကိုယ်၌
ပြာဘွယ်ကိစ္စတို့ကိုပြုလော့၊ ဤကိုယ်ကို သင်အား
ငါစွန့်၏၊ သစ်ပင်ဖျားမှလည်း ခုန်ချ၍သေအံ့၊
သင်သည် နှစ်သက်စွာ ငါ့အသားကိုစားရာ၏”—

ဟု သေဘေးမှ မကြောက်ခြင်း အကြောင်းကိုပြော
ကြားပြန်၏။

ဘီလူးဥာဏ်ဆင်ပြေးစေချင်

ထိုအခါ ဘီလူးသည် မင်းသားပြောဆို
သောစကားကို ကြားရလျှင် အလွန်
ကြောက်ရွံ့ ထိတ်လန့် သည်ဖြစ်၍
“ငါသည် ဤမင်းသားကိုစားခြင်းငှါ မတတ်ကောင်း တစုံ
တခုသော ဥပါယ်ဖြင့် ပြေးစေမည်”ဟု ကြံစည်လျက်—

“အို-မင်းသား…. သင်ပြောဆိုသော စကား
သည် သင့်လျော်ပေ၏၊ အဘ၏သေဘေးမှလွတ်
ခြင်းအကြောင်းကြောင့် မိမိအသက်ကို စွန့်ဘိ၏၊
ထို့ကြောင့်သင်သည်လျင်မြန်စွာထင်းတို့ကိုဆောင်
ယူ၍ မီးမွှေးလော့”—

ဟု စေခိုင်းလေ၏၊ မင်းသားလည်း ဘီလူးစေခိုင်းသည့်
အတိုင်း ပြုလုပ်ပြီးလျှင် ဘီလူးထံသွား၍ ဘီလူးအား—

“အို-ဘီလူး…. ငါသည် ထင်းတို့ကို ယူဆောင်
ကာ ကြီးစွာသောမီးပုံကြီးကို မွှေး၍ပြီးပြီ၊ မီးတို့
လည်း ရဲရဲပြောင်ပြောင် တောက်လောင်လျက်
ရှိပြီ”—

ဟု တဖန် ပြောကြား ပြန်၏။

ဘီလူးကြောက်ရွံ့ မစားဝံ့

ထိုအခါ ဘီလူးသည် မင်းသားကိုကြည့်လျက် "ဤမင်းသားကား ကေသရာဇာခြင်္သေ့မင်းကဲ့သို့ရဲရင့်လှသောယောကျ်ားတည်း၊ ထိုမင်းသားသည် သေခြင်းကိုလည်းမကြောက်၊ ငါသည် ဤမျှလောက်ကာလပတ်လုံး ဤသူကဲ့သို့ရဲရင့်လှသောသူကိုမမြင်စဘူး"ဟုကြံမှိုင်ကာ ကြက်သီးမွေးညှင်းထလျက် မင်းသားကိုသာ အဖန်ဖန်ကြည့်ရှု၍ နေ၏၊ မင်းသားသည် ဘီလူး၏ အမူအရာကိုမြင်လျှင်—

"အို-ဘီလူး···· ငါ့ကို ကြက်သီး မွေးညှင်းထလျက် အဘယ်ကြောင့် အဖန်ဖန်ကြည့်ရှုဘိသနည်း၊ ယခုအခါ ငါ့ကိုစားလိုသော သင်သည် သင်စားချင်သလိုပြောပါ၊ ငါသင်ပြောသလို လိုက်နာပါမည်၊ ယခုစားလော့"—

ဟု ထပ်၍ပြောပြန်၏၊ ထိုအခါ ဘီလူးသည်—

"အို-မင်းသား···· သူတော်ကောင်းတရား၌တည်၍ မှန်သောစကားကိုဆိုလေ့ရှိသော သိနားလည်သော သင်ကဲ့သို့သောသူကို အဘယ်သူစားထိုက်မည်နည်း၊ အကယ်၍တည်း စားငြားအံ့ ထိုသူ၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲရာ၏"—

ဟု မိမိမစားဝံ့သောအကြောင်းကို ပြောကြားလေ၏။

ယောကျ်ားဇာနည် ခွင့်လွှတ်ပြီ

ထို့နောက် မင်းသားသည်—"အို-ဘီလူး··ငါ့ကိုမစားဘဲလျက် အဘယ်ကြောင့်ထင်းတို့ကိုယူဆောင်စေ၍ မီးကိုမွှေးစေဘိသနည်း"ဟုမေး၏၊ ဤလိုပြုလုပ်စေလျှင် သင်

ပြေးလိမ့်မည်ကို စုံစမ်းလို၍ခိုင်းပါသည်ဟု ဘီလူးကဆို၏၊ "အို-ဘီလူး….ယခုအခါ လူဖြစ်သောငါ့ကိုထားဘိဦး၊ ရှေးအခါ ယုန်တိရစ္ဆာန်ဖြစ်စဉ် သိကြားမင်း ပုဏ္ဏားယောင်ဆောင်၍လာကာ အသားကိုလှူရန်စုံစမ်းဘူးပြီ၊ ငါလည်းမကြောက်မရွံ့ မီးပုံထဲသို့ခုန်ချဘူးပြီ"ဟု အတိတ်ကဖြစ်ဘူးသော ဇာတ်ကြောင်းကို ပြောကြားလေ၏၊ ထိုအခါ ဘီလူးသည်—

"အာနုဘော်ကြီးလှသောမင်းသား…တဆယ့်ငါးရက်မြောက်နေ့၌ ရာဟုခံတွင်းမှ လွတ်သောလသည်ဝင်း, နေသည်ဝင်း ထွန်းပဘိသကဲ့သို့ သင်သည် ငါ့ထံမှလွတ်သည်ဖြစ်၍ ကပိလတိုင်း၌ ထွန်းပစေသတည်း၊ အမိအဘတို့ကို ဝမ်းမြောက်စေလျက် ဆွေမျိုးအပေါင်းတို့သည် နှစ်သက်ပါစေသတည်း"—

ဟု ဆုတောင်း ပတ္ထနာပြုပြီးလျှင် မင်းသားကို လွှတ်လိုက်၏။

ယဉ်ကျေးအောင်ပင်ရသော့ထံခေါင်င်

မင်းသားလည်း ဘီလူးကို ယဉ်ကျေးအောင်ပြု၍ ငါးပါးသီလ၌ တည်စေပြီးလျှင် "ဤဘီလူးကား ဘီလူးစစ် ဟုတ်မဟုတ်အဖြစ်ကို စုံစမ်းလတ်သော်-ဘီလူးတို့မည်သည်ကား မျက်လုံး နီကုန်၏၊ မျက်စိ မမှိတ်ကုန်၊ အရိပ်မထင်ကုန်၊ မကြောက်မလန့်ကုန်၊ဤဘီလူးကား ဤအင်္ဂါနှင့် မပြည့်စုံ၊ ဘီလူးစစ်မဟုတ်၊လူသားအစစ် ဖြစ်ရာ၏၊ ငါ့ခမည်းတော်၏နောင်တော် သုံးယောက်တို့ကို ဘီလူးမ ယူသွားရာ နှစ်ယောက်ကိုစား၍ တယောက်ကိုချစ်သဖြင့် သားအမှတ်

မွေးစားထားပုံရသည်၊ ဤသူကား မွေးစားထားသူ ဖြစ်တန်ရာ၏၊ ဤသူကား ငါ၏ဘကြီးတည်း၊ တိုင်းပြည်သို့ ဆောင်၍ ငါ့ခမည်းတော်ကို လျှောက်ထားပြီးလျှင် ထီးနန်းစည်းစိမ်ကို ပေးမည်''ဟု ကြံစည်ပြီးလျှင် ဘီလူးအား ''အချင်းလူသားစား··လာပါ၊ လိုက်ခဲ့ပါ၊၊သင်ကား ဘီလူးစစ်မဟုတ်၊ ငါ့ခမည်းတော်၏ နောင်တော်ဖြစ်သည်၊ထီးနန်းစည်းစိမ်ကိုခံစားလှည့်ပါ''ဟုဆိုရာ''မင်းသား ငါကားလူမဟုတ်''ဟုဆိုသဖြင့် သင်သည်ငါ့စကားကိုမယုံကြည်လျှင် ယုံကြည်သောသူ ရှိသလော၊ မေးချေရအောင်ဟု ဆိုပြန်ရာ၊ အနီးတွင် ဒိဗ္ဗစက္ခုရသေ့ရှိသည်ဆိုသဖြင့် ထိုသူနှစ်ယောက်တို့သည် တိုင်ပင်ပြီးလျှင် မေးမြန်းရန် ဒိဗ္ဗစက္ခုရသေ့ထံ သွားကုန်၏။

ရသေ့မိန့်ဟ
တရားရ

ဒိဗ္ဗစက္ခုရသေ့လည်း ထိုသူနှစ်ယောက်တို့လာသည်ကိုမြင်လျှင် ''သား,ဘကြီးနှစ်ယောက်တို့သည် ဘယ်အမှုကိုပြုလို၍ လှည့်လည်ကြသနည်း''ဟုလှမ်း၍မေးပြီးလျှင်ဆွေမျိုးအဖြစ်ကို ပြောကြားလေ၏၊ထိုအခါ လူသားစားသည် ဒိဗ္ဗစက္ခုရသေ့ ပြောကြားသောစကားကို ယုံကြည်၍ သား,ဘကြီးအဖြစ်ကိုသိလျှင် ''ချစ်သား····သွားလော့၊ငါကား တဘ၀တည်း၌ ကိုယ်အဖြစ် နှစ်မျိုးဖြစ်ခဲ့ရ၏၊ မင်းအဖြစ်ကိုအလိုမရှိ၊ ရသေ့ရဟန်းပြုမည်''ဟု ပြောဆိုပြီးလျှင် ဒိဗ္ဗစက္ခုရသေ့ထံ ရသေ့ရဟန်းပြုလေ၏။

သားတော်ပြန်လာက
ဝမ်းမြောက်လှ

မင်းသားလည်း ဘကြီးတော် လူသားစားကို ရှိခိုးပြီးလျှင် အနာရောဂါမရှိ ပကတိကျန်းမာချမ်းသာလျက် မြို့တော်

သို့ ပြန်လေ၏၊ ထိုအခါ မင်းသားအား ရွာနိဂုံး ဇနပုဒ်သူတို့သည်၎င်း, စစ်သည်ဗိုလ်ပါတို့သည်၎င်း ရှိခိုးလက်အုပ်ချီကုန်လျက် အရှင်မင်းသားအား ရှိခိုးခြင်း ဖြစ်ပါစေ၊ အရှင်မင်းသားသည် အလွန်ပြုနိုင်ခဲသော အမှုကို ပြုပေသည်ဟု ချီးကျူးကာ ချဉ်းကပ်လာကြကုန်၏၊ မယ်တော်ခမည်းတော်တို့လည်း ခရီးဦး ကြိုဆိုကြကုန်၏၊ မင်းသားသည် အခြံအရံများစွာနှင့် ပြန်လာပြီးလျှင် ခမည်းတော်မယ်တော်တို့ကို ရှိခိုး၏။

နောင်တော်ထံဝင်ဖူးမျှော်ချင်

ထိုအခါ ဇယဒိသ မင်းကြီးသည် သားတော်အား "ချစ်သား.... သင်သည် အဘယ်ကြောင့် ကြမ်းကြုတ်သောဘီလူးလက်မှ လွတ်ခဲ့သနည်း"ဟု မေး၏၊ "ခမည်းတော်....ဤလူသားစားကား ဘီလူးစစ်မဟုတ်၊ ခမည်းတော်၏ နောင်တော်ဖြစ်၍ အကျွန်ုပ်၏ ဘကြီးတော် ဖြစ်သည်"ဟု အကြောင်း အလုံးစုံကို တင်လျှောက်ထားပြီးလျှင် ခမည်းတော်တို့သည် ဘကြီးတော်ကို ဖူးမျှော်ရန် သင့်၏ဟု လျှောက်ထားပြန်၏၊ ဇယဒိသမင်းကြီးသည် သားတော်စကားကိုယုံကြည်၍ ခဏချင်း တမြို့လုံး စည်လည်စေပြီးလျှင် များစွာသောအခြံအရံနှင့်တကွ နောင်တော်ရသေ့ထံ အဖူးအမျှော် သွားလေ၏။

ဆရာရသေ့မိန့်ပုံကြောင်းရာစုံ

ဒိဗ္ဗစက္ခုရသေ့သည် မင်းကြီး ရောက်လာလျှင် မင်းကြီးအား ထိုလူသားစားကို ဘီလူးမ ဆောင်ယူ၍ သွားရာ မစားဘဲ သားအမှတ်ဖြင့် မွေးမြူ ထားခြင်းကို၎င်း,

ဘီလူးအဖြစ် ပြုခြင်းကိုရင်း, ဇယဒိသမင်း၏ နောင်တော် အပြစ်ကိုရင်း အလုံးစုံကို အကျယ်တဝင့်ပြောကြားလေ၏၊ ဇယဒိသ မင်းကြီးလည်း နောင်တော် ဖြစ်မှန်းသိလျှင် "နောင်တော်....တိုင်းပြည်သို့ ကြွတော်မူပါ၊ မင်းပြုတော်မူပါ"ဟု လျှောက်ထားတောင်းပန်လေ၏၊ လူသားစားရသေ့လည်း "မြတ်သောမင်းကြီး.... မသင့်ပါ၊ မင်းမပြုလိုတော့ပါ"ဟု ပယ်တော်မူ၏၊ "နောင်တော်....ဥယျာဉ်တော်၌ သီတင်းသုံးတော်မူပါ၊ ပစ္စည်းလေးပါးဖြင့် ပြုစုလှူဒါန်းပါမည်"ဟု ပြော၏၊ "မြတ်သောမင်းကြီး.... ဥယျာဉ်တော်သို့လည်း မလိုက်လို"ဟု ပယ်တော်မူ၏။

နောင်တော် ရသေ့မြတ် ဝတ်မပြတ်

ထိုအခါ မင်းကြီးသည်ရသေ့တို့နေရာ အနီး၌ တောင်နှစ်ခုအကြားကိုပိတ်စေ၍ တဘက်ဆည်းကန်ကြီး ပြုလုပ်ကာ လယ်တို့ကိုလုပ်စေ၍ အမျိုးတထောင်ကို ရွာကြီးတည်စေပြီးလျှင် ရသေ့တို့အား ဆွမ်းဝတ်ကို အမြဲပြုစေ၏၊ ထိုရွာကြီးကား(စူဠကမ္မာသဓမ္မ) နိဂုံးဟု အမည်တွင်လေ၏၊ [သုတသောမမင်းကြီး ပေါရိသာဒကို ဆုံးမတော်မူသောအရပ်ကား မဟာကမ္မာသဓမ္မနိဂုံးဖြစ်သည်။]

ဒေသနာကိုဆောင်၍ သစ္စာကိုပြသည်၏အဆုံး၌ အမိအဘကို လုပ်ကျွေးသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါမယ်တော်ခမည်းတော်တို့သည်-ယခုအခါ သာကီဝင်မင်းမျိုးများ။

※ ဒိဗ္ဗစက္ခု ရသေ့သည်-သာရိပုတ္တရာ။

※ ပေါရိသာဒသည်-အင်္ဂုလိမာလ။

※ နှမငယ်သည်-ဥပ္ပလဝဏ်။

※ မယားသည်-ရာဟုလာမယ်တော်။

※ အလိနသတ္တု မင်းသားသည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိဘတွက်တာ၊ သားလိမ်မာ၊ ဖွန့်ရာအသက်ကို။

(၂) ဘုရားချီးမွမ်း၊ သူတော်ငြမ်း၊ လမ်းကြီးဥဒဟို။

(၃) မိဘကျေးဇူး၊ မတိမ်မြူး၊ ချီးကျူးထိုက်သကို။

ဇယဒိသဇာတ်ပြီး၏။

၅၁၄-ဆဒ္ဒန္တဇာတ်

ပဉ္စမ္ပဏ္ဏာသ၊

ဘုရားဖူးမြင်
ရယ်မောချင်

နတ်လူတို့ ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း ၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိ ပြည် အမျိုးသမီးငယ်ဖြစ်သောရဟန်းမိန်းမသည်ရှိသတတ်၊ ထိုရဟန်းမိန်းမသည် တနေ့သ၌ ရဟန်းမိန်းမတို့နှင့်အတူ တရားနာသွားရာ တန်ဆာဆင် အပ်သော ပလ္လင်တော်၌

နေတော်မူလျက် တရားဟောနေသော မြတ်စွာဘုရား၏ တင့်တယ်တော်မူခြင်းကို ဖူးမျှော်ကြည်ညိုလျက် ငါသည် သံသရာ၌ကျင်လည်ရာဝယ် ထိုယောက်ျားမြတ် မယားဖြစ်ဘူးလေသလောဟု ဇာတိဿရဉာဏ်ဖြင့် ကြည့်ရှုဆင်ခြင်လတ်သော် ထိုယောက်ျားမြတ်သည် ဆဒ္ဒန်ဆင်မင်း ဖြစ်သောအခါ မယားဖြစ်ဘူးကြောင်းကိုမြင်လျှင် နှစ်သက်ဝမ်းမြောက်ခြင်း အားကြီးသဖြင့် ပြင်းစွာရယ်လေ၏။

တဖန်စင်းစား ငိုကြွေးငြား

တဖန် မယား ဖြစ်သည်ကား မှန်၏၊ မယားတို့မည်သည် လင်၏အစီးအပွားကို အလိုရှိသည်ကား နည်းပါးလှ၏၊ ငါသည် ထိုယောက်ျားမြတ်၏ အစီးအပွားကို အလိုရှိသလော၊ သို့တည်းမဟုတ် ပျက်စီးခြင်းကို အလိုရှိသလောဟု ကြည့်ရှုဆင်ခြင်ပြန်လတ်သော် အစီးအပွားကိုအလိုမရှိ အနည်းငယ်မျှသော အပြစ်ကိုရန်ငြိုးပြုကာ သောဏုတ္တရမုဆိုးကြီးကိုလွှတ်၍ အဆိပ်လူးသောမြားဖြင့် ပစ်သတ်စေခဲ့ဘူးသည်ကိုမြင်ပြန်လျှင် ယူကျုံးမရ ဝမ်းနည်း စိုးရိမ်လှသဖြင့် သည်းထန်စွာ ငိုကြွေးပြန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းမိန်းမငယ်ကိုမြင်လျှင် ပြုံးတော်မူ၏၊ ပြုံးတော်မူခြင်းအကြောင်းကို ရဟန်းတို့လျှောက်ထားကြရာ "ရဟန်းတို့.... ဤရဟန်း မိန်းမငယ်သည် ရှေးအခါ ငါဘုရား၌ ပြုခဲ့ဘူးသော အပြစ်ကို မြင်၍ သည်းစွာ ငိုကြွေးသည်"ဟု မိန့်တော်မူပြီးလျှင် အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**ဆင်မင်းဖြစ်စဉ်
တူပျော်ရှင်**

လွန်လေပြီးသော အခါ ဟိမဝန္တာ အရပ်ဝယ် ဆဒ္ဒန်အိုင်ကိုမှီ၍ရှစ်ထောင်သော ဆဒ္ဒန် မျိုးတို့သည် နေကုန်၏၊ ထိုဆင်တို့သည်တန်ခိုးကြီးကုန်၏၊ ကောင်းကင်သို့ပျံသွားနိုင်ကုန်၏၊ဘုရားအလောင်းသည် ဆင်မင်း၏သားဖြစ်၏၊ကိုယ်လုံးဖြူ၏၊ လက် ခြေ နီ၏၊ ကြီးပျင်း၍ အရွယ်သို့ ရောက်သောအခါ အရပ်ရှစ်ဆယ့်ရှစ်တောင်မြင့်၏၊ အလျားအတောင် တရာ့နှစ်ဆယ် ရှည်၏၊ နှာမောင်းကားငါးဆယ့်ရှစ်တောင်ရှည်၏၊ အစွယ်ကား လုံးပတ်တဆယ့်ငါးတောင်၊ အလျားအတောင် သုံးဆယ်ရှည်၏၊ အဆင်းအရောင် ခြောက်ချိုးနှင့်ပြည့်စုံ၏၊ ရှစ်ထောင်သောဆင်တို့၏ မင်းဖြစ်၏၊ ပစ္စေကဗုဒ္ဓါငါးရာတို့ကို ပူဇော်၏၊ စူဠသုဘဒ္ဒါ, မဟာသုဘဒ္ဒါဟု မိဖုရားနှစ်ဦးတို့သည် ရှိကုန်၏၊ ရွှေဂူ၌ အမြဲနေ၏။

**ဆဒ္ဒန်အိုင်ကား
လွန်ခန့်ငြား**

ဆဒ္ဒန်အိုင်ကြီးကား အလျားအနံ ယူဇနာငါးဆယ်စီရှိ၏၊ အလယ် ဆယ့်နှစ်ယူဇနာ အရပ်၌ မှော် ရေညှိ မရှိ၊ ပတ္တမြားအဆင်းကဲ့သို့ ကြည်လင်သော ရေရှိ၏၊ ရေစပ်မှ တယူဇနာပတ်ဝန်းကျင်၌ ကြာသိမ်တောဖြင့်ခြံရံ၏၊ ကြာသိမ်တောမှ ပတ်ဝန်းကျင်တယူဇနာ၌ ကြာညိုတောဖြင့်ခြံရံ၏၊ ထိုမှ တယူဇနာစီပတ်ဝန်းကျင်၌ ကြာနီတော, ကြာပုဏ္ဍရိက်တော, ကြာပဒုမာနီတော, ကြာပဒုမာဖြူတော, ကြာကုမုဒ္ဒရာတော,ကြာသိမ်စသော အရောရောကြာတော

တို့သည် အသီးအသီး ခြံရံကြကုန်၏၊ ထိုမှတပါး သလေး စပါးတော, ပန်းတော, သစ်သီးတော, ကြံတော, ငှက်ပျောတော, အင်ကြင်းကြော, ပိန္နဲတော, မန်းကျည်းတော, သရက်တော, ဝါးတောစသော တောအထပ်ထပ်တို့သည် ခြံရံ၍ တည်ကုန်၏။

ကြီးမားမြင့်ဆောင် ပင်ရွှေညောင် ထိုတောတို့အပြင်ကရံလျက် တယူဇနာ အမြင့်မှစ၍ ခုနစ်ယူဇနာမြင့်သည်တိုင်အောင် စူဠကာလတောင်, မဟာကာလတောင်, ဥဒကပဗ္ဗတတောင်, စန္ဒပဿတောင်, သူရိယပဿတောင်, မဏိပဿတောင်, သုဝဏ္ဏပဿတောင်ဟူသော တောင်စဉ်ခုနစ်ထပ်တို့သည် တတောင်ထက်တတောင်မြင့်ကာ အဆင့်ဆင့် တံတိုင်းကြီးတို့ပမာ တည်ကြကုန်၏။

ထို ဆဒ္ဒန်အိုင်ကြီး၏ အရှေ့မြောက်ထောင့် အရပ်၌ အမြင့် တဆယ့်သုံးယူဇနာ, ပတ်လည်ပင်စည် တဆယ့်နှစ်ယူဇနာ, ပါးပျဉ်းရှစ်ထောင်ရှိ၍ မြတောင်ကဲ့သို့ အလွန်ကြီးမားတင့်တယ်သော ပညောင်ပင်ကြီးသည် တည်ရှိလေ၏၊ ထိုဆဒ္ဒန်အိုင်ကြီး၏ အနောက်အရပ် ရွှေတောင်၌ကား တဆယ့်နှစ်ယူဇနာရှိသော ရွှေဂူကြီးသည် တည်ရှိလေ၏၊ ဆဒ္ဒန်ဆင်မင်းသည် မိုးလအခါ ဆင်အပေါင်းခြံရံလျက် ရွှေဂူ၌နေ၏၊ နွေလအခါ၌ကား ရေမှတက်လာသော လေပြေလေညှင်းကိုခံယူလျက် ပညောင်ပင်ရင်းဝယ် ပါးပျဉ်းကြား၌ နေ၏။

မောင်မယ်ချစ်ခင်ပန်းပွဲဆင်

တနေ့သ၌အင်ကြင်းတောသည် ပင်လုံးကျွတ်ပွင့်လေ၏၊ ထိုအခါ ဆင်ပျိုဆင်ရွယ်တို့သည် ဆဒ္ဒန်ဆင်မင်းအား အင်ကြင်းတော တတောလုံးပွင့်နေကြောင်းကိုလျှောက်ထားကြကုန်၏၊ ဆဒ္ဒန်ဆင်မင်းသည် ဆင်အပေါင်း ခြံရံလျက် အင်ကြင်းတောသို့ သဘင်ကစားသွားရာ ကောင်းစွာပွင့်နေသော အင်ကြင်းပင်ကြီးတပင်ကို ဦးကင်းဖြင့်တိုက်လေ၏၊ ထိုအခါ စူဠသုဘဒ္ဒါသည် ဆင်မင်း၏နံပါး လေညာ၌နေ၏၊ မဟာသုဘဒ္ဒါကား လေကျေ၌နေ၏၊ စူဠသုဘဒ္ဒါ၏ကိုယ်ပေါ်၌ သစ်ခက်ခြောက်, သစ်ရွက်ရော်နှင့် ခါချဉ်ထုပ်တို့သည် ကျကုန်၏၊မဟာသုဘဒ္ဒါ၏ ကိုယ်ပေါ်၌ကား ပန်းဝတ်မှုံ ဝတ်ဆံပွင့်ချပ်တို့သည် ကျကုန်၏။

သုဘဒ္ဒါထင်မှားရန်ငြိုးထား

ထိုအခါစူဠသုဘဒ္ဒါသည် ဆင်မင်းကား မိမိ ချစ်မြတ်နိုးသော မယားအပေါ်၌ ပန်းဝတ်မှုံ ဝတ်ဆံပွင့်ချပ်တို့ကို ကျစေ၏၊ ငါ့အပေါ်၌ကား သစ်ခက်ခြောက်, သစ်ရွက်ရော်နှင့် ခါချဉ်ထုပ်တို့ကို ကျစေကုန်၏ ဟု အထင်အမြင်လွဲကာ ရှိစေဦး နောင်သိရလိမ့်မည်ဟု ဆင်မင်းအပေါ်၌ ရန်ငြိုးထားလေ၏။

အခါတပါး၌ ဆင်မင်းသည် ရေချိုးရန် အခြံအရံနှင့်တကွ ဆဒ္ဒန်အိုင်သို့ဆင်းသက်လေ၏၊ ဆင်မင်းနှင့် စူဠသုဘဒ္ဒါ မဟာသုဘဒ္ဒါတို့သည် ရေချိုးပြီးလျှင် အိုင်မှတက်ကြကုန်၏၊ ရှစ်ထောင်သောဆင်တို့လည်း ရေကစားပြီးလျှင် ပန်းတို့ကို ယူဆောင်ခဲ့ကြ၍ ဆင်မင်းနှင့်ဆင်မိဖုရား

ကြီးတို့ကို တန်ဆာဆင်ကုန်၏၊ ဆင်တစီးသည် ပွင့်ချပ်ခုနစ်ဆင့်ရှိ၍ ကြီးသော သတ္တုဒွယ ပဒုမာကြာပွင့်ကြီးကိုရ၍ ဆင်မင်းအား ဆက်သလေ၏၊ ဆင်မင်းလည်း မိဖုရားကြီး မဟာသုဘဒ္ဒါကို ပေးပြန်၏၊ ထိုအခါ စူဠသုဘဒ္ဒါသည် ပဒုမာကြာပန်းကြီးလည်း ငါ့အားမပေး၊ ချစ်မြတ်နိုးသော မဟာသုဘဒ္ဒါအားပေးသည်ဟု နှလုံးမသာမယာ အထင်လွဲကာ ဆင်မင်း၌ ရန်ငြိုးထားပြန်၏။

စိတ်မကျေချမ်း ဆုတောင်းခဏ်း

ထိုအခါ တနေ့သ၌ ဆင်မင်းသည် ချိုလှသော သစ်သီး ကြီးငယ်တို့ကိုရင်း, ကြာစွယ်ကြာရင်းတို့ကိုရင်း ရ၍ များရေဖြင့်လူးကာ ငါးရာသော ပစ္စေကဗုဒ္ဓါတို့အား လှူဒါန်းကျွေးမွေးလေ၏၊ စူဠသုဘဒ္ဒါလည်း မိမိရသောအဘို့အစုကို ပစ္စေကဗုဒ္ဓါတို့အား လှူဒါန်းပြီးလျှင်-(“အရှင်တို့.... အကျွန်ုပ်သည် ဤဘဝမှစုတေသည်ရှိသော် မဒ္ဒရာဇ်မင်းမျိုး၌ သုဘဒ္ဒါမည်သော မင်းသမီးဖြစ်၍ အရွယ်ရောက်လျှင် ဗာရာဏသီမင်းကြီး အလွန်ချစ်မြတ်နိုးသော မိဖုရားကြီး ဖြစ်ရပါလို၏၊ မင်းကိုနှစ်သက်အောင်ပြုစွမ်းနိုင်၍ မင်းအားပြောကြားသဖြင့် မုဆိုးတယောက်ကို စေလွှတ်ကာ ဤဆဒ္ဒန်ဆင်မင်းကို အဆိပ်လူးသောမြှားဖြင့် ပစ်သတ်ကာ အရောင်ခြောက်ပါးရှိသောအစွယ်တို့ကို ယူနိုင်သည် ဖြစ်ရပါလို၏”။)ဟု ဆုတောင်းလေ၏။

ဆင်ဘဝစုတေ လူဖြစ်လေ

စူဠသုဘဒ္ဒါလည်း ဆုတောင်းပြီးလျှင် အစာမစားဘဲနေသဖြင့် တဖြည်းဖြည်း ခြောက်ကပ်ပြီးလျှင် သေလွန်လေ၏၊

မိမိဆုတောင်းသောအတိုင်း မဒ္ဒရာဇ်မင်း၏ မိဖုရားကြီး ဝမ်း၌ဖြစ်၍ သုဘဒ္ဒါဟူ၍ပင် အမည်မှည့်ကြကုန်သတတ်၊ အရွယ်ရောက်သောအခါ သုဘဒ္ဒါမင်းသမီးကို ဗာရာဏသီ မင်းကြီးအားပေးကုန်၏၊ဗာရာဏသီမင်းကြီးလည်း အလွန် ချစ်မြတ်နိုးတော်မူသဖြင့် တသောင်းခြောက်ထောင်သော မိန်းမတို့၏ အကြီးအမှူး မိဖုရားကြီးအရာ၌ ထားလေ၏၊ ရှေးဘဝက အဖြစ်အပျက်ကိုသိသော ဇာတိဿရဉာဏ်ကို ရလေ၏။

မိဖုရားဥာဏ်ထွင် ပရိယယ်ဆင်

တနေ့သ၌ သုဘဒ္ဒါ မိဖုရားကြီးသည် ဇာတိဿရဉာဏ်ဖြင့် အောက်မေ့ဆင်ခြင်၍ ငါ့ဆုတောင်းပြည့်ခဲ့ပြီ၊ငါ့ရန် သူဖြစ်သော ဆဒ္ဒန်ဆင်မင်း၏အစွယ်ကို ဆောင်ယူစေမည် ဟု ကြံစည်လျက် ကိုယ်ကိုဆီ နန္ဒင်းလိမ်းကျံလျက် ညစ်နွမ်း သောအဝတ်ကို ဝတ်ပြီးလျှင် ဖျားနာချင် ဟန်ဆောင်လျက် ကြက်သရေ တိုက်ခန်းဝယ် ညောင်စောင်းယ၌ အိပ် လေ၏၊ ဗာရာဏသီမင်းကြီးသည် ခစားလာရာ၌ သုဘဒ္ဒါ မိဖုရားကြီးကိုမမြင်လျှင် မေးလေ၏၊ ဖျားနာနေကြောင်း လျှောက်ထားကြကုန်၏။

မင်းကြီးလျှောက်တင် ချင်ခြင်းသွင်

ထိုအခါ မင်းကြီးသည် ကြက်သရေ တိုက်ခန်းသို့ဝင်၍ ညောင်စောင်းယ၌ ထိုင်ပြီးလျှင် မိဖုရားကြီး၏ကျော ကိုလက်တို့ဖြင့်သပ်လျက်—

"အို-သုဘဒ္ဒါ....သင်မိဖုရားကြီးကား အဘယ် ဝတ္ထုကိုလို၍ စိုးရိမ်ပူပန်သနည်း၊ သင်ကား ဖက် ရွက်လျော်ကဲ့သို့ ဖြော့တော့သော ကိုယ်ရှိ၏၊

လက်ဖြင့်ဆုပ်နယ်ထားသော ပဒုမာကြာပန်းကဲ့သို့
ညှိုးနွမ်းဘိ၏”–

ဟု အသာအယာ ချော့မော့၍ မေးလေ၏၊ ထိုအခါ သုဘဒ္ဒါမိဖုရားကြီးသည် မင်းကြီးအား–

“မြတ်သောမင်းကြီး····အကျွန်ုပ်အားချင်ခြင်း
ဖြစ်ပါ၏၊ အိပ်မက်ထဲ၌ အံ့ဘွယ် သရဲရှိလှ၏၊
အကျွန်ုပ်၏ ချင်ခြင်းကား မရလွယ်ပါ”–

ဟု ဖြားယောင်းကာ လျှောက်ထားလေ၏၊ ထိုအခါ မင်းကြီးသည် မိဖုရားအား–

“အို-သုဘဒ္ဒါ····လောက၌ လူတို့လိုချင်တောင့်
တအပ်သော ရတနာခုနစ်ပါး,ကာမဂုဏ်ငါးပါးတို့
ကုန်၏၊ ထိုရတနာခုနစ်ပါး,ကာမဂုဏ်ငါးတို့သည်
ငါ့မှာ များပြားလှကုန်၏၊ သင်ချင်ခြင်းဖြစ်သော
ဝတ္ထုကို ငါပေးမည်”–

ဟု အလိုရှိရာကိုပြောပါဟုဝန်ခံပြောဆိုလေ၏။

မင်းကြီးခေါ်ပြေား မှုဆိုးများ

ထိုအခါ သုဘဒ္ဒါမိဖုရားသည် “အရှင်မင်းကြီး···· အကျွန်ုပ်၏ ချင်ခြင်းကား အလွန်ရခဲပါ၏၊ ပြောဆိုလျှောက်ထား၍ မဖြစ်နိုင်ပါ၊ မင်းကြီး၏နိုင်ငံတွင်း၌ရှိသော မုဆိုးတို့ကို စည်းဝေးစေပါလော့၊ ထိုမုဆိုးတို့အလယ်၌ အကျွန်ုပ်၏ ချင်ခြင်းကိုပြောကြားပါမည်”ဟု လျှောက်ထား၏၊ထိုအခါ မင်းကြီးသည် ကြက်သရေတိုက်ခန်းမှထွက်ခဲ့၍ အမတ်တို့ကို ခေါ်ပြီးလျှင် ယူဇနာသုံးရာရှိသော ကာသိတိုင်းတွင်းရှိ မုဆိုးတို့ကို စည်းဝေးစေရန် စည်လည်ကြလော့ ဟု စေခိုင်း

လေ၏၊ အမတ်တို့လည်း စည်လည်ကြကုန်၏၊ မကြာမြင့်မီ မုဆိုးတို့သည် လက်ဆောင် ပဏ္ဏာတို့ကို ယူဆောင်ကာ မင်းကြီးထံ ဆက်သ၍ စည်းဝေးကြကုန်၏။

မိဖုရားအလိုဆန္ဒ မုဆိုးပြောပြ

မုဆိုးတို့သည် ခြောက်သောင်းမျှ ရှိကုန်သတတ်၊ ထိုအခါ မင်းကြီးသည် မိဖုရားကြီးအား—

"အို-မိဖုရားကြီး…မုဆိုးတို့စည်းဝေးမိကြကုန်ပြီ၊ ထိုးပစ်သတ်ဖြတ်ရာ၌ တဘက်ကမ်းခတ် တတ်မြောက်ကုန်၏၊ တောအကြောင်း,သားအကြောင်းကို ကောင်းကောင်း သိကုန်၏၊ မကြောက်မရွံ့ ရဲရင့် ကုန်၏၊ ငါ့အတွက် အသက်ကို စွန့်နိုင်ကုန်၏"—

ဟု မုဆိုးတို့ စည်းဝေးရောက်လာကြောင်းကို ပြောဆိုလေ၏၊ ထိုအခါ သုဘဒ္ဒါမိဖုရားကြီးသည် မုဆိုးတို့ကို ခေါ်၍ မုဆိုးတို့အား—

"အို-မုဆိုးသားတို့…. ဤအရပ်သို့ စည်းဝေးရောက်လာကြသော သင်တို့သည် ငါ့စကားကို နားထောင်ကြကုန်လော့၊အစွယ်၌ အရောင်ခြောက်ပါးရှိ၍ ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော ဆင်မင်းကို အိပ်မက်၌ မြင်မက်ပါ၏၊ ထိုဆင်မင်း၏ အစွယ်တို့ကို ရလိုပါ၏၊မရသည်ရှိသော် ငါသေရလတံ့"-

ဟု မိမိ၌ဖြစ်လာသော ချင်ခြင်းကို ပြောကြားလေ၏။

မိဖုရားပြောကြား မေးလျှောက်ထား

မုဆိုးသားတို့သည် မိဖုရားကြီး၏ စကားကိုကြားလျှင် ဆင်မင်း၏တွေ့လိုရာအရပ်ကိုမေးလိုသဖြင့်—

"အရှင်မိဖုရားကြီး···· အရှင်မ မြင်မက်သော အစွယ်၌ အရောင် ခြောက်ပါးရှိ၍ ကိုယ်လုံး ဆွတ်ဆွတ်ဖြူသောဆင်မင်းကိုအကျွန်ုပ်တို့၏အဘ-အဘိုးတို့ပင် မြင်လည်း မမြင်စဘူးကြပါ၊ ကြား လည်း မကြားစဘူးကြပါ၊အရှင်မ မြင်မက်သော ဆင်မင်းကို အကျွန်ုပ်တို့အား ပြောကြားပါ"—

"အရှင် မိဖုရားကြီး···· တူရူအရပ် လေးမျက် နှာ, အထောင့် အရပ် လေးမျက်နှာ, အထက် အောက် နှစ်မျက်နှာအားဖြင့် အရပ်ဆယ်မျက်နှာ ရှိခဲ့ရာ အရှင်မ မြင်မက်သော ဆင်မင်းကား အဘယ်အရပ်မျက်နှာ၌ တည်ရှိပါသနည်း"— ဟု မိဖုရားကြီးအား မေးလျှောက်ကုန်၏။

မိဖုရားဆင်ခြင် လိုပြည့်အင်

မိဖုရားကြီးသည် တစုံတခုသော စကား ကို မဖြေကြားသေးဘဲ မုဆိုးတို့ကို အသေ အချာကြည့်ရှုပြန်ရာ သောဏုတ္တရ မုဆိုး ကြီးကို မြင်လေ၏၊ ထိုမုဆိုးကြီးကား ခြေဘဝါး, လက် ဘဝါး ကြီး၏၊ ထမင်းထုပ်ကဲ့သို့ ဖုထစ်သော သလုံးသား ရှိ၏၊ ဒူးကြီး၏၊ နံရိုးကြီး၏၊ ထူထပ်၍ ဖွားရရားကျသော မုတ်ဆိတ်ကျင်စွယ်ရှိ၏၊ မျက်စိကြောင်၏၊ မကောင်းသော ကြောက်မက်ဘွယ်သော အဆင်းသဏ္ဍာန်ရှိ၏၊ သူတပါး ထက် ဦးခေါင်းတလုံးသာသာ မြင့်အောင် ထွားကျိုင်း၏၊ ရှေးဘဝက ဆင်မင်း၏ ရန်သူဖြစ်ဘူး၏၊ ထိုမုဆိုးကြီးကို မြင်လျှင် ငါ၏စကားကို နားထောင် လိုက်နာနိုင်လိမ့်မည် ဟု ကြံစည်လျက်။

ဆင်မင်းနေရာ
လက်ညွှန်ကာ

မိဖုရားကြီးသည် မင်းကြီးထံ ခွင့်ပန်ပြီးလျှင် ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ထက်သို့ မုဆိုးအား ခေါ်ဆောင်၍ လေသွန်တံခါးကိုဖွင့်ပြီးလျှင် မြောက်ဟိမဝန္တာသို့ လက်ညှိုးညွှန်ပြကာ—

"အို-မုဆိုးသား…သင်သည်ဤအရပ်မှမြောက်အရပ်တည့်တည့် ဖြောင့်ဖြောင့်သွားလေ၊ကြီးကျယ်လှသော တောင်စဉ်ခုနစ်ထပ်တို့ကို ကျော်လွန်၍သွားရာ သုဝဏ္ဏပဿတောင်ကား ခြောက်ထပ်သောတောင်တို့ထက် အမြင့်ဆုံးဖြစ်၏၊ ပန်းတောလည်းရှိ၏၊ ကိန္နရာတို့ ကျက်စား မြူးထူးရာလည်းဖြစ်၏။

ထိုတောင်သို့တက်၍ တောင်ခြေရင်းကို ကြည့်လော့၊ ထိုတောင်ခြေရင်းဝယ် ပါးပျဉ်းရှစ်ထောင်ရှိ၍ စိမ်းညိုသော ပညောင်ပင်ကြီးကို မြင်ရလိမ့်မည်။

ထို ပညောင်ပင်ရင်း မြစ်ပျဉ်းကြား၌ အစွယ်၌အရောင် ခြောက်ပါးရှိ၍ ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော ဆင်မင်းသည် နွေအခါ ရေထဲမှတက်လာသော လေညှင်းကို ခံယူလျက် နေ၏။

ထိုဆင်မင်းကို ရှစ်ထောင်သော ဆင်တို့သည် စောင့်ကုန်၏၊ ရထားလှည်းသန်သဘွယ် စွယ်စုံရှိကုန်၏၊ လေကဲ့သို့ လျင်မြန်စွာလိုက်၍ ရန်သူကိုသတ်နိုင်ကုန်၏။

ထိုဆင်တို့သည် ပြင်းထန်စွာ ကြောက်မက်ဘွယ်သော ထွက်သက် ဝင်သက်ကို ရှူထုတ်ကုန်၏၊

မြက်သစ်ရွက် တုန်လှုပ်ခြင်းကိုလည်း အမျက်ထွက်ကုန်၏၊ ထိုအရပ်သို့ လာရောက်သောလူကို ဖွဲ့ပြာဖြစ်အောင် ပြုလုပ်နိုင်ကုန်၏၊ မြွေမျိုးပင် အကြွင်းအကျန်မရှိရာ”—

ဟု လမ်းညွှန်ကာ ကြောက်မက်ဘွယ်ရှိသော ဘေးရန်တို့ကိုလည်း အလုံးစုံပြောကြားလေ၏။

မုဆိုးငြင်းဆန် လျှောက်ထားပြန်

မိဖုရားကြီး၏စကားကိုကြားလျှင် သောဏုတ္တရမုဆိုးသည် သေဘေးမှကြောက်သဖြင့် မိဖုရားကြီးအား—

“အိုမိဖုရားကြီး.... မင်းကြီးနန်းတော်၌ရွှေ, ငွေ, ပုလဲ, ပတ္တမြား, ကျောက်မျက်ရှိစသော တန်ဆာတို့ကား များပြားလှကုန်၏၊ သို့ပါလျက်ဆင်စွယ်တန်ဆာဖြင့် အဘယ်သို့ပြုအံ့နည်း၊ မိဖုရားကြီး....ဆင်မင်းကို သတ်စေလို၍လော၊ သို့မဟုတ် တန်ဆာကိုအကြောင်းပြကာ မုဆိုးတို့ကို သေစေလို၍လော”—

ဟု လျှောက်ထား မေးမြန်းလေ၏။

ရန်ငြိုးမကျေ သေလိုစေ

ထိုနောက်မှ သုဘဒ္ဒါမိဖုရားသည်မိမိ၏ကြောင်းရာစုံလင်ကို မုဆိုးကြီးအားပြောကြားလိုသဖြင့်—

“အို-မုဆိုးသား.... ငါသည် ဆင်မင်းအား ငြိုးစူလှ၏၊ စိတ်ဆင်းရဲလှ၏၊ ဆင်းမင်း ပြုသောရန်ကို အဖန်ဖန် အောက်မေ့လျက် ငြိုးစူသဖြင့်စိတ်ပျို့လွင့်၏၊ ခြောက်ကပ်လှ၏၊ ငါ့အကျိုးစီးပွားကို

ပြုပါ၊ သင့်အား တနှစ်လျှင် အခွန်တသိန်းစီထွက်
သော ရွာကြီးငါးရွာကိုဆုပေးမည်"—

ဟု အကြောင်းစုံပြော၍ ဆုဖြင့် ဖြားယောင်းပြီးလျှင် "အို-မုဆိုး....အမှန်ကို ငါပြောမည်၊ အိပ်မက်မြင်မက်သည်မဟုတ်၊ ဇာတိဿရဉာဏ်ဖြင့် သိသည်၊ ငါသည်ဆဒ္ဒန်ဆင်မင်းကိုသတ်၍ အစွယ်တို့ကိုယူနိုင်ရလို၏ဟု ရှေးဘဝက ပစ္စေကဗုဒ္ဓါတို့အား လှူဒါန်း၍ ဆုတောင်းခဲ့ဘူးပြီ၊ ငါတောင်းခဲ့သော ဆုအချို့လည်း ပြည့်စုံပြီ၊ ဤကိစ္စလည်း မုချပြည့်စုံလတ္တံ့၊ သင်သွားပါ၊ မကြောက်ပါလင့်ဟု မုဆိုးကို အားပေးကာ နှစ်သိမ့်စေ၏။

ခြင်းရာအစုံ မုဆိုးမှာပုံ

မုဆိုးလည်းအားတက်လျက် မိဖုရား၏စကားကိုဝန်ခံပြီးလျှင် ဆင်မင်း၏နေရာအကြောင်းစုံကို မေးလို၍—

"အို-မိဖုရားကြီး....ဆင်မင်းသည်ဘယ်အရပ်၌ နေသနည်း၊ ဘယ်အရပ်၌ တည်နေရန် ကပ်သနည်း၊ ရေချိုးသွားသောလမ်းကားအဘယ်နည်း၊ အဘယ်သို့ ရေချိုးသနည်း၊ အဘယ်သို့ သိနိုင်အံ့နည်း"—

ဟု အကြောင်းစုံပြောကြားရန် မေးမြန်းတောင်းပန်လေ၏။

ထိုအခါ မိဖုရားကြီးသည် ဇာတိဿရဉာဏ်ဖြင့်ဆင်ခြင်ကာ မုဆိုးကြီးအား—

"အို-မုဆိုးကြီး....ဆင်မင်းနေရာအနီး၌ ဆဒ္ဒန်အိုင်ကြီးရှိ၏၊ ပျော်ဘွယ်ရာကောင်း၏၊ သာယာသော

ရေဆိပ်ရှိ၏၊ ရေများလှ၏၊ ကြာမျိုးငါးပါး ပွင့်လျက်ရှိ၏၊ပျားပိတုန်းတို့ကျက်စားရာဖြစ်၏၊ထိုအိုင်ကြီး၌ ဆင်မင်းရေချိုးလေ၏၊ ရေချိုးပြီးလျှင် ကြာပန်းစသော ရေပန်း ကြည်းပန်းတို့ကို ဆင်မြန်းလျက် တကိုယ်လုံး ဆွတ်ဆွတ်ဖြူသော ဆင်မင်းသည် ဝမ်းမြောက်ဝမ်းသာ သဗ္ဗာဘဒ္ဒါမည်သော မိဖုရားကြီးကို ရှေ့ကထား၍ မိမိနေရာ အရပ်သို့ သွား၏”—

ဟု တလုံးမကျန် ခရေစေ့တွင်းကျပြောကြားလေ၏။

မုဆိုးသွားမှု ပြင်ဆင်မှု

ထိုအခါ မုဆိုးကြီးသည် “အရှင်မ.... ကောင်းပြီ၊ ဆင်မင်းကို သတ်ပြီးလျှင် ဆင်စွယ်တို့ကိုယူ၍ ဆက်သပါမည်” ဟု ဝန်ခံလေ၏၊ထိုအခါ မိဖုရားကြီးသည်မုဆိုးကြီး၏စကားကို ကြားလျှင် ငါ့အကြံအောင်တော့မည်၊ ငါ့ရန်သူ ပျက်စီးတော့မည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်၍ မုဆိုးကြီးအား ချက်ချင်း အသပြာတထောင် ပေးကာ- “အို-မုဆိုး.... သွားဦးလော့၊ယနေ့မှ ခုနစ်ရက်မြောက်နေ့၌ သွားရမည်၊ လက်နက်ရိက္ခာအလုံးစုံ စီမံထားမည်ဟု မှာထား၍ လွှတ်လိုက်၏။

ထိုနောက် မိဖုရားသည် ပန်းဘဲတို့ကိုခေါ်၍ ပဲခွပ်, ပုဆိန်,ပေါက်တူး,ဆောက်, ဆောက်ပုတ်, ထားမ,တံစဉ့်, သံမယ်နှ, လွှ, သံတံတင်း, ကဏ္ဍုဆူးတို့ကို လုပ်ရန်စီမံလေ၏၊ နောက်တဖန် သားရေနယ်သမားတို့ကို ခေါ်၍ တကုမ္ဘဝင်သော သားရေအိတ်ကြီး, သားရေလွန်ကြီး,

သားရေလွန်အငယ်, ဆင်ခြေဘိနပ်, သားရေထီးတို့ကို လုပ်ရန် စီမံလေ၏၊ ပန်းဘဲနှင့် သားရေနယ်သမားတို့ လည်း လျင်မြန်စွာလုပ်၍ ဆက်သကြကုန်၏၊ နောက် ရက်ရှည်လများ စားနိုင်ရန် မုန့်လုံး, ပွတ်ခုံ ,ပွတ်ကျော်ကို အစပြု၍ လိုလေသေးမရှိအောင် စီမံလေ၏၊ အားလုံး ခုနစ်ရက်အတွင်း ပြည့်စုံလေ၏။

ရိက္ခာယူလျက် ခရီးထွက်

ခုနစ်ရက်မြောက် နေ့၌ သောဏုတ္တရ မုဆိုးသည် သားမယားတို့ကို မှာထား ပြီးလျှင် ခရီးဆောင် ပရိက္ခရာတို့ကို ယူ၍လာလတ်ခါ မိဖုရားကို ရှိခိုးလျက်နေ၏၊မိဖုရားလည်း “အမောင်မုဆိုး··အပြည့်အစုံထည့်ပြီပြီး၊ဤသားရေအိတ် ကြီးကိုယူ၍ သွားလော့”ဟု ဆို၏၊ သောဏုတ္တရမုဆိုး ကား ခွန်အားကြီး၏၊ ဆင်ပြောင်ငါးစီးအားကို ဆောင် နိုင်၏၊ ထိုကြောင့် တကုမ္ဘဝင်(နှစ်ဆယ့်ခုနစ်တင်းနှစ်စိတ် ဝင်)သော သားရေအိတ်ကြီးကို ကွမ်းထုပ်ကို ကောက်ယူ သကဲ့သို့ ကောက်ယူကာ ပခုံးတွင်လွယ်၍ ပေါ့ပေါ့ပါးပါး ပင်ရပ်၏၊ သုဘဒ္ဒါမိဖုရားလည်း မုဆိုး၏ သားမယားတို့ အား ရိက္ခာကိုပေး၍ မင်းကြီးကို လျှောက်ထားပြီးလျှင် သောဏုတ္တရမုဆိုးကို လွှတ်လိုက်၏။

သောဏုတ္တရမုဆိုးလည်း မင်းကြီးနှင့် မိဖုရားတို့ကို ရှိခိုး၍ နန်းတော်မှဆင်းသက်ပြီးလျှင် ရထားစီး၍ အခြံ အရံများစွာဖြင့် မြို့တော်မှထွက်လေ၏၊ ရောက်ရာရောက် ရာ ရွာနိဂုံးတို့မှ အဆင့်ဆင့်လိုက်၍ ပို့ကြကုန်၏၊ ပစ္စန္တရစ် မှလိုက်ပို့သူတို့ကို တောသို့ဝင်မိ၍ လူတို့လမ်းခရီးကိုလွန် လျှင် ပြန်၍လွှတ်ကာ တယောက်ထည်းသာ သွားလေ၏။

မှုဆိုး၏ခွဲ ခရီးခဲ

ခရီးယူဇနာ သုံးဆယ်သို့ ရောက်လျှင် ရှေးဦးစွာ နေဇာမြက်တော, သမန်းမြက်တော,သာမညမြက်တော,ရုံးရိုင်းတော, ကုလားမြွားတော, တိရိဝစ္ဆမြက်တောဟူသော မြက်တောခြောက်ထပ်တို့ကိုငှင်း,ကြခပ်ဝါးတော,ကြိမ်ပိုက်တော, သာမညတော, ကျူတော, အထွင်ခက်သောမြက်တော, တခဲနက်တောအုပ်, မထူလွန်းသောသစ်တော, ဝါးတော, ဝါးရုံချုံတော, ညွန်တော, ရေတော, တောင်စဉ်ခုနစ်ထပ်တောဟူသော တဆယ့်ရှစ်ထပ်တို့ကိုငှင်း ပါလာသော လက်နက်အမျိုးမျိုးတို့ဖြင့် ရိတ် လှည်း ဖြတ်တောက်ခုတ် ထွင်း၍ငှင်း,အချို့နေရာ တံတားခင်း၍ငှင်း, အချို့နေရာ လှေဖြင့် ကူး၍ငှင်း, ခက်ခက်ခဲခဲ သွားရလေ၏။

တောင်၆-ထပ်လွန်တွင် ဆင်မင်းမြင်

တောင် အထပ် ထပ်သို့ သွားရာ၌လည်း အချို့တောင်တွင် သားရေလွန်ဖြင့်ချိတ်ဆွဲ၍ အချို့တောင်တွင် တောင်ထိပ်ချင်းကြိုးတန်းကာ သားရေအိတ် သားရေထီးတို့ဖြင့် ကြိုးတန်းလျှောက်၍ တထောက်တထောက် အလွန်ခက်ခက်ခဲခဲ တက်ရ၏။

တောင်ခြောက်ထပ်ကိုလွန်၍ သုဝဏ္ဏပဿ တောင်ထိပ်သို့ရောက်သောအခါ တောင်ခြေရင်းသို့ကြည့်လျှင် မိဖုရားပြောလိုက်သောအတိုင်း ပညောင်ပင်ကြီးကို မြင်ရလေ၏၊ အစွယ်၌ အရောင်ခြောက်ပါးရှိ၍ ကိုယ်လုံးဆွတ်ဆွတ်ဖြူသော ဆဒ္ဒန်ဆင်မင်းကိုလည်း မြင်ရလေ၏၊ စောင့်ရှောက်သော ဆင်ရှစ်ထောင်တို့ကိုလည်း မြင်ရလေ၏၊ဆင်မင်းရေ

ချိုးသော ဆဒ္ဒန်အိုင်ကြီးကိုလည်း မြင်ရလေ၏၊ ဆင်မင်း သွားရာ လမ်းခရီးနေရာအရပ် အလုံးစုံတို့ကိုလည်း မြင်ရ လေ၏။

ဆင်မင်းသတ်ခွင် နေရာပြင်

မုဆိုးတို့ဘာဝ ယုတ်မာလှသော သောဏုတ္တရမုဆိုးသည် ရန်ငြိုးထားသော မိဖုရားမိုက်၏ တိုက်တွန်းချက် အရ အပင်ပန်းအဆင်းရဲခံ၍ သွားခဲ့ရာ ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်တို့ဖြင့် ဆင်မင်းနေရာသို့ရောက်၍ ဆင်မင်း သွားရာ လာရာ နေရာ ထိုင်ရာတို့ကို မျက်ဝါးထင်ထင် မြင်ရသော အခါ အလုံးစုံမှတ်သားပြီးလျှင် ဆင်တို့ရေချိုးပြီးလျှင် သွားလတ်သော် ဆင်မင်းနေရာအရပ်ကို တွင်းကြီးတူး၍ တွင်းစာမြေမှုံတို့ကို မျိုးကြဲသည့်အလား ရေထဲ၌ကြဲလျက် ကျောက်ဆုံပေါ်၌ တိုင်တို့ကိုစိုက်၍ ထုပ်လျှောက်တင်ကာ ပျဉ်တို့ကိုခင်းပြီးလျှင် ဆင်မင်း၏ ချက်တည့်လောက်သော အရပ်တွင် မြှားထွက်လောက်ရုံ အပေါက်ကိုဖေါက်၍ အပေါ်က မြေမှုံ သစ်ရွက်ခြောက်တို့ကိုကြဲ၍ နံဘေးတဘက်မှ မိမိ ဝင်လောက်ရုံ အပေါက်ကိုပြု၍ တွင်းကြီးကို ကိုစီရင်လေ၏။

ဆင်မင်းချက်ကွင်း လေးနှင့်ခွင်း

မိုးသောက်သောအခါ ဦးခေါင်း၌ဦးစွပ်ကိုစွပ်၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ပြီးလျှင် အဆိပ်လူးသော မြှားနှင့် လေးကိုယူကာ တွင်းထဲသို့ဆင်း၍ ပုန်းအောင်းကာ စောင့်၍နေလင့်၏၊ ဆဒ္ဒန်ဆင်မင်းသည် ဆဒ္ဒန်အိုင်မှရေချိုးပြီး၍ သုဘဒ္ဒါမိဖုရားကြီးလျှင် မိမိလေညှင်းခံရာ ပညောင်ပင်ရင်း၌ နေလေ၏၊ ထိုအခါမုဆိုးသည် ဆင်မင်းရောက်လာ

သည်ကိုသိလျှင် ဗိုလ်တထောင်တင်ရသောလေးကြီးကိုတင်၍ အဆိပ်လူးသောမြှားဖြင့်အသင့်ဖေါက်ထားသောအပေါက်မှ တအားပစ်လေ၏၊အဆိပ်လူးမြှားသည် ဆင်မင်း၏ချက်တည့်တည့်ဝင်ပြီးလျှင် အဖျဉ်း,သရက်ရွက်,အသည်း, အူတို့ကို မုန့်မုန့်ညက်ညက် ကြေစေလျက် ကျောမှထွက်ကာ ကောင်းကင်သို့ တက်သွားလေ၏။

ဆင်မင်းမြှားမှန်ခြင်း ဝေဒနာခံစား

မြှားဝင်ရာ အပေါက်မှ သွေးတို့သည် အိုးပေါက်မှ ရေထွက်သကဲ့သို့ ယိုစီး ထွက်ကျကုန်၏၊ အလွန်နာကျင်သော ဆင်းရဲဝေဒနာဖြစ်လေ၏၊ ဆင်မင်းလည်း ဆင်းရဲဝေဒနာကို သည်းမခံနိုင်သည်ဖြစ်၍ အလုံးစုံသောတောတောင်တို့ကို တပြိုင်နက် ပွဲ့တင်ထပ်စေလျက် သုံးကြိမ်တိုင်အောင် ကြီးကြာသံနှင့်တူသော အသံကြီးကို ပြင်းထန်စွာအော်ဟစ်မြည်ဟည်းလေ၏၊ထိုအခါ ရှစ်ထောင်သော အခြံအရံဆင်တို့သည် ဆင်မင်း၏အသံကိုကြားလျှင် သေဘေးမှကြောက်သဖြင့် ပြင်းစွာသောအသံကို မြည်ဟည်းကြကုန်၏၊တဖန် ဆင်မင်းထံလာကြ၍ ထိုအကြောင်းကိုသိလျှင် ဒေါသအမျက် ချောင်းချောင်းထွက်၍ မြက် သစ်ရွက် သစ်ပင်တို့ကို မုန့်မုန့်ညက်ညက်ကြေစေလျက် ဟိုဟိုသည်သည်ပြေးလွှားကာ သူ့ထက်ငါရန်သူကို ရှာကြကုန်၏၊ ဆင်မင်းထံ ဖေးမကာ သုဘဒ္ဒါမိဖုရားကြီးတဦးသာ ကျန်ရစ်ခဲ့၏။

ဆင်မင်းဥာဏ်ထွင် သုဘဒ္ဒါနှင်

ထိုအခါ ဆင်မင်းသည် သတိတရားကို ဖြစ်စေလျက် မြှား လာရာအရပ်ကို ဆင်ခြင်လတ်သော် ဤမြှားကား အကယ်၍ အရှေ့, အနောက်, တောင်,မြောက် အရပ်လေး



P.229 ဆဒ္ဒန်ဆင်မင်းသည့်ရန်သူမုဆိုးကိုသတ်အံ့ဟု နှာမောင်းဖြင့် မြေတွင်းသို့နှိုက်လိုက်ရာ သက်န်းပါလာစဉ်

မျက်နှာမှလာခဲ့ပြီးအံ့၊နံဘေးမှဝင်၍ နံဘေးမှထွက်ခဲ့ရာ၏၊ ယခုမူကား ချက်မှဝင်၍ ကျောသို့ထွက်ခဲ့၏၊ မုချမြေကြီး ထဲမှလာသောမြှားဖြစ်၏၊ရန်သူကား မြေကြီးထဲ၌ ရှိရာ၏၊ နောက်ထပ် မြှားတစ်စင်းလာလျှင် သုဘဒ္ဒါမိဖုရားကြီးကို လည်း မှန်ခဲ့ရာ၏၊ အဘယ်သူသိနိုင်အံ့နည်း၊သုဘဒ္ဒါမိဖုရား ကြီးကို သွားစေရန်သင့်၏ဟု ကြံစည်ပြီးလျှင် "သုဘဒ္ဒါ မိဖုရားကြီး....ရှင်မ ဆင်ရှစ်ထောင်တို့ကား ငါ့ရန်သူကို ရှာဖွေရန် ထိုထိုအရပ်သို့ ပြေးသွားကြကုန်ပြီ၊ သင်ကား ငါ့ထံမှာ အဘယ်ကြောင့် နေဘိသနည်း"ဟု ပြောလေ၏၊ မိဖုရားကြီးသည် "အရှင်....အကျွန်ုပ်ကား အရှင်သက် သာရာရအောင် ဖေးမစောင့်ရှောက်၍ နေခဲ့ပါသည်၊ အပြစ်ကို သည်းခံတော်မူပါ"ဟု တောင်းပန်ပြီးလျှင် ဆင်မင်းကို လက်ျာရစ်ကာ ရှိခိုးပြီးလျှင် ဆင်မင်းထံမှ ရန်သူကို ရှာဖွေရန် ဘဲသွားလေ၏။

မြေကိုရှာ၍ ရန်သူတွေ့

ဆင်မင်းသည် သုဘဒ္ဒါ မိဖုရားကြီး သွားလျှင်မြေကြီးကိုခြေဖြင့်ရက်ပြီးလျှင် အမိုးပျဉ်ချပ်ကို ခွါလေ၏၊ ပျဉ်ချပ်ကွာ ၍အတွင်း၌ ပုန်းအောင်းနေသော သောဏုတ္တရမုဆိုးကို မြင်လျှင် ရှေးဦးစွာဒေါသထွက်လျက် သတ်မည်ဟုကြံစည် ကာ ပျဉ်ချပ်ပေါက်မှ နှာမောင်းဖြင့်နှိုက်လျက် ဆွဲထုတ် လိုက်ရာ ဖန်ရည်စွန်းသော သင်္ကန်းပါလာလျှင် ရှေ့၌ထား ကာ မိမိကိုယ်၌ ပြင်းထန်လှသော ဆင်းရဲဝေဒနာကပ် ရောက်လျက်ရှိပြီးသော်လည်း "ဩော်....ဘုရားပစ္စေက ဗုဒ္ဓါရဟန္တာတို့ တံခွန်အောင်လံသဘွယ်ဖြစ်သော သင်္ကန်း

ပါတကား သက်နိးဝတ်ထားသူကို ပညာရှိသူတော်ကောင်းတို့သည် မသတ်ပုတ် မညှဉ်းဆဲအပ်ပေ၊ အမြတ်တနိုး ကိုးကွယ်ပူဇော်ရာ၏" ဟု သတိသမ္ပဇဉ်ဖြစ်လျက်။

သင်္ကန်းအရေခြုံ မုဆိုးပြုပုံ

ဆင်မင်းသည် မုဆိုးသားကို သတ်ဖြတ်လိုသောစိတ် မရှိတော့ဘဲ အသက်ကို ချမ်းသာပေး၍—

"အချင်းမုဆိုး.... ရာဂမကင်းဘဲ ကိလေသာဖန်ရည်ရှိလျက် ဤခြုံကို ဆုံးမစောင့်ရှောက်ခြင်းငှါ မထိုက်တန်ပါ"—

"အချင်းမုဆိုး.... ကိလေသာဖန်ရည်ကို ထွေးအန်ပြီးလျက် စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်း,, ဤခြုံကို ဆုံးမစောင့်ရှောက်ခြင်းရှိသော သူသည်သာ ဤသင်္ကန်းကို ဝတ်ရုံခြင်းငှါ ထိုက်တန်ပေ၏"-

ဟု တရားဟောပြီးလျှင် "အချင်းမုဆိုး....သင်သည် အဘယ်အကျိုးငှါ ငါ့ကိုပစ်သတ်သနည်း၊ မိမိအကျိုးစီးပွားအတွက်လော၊ သို့မဟုတ် သူတပါးစေခိုင်း၍လော" ဟု ပစ်သတ်ခြင်းအကြောင်းကို မေးတော်မူ၏။

အစွယ်ပေးလှူကာ ဆင်မင်းမှာ

ထိုအခါ သောဏုတ္တရမုဆိုးသည် မိဖုရားအလိုဆန္ဒအရ တိုက်တွန်းသဖြင့် ဆင်မင်းအား ပြောကြားလို၍—

"အရှင်ဆင်မင်း.... ကာသိမင်း၏မိဖုရားကြီးသုဘဒ္ဒါ ဟု ရှိပါ၏၊ အလွန် တန်ခိုးကြီးပါ၏၊ ထိုမိဖုရားကြီးသည် ဆင်မင်းကို အိပ်မက်၌မြင်မက်

သဖြင့် အရောင်ခြောက်ပါးရှိသောအစွယ်ကို အလို ရှိ၍ အသတ်ခိုင်းပါ၏”—

ဟု ပြောကြားလေ၏၊ ဆင်မင်းသည် မုဆိုးစကားကို ကြားလျှင် ဤအမှုကား သုဘဒ္ဒါ၏အမှုဖြစ်ကြောင်းကိုသိ၍ ဆင်းရဲဝေဒနာကို အောင့်အည်းသည်းခံကာ—

“အချင်းမုဆိုး.... ငါ၏ အဘ, အဘိုးတို့၏ အစွယ်တို့သည်ရွှေဂူ၌များစွာရှိကုန်၏၊အစွယ်ကိုလို ၍မဟုတ် ဒေါသနိုင်ငံသို့လိုက်ကာ ရန်ငြိုးဖွဲ့ပြီး လျှင် တမင်သတ်လို၍ စေခိုင်းခြင်းဖြစ်၏”—

“အချင်းမုဆိုး....သင်သည်ထလော့၊ငါမသေမီ ငါ့အစွယ်တို့ကိုဖြတ်လော့၊ရန်ငြိုးဖွဲ့သော သုဘဒ္ဒါ မိဖုရားကိုလည်း ဆင်မင်းကိုသတ်ခဲ့ပြီ၊ ဤအစွယ် တို့ကား ဆင်မင်း၏ အစွယ်တို့တည်းဟု မှာလိုက် သည်ဟု သင်ပြောပါလော့”—

ဟု မုဆိုးအား မှာထား၍ အစွယ်တို့ကို ဖြတ်ရန် ပြော လေ၏။

မုဆိုးလုံးလ ဖြတ်မရ

မုဆိုးလည်း ဆင်မင်းစကားကို ကြားရလျှင် လျှင်စွာထ၍လွှကိုယူလျက်ရပ်လေ၏၊ ဆင်မင်းကား ရှစ်ဆယ့်ရှစ်တောင် အရပ် မြင့်သဖြင့် အစွယ်ကို မမှီနိုင်၊ ထိုအခါ ဆင်မင်းသည် လည်ကိုညွတ်ကာ ဦးစောက်ဝပ်၍ပေး၏၊ ထိုအခါ မုဆိုး သည် နှာမောင်းကိုနင်းလျက်တက်ကာ ဦးကင်းပေါ်၌ ရပ် လျက် ခံတွင်းစွန်းကို ဒူးပုဆစ်ဖြင့်ကန်၍ လွှကိုခံတွင်းထဲသို့ သွင်းပြီးလျှင် အစွယ်ကိုဖြတ်လေ၏၊ ဆင်ပြောင်ငါးစီးအား

ကို ဆောင်နိုင်သောသူပင်ဖြစ်လင့်ကစား ဆံခြည်ချောင်းမျှ အရာထင်အောင် မတိုက်နိုင်၊ ခံတွင်းတခုလုံး သွေးဖြင့်ပြည့်ကာ အလွန်နာကျင်ဆင်းရဲပြန်၏၊ ဆင်မင်းသည် ဆင်းရဲဝေဒနာကို သည်းခံကာ "မှုဆိုး.... အသို့နည်း" မေး၏၊ "အရှင်....မဖြတ်နိုင်ပါ"ဟု ပြောသောအခါ၊"မှုဆိုး.... သည်လိုဖြစ်လျှင် ငါ့နှာမောင်းကိုယူ၍ လွှအစွန်းကို ကိုင်စေလော့"ဟု ပြောလေ၏။

ထိုအခါ မှုဆိုးသည် နှာမောင်းကိုယူ၍ လွှစွန်းကို ကိုင်စေပြီးလျှင် တိုက်ပြန်ရာ ဆင်မင်း၏ အာနုဘော်ကြောင့် အစွယ်တို့သည် သစ်မြစ်နကဲ့သို့ ပြတ်၍ကျကုန်၏။

သဗ္ဗညုဉာဏ်မှ အစွယ်ရှုပြ

ထိုအခါ ဆင်မင်းသည် အစွယ်တို့ကို နှာမောင်းဖြင့်ယူပြီးလျှင် "အဆွေမှုဆိုး.. သင့်အား ဤအစွယ်တို့ကို ပေးလှူသောငါသည် မချစ်မနှစ်သက်၍လည်းမဟုတ်၊ သိကြားမင်း, မာရ်နတ်မင်း, ဗြဟ္မာမင်းတို့ စည်းစိမ်ကို တောင့်တ၍လည်းမဟုတ်၊ ဤအစွယ်တို့ထက် အဆပေါင်း များစွာ သာလွန်သော သဗ္ဗညုတဉာဏ်တော်ကို တောင့်တ၍ ဖြစ်သည်၊ ဤအစွယ်တို့ကို ပေးလှူရသော ကောင်းမှုသည် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိမြင်ခြင်း အကြောင်း အထောက်အပံ့ဖြစ်စေသတည်း"ဟု ဆုတောင်း၍ အစွယ်တို့ကို မှုဆိုးအား ကြည်ဖြူစွာပေးလှူပြီးလျှင်"မှုဆိုး....သင်သည် ဤအရပ်သို့အဘယ်မျှ လာခဲ့ရသနည်း" ဟု မေး၏၊ "အရှင်....ခုနစ်နှစ်,ခုနစ်လ, ခုနစ်ရက်ကြာမျှ လာခဲ့ရပါသည်"ဟုပြော၏၊ "မှုဆိုး....သင်သွားလော့၊ အစွယ်တို့

တန်ခိုးကြောင့် ခုနစ်ရက်အတွင်း ရောက်လတံ့''ဟု ပြောဆို ပြီးလျှင် မုဆိုးကို ဘေးရန်မရှိအောင် ပရိတ်အရံအတား ပြု၍ လွှတ်လိုက်၏။

ဆင်မငိုကြွေး လွန်လွမ်းဆွေး

မုဆိုးလည်း မြေပြင်တွင် အတုမရှိသော ဆင်စွယ်တို့ကို ယူဆောင်ကာ ဝိသာလ မာလကမည်သောအရပ်မှဘဲသွားလေ၏၊ ဆင်မင်းလည်း မဟာသုဘဒ္ဒါနှင့် အခြံအရံဆင် ရှစ်ထောင် တို့မလာကုန်မီလျှင် သေလွန်နှင့်လေ၏။

မဟာသုဘဒ္ဒါ မိဖုရားကြီးနှင့် ဆင်ရှစ်သောင်တို့လည်း ဆင်မင်း၏ရန်သူကို အရပ်မျက်နှာ တောတောင် အနှံ့ ရှာဖွေသော်လည်း မမြင်ရလျှင် ဆင်မင်းရှိရာ ဝိသာလ မာလကအရပ်သို့ ပြန်လာကုန်၏၊ အလုံးစုံသော ဆင်တို့ သည် ဆင်မင်းသေလွန်သည်ကို တွေ့မြင်ရလျှင် မတည်တံ့ နိုင်ဘဲ ငိုကြွေးမြည်တမ်းကြကုန်၏၊ ဆင်မင်းကိုးကွယ်သော ပစ္စေကဗုဒ္ဓါတို့ထံသွား၍ ''အရှင်တို့····အရှင်တို့ ပစ္စည်း လေးပါးဒါယကာကြီး ဆဒ္ဒန်ဆင်မင်းသည် သေလွန်ရှာပြီ၊ အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူရန် ကြွတော်မူပါ ကုန်''ဟု ပင့်လျှောက်ကုန်၏။

ဆင်မင်းရုပ်စု သင်္ဂြိုဟ်ပြု

ပစ္စေကဗုဒ္ဓါငါးရာတို့လည်း ကောင်းကင် ခရီးဖြင့်ကြွ၍ ဝိသာလ မာလက အရပ် ဆင်မင်း ရှိရာသို့ ဆင်းသက် ကြကုန်၏၊ ထိုအခါ အားကောင်းသော ဆင်ပျိုနှစ်ဦးသည် ဆင်မင်း အလောင်းကို အစွယ်တို့ဖြင့် ချီမကာ ပစ္စေကဗုဒ္ဓါတို့ကို

ရှိခိုးစေပြီးလျှင်ထင်းပုံသို့တင်၍မီးသင်္ဂြိုဟ်ခြင်း ပြုကြကုန်၏၊ ပစ္စေကဗုဒ္ဓါတို့လည်း ညဉ့်သုံးယာမ်ပတ်လုံး ဆင်မင်း၏ သင်းချိုင်း၌ တရားသရဇ္ဈာယ်ခြင်းကို ပြုကြကုန်၏၊ ရှစ်ထောင်သောဆင်တို့လည်း သင်းချိုင်းမီးကို ငြိမ်းစေပြီးလျှင် ရှိခိုး၍ သင်းချိုင်းပြာတို့ကို ဦးခေါင်း၌ကြဲကာ သုဘဒ္ဒါ မိဖုရားကြီးကို အမှူးထား၍ မိမိတို့နေရာအရပ်သို့ ပြန်ကြကုန်၏။

ဆင်မင်းမှာချက် အစွယ်ဆက်

သောဏုတ္တရမုဆိုးလည်းခုနစ်ရက်မတိုင်မီလျှင် ဗာရာဏသီပြည်သို့ရောက်၍သုဘဒ္ဒါမိဖုရားကြီးထံ သွားပြီးလျှင် "အရှင်မိဖုရားကြီး....ဆဒ္ဒန်ဆင်မင်းကို အကျွန်ုပ်သတ်ခဲ့ပါပြီ၊ ဤအစွယ်တို့ကား ထိုဆင်မင်း၏ အစွယ်တို့တည်း၊ ဤသို့ဆင်မင်းကလျှောက်ထားပါဟု မှာလိုက်သည့်အတိုင်းလျှောက်ထားရပါသည်"ဟု ဆို၍ မိဖုရားကြီးအား အစွယ်တို့ကို ဆက်သလေ၏။

မိဖုရားမိုက်ပင် သေပွဲဝင်

သုဘဒ္ဒါမိဖုရားလည်း အရောင်ခြောက်ပါးရှိသောအစွယ်တို့ကို ပတ္တမြားစီချယ်သော ယပ်ဖြင့် ခံကာပေါင်ပေါ်၌ တင်ထားပြီးလျှင် ရှေးဘဝက ချစ်လှစွာသော ဆင်မင်း၏အစွယ်တို့ကိုတစိမ့်စိမ့်ကြည့်ရှုလတ်သော်"ဪ..ငါသည် အလွန်တင့်တယ်စမွယ်လှသော ချစ်လင်ဆင်မင်းကို အဆိပ်လူးသောမြှားဖြင့် ပစ်သတ်ရန် ခိုင်းစေမိ၏တကား- အစွယ်တို့ကိုဖြတ်၍ သောဏုတ္တရမုဆိုးကြီး ယူလာခဲ့ပြီတကား"ဟု တွေးတော ကြံမှိုင်ကာ ချစ်လင်ဆင်မင်းကို အောက်မေ့လွမ်းဆွတ်လှသဖြင့် စိုးရိမ်ပူဆွေးခြင်းကို သည်းမခံနိုင်ရ

ကား သုဘဒ္ဒါမိဖုရားကြီးအမိုက်မသည် ထိုနေ့မှာပင် နှလုံးကွဲ၍ သေပွဲဝင်ရရှာလေ၏။

ဒေသနာတော်ကိုဆောင်၍ သစ္စာကို ပြသည်၏အဆုံး၌ များစွာသောသူတို့သည် သောတာပန် စသည်တို့၌ တည်ကုန်၏၊ ရဟန်းမိန်းမငယ်ကား နောက်မှဝိပဿနာပွား၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ သုဘဒ္ဒါမိဖုရားသည်- ယခုအခါ ရဟန်းမိန်းမငယ်။

※ သောဏုတ္တရမုဆိုးသည်-ဒေဝဒတ်။

※ ဆဒ္ဒန်ဆင်မင်းသည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရန်တုံ့မူခြင်း၊ ငြိုးထားခြင်း၊ ချင်းချင်းပုက်စီးရာ။
(၂) ရန်ကိုရန်ခြင်း၊ မတုံ့နှင်း၊ ချင်းချင်းသည်းခံရာ။
(၃) ဆုတောင်းကလွဲ၊ သံသာထဲ၊ ဆင်းရဲရမည်သာ။
(၄) သူကတပြန်၊ ငါတပြန်၊ လှုပ်ပြန်ခံပြန်ကာ။

ဆဒ္ဒန္တဇာတ်ပြီး၏။

၅၁၅—သမ္ဘဝဇာတ်

ပစ္စုပ္ပန်ဝတ္ထု။

ပညာဂုဏ်ထူး
လွန်ချီးကျူး

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား သည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် မြတ်စွာဘုရား၏ပညာပါရမီတော်ကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

ဆရာပုဏ္ဏားထံ
တရားနည်းခံ

လွန်လေပြီးသော အခါ ကုရုရာဇ်တိုင်း ဣန္ဒပတ္တနဂိုရ် ပြည်ဝယ် ဓနဉ္စယကောရဗျမင်း မင်းပြုသည်ရှိသော် အကျိုးအကြောင်းကို ပြု၍ ဆုံးမတတ်သောသူကား သုစိရတမည်သော ပုရောဟိတ်ပုဏ္ဏားဖြစ်၏၊ ထိုမင်းသည် ဒါနစသော ကုသိုလ်ကောင်းမှုကိုပြုလျက် မင်းကျင့်တရားဆယ်ပါးနှင့်အညီ မင်းပြု၏။

တနေ့သ၌ မင်းကြီးသည် ဓမ္မယာဂမည်သော ပြဿနာကိုစီရင်၍ ဆရာပုရောဟိတ်ပုဏ္ဏားကို မြတ်သောနေရာ၌ နေစေလျက် ပူဇော်သက္ကာရပြုပြီးလျှင်—

"ဆရာပုရောဟိတ်····ငါတို့သည် ခုနစ်ယူဇနာရှိသောဣန္ဒပတ္တနဂိုရ်ပြည်နှင့်ယူဇနာသုံးရာရှိသော ကုရုရာဇ်တိုင်းကြီးကို အစိုးရကုန်၏၊ မွန်မြတ်သော အဖြစ်သို့ ရောက်လို၏၊ ဤမြေပြင်ကို တရားနှင့်အညီ အောင်လို၏"—

"ဆရာပုရောဟိတ်…. တရားသဖြင့် အောင်လို၏၊ မတရားသဖြင့် မအောင်လိုပါ၊ မတရားသည်ကို ငါမနှစ်သက်၊ ကောင်းစွာ ကျင့်အပ်သောတရားသည် ပြုလုပ်သောမင်း၏ အမှုကိစ္စဖြစ်၏"–

"ဆရာပုရောဟိတ်….ငါတို့သည် ပစ္စုပ္ပန်ဘဝ၌ သူတော်ကောင်းတို့ မကဲ့ရဲ့အပ်ကုန်၊ တမလွန်ဘဝ၌လည်း မကဲ့ရဲ့အပ်ကုန်၊ ငါတို့အားနတ်လူတို့၌ အစိုးရခြင်း,တင့်တယ်ခြင်းသို့ရောက်ခြင်းအကြောင်းကို ဟောကြားပါလော"–

"ဆရာပုရောဟိတ်…. ငါသည် အကျိုးကိုငင်း, အကြောင်းကိုငင်း ဆောက်တည်၍ ကျင့်လို၏၊ သင်ဆရာ ပုရောဟိတ်သည် အကျိုးကို ငင်း, အကြောင်းကိုငင်း ငါ့အား ဟောကြားပါလော"-

ဟု ပုရောဟိတ်ပုဏ္ဏားအား မေးလေ၏။

ဆရာညွှန်ကြားပြန်ဝိဓုရထံ

ဓမ္မရာဇပြဿနာမည်သည်ကား အလွန်နက်နဲ၏၊ သဗ္ဗညုဘုရားရှင်တို့အရာသာဖြစ်၏၊ ထို့ကြောင့် သဗ္ဗညုဘုရားရှင်ကိုငင်း, ဘုရားမရှိလျှင် သဗ္ဗညုတဉာဏ်တော်ကို ရှာမှီးနေသော ဘုရားလောင်းကိုငင်း မေးသင့်၏၊ သုစိရတပုဏ္ဏားကား မိမိဘုရားလောင်း မဟုတ်သဖြင့် မဖြေဆိုနိုင်လေ၊ ထိုသို့မဖြေဆိုနိုင်သော်လည်း ပညာရှိဟူသော မာန်ကို မပြုမူ၍ မိမိမစွမ်းနိုင်သည်အဖြစ်ကို မင်းကြီးအား- လျှောက်ထားလိုရကား–

"မြတ်သောမင်းကြီး.... အကျိုးကိုရင်း, အကြောင်းကိုရင်း ဆောက်တည်၍ ကျင့်ရန်အလိုတော်ရှိ၏၊ ထိုအကျိုးအကြောင်းကို ဝိဓုရပုဏ္ဏားကိုထား၍ တပါးသောသူ ဖြေဆိုခြင်းငှါ မထိုက်တန်ပါ"—

ဟု အတိအလင်း မင်းကြီးအား လျှောက်ထားလေ၏။

ရွှေစင်တထောင်ပေး ပြဿနာမေး ကောရဗျမင်းကြီးသည် သုစိရတပုရောဟိတ်စကားကိုကြားလျှင် ဆရာဖြစ်သောပုရောဟိတ်အား—

"ဆရာပုရောဟိတ်....ဆရာတို့ မဖြေဆိုနိုင်လျှင် ဝိဓုရပညာရှိအထံသို့ သွားချေလော့၊အကျိုးကိုရင်း, အကြောင်းရင်း ဆုံးမစိမ့်သောငှါ ဤရွှေစင်*နိက္ခတထောင်ကိုယူ၍ ဝိဓုရပညာရှိအားပေးပါ"—

ဟု ပြောဆိုပြီးလျှင် ရွှေစင် နိက္ခတထောင်ကိုပေး၍ လွှတ်လေ၏၊ ထိုနောက် ပြဿနာအဖြေကို ရေးမှတ်ရန် အဘိုးတသိန်းထိုက်သော ရွှေပြားကိုရင်း, စီးရန်ယာဉ်ရထားကိုရင်း, အခြံအရံမိုလ်ပါအပေါင်းကိုရင်း, လက်ဆောင်ပဏ္ဏာကိုရင်း ပေးလိုက်၏။

ချင်းချင်းတွေ့မြင် လွန်ချစ်ခင် သုစိရတပုဏ္ဏားလည်း ဣန္ဒပတ္တနဂိုရ်ပြည်မှထွက်၍သွားရာ ဗာရာဏသီပြည်သို့ရောက်လျှင် နေရာ အရပ်တခုတွင်တည်းခို၍ နံနက်စာ စားချိန်ဝယ် နောက်ပါလုလင်နှစ်

*နိက္ခ....ဇာတ်အဋ္ဌကထာအလို တဆယ့်ငါးသုဝဏ္ဏသည်တနိက္ခ။ အဘိဓာန်အလို…ငါးသုဝဏ္ဏသည် တနိက္ခဖြစ်သည်။

ယောက် သုံးယောက်နှင့်တကွ ဝိဓုရပညာရှိထံသို့သွား လေ၏၊ ဝိဓုရပညာရှိကား ငယ်ရွယ်စဉ်ကပင် သုစိရတ၏ အလွန်ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်းဖြစ်၏၊ တဆရာ တည်း အတူအတတ်ပညာသင်ဘက်လည်းဖြစ်၏၊ ဝိဓုရ ပညာရှိသည် သုစိရတပုရောဟိတ်ကိုမြင်လျှင် ထမင်းစား ဘိတ်ကာ တပွဲတည်းအတူတကွစား၏၊ ထမင်းစားပြီးလျှင် ချမ်းသာစွာ လာခြင်းအကြောင်းကို မေး၏။

ပြဿနာမေးပြန် သွားထံညွှန် ထိုအခါ သုစိရတပုဏ္ဏားသည် ဝိဓုရ ပညာရှိအား မိမိလာခဲ့သော အ ကြောင်း ပြောလိုသဖြင့်—

"အဆွေဝိဓုရ....အကျွန်ုပ်ကား များစွာသော အခြံရံရှိသော ဓနဉ္စယကောရဗျမင်းကြီး စေလွှတ် ၍လာရသော တမန်ဖြစ်၏၊ထိုမင်းကြီးသည် အကျိုး ကိုရှင်း, အကြောင်းကိုရှင်း သွား၍မေးချေ ဟု မိန့် ဆိုလိုက်၏၊ ထို့ကြောင့် သင်သည် ထိုအမေးကို ဖြေဆိုပါ"—

ဟု မိမိလာခဲ့ရခြင်း အကြောင်းကို ပြောကြားလေ၏၊ ထိုအခါ ဝိဓုရပညာရှိသည် "အဆွေ....အကျွန်ုပ်ကား လူအများ၏စိတ်ကိုယူခည်" ဟု ကြံစည်လျက် ဂင်္ဂါမြစ်ကြီး ကို ပိတ်သကဲ့သို့ အဆုံးအဖြတ်ကို စီရင်၍နေပါ၏၊ ထိုအ မေးကို ဖြေဆိုနိုင်ခွင့်မရှိပါ၊ အကျွန်ုပ်၏သား ဘဒြကာရ ကား အကျွန်ုပ်ထက် သာလွန်ထူးမြတ်သောပညာရှိ၏၊ အကျွန်ုပ်သားထံသွား၍ မေးပါ၊ ဖြေဆိုပါလိမ့်မည်ဟု ပြောဆိုပြီးလျှင် သားထံသို့လွှတ်၏။

ပြဿနာအရေး သွားကိုမေး

သုစိရတပုဏ္ဏားလည်း ဝိဓုရပညာရှိ၏ စကားကိုကြားလျှင် ဝိဓုရပုဏ္ဏားအိမ်မှ ထွက်ခဲ့၍ ဘဒြကာရပညာရှိ အထံသို့ သွားပြန်၏၊ ဘဒြကာရပညာရှိလည်း သုစိရတပုဏ္ဏားကြီးကို ခရီးဦးကြိုဆိုလျက် ဝတ်ကြီး ဝတ်ငယ်ပြုပြီးလျှင် လာခြင်းအကြောင်းကိုမေးလေ၏၊ ထိုအခါ သုစိရတပုဏ္ဏားသည် ဘဒြကာရ ပညာရှိအား—

"အို-ဘဒြကာရ····အကျွန်ုပ်ကား များသော အခြံအရံရှိသော မနဿယကောရဗျမင်းကြီး စေလွှတ်၍လာရသော တမန်ဖြစ်၏၊ ထိုမင်းကြီးသည် အကျိုးကိုငှင်း, အကြောင်းကိုငှင်း မေးချေ ဟု မိန့်ဆိုလိုက်ပါ၏၊ထို့ကြောင့် သင်သည် ထိုအမေးကို ဖြေဆိုပါ"-

ဟု လာခဲ့ခြင်းအကြောင်းကို ပြောကြားလေ၏။

ညီကိုတဖန် ညွှန်ကြားပြန်

ထိုအခါ ဘဒြကာရ လုလင်သည် "ဘခင်····အကျွန်ုပ်၏နွေ့အဘို့၌ သူတပါးမယားကို ပြစ်မှားမှု၌ စိတ်သက်ဝင်နေ၍ စိတ်သည် နှောက်ရှက်၍နေပါ၏၊ ထို့ကြောင့် အကျွန်ုပ် မဖြေဆိုနိုင်ပါ၊ အကျွန်ုပ်၏ညီ သဉ္စယကား အကျွန်ုပ်ထက် သာလွန်ထူးမြတ်သောပညာရှိပါ၏၊ငှင်းထံ သွား၍မေးပါ၊ ဖြေဆိုပါလိမ့်မည်" ဟု ဖြေဆိုပြီးလျှင် သဉ္စယထံလွှတ်ပြန်၏။

သုစိရတပုဏ္ဏားလည်း ဘဒြကာရ၏စကားကိုကြားပြန်လျှင် သဉ္စယပညာရှိထံသွားပြန်၏၊ သဉ္စယလည်း ပုဏ္ဏား

ကြီးအား ႇရိုးဦးကြိုဆိုလျက် ဝတ်ကြီးဝတ်ငယ်ကိုပြုပြီးလျှင် လာခြင်း၏အကြောင်းကိုမေးပြန်၏၊ သုစိရတပုဏ္ဏားလည်း ရှေးနည်းအတိုင်း မိမိလာခဲ့ခြင်းအကြောင်းကို ပြော၏။

ညီငယ် တဆင့်
ညွှန်ကြားလင့်

ထိုအခါ သဥ္စယလုလင်သည် "ဘခင်··· အကျွန်ုပ်ကား သူတပါးမယားကို မှိဲ မိပါ၏၊ ဂင်္ဂါမြစ်သို့ကူး၍ ကမ်းတဘက်သို့သွားရပါ၏၊ ညနံနက် မြစ်သို့ကူးရသော အကျွန်ုပ်သည် အလွန်ပင်ပန်းသဖြင့်စိတ်နှောက်ရှက်၍နေပါ၏၊ သို့အတွက် အကျွန်ုပ်မဖြေဆိုနိုင်ပါ၊ အကျွန်ုပ်၏ညီဖြစ်သောသမ္ဘဝသတို့သားသည်ရှိပါ၏၊ အသက်အရွယ် ခုနစ်နှစ်သာရှိပါသေး၏၊ သို့သော်လည်း အကျွန်ုပ်တို့ထက် အဆပေါင်းများစွာ သာလွန်ထူးမြတ်သော ပညာရှိပါ၏၊ ထိုသမ္ဘဝသတို့သားထံသွားပါ၊ ဖြေဆိုပါလိမ့်မည်"ဟု ပြောဆိုပြီးလျှင် လွှတ်ပြန်၏။

ခုနစ်နှစ်ရွယ်ပင်
မထေမဲ့ထင်

ထိုအခါ သုစိရတ ပုဏ္ဏားကြီးသည် သဥ္စယလုလင်၏ စကားကိုကြားလျှင်—

> "အချင်းတို့···· ဤပြဿနာကား လူ့ပြည်၌ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ ဤသူငယ်ကလေးကို ငါတို့မနှစ်သက်နိုင်၊ အဘဝိဓုရပညာရှိ,ဘဒြကာရ, သဥ္စယ ဤသားအဘသုံးယောက်တို့စဉ်လျက်လည်း ပြဿနာကို မဖြေဆိုနိုင်ကြကုန်၊ ခုနစ်နှစ်အရွယ် သူငယ်ကလေးသည် အဘယ်သို့ဖြေဆိုနိုင်အံ့နည်း"-

ဟုလူတို့အလယ်၌ သုစိရတပုဏ္ဏားလည်းညီးထွားပြောဆိုလေ၏။

သူငယ်ဂုဏ်ရပ်
ချီးမွမ်းအပ်

သဉ္စယလုလင်သည် ထိုစကားကိုကြားလျှင် သုစိရတပုဏ္ဏားကြီးအား—

“ဘခင်…သမ္ဘဝသတို့သားကို မမေးဘဲ ငယ်သည်ဟု မထေမဲ့မြင်မအောက်မေ့ပါလင့်၊အကျွန်ုပ်ညီ သမ္ဘဝ သတို့သားကို မေးလျှင် အကျိုးကိုရင်း, အကြောင်းကိုရင်း သိရပါလိမ့်မည်”။

“ဘခင်… ဥပမာကား—ကောင်းကင်၌သွားသော အညစ်အကြေးကင်းသောလပြည့်ဝန်းသည် ကြယ်တာရာအပေါင်းကို လွှန်၍ မိမိအရောင်ဖြင့် တင့်တယ်သကဲ့သို့ ထို့အတူ သမ္ဘဝသတို့သားသည် ငယ်သော်လည်း ပညာရှိအပေါင်းကိုလွှန်၍ မိမိပညာအထူးဖြင့် တင့်တယ်ပါ၏”။

“ဘခင်… ဥပမာတနည်းကား—နွေလတို့တွင် မွေ့လျော်ဘွယ်ကောင်းသော တန်ခူးလသည် တပါးသော လအပေါင်းကိုလွှန်၍ သစ်ပွေတပန်းတို့ဖြင့် တင့်တယ်သကဲ့သို့ ထို့အတူ သမ္ဘဝသတို့သားသည် ငယ်သော်လည်း ပညာရှိအပေါင်းကိုလွှန်၍ မိမိပညာအထူးဖြင့် တင့်တယ်ပါ၏”။

လူပင်ငယ်လည်း
ပညာကြီး

“ဘခင်… ဥပမာတနည်းကား—ဟိမဝန္တာတောင်,ဂန္ဓမာဒနတောင်တို့သည် အထူးထူးသောသစ်ပင်တို့ဖြင့် ဖုံးလွှမ်းသကဲ့သို့ရင်း, များစွာသော နတ်တို့နေရာဖြစ်သကဲ့သို့ရင်း,ဆေးပင်တို့ဖြင့်ဖုံးလွှမ်းသကဲ့သို့ရင်း, အရပ်

မျက်နှာတို့ကို ထွန်းပသကဲ့သို့ရင်း, အနံ့တကြိုင်ကြိုင် လှိုင်သကဲ့သို့ရင်း၊ ထို့အတူ သမ္ဘဝသတို့သားသည် ငယ်သော်လည်း မိမိပညာအထူးဖြင့် ထွန်းပပါ၏၊ ဂုဏ်အနံ့တကြိုင်ကြိုင် လှိုင်ပါ၏''။

''ဘခင်.... ဥပမာ တနည်းကား- တပြောင်ပြောင်တောက်လောင်၍ အခိုးအလျှံနှင့် ပြည့်စုံလျက် တန်ခိုးကြီးမားသော မီးပုံကြီးသည် ညအခါ တောင်ထိပ်၌ တင့်တယ်သကဲ့သို့ ထို့အတူ သမ္ဘဝသတို့သားသည် ငယ်သော်လည်း မိမိပညာအထူးဖြင့် တင့်တယ်ပါ၏''။

''ဘခင်.... လျင်မြန်ခြင်းဖြင့် မြင်းကောင်းကို သိရကုန်၏၊ ဝန်ဆောင်ခြင်းဖြင့် နွားကောင်းကို သိရကုန်၏၊ နို့ညှစ်ခြင်းဖြင့် နွားမကောင်းကို သိရကုန်၏၊ စကားဆိုခြင်းဖြင့် ပညာရှိကို သိရကုန်၏၊ ထို့အတူသမ္ဘဝသတို့သားကို မမေးဦးဘဲ ငယ်သည်ဟု မထေမဲ့မြင် မအောက်မေ့ပါလင့်၊ မေးသဖြင့် အကျိုးကိုရင်း, အကြောင်းကိုရင်း သိရပါလိမ့်မည်''—

ဟု ပညာရှိကြောင်း ငယ်ရွယ်သူဖြစ်သော်လည်း ဖြေဆိုနိုင်ကြောင်းကို ဥပမာအမျိုးမျိုးဖြင့် ချီးကျူးကာ ပြောဆိုလေ၏။

ဦးငယ် ညွှန်ပြ ဆည်းကပ်ကြ

ထိုအခါ သုစိရတပုဏ္ဏားသည် သဗ္ဗယလုလင်အား ''အို-သဗ္ဗယ.... သမ္ဘဝသတို့သားကို ပြဿနာမေးသဖြင့် သိရ

မည်ဟု သင်အဖန်ဖန်ပြောဆိုဘိ၏၊ ပြဿနာမေးမည် သင့်ညီသမ္ဘဝသတို့သားသည် ဘယ်အရပ်၌နေသနည်း''ဟု မေးလေ၏၊ ထိုအခါ သဋ္ဌယလုလင်သည် လေသွန်တံခါးကို ဖွင့်၍ လက်ညှိုးညွှန်ကာ ''ဘခင်....ကြည့်ရှုပါ၊ ပြာသာဒ် တံခါး လမ်းမလယ်၌ သူငယ်ဘော်တို့နှင့် ကစားနေသော သူငယ်ဖြစ်ပါသည်၊ ယခုသွား၍မေးပါ၊ ဘုရားကဲ့သို့ တင့် တယ်ခြင်းဖြင့် ဘခင်၏ပြဿနာကို ဖြေဆိုပါလိမ့်မည်'' ဟု ပြောဆိုလေ၏။

သူငယ်ကစားရာ ရောက်သောခါ

ထိုအခါ သုစိရတ ပုဏ္ဏားကြီး သည် ပြာသာဒ်ပေါ်မှ ဆင်းသက်၍ သမ္ဘဝ သတို့သားထံ သွားလေ၏၊ သမ္ဘဝ သတို့ သားလည်း လက်နှစ်ဘက်ဖြင့် မြေမှုံတို့ကို ကျုံးလျက် ပုဆိုးကိုချွတ်၍ ပခုံးတွင်တင်ထားခိုက်တွင် မိမိထံ သုစိရတ ပုဏ္ဏားကြီးရောက်လာသည်ကိုမြင်လျှင်''ဘခင်....အဘယ် အကြောင်းကြောင့် ကြွလာပါသနည်း''ဟု ဆီးကြို၍မေး လင့်၏၊ သုစိရတပုဏ္ဏားကြီးသည် ''ချစ်သား သမ္ဘဝ.... ငါသည် ဇမ္ဗူဒိပ်ကျွန်း၌ လှည့်လည်သော်လည်း ငါမေး သောပြဿနာကို ဖြေဆိုနိုင်သူမရှိ၊ သို့အတွက် ချစ်သားထံ ပြဿနာမေးရန် လာပါသည်''ဟု ပြောဆိုလေ၏။

ပြဿနာဖြေရေး သူငယ်မေး

ထိုအခါ သမ္ဘဝသတို့သားသည် ဇမ္ဗူဒိပ် တကျွန်းလုံး မဖြေဆိုနိုင်သော ပြဿနာ ကို မေးရန် ငါ့ထံ ရောက်လာဘိ၏၊ ငါကားအလွန်ဉာဏ်ပညာကြီးသူဖြစ်သတတ်ဟုဟိရိသြတ္တပ္ပ ကိုရ၍ လက်၌ရှိသော မြေမှုံတို့ကို စွန့်ပစ်ပြီးလျှင် ပခုံး၌ တင်ထားသောပုဆိုးကို ဝတ်ဆင်သျက်''ဘခင်ပုဏ္ဏားကြီး..

ပြဿနာကိုမေးလော့၊ ဘခင်၏ပြဿနာကို ဘုရား၏ တင့်တယ် စမွယ်ခြင်းဖြင့် ဖြေဆိုပါမည်” ဟု သဗ္ဗညုဘုရားတို့ ဘိတ်ကြားခြင်းမျိုးဖြင့် ဘိတ်ကြားလေ၏၊ ထိုနောင်မှ သုစိရတပုဏ္ဏားကြီးသည်—

“အို-သမ္ဘဝသတို့သား…အကျွန်ုပ်ကား များသော အခြံအရံရှိသော ဓနဉ္စယကောရဗျမင်းကြီး စေလွှတ်၍ လာရသော တမန်ဖြစ်ပါ၏၊ထိုမင်းကြီးသည် အကျိုးကိုငှင်း, အကြောင်းကိုငှင်း မေးချေလော့ဟု မိန့်ဆိုလိုက်၏၊ ထိုကြောင့် သင်သည် ထိုအမေးကို ဖြေဆိုပါလော့”—

ဟု လာခဲ့ခြင်းအကြောင်းကို ပြောကြားပြီးလျှင် ဖြေဆိုရန် ပြဿနာကို မေးလေ၏။

သူငယ်ဖြေအပ်ပြဿနာရပ်

ထိုအခါ သမ္ဘဝ သတို့သား သည် “ဘခင်..ကောင်းပြီ နာယူလော့”ဟု တိုက်တွန်း ပြီးလျှင်—

“ဘခင်-သုစိရတပုဏ္ဏားကြီး… တရားဟောခြင်း၌ လိမ္မာတော်မူသော မြတ်စွာဘုရားတို့ ဖြေဆိုသကဲ့သို့ စင်စစ် အကျွန်ုပ်တို့ ဖြေဆိုပါမည်၊ သင်ဘခင်တို့ မင်းကြီးသည် အကျွန်ုပ်ဖြေဆို ဟောကြားအပ်သော တရားဘော်ကို အကယ်၍သိအံ့၊ တရားတော်လာတိုင်းကျင့်သည်ဖြစ်စေ,မကျင့်သည်ဖြစ်စေ၊ ကျင့်ခြင်း,မကျင့်ခြင်း နှစ်မျိုးမှာ မင်းကြီးအားသာ ဖြစ်လတံ့၊ အကျွန်ုပ်အားကား အပြစ်မရှိပါ”—

ဟု ခရီးလမ်းမ အလယ်၌နေလျက် သာယာ စွာသော အသံဖြင့် တရားဟောလေ၏၊ ထိုတရားဟောသော အသံ

သည် တဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီ တမြို့လုံးကို လွှမ်းမိုး၍ သွားလေ၏။

မောဟဒိဋ္ဌိသာ ပယ်စွန့်ပါ

ထိုအခါ ပြည့်ရှင်မင်း အိမ်ရှေ့မင်း စသော မြို့သူမြို့သား လူအများတို့သည် စည်းဝေး ရောက်လာကြကုန်၏၊ သမ္ဘဝ သတို့သားသည် လူတို့အလယ်၌ သုစိရတ ပုဏ္ဏားအား ဖြေဆိုမည်ဟု ဝန်ခံထားသောအတိုင်း ရှေ့သို့ဆက်၍—

"အို-ဘခင် ပုဏ္ဏားကြီး....ဘခင်တို့၏ မင်းကြီးသည် ယနေ့ ကုသိုလ်ကိုပြုလတ့ံသောဟု မေးသည် ရှိသော် နက်ဖြန်မှပြုမည်ဟု ဆိုခဲ့ရာ၏၊ ထိုမင်းကြီးသည် အကျိုးစီးပွားဖြစ်လတ်သော် မေ့လျော့သူတို့ စကားကို လိုက်နာကာထိုနေ့ကိုမလွန်ပါစေလင့်၊ မေ့လျော့သူတို့ အလိုသို့ မလိုက်ပါစေလင့်"။

"အို-ဘခင်ပုဏ္ဏားကြီး.... ဘခင်ကို မင်းကြီး မေးလတ်သော် ဘခင်သည် ခန္ဓာငါးပါးတို့၏ အပေါင်းကိုသာလျှင် အနိစ္စဟုဟောပါလေ၊ တွေဝေ၍ မကောင်းသောစိတ်နှင့် ယှဉ်သော ပုထုဇဉ် မိုက်သည် မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့် နှစ်ပါး လမ်းကောက် လမ်းမှားကို မှီဝဲသကဲ့သို့ မင်းကြီးသည် မမှီဝဲရာ"။

လဆန်းလပမာ ထွန်းမည်သာ

"အို-ဘခင်ပုဏ္ဏားကြီး.. သုဂတိ၌တည် နေသော မိမိကိုယ်ကို လူ့ချမ်းသာ, နတ်ချမ်းသာကို လွန်၍ အပါယ်၌ဖြစ် စေတတ်သော အကုသိုလ်ကံကို မပြုကျင့်ရာ၊ ဆိပ်

ကမ်းမဟုတ်သော မိစ္ဆာဒိဋ္ဌိခြောက်ဆယ့်နှစ်ပါး၌ မချရာ၊ အကျိုးမရှိသည်၌ မယှဉ်စေရာ"။

"အို-ဘခင်ပုဏ္ဏားကြီး.... ဘခင်တို့ မင်းကြီး သည် အကျွန်ုပ်ဟောသော အကြောင်းတရားတို့ကို ပြုခြင်းငှါ သိငြားအံ့၊ ထိုမင်းကြီးသည် လဆန်း ပက္ခ၌ လမင်းကဲ့သို့ အခါခပ်သိမ်း စည်းစိမ် အခြံ အရံပွားများရာ၏၊ ဆွေမျိုးတို့လည်း ချစ်ခင်အပ်၏၊ အဆွေ ခင်ပွန်းတို့အလယ်၌လည်း တင့်တယ်ရာ၏၊ သေလွန်သောအခါ နတ်ပြည်သို့ ရောက်ရာ၏"- ဟု အကျိုးနှင့်အကြောင်းကို အကျယ်ဝေဖန်ကာ ဓမ္မ ရာဂ ပြဿနာကြီးကို ဖြေဆိုလေ၏။

လူများချီးမွမ်း ပေးလှူဒါန်း

ထိုအခါ လူအများသည် ဝမ်းမြောက် ဝမ်းသာ ဟစ်ကြွေးကြော်ကြကုန်လျက် လက်ပန်းပေါက်ခတ်ကုန်၏၊ လက်ဖျစ် တီးကုန်၏၊ အဝတ်ပုဆိုး ဦးရစ်ခေါင်းပေါင်းတို့ကို မြှောက် ကြကုန်၏၊ လက်ကောက်,လက်ကြပ် လက်စွပ် တို့ကိုလည်း ပစ်ကြကုန်၏၊ဤသို့အသီးအသီး ပစ်မြှောက်ပူဇော်ကြသော ဥစ္စာတို့ကား တကုဋေမျှရှိကြကုန်၏၊ ဗာရာဏသီမင်းကြီး သည်လည်း သမ္ဘဝသတို့သားအား အလွန်နှစ်သက်အားရ တော်မူသဖြင့် စည်းစိမ်အခြံရံများစွာကို ပေးတော်မူ၏။

မင်းကြီးကျင့်ကြံ နတ်ရွာစံ

သုစိရတပုဏ္ဏားကြီးလည်း မင်းကြီးပေး လိုက်သော ရွှေစင်တထောင်ဖြင့် ဉာဏ် ပူဇော်၍ အဘိုးတသိန်းထိုက်သော ရွှေ ပြား၌ ဟယ်ပြဒါးစစ်ဖြင့် ဓမ္မရာဂပြဿနာ၏ အဖြေတရား

တော်တို့ကို ရေးသားပြီးလျှင် အခြံအရံဖိုလ်ပါနှင့်တကွ မိမိတို့နေရာ ဇုန္တပတ္တနကိုရ်ပြည်သို့ပြန်၍ ခနဥ္စယကောရဗျ မင်းကြီးအား ဓမ္မရာဂပြဿနာ၏ အဖြေတရားတော်တို့ကို ဆက်သလေ၏၊ မင်းကြီးလည်း အလွန်ဝမ်းမြောက်တော် မူ၍၊ ဓမ္မရာဂပြဿနာ အဖြေဦလာသောအတိုင်း ကျင့်၍ နတ်ပြည်ကို ပြည့်စေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ခနဥ္စယကောရဗျမင်းသည်- ယခုအခါ အာနန္ဒာ။

※ သုစိရတပုဏ္ဏားသည်-အနုရုဒ္ဓါ။

※ ဝိဓုရပညာရှိသည်-မဟာကဿပ။

※ ဘဒြကာရလုလင်သည်-မောဂ္ဂလာန်။

※ သဥ္စယလုလင်သည်-သာရိပုတ္တရာ။

※ သမ္ဘဝသတို့သားသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဉာဏ်အမြင်ကျယ်၊ ပညာသယ်၊ ကြီး,ငယ်မဟူရာ။
(၂) ပါရမီကြီး၊ သမ္ဘာကြီး၊ ကြီးလိမ့်သူ့ပညာ။
(၃) ဇမ္ဗူကျွန်းလုံး၊ ဖြေသူသုဉ်း၊ ခက်ဆုံးပြဿနာ။
(၄) ခုနစ်နှစ်ရွယ်၊ လောင်းသူငယ်၊ အလွယ်ဖြေသည်သာ။

သမ္ဘဝဇာတ်ပြီး၏။

၅၁၆—မဟာကပိဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ကျောက်မောင်းဆင်လတ် ဘုရားကိုသတ်

နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရား၏အပေါ်၌ကျလေအောင် ဂိဇ္ဈကုဋ်တောင်စောင်းပေါ်မှ ကျောက်ခဲဖြင့် လှိမ့်၍ချခြင်းကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

ချောက်တွင်းကျဌား လယ်ထွန်ယောကျ်ား

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် တနေ့သ၌ ကာသိရွာသား ပုဏ္ဏားတယောက်သည် လယ်ထွန်ပြီးလျှင် နွားတို့ကိုလွှတ်၍ ပေါက်တူးဖြင့် မြေကိုပေါက်လျက်နေ၏၊ ထိုအခိုက် နွားတို့သည် ချုံတခုဝယ် သစ်ရွက်ကိုစားလျက် အစဉ်သဖြင့် တောအုပ်သို့ဝင်၍ ပြေးကုန်၏။

လယ်ထွန်ပုဏ္ဏားသည် ပေါက်တူးကိုချ၍ ကြည့်လတ်သော် နွားတို့ကိုမမြင်သဖြင့် နွားတို့ကိုရှာဖွေလျက် တောအုပ်အတွင်းသို့ဝင်၍ လှည့်လည်လတ်သော် ဟိမဝန္တာသို့ ဝင်မိလေ၏၊ ထိုအခါ မျက်စိလည်သည်ဖြစ်၍ မပြန်တတ်တော့ဘဲ ခုနစ်ရက်တို့ပတ်လုံး အစာလုံးလုံးမစားရသဖြင့် ဆာမွတ်ခြင်း နှိပ်စက်လျက် သွားရာကမ်းပါးပြတ်တွင် ပေါက်နေသော တည်ပင်တပင်ကိုမြင်လျှင် တက်၍ တည်

သီးတို့ကို စားနေစဉ် ၊တည်ပင်မှလျောကာ အတောင်ခြောက်ဆယ်မျှနက်သော ကမ်းပါးပြတ်၌ကျလေ၏။

မျောက်မင်းကယ်လေ အမောပြေ

ပုဏ္ဏားသည် ကမ်းပါးပြတ်ချောက်ထဲ၌ ဆယ်ရက် လွန်သောအခါ ဘုရားအလောင်းမျောက်မင်းသည် သစ်သီးကြီးငယ်တို့ကို စားလျက်သွားရာ ပုဏ္ဏားကိုမြင်လျှင် အလွန်သနားကြင်နာသဖြင့်နရက်ချောက်ထဲဆမှတယ်င်ပြီးလျှင် တခုသောကျောက်ဖျာ၌နေစေ၍ "အို-ပုဏ္ဏား.... ငါကား သင့်ကိုဆယ်တင်ရ၍ အလွန်ပင်ပန်းလှ၏၊ တခဏမျှအိပ်ဦးမည်၊ငါ့ကိုသင်စောင့်ရှောက်လော့" ဟု မှာထား၍ အိပ်၏၊ ထိုအခါ ပုဏ္ဏားသည် မျောက်မင်းအိပ်ပျော်နေစဉ် မျောက်မင်း၏ ဦးခေါင်းကို ကျောက်ခဲဖြင့်တအားထုလေ၏။

သူယုတ်ပုဏ္ဏား ခရီးညွှန်ကြား

မျောက်မင်းသည် ခဏချင်း အိပ်ရာမှ နိုးလျှင် အလွန်နာကျင်လှသဖြင့်သစ်ပင်သို့ အမြန် ခုန်တက်ကာ သစ်ခက်ဖျား၌နေလျက် "အို-ယောကျ်ား.... သင်ကားယုတ်မာစွတကား၊ သင်သည်မြေကြီးဖြင့် သွားလေလော့၊ ငါကားသင့်အနီး မကပ်ဝံ့ချေ၊ သစ်ပင်ဖျားဖြင့် တပင်မှတပင်သို့ကူးကာ လမ်းပြမည်" ဟု ပြောဆိုပြီးလျှင် ပုဏ္ဏားအား တောအုပ်မှထွက်၍ လူတို့လမ်းခရီးသို့ ရောက်အောင်ပို့၍ ပြန်လာခဲ့၏။

ပုဏ္ဏားသည် အသက်ကို ပေးသော အဆွေခင်ပွန်းကောင်း မျောက်မင်းကို ပစ်မှားမိသောကြောင့် နူနာစွဲကပ်

သဖြင့် မျက်မှောက်သောကိုယ်၏ အဖြစ်၌ပင် လူပြိတ္တာ ဖြစ်ရလေ၏။

သူ့ကျေးဇူးဖြစ်မှား ရောဂါများ

ထိုပုဏ္ဏားသည် ခုနစ်နှစ်တို့ ပတ်လုံး ဆင်းရဲပင်ပန်းစွာ လှည့်လည်သည်ရှိ သော်ဗာရာဏသီပြည် မိဂါဇိန်ဥယျာဉ်တော်သို့ရောက်လျှင် တံတိုင်းကြား၌ ငှက်ပျောဘက်တို့ကို ခင်း၍ အိပ်လျက် ဆင်းရဲဝေဒနာကို မချိမဆန့်ခံစားလျက်နေ၏။

ထိုအခါ ဗာရာဏသီမင်းကြီးသည် မိဂါဇိန်ဥယျာဉ်သို့သွား၍ လှည့်လည်ကြည့်ရှုလတ်သော် ထိုလူပြိတ္တာကို မြင်၍ လူပြိတ္တာအား "သင်ကား အဘယ်သူနည်း၊ အဘယ်မကောင်းမှုကံကိုပြု၍ ဤသို့သောဆင်းရဲဝေဒနာကို ခံစားရသနည်း"ဟု မေးတော်မူ၏။

မင်းကိုလျှောက်တင်ကြောင်းကုန်စင်

လူပြိတ္တာလည်း မင်းကြီးအား မိမိပြစ်မှားအပ်သော ကျေးဇူးရှင်ကိုလျှောက်ထားလိုသဖြင့်—

"မြတ်သောမင်းကြီး.... လိမ်မာသော သူတို့သည် ပြောကြားသော အခြင်းအရာဖြင့် အကျွန်ုပ်သည် အရှင်မင်းကြီးအား လျှောက်ထားပါအံ့၊ လောက၌ မှန်သောစကားကို ဆိုလေ့ရှိသောသူတို့ကို ပညာရှိတို့သည် ချီးမွမ်းကုန်၏"။

"မြတ်သော မင်းကြီး.... အကျွန်ုပ် သည် တယောက်ထည်းထီး နွားတို့ကို ရှာဖွေရန် သွား

သည်ရှိသော် တောထဲ၌ မျက်စိလည်၍ ဟိမဝန္တာ တောသို့ ရောက်ခဲ့၏၊ ခုနစ်ရက် ပတ်လုံး အစာ မစားရ ဆာမွတ်လှသဖြင့် လှည့်လည်ရာ ချောက် ကမ်းပါး ပြတ်၌ ခတ်ယိုင်ယိုင် ပေါက်နေသော တည်ပင်ကိုမြင်ပါ၏၊ အပေါ်သို့တက်၍ တည်သီး တို့ကိုစားနေစဉ် တည်ကိုင်းပါပဲ့၍အတောင်ခြောက် ဆယ်မျှရှိသော ကမ်းပါးပြတ် နရက်ချောက်သို့ ကျပါ၏။

အကျွန်ုပ်သည် ချောက်တွင်းသို့ ကျ၍ ဆယ် ရက်ရှိလတ်သော် မျောက်မင်းသည် အကျွန်ုပ်ကို မြင်လျှင် အလွန်သနားကြင်နာသဖြင့် ချောက်တွင်း သို့ဆင်းကာအကျွန်ုပ်ကို ကျောပိုးလျက် ခုန်လွှား၍ ကုန်းပေါ်သို့ရောက်အောင် ဆယ်တင်ပါ၏။

ထိုမျောက်မင်းသည် အလွန်ပင်ပန်းလှသဖြင့် ခဏမျှ အိပ်မည် စောင့်ရှောက်ပါဟု အကျွန်ုပ်ကို မှာထားကာအိပ်၏၊ အကျွန်ုပ်သည် ထိုမျောက်မင်း အိပ်ပျော်နေစဉ် အသက်ကိုပေးသော မျောက် မင်း၏ဦးခေါင်းကို ကျောက်ခဲဖြင့် တအားထုရိုက် မိပါ၏''။

သူ့ကျေးဇူးဖျက်ခွဲ နူနာစွဲ ''မြတ်သောမင်းကြီး.... ဤသို့အသက် ကိုပေးသော အဆွေခင်ပွန်း မျောက် မင်းကို ပြစ်မှားမိသော အကုသိုလ်ကံ ကြောင့် ယခုမျောက်မှောက် ဘဝမှာပင် မင်းကြီး မြင်တော်မူသောအတိုင်း တကိုယ်လုံး နူနာစွဲကပ်

ကာ လူပြိတ္တာဖြစ်လျက် ခုနစ်နှစ်တို့ပတ်လုံး ကြီးစွာသော ဆင်းရဲဝေဒနာကို ခံစားရပါ၏''။

''မြတ်သောမင်းကြီး....သို့အတွက် အရှင်မင်းကြီးတို့အား အကျွန်ုပ်လျှောက်ထားပါ၏၊ အရှင်မင်းကြီးအား ကောင်းခြင်း မင်္ဂလာ ဖြစ်ပါစေ၊ ဤအရပ်သို့ စည်းဝေး ရောက်လာကြကုန်သော သင်တို့သည် အဆွေခင်ပွန်းကောင်းကို မပြစ်မှားကြကုန်လင့်၊ အဆွေခင်ပွန်းကောင်းကို ပြစ်မှားသော သူသည် အလွန်ယုတ်မာလှ၏''။

''မြတ်သောမင်းကြီး....အဆွေခင်ပွန်းကောင်းကို ပြစ်မှားသောသူသည် ယခုပစ္စုပ္ပန် ဘဝ၌ပင် နူနာ, ခရသင်း, သမင်ယက်တို့ စွဲကပ်တတ်၏၊ တမလွန်ဘဝ၌ကား ငရဲသို့ကျရ၏''—

ဟု အကြောင်းမျိုးစုံကို အကျယ်တဝင့် လျှောက်ထားလေ၏၊ ထိုခဏမှာပင် မြေမျို၍ အဝီစိငရဲကြီး၌ဖြစ်ရ၏။

မင်းကြီးလည်း လူပြိတ္တာကို မြေမျိုသည်ရှိသော်မိဂါဇိန်ဥယျာဉ်မှထွက်ပြီးလျှင် မြို့တော်သို့ဝင်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါလူပြိတ္တာပုဏ္ဏားသည်-ယခုအခါဒေဝဒတ်။

※ မျောက်မင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အသက်ပေးငြား၊ ခင်ပွန်းအား၊ ပြစ်မှားမပြုရာ။
(၂) ပြစ်မှားခဲ့လျှင်၊ လူဖြစ်စဉ်၊ ကိုယ်တွင်စွဲနူနာ၊
(၃) မြေမျိုခံရ၊ သေလွန်က၊ ကျလိမ့်ငရဲမှာ။
မဟာကပိဇာတ်ပြီး၏။

၅၁၇- ဒကရက္ခသဇာတ်

[ဤဒကရက္ခသဇာတ်သည် မဟာဥမင်္ဂဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။]

၅၁၈-ပဏ္ဍရကဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဒေဝဒတ်ဂရုကံ
မြေမျိုပြန်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မုသားဆိုခြင်းကြောင့် ဒေဝဒတ်အား မြေမျိုခြင်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

သမုဒ္ဒရာထွက်
သင်္ဘောပျက်

လွန်လေပြီးသောအခါ ဗာ ရာ ဏ သီ ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ကုန်သည်ငါးရာတို့သည် သင်္ဘောဖြင့် သမုဒ္ဒရာသို့သွားကြကုန်၏၊ ခုနစ်ရက် မြောက်သောနေ့၌ သင်္ဘောသည် သမုဒ္ဒရာအလယ်၌ ပျက်လေ၏၊ တယောက်သော လူကိုထား၍ သင်္ဘောသားတို့သည် သေလွန်ကုန်၍ ငါးလိပ်တို့အစာဖြစ်ကုန်၏၊ တယောက်သောလူကားလေ

အဟုန်ဖြင့် လွင့်ပါသွားကာ ကရမ္ဗိယ သင်္ဘောဆိပ်သို့ ရောက်လေ၏။

ထိုသူသည် သမုဒ္ဒရာမှတက်၍ တက္ကတွန်း အသုံးအဆောင်ဖြင့် အဝတ်မဝတ်ဘဲ ထမင်းစားရန်သွားလေ၏၊ လူတို့မြင်လျှင် ဤရဟန်းကား အလိုနည်း၏၊ ရောင့်ရဲလွယ်၏ဟု ချီးမွမ်းကုန်လျက် ပူဇော်သက္ကာရကိုပြုကုန်၏။

တက္ကတွန်းဟုပင် အမည်တွင်

ထိုသူသည် ငါကား အသက်မွေးဝမ်းကျောင်းရပေပြီဟုကြံစည်လျက် အဝတ်အရုံကို ပေးသော်လည်း အလိုမရှိ အချီးနှီးသာနေ၏၊ လူတို့သည် အလွန်ကြည်ညိုကုန်၏၊ ကျောင်းဆောက်၍ကိုးကွယ်ကုန်၏၊ ထိုအခါမှစ၍ ကရမ္ဗိယတက္ကတွန်းဟု ထင်ရှားလေ၏၊ သင်္ဘောဆိပ်၌နေ၍ များစွာသော ပူဇော်သက္ကာရရှိ၏။

နဂါးမင်း ဂဠုန်မင်းတို့သည် ရံဖန်ရံခါ တက္ကတွန်းကို ဆည်းကပ်ရန် လာကြကုန်၏၊ နဂါးမင်းသည် အမည်အားဖြင့် ပဏ္ဍာရကမည်၏၊ တနေ့သ၌ဂဠုန်မင်းသည် တက္ကတွန်းထံသွားပြီးလျှင်ရှိခိုးလျက် တက္ကတွန်းအား "အရှင်ဘုရား… ဂဠုန်တို့သည် နဂါးတို့ကိုဖမ်းယူသည်ရှိသော် သမုဒ္ဒရာ၌ ပျက်စီးရကုန်၏၊ မည်သည့်နည်းဖြင့် ဖမ်းယူရမည်ကို မသိပါကုန်၊ နဂါးတို့မှာ လျှို့ဝှက်ထားသော အကြောင်းရှိသတတ်၊ အရှင်ဘုရားတို့သည် ချစ်မြတ်နိုးဟန်ပြုကာ ထိုအကြောင်းကို မေးနိုင်ပါမည်လော" ဟု လျှောက်လေ၏၊ "ဂဠုန်မင်း…. ငါမေးပေးမည်"ဟု ဝန်ခံလိုက်၏၊ ဂဠုန်မင်းလည်း သွားလေ၏။

တက္ကတွန်းမေးဘွယ် နဂါးငြင်းပယ်

တက္ကတွန်းသည် နဂါးမင်းလာသော အခါ နဂါးမင်းအား "အို-နဂါးမင်း… ဂဠုန်တို့သည် သင်တို့ကိုဖမ်းယူသည် ရှိသော် သမုဒ္ဒရာ၌ပျက်စီးရကုန်၏၊ အဘယ်ကြောင့် ဖမ်းယူခြင်းငှါ မတတ်နိုင်ကြကုန်သနည်း"ဟု မေး၏၊ "အရှင်ဘုရား…. ဤအကြောင်းကား လျှို့ဝှက်သောအကြောင်းတည်း၊ အကယ်၍ပြောပြောအံ့ အကျွန်ုပ်သည် အမျိုးတို့ကို သတ်သည်မည်၏"ဟုပြော၏၊ "နဂါးမင်း….ငါသူတပါးအားပြောလိမ့်မည်မှတ်ထင်သလော မပြောပါ၊ ငါသိလို၍သာ မေးခြင်းဖြစ်ပါသည်မကြောက်ပါလင့်၊ ပြောသာပြောပါ"ဟုမေး၏၊ "အရှင်ဘုရား…. အကျွန်ုပ်မပြောနိုင်ပါ" ဟုလျှောက်ထား၍ ရှိခိုးပြီးလျှင် ထ၍သွားလေ၏။

လျှို့ဝှက်သဘော နဂါးပြော

နက်ဖြန်နေ့၌လည်း မေးပြန်၏၊ ထိုနေ့၌ မပြောလေ၊ သုံးရက်မြောက်သောနေ့၌ကား တက္ကတွန်းသည် နဂါးမင်းလာလတ်သော် "နဂါးမင်း….ငါမေးသည်မှာ ယနေ့သုံးရက်ရှိပြီ၊ အဘယ်ကြောင့် မပြောသနည်း"ဟုမေး၏၊ "အရှင်ဘုရား… သူတပါးအား ပြောမည်ကိုစိုးရိမ်၍ မပြောပါ" ဟုပြောရာ၊ "နဂါးမင်း…. တစုံတယောက်သောသူအား ငါမပြောပါ၊ မကြောက်ပါလင့် ပြောသာပြောပါ" ဟု အတင်းမေးလေ၏၊ ထိုအခါနဂါးမင်းသည် တက္ကတွန်းကို ဝန်ခံစေပြီးလျှင်"အရှင်ဘုရား….အကျွန်ုပ်တို့သည် ကြီးစွာသော ကျောက်ခဲကြီးတို့ကိုငုံကာ ဝန်လေးအောင်ပြု၍ ဝပ်လျက် ဂဠုန်တို့ကိုကိုက်မည်ကဲ့သို့ ခံတွင်းကိုဖွင့်၍နေကုန်၏၊

ငှက်ကြီးတို့သည် ခေါင်းကိုဖမ်းယူကုန်၏၊ ထိုအခါ ဝန်လေးလှသဖြင့် ရေထဲမှမထုတ်နိုင်ဘဲ ရေနစ်၍ သေကြကုန်၏၊ ငှက်ကြီးတို့ကား မိုက်သဖြင့်ဦးခေါင်းကိုဖမ်းယူကြသည် အမြီး၌ကိုင်၍ဖမ်းယူလျှင် ဦးခေါင်းတွဲလျားကျကာ အစာတို့ကို အန်စေလျှင် ဝန်ပေါ့သဖြင့် ယူနိုင်ကြမည်မဟုတ်ပါလော" ဟု လျှို့ဝှက်ထားသော အကြောင်းကို တက္ကတွန်းအား ပြောဆိုမိလေ၏။

နဂါးနှုတ်မစောင့် သေဘေးရောက်

တဖန် ငှက်ကြီးမင်း လာသည်ရှိသော် တက္ကတွန်းကိုရှိခိုး၍ "အရှင်ဘုရား.... အသို့နည်း၊ နဂါးမင်းအား လျှို့ဝှက်သော အကြောင်းကို မေးအပ်ပြီလော" ဟု မေး၏၊ သီလမရှိသော ဝက္ကတွန်းသည် လျှို့ဝှက်ရမည်ကို မလျှို့ဝှက်ဘဲ ငှက်ကြီးမင်းအား နဂါးမင်း ပြောဆိုသော နည်းအတိုင်း ပြောကြားလေ၏၊ ထိုအခါ ငှက်ကြီးမင်းသည် နဂါးမင်းကား မသင့်လျော်သည်ကို ပြောဆိုဘိ၏၊ ဆွေမျိုးတို့ ပျက်စီးမည့်အကြောင်းကို သူတပါးအား မပြောဆိုအပ်ပေ၊ ထိုသို့ဖြစ်စေ ယနေ့ပင်လျှင် ပဏ္ဍရကနဂါးမင်းကို ဖမ်းယူအံ့ဟုကြံစည်၍ ငှက်ကြီးမင်းသည် ငှက်ကြီးတို့၏ ပြင်းထန်သော လေအဟုန်ဖြင့် ပဏ္ဍရကနဂါးမင်းကို အမြီး၌ကိုင်၍ ဖမ်းယူပြီးလျှင် အစာတို့ကိုအန်ထွက်စေ၍ ရေမှထုတ်ယူကာ ကောင်းကင်သို့ ပျံတက်လေ၏။

နှုတ်မစောင့်သူများ ရန်သူအလား

ပဏ္ဍရက-နဂါးမင်းသည် ကောင်းကင်၌ ဦးခေါင်း စောက်ထိုး တွဲလျားချလျက် ငါသည်ပင်လျှင် ငါ၏ ဆင်းရဲခြင်းကို ပြုဘိ၏တကားဟု ကြံစည်လျက်—

"စကားကို နှုတ်မစောင့်သော၊ အတိုင်အပင်ကို မဖုံးလွှမ်းသော၊ ကိုယ်နှုတ်နှလုံးကို မစောင့်စည်းနိုင်သော၊ အတိုင်အပင်ကို စောင့်ရှောက်နိုင်အံ့, မစောင့်ရှောက်နိုင်အံ့ဟု မစုံစမ်းသော၊ပညာမရှိသောသူကို ပဏ္ဍရကနဂါးမင်းကို ဂဠုန်ဖမ်းခြင်းဘေးအစဉ် လိုက်သကဲ့သို့ မိမိပြုသော အမှုသည်ပင်လျှင် ဘေးသို့ အစဉ်လိုက်ရ၏"။

"အကြင်သူသည် စောင့်ရှောက် လျှို့ဝှက်အပ်သော အတိုင်အပင်ကို မိုက်သောကြောင့် ဝမ်းသာရွှင်လမ်းလျက် မစောင့်ရှောက်နိုင်, မလျှို့ဝှက်နိုင်သောသူယုတ်အား ပြောဆိုမိအံ့၊ ပဏ္ဍရကနဂါးမင်းကို ဘေးသည် အစဉ်လိုက်သကဲ့သို့ အတိုင်အပင်ပျက်သောသူကို ဘေးသည် အစဉ်လိုက်၏"-

သူယုတ်နှင့်ပေါင်း ကြေခံ့ဘိုကောင်း

"ချစ်ခင်သော စိတ်ဖြင့် ပေါင်းသင်းသော အဆွေ ခင်ပွန်းစစ် မဟုတ်၊ အဆွေခင်ပွန်းတု ဖြစ်သော သူသည် လျှို့ဝှက်သော အကျိုးစီးပွားကိုသိခြင်းငှာ မထိုက်၊ ရန်သူဖြစ်စေ, အဆွေခင်ပွန်းဖြစ်စေ, ပညာမရှိသည်ဖြစ်စေ, ပညာရှိသည်ဖြစ်စေ, အကျိုးစီးပွားမဲ့ကို ကျင့်သောသူသည် လျှို့ဝှက်သော အကျိုးစီးပွားကို သိခြင်းငှာမထိုက်"။

"ဤသူကား– ရဟန်း- လောက၌ အမြတ်ဟု သမုတ်အပ်သောသူ, ပွားစေအပ်သောသူဟု ထင်မှတ်၍ ငါသည် တက္ကတွန်း၌ အကျွမ်းဝင်မိပြီ၊

လျှို့ဝှက်သော အကျိုးစီးပွားကိုပြောဆိုမိပြီ၊ဖွင့်ဆို မိပြီ၊ ငါသည် အကျိုးစီးပွားကိုလွန်၍ ယခုအခါ အထိးကျန်လျက် ငိုကြွေးရပြီ"။

သူယုတ်မှန်လျှင် ဝေးစွာကြဉ်

"မြတ်သောဂဠုန်မင်း.... တက္ကတွန်း အား မွန်မြတ်သော လျှို့ဝှက်သော ဤအကြောင်းကို ငါသည် မစောင့် ရှောက်နိုင်၊ ထိုကြောင့် ငါ့အား တက္ကတွန်းထံမှ ဘေးရောက်လာခဲ့၏၊ ငါသည် အကျိုးစီးပွားကို လွန်၍ ယခုအခါ အထိးကျန်လျက် ငိုကြွေးရပြီ"။

"စင်စစ် ကောင်းသော စိတ်နှလုံးရှိသူဟု မှတ် ထင်လျက် အမျက်ထွက်၍၎င်း, ကြောက်၍၎င်း, တပ်မက်မော၍၎င်း လျှို့ဝှက်အပ်သော အကျိုး စီးပွားကို အမျိုးယုတ်တို့အား ပြောဆိုမိသောသူ သည် ယုံမှားမရှိ မိမိကိုယ်ကို သတ်သည်မည်၏"။

"စကားကို မစောင့်ရှောက်မဖုံးလွှမ်းသောသူ သည် သူယုတ်မာတို့ အတွင်းသို့ဝင်၍ ပရိသတ် အလယ်၌ လျှို့ဝှက်အပ်သောစကားကို ပြောဆို သောသူကို အဆိပ်လျှင်သော မြွေနှင့် တူသော ခံတွင်းပုတ်သောသူဟု ဆိုကုန်၏၊ ထိုသူမျိုးမှ ဝေး စွာကြဉ်ရှောင်ရာ၏"။

"ထမင်း, အဖျော်, ကာသိတိုင်းဖြစ် စန္ဒကူး, နတ်ပန်း,နံ့သာမျိုးလေးပါး မိန်းမဟူသော ကာမ ဂုဏ်တို့ကို စွန့်လွှတ်၍ သွားရအံ့တကား၊ ဂဠုန်

မင်းအား အသက်ဖြင့် ကိုးကွယ်ခြင်းသို့ ရောက်ရာ၏''။

ဟု မိမိ၏အကြောင်းကို ပြောကာ ငိုကြွေးလေ၏။

ဂဠုန်ပြစ်ဆို နဂါးကို

ဂဠုန်မင်းသည် နဂါးမင်းငိုကြွေးသံကို ကြားလျှင် ''နဂါးမင်း.... သင်ကား လျှို့ဝှက်အပ်သော အကြောင်းကို အဝတ်မဝတ်သော တက္ကတွန်းအား ပြောဆိုပြီးလျှင် ယခုမှ အဘယ်ကြောင့် ငိုကြွေးဘိသနည်း''ဟု ပြောဆို၍—

''အို-နဂါးမင်း....သင့်ကို ဖမ်းယူရာ၌ ငါတို့ သုံးယောက်တွင် အဘယ်သူသည် ကဲ့ရဲ့အပ်သောသူ ဖြစ်သနည်း၊ တက္ကတွန်းသည် ကဲ့ရဲ့အပ်သော သူလော၊ ငါဂဠုန်မင်းသည် ကဲ့ရဲ့အပ်သောသူဖြစ်သလော၊သင်နဂါးမင်းသည်ကဲ့ရဲ့အပ်သောသူဖြစ်သလော၊ငါ့ကိုအဘယ်ကြောင့်ဂဠုန်မင်းဖမ်းသည်ဟု သိ၍ မိမိကိုယ်ကိုသာ ကဲ့ရဲ့လော''—

ဟု ကဲ့ရဲ့စကား ပြောကြားလေ၏။

သူတော်ထင်မှား ပေါင်းမိငြား

ထိုအခါနဂါးမင်းသည်ဂဠုန်မင်းအား မိမိသူတော်ထင်မှတ်၍ တက္ကတွန်းကို ပေါင်းဖော်သည်ကိုပြောကြားလို၍—

''အို-ဂဠုန်မင်း.... ထိုတက္ကတွန်း ရဟန်းကို ငါသည် သူတော်ကောင်းဟု သမုတ်အပ်သောသူ, ချစ်ခင်အပ်သောသူ,ပွားစေအပ်သော သဘောရှိသူဟု မှတ်ထင်မိ၍ ထိုတက္ကတွန်းအား လျှို့ဝှက်အပ်သောအကျိုးစီးပွားကို ပြောဆိုမိပြီ၊ဖွင့်ဟမိပြီ၊

ယခုအခါ အကျိုးစီးပွားကို လွန်၍အထီးကျန်လျက် ငိုကြွေးရ၏''—

ဟု မိမိအကြောင်းကို ပြောဆိုပြန်၏။

လျှို့ဝှက်အမှု လုံခြုံပြ

ထိုအခါ ဂဠုန်မင်းသည် မိမိ၌ လုံခြုံစွာ လျှို့ဝှက်အပ်သော အရာတို့ကို သူတပါးအား မပြောအပ်သည်ကို နဂါးမင်းအား ဆုံးမစကား ပြောကြားလို၍—

''အို-နဂါးမင်း····မြေအပြင်ဝယ် မသေသော သတ္တဝါမည်သည် မရှိ၊ ပညာနှင့်တူသော မကဲ့ရဲ့အပ်သော တရားမည်သည် မရှိ၊ ဤလောက၌ လူသည်မှန်ကန်ခြင်း, သုစရိုက်ကိုကျင့်ခြင်း, ပညာရှိခြင်း, ဋ္ဌေကိုဆုံးမခြင်းတို့ဖြင့် ရခဲသောသမာပတ်မဂ်ဖိုလ် နိဗ္ဗာန်ကို ပြီးစေနိုင်၏၊ ထိုကြောင့်မိမိကိုယ်ကိုသာ ကဲ့ရဲ့လော''။

''နဂါးမင်း···· ဆွေမျိုးတွင် အမိနှင့်အဘသည် မွန်မြတ်သောဆွေမျိုးတည်း၊သားသမီးတို့အပေါ်၌ သနားတတ်သော အမိအဘမှတပါး သုံးယောက်မြောက်သောသူ မရှိ၊ အတိုင်အပင်ပျက်အံ့သည်ကို စိုးရိမ်သောပညာရှိသည် အမိအဘတို့အား လည်း လျှို့ဝှက်အပ်သောစကားကို မပြောဆိုရာ''။

''နဂါးမင်း····အတိုင်အပင်ပျက်မည်ကို စိုးရိမ်သောသူသည် အမိ,အဘ,နှမ,ညီ,အစ်ကိုယ်, ဦးရီး ဦးလေး, ဘကြီး, ဘထွေးတို့အားလည်း လျှို့ဝှက်အပ်သောစကားကို မပြောဆိုရာ''။

"နဂါးမင်း--မိမိလင်မှတပါးသော ယောက်ျား ကိုကြည့်ရှောင်သော ယဉ်ပေါင်းဖြစ်သော အဆင်း အင်္ဂါ စည်းစိမ်အခြံအရံ သားသမီး ဆွေမျိုး အပေါင်းနှင့် ပြည့်စုံသော ချစ်မယားအားလည်း လျှို့ဝှက်အပ်သောစကားကို မပြောကြားရာ"—

လျှို့ဝှက်ပြုလင့် မပြောသင့်

ဤဂါထာတို့ဖြင့် တရားဟောပြီး၍နဂါး မင်းအား မိမိလျှို့ဝှက်သော အရာကို ရွှေအိုးကဲ့သို့ လုံခြုံစွာထားရန် မှာ ကြား လိုသဖြင့်—

"နဂါးမင်း.... လျှို့ဝှက်သော အကြောင်းကို ရွှေအိုးကဲ့သို့ စောင့်ရာသည် မဖွင့်ရာ၊ စင်စစ် လျှို့ ဝှက်အပ်သော အကြောင်းကို ထင်စွာပြုခြင်းကို ပညာရှိတို့ မချီးမွမ်းအပ်။

ပညာရှိသည် မိန်းမအားရင်း, ရန်သူအား ၎င်း လျှို့ဝှက်အပ်သော စကားကို မပြောဆိုရာ၊ တစုံတခုသော အာမိသဖြင့် ဖြားယောင်းသူအား လည်း မပြောဆိုရာ၊ စိတ်နှလုံးကို ခိုးတတ်သောသူ အားလည်း မပြောဆိုရာ"။

"နဂါးမင်း....မသိစေအပ် လျှို့ဝှက်အပ်သော အကြောင်းကို သိသောသူကို အတိုင်အပင်ပျက်စီး မည်ကို ကြောက်သောသူသည် ကျွန်ကဲ့သို့ ဖြစ်၍ လည်း သည်းခံရာ၏။

တိုင်ပင်အပ်သော သူတို့တွင် လျှို့ဝှက်အပ် သောအကြောင်းကို သိသမျှသောသူတို့သည် ထိတ်

လန့်နိုင်စေကုန်၏၊ ထိုကြောင့် လျှို့ဝှက်အပ်သော စကားကို သူတပါးအား မသိစေရာ”–

လျှို့ဝှက်ပြောလို ဆိတ်ကွယ်ရာကို

“နဂါးမင်း.... နေ့အခါ ဆိတ်ကွယ်ရာသို့သွား၍ လျှို့ဝှက်အပ်သောစကားကို ပြောဆိုရာ၏၊ ညအခါ ကျယ်စွာသောအသံကိုပြု၍ စကားမပြောရာ၊ တိုင်ပင်ရာသို့ ချဉ်းကပ်၍ နားထောင်သောသူတို့သည် အတိုင်ပင်ကို ဖျက်ဆီးတတ်ကုန်၏”။

“နဂါးမင်း....တံခါးမရှိ သံဖြင့် ပြုအပ်သော စရပ်,တန်ဆောင်း,အိမ်,ဈေးစသည်တို့နှင့် ပြည့်စုံသော ကျုံးသုံးတန်ကာရံအပ်သောသံမြို့ကြီးကဲ့သို့ လောက၌ လျှို့ဝှက်အပ်သော အတိုင်အပင်ရှိသူတို့ကို ငါမြင်၏”။

“နဂါးမင်း....အသက်ရှည်ခြင်းကို အလိုရှိကုန်သောသူတို့သည် အဆိပ်လျှင်သောမြွေမှ ဘဲကြဉ်ကုန်သကဲ့သို့ ထို့အတူရန်သူတို့သည် လျှို့ဝှက်သော အတိုင်အပင်ရှိသူတို့မှ ဘဲကြဉ်ကုန်၏”–

ဟု အကြောင်းအမျိုးမျိုးပြကာ နဂါးမင်းကို ဆုံးမလေ၏။

သူတော်ကျင့်ရေး ဂဠုန်မေး

ထိုအခါနဂါးမင်းသည် တက္ကတွန်းကို မိမိယုံကြစွာ ပေါင်းသင်းမိသောအမှုကို ဂဠုန်မင်းအား ပြောကြားလိုသဖြင့်–

“ဂဠုန်မင်း.... အိမ်ကိုစွန့်၍ ရဟန်းပြုကာ အဝတ်မဆည်း အချည်းနှီးသော ဦးပြည်းသည်

အစာအာဟာရကို ရှာလိုသောကြောင့် ကျင့်ဘိ၏၊ ထိုဦးပြည်း၌ လျှို့ဝှက်အပ်သော အကြောင်းကို ဖွင့်မိ၏၊ငါတို့သည် အကျိုးစီးပွားမှ ကင်းကုန်၏”။

“ဂဠုန်မင်း.... အဘယ်သို့သော အကျင့်ရှိသော ဘယ်မည်သောဝတ်ကိုဆောက်တည်၍ ကျင့်သော မကောင်းမှုကို စွန့်၍ ကျင့်သည်၊ အဘယ်ကို ပြုသည်ဖြစ်၍ ရဟန်းမည်သနည်း၊ အဘယ်ကိုပြုသောရဟန်းသည် နတ်ပြည်သို့ရောက်သနည်း”—

ဟု ရဟန်းမည်ခြင်း အကြောင်းကို မေးလေ၏။

သူတော်အစစ် သည်းခံလင့်

ထိုအခါ ဂဠုန်မင်းသည် ဇာနွေကိုစောင့်စည်းလျက် ကိလေသာမှ မကောင်းမှုမရှိသောသူသည် ရဟန်းတို့အကျင့် ဖြစ်သည်ဟု ပြောကြားလိုသဖြင့်—

“နဂါးမင်း....အကုသိုလ်မှ ရှက်ခြင်း, ကြောက်ခြင်း, သည်းခံခြင်း, ဇာနွေကို ဆုံးမခြင်းနှင့်ပြည့်စုံ၍ အမျက်ထွက်ခြင်း, ချောပစ်ကုန်းတိုက်ခြင်း, မကောင်းမှု တဏှာကိုစွန့်၍ကျင့်သောသူသည် ရဟန်းမည်၏၊ ဤသို့ပြုသူသည် နတ်ပြည်သို့ရောက်ရ၏”—

ဟု ရဟန်းမည်ကြောင်းကို ဖြေကြားလေ၏၊ ထိုအခါ နဂါးမင်းသည် ဂဠုန်မင်းအား—

“ဂဠုန်မင်း.... မိမိမွေးဘွားသောသားငယ်ကို အလုံးစုံသောကိုယ် သား၏အတွေ့ဖြင့်နှံ့စေသကဲ့သို့ ထို့အတူ သင်ဂဠုန်မင်းသည် အကျွန်ုပ်အား ထင်

ရှားဖြစ်ပါ၏၊ ထို့ကြောင့်အမိသည် သားကိုသနားသကဲ့သို့ ထို့အတူ အကျွန်ုပ်ကိုရှုပါလော့”–
ဟု မိမိအသက်ကို တောင်း လေ၏။

သဘေးလွတ်ကင်း နဂါးမင်း

ဂဠုန်မင်းသည် တောင်းပန်သောနဂါးမင်းအား သနားချစ်ခင်လှ၍ သဘေးမှ လွတ်လိုသဖြင့်–

“နဂါးမင်း···· သနားစွ၊ ယခုအခါသင်သည် သတ်ခြင်းမှလွတ်သောအတတ်ပညာသင်သောသား, မွေးစားသောသား, ရင်မှဖြစ်သောသားဟူ၍ သားသုံးယောက်သာရှိ၏၊ လေးယောက်မရှိ၊ ထို့ကြောင့် သင်သည် ငါ၏ တယောက်ယောက် သားဖြစ်၏၊ မွေ့လျော်လော့”–

ဟု ဤသို့သောစကားကို ပြောဆိုပြီးလျှင် ကောင်းကင်မှဆင်းသက်၍ နဂါးမင်းကိုမြေ၌ချထား၍“နဂါးမင်း··· သင့်ကို ငါလွှတ်အပ်ပြီ၊ သဘေးမှသင်လွတ်ပြီ”ဟု ပြောဆိုပြီးလျှင် ဂဠုန်ပြည်သို့ပြန်သွားလေ၏၊ နဂါးမင်းလည်း နဂါးပြည်သို့ သွားလေ၏။

ဂဠုန်မင်းဖမ်းဟန် စုံစမ်းရန်

တနေ့သ၌ ဂဠုန်မင်းသည် ငါကား နဂါးမင်းသစ္စာပြု၍ ယုံကြည်စေသဖြင့် လွှတ်လိုက်၏၊ ငါ၏အပေါ်၌ နဂါးမင်းသည် အသို့စိတ်ရှိလေသနည်း၊ စုံစမ်းမည်ဟု ကြံစည်နှလုံးသွင်းလျက် နဂါးပြည်သို့သွားပြီးလျှင် ဂဠုန်တို့၏လေအဟုန်ကို ပြုလေ၏၊ နဂါးမင်းသည် ဂဠုန်မင်းကိုမြင်လျှင် ဖမ်းယူရန်လာသည် ဖြစ်လိမ့်မည်ဟု မှတ်ထင်၍

အလံတထောင်မျှ ကိုယ်ကို ဖန်ဆင်း၍ လေးလံသော ကျောက်ခဲနှင့် သားတို့ကိုမျိုလျက် အမြီးကိုအောက်သို့သွင်း ကာ အခွေပေါ်တွင် ဦးခေါင်းတင်လျက်သွားကိုဖြဲ၍ ကိုက် ဟန်ပြုကာနေ၏။

ပညာရှိအမူ လုံ့လပြု

ထိုအခါဂဠုန်မင်းသည် မိမိနှင့်မိတ်ဆွေ ဖွဲ့ထားသောနဂါးမင်းအား အကြောင်း ကိုမေးလိုပြန်သဖြင့်—

"အိုနဂါးမင်း.... ဇလာဗုဇမျိုးဖြစ်သော သင် သည်အဏ္ဍဇမျိုးဖြစ်သောဂဠုန်နှင့်မိတ်ဆွေဖွဲ့ပြီးဖြစ် ပါလျက် သွားကိုဖြဲ၍အိပ်ဘိ၏၊ ဘယ်အရပ်မှ ဘေး ရောက်လာသနည်း"—

ဟု ပြက်ရယ်ပြုကာ မေးလေ၏၊ထိုအခါနဂါးမင်းသည် ဂဠုန်မင်းအား—

"အိုဂဠုန်မင်း.... အဆွေခင်ပွန်း ဖွဲ့ပြီးသော ရန်သူ၌၎င်း,အဆွေခင်ပွန်း၌၎င်း အကျွမ်းမဝင်ရာ၊ ဘေးမရှိသောအဆွေခင်ပွန်းမှလည်း ဘေးဖြစ်လာ တတ်၏၊ ဘေးသည် စင်စစ် အသက်တို့ကိုဖြတ် တတ်၏။

ခိုက်ရန်ပြုဘူးသောသူ၌ အဘယ်ကြောင့် အ ကျွမ်းဝင်အံ့နည်း၊ အမြဲလုံ့လပြု၍ နေအပ်၏၊ အမြဲလုံ့လပြု၍ နေသူသည် ရန်သူတို့ကိုအကျွမ်း မဝင်ရာ။

မိမိကို အကျွမ်းဝင်သောသူ၌လည်း မိမိက အကျွမ်းမဝင်ရာ၊ သူတပါး မရှုရှာ အပ်သော

သူကို မိမိကလည်း ရှုံရှာရာ၏၊ဤသို့ပညာရှိမည်သည်
လုံးလပြုရာ၏၊ ပညာရှိ၏သဘောကို သူတပါးတို့
မသိရာ”-

ဤသို့ ပြောဆိုပြီးလျှင် ထိုနဂါးမင်းနှင့် ဂဠုန်မင်းတို့သည် အချင်းချင်း ညီညွတ်ဝမ်းမြောက်စွာ အတူတကွ တက္ကတွန်းကျောင်းသို့ သွားကြကုန်၏။

နှုတ်စောင့်မမြဲ တက္ကတွန်းဆဲ

ထိုအခါ ဂဠုန်မင်းသည် ဤနဂါးမင်းကား ဒုဿီလတက္ကတွန်း အား အသက်ကို ချမ်းသာပေးမ[illegible] မဟုတ်၊ ငါလည်း တက္ကတွန်းကို ရှိမခိုးအံ့ ဟု [illegible]ပြီးလျှင် မိမိသည် ကျောင်း၏ပြင်ပ၌နေလျက် နဂါးမင်းတဦးသာ တက္ကတွန်း ထံသို့လွှတ်လိုက်၏၊ နဂါးမင်းလည်း တက္ကတွန်းထံသို့ ရောက်လျှင်-“ဟယ်-သီလမရှိသောတက္ကတွန်း‥ ယခုအခါ ငါသည် ဘေးရန်အလုံးစုံမှလွတ်ခဲ့ပြီ၊ ငါတို့သည် သင့်အား ချစ်ခင်သော စိတ်မရှိကြကုန်” ဟု အတိအလင်း ပြောလေ၏။

ထိုနောင်မှ တက္ကတွန်းသည် နဂါးမင်းအား—

“အို-နဂါးမင်း‥‥ငါသည် ဂဠုန်မင်းကို သင်
နဂါးမင်ထက်ပိုလွန်၍ ချစ်ခင်၏၊ထို့ကြောင့်ငါသည်
သိလျက်နှင့်ပင် မကောင်းမှုကို ပြုမိပါ၏၊မသိမလိမ်
မာ၍ ပြုသည်မဟုတ်”-

ဟု အကြောင်းကို ပြောလေ၏။

တက္ကတွန်းယုတ်ကို မြေကမျို

တက္ကတွန်းစကားကိုကြားလျှင် နဂါးမင်းသည် တက္ကတွန်းအားနှုတ်မစောင့်သောသူဖြစ်ကို ကဲ့ရဲ့ပြောဆိုလိုသဖြင့်—

"ဟယ်… အ၀တ်မ၀တ်သော တက္ကတွန်း…. ပစ္စုပ္ပန်လောက, တမလွန်လောကကို ကောင်းစွာ မြင်သောရဟန်းအား ချစ်ခင်သည် မချစ်ခင်သည် မဖြစ်ရာ၊ သင်ကား ကိုယ်နှုတ်နှလုံးကို စောင့်ရှောက်သူတို့ အသွင်အပြင်ဖြင့် ကိုယ်နှုတ်နှလုံးကို မစောင့်ရှောက်ပါဘဲ လူအပေါင်းကို လှည့်စား၍ ကျင့်ဘိ၏"။

"ဟယ်…သီလမရှိသောတက္ကတွန်း…. သင်ကား သူတော် သူမြတ်မဟုတ်ဘဲလျက် သူတော်သူမြတ်တို့၏အတုကို ပြုဘိ၏၊ ကိုယ်နှုတ်နှလုံးကို မစောင့်စည်းပါဘဲလျက် ကိုယ်နှုတ်နှလုံးကို စောင့်စည်းသောသူတို့၏ အတုကို ပြုဘိ၏၊ မည်းညစ်သောသဘောရှိ၏၊ ယုတ်မာသောသဘောရှိ၏၊ မကောင်းသောအကျင့်ကို များစွာကျင့်ဘိ၏"—

ဟု တက္ကတွန်းအား ကဲ့ရဲ့ရှုတ်ချပြီးလျှင်—

"ဟယ်…အဆွေခင်ပွန်းဖျက်…. သင်ကား မပြစ်မှားသင့်သော အဆွေခင်ပွန်းကို ပြစ်မှားဘိ၏၊ ကုန်းချောဘိ၏၊ ဤသို့မှန်သောစကားကို ဆိုရခြင်းကြောင့် သင်၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲစေသတည်း"-

ဟု ကျိန်ဆဲလေ၏၊ ထိုကျိန်ဆဲသောခဏမှာပင် တက္ကတွန်း၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲလေ၏၊ ထိုင်နေရာမှပင် မြေမျိုလေ၏၊ နဂါးမင်း ဂဠုန်မင်းတို့လည်း မိမိတို့နေရာသို့သွားကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကရမ္ဗိယတဏှာတွန်းသည်— ယခုအခါ ဒေဝဒတ်။

※ ပဏ္ဍာရကနဂါးမင်းသည်- သာရိပုတ္တရာ။

※ ဂဠုန်မင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) လျှို့ဝှက်စကား၊ သူတပါး၊ ပြောကြားမပြုရာ။
(၂) လျှို့ဝှက်အပ်ပေ၊ ရှေ့အိုးနေ၊ ရိုသေသိမ်းဆည်းရာ။
(၃) လျှို့ဝှက်စကား၊ ပြောမိငြား၊ စီးပွားပျက်တတ်စွာ။
(၄) လျှို့ဝှက်စကား၊ သိသူအား၊ ကျွန်လားသည်းခံရာ။

ပဏ္ဍာရက ဇာတ်ပြီး၏။

၅၁၉-သမ္ဗုလာဇာတ်

ပစ္စုပ္ပန်ဝတ္ထု

လင်ဝတ်ပြည့်စုံ
မျိုးမွှမ်းပုံ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်း ကြီး၏ မလ္လိကာမိဖုရားကြီးသည် လင့်ဝတ်ငါးပါးနှင့်ပြည့်စုံ ခြင်း, လင်ကိုနတ်ကဲ့သို့ ရိုသေခြင်း,ပညာဉာဏ်နှင့် ပြည့်စုံ ခြင်း မြတ်စွာဘုရားအားလုပ်ကျွေးခြင်းသည် သာဝတ္ထိပြည် အလုံး၌ ကျော်စောထင်ရှား၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် "ငါ့ရှင်တို့····မလ္လိကာမိဖုရားကြီးကား လင်၌ဝတ်ငါးပါးနှင့် ပြည့်စုံ၍၊ လင်ကိုနတ်ကဲ့သို့ ရှိသေ၏၊ စသည်ဖြင့် စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို သိတော်မူလျှင် "ရဟန်းတို့····မလ္လိကာမိဖုရားကြီးသည် ယခုအခါ၌သာ လင်ဝတ်ငါးပါးနှင့် ပြည့်စုံ၍ လင်ကိုနတ်ကဲ့သို့ ရှိသေသည်မဟုတ်၊ ရှေးအခါ၌လည်းလင်ဝတ်ငါးပါးနှင့်ပြည့်စုံ၍ လင်ကိုနတ်ကဲ့သို့ ရှိသေဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

နူနာစွဲလေ ထီးနန်းစွန့်နေ

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် သားတော်ကားသောတ္ထိသေန အမည်ရှိ၏၊ ခမည်းတော်မင်းကြီးသည် သားတော်ကို အရွယ် ရောက်လတ်သော် အိမ်ရှေ့မင်းရာထူးကို ပေး၏၊ အိမ်ရှေ့မင်း၏ မိဖုရားကြီးကား သမ္ဗုလာ အမည်ရှိ၏၊ မြတ်သောအရောင်အဆင်းနှင့် ပြည့်စုံ၏၊ လေဆိတ်သော နေရာ၌ ထွန်းအပ်သော ဆီမီးလျှံကဲ့သို့ ထင်၏။

နောက်အဘို့၌ အိမ်ရှေ့မင်းသောတ္ထိသေနသည် နူနာစွဲကပ်လေ၏၊ ဆေးသမားတို့သည် ကုစားခြင်းငှါ မတတ်နိုင်ကုန်၊ သောတ္ထိသေန မင်းသားသည် နူနာပေါက်ကွဲသည်ရှိသော် စက်ဆုပ်ရွံရှာဘွယ်ဖြစ်လျက် စိတ်ညစ်သဖြင့် ငါ့အား မင်းအဖြစ်ဖြင့် အကျိုးမရှိ၊ တော၌ကိုးကွယ်ရာမဲ့

ဖြစ်၍ သေရခြင်းသည်မြတ်၏ဟုကြံစည်လျက် ခမည်းတော် မင်းကြီးအား လျှောက်ထားခွင့်ပန်စေပြီးလျှင် အလွန်နှစ်သက်ဘွယ်ရှိသော ရွှေနန်းကိုစွန့်၍ တောထွက်လေ၏။

နောက်တော်မကွာ သမ္ဗုလာ

သမ္ဗုလာ မိဖုရားလည်း ငါ၏အရှင်ဖြစ်သောမင်းသားကို တော၌ လုပ်ကျွေးမည်ဟု မင်းသားနှင့်အတူလိုက်လေ၏၊ မင်းသားသည်အကြောင်းအမျိုးမျိုးပြ၍ ပြန်စေသော်လည်း မပြန်လေ၊ သောတ္ထိသေန မင်းသားသည် တောသို့ဝင်၍ သစ်သီးကြီးငယ် ရလွယ်လျက် အရိပ်ရေနှင့် ပြည့်စုံသော အရပ်၌ ကျောင်းဆောက်၍နေ၏။

သမ္ဗုလာလည်း နံနက်စောစော အိပ်ရာမှ ထပြီးလျှင် တံမြက်လှည်း၏၊ သောက်ရေ သုံးဆောင်ရေ တည်ထား၏၊ မင်းသားအား မျက်နှာသစ်ရေ ဒန်ပူတို့ကို ဆက်ကပ်၏၊ ထိုနောက် အထူးထူးသော ဆေးတို့ကိုသွေး၍ နူနာတို့ကို လိမ်းကျံ၏၊ ချိုနိုးရာ ရာသစ်သီးကြီးငယ်တို့ကိုပေး၏၊ ကျောင်း၌ ပြုဘွယ်ကိစ္စပြီးလျှင် "အရှင်သား.... မမေ့မလျော့နေရစ်ပါ"ဟု မှာထား၍ ရှိခိုးပြီးလျှင်တောင်း, တူးရွင်း, ချိတ်, တံချူတို့ကိုယူလျက် တောသို့ သစ်သီးရှာသွား၏။

တောတွင်းလှည့်ကာ သစ်သီးရှာ

သမ္ဗုလာမင်းသမီးသည် တောမှ ပြန်လာလျှင် သောတ္ထိသေန မင်းသားကို ရေချိုးစေပြီးလျှင် သစ်သီးကြီးငယ်တို့ကို ဆက်ကပ်ပြန်၏၊ မိမိလည်းစား၏၊ ညအခါမင်းသားကို အင်းပျဉ် တခုတွင်အိပ်စေ၍ ခြေလက်တို့ကိုဆုပ်နယ်ပြီးလျှင် မိမိလည်း အနီးတွင်ကပ်၍ အိပ်၏၊ ဤနည်းဖြင့် နေ့စဉ် ဝတ်ကြီး ဝတ်ငယ်ကိုပြု၏။

တနေ့သောအခါ သစ်သီးရှာသွားသည်ရှိသော် ချောင်းငယ်တခုတွင်ဆင်း၍ ရေချိုးပြီးလျှင် လျှော်တေသက်န်းကို ဝတ်ရုံ၍ ချောင်းကမ်းနားတွင် ခဏနားနေ၏၊ ထိုအခိုက် ကိုယ်ရောင်ဖြင့် တတောလုံးလင်း၏။

တောတောင်လယ်ကွေ့ ဘီလူးနှင့်တွေ့

ထိုအခါ ဒါနောဘီလူးသည် အစာရှာလှည့်လည်သည်ရှိသော် သမ္ဗုလာမင်းသမီးကို မြင်လျှင်—

"မြတ်သော ဥရုလက္ခဏာရှိသော အိုမိန်းမ... တောင်ချောက်ကြား၌ တုန်လှုပ်သည်ကား အဘယ်သူနည်း၊ အို-ခါးသေးသောမိန်းမ၊ ငါမေးအပ်ပါ၏၊ အမည်နှင့် အမျိုးကို ပြောကြားပါလော"။

"ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံသော အို-မိန်းမ.... ကျားခြင်္သေ့တို့နေရာ မွှေလျော်ဘွယ်ရှိသော တောအလုံးကို ကိုယ်ရောင်ဖြင့်ထွန်းပဘိ၏၊ သင်ကားအဘယ်သူနည်း၊ အဘယ်သူ၏သမီးနည်း၊ သင့်ကိုရှိခိုးပါ၏၊ ရှိခိုးခြင်းဖြစ်ပါစေ"— ဟု ဒါနောဘီလူးသည် ရှေးဦးစွာမေးမြန်းလေ၏။

ကြောင်းရာသဘော ဘီလူးကိုပြော

သမ္ဗုလာ မင်းသမီးလည်း ဘီလူး၏ စကားကိုကြားလျှင် မိမိ၏ဖြစ်ကြောင်းသဘောကို ပြောကြားလိုသဖြင့်—

"အို-ဒါနောဘီလူး.... အကျွန်ုပ်ကား သမ္ဗုလာအမည်ရှိပါ၏၊ ကာသိကမင်း၏ သားတော် သောတ္ထိသေနဟူ၍ရှိပါ၏၊ ထို သောတ္ထိသေနမင်းသား၏ မယားဖြစ်ပါ၏"။

"အို-ဒါနဝဘီလူး…. အကျွန်ုပ်သည် သင်ဒါနဝဘီလူးကို ရှိခိုးပါ၏၊ ရှိခိုးခြင်းဖြစ်ပါစေ၊ သောတ္ထိသေန မင်းသားသည် နူနာစွဲကပ်လျက် တော၌နေရပါ၏။

ထိုရောဂါနှိပ်စက်နေသော တယောက်တည်းသောမင်းသားကို လုပ်ကျွေးပြုစု၍နေရပါ၏၊တောထဲ၌ ခြသေ့်,ကျားစသည်တို့ စားကြွင်းဖြစ်သောပျားရည် အမဲသားတို့ကိုဆောင်ယူကာ ကျွေးမွေးစားသောက်ရပါ၏၊ ယနေ့အဘို့ မင်းသားသည် ဆာလောင်၍ နေလိမ့်မည်တကား"—

ဟု အမည်အမျိုးနှင့်တကွ အကြောင်းစုံကို ပြောကြားလေ၏။

တကျော့စွန်းရပ် ဘီလူးတပ်

ထိုအခါ ဒါနဝဘီလူးသည် တကျော့စွမ်းဖြင့်တပ်လျက် သမ္ဗုလာမင်းသမီးအား မိမိ၏ချစ်မယား ဖြစ်လိုကြောင်း ပြောကြားလို၍—

"အို-သမ္ဗုလာမင်းသမီး…. နူနာ ရောဂါကြီးကို အမြဲခံစားနေရသော သောတ္ထိသေနမင်းသားဖြင့် တောကြီးထဲ၌ အသို့ပြုရအံ့နည်း၊ ငါသည် သင်၏လင် ဖြစ်ရလို၏"—

ဟု မိမိကို ကြိုက်နှစ်သက်ရန် သွေးဆောင်ဖြားယောင်းလေ၏၊ ဒါနဝဘီလူး၏စကားကိုကြားလျှင် သမ္ဗုလာမင်းသမီးသည်—

"အို-အရှင်ဒါနဝဘီလူး…. ဆင်းရဲခြင်း စိုးရိမ်ခြင်းဖြင့် နှိပ်စက်၍ အထီးကျန်သောအကျွန်ုပ်

အား အရောင်အဆင်း အဘယ်မှာ ရှိအံ့နည်း၊
အကျွန်ုပ်ထက် လှပဘင့်တယ်သော အခြားမိန်းမ
ကိုရှာ၍ယူပါ”—

ဟု ဒါနောဘီလူးအား မိမိကိုချမ်းသာပေး၍ အခြားမိန်းမကိုယူရန် တောင်းပန်လေ၏။

ကိလေသာအစွမ်း ဘီလူးဖမ်း

ထိုအခါ ဒါနောဘီလူးသည် ကိလေသာဖြင့် ဖြားယောင်းကာ သမ္ဗုလာ မင်းသမီးအား မိမိအလိုသို့ ပါလိုကြောင်း ပြောကြားလို၍—

“အို-သမ္ဗုလာမင်းသမီး····လာပါ ဤတောင်သို့တက်ပါ၊ ငါ့မှာ မယားလေးရာရှိပါ၏၊ ထိုလေးရာတို့အပေါ်၌ သင့်ကို အကြီးအမှူးထားပါမည်၊ လိုရာ ပြည့်စုံပါစေမည်”။

“အို- သမ္ဗုလာ မင်းသမီး···· ငါ့မှာ အသုံးအဆောင်တွေ များပြားလှပါ၏၊ သင်အလိုရှိရာကို ရနိုင်ပါ၏၊ယနေ့ ငါနှင့် အတူမွေ့လျော်ပါ”။

“အို-သမ္ဗုလာ မင်းသမီး····သင်သည် ငါ၏ မိဖုရားကြီး အကယ်၍ မပြုလုပ်လိုအံ့၊ နက်ဖြန် နံနက်စာစားလောက်၏၊နံနက်စာဖြစ်ရလိမ့်မည်”—

ဟု ဖြားယောင်းခြိမ်းချောက်ပြီးလျှင် သမ္ဗုလာမင်းသမီး၏ လက်ကို အတင်းကိုင်ဆွဲလေ၏။

နတ်တို့တိုင်တယ် တောနက်လယ်

ထိုအခါ သမ္ဗုလာ မင်းသမီး သည် တောကြီး အလယ်တွင် ကိုးကွယ်ရာမဲ့ ဖြစ်၍ ငိုကြွေးမြည်တမ်းလျက်—

"အို-သမ္ဗာဒေဝ နတ်အများတို့.... အကျွန်ုပ်အား ဒါနဝါဘီလူး အစား ခံရခြင်းကား ဆင်းရဲခြင်းမဟုတ်ပါ၊ အကျွန်ုပ်လင် သောတ္ထိသေနမင်းသား တမျိုးတမည် စိတ်အထင်လွဲ ခံရခြင်းသာ အလွန်ဆင်းရဲပါ၏"။

"အို-သမ္ဗာဒေဝ နတ်အများတို့.... သင်တို့မရှိကြကုန်ယောင်တကား၊ အရပ်တပါးသို့ သွားနေကြကုန်ယောင်တကား၊ ဤလောက၌ လူကိုစောင့်ရှောက်ကုန်သော လောကပါလနတ်တို့ မရှိကြကုန်ယောင်တကား၊ ကိုယ်နှုတ်နှလုံးကို မစောင့်စည်းဘဲ နိုင်ထက်ကလူ ပြုမူသူတို့ တားမြစ်နိုင်သော နတ်တို့ မရှိကြကုန်ယောင်တကား"—

ဟု သမ္ဗာဒေဝနတ်တို့ကို တိုင်ကြားပသလေ၏။

သိကြားမင်းဆင်ခြင် သမ္ဗုလာမြင်

ထိုအခါ သမ္ဗုလာမင်းသမီး၏ သီလအာနုဘော်ကြောင့် သိကြားမင်းဗိမာန်သည် တုန်လှုပ်၏၊ ပဏ္ဍုကမ္ဗလာကျောက်နေရာသည် ပူသောအခြင်းအရာကိုပြ၏၊ ထိုအခါ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိ၍ ဝရဇိန်လက်နက်ကို စွဲကိုင်ကာ လျင်မြန်စွာ လာပြီးလျှင် ဒါနဝါ ဘီလူး၏ ဦးခေါင်းပေါ်၌ ရပ်လျက်—

"ဟယ်-ရက္ခိုသ်ဘီလူး....ဤမိန်းမကား မိန်းမတကာတို့ထက် မြတ်၏၊ အခြံအရံများ၏၊ ဇာနေ့ရှိ၏၊ ညီမျှသောအကျင့်ရှိ၏၊ ထက်မြက်သော တန်ခိုးရှိ၏၊ နင်-ဤမင်းသမီးကို အကယ်၍ စားငြားအံ့၊

နှင့်ဦးခေါင်း ခုနစ်စိတ်ကွဲလိမ့်မည်၊ လင့်ဝတ်ပြည့်စုံ
သောမိန်းမကို မစားလင့်၊ ယခုလွှတ်လော့”—

ဟု ခြိမ်းချောက် ကြိမ်းမောင်း လေ၏။

ဒါနေ့ ချည်နှောင် တောင်ကြားလျှောင်

ဒါနေ့ဘီလူးသည် အလွန်ကြောက်ရွံ့သဖြင့် မင်းသမီးကို လွှတ်လေ၏၊ ထိုအခါ သိကြားမင်းသည် ဤဒါနေ့ဘီလူးကား နောင်တဖန်လည်း ဤလိုအလုပ်မျိုး ပြုလုပ်ပြန်ရာ၏ဟု ကြံစည်လျက် သံခြေကျဉ်းခတ်ကာ နောင်တဖန် မလာနိုင်အောင် သုံးခုမြောက်တောင်ကြား၌ လွှတ်လေ၏၊ ထိုနောက် မင်းသမီးကို ဆုံးမပြီးလျှင် မိမိနေရာ တာဝတိံသာ နတ်ရွာသို့ သွားလေ၏။

မင်းသမီးလည်း နေဝင်လတ်သော် လရောင်ဖြင့် တဖြည်းဖြည်းလျှောက်၍လာရာ ကျောင်းသို့ရောက်လေ၏။

မင်းသားမမြင် သောကပူပင်

သမ္မုလာမင်းသမီးသည် မင်းသားကို မတွေ့မြင်သော် အမိယစ်မသည် သားငယ်မရှိသော အသိုက်သို့ ရောက်သကဲ့သို့၎င်း, အမိန္တားမကြီးသည် နွားငယ်မရှိသော နွားခြံသို့ ရောက်သကဲ့သို့၎င်း ချစ်လင် သောတ္ထိသေန မင်းသားကို မမြင်ရလျှင် အရှင်သား ဘယ်သွားပါလိမ့်၊ဘာဖြစ်ပါလိမ့် ဟု အလွန်စိုးရိမ်သောကရောက်လျက်—

“အို-အရှင့်သား.... အရှင်သားကို မမြင်ရ
သောအကျွန်ုပ်သည် ရဟန်း,ပုဏ္ဏား,သီလရှိသော
ရသေ့တို့ကို ရှိခိုးပါ၏၊ ကိုးကွယ် ဆည်းကပ်ပါ၏”။

"အို-အရှင့်သား···· အရှင်သားကို မမြင်ရသော အကျွန်ုပ်သည် ခြင်္သေ့, ကျား, တပါးသော သားရဲတို့ကို ရှိခိုးပါ၏၊ ကိုးကွယ်ဆည်းကပ်ပါ၏"။

"အို-အရှင့်သား···· အရှင်သားကို မမြင်ရသောအကျွန်ုပ်သည် မြက်ပင်စောင့်နတ်, နွယ်ပင်စောင့်နတ်,ဆေးပင်စောင့်နတ်, တောင်စောင့်နတ်, တောစောင့်နတ်တို့ကို ရှိခိုးပါ၏၊ ကိုးကွယ်ဆည်းကပ်ပါ၏"။

"အို-အရှင့်သား···· အရှင်သားကို မမြင်ရသော အကျွန်ုပ်သည် ကြာညိုပန်းနှင့် တူသော နက္ခတ်ပန်းတို့ဖြင့် ဆန်းကြယ်သောညဉ့်ကို ရှိခိုးပါ၏၊ ကိုးကွယ်ဆည်းကပ်ပါ၏"။

အို-အရှင့်သား····အရှင်သားကို မမြင်ရသော အကျွန်ုပ်သည် လှည့်လည်နေသော မြစ်အပေါင်းတို့ရေကိုခံယူသော ဂင်္ဂါမြစ်စောင့်နတ်ကို ရှိခိုးပါ၏၊ ကိုးကွယ်ဆည်းကပ်ပါ၏"။

အို-အရှင့်သား····အရှင့်သားကို မမြင်ရသော အကျွန်ုပ်သည် တောင်တကာတို့ထက် မြတ်၍ ကျောက်အတိဖြစ်သော ဟိမဝန္တာ တောင်စောင့်နတ်ကို ရှိခိုးပါ၏၊ ကိုးကွယ်ဆည်းကပ်ပါ၏"–

ဟု ငိုကြွေးမြည်တမ်းလျက် ပူဇော်ပသလေ၏။

သမ္ဗုလာစိတ်ကို မင်းသားစမ်းလို

သောတ္ထိသေနမင်းသားသည် ငိုကြွေးမြည်တမ်းနေသော သမ္ဗုလာမင်းသမီးကိုမြင်လျှင် ဤသမ္ဗုလာကား အလွန်

ငိုကြွေးမြည်တမ်းဘိ၏၊ စင်စစ်ကား သူ့စိတ်သဘောကို ငါမသိ၊ အကယ်၍ ငါ့ချစ်မြတ်နိုးသဖြင့် ငိုယိုမြည်တမ်းနေခြင်းအံ့၊ နှလုံးကွဲခဲ့ရာ၏၊ ငါစုံစမ်းအံ့ဟု သွား၍ကျောင်းတံခါး၌နေ၏၊ ထိုအခါ သမ္ဗုလာလည်း ငိုကြွေးလျက်ကျောင်းတံခါးသို့သွားရာ သောတ္ထိသေနမင်းသားကို မြင်လျှင် ခြေတို့ကို ရှိခိုး၍ "အရှင့်သား.... အဘယ်သို့သွားသနည်း"ဟု မေးလေ၏။

ထိုအခါ မင်းသားသည် သမ္ဗုလာအား—

"အို-မင်းသမီး....သင်ကား အလွန်မိုးချုပ်မှ ပြန်လာဘိ၏၊ ယနေ့ အဘယ်သူနှင့် ပျော်နေကြသနည်း၊ သင့်အား ငါ့ထက်သာလွန်၍ချစ်သောသူကား အဘယ်သူနည်း"—

ဟု ယုံမှားသံသယရှိသဖြင့် တဖန်ပြန်၍မေးလေ၏။

မိမိဖြစ်အင် လျှောက်တင်

ထိုအခါ သမ္ဗုလာမင်းသမီးသည် "အရှင့်သား.. အကျွန်ုပ်သည် သစ်သီးတို့ကို ရှာဖွေ၍ပြန်လာရာ ဒါနဝဘီလူးသည် အကျွန်ုပ်၌ တပ်စွန်းသောစိတ်ဖြင့် လက်ကိုဆွဲကိုင်ကာ အကယ်၍ ငါ့စကားကိုမလိုက်နာလျှင် သင့်ကိုငါစားမည်ဟု ပြောပါ၏၊ ထိုအခါ အကျွန်ုပ်သည်(ဤဒါနဝဘီလူးအစားခံရခြင်းကား ဆင်းရဲခြင်းမဟုတ်ပါ၊ အကျွန်ုပ်လင်သောတ္ထိသေန မင်းသားသည် တမျိုး တမည်စိတ်အထင်လွဲခံရခြင်းသာ အလွန်ဆင်းရဲလှပါ၏-)ဟု ပြောဆိုကာအရှင့်သားအတွက်သာ အဖန်ဖန် ငိုကြွေးမြည်တမ်းမိပါ၏၊ ဘီလူးထံမှ လွတ်မြောက်ရန် မတတ်နိုင်သဖြင့်

သမ္မာဒေဝ နတ်များကို တိုင်တယ်၍ ပူဇော် ပသသော အခါမှ ဝရဇိန်လက်နက်ကိုစွဲကိုင်လျက် သိကြားမင်း ကိုယ်တိုင်လာ၍ခြိမ်းခြောက်ကာ လွှတ်စေပြီးလျှင် ဒါနဝဘီလူးကို သံခြေကျဥ်းခတ်၍ သုံးခုမြောက်တောင်ကြား၌ပစ်ချကာ သွားပါသည်" ဟု ဖြစ်ပျက်ခဲ့သမျှ အကြောင်းစုံကို အကုန်အစင် ပြောကြား လျှောက်ထားလေ၏။

မိန်းမစကားရစ် မယုံကြည်အပ်

ထိုအခါ သောတ္ထိသေနမင်းသားသည် မိန်းမတို့သည် မယုံကြည်အပ်သောအကြောင်းကို သမ္ဗုလာ မင်းသမီးအား ပြောကြားလိုသဖြင့်—

"အဘယ်.... ခိုးကျင့်ခိုးကြံ ပြုတတ်၍ မာယာ
များသော မိန်းမတို့၌ မှန်သော စကားမဖြစ်နိုင်၊
မှန်သောစကားကို ရနိုင်ခဲ့၏၊ မိန်းမတို့အလိုကို
သိနိုင်ခဲ့၏၊ ရေ၌ ငါး သွားရာကို မသိနိုင်သကဲ့သို့
တည်း"—

ဟု ပြောသမျှစကားကို ယုံကြည်ဘွယ်ခဲယဥ်းကြောင်းကို ပြောလေ၏။

သစ္စာတန်ခိုးတော် ရောဂါပျောက်

ထိုအခါ သမ္ဗုလာမင်း သမီးသည် မိမိ အကျင့် မှန်ကန်ခြင်း အကြောင်းကို သစ္စာပြု၍ ယုံကြည်စေလိုသဖြင့်—

"အရှင့်သား.... မယုံကြည်သော်အရှင့်သား၏
နူနာရောဂါကြီးကို အကျွန်ုပ်သည် မှန်ကန်သော
သစ္စာ၏ အစွမ်းဖြင့် ကုစားပါအံ့"—

ဟု လျှောက်ထားပြီးလျှင် အိုးကိုရေဖြင့် ပြည့်စေပြီး၍—

"အရှင့်သား…. အကျွန်ုပ်သည် တပါးသော အရှင့်သားထက် သာလွန်၍ ချစ်သောသူကို မသိစဘူးပါ၊ အကျွန်ုပ်၏စကားသည် အကယ်၍မှန်သည်ရှိသော် သစ္စာတရားသည် အကျွန်ုပ်ကို ယခုအခါ၌လည်း စောင်မပါစေသော်၊ နောင်အခါ၌လည်း စောင်မပါလတ့်၊ ဤသို့မှန်သောစကားကို ဆိုရခြင်းကြောင့် အရှင့်သား၏နူနာသည် ပျောက်ကင်းပါစေသော်"—

ဟု သစ္စာဓိဋ္ဌာန်ပြု၍ သောတ္ထိသေန မင်းသား၏ ဦးခေါင်းပေါ်၌ ရေအိုးဖြင့်ရေကို သွန်းလောင်းလေ၏၊ သစ္စာ၏ အစွမ်းဖြင့် သောတ္ထိသေန မင်းသား၏ နူနာရောဂါကြီးသည် ကြေးနီ၏ အညစ်အကြေးကို ချဉ်ရေဖြင့် ဆေးကျောသကဲ့သို့ ခဏချင်းလျှင် ပျောက်ကင်းလေ၏။

မြို့တော်ဝင်လတ်ထီးနန်းအပ်

ထိုအခါ မင်းသား မင်းသမီးတို့သည် တော၌ နှစ်ရက် သုံးရက်နေပြီးလျှင် မြို့တော်သို့ပြန်၍ ဥယျာဉ်တော်၌ နေကုန်၏၊ ခမည်းတော် ဗြဟ္မဒတ်မင်းကြီးသိတော်မူလျှင် ဥယျာဉ်တော်သို့လာ၍ သောတ္ထိသေနမင်းသားကို မင်းအဖြစ်၊ သမ္ဗုလာမင်းသမီးကို မိဖုရားကြီးအဖြစ် အဘိသိက်သွန်းပြီးလျှင် ထီးနန်းကို အပ်နှင်းလေ၏၊ မိမိမူကား ကာမဂုဏ်တို့ကို စွန့်၍ ရသေ့ရဟန်း ပြုပြီးလျှင် ဥယျာဉ်တော်၌နေ၍ သားတော်မင်းကြီး၏နန်းတော်၌ အမြဲဆွမ်းဘုဉ်းပေးတော်မူ၏။

မိဖုရားသောက ကြိုလှိုလှ

သောတ္ထိသေနမင်းကြီးလည်း သမ္ဗုလာ မင်းသမီးကို မိဖုရားကြီးအရာကိုသာ ပေး၍ တစုံတရာ ချီးမြှောက်ထောက်ပံ့ခြင်းမရှိ၊ မြတ်နိုးစုံမက်ခြင်းလည်းမရှိ၊ တပါးသောမိန်းမတို့နှင့်သာ မွေ့လျော်ပျော်ပါးကာ နေ၏။

သမ္ဗုလာ မိဖုရားကြီးသည် ချစ်လင် မင်းကြီးပြုမူပုံကို မကြေနပ်သဖြင့် စိုးရိမ်သောကရောက်လျက် အအိပ်အစား ပျက်၍ အကြောပြိုင်းရရိုင်းထကာ ကြိုလှိုလျက် ဖြော့တော့သောအဆင်းရှိ၏၊ တနေ့သ၌ စိုးရိမ်သောကကို ဖျောက်မည်ဟုကြံစည်လျက် ဆွမ်းဘုဉ်းပေးကြွလာသောယောဂီမရှင်ရသေ့ထံသွား၍ ရှိခိုးလျက်နေ၏။

သောကဖြစ်ရေး ဖဘာခင်မေး

ရှင်ရသေ့လည်း ညှိုးနွမ်းသော သမ္ဗုလာ မိဖုရားကြီးကိုမြင်လျှင် မိမိဖြစ်နေသော သောကမှုကိုမေးမြန်းလိုသဖြင့်-

“ချစ်သမီးသမ္ဗုလာ....လက်နက် စွဲကိုင်လျက် သူရဲကောင်းတို့ စီးနင်းကုန်သော မြတ်သော ဆင်ခုနစ်ရာတို့ရှိကုန်၏၊ လေးသမား တထောင့်ခြောက်ရာတို့လည်း ရှိကုန်၏၊ နေ့ညမပြတ် ဗာရာဏသီပြည်ကြီးကို စောင့်ကုန်၏၊ အဘယ်ရန်သူကို ချစ်သမီး မြင်သနည်း”—

ဟု ရှေးဦးစွာ မေးလေ၏။

ဖခင်ရသေ့မြတ် လျှောက်တင်အပ်

သမ္ဗုလာမိဖုရားကြီးသည် ယောဂီမရှင်ရသေ့ မေးသောစကားကို လျှောက်ထားလိုသဖြင့်—

"ဘခင်မင်းကြီး… အရှင်မင်းကြီး၏ သားတော်သည် တန်ဆာဆင်ကုန်လျက် ပဒုမာပွင့်ချပ်ကဲ့သို့သော အရေအဆင်း ဟင်္သာကဲ့သို့ သာယာသော အသံရှိကုန်သော မိန်းမတို့ကိုသာ ကြည့်ရှုဘိ၏၊ သီချင်းသံ တီးသံ မှုတ်သံတို့ကို နားထောင်ကာ အကျွန်ုပ်အား ရှေးအခါကဲ့သို့ မကျင့်ပါ"။

"ဘခင်မင်းကြီး….လည်တွင် ရွှေတဘက် ဝတ်ဆင်ကာ ကာမဂုဏ်ဖြင့် အဖမ်းအဆွဲ အလွန်ကောင်းကြ၍ တန်ဆာခပ်သိမ်းကို ဆင်မြန်းလျက် လူမိန်းမဖြစ်လင့်ကစား နတ်သမီးနှင့် တူကုန်သော မင်းသမီးတို့သည် ဘခင်၏ သားတော်ကို ဖြားယောင်းကြကုန်၏"။

"ဘခင်မင်းကြီး…. အကျွန်ုပ်ကို မထေမဲ့မြင် မပြုဘဲ အကယ်၍ မြတ်နိုးတနာပြုပါအံ့၊ ရှေးအခါကဲ့သို့ ကျင့်ပါအံ့၊ ဤသို့ကျင့်ခဲ့သော် အကျွန်ုပ်သည် တဖန် တောသို့ သစ်သီးရှာမှီးကာ ကျွေးမွေးပါအံ့၊ အကျွန်ုပ်အား ဤဗာရာဏသီ ပြည်ကြီးထက်လည်း တောအရပ်သည် မြတ်လှပါ၏"။

"ဘခင်မင်းကြီး…. အကြင်မိန်းမသည် စီရင်အပ် များမြတ်သောထမင်း အဖျော်ရှိသော အိမ်ကြီး၌ ပြေပြစ်သော တန်ဆာကို ဆင်လျက် နေရ၏။

ထိုမိန်းမတို့သည် လင်ကိုနေ့ညမပြတ်—
(၁) လင်၏ ရှေးဦးစွာထလေ့ရှိခြင်း။
(၂) လင်၏ နောက်မှ အိပ်လေ့ရှိခြင်း။
(၃) လင်အလို လိုက်၍ပြုလေ့ရှိခြင်း။
(၄) ချစ်နှစ်သက်ဘွယ် ကျင့်လေ့ရှိခြင်း။
(၅) ချစ်နှစ်သက်ဘွယ် ပြောဆိုလေ့ရှိခြင်း။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံ၏၊ ထိုမိန်းမကို လင်သည်မချစ်အပ်၊မချစ်သောမိန်းမအားလင်အိမ် နေရခြင်းထက် သေရခြင်းသည် မြတ်လှသေး၏”။

“ဘခင်မင်းကြီး.... စင်စစ် အကြင်မိန်းမသည် ဆင်းရဲ၏၊ အထီးကျန်၏၊ ကိုးကွယ်ရာမရှိ၊ ဖျာတချပ် သာအဘော်ရှိ၏၊ ထိုမိန်းမကို လင်သည် ချစ်မြတ် နိုး၏၊ ဤလင်ချစ်သော မိန်းမသာ မြတ်၏၊ မချစ် သောမိန်းမမှာ အလုံးစုံအင်္ဂါ ပြည့်စုံသော်လည်း မမြတ်ပါ”—

ဟု ဘခင် ရသေ့ကြီးအား အကြောင်းစုံ လျှောက်ထား လေ၏။

မိန်းမကျင့်မြတ် လေးစားအပ်

ရှင်ရသေ့လည်း သားတော်မင်းကြီးကို ခေါ်စေ၍“ချစ်သားသောတ္ထိသေန .... သင့်မှာ နူနာရောဂါနှိပ်စက်၍ တောသို့ သွားသည်ရှိသော် ဤသမ္ဗုလာကားသင်နှင့်အတူလိုက်ပါ၍ အဆင်းရဲခံကာ အရှိအသေလုပ်ကျွေးခြင်း, သစ္စာ၏အစွမ်း ဖြင့် နူနာကိုပျောက်ကင်းစေခြင်း စသည်ဖြင့် သင်မင်းအဖြစ် ရရှိကြောင်းကို ပြုလုပ်ပေးသဖြင့် အလွန်ကျေးဇူးများသော မိန်းမဖြစ်လျက် နေရာအရပ်ကိုမျှ သင်မသိ၊ မသင့်လျော်

သောအမှုကိုပြုဘိ၏၊ အဆွေခင်ပွန်းကို ပြစ်မှားခြင်းမည်သည်ကား အလွန်ယုတ်မာလှ၏”ဟုပြောကြားဆုံးမလေ၏။

တရားနှင့်ညီညာ
သားကိုမှာ

ဖခင် ရသေ့သည် သမ္ဗုလာမင်းသမီး၏ကျေးဇူးရှိကြောင်းကို သားအားအကျိုးအကြောင်းကို ပြောဆိုပြီးလျှင်—

“ချစ်သား····လင်ယောကျ်ား၏ အကျိုးစီးပွားကို လိုလားသောမိန်းမကို အလွန်ရခဲလှ၏၊ မယား၏အကျိုးစီးပွားကို လိုလားသော လင်ယောကျ်ားကိုလည်း အလွန်ရခဲလှ၏၊ သင်၏မယား သမ္ဗုလာကား သင်၏ အကျိုးစီးပွားကိုလည်း လိုလား၏၊ သီလ အကျင့်နှင့်လည်း ပြည့်စုံ၏၊ ထိုကြောင့် သမ္ဗုလာကို တရားသဖြင့် ကျင့်ပါ”—

ဟု သားတော် မင်းမြတ်အား အဆုံးအမပေးပြီးလျှင် ကွယ်တော်မူ၏။

မိဖုရားကြီးမွန်မြတ်
စည်းစိမ်အပ်

သောတ္ထိသေန မင်းကြီးလည်း ခမည်းတော် ရသေ့ကြီး ကွယ်တော် မူလျှင် သမ္ဗုလာ မိဖုရားကြီးကို ခေါ်စေ၍ “အရှင်မိဖုရား····ဤမျှလောက်ကာလ ငါပြုမိသောအပြစ်ကို သည်းခံပါဟု တောင်းပန်ပြီးလျှင်- အလုံးစုံသော စည်းစိမ်ကို ရှင်မိဖုရားအား ငါပေးပါ၏”ဟုပြောဆို အပ်နှင်း၍—

“အရှင်မိဖုရားကြီး···· အရှင်မိဖုရားကြီးသည် အကယ်၍ များမြတ်သော စည်းစိမ်တို့ကို ရသော်လည်း ငြူစူ စောင်းမြောင်းလျက် သေခြင်းသို့

ရောက်ရလတံ့၊ ငါနှင့်အလုံးစုံသော မင်းသမီး
အပေါင်းတို့လည်း သင်၏စကားကို လိုက်နာပါ
ကုန်အံ့”–

ဟု အလုံးစုံသောစည်းစိမ်ကို အပ်နှင်းပြီးလျှင် မိမိနှင့်တကွ မင်းသမီးအလုံးစုံလည်း အပ်နှင်းလေ၏။

ထိုအခါမှစ၍ မင်းကြီးနှင့် မိဖုရားတို့သည် သင့်တင့်ညီညွတ်စွာနေကြကုန်လျက် ဒါနစသောကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ သေလွန်သောအခါ ကံအားလျော်စွာ လားကြကုန်၏၊ ခမည်းတော်ရှင်ရသေ့လည်း ဈာန်အဘိညာဉ်ကို ဖြစ်စေ၍ ဗြဟ္မာပြည်သို့လားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါ သမ္ဗုလာသည်- ယခုအခါမလ္လိကာ
မိဖုရားကြီး။

※ သောတ္ထိသေနသည်-ကောသလမင်းကြီး။

※ အဘရသေ့သည် ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရှေးဦးထလေ့၊ နောက်အိပ်လေ့၊ မေး၍ပြုသည်သာ။
(၂) ချစ်ဘွယ်ကျင့်ငြား၊ ပြောဆိုငြား၊ ငါးပါးလင့်၀တ်လာ။
(၃) နတ်နှယ်ရှိသေ၊ ၀တ်စုံပေ၊ မြတ်လေမယားလျာ။

သမ္ဗုလာ ဇာတ်ပြီး၏။

၅၂၀-ဂန္ဓတိန္ဒုကဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

ကောသလမင်း ဆုံးမခြင်း

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးအား ဆုံးမတော်မူခြင်းကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

မင်းကနှိပ်စက် မြို့ရွာပျက်

လွန်လေပြီးသောအခါ ကပိလတိုင်း ဥတ္တရပဉ္စာလပြည်ဝယ်ပဉ္စာလမင်း မင်းပြုသည်ရှိသော် မတရားသဖြင့် မင်းပြု၏၊ အဂတိလေးပါးသို့လိုက်စား၏၊ ထိုအခါ မင်းကြီး၏မှူးမတ်စသည်တို့လည်း တရားမစောင့်ကြကုန်၊ ပြည်သူပြည်သားတို့အား အခွန်ထုတ်ဖြင့် နှိပ်စက်ကုန်၏။

ပြည်သူ ပြည်သားတို့သည် မင်းချင်းတို့ကို ကြောက်သဖြင့် မြို့ရွာနိဂုံးတို့၌ မနေဝံ့ကြတော့ဘဲ သားမယားတို့နှင့်တကွ တောသို့ဝင်၍ ပုန်းလျှိုးကာ သားသမင်တို့ကဲ့သို့ သွားလာ နေထိုင်ကြကုန်၏၊ ညအခါအိမ်၌ နေကြကုန်၏၊ နေ့အခါ အိမ်ကိုဆူးဆို့ကုန်လျက် တောသို့ဝင်၍ပုန်းလျှိုးကာ နေကြရကုန်၏၊ နေ့အခါမင်းချင်းတို့ လုယက်နှိပ်စက်ကုန်၏၊ ညအခါ သူခိုးတို့ လုယက်နှိပ်စက်ကုန်၏။

တည်ပင်စောင့်နတ်ပင် မင်းထံဝင်

ထိုအခါ ဘုရားအလောင်းသည်မြို့၏ ပြင်ပ၌ တည်ပင်စောင့်နတ် ဖြစ်လေ၏၊ နှစ်တိုင်းနှစ်တိုင်း မင်းကြီး

ထံမှ အဘိုးတထောင် ထိုက်သော ပူဇော်သက္ကာရကို ရရှိလေ၏၊ ထိုတည်ပင်စောင့်နတ်သည် ဤမင်းကား မွေ့ခမွေ့လျော့လျော့မင်းပြု၏၊ တိုင်းပြည်ကိုဖျက်ဆီးဘိ၏၊ အဂတိမလိုက်စားရန် တရားစောင့်ရန် ငါမှတပါးပြုလုပ်ပေးနိုင်သူမရှိ၊ ငါ့အားလည်း နှစ်တိုင်းနှစ်တိုင်းပူဇော်သက္ကာရကိုပြုပေ၏၊ ထိုမင်းကို ငါဆုံးမမည် ဟု ကြံစည်လျက် ညအခါမင်း၏ ကြက်သရေတိုက်ခန်းသို့ဝင်၍ ဦးခေါင်းရင်း နံပါးတဘက် ကောင်းကင်၌ အရောင်လွှတ်ကာ တည်နေ၏။

မင်းကျင့်ဖြောင့်မှန်မမေ့လျော့ရန်

ထိုအခါ မင်းကြီးသည် ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းနေသော တည်ပင်စောင့်နတ်ကိုမြင်လျှင် ရုတ်တရက်အံ့အားသင့်ကာ "သင်သည် အဘယ်သူနည်း၊ အဘယ်ကြောင့် ဤနေရာသို့လာသနည်း"ဟု မေးလေ၏၊ တည်ပင်စောင့်နတ်သည် မင်းကြီး၏စကားကို ကြားလျှင်"အရှင်မင်းကြီး····ငါကား တည်ပင်စောင့်နတ် ဖြစ်သည်၊ အရှင်မင်းကြီးအား အဆုံးအမကိုပေးရန် လာခဲ့၏" ဟု ပြော၏၊ "နတ်မင်း··· အဘယ် အဆုံးအမကို ပေးမည်နည်း" ဟု မေး၏၊ "အရှင်မင်းကြီး···· အရှင်မင်းကြီးကား မွေ့မွေ့လျော့လျော့မင်းပြု၏၊ မတရားမင်းပြု၏၊ အဂတိလေးပါးလိုက်စား၏၊ ထိုကြောင့် တိုင်းပြည်သည် ပျက်စီး၏၊ မွေ့မွေ့လျော့လျော့ မင်းပြုသည်ရှိသော် တိုင်းပြည်၏ အရှင်မင်းမည်ရာ၊ မျက်မှောက်၌လည်း ပျက်စီးရ၏၊ တမလွန်၌လည်း ငရဲသို့ကျရာ၏"။

မေ့လျော့ပြီးပျက်
မင်းကျင့်ပျက်

"မင်းကြီး ···· မမေ့မလျော့သည်ရှိသော် ပြည်တွင်းပြည်ပ၌ နေကုန်သော သူတို့သည် မမေ့မလျော့ကြကုန်၊ ထိုကြောင့် ပြည့်ရှင်မင်းမည်သည် အတိုင်းထက်အလွန် မမေ့မလျော့ ဖြစ်ရမည်"ဟုဆုံးမပြီးလျှင်—

"မြတ်သော မင်းကြီး···· မမေ့မလျော့ခြင်းသည် မသေရာအမြိုက်နိဗ္ဗာန်၏ အကြောင်းတည်း၊ မေ့လျော့ ခြင်းကား အဖန်ဖန် သေရခြင်း၏ အကြောင်းတည်း၊ မမေ့မလျော့သော သူတို့သည် သေသည်မမည်ကုန်၊ မေ့လျော့သော သူတို့သည် သေသူတို့နှင့် တူကုန်၏။

"မြတ်သောမင်းကြီး···· မာန်ယစ်ခြင်းကြောင့် မေ့လျော့ခြင်းသည် ဖြစ်ရာ၏၊ မေ့လျော့ခြင်းကြောင့် ပျက်စီးခြင်းသည် ဖြစ်ရာ၏၊ ပျက်စီးခြင်းကြောင့် အပြစ်သည် ဖြစ်ရာ၏၊ ထို့ကြောင့် မမေ့မလျော့ ပါလင့်"။

"မြတ်သောမင်းကြီး···· အမှန်အားဖြင့် မေ့လျော့သော မင်းတို့သည် အကျိုးစီးပွားကိုငင်း, တိုင်းနိုင်ငံကိုငင်း ဖျက်ဆီးသည်မည်ကုန်၏၊ထို့ပြင် ရွာစားတို့သည်ငင်း, ရွာနေသူတို့သည်ငင်း ဆုတ်ယုတ်ပျက်စီးကုန်၏၊ မေ့လျော့သောရဟန်းတို့သည် ရဟန်းအကျင့်မှ ဆုတ်ယုတ်ကုန်၏၊ လူတို့သည်ဥစ္စာ စည်းစိမ် အသက်မှ ဆုတ်ယုတ်ကုန်၏"—

ဝိရိယအားမထုတ်
စီးပွားယုတ်

"မြတ်သော မင်းကြီး.... မေ့လျော့သောမင်း၏တိုင်းပြည်၌ အလုံးစုံသော စည်းစိမ် တို့သည် ဆုတ်ယုတ် ကုန်၏၊ မေ့လျော့ခြင်းကို ပြည့်ရှင်မင်း၏ ဆင်းရဲပျက်စီးကြောင်းဟု ပြောဆိုကြကုန်၏"။

"မြတ်သော မင်းကြီး.... သင်မင်းကြီးကား အပိုင်းအခြားကိုလွန်၍ မေ့လျော့ဘိ၏၊ ဤသို့မေ့လျော့ခြင်းကား ရှေးမင်းတို့၏ အကျင့်မဟုတ်၊ ထမင်း,အဖျော်, ရွှေ,ငွေစသည်တို့နှင့် ပြည့်စုံကြွယ်ဝသော တိုင်းပြည်ကို သူခိုးတို့သည် လုယက်ဖျက်ဆီးကုန်၏"။

"မြတ်သော မင်းကြီး....သင်မင်းကြီး၏ သားတော်သမီးတော်တို့သည် အစဉ်အဆက် မစောင့်ရှောက်နိုင် ကြကုန်လတ့်၊ ရွှေတိုက်, ငွေတိုက်တို့လည်း မရှိကုန်လတ့်၊ တိုင်းပြည်၌ လုယက်ဖျက်ဆီးသည်ရှိသော် သင်မင်းကြီးသည် အလုံးစုံသော စည်းစိမ်ဥစ္စာတို့မှ ဆုတ်ယုတ်ပျက်စီးလတ့်"။

ဥစ္စာမဲ့လျှင်
မထေမဲ့မြင်

"မြတ်သောမင်းကြီး....အလုံးစုံသော စည်းစိမ် ဥစ္စာတို့မှ ဆုတ်ယုတ်ပျက်စီးသောသူကို မင်းပင် ဖြစ်သော်လည်း ဆွေမျိုးဉာတိ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့သည် အသိအမှတ်ပြုရမည်ဟု မအောက်မေ့ကြကုန်"။

"မြတ်သောမင်းကြီး...မင်းကြီးကိုမှီ၍ အသက်မွေးကုန်သော ဆင်စီးသူရဲ,မြင်းစီးသူရဲ, ရထားစီး

သူရဲ,ခြေသည်သူရဲ, သက်တော်စောင့်ကိုယ်ရံတော်တို့လည်း အသိအမှတ်ပြုမည်ဟု မအောက်မေ့ကြကုန်''။

ဘူးစမ်းဆင်ခြင်
လမ်းမှန်မြင်

''မြတ်သောမင်းကြီး....မစုံစမ်းမဆင်ခြင်ဘဲ အမှုကိစ္စကိုပြုတတ်သော၊မိုက်မဲစွာဘိ မသိမလိမ်မာ ပညာနည်းပါးလှသောမင်းကို ဘုန်းကြက်သရေတို့သည် စွန့်ကုန်၏၊ မြွေသည် အရေဟောင်းကို စွန့်သကဲ့သို့တည်း''။

''မြတ်သောမင်းကြီး.... စုံစမ်းဆင်ခြင်၍ အမှုကိစ္စကိုပြုတတ်သော သင့်သောအခါ လုံ့လရှိ၍ မပျင်းရိသောမင်းအား ဥသဘနှင့်တကွသော နွားတို့သည် တိုးပွားကုန်သကဲ့သို့ အလုံးစုံသောစည်းစိမ်ဥစ္စာတို့သည် တိုးပွားကုန်၏''။

''မြတ်သော မင်းကြီး.... ပြည်သူပြည်သားတို့ ထံကပ်၍ စနည်းနာရန် ထိုထိုမြို့ရွာနိဂုံးဇနပုဒ်သို့ သွားပါလော့၊ ထိုထိုအရပ်တို့၌မြင်ခဲ့၍ငင်း,ကြားခဲ့၍ငင်း မြင်ခဲ့ရာ ကြားခဲ့ရာမှ သင်မင်းကြီးသည် ကျင့်ရပါလတ့်''။

ဟု အကျိုးအကြောင်းပြသ ဆုံးမပြီးလျှင် မိမိနေရာဗိမာန်သို့သွားလေ၏။

တိုင်းပြည်အပ်လျက်
စုံစမ်းထွက်

မင်းကြီးလည်း တည်ပင်စောင့်နတ်၏ စကားကိုကြားလျှင် အလွန်ထိတ်လန့်လျက် မိုးသောက်သောအခါ တိုင်းပြည်ကိုမှူးမတ်တို့အား အပ်နှင်းခဲ့၍ စုံစမ်းရန်ပုရောဟိတ်ပုဏ္ဏား

ကိုခေါ်၍ မြို့တော်အရှေ့တံခါးမှ ထွက်လေ၏၊ တယူဇနာခန့် ရောက်လျှင် တခုသောရွာငယ်၌နေသော လူအိုတယောက် သည် မိုးသောက်ထအခါ တအိမ်လုံးကို ဆူးဆို့ခဲ့၍ သား မယားနှင့်တကွ တောသို့ဝင်၍နေပြီးလျှင် အခွန်တောင်း သောမင်းချင်းတို့ သွားကုန်သည်ရှိသော် အိမ်သို့ပြန်လာခဲ့ ၍တံခါးဝ၌ ဆူးစူးသဖြင့် ထိုင်၍ ဆူးကိုနှုတ်လျက်–

"အချင်းတို့....ငါသည် ယခုအခါ၌ ဆူးစူးသည် ဖြစ်၍ ဆင်းရဲဝေဒနာ ခံစားရသကဲ့သို့ ထို့အတူ စစ်မြေပြင်၌ ပဉ္စာလမင်းကြီးသည် မြှားစူးသည် ဖြစ်၍ ဆင်းရဲဝေဒနာ ခံစားရပါစေ"–

ဟု ပဉ္စာလမင်းကို ကျိန်ဆဲလေ၏။

မင်းကိုကျိန်ဆဲမှု အမေးပြု

မင်းနှင့်ပုဏ္ဏားတို့လည်း ထိုလူအိုအနီး သို့ရောက်ခိုက်ဖြစ်၍ လူအိုကျိန်ဆဲသော အသံကိုကြားလျှင် ပုရောဟိတ်သည် လူ အိုအား–

"အချင်းလူအို.... သင်ကား အိုမင်းသဖြင့် မျက်စိအမြင် အားနည်းခဲ့၏၊ အဆင်းသဏ္ဌာန်ကို ကောင်းစွာမမြင်ခဲ့၊ ထို့ကြောင့် သင့်ကိုဆူးစူးဘိ၏၊ သို့ဆူးစူးရာ၌ ဗြဟ္မဒတ်မင်းမှာ ဘယ်အပြစ်ရှိ သနည်း"–

ဟု လူအိုအား မေးလေ၏။

မင်းကညှဉ်းဆဲ လွန်ဆင်းရဲ

ထိုအခါလူအိုသည် ပုဏ္ဏားအား မင်း ညှဉ်းဆဲ၍ လူအများ ဆင်းရဲကြောင်း ကိုပြောလို၍–

"အို-ပုဏ္ဏား....ငါကား ဆူးရှိသောလမ်းခရီး၌ လဲခဲ့၏၊ ငါ့ကို ဆူးစူးရာ၌ ဗြဟ္မဒတ်မင်းမှာ အပြစ် များလှ၏၊ထိုမင်းကား တိုင်းပြည်ကိုမစောင့်ရှောက် ပါ၊ မတရားသောအခွန်အတုတ်ဖြင့် နှိပ်စက်ညှဉ်း ဆဲဘိ၏။

မှန်လှ၏၊ ညအခါ သူခိုးတို့သည် လုယက်ဖျက် ဆီးကုန်၏၊ နေ့အခါ အခွန်တောင်းသောမင်းချင်း တို့သည် လုယက်ဖျက်ဆီးကုန်၏၊ စဉ်းလဲယုတ်မာ လှသော မင်း၏နိုင်ငံ၌ မတရားသူတို့သည် များ ပြားလှကုန်၏"။

"အို-ပုဏ္ဏား....ဤလို ဘေးရန်တွေ များသော ကြောင့် အလွန်ကြောက်လန့်ကုန်သော လူတို့သည် တောမှ ဆူးတို့ကိုယူဆောင်၍ အိမ်တို့ကိုပိတ်ဆို့ပြီး လျှင် ပုန်းအောင်းကာ နေကြရကုန်၏"–

ဟု ဗြဟ္မဒတ်မင်းမှာ အပြစ်တွေ များလှကြောင်းကို ပြောဆိုလေ၏။

ရှေ့သို့ဆက်လက် စုံစမ်းထွက်

မင်းကြီးသည် လူအိုစကားကိုကြားလျှင် ပုရောဟိတ်ကိုခေါ်၍ "ဆရာ.... လူအို သည် သင့်လျော်သောစကားကိုပြောဆို ပေ၏၊ ငါတို့အပြစ်သာဖြစ်သည် ပြန်ကြကုန်အံ့၊ တရားနှင့် အညီ မင်းပြုကုန်အံ့"ဟု ပြောဆိုလေ၏၊ ထိုအခါ ပုရော ဟိတ်သည် "မြတ်သောမင်းကြီး.... ရှေ့သို့သွား၍ စုံစမ်း ဦးမည်"ဟု လျှောက်ထားပြီးလျှင် မင်းပုရောဟိတ်တို့သည် တပါးသောရွာသို့ သွားကြပြန်၏၊ ခရီးလမ်းအကြားဝယ်

မိန်းမအိုတယောက်ကို တွေ့ပြန်လေ၏၊ ထိုမိန်းမအိုသည် အလွန်ဆင်းရဲ၍၊ အရွယ်ရောက်သော သမီးနှစ်ယောက်တို့ကိုစောင့်ရှောက်လျက် မိမိကိုယ်တိုင် တောမှ ထင်း, ဟင်းသီး ဟင်းရွက်တို့ကို ဆောင်ယူ၍ သမီးတို့ကို ကျွေးမွေးရ၏။

အမယ်အိုလဲ မင်းကျိန်ဆဲ

အမယ်အိုသည် ထိုနေ့၌ပင် ချုံတခုသို့တက်၍ ဟင်းသီး ဟင်းရွက် ခူးသည်ရှိသော် မြေသို့လိမ့်ကျလျှင် အလွန်နာကျင်လှသဖြင့်—

"အချင်းတို့.... ဗြဟ္မဒတ်မင်း၏ တိုင်းနိုင်ငံ၌ သတို့သမီးတို့သည် လင်မရဘဲ အိုကြရကုန်၏၊ ငါ့သမီးနှစ်ယောက်တို့သည် အဘယ်၍ လင်ရကုန်အံ့၊ ငါ့ကိုကျွေးမွေးကုန်ရာ၏၊ ယခုမှာမူ ငါကိုယ်တိုင်အလုပ်လုပ်ရသဖြင့် ချုံပေါ်မှကျရာ၏၊ ထို့ကြောင့် ဤဗြဟ္မဒတ်မင်းသည် ဘယ်အခါ၌ သေပါအံ့နည်း"—

ဟု ဗြဟ္မဒတ်မင်းကို ကျိန်ဆဲလေ၏။

အမယ်အိုကျိန်မှု အမေးပြု

ထိုအခါ ပုရောဟိတ်သည် မိန်းမအိုကို မင်းကြီးနှင့်ပုရောဟိတ်တို့သည် ကျိန်ဆဲသောအမှုကို မေးလိုသဖြင့်—

"အကြောင်းမဟုတ်သည်၌ လိမ်မာ လှသောဟယ်-မိန်းမယုတ်.... သင်သည် မကောင်းသောစကားကိုဆိုဘိ၏၊ မှန်ပေ၏၊ ဗြဟ္မဒတ်မင်းသည်နင့်သမီးတို့အား လင်ကို အဘယ်အရပ်၌ရှာ၍ပေးရအံ့နည်း"—

ဟု တားမြစ် ပိတ်ပင်လေ၏။

မင်းနှိပ်စက်က လင်မရ

ထိုအခါ မိန်းမအိုသည် ပုဏ္ဏားအား မင်းကျင့် မကောင်းသဖြင့် တိုင်းပြည် ပျက်စီးခြင်း၏ အကြောင်းကို ပြောလို ရကား—

"အို-ပုဏ္ဏား...ငါသည်မကောင်းသောစကား ကို ပြောဆိုသည်မဟုတ်၊ အကြောင်း၌လိမ်မာ၏၊ ထိုမင်းသည် တိုင်းနိုင်ငံကိုမစောင့်ရှောက်၊ မတရား သောအခွန်အတုတ်ဖြင့် နှိပ်စက်ညှဉ်းဆဲ၏။

မှန်လှ၏၊ ညအခါ၌ သူခိုးတို့သည် လုယက်ဖျက် ဆီးကုန်၏၊ နေ့အခါ အခွန်တောင်းသောမင်းချင်း တို့သည် လုယက်ဖျက်ဆီးကုန်၏၊ စဉ်းလဲယုတ်မာ လှသော မင်း၏နိုင်ငံ၌ တရားမစောင့် သူတို့သည် များပြားလှကုန်၏၊ မကောင်းသဖြင့် အသက်မွေး ရသော တိုင်းနိုင်ငံ၌ သားမယားတို့ကို မကျွေးမွေး နိုင်သည်ရှိသော် သတို့သမီးတို့သည် အဘယ်မှာ လင်ရကုန်နိုင်အံ့နည်း"—

ဟု ဗြဟ္မဒတ်မင်းအား ကျိန်ဆဲခြင်းအကြောင်းကို ပြော ဆိုလေ၏။

လယ်ထွန်သူလဲ မင်းကျိန်ဆဲ

မင်းပုဏ္ဏားတို့သည် သင့်လျော်သော စကားကို ပြောဆိုပေသည်ဟု တပါး သောအရပ်သို့ သွားကြပြန်သော် လယ် ထွန်ယောကျ်ားတယောက်ထံသို့ ရောက်ကုန်၏၊ ထိုအခိုက် လယ်ထွန်ယောကျ်ား၏ သာလိမည်သောနွားကြီးတကောင် သည် ထွန်သွားစူးသည်ဖြစ်၍လဲလေ၏၊ ထိုအခါ လယ်ထွန် ယောကျ်ားသည် ဗြဟ္မဒတ်မင်းအား—

"အချင်းတို့.... ငါ၏ သာလိမည်သောနွားကြီး သည် ထွန်သွားစုးသည်ဖြစ်၍ ဆင်းရဲစွာလဲသကဲ့သို့ ထို့အတူ ပြဟ္မဒတ်မင်းသည် စစ်မြေပြင်၌ လှံမထိုး မိသဖြင့် လဲပါစေ"–

ဟု ကျိန်ဆဲပြန်၏၊ပုရောဟိတ်သည်လယ်ထွန်ယောကျ်ား ကို–

"ဟယ်-လူယုတ်....သင်ကားမိမိအပေါ်၌ တစုံ တရာမပြစ်မှားဘဲလျက် ပြဟ္မဒတ်မင်းကို ကျိန်ဆဲ ဘိ၏၊ သင်ကား အကြောင်းမဟုတ်သဖြင့် ပြဟ္မ ဒတ်မင်းအား အမျက်ထွက်ဘိ၏"–

ဟု တားမြစ် ပိတ်ပင်လေ၏။

မင်းကျင့်မမှန် ဘေးတွေ့ပြန်

ထိုအခါ လယ်ထွန် ယောကျ်ားသည် ပုရောဟိတ်အား မင်းကျင့်မမှန်၍ လူ အများ ဆင်းရဲရခြင်း အကြောင်းကို ပြောလို၍–

"အို-ပုဏ္ဏား.... ငါသည် ဟုတ်မှန်သောသ ဘောဖြင့် ပြဟ္မဒတ်မင်းအား အမျက်ထွက်ဘိ၏၊ ထိုမင်းသည် တိုင်းနိုင်ငံကို မစောင့်ရှောက်၊မတရား သောအခွန်အတုတ်ဖြင့် နှိပ်စက်ညှဉ်းဆဲ၏။

မှန်လှ၏၊ညအခါ သူခိုးတို့သည် လုယက်ဖျက်ဆီး ကုန်၏၊ နေ့အခါ အခွန်တောင်းသော မင်းချင်းတို့ သည် လုယက်ဖျက်ဆီးကုန်၏၊ စဉ်းလဲယုတ်မာလှ သော မင်း၏နိုင်ငံ၌ တရားမစောင့် သူတို့သည် များပြားလှကုန်၏။

"ဟယ်-ပုဏ္ဏား···· ထမင်းပို့လာသော ငါ့မယားသည် တဖန်ပြန်၍ ထမင်းချက်ရသည်ထင်၏၊ နေကြီးမြင့်မှ ထမင်းပို့လာ၏၊ ထမင်းပို့အလာကို ကြည့်မျှော်မိသဖြင့် ငါ၏သာလိမ့်မည်သော နွားကြီးကို ထွန်သွားစူးရ၏"—

ဟု ဗြဟ္မဒတ်မင်း၏ အပြစ်တို့ကို ပြောဆိုလေ၏။

နို့ညှစ်သူပင် မင်းပြစ်တင်

မင်းပုဏ္ဏားတို့လည်း သင့်လျော်သော စကားကိုပြောဆိုပေသည်ဟု ထိုအရပ်မှဘဲကာ သွားကြပြန်သော် တခုသော ရွာသို့ရောက်၍ ညအခါ တည်းခိုကြကုန်၏၊ ယောက်ျား တယောက်သည် မိုးသောက်ထအခါစောစောကလျှင် နွားမ တကောင်ကို နို့ညှစ်၏၊ ထိုနွားမစဉ်းလဲသည် ခြေဖြင့် ကျောက်ကန်သဖြင့် နို့ရည်အိုးနှင့်အတူလိမ့်၍လဲကာ နို့ရည် တွေဖိတ်လေ၏၊ ထိုအခါ နို့ညှစ်ယောက်ျားသည် ဗြဟ္မဒတ် မင်းအား—

"အချင်းတို့···· ယနေ့ ငါတို့နွားမ ခြေဖြင့် ကျောက်ကန်သကဲ့သို့ရင်း, နို့ရည်အိုးလိမ့်သကဲ့သို့ ရင်း ထို့အတူ ဗြဟ္မဒတ်မင်းသည် စစ်မြေပြင်၌ သန်လျက်ဖြင့် အခုတ်ခံရသည်ဖြစ်၍ သေပါစေ"—

ဟု ကျိန်ဆဲ ပြန်၏။

ကျိန်မှုခြင်းရာ မေးကြရာ

ထိုအခါ ပုရောဟိတ်သည် မင်းအား ကျိန်ဆဲသော အကြောင်းကို နို့ညှစ် ယောက်ျားအား မေးလိုသဖြင့်—

"ဟယ်-ယောက်ျားမိုက်…. သင်၏နွားမသည် မြေဖြင့်ကျောက်ကန်သည်ဖြစ်၍ သင်လည်းလဲကာ နှိရည်တွေဖိတ်ဘိ၏၊ ထိုသို့နွားကန်ရာ နို့ရည်ဖိတ်ရာ၌ ပြဟ္မဒတ်မင်းအား ဘယ်အပြစ်ရှိသနည်း၊ သင်ကျိန်ဆဲခြင်းကား မသင့်လျော်"-
ဟု တားမြစ် ပိတ်ပင် လေ၏။

မင်းကနှိပ်စက်အမျက်ထွက်

ထိုအခါ နို့ညှစ်ယောက်ျားသည် နွားမ နို့ညှစ်ရခြင်း အကြောင်းအရာကို ပုရောဟိတ်အား ပြောကြားလိုသဖြင့်-

"အို-ပုဏ္ဏား….ပြဟ္မဒတ်မင်းကိုသာ ကျိန်ဆဲရမည်၊ အဘယ်ကြောင့်နည်း၊ ပြဟ္မဒတ်မင်းသည် တိုင်းနိုင်ငံကိုမစောင့်ရှောက်၊ မတရားသောအခွန်အတုတ်ဖြင့် နှိပ်စက်ညှဉ်းဆဲ၏။

မှန်လှ၏၊ ညအခါသူခိုးတို့သည် လုယက်ဖျက်ဆီးကုန်၏၊ နေ့အခါ အခွန်တောင်းသောမင်းချင်းတို့သည် လုယက်ဖျက်ဆီးကုန်၏၊ စဉ်းလဲယုတ်မာလှသော မင်း၏နိုင်ငံ၌ တရားမစောင့်သူတို့သည် များပြားလှကုန်၏"။

"အို-ပုဏ္ဏား….ဤနွားမကား ကြမ်းကြုတ်၏၊ ပြေးလွှဲ့ရှိ၏၊ ရှေးအခါ ထိုနွားမကိုနို့မညှစ်လေ၊ ယခုအခါကား နို့ရည်ကို လိုကုန်သောမင်းချင်းတို့သည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ညှစ်ရ၏"-
ဟု ပြဟ္မဒတ်မင်း၏ အပြစ်တို့ကို ပြောဆိုလေ၏။

နွားမအဖြစ်လို မင်းကျိန်ဆို

ထိုအခါ မင်းပုရောဟိတ်တို့သည် သင့်လျော်သောစကားကို ဆိုပေသည် ဟု ထိုအရပ်မှဘဲကာ မြို့သို့ပြန်ကုန်၏၊ခရီးအကြား တခုသောရွာဝယ် မင်းချင်းတို့သည် သန်လျက်အိမ်လုပ်ရန် အမွေးအခရေပျောက်ကျားသော နို့ရှိနွားငယ်ကိုသတ်၍အရေကိုယူကြကုန်၏၊ ထိုအခါအမိနွားမကြီးသည် သားငယ်ကို လွမ်းဆွတ်စိုးရိမ်လျက် မြက်ကိုလည်းမစား၊ ရေကိုလည်းမသောက် ငိုမြည်တမ်းလျက် လှည့်လည်ကာနေ၏၊ ထိုနွားမကြီးကိုမြင်လျှင် ရွာနေသူငယ်တို့သည်—

"အချင်းတို့.... ဤ နွားမကြီးသည် သားနှင့်ကင်းကွာရသည့်အတွက် ဆင်းရဲသည်ဖြစ်၍ ငိုမြည်တမ်းလျက်ပြေးသွားရသကဲ့သို့ ထို့အတူ ဗြဟ္မဒတ်မင်းသည် သားသမီးတို့နှင့်ကင်းကွာသည်ဖြစ်၍ ငိုမြည်တမ်းရပါစေ၊ ပိန်ချုံးခြောက်ကပ်၍ နေပါစေ"—

ဟု ဗြဟ္မဒတ်မင်းကို ကျိန်ဆဲလေ၏။

သူငယ်တို့ဆဲရေး မင်းပုဏ္ဏားမေး

ပုရောဟိတ်ကြားလျှင် သူငယ်တို့အားကျိန်ဆိုသော အကြောင်းကို မေးလိုသဖြင့်—

"အမောင်တို့....နွားမကြီးသည် နွားကျောင်းသားတွေ ထိန်းကျောင်းနေစဉ်ပင် ပြေးလည်းပြေးခဲ့၏၊ မြည်တမ်းလည်း မြည်တမ်းခဲ့၏၊ ထိုသို့နွားမကြီးပြေးရာ မြည်တမ်းရာ၌ ဗြဟ္မဒတ်မင်းအားဘယ်အပြစ်ရှိသနည်း"—

ဟု အကြောင်းကို မေးလေ၏။

မင်းနှိပ်စက်မှု ဆင်းရဲစု

ထိုအခါ သူငယ်တို့သည် ပုရောဟိတ်အား ဆင်းရဲစွာ နေထိုင်ရသော အကြောင်းအရာကို ပြောကြားလိုသဖြင့်—

"အို-ပုဏ္ဏားကြီး....ဗြဟ္မဒတ်မင်းအား အပြစ်တွေ များပြားလှ၏၊ ထိုမင်းသည် တိုင်း နိုင်ငံကို မစောင့်ရှောက်၊ မတရားသော အခွန်အတုတ်ဖြင့် နှိပ်စက် ညှဉ်းဆဲဘိ၏။

မှန်လှ၏၊ ညအခါ၌ သူခိုးတို့သည် လုယက်ဖျက်ဆီးကုန်၏၊ နေ့အခါ၌ အခွန်တောင်းသော မင်းချင်းတို့သည် လုယက်ဖျက်ဆီးကုန်၏၊ စဉ်းလဲယုတ်မာလှသော မင်း၏နိုင်ငံ၌ တရားမစောင့်သူတို့သည် များပြားလှကုန်၏၊ အဘယ်ကြောင့် သန်လျက်အိမ်လုပ်ဘို့ရန် နို့စို့နွားငယ်ကို မတရားသော မင်းချင်းတို့သည် သတ်၍ အရေကို ယူကြကုန်သနည်း"—

ဟု ဗြဟ္မဒတ်မင်း၏ အပြစ်တို့ကို ပြောဆိုကုန်၏။

ဘားတို့ သေပွဲ မင်းကျိန်ဆဲ

မင်းပုဏ္ဏားတို့သည်လည်း သင့်လျော်သောစကားကို ဆိုကြကုန်၏ဟု ထိုအရပ်မှ ဘဲ၍သွားကြပြန်ရာ ခရီးအကြား၌ ရေခြောက်ခန်းနေသော ရေကန်တခုသို့ ရောက်ကြကုန်၏၊ ထိုကန်၌ဘားတို့ကို ကျီး လင်းတတို့သည် ထိုးဆိတ်၍စားကြကုန်၏၊ ထိုအခါ ဘားတို့သည် ဗြဟ္မဒတ်မင်းကြီးအား—

"အချင်းတို့.... ငါတို့ကို ကျီး လင်းတတို့သည် ထိုးဆိတ်စားသောက်ကုန်သကဲ့သို့ ထို့အတူ စစ်မြေ

ပြင်၌ အသတ်ခံရသည်ဖြစ်၍ မြဟ္မဒတ်မင်းနှင့်တကွ သားသမီးတို့ကို ကျီး လင်းတတို့သည် ထိုးဆိတ်စား ပါစေကုန်သတည်း"—

ဟု ကျိန်ဆဲကြကုန်၏၊ ပုရောဟိတ်သည် ဘားတို့ကျိန်ဆဲသံကို ကြားလျှင်—

"အို-ဘားတို့.... မင်းတို့မည်သည် လူ့ပြည်၌ အလုံးစုံသော သတ္တဝါတို့ အစောင့်အရှောက်ကို မစီရင်နိုင်ကုန်၊ သင်တို့ကဲ့သို့သော ဘားမျိုးတို့ကို အသက်ရှင်ကုန်စဉ်ပင် ကျီး လင်းတတို့သည် စားကြကုန်၏၊ ကျီး လင်းတတို့ စားကာမျှဖြင့် မင်းကို တရားမစောင့် ဟု မဆိုရာ"—

ဟု ဘားတို့အား တားမြစ် ပိတ်ပင် လေ၏။

မင်းကျင့်မမှန် မိုးခေါင်ပြန် ထိုအခါ ဘားတို့သည် ပုဏ္ဏားအား မင်းကျင့်တရား မမှန်ကန်၍ မိုးခေါင်ခြင်းအကြောင်းကို ပြောကြားလို၍—

"အို-ပုဏ္ဏားကြီး.... မင်းယုတ်၏ ချစ်ဘွယ်သောစကားကို ပြောဆိုဘိ၏၊ တရားမစောင့်သူနှင့် တူလေစွတကား၊ များစွာသော သတ္တဝါတို့ကို ဖျက်ဆီးသည်ဖြစ်၍ မွေ့လျော်နေသော မင်းယုတ်ကို ချီးမွမ်းဘိ၏"။

"အို-ပုဏ္ဏားကြီး....ဤတိုင်းပြည်သည် သာယာဝပြောသောတိုင်းပြည် အကယ်၍ဖြစ်ငြားအံ့၊ ဝပြော ပြည့်စုံသော ကောက်ရှိ၍ ကြည်ညိုဘွယ်ရှိသည်ဖြစ် ငြားအံ့၊ သို့ဖြစ်သည်ရှိသော် ကျီးတို့သည် ပူဇော်

ပသရာတို့၌ မြတ်သောထမင်းဘောဇဉ်ကို စားကြ
ကုန်ရာ၏၊ ငါတို့ဘားမျိုးတို့ကို အရှင်လတ်လတ်
မစားကြကုန်ရာ” –

ဟု ပြဟ္မဒတ်မင်း၏ အပြစ်ကိုသာ ပြောဆိုကုန်၏။

ကိုယ်တွေ့မျက်မြင် မင်းဆင်ခြင် ထိုအခါ မင်းပုရောဟိတ်တို့သည် စုံစမ်းရာ ခြောက်ဌာနလုံးမှာပင် ကျိန်ဆဲသံ အပြစ်ပြောသံကိုကြားရလျှင် တောနေတိရစ္ဆာန်မှစ၍ အလုံးစုံသောသူတို့သည် ငါတို့ကိုသာလျှင် ဆဲရေးကြကုန်၏၊ အပြစ်ပြောကြကုန်၏ဟု တိုင်ပင်ပြောဆိုပြီးလျှင် မြို့တော်သို့ဝင်ကာ ထိုနေ့မှစ၍ အဂတိလေးပါး မလိုက်စားဘဲ တရားနှင့်အညီ မင်းပြုလေ၏၊ တည်ပင်စောင့်နတ်၏ အဆုံးအမ၌တည်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

ရဟန်းတို့....

※ ထိုအခါ တည်ပင် စောင့်နတ်သည်- ယခုအခါ
ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မေ့လျော့သည့်မင်း၊စည်းစိမ်ယွင်း၊သုဉ်ဖျင်းဂုဏ်အာဏာ။
(၂) သားနှင့်မယား၊ မှူးမတ်များ၊ ပျက်ပြားရုံမိုလ်ပါ။

(၃) မဆင်မခြင်၊ မိုက်မဲလျှင်၊ ဘုန်းကြွင်သရေကွာ။
(၄) အဂတိလွှဲ၊ တရားဘဲ၊ ညှဉ်းဆဲမင်းယုတ်မာ။
(၅) မတရားကြောင်း၊ အခွန်တောင်း၊ လူပေါင်းအစေင့်ကွာ။
(၆) ညသူခိုးပူ၊ နေ့ခွန်ပူ၊ များလူပုန်းအောင်းကာ။
(၇) မင်းယုတ်စဉ်းလဲ၊ နိုင်ငံထဲ၊ ပေါ်မြဲမတရားသာ။
(၈) တိရစ္ဆာန်လူ၊ မင်းကိုမူ၊ ပြစ်ယူကျိန်ဆဲကာ။

ဂန္ဓတိန္ဒုဇာတ်ပြီး၏။
တိံသနိပါတ်စကားပြေပြီး၏။

စတ္တာလီသနိပါတ်

၅၂၁- တေသကုဏဇာတ်

ပဌမပဏ္ဏာသ။

မင်းကျင့်ကောင်းပြ ဆုံးမမှု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကောသလ မင်းကြီးသည် တရားတော်ကို နာကြားရန် မြတ်စွာဘုရားထံ ဆည်းကပ်လေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ကောသလမင်းကြီးအား“မြတ်သောမင်းကြီး··သား,သမီး, မိဖုရား,မှူးမတ်, ခြွေရံပရိသတ်, စည်းစိမ်, အခြံအရံကိုအစွဲ၍ မေ့လျော့ခြင်းကို မဖြစ်စေလင့်၊ အဂတိလေးပါး မလိုက်စားဘဲ တရားသဖြင့် မင်းပြုသင့်၏၊ ' ရှေးမင်းတို့သည် မြတ်စွာဘုရား ပွင့်တော်မူခိုက် မကြုံကြိုက်ကြသော်လည်း ပညာရှိတို့၏ အဆုံးအမခံ၍ တရားသဖြင့်မင်းပြုသော ကြောင့် နတ်ပြည်ကိုပြည့်စေဘူးကုန်ပြီ”ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

မင်းကြီးပျော်ပါး ဥယျာဉ်သွား

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုမင်းအား သားသမီးမရှိ၊ ဆုတောင်းသော်လည်း သားသမီးမရ။

တနေ့သ၌ မင်းကြီးသည် အခြံအရံ များစွာနှင့်တကွ ဥယျာဉ်တော်သို့ သွားပြီးလျှင် တနေ့လုံး ကစားတော်မူလျက် အင်ကြင်းပင်ကြီး၏ အနီးဖြစ်သောမင်္ဂလာကျောက်ဖျာထက်၌ နေရာခင်းစေပြီးလျှင် လျောင်းစက်တော်မူ၏၊ အတန်ငယ်ကြာ၍ နိုးတော်မူကာအင်ကြင်းပင်ကြီးကိုကြည့်လတ်သော် ငှက်သိုက်ကိုမြင်လေ၏၊ မြင်သည်နှင့်တပြိုင်နက် အလွန်ချစ်မြတ်နိုး၏။

အင်ကြင်းပင်ဖျား ငှက်ဥများ

ထိုအခါ မင်းကြီးသည် မင်းချင်းယောကျ်ား တယောက်ကို ခေါ်စေ၍ ငှက်သိုက်၌ တစုံ တရာ ရှိမရှိ သိရန် အတက်ခိုင်းတော်မူ၏၊ မင်းချင်းယောကျ်ားလည်း မင်းကြီးအမိန့်အတိုင်း အင်ကြင်းပင်ကြီးသို့တက်၍ ငှက်သိုက်ကိုကြည့်ရှုရာ ဥသုံးလုံးကိုမြင်လျှင် ဥသုံးလုံးရှိကြောင်း မင်းကြီးအား လျှောက်ထားလေ၏၊ မင်းကြီးသည် "အချင်း.. အဥပေါ်သို့ နှာခေါင်းလေမလွှတ်လင့်"ဟု ပြောဆိုပြီးလျှင် ပန်းတောင်း၌ ဝါဂွမ်းစုကို ခင်း၍ပေးကာ ထိုဝါဂွမ်းစု၌ ငှက်ဥတို့ကိုထည့်၍ ဖြည်းညှင်းသာယာစွာ ယူခဲ့လော ဟု ပြောလေ၏၊ မင်းချင်းလည်း မင်းကြီးဆိုတိုင်းပြု၍ အောက်သို့ ဆင်းသက်ပြီးလျှင် မင်းကြီးအား ဆက်သလေ၏။

ဥများထိန်းရန် အမတ်အပ်နှံ

မင်းကြီးလည်း ငှက်ဥတောင်းကို ကိုင်ကာ "အမတ်တို့…. ဤငှက်ဥတို့ကား အဘယ် ငှက်ဥတို့နည်း" ဟု မေး၏၊ "အရှင်မင်းကြီး….အကျွန်ုပ်တို့ မသိပါကုန်၊ မုဆိုးတို့သိပါလိမ့်မည်"ဟု လျှောက်၏၊ မင်းကြီးသည် တဖန် မုဆိုးတို့ကိုခေါ်စေ၍ "အမောင်တို့….ဤငှက်ဥတို့ကား အဘယ် ငှက်ဥတို့နည်း" ဟု မေး၏၊ "အရှင်မင်းကြီး…. တလုံးကား ခင်ပုပ်ဥ၊ တလုံးကား ဆက်ရက်ဥ၊ တလုံးကား ကျေးဥဖြစ်ပါသည်"ဟု လျှောက်ကြ၏၊ "အမောင်တို့…. အသိုက်တခုထည်း၌ငှက်မသုံးကောင် ဥနိုင်ပါသလော"ဟု မေးပြန်၏၊ "အရှင်မင်းကြီး….ဥနိုင်ပါသည်၊ ဘေးရန်မရှိသော် မပျက်စီးကုန်" ဟု လျှောက်ပြန်၏၊ မင်းကြီးသည် အလွန် နှစ်သက်တော်မူ၍ ဤဥတို့သည် ငါ့သားတော်တို့ ဖြစ်ကြလိမ့်မည်ဟု နှလုံးသွင်း၍ အမတ် သုံးယောက်တို့အား တလုံးစီအပ်နှင်း၍ "အမတ်တို့….ကောင်းစွာစောင့်ရှောက်ကြကုန် ပေါက်သောအခါ ငါ့အားလျှောက်ထားကြကုန်"ဟု မိန့်တော်မူ၏။

ငှက်တို့ပေါက်ကြောင်း အမည်ပေးထား

အမတ်သုံးယောက်တို့သည် ငှက်ဥတို့ကို ကောင်းစွာ စောင့်ရှောက် ကြကုန်၏၊ ခင်ပုပ်ဥသည် ရှေးဦးစွာပေါက်၏၊ ထိုအခါ ဥတော်ထိန်းအမတ်သည် မုဆိုးကိုခေါ်၍ အဖိုအမ အဖြစ်ကို စုံစမ်းစေရာ အဖိုဖြစ်ကြောင်းကိုသိလျှင် မင်းကြီးထံကပ်၍ "အရှင်မင်းကြီး…. သားတော် ဘွားမြင်ပါပြီ" ဟု လျှောက်ထား၏၊ မင်းကြီးလည်း အလွန်နှစ်သက်တော်

မှုသဖြင့် အမတ်အား ဥစ္စာများစွာ ပေးပြီးလျှင်“ငါ့သား တော်ကို ကောင်းစွာမွေးမြူလော့၊ ဝေဿန္တရာ ဟူသော အမည်ကိုလည်း မှည့်လော့”ဟု မှာထား၍ လွှတ်လိုက်၏။

နောက်တရက် နှစ်ရက်လွန်သဖြင့် ဆက်ရက်ဥသည် ပေါက်၏၊ ဥတော်ထိန်းအမတ်သည် မှုဆိုးကိုခေါ်၍ စုံစမ်း စေရာ၊ အမဖြစ်ကြောင်းကိုသိလျှင် မင်းကြီးထံကပ်၍ သမီး တော်ဘွားမြင်ကြောင်း လျှောက်ထား၏၊ မင်းကြီးလည်း အလွန်နှစ်သက်တော်မူသဖြင့် အမတ်အား ဥစ္စာများစွာ ပေးတော်မူပြီးလျှင်“ငါ့သမီးတော်ကို ကောင်းစွာ မွေးမြူ လော့၊ကုဏ္ဍလိနီဟူသော အမည်ကိုလည်း မှည့်လော့”ဟု မှာထား၍ လွှတ်လိုက်၏။

သားသမီးခေါ်မှု ပြက်ရယ်ပြု

တဖန် တရက်နှစ်ရက်လွန်သဖြင့်ကျေး ဥသည် ပေါက်ပြန်၏၊ ဥတော်ထိန်းအ မတ်သည် မှုဆိုးကိုခေါ်၍ စုံစမ်းစေရာ၊ အဖိုဖြစ်ကြောင်းကို သိလျှင် မင်းကြီးထံကပ်၍ သားတော် ဘွားမြင်ကြောင်း လျှောက်ထား၏၊ မင်းကြီးလည်း အလွန် နှစ်သက်တော်မူ၍ အမတ်အား ဥစ္စာများစွာပေးပြီးလျှင် “ငါ့သားတော်ကိုကောင်းစွာ မွေးမြူလော့၊ဇမ္ဗုကဟူသော အမည်ကိုလည်းမှည့်လော့”ဟု မှာထား၍ လွှတ်လိုက်၏။

ငှက်သုံးကောင်တို့သည် အမတ်တို့အိမ်၌ မင်းသားမင်း သမီးတို့ကဲ့သို့ အစောင့်အရှောက် အထိန်းအယတို့ဖြင့် ကြီးပျင်းရကုန်၏၊ ဗြဟ္မဒတ်မင်းလည်း ငှက်သုံးကောင်တို့ကို ငါ့သားတော် ငါ့သမီးတော်ဟု မပြတ်ခေါ်လေ့ရှိ၏၊သို့အခါ မှူးတော် မတ်တော်တို့သည် အချင်းချင်း စုဝေးမိကြလျှင်

"အချင်းတို့…. ငါတို့မင်းကြီး၏ အမှုအရာကို ရှုကြကုန်လော့၊ တိရစ္ဆာန်တို့ကို စဉ်လျက်လည်း ငါ့သားတော် ငါ့သမီးတော်ဟု ခေါ်တော်မူလျက်သာ နေ၏"ဟု ပြက်ရယ်ပြုကြကုန်၏။

သားတော်ဂုဏ်ရပ် ထင်ပေါ်အပ်

မင်းကြီးသည် အမတ်တို့ ပျက်ရယ်ပြုသံကိုကြားလျှင် ဤအမတ်တို့ကား ငါ့သားတော် သမီးတော်တို့ ဉာဏ်ပညာနှင့်ပြည့်စုံသည်ကို မသိကြကုန်၊ ယခုပင်ထင်ရှားအောင် ငါပြုမည်ဟုကြံစည်ပြီးလျှင် အမတ်တယောက်ကို ခေါ်စေ၍၊ "အချင်း….ငါ့သားတော် ဝေဿန္တရာထံသွားချေ၊ အရှင့်ခမည်းတော်မင်းကြီးသည် အရှင့်အားပြဿနာမေးလိုသည် ဘယ်အခါ လာရမည်နည်းဟု လျှောက်ထားချေ"ဟု စေလွှတ်လိုက်၏၊ အမတ်လည်း သားတော် ဝေဿန္တရာထံချဉ်းကပ်၍ ခမည်းတော်မင်းကြီး ပြဿနာ မေးလိုကြောင်းလျှောက်ထား၏၊ ဝေဿန္တရာလည်း အထိန်းတော်အမတ်ကိုတိုင်ပင်ပြီးလျှင် ဤနေ့မှခုနစ်ရက်မြောက်နေ့၌ လာတော်မူရန် ချိန်းဆိုလိုက်၏၊ အမတ်လည်း မင်းကြီးထံပြန်ကာ ခုနစ်ရက်မြောက်နေ့၌ ကြွလာတော်မူရန် ချိန်းဆိုလိုက်ကြောင်း လျှောက်ထားလေ၏။

ပရိသတ်လယ်ပင် သားခေါ်ငင်

မင်းကြီးသည် ခုနစ်ရက်မြောက်နေ့၌ တမြို့လုံးကို စည်လည်စေပြီးလျှင် သားတော်ဝေဿန္တရာအိမ်သို့ အခြွေအရံနှင့်တကွ ကြွတော်မူ၏၊ သားတော်ဝေဿန္တရာလည်း ခမည်းတော်ရောက်လာလျှင် အခြွေအရံနှင့်တကွ ခမည်းတော်အား များစွာသော ပူဇော်သက္ကာရကို ပြုစေ၏၊

မင်းကြီးလည်း သားတော်အိမ်၌ပင် စားတော်ခေါ်ပြီးလျှင် နန်းတော်သို့ပြန်၍ မင်းရင်ပြင်၌ ကြီးစွာသော မဏ္ဍပ်ကို ဆောက်လုပ်စေ၍ တန်ဆာဆင်စေပြီးလျှင် မှူးမတ်အပေါင်းခြံရံလျက် မဏ္ဍပ်အလယ်၌ နေတော်မူ၏၊ သားတော်ဝေဿန္တရာကို ဆောင်ယူခဲ့လော ဟု အထိန်းတော်အမတ်ထံ စေလွှတ်တော်မူ၏၊ အထိန်းတော်အမတ်လည်း ဝေဿန္တရာကို ဆောင်ယူခဲ့၏၊ သားတော် ဝေဿန္တရာလည်း ခမည်းတော်၏ရင်ခွင်၌ နေတော်မူပြီးလျှင် မိမိနေရာ အင်းပျဉ်ပေါ်၌နေ၏။

ပြဿနာဖြေရေး
မင်းကြီးမေး

ထိုအခါ ခမည်းတော် မင်းကြီးသည် မှူးမတ်ပရိသတ် စုံညီအလယ်၌ သားတော်ဝေဿန္တရာအား—

"အို-ချစ်သား ဝေဿန္တရာ···· သင်ချစ်သားအား ကောင်းခြင်းမင်္ဂလာဖြစ်ပါစေ၊ ခမည်းတော်သည် သင်ချစ်သားကို ပြဿနာမေးပါမည်၊ (မင်းပြုလိုသောသူအား အဘယ်အမှုကိစ္စကိုပြုလုပ်ရခြင်းသည် မွန်မြတ်ပါသနည်း။)ချစ်သားဖြေကြားပါ"- ဟု ပြဿနာကို မေးတော်မူ၏။

ဖခင်မေးမှု
ဖြေကြားပြ

သားတော်ဝေဿန္တရာသည် ပြဿနာကို မဖြေကြားသေးဘဲ ခမည်းတော်အား—

"အို-ခမည်းတော် မင်းကြီး···· ခမည်းတော်သည် စင်စစ်အကျွန်ုပ်ထံတွင် နေတော်မူပါလျက် ကြာမြင့်စွာ မေ့လျော့ဘိ၏၊ မမေ့သျော့သော

အကျွန်ုပ်ကို မွေးမြူထားသော ခမည်းတော်သည် ယခုအခါမှပင် မေးတော်မူဘိ၏"။

ဟု ဤမျှကြာအောင် မေ့လျော့နေသည်ကို အပြစ်တင်ပြီးလျှင် အောက်ပါအတိုင်း ဖြေကြားလေ၏။

"ခမည်းတော်မင်းကြီး.... မင်းမည်သည်ကား- ရှေးဦးစွာ မုသားဆိုခြင်း,အမျက်ထွက်ခြင်း,ရွှင်မြူးခြင်း ဤသုံးပါးကို ရှောင်ကြဉ်ရာ၏၊ နောက်မှတိုင်းရေးပြည်ရေး အမှုကိစ္စတို့ကို စီရင်ဆုံးဖြတ်ရာ၏၊ ခမည်းတော်.... ဤကျင့်ဝတ်တရား သုံးပါးကို မင်းကျင့်တရားဟု ပညာရှိတို့သမုတ်ကြ၏"။

သတိရှေ့ရှိ မင်းကျင့်မှု

"ခမည်းတော်မင်းကြီး.... သင်ခမည်းတော်သည် ရှေးအခါ တပ်စွန်းသည် အမျက်ထွက်သည်ဖြစ်၍ တစုံတခုအမှုကိစ္စကို ပြုမိရာ၏၊ နောက်အခါ မချွတ်စိုးရိမ်ရာ၏၊ ဤသို့နောင်တဖန် ပူပန်စေတတ်သော အမှုကို မပြုပါလင့်"။

"ခမည်းတော်မင်းကြီး....မေ့လျော့သောပြည့်ရှင်မင်း၏တိုင်းနိုင်ငံ၌ အလုံးစုံသော စည်းစိမ်ဥစ္စာတို့သည် ဆုတ်ယုတ်ပျက်စီးကုန်၏၊ ဤသို့စည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်စီးသောမင်းကို သူဆင်းရဲဟု ဆိုကြကုန်၏၊ ထို့ကြောင့် ခမည်းတော်သည် မမေ့မလျော့ပါလင့်"။

ကောင်းနိုးရာရာ ပြုကျင့်ပါ

"ခမည်းတော်မင်းကြီး....ဗာရာဏသီ ပြည်ဝယ် သုစိပရိဝါရ သူဌေးကြီးမေး မြန်းအပ်သော သိရီနတ်သမီးနှင့် အလက္ခီ

နတ်သမီးတို့သည် ရှိကုန်၏၊ ထိုနတ်သမီးနှစ်ယောက်တို့တွင် သိရီနတ်သမီးသည် သူဌေးကြီးအား-ငါကား ထကြွလုံ့လရှိခြင်း, သူတပါးစည်းစိမ်ကိုမငြူစူခြင်းရှိသောယောကျ်ား၌ မွေ့လျော်သည် ဟု ပြောဘူးပြီ။ ။အလက္ခီနတ်သမီးကား····သူတပါး စည်းစိမ်ကိုငြူစူခြင်း,မကောင်းသောစိတ်ရှိခြင်း,ကုသိုလ်ကောင်းမှုကို ဖျက်ဆီးခြင်းရှိသော ယောကျ်ား၌သာ မွေ့လျော်သည်ဟု ပြောဘူးပြီ"။

"ခမည်းတော်မင်းကြီး···သင်ခမည်းတော်သည် အလုံးစုံသော တိုင်းနိုင်ငံ၌ ကောင်းမြတ်သောစိတ်ရှိသည်ဖြစ်၍ အလုံးစုံသော တိုင်းသူပြည်သားတို့အား စောင့်ရှောက်တော်မူလော့၊ အလက္ခီနတ်သမီး၏နေရာကို ပယ်တော်မူလော့၊ သိရီနတ်သမီး၏နေရာကို ပြုတော်မူလော့"။

ဝိရိယပညာ ရှေ့ဆောင်ပါ

"ခမည်းတော်မင်းကြီး···· အသိဉာဏ်ပညာ လုံ့လဝီရိယနှင့် ပြည့်စုံသဖြင့် ကောင်းမြတ်သော စိတ်ရှိသောသူသည် ရန်သူတို့၏ အမြစ်အရင်းကိုငင်း, အစွန်အဖျားကိုငင်း ဖြတ်နိုင်ရာ၏"။

"ခမည်းတော်မင်းကြီး···· အကျွန်ုပ်သားတော် ဆုံးမသောစကားသည် အဘယ်သို့သင့်နိုင်ပါမည်နည်းဟု အကယ်၍ ပြောဆိုလာငြားအံ့၊ အကျွန်ုပ် ဆုံးမသောစကားသည် သင့်ပါ၏၊ သိကြားမင်းစဉ် လျက်လည်း လုံ့လဝီရိယ၌ မဓမ့်လျော့ချေ၊ ကုသိုလ်

ကောင်းမှုကို ပြုလုပ်အားထုတ်ခြင်း၌ စိတ်ရှိပါ
သေး၏၊ထို့ကြောင့်သင့်ပါ၏၊ ဂန္ဓဗ္ဗနတ်,ဗြဟ္မာ,နတ်
ပြည် ခြောက်ထပ်ရှိနတ်တို့လည်း မမေ့မလျော့ဘဲ
ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်း၌ လုံ့လဝီရိယရှိ
သူတို့နှင့် တူမျှသော အသက်မွေးခြင်း ရှိကြကုန်၏၊
ထိုကြောင့် ထိုသို့သဘောရှိသူတို့ကို ဗြဟ္မာတို့သည်
စောင့်ရှောက်ကုန်၏''။

သည်းခံကျင့်ကောင်း ချမ်းသာကြောင်း

''ခမည်းတော်မင်းကြီး.... သင်ခမည်း
တော်သည် မမေ့မလျော့ဘဲ အမှုကို
မထွက်ဘဲ, တိုင်းရေး ပြည်ရေး တို့၌
ကိုယ်တော်တိုင် စီရင်ခန့်ထားတော်မူလော့၊လုံ့လ
ပြုတော်မူလော့၊ မိမိအမှုကိစ္စတို့၌ ပျင်းရိသောသူ
သည် ချမ်းသာကိုမရနိုင်''။

''ခမည်းတော် မင်းကြီး.... ခမည်းတော်မေး
တော်မူသဖြင့် အကျွန်ုပ်ဖြေကြားအပ်သော မင်း
ကျင့်တရားတို့၌ ကျင့်တော်မူလော့၊ ဤအဆုံးအမ
အတိုင်း ကျင့်သောမင်းသည် မိဖုရား,သားတော်,
သမီးတော်တို့ ချမ်းသာစေခြင်းငှါလည်း, ရန်သူတို့
ကို ဆင်းရဲစေခြင်းငှါလည်း စွမ်းနိုင်ပါ၏''—

ဤသို့လျှင် ဝေဿန္တရာမည်သော ခင်ပုပ်ငှက်သည်
မင်းကျင့်တရားတို့ကို ဟောအပ်သည်ရှိသော် ဘုရားကဲ့သို့
တင့်တယ်ခြင်းဖြင့် ပြဿနာကိုဖြေကြားပေးသည်ဟု လူတို့
သည် အံ့ဘွယ်သရဲဖြစ်ကုန်လျက် ကောင်းချီးပေးကုန်၏။

သားပညာစွမ်း စစ်မှုထမ်း

ထိုအခါ မင်းကြီးသည် အလွန်ဝမ်းမြောက်တော် မူသည်ဖြစ်၍ မှူးမတ်တို့ကိုခေါ်ပြီးလျှင် "အမတ်တို့..မင်းကျင့်တရားကို ဟောသော ငှက်သားတော် ဝေဿန္တရာအား အဘယ်ရာထူးနှင့် သင့်လျော်သနည်း"ဟု မေး၏၊ "အရှင်မင်းကြီး..စစ်ဗိုလ်ချုပ်ကြီးရာထူးနှင့်သင့်လျော်ပါသည်"ဟု လျှောက်ထားကြသောအခါ မင်းကြီးသည် ဝေဿန္တရာကို စစ်ဗိုလ်ချုပ်ကြီးရာထူးကိုပေးသနားတော်မူ၏၊ ဝေဿန္တရာအားလည်း စစ်ဗိုလ်ချုပ်ကြီးရာထူး၌တည်လျက် မင်းမှုကိစ္စတို့ကို စီရင်လေ၏။

သမီးတော်တဖန် ထင်ပေါ်ရန်

ဗြဟ္မဒတ်မင်းကြီးသည် နှစ်ရက်သုံးရက်လွန်လျှင် ရှေးနည်းအတူ သမီးတော်ကုဏ္ဍလိနီထံ အမတ် တယောက်ကို စေလွှတ်၍ နေ့ရက်ချိန်းပြီးလျှင် ခုနစ်ရက်မြောက်နေ့၌ ကုဏ္ဍလိနီထံသွား၍ ပြန်လာကာ ခင်းကျင်းဆောက်လုပ်စေပြီးလျှင် ကုဏ္ဍလိနီကိုယူဆောင်စေ၍ ပရိသတ်အလယ်မှာ နေလျက် သမီးတော်ကုဏ္ဍလိနီအား—

"ချစ်သမီးကုဏ္ဍလိနီ.. ချစ်သမီးသည်ဖြေကြားနိုင်ပါမည်လော၊ ခမည်းတော် မေးသောပြဿနာ၏အနက်ကို သိပါမည်လော၊ ချစ်သမီးကိုငါမေးတော်မူမည်၊ မင်းပြုလိုသူအား အဘယ်အမှုကိစ္စကို ပြုလုပ်ရခြင်းသည် မွန်မြတ်ပါသနည်း"—

ဟု ပြဿနာကို မေးတော်မူ၏။

ကျိုးကြောင်းနှစ်ရပ် ပြကြားအပ်

ထိုအခါ သမီးတော် ကုဏ္ဍလိနီသည် "ခမည်းတော်.... သမီးငယ်သည်ကား အဘယ်မှာ ဖြေဆိုနိုင်မည်နည်း၊ စုံစမ်းတော်မူယောင်တကား၊ အလုံးစုံသော မင်းကျင့်တရားတို့ကို အကြောင်းနှစ်ခုတို့၌ ထည့်သွင်းကာ ဖြေကြားပါမည်"ဟု လျှောက်ထားပြီးလျှင် အောက်ပါအတိုင်း ဖြေကြားလေ၏။

"ခမည်းတော်မင်းကြီး.... မရသော စည်းစိမ်ဥစ္စာကို ရအောင်ပြုလုပ်ခြင်း, ရရှိပြီးသောစည်းစိမ်ဥစ္စာကို စောင့်ရှောက်ခြင်း, ဤအကြောင်းတရားနှစ်ပါးရှိ၏၊ ထိုအကြောင်းတရား နှစ်ပါး၌ အလုံးစုံသော အကျိုးတရားသည် တည်၏၊ ထိုအကြောင်းတရားနှစ်ပါး၌ တည်တော်မူလော့"။

ဘဏ္ဍာစိုးခန့်ငြား စုံစမ်းထား

"ခမည်းတော်မင်းကြီး.... ဖြောင့်မတ်တည်ကြည်၍ ဘဏ္ဍာစိုးစသော အမှု၌ လိမ်မာသောအမတ်တို့ကို စုံစမ်းတော်မူလော့၊ လောင်းကစားခြင်းကင်း၍ သောက်စားမူးယစ်ခြင်းမရှိ ဘဏ္ဍာတို့ကို မဖျက်ဆီးကုန်သော အမတ်တို့ကို စုံစမ်းတော်မူလော့"။

"ခမည်းတော် မင်းကြီး.... ရထားထိန်းသည် မိမိမောင်းနှင်သောရထားကို မညီညွတ်သောခရီးသို့ မရောက်ခစေဘဲ စောင့်ရှောက်သကဲ့သို့ထို့အတူ သင်ခမည်းတော်၏ နန်းတော်၌ရှိသော ဘဏ္ဍာတို့ကို စောင့်ရှောက်သော အမတ်သည် ဘဏ္ဍာစိုး

အရာနှင့် သင့်လျော်သောအမတ်တည်း၊ ထိုအမတ်တို့ကို ဘဏ္ဍာစိုး ခန့်တော်မူလော့”။

ကဲ့ရဲ့ချီးမြှောက်သူနှစ်ယောက်

“ခမည်းတော်မင်းကြီး....မခည်းတော်၏ အထံတော်၌ စေပါးသော သူကို ပေးကမ်းခြင်း စသည်ဖြင့် ကောင်းစွာ ချီးမြှောက်တော်မူ၍ကိုယ်တော်တိုင်ပစ္စည်း ဥစ္စာကို ကြည့်ရှုတော်မူ၍ မြှုပ်နှံထားခြင်း, ကြွေးမြီချခြင်း တို့ကိုပြုရာ၏၊သူတပါးကို ယုံကြည်သဖြင့် မလွှဲအပ်ရာ”။

“ခမည်းတော် မင်းကြီး.... ဆက်သ ဝင်လာသော အခွန်အတုတ်ကိုဇင်း, ပေးကမ်းသော မျိုးရိက္ခာကိုဇင်း ကိုယ်တိုင်သိရာ၏၊ ကျေးဇူး ပြုဘူးသောသူ, မပြုဘူးသောသူကိုလည်း ကိုယ်တိုင်သိရာ၏၊ နှိပ်ကွပ်ထိုက်သောသူကို နှိပ်ကွပ်ရာ၏၊ ချီးမြှောက်ထိုက်သောသူကို ချီးမြှောက်ရာ၏”။

စဉ်းစားဆင်ခြင် တရားစီရင်

“ခမည်းတော်မင်းကြီး.... တိုင်းသူပြည်သားတို့ အကျိုးစီးပွား စီရင်ဘွယ်ကိစ္စတို့ကို ကိုယ်တိုင်စီရင်တော်မူလော့၊ မတရားသော တရားသူကြီးတို့သည် ခမည်းတော်၏ ပစ္စည်းဥစ္စာကိုဇင်း, တိုင်းသူပြည်သား တို့ကိုဇင်း, မဖျက်ဆီးပါစေကုန်လင့်”။

“ခမည်းတော်မင်းကြီး..မလိမ်မာသောသူသည် မဆင်မခြင် အဆောတလျင် ပြုမိသောအမှုကိစ္စကို အစွဲပြု၍ နောက်ကာလ၌ ပူပန်ဆင်းရဲရ၏၊ ထို

ကြောင့် ခမည်းတော်သည် မဆင်မခြင်အဆော တလျင် အမှုကိစ္စတို့ကိုမပြုပါလင့်၊ ဆင်ဆင်ခြင်ခြင် ဖြည်းဖြည်းညှင်းညှင်း ပြုတော်မူပါ"။

မာန ထန်မှု ရှောင်ကြဥ်ပြ

"ခမည်းတော် မင်းကြီး.... အမျက်ထွက်ခြင်းကြောင့် ဝပြောသော များစွာသော မင်းမျိုးတို့သည် ကြီးစွာပျက်စီးခြင်းသို့ ရောက်ရကုန်၏၊ ထိုကြောင့် ခမည်းတော်သည် သူတပါးတို့ပြုသော မကောင်းမှု၌ ပြင်းထန်စွာ အမျက်ထွက်တော် မမူပါလင့်"။

"ခမည်းတော်မင်းကြီး..သင့်ခမည်းတော်သည် ငါကား အစိုးရသောမင်းဖြစ်တကားဟု များစွာသောလူအပေါင်းတို့ အကျိုးမဲ့ကို ကျင့်စေခြင်းငှာ ပြုတော်မမူပါလင့်၊ နိုင်ငံတော်၌ မိန်းမယောကျ်ားတို့အား မဆင်းရဲပါစေလင့်"။

မျက်မှောက်တမလွန် ကောင်းမှုကံ

"ခမည်းတော်မင်းကြီး.... တမလွန်ပစ္စုပ္ပန် နှစ်တန်သော ဘေးကိုမကြောက်ဘဲ စိတ်အလိုအတိုင်း ပြုလုပ်လေ့ရှိသော မင်း၏စည်းစိမ်ဥစ္စာတို့သည် ဆုတ်ယုတ်ပျက်စီးတတ်ကုန်၏၊ ထိုစည်းစိမ်ဥစ္စာ ဆုတ်ယုတ်ပျက်စီးသောမင်းကို သူဆင်းရဲဟုဆိုအပ်၏"။

"ခမည်းတော်မင်းကြီး.... အကျွန်ုပ်ကုဏ္ဍလိနီဖြေကြားအပ်သော မင်းကျင့်တရားတို့၌ ကျင့်တော်မူလော့၊ ဤတရားတို့ကား အကျွန်ုပ်ပေးအပ်သော အဆုံးအမဖြစ်၏၊ ယခုအခါ ခမည်းတော်

သည် မပျင်းမရိ ကောင်းမှုကိုပြုတော်မူပါ၊ သေ
သောက်ခြင်းစသည်ကို ရှောင်ကြဉ်ပါ၊ အကျိုးစီး
ပွားကိုမဖျက်ဆီးပါလင့်၊သီလနှင့်ပြည့်စုံတော်မူပါ၊
သီလမရှိသောသူသည် ငရဲသို့ကျတတ်၏"။

ဘဏ္ဍာစိုးအစား သမီးတော်ထား

ဤသို့လျှင် ကုဏ္ဍလိနီမည်သော ဆက်ရက်မသည် မင်းကျင့်တရားကို ဟောသည်ရှိသော် ခမည်းတော် မင်းကြီးသည် အလွန် နှစ်သက်အားရတော်မူသည်ဖြစ်၍ အမတ်တို့ကို ခေါ်ပြီးလျှင် "အမတ်တို့....ငါ့သမီးတော် ကုဏ္ဍလိနီအား အဘယ်ရာထူးနှင့် သင့်လျော်သနည်း"ဟုမေးတော်မူရာ၊ ဘဏ္ဍာစိုးရာထူးနှင့် သင့်လျော်ကြောင်း လျှောက်ကြလျှင် ဘဏ္ဍာစိုးအရာကို ပေးသနားတော်မူ၏၊ ထိုအခါမှစ၍ ကုဏ္ဍလိနီသည် ဘဏ္ဍာစိုးအရာ၌တည်လျက် ခမည်းတော်၏အမှုကိစ္စတို့ကို ဆောင်ရွက်လေ၏။

သားတော်ငယ်ကျေး ပြဿနာမေး

မင်းကြီးသည် တရက်နှစ်ရက် လွန်ပြန်လျှင် ရှေးနည်းအတူ သားတော်ဇမ္ဗုကကျေးသားထံ တမန်စေလွှတ် ချိန်းဆိုကာ ဇမ္ဗုကထံသို့သွားပြီးလျှင် ပြန်ခဲ့၍ မဏ္ဍပ်ဆောက်လုပ်စေ၍ ဇမ္ဗုကကိုခေါ်ဆောင်စေပြီးလျှင် ပရိသတ်အလယ်၌ နေသော ဇမ္ဗုကအား—

"ချစ်သားဇမ္ဗုက.... အစ်ကိုကြီး ဝေဿန္တရာ
ကိုငှင်း, အစ်မကုဏ္ဍလိနီကိုငှင်း ပြဿနာမေးမြန်း
အပ်ပြီ၊ ထို့အတူ ချစ်သားဇမ္ဗုကကို ခမည်းတော်
မေးဦးမည်၊ ယခုအခါ အားတို့တွင် မြတ်သော

အားကိုဇင်း, မင်းကျင့်တရားကိုဇင်း ဖြေကြားပါ
လော့"–

ဟု ပြဿနာကို မေးလေ၏။

ပညာအားကြီးမှု ဖြေကြားပြ

ထိုသို့မေးရာ၌ ဝေဿန္တရာ ကုဏ္ဍလိနီတို့ကဲ့သို့ မမေးဘဲ ဇမ္ဗုကအား အထူးပြု၍မေးတော်မူ၏၊ သားတော်ဇမ္ဗုကလည်း "ခမည်းတော်....နာတော်မူလော့၊ မေးသမျှကိုဖြေကြားပါမည်"ဟု လျှောက်ထားပြီးလျှင် ဖြန့်၍ခံထားသောလက်ဝါးပေါ်၌ အသပြာထောင်ထုပ်ကိုတင်၍ ပြဘိသကဲ့သို့ အောက်ပါအတိုင်း ထင်ရှားစွာဖြေကြားလေ၏။

"ခမည်းတော်မင်းကြီး.... လောကမှာ မြတ်သောဆန္ဒရှိသူ၌ ကိုယ်အား,စည်းစိမ်အား,အမတ်အား, အမျိုးအား, ပညာအားဟူ၍ အားငါးပါးရှိပါ၏၊ ထိုငါးပါးတို့တွင် ကြီးလင့်ကစား ကိုယ်အားကား အယုတ်ဆုံးပဉ္စမအားမည်၏၊ စည်းစိမ်အားကား ကိုယ်အားထက်ကြီးသော နှစ်ခုမြောက်အားမည်၏၊ အမတ်အားကား စည်းစိမ်အားထက်ကြီးသော သုံးခုမြောက်အားမည်၏၊ အမျိုးအားကား အမတ်အားထက်ကြီးသော လေးခုမြောက်အားမည်၏၊ ပညာအားကား အမျိုးအားထက်ကြီး၍ အကြီးဆုံး ငါးခုမြောက်အားမည်၏၊ ပညာအားသည် အလုံးစုံသောအားတို့ကို လွှမ်းမိုးနိုင်၏၊ ထိုကြောင့် ပညာရှိသည် စီးပွားချမ်းသာကိုရလေ၏၊ ပညာအားကို အမြတ်ဆုံးအားဟုဆိုအပ်၏"။

ကျော်စောချမ်းသာ ပညာရှိသာ

"ခမည်းတော်မင်းကြီး.... ပညာ နည်းသောသူသည် ရတနာခုနစ်ပါးနှင့် ပြည့်စုံ၍ မြတ်သော မြေအပြင်ကို ရရှိလင့်ကစား အလိုမရှိဘဲ အနိုင်အထက် လုယက်ယူငင်၍ ပညာရှိသောသူသည် ထိုမြေအပြင်ကို စီရင် အုပ်ချုပ်တတ်၏"။

"ခမည်းတော်မင်းကြီး.... အမျိုးသုံးပါးထက် မြတ်သော မင်းသားပင်ဖြစ်လင့်ကစား မင်းအဖြစ်ကို ရရှိသော်လည်း ပညာနည်းပါးချေက အလုံးစုံသော မင်းအဖြစ်ဖြင့် အသက်မမွေးနိုင်သည်သာတည်း"။

"ခမည်းတော်မင်းကြီး .... ဤဏ်ပညာသည် အကြားအမြင်နှင့်ပြည့်စုံခြင်းကိုပြုတတ်၏၊ အကျော်အစော ပူဇော်သက္ကာရကို တိုးပွားစေ၏၊ ဤလောက၌ ပညာရှိသောသူသည် စင်စစ်ချမ်းသာကိုရနိုင်၏"။

နည်းနယလုံးစုံ အကျိုးပြည့်စုံ

"ခမည်းတော်မင်းကြီး.... တရား၌တည်သော အကြားအမြင် များသော သူသို့ မဆည်းကပ်မူ၍ နည်းနာနယကို မနာခံယူဘဲ အကျိုးရှိသည်- မရှိသည်၊ အကြောင်းဟုတ်သည်- မဟုတ်ကို မဆင်ခြင်သော တစုံတယောက်သော သူသည် ပညာကို မရသည်သာတည်း"။

"ခမည်းတော်မင်းကြီး....ကုသိုလ်တရား ဆယ်ပါးကို ခွဲခြမ်းဝေဘန်ခြင်း၌ လိမ္မာ၍ အခါကာလ

အားလျော်စွာ လုံ့လရှိသဖြင့် မပျင်းမရိသော ပညာရှိသည် လုံ့လပြုသင့်သောအခါ၌ လုံ့လပြု၏၊ ထိုပညာရှိအား ကံအကျိုးသည် ပြည့်စုံ၏”။

လူ့ပြည်နတ်ရပ် အကျိုးမြတ်

“ခမည်းတော် မင်းကြီး.... သီလမရှိသောသူတို့အမှုကို ပြုလေ့ရှိ၍ သီလမရှိသောသူကို မှီဝဲ ဆည်းကပ်လျက် ကုသိုလ်ကောင်းမှုကို ပြုသောအခါ၌ ငြိုးငြိုးငွေ့ငွေ့ ပြုလေ့ရှိသောသူအား လူ့ပြည် နတ်ရပ် မြတ်သော အကျိုးကို မပြည့်စုံနိုင်ချေ”။

“ခမည်းတော်မင်းကြီး...မိမိသန္တာန်၌ ကုသိုလ်တရားကို အားထုတ်၍ သီလရှိသောသူကို မှီဝဲဆည်းကပ်လျက် ကုသိုလ်ကောင်းမှုကို ပြုသောအခါ ငြိုးငွေ့ခြင်းကင်းသော ပညာရှိအား လူ့ပြည်နတ်ရပ် မြတ်သောအကျိုးသည် ပြည့်စုံနိုင်၏”။

“ခမည်းတော်မင်းကြီး.... စုဆောင်းအပ်သော စည်းစိမ်ဥစ္စာကို စောင့်ရှောက်ခြင်းငှါ ယှဉ်သင့်သည်၌ ယှဉ်ခြင်းဟူသောအကြောင်းနှစ်ပါးကို မှီဝဲပါလော့၊ ပညာ မရှိသူသည် မသင့်လျော်သော အကြောင်းဖြင့် စည်းစိမ်ဥစ္စာကို ဖျက်ဆီးတတ်၏၊ ထို့ကြောင့် သင်ခမည်းတော်သည် မသင့်လျော်သောအကြောင်းဖြင့် စည်းစိမ်ဥစ္စာ ကုန်ခမ်းအောင် မပြုပါလင့်”။

တရားစောင့်ရှောက် နတ်ရွာရောက်

ဤသို့ ဇမ္ဗုကကျေးသားသည် အားငါးပါးအကြောင်းကို ဟောကြားပြီးလျှင် တဖန် ခမည်းတော်အား—

"ခမည်းတော်မင်းကြီး···· မယ်တော် ခမည်းတော်တို့၌ တရားကို ကျင့်တော်မူလော့၊ ဤလောကၥ်တရားကို၊ ကျင့်သောကြောင့် သင်ခမည်းတော်သည် နတ်ပြည်သို့ ရောက်ရလတံ့"။

"ခမည်းတော်မင်းကြီး ··သားတော်,သမီးတော်, မိဖုရား, မောင်းမမိဿံတို့၌ တရားကိုကျင့်တော်မူလော့—

အဆွေခင်ပွန်း, မှူးတော်မတ်တော်၌ တရားကို ကျင့်တော်မူလော့-

ဆင်ယာဉ်,မြင်းယာဉ်,ရဲမက်ဗိုလ်ပါတို့၌ တရားကို ကျင့်တော်မူလော့-

မြို့သူ,ရွာသူ,နိဂုံးသူတို့၌ တရားတို့ကို ကျင့်တော်မူလော့-

တိုင်းနိုင်ငံသူ,ဇနပုဒ်သူတို့၌ တရားကို ကျင့်တော်မူလော့-

ရဟန်း ပုဏ္ဏားတို့၌ တရားကို ကျင့်တော်မူလော့-

သားငှက်တိရစ္ဆာန်တို့၌ တရားကို ကျင့်တော်မူလော့၊ ဤလောက၌ တရားကိုကျင့်သောကြောင့် သင်ခမည်းတော်သည် နတ်ပြည်သို့ရောက်ရလတံ့"။

သုဂတိနတ်ထံ ရောက်ရာအမှန်

"ခမည်းတော်မင်းကြီး····တရားကိုကျင့်တော်မူလော့၊ ကောင်းစွာ ကျင့်အပ်သောတရားသည် ချမ်းသာကို ဆောင်တတ်၏၊ ဤလောက၌ တရားကိုကျင့်သောကြောင့်

သင် ခမည်းတော်သည် နတ်ပြည်သို့ ရောက်ရလတံ့''။

''ခမည်းတော်မင်းကြီး....တရားကို ကျင့်တော်မူလော့၊ ဗြဟ္မာ သိကြားကာမာဝစရနတ်တို့သည် ကောင်းစွာ ကျင့်အပ်သော တရားကြောင့် ဗြဟ္မာပြည်နတ်ပြည်သို့ ရောက်ရကုန်၏၊ ထို့ကြောင့် သင် ခမည်းတော်သည် တရားကို မမေ့ပါလင့်''။

''ခမည်းတော်မင်းကြီး.... အကျွန်ုပ်ဖြေကြားအပ်သော ဤတရားစု၌ ကျင့်တော်မူလော့၊ ဤတရားစုသည်ပင် အကျွန်ုပ်၏အဆုံးအမဖြစ်ပါ၏၊ အဆုံးအမအတိုင်း ကိုယ်တိုင်သိတော်မူလျက် ကျင့်တော်မူလော့''–

ဤသို့လျှင် ကျေးသားဇမ္ဗုကသည် မင်းမှူးမတ်ပရိသတ်စုံညီတွင် သဗ္ဗညုဘုရား၏ တင့်တယ်စမ္ပယ်ခြင်းကဲ့သို့ တရားဟောတော်မူ၏၊ လူအများသည် တခဲနက်ကောင်းချီးပေးကုန်၏၊ ပူဇော်သက္ကာရကို ပြုကုန်၏။

သားတော်ရွှေကျေး ရာထူးပေး

ထိုအခါ ခမည်းတော် မင်းကြီးသည် မှူးမတ်တို့အား ''ငါ့သားတော်သည် အဘယ်ရာထူးနှင့် သင့်လျော်သနည်း'' ဟု မေးတော်မူ၏၊ မှူးမတ်တို့လည်း စစ်သူကြီးရာထူးနှင့် သင့်လျော်ကြောင်း လျှောက်ကြလျှင် မင်းကြီးလည်း သားတော် ဇမ္ဗုကအား စစ်သူကြီးရာထူးကို ပေးတော်မူ၏၊ ဇမ္ဗုကလည်း စစ်သူကြီးရာထူး၌တည်လျက် မင်းမှုကိစ္စတို့ကို ဆောင်ရွက်လေ၏၊ ဤသို့လျှင် ငှက်သုံးဦးတို့အား

အသီးအသီးပူဇော်သက္ကာရကို ပြုကုန်၏၊ ပညာရှိငှက်သုံးဦးတို့သည် မင်းကြီးအား ဆုံးမကုန်၏။

ငှက်တို့တရားထူး ရွှေပေကျူး

မင်းကြီးလည်း ငှက်သုံးဦးတို့အဆုံးအမ ဩဝါဒတည်းဟူသော ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်သို့လားလေ၏၊ မှူးတော်မတ်တော်တို့လည်း ဗြဟ္မဒတ်မင်းကြီးနတ်ရွာစံလျှင် ပညာရှိငှက်သုံးဦးတို့အား အကြောင်းကြားပြီးလျှင် ဇမ္ဗုကပညာရှိအား မင်းပြုရန်တောင်းပန်ကုန်၏၊ ဇမ္ဗုကပညာရှိလည်း ငါ့အားမင်းအဖြစ်ကို အလိုမရှိပါ၊မမေ့မလျော့ဖြစ်၍ မင်းပြုကြကုန်လော့ ဟု လူအများကို ဆုံးမပြီးလျှင် သီလ၌တည်စေ၍ ဤသို့ဆုံးဖြတ်ကြကုန်လော ဟု ရွှေပေတွင် အဆုံးအဖြတ်ကို ရေးစေပြီးလျှင် တောသို့ဝင်လေ၏၊ [ဇမ္ဗုကသုခမိန်၏ အဆုံးအမသည် အနှစ်လေးသောင်းပတ်လုံး တည်လေ၏။]

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

မြတ်သောမင်းကြီး....

※ ထိုအခါဗြဟ္မဒတ်မင်းသည်-ယခုအခါအာနန္ဒာ။
※ ကုဏ္ဍလိနီသည်-ဥပ္ပလဝဏ်။
※ ဝေဿန္တရာသည်-သာရိပုတ္တရာ။
※ ဇမ္ဗုကသုခမိန်သည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော် မူသတည်း။

ဆောင်ပုဒ်

(၁) မင်းကျင့်တရား၊ ငှက်သုံးပါး၊ ဟောကြားဤသို့လာ။
(၂) အမျက်မုသား၊ ရွှင်းသုံးပါး၊ ဖယ်ရှားမှုပြုရာ။
(၃) မမေ့လျော့ခြင်း၊ အမျက်ကင်း၊ ပြည်တွင်းစီရင်ရာ။
(၄) လုံ့လရှိပြီး၊ ပညာကြီး၊ ပြည်ကြီးစောင့်ရှောက်ရာ။
(၅) စည်းစိမ်ရမှု၊ ထိန်းသိမ်းမှု၊ နှစ်ခုတည်မြဲရာ။
(၆) ဘဏ္ဍာစိုးမှု၊ လိမ်မာသူ၊ တည်သူခန့်အပ်ရာ။
(၇) အခွန်ဆက်ပေး၊ ရိက္ခာပေး၊ သိရေးကိုယ်တိုင်သာ။
(၈) ချီးမြှောက်ပေးအပ်၊ ချီးမြှောက်သတ်၊ နှိပ်အပ်နှိပ်ချရာ။
(၉) ငါးပါးကိုယ်အား၊ စည်းစိမ်အား၊ မတ်အား,မျိုး,ပညာ။
(၁၀) ကိုယ်အားစမှီး၊ ဆင့်ဆင့်ကြီး၊ ကြီးဆုံးအားပညာ။
(၁၁) ပညာမဲ့သူ၊ မင်းဖြစ်မူ၊ နိုင်သူလုလိမ့်သာ။
(၁၂) ပညာရှိမှ၊ စည်းစိမ်ရ၊ အများပူဇော်ရာ။
(၁၃) ချိန်တန်ကာလ၊ ပြုလုံ့လ၊ ကမ္မကျိုးစုံစွာ။
(၁၄) မိ,ဘနှင့်သား၊ မိဖုရား၊ တရားစောင့်စည်းရာ။
(၁၅) ဆွေခင်ပွန်းများ၊ မှူးမတ်များ၊ တရားစောင့်စည်းရာ။
(၁၆) ဆင်,မြင်းရထား၊ ရဲမိုလ်များ၊ တရားစောင့်စည်းရာ။
(၁၇) မြို့သား,ရွာသား၊ နိဂုံးသား၊ တရားစောင့်စည်းရာ။
(၁၈) ဇနပုဒ်သား၊ နိုင်ငံသား၊ တရားစောင့်စည်းရာ။
(၁၉) ရဟန်း,ပုဏ္ဏား၊ သားငှက်များ၊ တရားစောင့်စည်းရာ။
(၂၀) တရားစောင့်ငြား၊မင်းမြတ်ဖျား၊ သွားလိမ့်နတ်ပြည်သာ။

တေသကုဏဇာတ်ပြီး၏။

၅၂၂—သရဘင်္ဂဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

သာဝက ဓာတ်တော် စေတီပူဇော်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် လက်ျာတော်ရံ ရှင်သာရိပုတ္တရာသည် နာလကရွာဝယ် ဘွားရာတိုက်ခန်း၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလာန် ကား တိတ္ထိတို့ တံစိုးတထောင်ပေး၍ စေခိုင်းသဖြင့် သမဏဂုတ္တကမည်သော သူခိုးကြီးအမှူးရှိသော သူခိုးတို့သတ်သဖြင့် ဣသိဂိလိတောင်နံပါးဝယ် ညိုသောအဆင်းရှိသော ကျောက်ဖျာ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏၊ မြတ်စွာဘုရားသည် အရှင်မဟာမောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုရာအရပ်သို့ကြွတော်မူပြီးလျှင် မီးသင်္ဂြိုဟ်စေတော်မူ၍ ဓာတ်တော်တို့ကို ယူပြီးလျှင် ဝေဠုဝန် ကျောင်းတော်တံခါး မုခ်ဦး၌စေတီတည်စေတော်မူ၏။

ဘုရားချီးမြှောက် ထံတော်မှောက်

ရဟန်း တို့သည် တရား သဘင် ဝယ် ''ငါ့ရှင်တို့.... ရှင်သာရိပုတ္တရာ သည် မြတ်စွာဘုရားထံ၌ ပရိနိဗ္ဗာန်မပြုသောကြောင့် မြတ်စွာဘုရားထံမှ များစွာသောပူဇော်သက္ကာရကို မရရှာပေ၊ ရှင်မဟာမောဂ္ဂလာန်သည်ကား မြတ်စွာဘုရားထံ၌ ပရိနိဗ္ဗာန်ပြုသောကြောင့် မြတ်စွာဘုရားထံမှ များစွာသော ပူဇော်သက္ကာရကို ရသည်''ဟု စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထို အကြောင်းကို သိတော်မူလျှင် ''ရဟန်းတို့.... ရှင်မဟာ

မောဂ္ဂလာန်သည် ယခုအခါ၌သာ ငါ့ဘုရားထံမှ များစွာသော ပူဇော်သက္ကာရကို ရသည်မဟုတ်၊ ရှေးအခါ၌လည်း ရခဲ့ဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

လောင်းတော်ဖွားမြင်တန်ခိုးတောက် လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ပုရောဟိတ်ပုဏ္ဏားမ၏မယား ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေနေ၍ ဆယ်လလွန်သဖြင့် မိုးသောက်ထသောအခါ၌ မွေးဘွားလတ်သော် ခဏချင်းလျှင် ဗာရာဏသီမြို့တော်ဝယ် အလုံးစုံသောလက်နက်တို့သည်အရောင်တောက်ပကုန်၏၊ ထိုအခါ ပုရောဟိတ်သည် ကောင်းကင်သို့ ကြည့်ရှုလတ်သော် နက္ခတ်ကိုမြင်လျှင် ဤနက္ခတ်နှင့်ယှဉ်၍ မွေးဘွားသောသားကား ဇမ္ဗူဒိပ် ကျွန်းတခုလုံးဝယ်မွန်မြတ်သော လေးသမား ဖြစ်လိမ့်မည်ဟုသိလေ၏။

သားငယ်ကြောင်းအဖင်မင်းလျှောက်တင် နံနက် စောစောကလျှင် ပုရောဟိတ်သည် မင်းကြီးထံသို့ အခစားဝင်ရန် သွား၍''အရှင်မင်းကြီး.... ချမ်းသာစွာ အိပ်စက်ရပါ၏လော'' ဟု ပဋိသန္ဓာရစကား မေးမြန်းလျှောက်ထားလေ၏၊မင်းကြီးသည်''ဆရာ....အဘယ်မှာ ချမ်းသာစွာအိပ်စက်ရမည်နည်း၊ နန်းတော်တခုလုံး၌ လက်နက်တို့သည် အရောင်တောက်ပကုန်၏၊ မည်သို့ဖြစ်

မည်မသိ''ဟု မိန့်ကြားလေ၏၊ ပုရောဟိတ်သည် ''အရှင်မင်းကြီး....စိုးရိမ်တော်မမူလင့်၊ ယနေ့နံနက် အကျွန်ုပ်အိမ်၌ သူယော် ဘွားမြင်သည့်အတွက် လက်နက်တွေအရောင်တောက်ပသည်၊ ဤသူငယ်ကား တန်ခိုးအာနုဘော်ကြီးလှ၏၊ ဇမ္ဗူဒိပ်ကျွန်းတခုလုံး၌ လေးသမားတကာတို့ထက် မွန်မြတ်သော လေးသမားဖြစ်လတံ့''ဟု လျှောက်ထားလေ၏။

ဇောတိပါလသတို့သား ပညာသင်သွား

မင်းကြီးသည် ''ဆရာ.... ကောင်းပြီ အရွယ် ရောက်သောအခါ ငါ့ထံသို့ ပြပါ'' ဟု မှာထား၍ နို့ဘိုးအသပြာတထောင် ဆုပေးလိုက်၏၊ ပုရောဟိတ်လည်း အသပြာတထောင်ကို ယူခဲ့၍ ပုဏ္ဏေးမအားပေး၏၊ အမည်မှည့်အံ့သောနေ့၌သတို့သားကိုမွေးဘွားစဉ်လက်နက်တွေအရောင်တောက်ပသော ပုဗ္ဗနိမိတ်ကြောင့် ဇောတိပါလသတို့သား ဟု အမည်မှည့်ကုန်၏။

ဇောတိပါလ သတို့သားသည် အခြံအရံ များစွာဖြင့် ကြီးပြင်းရ၏၊ ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါမြတ်သောအဆင်းကို ဆောင်၏၊အဘပုရောဟိတ်သည် ဆရာစား ဥစ္စာတထောင်ကို ပေး၍ တက္ကသိုလ် ပြည်သို့ ပညာသင်ရန် စေလွှတ်လိုက်၏၊ ဇောတိပါလလည်း အမိအဘတို့ကို ရှိခိုးပြီးလျှင် တက္ကသိုလ်ပြည်သို့သွား၍ ဆရာကြီးအား ဥစ္စာတထောင်ဖြင့် ပူဇော်ပြီးလျှင် အဘတ်ပညာကိုသင်ကြားလေ၏။

ပညာတတ်မြောက်
မိဘထံရောက်

ဘုန်းကံကြီးမား၍ ဉာဏ်ပညာ အလွန်တတ်မြောက်သောသူဖြစ်ရကား ခုနစ်ရက်မျှဖြင့်လျှင် အတတ်ပညာအလုံးစုံကိုတတ်မြောက်၍ အပြီးတိုင် ရောက်လေ၏။

ထိုအခါ ဒိသာပါမောက္ခဆရာကြီးသည် ဇောတိပါလလုလင်အား အလွန်အားရနှစ်သက်တော်မူသည်ဖြစ်၍ မိမိသုံးစွဲသော သန်လျက်,ဆိတ်ချိုလေး,မြားထည့်သောတောင့်ချပ်ဝတ်တန်ဆာ, သင်တိုင်း, သင်းကျစ်တို့ကိုပေး၍ မိမိနေရာ၌ထားကာ ငါးရာသော တပည့်လုလင်တို့ကို အတတ်ပညာသင်ပေးစေ၏၊ ဇောတိပါလလုလင်လည်း အတတ်ပညာသင်ပြီးလျှင် ဆရာကြီးကို ရှိခိုးခွင့်ပန်ပြီးလျှင် ဗာရာဏသီပြည် အမိအဘတို့ထံ ပြန်ခဲ့၏၊ အဘပုရောဟိတ်လည်း သားအား အတတ်ပညာပြည့်စုံပြီလောဟု မေး၏၊ သားလည်း ပြည့်စုံကြောင်းကိုပြောကြားလေ၏။

မိမိပညာစွမ်း
မင်းမှုထမ်း

ပုရောဟိတ်သည် မင်းကြီးထံ သွား၍ သား ဇောတိပါလလုလင် ရောက်လာကြောင်း လျှောက်ထားရာ မင်းကြီးသည် "ငါ့ထံခစားစေ"ဟု အမိန့်ပေး၏၊ ထိုအခါပုရောဟိတ်သည် "ရိက္ခာမည်မျှပေးမည်နည်း"ဟု လျှောက်ပြန်ရာ၊ "တနေ့ ဥစ္စာတထောင်ပေးမည်"ဟု အမိန့်ရှိလေ၏၊ ပုရောဟိတ်သည် အိမ်သို့ပြန်၍ သားလုလင်အား "ချစ်သား···· သင်သည် မင်းကြီးထံ နေ့စဉ်ခစားလော့၊ တနေ့ ဥစ္စာတထောင်ကို ရလိမ့်မည်"ဟု ပြောလေ၏၊ ဇောတိပါလလည်း ထိုနေ့မှစ၍ နေ့စဉ်မင်းကြီးထံခစား၏၊ တနေ့ ဥစ္စာတထောင်ရလေ၏။

ပညာစွမ်းပြချင်
မင်းလျှောက်တင်

ထိုအခါမင်းကြီး၏ မြေရင်း၌အမြဲခစားကုန်သော သူတို့သည် "အချင်းတို့.... ဇောတိပါလသည် မင်းကြီးကို ခစားကာ နေ့စဉ် ဥစ္စာတထောင်ကိုယူ၍သွားသည်၊ မည်သည့်အမှုကို ပြုလုပ်လေသနည်း၊ ပြုသောအမှုကိစ္စတို့ကို မမြင်ရကုန်၊ အတတ်ပညာကို ငါတို့ရှုမြင်လိုကုန်၏"ဟု ကဲ့ရဲ့စကား ပြောကြားကြလေကုန်၏၊ ထိုစကားကို မင်းကြီးကြားတော်မူလျှင် ပုရောဟိတ်ကို ပြောကြားတော်မူ၏၊ ပုရောဟိတ်လည်း သား ဇောတိပါလကို ပြောကြား၏၊ ဇောတိပါလလည်း "ဘခင်.... မင်းကြီးကိုလျှောက်ထားပါ၊ ဤနေ့မှစ၍ ခုနစ်ရက်မြောက်နေ့၌ အတတ်ပညာကို ပြမည်"ဟု ပြောကြားလေ၏၊ ဘခင် ပုရောဟိတ်လည်း "အရှင်မင်းကြီး.... သားတော် ဇောတိပါလသည် ခုနစ်ရက်မြောက်နေ့၌ အတတ်ပညာကို ပြပါလိမ့်မည်၊ နိုင်ငံတော်တွင်းရှိ လေးသမားတို့ကို စည်းဝေးစေပါလော့"ဟု လျှောက်ထားလေ၏။

ပရိသတ်ရှေ့တွင်
မင်းထံဝင်

မင်းကြီးလည်း ပုရောဟိတ် စကားကို ကြားလျှင် ဗာရာဏသီ မြို့တော်တခုလုံး၌ စည်လည်စေ၍ လေးသမားတို့ကို မင်းရင်ပြင်၌ စည်းဝေးစေ၏၊ ခြောက်သောင်းမျှသော လေးသမားတို့သည် စည်းဝေးရောက်လာကြကုန်၏၊ တဖန် မြို့နေသူတို့ကြည့်ရှုကြရန် စည်လည်စေပြန်၏၊ မြို့နေသူတို့လည်း မင်းရင်ပြင်၌ ရောက်လာကြကုန်၏။

မင်းကြီးလည်း လူအပေါင်းခြံရံလျက် မြတ်သောပလ္လင်ထက်၌နေ၍ လေးသမားတို့ကိုခေါ်စေပြီးလျှင် ဇောတိပါလလုလင်ကိုခေါ်စေ၏၊ ဇောတိပါလလုလင်လည်း တက္ကသိုလ်ဆရာကြီးချီးမြှောက်လိုက်သော သန်လျက်, ဆိတ်ချိုလေး, တောင့်, ချပ်ဝတ်တန်ဆာ, သင်တိုင်း, သင်းကျစ်တို့ကို ပုဆိုးကြားတွင်ဖွက်၍ယူကာ ပကတိအတိုင်းကဲ့သို့ မင်းကြီးထံသို့သွား၍ အရှိအသေပြုလျက် သင့်လျော်သောအရပ်၌ နေလေ၏။

တန်ဆာဆင်လျက် ပွဲလယ်ထွက်

ခြောက်သောင်းမျှသော လေးသမားတို့သည် ဇောတိပါလလုလင် လေးမပါခဲ့ပါတို့လက်မှလေးကို ယူလိမ့်မည်၊ မပေးကြစတမ်းဟု ကတိကဝတ်ပြု၍ထားကုန်၏၊ ဗြဟ္မဒတ်မင်းသည် "ဇောတိပါလကို လေးအတတ်ကိုပြလော့"ဟု အမိန့်ပေးလေ၏၊ ထိုအခါ ဇောတိပါလသည် တင်းတိမ်ကာရံစေ၍ တင်းတိမ်တွင်း၌ ချပ်ဝတ်တန်ဆာ သင်တိုင်း သင်းကျစ်တို့ကိုဝတ်ဆင်၍ လေးတောင့်နှင့် သန်လျက်ကို လွယ်လျက် လေးကိုကိုင်ကာ ဝရဇိန်စဉ်းသွားနှင့်တူသော မြှားကို လက်သည်းခွံတွင်ပွတ်သပ်၍ တင်းတိမ်တွင်းမှ ထွက်လာ၏၊ နဂါးလုလင်ကဲ့သို့ အလွန်တင့်တယ်၏။

မြှားသုံးသောင်းမှ ကာကွယ်ပြ

ဇောတိပါလလုလင်ကို မြင်ရသောလူအပေါင်းသည် ပွဲတင်ထပ်မျှ လက်ပန်းပေါက်ခတ်ကြကုန်၏၊ မင်းကြီးလည်း "ဇောတိပါလကို အတတ်ပညာကိုပြလော့"ဟု မိန့်ဆိုပြန်၏၊ ဇောတိပါလသည် ခြောက်သောင်းမျှသော လေး



P.329 ဇောတိပါလလုလင်သည် လေးသမား ၄-ဦးတို့၏မြှားကို တစင်းတည်းသောမြှားဖြင့် ကာကွယ်နေပုံ

ကမေးပြန်းရာ“မြွားကိုကာကွယ်သောအတတ်”ဟု လျှော်ထားလေ၏၊“ဤကဲ့သို့တတ်သောသူရှိသေးသလော”ဟုမေးပြန်ရာ “ဇမ္ဗူဒိပ်ကျွန်းတွင် အကျွန်ုပ်တယောက်တည်းသာတတ်ပါသည်”ဟု လျှောက်ထားလေ၏။

တနည်းကြံဆ မြွားစွမ်းပြ

ထို့နောက် ဇောတိပါလ လုလင်သည် မင်းကြီး၏ရှေ့တော်မှာပင် “အို-လေးသမားတို့…သင်တို့လေးယောက် လေးထောင့်ကနေ၍ အကျွန်ုပ်ကိုပစ်စေရာ မပစ်နိုင်ကြကုန်၊ အကျွန်ုပ်ကား လေးထောင့်၌တည်သော သင်တို့ လေးယောက်ကို မြွားတစင်းတည်းပစ်ပါအံ့၊ အပစ်ခံဝံ့ကြမည်လောဟုမေးရာ မခံဝံ့ကြကုန်ဟု ပြော့ကြားကြလျှင် ရှိစေတော့”ဟုပြောဆိုကာ ထောင့်လေးထောင့်၌ ငှက်ပျောပင်လေးပင်တို့ကိုစိုက်စေ၏၊ ဇောတိပါလသည် မြွား၌ ပိုးကြိုးနီကိုချည်လျက် ငှက်ပျောတပင်ကို ချိန်ရွယ်၍ ပစ်လိုက်၏၊ မြွားသည် လေးပင်လုံး အစဉ်အတိုင်း ဖေါက်ထွင်းကာ ဇောတိပါလလက်သို့ ရောက်လာ၏၊ ငှက်ပျောလေးပင်၌ ဝင်ကာ ပိုးကြိုးနီသည် ခြံရံလျက်နေ၏၊ လူတို့သည် ပဲ့တင်ထပ်မျှ ကောင်းချီးပေးကြကုန်၏၊ ဤမြွားအတတ်ကား စက်ဝန်းပစ် အတတ်မည်၏။

မြွား၏အတတ် ဆယ့်နှစ်ရပ်

ထိုနောက်မင်းကြီးသည် ဇောတိပါလအား–“အမောင်…. အခြားသောအတတ်တို့ကို ပြပါဦးလော့” ဟု အမိန့်ပေးပြန်၏၊ထိုအခါဇောတိပါလသည် မြွားကိုနွယ်သဏ္ဍာန်ထင်အောင် ပစ်သောအတတ်, မြွားကို ကြိုးသဏ္ဍာန်ထင်

အောင်ပစ်သောအတတ်, မြှားကိုမြှားချင်းထွင်းအောင်ပစ်သောအတတ်, မြှားကို ပြာသာဒ်သဏ္ဌာန် ထင်အောင်ပစ်သောအတတ်,မြှားကိုမဏ္ဍပ်သဏ္ဌာန်ထင်အောင်ပစ်သောအတတ်,မြှားကိုစောင်းတန်းသဏ္ဌာန်ထင်အောင်ပစ်သောအတတ်, မြှားကိုတံတိုင်းသဏ္ဌာန်ထင်အောင်ပစ်သောအတတ်, မြှားကို ရေကန်သဏ္ဌာန် ထင်အောင်ပစ်သောအတတ်,မြှားကိုကြာပွင့်သဏ္ဌာန်ထင်အောင်ပစ်သောအတတ်, မြှားမိုးရွာအောင်ပစ်သောအတတ် ဤသို့ တဆယ့်နှစ်ပါးသော လေးအတတ်တို့ကို ပြလေ၏။

မြှားစွန်းထက်လှ အစွမ်းပြ

နောက်တဖန် အထူ လက်ရှစ်သစ်ရှိ ရေသဖန်းပျဉ်ကိုပစ်၏၊အထူလက်လေးသစ်ရှိ ပိတောက်ပျဉ်ကိုပစ်၏၊ အထူလက်နှစ်သစ်ရှိ ကြေးနီပြားကိုပစ်၏၊ အထူလက်တသစ်ရှိ သံပြားကိုပစ်၏၊ တစပ်ထည်းရှိသော ပျဉ်ချပ်တရာကိုပစ်၏၊ ကောက်ရိုးလှည်း, သဲလှည်း, ပျဉ်လှည်းတို့ကို ရှေ့မှနောက်သို့ နောက်မှရှေ့သို့ထွက်အောင်ပစ်၏၊ ဤသို့ ခုနစ်ပါးသော အတတ်တို့ကို ပြလေ၏။

ရေ၌ပစ်သောအခါ လေးဥသဘတိုင်ရောက်၏၊ ကြည်းကုန်း၌ပစ်သောအခါ ရှစ် ဥသဘ တိုင်အောင်ရောက်၏၊ သားမြီးဖျား၌ဆွဲထားသော ခရမ်းသီးအမှတ်ဖြင့် တဥသဘအရပ်၌ရှိသော သားမြီးဖျားကို မှန်အောင်ပစ်၏။

မင်းသဘောကျ ဆုလာဘ်ချ

ကောင်းကင်သို့ပစ်ကာ မြှားပြာသာဒ်ကို ပြုလုပ်ပြီးလျှင် တဖန် မြှားတစင်းတည်းဖြင့် ထိုပြာသာဒ်ကို ဖျက်ဆီးကာ

မြွားတို့ကို ကျစေ၏၊ ထို့ကြောင့် သရဘင် ဟူသောအမည်သစ်ကို ရပြန်၏၊ အတတ်ပညာတို့ကို ပြနေစဉ်လျှင်နေသည်ဝင်ခဲ့၏။

ထိုအခါ အတတ်ပညာပြပွဲကို သိမ်း ရပ်လိုက်၏၊ မင်းကြီးလည်း-"ဇောတိပါလ····ယနေ့ကား အခါမဟုတ်ပြီ၊နက်ဖြန် စစ်သူကြီးရာထူးဖြင့်ချီးမြှောက်မည်၊ ဆံမုတ်ဆိတ်တို့ကို ပြင်ဆင်၍ ရေချိုးပြီးလျှင် ငါ့ထံတော်သို့လာလော့" ဟု မှာ၍ ထိုနေ့ရိက္ခာအလို့ငှါ ဥစ္စာတသိန်းပေးလိုက်၏။

စဉ်းစားဆင်ခြင်သံဝေမြင်

ဇောတိပါလ လည်း ဥစ္စာဖြင့်အလိုမရှိဟု နှလုံးသွင်းကာ ဥစ္စာတသိန်းရှစ်ကုဋေကို ဥစ္စာရှင်တို့အား ပြန်၍ပေးပြီးလျှင် များစွာသောအခြံအရံဖြင့် ရေချိုးသွား၍ ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ရေချိုး၍ အိမ်သို့ဝင်လေ၏၊ ညအိပ်ရာဝင်သောအခါဝယ် ညဉ့်နှစ်ယာမ် ပတ်လုံးအိပ်ပြီးလျှင် မိုးသောက်ယာမ်၌ထလတ်၍ မိမိအတတ်ပညာ၏ အစ, အလယ်,အဆုံးကို ဆင်ခြင်ကြည့်ရှုလတ်သော် အစ၌သူတပါးကို သတ်ရခြင်း,အလယ်၌ကာမဂုဏ်စည်းစိမ်ကို ခံစားခြင်း, အဆုံး၌ အပါယ်သို့လားရခြင်းစသည်ကို ထင်မြင်၍လာ၏။

အပြစ်တွေ့လျက်တောသို့ထွက်

ထိုအခါ ဇောတိပါလသည် ငါသည်စစ်သူကြီးရာထူးကိုယူ၍ အိမ်ထောင်ပြုကာ သားသမီးတို့ ဖွားသည်ရှိသော်ကိလေသာအာရုံ ပွားများ၍လာသဖြင့် စွန့်နိုင်ခဲ့၏၊ယခုပင်

လျှင်တောထွက်၍ရသေ့ရဟန်းပြုတော့မည်”ဟုကြံစည်ဆုံးဖြတ်ကာ တစုံတယောက်သောသူကို မသိစေဘဲ ပြာသာဒ်မှဆင်းသက်၍ မြတ်သောတံခါးဖြင့်ထွက်ကာ တောသို့ဝင်၍ ဂေါဒါဝရီမြစ်နား၌ သုံးယူဇနာရှိသော သီးတောသို့ သွားလေ၏။

သိကြားလှူဒါန်းကျောင်းသင်္ခမ်း

ထိုအခိုက် သိကြားမင်းသိလျှင် ဝိသုကြံနတ်သားကိုခေါ်၍ ကျောင်းနှင့် ရသေ့ပရိက္ခရာတို့ကို ဖန်ဆင်းရန်စေလွှတ်၏၊ ဝိသုကြံနတ်သားလည်း သိကြားမင်းစေခိုင်းသောအတိုင်း ဖန်ဆင်းလေ၏၊ ဇောတိပါလ လုလင်လည်း သီးတောသို့ရောက်၍ ကျောင်းသင်္ခမ်းပရိက္ခရာတို့ကိုမြင်လျှင် သိကြားပေးသော အဖြစ်ကိုသိ၍ ရသေ့ရဟန်းပြု၍ ခုနစ်ရက်မြောက်နေ့၌ သမာပတ်ရှစ်ပါး အဘိညာဉ်ငါးပါးကို ရလေ၏၊ ဇောတိပါလလုလင်၏အမိအဘ ဆွေမျိုးဉာတိအဆွေခင်ပွန်းတို့လည်း မည်သည့်အရပ်သို့သွား၍ မည်သို့ဖြစ်သည်ကို မသိကြသဖြင့် ငိုကြွေးမြည်တမ်းကြကုန်၏။

ဇောတိပါလနေရာမင်းကြားရှာ

တနေ့သ၌ မုဆိုးတယောက်သည် သီးတောသို့ဝင်၍ ဇောတိပါလရသေ့ကို မြင်လျှင် သိသဖြင့် ရသေ့ထံသို့သွား၏၊ ရသေ့လည်း လောကွတ်ပျူငှါပြု၏၊ မုဆိုးလည်း အိမ်သို့ရောက်လျှင် ဇောတိပါလလုလင်ကို တွေ့မြင်ခဲ့ရကြောင်း ၎င်း၏မိဘတို့ကို ပြောကြား၏၊ မိဘတို့လည်း မင်းကြီးကို ကြားလျှောက်ကုန်၏၊ မင်းကြီးလည်း ဇောတိပါလ၏ အမိအဘတို့ကိုခေါ်၍ များစွာသောအခြံအရံဖြင့် မုဆိုးကို

ပင် လမ်းညွှန်ပြုကာ ဇောတိပါလ ရသေ့ထံ သွား လေ၏။

မင်းရောပြည်သူပါ ရဟန်းပြုရာ

ဇောတိပါလရသေ့လည်း ဂေါဒါဝရီ ကမ်းနား ကောင်းကင်၌ တည်လျက် မင်းနှင့်တကွပရိသတ်ကိုဆီးကြို၍ တရား ဟောလေ၏၊ ပြဟ္မဒတ်မင်းကြီးမှစ၍ အလုံးစုံသောပရိ သတ်သည် ကာမဂုဏ်တို့ကို စွန့်လွှတ်၍ဇောတိပါလရသေ့ ထံ၌ ရသေ့ရဟန်း ပြုကြကုန်၏။

ထိုအခါ ဇောတိပါလရသေ့သည် သီးတောကျောင်း ဝယ် ရသေ့အပေါင်း ခြံရံလျက် နေသောအဖြစ်သည် ဇမ္ဗူဒိပ်တကျွန်းလုံး၌ ကျော်စောထင်ရှားလေ၏၊ အခြား တိုင်းပြည်ရှိမင်းတို့လည်း ပရိသတ်နှင့်တကွလာ၍ ရသေ့ ရဟန်းပြုကြကုန်၏၊ ပရိသတ်သည် တခနဲ့ဘခြားပေါများ ၍လာခဲ့ရာ အသိန်းမကဖြစ်လေ၏။

ထိုအခါချာန်သမာပတ်အပြီးသို့ရောက်သော သာလိဿ ရ ရသေ့,မဏ္ဍိဿရ ရသေ့, ပဗ္ဗတရသေ့, ကာဠဒေဝိလ ရသေ့,ကိသဝစ္ဆရသေ့,အနုသိဿရသေ့, နာရဒရသေ့ ဤခု နစ်ပါးသော ရသေ့တပည့်ကြီးတို့သည် ရှိကုန်၏။

နေရာမပြည့်စုံ ခွဲနေကြပုံ

နောက်အခါ သီးတောကျောင်းသည် ရသေ့တို့ဖြင့်ပြည့်လေ၏၊နေရာမလောက် လေ၊ ထိုအခါ ဇောတိပါလရသေ့သည် သာလိဿရ ရသေ့ကိုခေါ်၍ ရသေ့အပေါင်းနှင့် တကွ မဇ္ဈကမင်း၏နိုင်ငံ လမ္ဗစူလကနိဂုံး၌နေရန် စေလွှတ်၏၊ နောက်တဖန် မဏ္ဍလိဿရ ရသေ့ကိုခေါ်၍ ရသေ့အ

ပေါင်းနှင့်တကွ သုရဋ္ဌဇနပုဒ် သာတောဒက မြစ်ကမ်းနား ၌နေရန် စေလွှတ်ပြန်၏၊ နောက်တဖန် ပဇ္ဇတရသေ့ကို ခေါ်၍ ရသေ့အပေါင်းနှင့်တကွ တောအုပ်၌ရှိသောအဇ္ဈနတောင်၌နေရန် လွှတ်ပြန်၏၊ နောက်တဖန် ကာဠဒေဝိလ ရသေ့ကိုခေါ်၍ ရသေ့အပေါင်းနှင့်တကွ ဒက္ခိဏာပထ ဝယ် အဝန္တိတိုင်း ဃနသေလတောင်၌ နေရန်စေလွှတ်ပြန်၏၊ နောက်တဖန် ကိသဝစ္ဆရသေ့ကို ရသေ့အပေါင်းနှင့်တကွဒဏ္ဍကီမင်း၏နိုင်ငံ ကုမ္ဘဝတီမြို့၌ နေရန်စေလွှတ်ပြန်၏၊ကိသဝစ္ဆရသေ့သည် စစ်သူကြီးကို အမှီပြု၍ ဥယျာဉ်တော်၌နေ၏၊ နောက်တဖန် နာရဒ ရသေ့ကိုခေါ်၍ ရသေ့အပေါင်းနှင့်တကွ မဇ္ဈိမဒေသ အဇ္ဈနဂိရိတောင်ကွန်ရက်ကြား၌နေရန်လွှတ်ပြန်၏၊ အနုသိဿရသေ့ကား ဇောတိပါလရသေ့ထံမှာ ပင်နေ၏။

ကျင့်ယုတ်ပြုခြား မင်းမြောက်စား

ထိုအခါ ဒဏ္ဍကီမင်းသည် ပြည့်တန်ဆာမတယောက်ကို ရာထူးမှ ချ၍ထား၏၊ ထိုပြည့်တန်ဆာမသည် ဥယျာဉ်သို့ ရောက်၍ ကိသဝစ္ဆရသေ့ကိုမြင်လျှင် ဤသူကား သူယုတ်မာ ဖြစ်လိမ့်မည်ဟု ခွဲကန်းကိုဟတ်၍ ရသေ့၏ဆံကျစ်ကြား၌ ထွေး၏၊ ဒန်ပူဖတ်ကိုလည်း ခေါင်းပေါ်၌တင်၍ မိမိဦးခေါင်းကို ဆေးလျှော်ပြီးလျှင် သွား၏၊ ဒဏ္ဍကီမင်းသည် ပြည့်တန်ဆာမကို အောက်မေ့ပြန်သဖြင့် ပကတိရာထူး၌ ထားပြန်၏၊ ထိုအခါ အလွန်မိုက်မဲတွေဝေလှသော ပြည့်တန်ဆာမသည် သူယုတ်မာ၏ကိုယ်၌ အညစ်အကြေးသွန်းလောင်းခဲ့သောကြောင့် စည်းစိမ်ရာထူးကို ပြန်၍ရသည်ဟု အမှတ်ပြုလေ၏။

ကျင့်ယုတ်ကိုပင် အမြတ်ထင်

မကြာမြင့်မီပင်ဒဓိဗာဟနမင်းသည် ပုရောဟိတ်ကို ရာထူးမှ ချပြန်၏၊ ထိုအခါ ပုရောဟိတ်သည် ပြည့်တန်ဆာ မထံသွား၍ "သင်အဘယ်ကြောင့် ရာထူးပြန်ရသနည်း" ဟု မေး၏၊ ပြည့်တန်ဆာမလည်း ဥယျာဉ်တော်ဝယ်"သူယုတ်မာ၏ကိုယ်၌ အညစ်အကြေး သွန်းလောင်းသောကြောင့် ရာထူးပြန်ရသည်"ဟု ပြောလိုက်၏၊ပုရောဟိတ်မိုက်လည်း ပြည့်တန်ဆာမပြောတိုင်း ကိသဝစ္ဆရသေ့၏ကိုယ်၌ အညစ်အကြေးကို သွန်းလောင်းပြန်၏၊ ဒဓိဗာဟနမင်းလည်း ပုရောဟိတ်ကို ပုရောဟိတ်အရာ၌ ထားပြန်၏၊ ပုရောဟိတ်မိုက်လည်း ပြည့်တန်ဆာမကဲ့သို့ အမှတ်ပြုလေ၏။

မကောင်းမှုပင် အောင်မှုထင်

တနေ့သ၌ ဒဓိဗာဟနမင်းသည် ပုန်ကန်သော ပစ္စန္တရစ်ကိုငြိမ်းစေရန်စစ်အင်္ဂါလေးပါးဖြင့် မြို့တော်မှထွက်၏၊ထိုအခါ အလွန်မိုက်သော ပုရောဟိတ်သည် မင်းကြီးအား "အရှင်မင်းကြီး····စစ်နိုင်လိုလျှင် ဥယျာဉ်တော်၌ရှိသော သူယုတ်မာ၏ကိုယ်၌ အညစ်အကြေး သွန်းလောင်းလော့" ဟု လျှောက်ထားအကြံပေး၏၊ မင်းမိုက်လည်း မဆင်ခြင်ဘဲ ပုရောဟိတ်မိုက် ပြောသောစကားကို အဟုတ်မှတ်ထင်ကာ ဥယျာဉ်တော်သို့သွား၍ စစ်သည်အပေါင်းကိုလည်း ရသေ့ကိုယ်၌ အညစ်အကြေး သွန်းလောင်းရန် အမိန့်ပေးလေ၏၊ မိမိကိုယ်ကိုလည်း ရသေ့၏ကိုယ်၌ တံတွေးထွေး၏၊ ဒန်ပူဖတ်ကိုလည်း ဦးခေါင်းပေါ်တွင် စွန့်ပစ်၍ သွား၏၊ စစ်သည်တို့လည်း မင်းကြီးကဲ့သို့ပင် ရသေ့၏ကိုယ်၌ အညစ်အကြေးသွန်းလောင်း၍ သွားကြကုန်၏။

စစ်သူကြီးမိန့်မှာ ရသေ့ဆရာ

မင်းကြီး သွားသည်ရှိသော် စစ်သူကြီး ရောက်လာ၍ ဆရာရသေ့ကို မြင်လျှင် ရင်ထုမနာဖြစ်လျက် အညစ် အကြေး ဒန်ပူဖတ်တို့ကို ဖယ်ရှား သုတ်သင်ပြီးလျှင် ရေချိုးစေ၍ "အရှင်ဘုရား...၊ မင်းကြီးအား အဘယ်သို့ဖြစ်လတ္တံ့နည်း" ဟု လျှောက်ထား၏၊ "ဒါယကာ....ငါကား စိတ်နှလုံးဖြင့် ပင် ပြစ်မှားခြင်းမရှိ၊ နတ်တို့ကား အလွန် အမျက်ထွက် ကုန်၏၊ ဤနေ့မှ ခုနစ်ရက်မြောက်နေ့၌ တတိုင်းပြည်လုံး ပျက်စီးလတ္တံ့၊ သင်သည် သားမယားကိုခေါ်၍ တိုင်းပြည် တပါးသို့ပြေးလော့"ဟုမိန့်တော်မူ၏။

သူတော်တို့ပြေး ပျက်စီးဘေး

ထိုအခါ စစ်သူကြီးသည် အလွန် ကြောက်ရွံ့လျက် မင်းကြီးထံ လျှင်မြန် စွာသွား၍ ထိုအကြောင်းကို လျှောက် ထားလေ၏၊ ဒဏ္ဍကီမင်းမိုက်လည်း စစ်သူကြီး စကားကို မနာယူချေ၊ စစ်သူကြီးကား သားမယားကိုခေါ်၍ တိုင်း ပြည်တပါးသို့ ပြေးသွားလေ၏၊ သရဘင်ဆရာရသေ့ကြီး လည်း ထိုအကြောင်းကိုသိလျှင် ရသေ့ပျို နှစ်ပါးကို စေ လွှတ်၍ ကိသဝစ္ဆရသေ့ကို မိမိအထံသို့ ညောင်စောင်းနှင့် တကွ ကောင်းကင်ခရီးဖြင့် ဆောင်ယူစေ၏၊ ဒဏ္ဍကီမင်း လည်း စစ်အောင်နိုင်သဖြင့် သူခိုးတို့ကိုဖမ်းယူကာမြို့တော် သို့ပြန်လာ၏။

နတ်တို့အမျက်ထွက် တိုင်းပြည်ပျက်

ဒဏ္ဍကီမင်း ရောက်လျှင် နတ်တို့သည် ရွှေဦးစွာ မိုယ်းကိုရွာစေကုန်၏၊အပုပ် အစပ် အလုံးစုံ မျောသည် ရှိသော် သင်ဖြူးမိုယ်းကိုရွာစေကုန်၏၊ နောက်နတ်ပန်းမိုယ်းကို ရွာ

စေကုန်၏၊ နောက်ပဲမိုယ်း,နောက်အသပြာမိုယ်း,နောက် နတ်ဝတ်တန်ဆာမိုယ်းကို ရွာစေကုန်၏၊ လူတို့သည် ဝမ်းမြောက် ဝမ်းသာကောက်ယူ ဆင်မြန်းကြကုန်၏၊ နောက် အထူးထူးသော လက်နက် မိုယ်းကို ရွာစေကုန်၏၊ လူတို့သည် အပိုင်းအပိုင်းပြတ်ကုန်၏၊ နောက် မီးကျီးမိုယ်း, နောက်တောင်ထွင့်မိုယ်း, နောက်အတောင်ခြောက်ဆယ်မျှ ပြည့်စေလျက် သဲမိုယ်းကိုရွာစေကုန်၏၊ ဤသို့လျှင် ယူဇနာခြောက်ဆယ်ရှိသော အရပ်သည် ပျက်စီးလေ၏၊ ထိုဒဏ္ဍကီမင်းယုတ်၏ တိုင်းပြည်ပျက်စီးခြင်းသည် ဇမ္ဗူဒိပ် တကျွန်းလုံး ထင်ရှားလေ၏။

သူတော်ပြစ်မှား ငရဲလား

ထိုအခါ အခြားတိုင်း၌ နေကုန်သော ကလိင်္ဂမင်း, အဋ္ဌကမင်း, ဘိမ္မရထမင်း တို့သည် ရှေးအခါ ဗာရာဏသီပြည်၌ ကလာဗုမင်းသည် ခန္တိဝါဒီရသေ့ကိုပြစ်မှား၍ မြေမျိုခံရ၏၊ နာဠိကေရမင်းသည် ရသေ့တို့ကို ခွေးကိုက်စေ၍ သဟဿဗာဟု အဇ္ဇုနမင်းသည် အင်္ဂီရရသေ့ကိုပြစ်မှား၍ မြေမျိုခံရကုန်၏၊ ယခုအခါ ဒဏ္ဍကီမင်းသည် ကိသဝစ္ဆရသေ့ကို ပြစ်မှား၍ ဝာပြည်လုံးပျက်စီးရ၏၊ ဤသို့ကြားရ၏၊ ထိုမင်းလေးပါးတို့၏ ဖြစ်ရာအရပ်ကို ငါတို့မသိကုန်၊ ငါတို့၏ဆရာ သရဘင်္ဂရသေ့ကို ပြဿနာ မေးကြမည်ဟု များစွာသော အခြံအရံဖြင့်ထွက်ကြကုန်၏၊ တဦးနှင့်တဦးကား လာကြသည့်အဖြစ်ကိုမသိကြကုန်၊ ငါတဦးတည်းဟု မှတ်ထင်ကြကုန်၏၊ ထိုမင်းသုံးပါးတို့သည် ဂေါဒါဝရီမြစ်ကမ်းနား၌ ပေါင်းဆုံမိကြကုန်၏၊ ထိုအခါ မင်းသုံးပါးတို့ ရထားတစီးထည်းပေါင်း၍ စီးကုန်လျက် သွားကြကုန်၏။

ရသေ့မြတ်သေ
သင်္ဂြိုဟ်လေ

သိကြား မင်းလည်း ပဏ္ဍု ကမ္ဗလာ ကျောက်နေရာ၌ နေလျက်ပင်ပြဿနာ ခုနစ်ပါးကို ကြံစည်ပြီးလျှင် သရဘင် ရသေ့ကို မေးမည်၊ ယခုအခါ မင်းသုံးပါးတို့လည်းဂေါဒါ ဝရီမြစ်ကမ်းနားသို့ ရောက်ကြပြီ၊ ထိုမင်းတို့ ပြဿနာကို လည်း ငါသည်ပင် မေးလျှောက်မည်ဟု နတ်အပေါင်း ခြံရံလျက် နတ်ပြည်မှဆင်းသက်လေ၏၊ ထိုနေ့မှာပင်ကိသ ဝစ္ဆရသေ့လည်း သေလွန်ခဲ့၏၊ ထိုရသေ့၏ အလောင်းကို သင်္ဂြိုဟ်အံ့သောငှါ ငါးဌာန၌နေကုန်သော ရသေ့တို့လည်း ရောက်လာကြကုန်၏၊ သရဘင်ရသေ့ကြီးကြီးမှူးကာစန္ဒကူး ထင်းပုံထက်၌ တင်ပြီးလျှင် သင်္ဂြိုဟ်ကြကုန်၏၊ သင်းချိုင်း ထက်ဝန်းကျင် တယူဇနာခွဲအရပ်၌ နတ်ပန်းမိုးယ်းတို့သည် ရွာကုန်၏။

တီးမှုတ်သံကြား
စုံစမ်းပြောား

မင်းသုံးပါးတို့လည်းလာကြရာ ကျောင်း အနီးသို့ရောက်လျှင်စစ်သည်,ဆင်,မြင်း, ဗိုလ်ပါ,ယာဉ်ရထား,တူရိယာတို့၏ အ သံအမျိုးမျိုးတို့သည်ဖြစ်ကုန်၏၊သရဘင်ရသေ့ကြီးကြားလျှင် အနုသိဿရသေ့ကိုခေါ်၍ စုံစမ်းစေ၏၊ အနုသိဿရသေ့ လည်း သောက်ရေအိုးကိုယူ၍ ထိုအရပ်သို့သွားရာ မင်းသုံး ပါးတို့ကိုမြင်လျှင်—

"အို-ဒါယကာတို့···· သင်တို့ကား တန်ဆာ ဝတ်ဆင်ကုန်၏၊ ပတ္တမြား,နားဒေါင်းလည်း ဝတ် ဆင်ကုန်၏၊ ကျောက်မျက်ရွဲ, ပုလဲ, ပတ္တမြားစီချယ် သော အရိုးတတ်သော သန်လျက်ကိုလည်း လွယ် ကုန်၏၊ ရထားတစီးထည်း၌ စီးကြကုန်၏၊ အဘယ်

သူတို့နည်း၊ သင်တို့ကို အဘယ်သို့ သိရကုန်အံ့နည်း''—

ဟု မေးမြန်း လေ၏။

မင်းတို့လာရေး ပြဿနာမေး

မင်းသုံးပါးတို့လည်း အနုသိဿရသေ့ စကားကိုကြားလျှင် ရထားမှဆင်းကာ ရှိခိုးလျက် နေကုန်၏၊ထိုအခါ အဋ္ဌကမင်းသည်—

''အရှင်ဘုရား.... အကျွန်ုပ်ကား အဋ္ဌကမင်းတည်း၊ ဤမင်းကား ဘိမ္ဗရထမင်းတည်း၊ ဤမင်းကား ကာလိင်္ဂမင်းတည်း၊ ရသေ့တို့ကိုဖူးမြင်ခြင်းငှါ ဤအရပ်သို့ လာကြကုန်၏၊ သရဘင် ရသေ့ကြီးကို ပြဿနာမေးရန် လာကြကုန်၏''—

ဟု အနုသိဿရသေ့အား လျှောက်ထားလေ၏။

သိကြားကပါ ရသေ့ထံလာ

ထိုအခါ အနုသိဿရသေ့သည် မင်းသုံးပါးတို့ကို ပျူငှာလောကွတ် ပြုပြီးလျှင် သောက်ရေအိုးကိုထမ်း၍ ကောင်းကင်သို့ကြည့်လတ်သော် နတ်အပေါင်းခြံရံ၍လာသော သိကြားမင်းကို မြင်ပြန်လျှင်—

''ကြီးသောအာနုဘော်ရှိသော အိုနတ်မင်း.... သင်နတ်မင်းကား ဆယ့်ငါးရက်မြောက် လပြည့်ဝန်းကဲ့သို့ ကောင်းကင်၌တည်ဘိ၏၊ သင်နတ်မင်းကား အဘယ်သူနည်း၊ ငါတို့ အဘယ်သို့သိရကုန်အံ့နည်း''—

ဟု သိကြားမင်းကို မေးလေ၏၊ ထိုအခါ သိကြားမင်းသည် အနုသိဿရသေ့အား—

"အရှင်ဘုရား.... အကျွန်ုပ်ကား သိကြားမင်း ဖြစ်ပါ၏၊သုဇာတာလင်လည်းခေါ်ကြပါ၏၊ မဃဝလည်း ခေါ်ကြပါ၏၊ ရသေ့တို့ကို ဖူးမြင်ခြင်းငှါ ဤအရပ်သို့ ရောက်လာပါ၏"–

ဟု လျှောက်ထား လေ၏။

ထိုနောက် အနုသိဿရသေ့သည် သိကြားမင်းအား သင်တို့ နောက်မှလာကြကုန်ဟု မိန့်ဆိုပြီးလျှင် ကျောင်းသို့ သွား၍ သရဘင်္ဂရသေ့ကြီးအား မင်းသုံးပါးနှင့် သိကြားမင်းတို့ ပြဿနာမေးရန် လာကြကြောင်းကို လျှောက်ထား၏၊ သရဘင်္ဂရသေ့ကြီးလည်း ကျယ်ဝန်းသော မဏ္ဍပ်၌ ရသေ့အပေါင်း ခြံရံလျက် နေလင့်၏။

ရသေ့ထံဝင်လတ် အနိုးချဉ်းကပ်

မင်းသုံးပါးတို့လည်း လာလတ်ပြီးလျှင် ရသေ့တို့ကိုရှိခိုး၍ သင့်လျော်ရာအရပ်၌ နေကုန်၏၊ သိကြားမင်းလည်း မြေသို့ သက်ဆင်း၍ ရသေ့တို့ကို လက်အုပ်ချီလျက်–

"အို-ရှင်ရသေ့တို့.... အရှင်တို့ကား အညီအညွတ်စည်းဝေးကုန်၏၊ တန်ခိုးကြီးမားကုန်၏၊ ငါးပါးသော တန်ခိုးကျေးဇူးနှင့် ပြည့်စုံကုန်၏ဟု နတ်ပြည်၌ နေလျက်ပင် အကျွန်ုပ်တို့ ကြားဘူးပါကုန်၏၊ အရှင်တို့သည် လူတို့၌မြတ်ကုန်၏၊ ရှင်ရသေ့တို့ကို ကြည်ညိုသောစိတ်ဖြင့် ရှိခိုးပါ၏"–

ဟု ရသေ့တို့အား ချီးကျူးပြီးလျှင် သင့်တင့်သော အရပ်၌နေ၏၊ ထိုအခါသိကြားမင်းကို လေအောက်၌နေသည်ကိုမြင်၍ အနုသိဿရသေ့သည် "အို-သိကြားမင်း...

လေအောက်၌ မနေပါလင့်၊ ရသေ့တို့အနံ့ကား မစင်ကဲ့သို့ စက်ဆုပ်ဘွယ်ရှိပါ၏၊ အနံ့နံပေလိမ့်မည်''ဟု တားမြစ်၏။

သိကြားနှင့်ဆုံဖြား မင်းသုံးပါး

ထိုအခါ သိကြားမင်းသည် ''အရှင်ဘုရားတို့.... ရသေ့တို့အနံ့လာပါစေ၊ ထိုအနံ့ကို ကြိုင်ကြိုင်မွှေးသောပန်းကဲ့သို့ အလိုရှိပါ၏၊ သီလရှိသောသူတို့အနံ့၌ နတ်တို့သည် စက်ဆုပ်ရွံရှာဘယ်ဟု အမှတ်မရှိပါကုန်''ဟု လျှောက်ထားပြီးလျှင် ''အရှင်ဘုရား.... အကျွန်ုပ်သည် အလွန်အားထုတ်၍ ပြဿနာမေးရန်လာခဲ့ပါ၏၊ခွင့်ပြုတော်မူပါ'' ဟု လျှောက်ထား၏၊ ထို့နောက် အနုသိဿရသေ့သည် ရသေ့တို့ကို–

''အရှင်တို့.... သိကြားမင်းသည်၎င်း, မင်းသုံးပါးတို့သည်၎င်း သိမ်မွေ့သောပြဿနာ မေးလိုပါကုန်၏၊ဘယ်ရသေ့ ဖြေဆိုနိုင်ပါသနည်း၊ခွင့်ပြုတော်မူကြပါ''–

ဟု လျှောက်ထား၏၊ထိုအခါ ရသေ့တို့သည် မင်းလေးပါးတို့ မေးလျှောက်မည့်ပြဿနာကို ဖြေဆိုတော်မူရန် သရဘင်္ဂရသေ့ကြီးကို ခွင့်ပန်ကြကုန်၏။

ပယ်မှုကျင့်မှု တရား၄

သရဘင်္ဂရသေ့ကြီးလည်း ခွင့်ပြုတော်မူ၏၊ ထိုအခါ သိကြားမင်းသည် သရဘင်္ဂရသေ့ကြီးအား–

''အရှင်ဘုရား.... ဘယ်တရားကိုပယ်လျှင် တရံတဆစ်မျှ မစိုးရိမ်သနည်း၊ ဘယ်တရားကိုပယ်ခြင်းကို ရသေ့တို့ချီးမွမ်းကြသနည်း၊ အဘယ်သူပြောဆို

အပ်သော ကြမ်းကြုတ်သောစကားကို သည်းခံရာ သနည်း အရှင်ဘုရား….ဖြေကြားတော်မူပါ''–
ဟု မေးလျှောက် တောင်းပန် လေ၏။

ဒေါသပယ်ခွာ သည်းခံရာ

ထိုနောက် သရဘင် ရသေ့ကြီးသည် ဒေါသကိုပယ်ခွါလျက် သည်းခံခြင်းသည်မြတ်ကြောင်းကို သိကြားမင်းအား ပြောကြားလိုသဖြင့်–

''သိကြားမင်း…. အမျက်ကိုပယ်လျှင် တရံတဆစ်မျှ မစိုးရိမ်ရ၊ ကျေးဇူးချေဖျက်ခြင်းကို ပယ်ခြင်းကို ရသေ့တို့ချီးမွမ်းကြကုန်၏၊ အယုတ်, အလတ်, အမြတ်ဖြစ်သော သူခပ်သိမ်းတို့ ကြမ်းကြုတ်စွာဆိုသောစကားကို သည်းခံရာ၏၊ အယုတ်, အလတ်, အမြတ်ဖြစ်သော သူခပ်သိမ်းတို့ ကြမ်းကြုတ်စွာဆိုသောစကားကို သည်းခံခြင်းကို မြတ်သောသည်းခံခြင်းဟု ပညာရှိသူတော်ကောင်းတို့ ဆိုကြကုန်၏''–
ဟု ဖြေကြားတော်မူ၏။

အောက်ကျသည်းခံ အမြတ်မှန်

ထိုနောက် သိကြားမင်းသည် ကိုယ့်အောက်ယုတ်သူ၌ သည်းခံမှုတရားကို တဖန်သရဘင်ရသေ့ကြီးအား လျှောက်ထားလို၍–

''အရှင်ဘုရား…. ကိုယ်နှင့်တူသော ကိုယ့်ထက်မြတ်သောသူ ဤနှစ်ယောက်တို့စကားကို သည်းခံနိုင်ပါ၏၊ ကိုယ့်အောက် ယုတ်သောသူ၏စကားကို

အဘယ့်ကြောင့် သည်းခံနိုင်အံ့နည်း၊ ဖြေကြား
တော်မူပါ”–

ဟု မေးလျှောက် တောင်းပန်လေ၏၊ ထိုအခါသရဘင်
ရသေ့သည် သိကြားမင်းအား–

“သိကြားမင်း···· ကိုယ့်ထက် မြတ်သောသူ၏
စကားကို ကြောက်သောကြောင့် သည်းခံရာ၏၊
ကိုယ်နှင့်တူသောသူ၏ စကားကို ချုပ်ချယ်ခြင်း အ
ပြစ်ကိုမြင်သောကြောင့် သည်းခံရာ၏၊ကိုယ့်အောက်
ယုတ်သောသူ၏စကားကို အမှတ်မရှိ သည်းခံရာ၏၊
ထို ကိုယ့်အောက်ယုတ်သောသူ၏စကားကို သည်း
ခံခြင်းကို မြတ်သောသည်းခံခြင်းဟု ပညာရှိသူတော်
ကောင်းတို့ ဆိုကြကုန်၏”–

ဟု ဖြေကြား တော်မူ၏။

သည်းခံမှုသုံး အကောင်းဆုံး

ထိုအခါသိကြားမင်းသည် ကိုယ့်အောက်
ကိုယ့်အထက် သည်းခံမှုသည် အဘယ်
တရားမြတ်သနည်း၊ ရသေ့ကြီးအား
မေးလျှောက် လိုပြန်သဖြင့်–

“အရှင်ဘုရား···· အရှင်ဘုရားတို့သည် ရှေးဦး
စွာ ခပ်သိမ်းသောသူတို့၏ ကြမ်းကြုတ်သောစကား
ကို သည်းခံခြင်းကို မြတ်သောသည်းခံခြင်းဟု ဆို
တော်မူကြ၏၊ နောက်ထပ်တဖန် ကိုယ့်အောက်
ယုတ်သောသူ၏ ကြမ်းကြုတ်သောစကားကို သည်း
ခံခြင်းကို မြတ်သောသည်းခံခြင်းဟု ဆိုတော်မူပြန်

၏၊ ရှေးစကားနှင့် နောက်စကား ဆန့်ကျင်သည် မဟုတ်ပါလော”–

ဟု မေးပြန်၏၊ ထိုအခါ သရဘင် ရသေ့သည်–

“သိကြားမင်း····ရှေ့စကားနှင့် နောက်စကား ညီညွတ်ပါ၏၊ ဤသူကား သူယုတ် ဟု သိသောသူ၏ ကြမ်းကြုတ်သော စကားကို သည်းခံခြင်းကို ရည်၍ နောက်စကားကိုဆိုပါ၏၊ မသိသူ၏ ကြမ်းကြုတ်သောစကားကို သည်းခံခြင်းကိုရည်၍ ရှေ့စကားကို ဆိုပါ၏၊ သိကြားမင်း····ဣရိယာပုထ်လေးပါးဖြင့် ဖုံးလွှမ်းနေသောသူတို့ကို ဤသူကား မြတ်သောသူ, တူသောသူ, ယုတ်သောသူ ဟု အဘယ်သို့သိနိုင်အံ့နည်း၊ အချို့သောသူတော်ကောင်းတို့သည် ယုတ်မာသောအသွင် ရှိကုန်၏၊ထို့ကြောင့်ခပ်သိမ်းသောသူတို့၏ ကြမ်းကြုတ်သော စကားကို သည်းခံရာ၏”-

ဟု ဖြေကြား ပြန်၏။

သည်းခံ အကျိုးကို လျှောက်ထားပြု

ထိုအခါ သိကြားမင်းသည် ယုံမှားသံသယကင်းပြီး၍ သည်းခံခြင်းအကျိုးကို ဟောကြားပါဦး ဟု လျှောက်ထားပြန်၏၊ သရဘင်ရသေ့ကြီးသည်–

“သိကြားမင်း···· သည်းခံခြင်း အာနုဘော်ကြောင့် ရန်တို့သည် ငြိမ်းကုန်၏၊ ထိုရန်ငြိမ်းခြင်းအကျိုးကို သည်းခံခြင်း ရှိသော သူတော်ကောင်းသည်သာ ရရာ၏၊မင်းနှင့်တကွ စစ်ထိုးသောစစ်သည်တို့သည် မရကုန်ရာ”–

ဟု ဟောကြား ပြန်၏။

မင်းယုတ်များလားရာ မေးလျှောက်ရာ

ထိုနောက် မင်းသုံးပါးတို့သည် သိကြားမင်းကား မိမိပြဿနာကိုသာ မေး၏၊ ငါတို့ပြဿနာကို မေးခွင့်မပြုဟု ကြံစည်သော အကြံကို သိကြားမင်းသိလျှင် မိမိပြဿနာကို ထား၍—

"အရှင်ဘုရား.... ဒဏ္ဍကီမင်း, နာဠိကေရမင်း,အဇ္ဇုနမင်း, ကလာဗုမင်း ဤလေးပါးသော မင်းတို့သည် ကြီးမားသောမကောင်းမှုကို ပြုကုန်၏၊ထိုမင်းတို့၏ လားရာဂတိကား အဘယ်ပါနည်း၊ ထိုမင်းတို့သည် အဘယ်အရပ်၌ ဖြစ်ကြသနည်း"—

ဟု မင်းလေးပါးတို့ လားရာဂတိ ဖြစ်ရာအရပ်ကို မေးလေ၏။

အပြစ်နှင့်တကွ ငရဲကျ

ထိုအခါ သရဘင်ရသေ့ကြီးသည် မင်းယုတ်လေးပါးတို့၏၊ငရဲအသီးသီး ခံစားနေရသော အကြောင်းကို ပြောကြားလို၍—

"သိကြားမင်း.... ဒဏ္ဍကီမင်းသည် ကိသဝစ္ဆရသေ့ကို တံထွေး ဒန်ပူဖတ်တို့ဖြင့် သွန်းလောင်းသဖြင့် တပြည်လုံးပျက်စီးကာ ကုက္ကုဠငရဲ၌ ခံရ၏၊ နာဠိကေရမင်းသည် ရသေ့ရဟန်းတို့ကို သတ်ဖြတ်ညှဉ်းဆဲသဖြင့်သုနက္ခတ္တငရဲ၌ခံရ၏၊အဇ္ဇုနမင်းသည် အင်္ဂီရရသေ့ကို နှိပ်စက်ညှဉ်းဆဲသဖြင့် သတ္တိသူလငရဲ၌ ဦးခေါင်းစောက်ထိုး ခြေမိုးမျှော်ခံရ၏၊

ကလာဗုမင်းသည် ခန္တီဝါဒီရသေ့ကို အပိုင်းပိုင်း
ဖြတ်၍ သတ်သဖြင့် အဝီစိငရဲ၌ ခံရ၏''-

ဟု ဖြေကြား တော်မူ၏။

သူမြတ်လက္ခဏာ အမေးပြဿနာ

ထိုနောက် သိကြားမင်းသည် ''အရှင်ဘုရား....အဘယ်သို့သောသူကို သီလရှိသောသူ ဟု ဆိုအပ်သနည်း၊ အဘယ်သို့သောသူကို ပညာရှိသောသူ၊ အဘယ်သို့သောသူကို သူတော်ကောင်း၊ အဘယ်သို့သောသူကို အသရေကို မစွန့်သောသူ ဟု ဆိုအပ်သနည်း''-

ဟု ကျန်နေသော ပြဿနာလေးပါးကို မေးပြန်၏။

ကိုယ်နှုတ်သိမ်မွေ့ သူမြတ်လေ့

သရဘင်ရသေ့သည် ပညာရှိတို့၏ ဂုဏ်အင်အရပ်ရပ်ကို ထင်ရှားစွာပြောလိုသဖြင့်-

''သိကြားမင်း....ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံး၍ တစုံတခုသောမကောင်းမှုကို မပြုသောသူ, မုသားမဆိုသောသူကို သီလရှိသောသူ ဟု ဆိုပါ၏၊ နက်နဲသောပြဿနာကို စိတ်ကြံကာမျှဖြင့် ဖြေဆိုနိုင်သော၊ အကျိုးစီးပွားမရှိသော၊ ရုန့်ရင်း ကြမ်းကြုတ်သော အမှုကို မပြုသောသူ၊ အခါရောက်လတ်သော် အကျိုးစီးပွား ဖြစ်ခြင်း၏ အကြောင်းကို မယုတ်ရှင်းစေသော သူတို့ကို ပညာရှိသောသူ ဟု ဆိုပါ၏။

သူ့ကျေးဇူးကိုသိလေ့ရှိသောသူ,သူ့ကျေးဇူးကို သိသည်အားလျော်စွာ ဆပ်လေ့ရှိသောသူ, မြဲမြံ

တည်ကြည်သောသူ, အဆွေ ခင်ပွန်းကောင်းဖြစ်သောသူ, ဆင်းရဲသောအဆွေခင်ပွန်း၏အမှုကိစ္စကို ရှိသေစွာပြုလုပ်သောသူတို့ကို သူတော်ကောင်း ဟု ဆိုပါ၏။

ဆိုခဲ့ပြီးသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသောသူ, သဒ္ဓါတရားရှိသောသူ, နူးညံ့ပြေပြစ်ချစ်ဘွယ်သောစကားရှိသောသူ, ဒါန, သီလစသည်တို့ကို ခွဲခြမ်းဝေဘန်လေ့ရှိသောသူ, ပေးကမ်းစွန့်ကြဲကာ တောင်းလာသော သူတို့အသံကို သိလေ့ရှိသောသူ, သူတပါးတို့ကို ချီးမြှောက်လေ့ရှိသော သူတို့ကို အသရေကို မစွန့်သောသူ ဟု ဆိုပါ၏"—
ဟု ပြဿနာလေးပါးကို ဖြေဆိုတော်မူ၏။

သီလ အသရေ ပညာရစ်ပေ

ဤသို့ ခုနစ်ပါးသော ပြဿနာတို့ကို ဖြေဆိုပြီးသော် သိကြားမင်းသည်—

"အရှင်ဘုရား.... သီလ, အသရေ, သူတော်ကောင်းတရား,ပညာ ဤတရားတို့တွင် အဘယ်တရားကို အထူးသဖြင့်မြတ်သောတရား ဟု ပညာရှိတို့ ဆိုကြကုန်သနည်း"—
ဟု မေးပြန်၏၊ သရဘင် ရသေ့ကြီးသည်—

"သိကြားမင်း.... သီလ, အသရေ, သူတော်ကောင်းတရားတို့သည် ပညာရှိသောသူသို့ အစဉ်တစိုက် လိုက်ကြကုန်သောကြောင့် ကြယ်တကာတို့

မင်းဖြစ်သော လက်ဲ့သို့ ပညာကိုသာအထူးသဖြင့် မြတ်သောတရား ဟု ပညာရှိတို့ ဆိုကြကုန်၏"-
ဟု ဖြေကြား ပြန်၏။

ပညာရှိမှု ပြဿနာပြ

သိကြားမင်းသည် တဖန်ပညာရှာမှီး၍ ပညာရရှိနိုင်သော သူတို့ကို မေးကြား လိုသဖြင့်-

"အရှင်ဘုရား....ဤလောက၌ ဘယ်အမှုကို ပြုသောသူသည်၊ အဘယ်သို့သောသူသည်၊ ဘယ် အကျင့်ကို ကျင့်သောသူသည်၊ အဘယ်ကိုမှီဝဲသော သူသည် • ပညာရပါသနည်း၊ ပညာရခြင်းအ ကြောင်းကို ဖြေကြားတော်မူပါ"-
ဟု မေးလျှောက် တောင်းပန် ပြန်၏။

တရားနာယူပုံ ဇာနေ့ဲလိုပြ

ထိုနောက် သရဘင်္ဂ ရသေ့ကြီးသည် ပညာနှင့်ပြည့်စုံသောသူသည်၊ ကောင်း စွာ ကျင့်အပ်သဖြင့် လူနတ် ချမ်းသာကို
ရောက်နိုင် ကြောင်းကို ဟောလိုသဖြင့်-

"သိကြားမင်း.. သိမ်မွေ့နူးညံ့သောအကြောင်း ကို သိစွမ်းနိုင်လျက် အကြားအမြင်ရှိ၍ ပညာကြီး ကုန်သောသူတို့ကို မှီဝဲရာ၏၊ ပါဠိတော်ကိုသင်ရာ၏၊ ပါဠိတော်အနက် အဓိပ္ပါယ်ကို အဖန်ဖန်မေးမြန်း ရာ၏၊ကောင်းစွာဟောအပ်သောတရားတို့ကိုရိုသေ စွာ နာယူရာ၏၊ ဤသို့ ပြုသောသူသည် ပညာရှိ ဖြစ်ပါ၏"။

"သိကြားမင်း....အာရုံငါးပါးကာမဂုဏ်ဟူရား တို့ကို အနိစ္စအားဖြင့်၎င်း, ဒုက္ခအားဖြင့်၎င်း,ရောဂ

အားဖြင့်ရင်း ရှုဆင်ခြင်လေ့ရှိသော ပညာရှိသည် ဆင်းရဲအပေါင်း၏ တည်ရာ ဘေးများစွာရှိသော ကာမဂုဏ်တို့၌ တပ်စွန်းခြင်းဆန္ဒကို ပယ်စွန့်၏။

ကာမဂုဏ်တို့၌ တပ်စွန်းခြင်းကင်းသောသူသည် အမျက်ဒေါသကို ဖျောက်၍ အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွားစေရာ၏၊ သတ္တဝါတို့၌ နှိပ်စက်ညှဉ်းဆဲခြင်းဒဏ်ကို ချထားသောသူသည် မကဲ့ရဲ့အပ်သည်ဖြစ်၍ ဗြဟ္မာပြည်သို့ရောက်ရ၏''—

ဟု ဟောကြား တော်မူ၏။

ကာမဂုဏ်ပယ်ချ ရဟန်းပြုကြ

ထိုအခိုက်၌ မင်းသုံးပါးတို့သည် ကာမဂုဏ်၌ တပ်စွန်းခြင်းကို တဒင်္ဂပဟာန်ဖြင့် ပယ်ဖျောက်ကုန်၏၊ သရဘင်္ဂရသေ့ကြီးလည်း ''မင်းသုံးပါးတို့၏ ဤအရပ်သို့ရောက်လာခြင်းသည် အကျိုးများစွာရှိ၏၊ သင်တို့သည် ကာမဂုဏ်၌ တပ်စွန်းခြင်း ရာဂကို ပယ်အပ်ပြီ''ဟု မင်းသုံးပါးတို့ကို ချီးမွမ်းတော်မူ၏၊ နောက် မင်းသုံးပါးတို့လည်း—

''အရှင်ဘုရား···· ခပ်သိမ်းသော အကျွန်ုပ်တို့အား ကာမဂုဏ်၌တပ်စွန်းခြင်းရာဂကိုပယ်ဖျောက်အပ်၏၊ ထိုပယ်ဖျောက်ခြင်းကား အရှင်ဘုရားသိမြင်တိုင်း ဟုတ်မှန်သည်သာတည်း၊ အကျွန်ုပ်တို့သည် အရှင်ဘုရားတို့ ဖြစ်ရာအရပ်၌ဖြစ်လိုကုန်၏၊ ရဟန်းပြုရန် ခွင့်ပေးတော်မူပါ''—

ဟု ရသေ့တို့ကို ချီးကျူးပြီးလျှင် ရဟန်းပြုရန် ခွင့်တောင်းကုန်၏။

မင်းတို့ဆုံးမ နေရပ်ကြွ

သရဘင် ရသေ့ကြီးလည်း မင်းသုံးပါးတို့ကို ရဟန်းပြုရန် ခွင့်ပြုတော်မူ၏၊ မင်းသုံးပါး တို့လည်း သရဘင်ရသေ့ကြီး အဆုံးအမကို နာယူလျက် ရသေ့ရဟန်း ပြုကြကုန်၏၊ သရဘင်ရသေ့ကြီးလည်း တပည့်ရသေ့တို့ကို ချောန်ချမ်းသာဖြင့် နေခြင်းကား ရသေ့ရဟန်းတို့အား မြတ်၏ဟု ဆုံးမတော်မူပြီးလျှင် မိမိတို့နေရာသို့ ပြန်စေ၏၊ တပည့်ရသေ့တို့လည်း မိမိတို့နေရာသို့ ကောင်းကင်ခရီးဖြင့် ပြန်ကြကုန်၏။

သိကြားမင်းလည်း တရားတော်ကို ကြားနာပြီးလျှင် နတ်ပရိသတ်အခြံအရံနှင့် တကွ တာဝတိံသာ နတ်ရွာသို့ ပြန်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ သာလိဿရသေ့သည်- ယခုအခါသာရိပုတ္တရာ။

※ မဏ္ဍဗျရသေ့သည်-ကဿပ။

※ ပဗ္ဗတရသေ့သည်-အနုရုဒ္ဓါ။

※ ဒေဝိဋ္ဌရသေ့သည်-ကစ္စည်းထေရ်။

※ အနုသိဿရသေ့သည်-အာနန္ဒာ။

※ ကိသဝစ္ဆရသေ့သည်-မောဂ္ဂလာန်။

※ နာရဒရသေ့သည်-ဥဒါယိ။
※ သရဘင် ရသေ့ကြီး ပရိသတ်သည်- ငါဘုရား ပရိသတ်။
※ သရဘင်ရသေ့ကြီးသည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အမျက်ပယ်ချ၊ ရုံခါမြှ၊ မခစိုးရိမ်ကွာ။
(၂) ကြွမ်းကြုတ်စကား၊ သည်းခံငြား၊ မိန့်ကြားမြတ်၏သာ။
(၃) သည်းခံသူမျိုး၊ ရန်ငြိုးကျိုး၊ ရရိုးသူတော်စွာ။
(၄) ကိုယ်,နှုတ်,စိတ်သုံး၊ စောင့်စည်းသုံး၊ ခေါ်ထုံးသီလဝါ။
(၅) နက်နဲဖြေကြား၊ ကျိုးမဲ့ရှား၊ ချောင်ရှားကြမ်းကြုတ်စွာ။
(၆) ခါရောက်စီးပွား၊ ရစေငြား၊ မှတ်သားပညာဝါ။
(၇) ကျေးဇူးသိတတ်၊ကျေးဇူးဆပ်၊ငြိတ်ခေတ်တည်ကြည်ကာ။
(၈) ခင်ပွန်းကောင်းပြု၊ ခင်ပွန်းမှု၊ ပြုလုပ်သူတော်စွာ။
(၉) ဆိုပြီးဂုဏ်ကြွယ်၊ သဒ္ဓါချယ်၊ ချစ်ဘွယ်စကားလာ။
(၁၀) ဝေဘန်ခွဲခြမ်း၊ စွန့်ပေးကမ်း၊ ချီးမွမ်းသူတဖြာ။
(၁၁) ဘုန်းတန်လာဘ်ဝေ၊ ကြက်သရေ၊ တည်နေတို့သူမှာ။

သရဘင်ဇာတ်ပြီး၏။

၅၂၃-အလမ္ဗုသာဇာတ်

ပဥ္စပဏ္ဏာသ

ရဟန်းဖြားယောင်း မယားဟောင်း — နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ရဟန်းတပါး သည် မယားဟောင်း ဖြားယောင်း သွေးဆောင်အပ် သဖြင့် သာသနာတော်၌ ငြီးငွေ့ပျင်းရိလေ၏။

ထိုရဟန်းသည် မြတ်စွာဘုရား အထံသို့ရောက်လျှင် "ချစ်သားရဟန်း....ငြီးငွေ့ပျင်းရိ၏ဟူသည် မှန်သလော" ဟု မေးလေ၏၊ "မှန်ပါ၏ဘုရား"ဟု လျှောက်ထား၏၊ "အဘယ်သူ ငြီးငွေ့ပျင်းရိစေသနည်း"ဟု တဖန်မေး၏၊ "မယားဟောင်းသည် ငြီးငွေ့ ပျင်းရိ စေပါသည်" ဟု လျှောက်ထား၏၊ "ချစ်သားရဟန်း....ဤမိန်းမသည် သင်၏အကျိုးမဲ့ကိုပြုတတ်၏၊ သင်သည် ဤမိန်းမကိုအမှီပြု၍ ဈာန်ပျက်စီးကာ သုံးနှစ်ပတ်လုံး အမှတ်သညာကင်းလျက် အိပ်ရဘူးပြီ၊ အမှတ်သညာကိုရသောအခါ သည်းထန်စွာ ငိုကြွေးဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

ရသေ့ကိုမှီ သန္ဓေတည် လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာသိတိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်၍ အတတ်ပညာပြည့်စုံလျှင် တောထွက်၍ ရသေ့ရဟန်းပြုကာ တောသစ်သီး သစ်မြစ်တို့ဖြင့် မျှတလျက်နေ၏။

ထိုအခါ သမင်မတကောင်သည် ရသေ့ ကျင်ငယ်စွန့်ရာအရပ်၌ သုက်နှင့်ရောသော မြက်ကိုစားပြီးလျှင် ကျင်ငယ်ရေကိုသောက်၍ ရသေ့၌ တပ်စွန်းသောစိတ်ဖြစ်ကာ ကိုယ်ဝန်ကို ရရှိလေ၏၊ ထိုအခါမှစ၍ ကျောင်း၏အနီး၌သာနေ၏၊ ရသေ့သည်စုံစမ်းသည်ရှိသော် ထိုသမင်မ၏အကြောင်းကိုသိလေ၏။

သမင်မမွေးရ ဇာသိသိင်

နောက်အဘို့၌ သမင်မသည် လူဇာတ်ဖြစ်သော သူငယ်ကို ဘွားမြင်လေ၏၊ ရသေ့သည် ထိုသူငယ်ကို ကောက်ယူကာ သားအမှတ်ဖြင့်မွေးမြူ၏၊ ထိုသူငယ်အား ဇာသိသိင်ဟူသော အမည်ကိုမှည့်၏၊ ထိုဇာသိသိင်ကို လိမ်မာရေးချားအရွယ်သို့ရောက်သောအခါ ရသေ့ရဟန်းပြု၍ထား၏။

နောက်အဘို့၌ ရသေ့ကြီးသည် သားဇာသိသိင် ရသေ့ငယ်ကိုခေါ်၍ မိန်းမသဏ္ဌာန်ပန်းပွင့်ရှိသောနာရီမည်သောပန်းနွယ်တောသို့ သွားပြီးလျှင်“ချစ်သား....ဤဟိမဝန္တာ၌ ဤပန်းပွင့်တို့နှင့် တူကုန်သော မိန်းမတို့မည်သည် ရှိကုန်၏၊ ထိုမိန်းမတို့သည် မိမိအလိုသို့ လိုက်သောသူတို့ကို ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်စေကုန်၏၊ မိန်းမတို့အလိုသို့ မလိုက်အပ်”ဟု ဆုံးမပြီးလျှင် နောက်အဘို့၌ သေလွန်သဖြင့် ဗြဟ္မာပြည်သို့ လားလေ၏။

ရသေ့ငယ်ကျင့်ထန် သိကြားဖျက်ရန်

ဇာသိသိင်ရသေ့သည် ဈာန်ကစားကာ ဟိမဝန္တာ၌သာနေ၏၊ ပြင်းထန်သော အကျင့်ရှိ၏၊ ချုပ်တည်းသော ဣန္ဒြေရှိ၏၊ ထိုအခါ ရသေ့၏သီလတန်ခိုးကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်၏၊ သိကြားမင်းသည် ဆင်ခြင်လတ်သော် ဤရသေ့ကား ငါ့ကို သိကြားအဖြစ်မှ ရွှေ့လျောစေလျက် ငါ၏စည်းစိမ်ကို လုယူလိမ့်မည်ဟု နှလုံးသွင်းကာ နတ်သမီးတယောက်ကို စေလွှတ်၍ရသေ့၏ သီလဖျက်ဆီးစေမည်ဟု ကြံစည်လျက် စုံစမ်းသည်ရှိသော် ငါ၏နှစ်ဆယ့်ငါးကုဋေမျှရှိသော အလုပ်အကျွေးနတ်သမီးတို့တွင် အလမ္ဗု

သာနတ်သမီးကိုထား၍ ဣသိသိင်္ဂရသေ့၏သီလကိုဖျက်ဆီး နိုင်သော နတ်သမီးမရှိဟု ဆုံးဖြတ်ပြီးလျှင်—

သိကြားကြံတိုင်း နတ်သမီးနိုင်း

သိကြားမင်းသည် အလမ္ဗုသာ နတ်သမီးကို ခေါ်စေ၍ ကိလေသာဖြင့် ဖြားယောင်းကာ ဣသိသိင်္ဂရသေ့အား ဖျက်ဆီးရန်ပြောလို၍—

"အို-ရှင်မအလမ္ဗုသာ····သင်ကားယောကျ်ား တို့ကို ကိလေသာဖြင့် ရောနှောဖြားယောင်းနိုင်ပေ ၏၊ ရှင်မကို ငါသိကြားနှင့် တာဝတိံသာနတ်တို့ သည် တောင်းပန်ကြကုန်၏၊ ဣသိသိင်္ဂရသေ့ထံ သွားပါ၊ မြတ်သောဝတ်ကြီးဝတ်ငယ် အကျင့်နှင့် ပြည့်စုံလျက် နိဗ္ဗာန်ဟူသောနတ်ပြည်၌ မွေ့လျော် သော ဂုဏ်ကြီးလှသော ဣသိသိင်္ဂရသေ့သည် ငါ တို့ကို မလွှမ်းမိုးနိုင်မီ နတ်ပြည်ခရီးကို ပိတ်ပင်ချေ လော့"—

ဟု တောင်းပန်ကာ စေလွှတ်လေ၏။

နတ်သမီးတောင်းပန် ခွင့်လွှတ်ရန်

အလမ္ဗုသာ နတ်သမီးသည် သိကြား မင်းအား မိမိအား လွှဲဖယ်လို၍ ပြော ကြားလိုသဖြင့်—

"အရှင်သိကြားမင်း····အဘယ်သို့ပြုတော်မူသ နည်း၊ အကျွန်ုပ်ကိုသာ မြင်တော်မူဘိ၏၊ ရသေ့ ရဟန်းတို့ကို ဖြားယောင်းနိုင်သော အလမ္ဗုသာ သွားချေလောဟု အကျွန်ုပ်ကို စေခိုင်းတော်မူ ဘိ၏။

မစိုးရိမ်ရာ၊ နန္ဒဝန်ဥယျာဉ်သာ၌ အကျွန်ုပ်နှင့်တူသော အကျွန်ုပ်ထက်သာလွန်သော နတ်သမီးများစွာ ရှိပါကုန်သေး၏တကား၊ ထိုနတ်သမီးတို့ အလှည့်ဖြစ်ပါစေ၊ ထိုနတ်သမီးတို့ကို သွားပါစေ"–

ဟု လျှောက်ထား တောင်းပန်လေ၏။

သိကြားနိုင်းရာ မလွန်ဆန်သာ

ထိုအခါ သိကြားမင်းသည် အလမ္ဗုသာ လျှောက်ထားသောစကားကို သိကြားမင်းပယ်၍ အလမ္ဗုသာအား–

"အို-ရှင်မ အလမ္ဗုသာ....သင်လျှောက်ထားသောစကားသည် မှန်ပေ၏၊ သို့သော်လည်း သင်သည် ကိလေသာဖြင့် လုပ်ကျွေးခြင်းကို သိပေ၏၊ ယောကျ်ားသို့ ကပ်သောအခါ အခြားနတ်သမီးတို့သည် သင်ကဲ့သို့ ကိလေသာဖြင့် လုပ်ကျွေးခြင်းကို မသိကြကုန်၊ ရှင်မသာသွားပါ၊ ရှင်မသာ မိန်းမမြတ်ဖြစ်ပါ၏၊ ရှင်မသာ အဆင်းသဏ္ဌာန်ဖြင့် ရသေ့အား အလိုသို့ပါအောင် ဆောင်နိုင်လိမ့်မည်"–

ဟု တောင်းပန် တိုက်တွန်း ပြန်၏။

ရသေ့ကျောင်းနား နတ်သမီးသွား

ထိုအခါ အလမ္ဗုသာသည် မိမိပြုလုပ်ရမည့်အမှုကို အလွန် ထိတ်လန့်တုန်လှုပ်လျက်–

"အရှင်သိကြားမင်း....အခိုင်းအစေခံရသော အကျွန်ုပ်ကား မသွားဘဲနေမည်မဟုတ်ပါ၊ မုချ

သွားပါမည်၊ သို့သော်လည်း ဣသိသိင်္ဂရသေ့ကား ပြင်းထန်သောတန်ခိုးရှိပါ၏၊ ထိုကြောင့် သီလပျက်အောင် ရသေ့ထံချဉ်းကပ်ရန် ကြောက်လှ၏၊ မိုက်မဲသဖြင့် ရသေ့ကို ဖြားယောင်းဖျက်ဆီး၍ သံသရာ၌ကျင်လည်ကြရာ ငရဲသို့ကျရသော သတ္တဝါတို့သည် များပြားလှကုန်၏၊ ထို့ကြောင့် သီလကိုဖျက်ဆီးမည်ဟု ကြံစည်စဉ်ပင်လျှင် ကြက်သီးမွေးညှင်းထလှပါ၏''-

ဟု သိကြားအား လျှောက်ထားပြီးလျှင် သီလကိုဖျက်ဆီးရန် ဣသိသိင်္ဂရသေ့ထံသို့ သွားလေ၏။

တောတွင်းမျော်မှော ဣသိသိင်္ဂရသေ့

ဣသိသိင်္ဂရသေ့စောင့်ရှောက်သိမ်းဆည်းထားသော ကြက်မောက် တောဖြင့် ဖုံးလွှမ်းအပ်သော ယူဇနာခွဲ ရှိသောတောတွင်းသို့ ဝင်မိလေ၏၊ ထိုနောက် နံနက်နေထွက်စအခါ မီးတင်းကုပ်ကိုတမြက်လှည်းနေသောဣသိသိင်္ဂရသေ့မြင်လောက်ရာ မျက်နှာစာသို့ မိန်းမတို့ တင့်တယ်စမွယ်ခြင်း အမူအရာကို ပြလျက် ချဉ်းကပ်မိလေ၏။

လူတို့၏ခြင်းရာ မသိရှာ

ထိုအခါ ဣသိသိင်္ဂရသေ့သည် အလမ္ဗုသာ နတ်သမီးကိုမြင်လျှင် အံ့အားသင့်ကာ-

''အို-အချင်း.... သင်ကား အဘယ်သူနည်း၊ ဆန်းကြယ်သောအဝတ်ကို ဝတ်ဆင်ပေ၏၊ ပုလဲသွယ်လည်ရွဲနှင့် ပတ္တမြားနားဒေါင်းလည်း ဝတ်ဆင်ပေ၏၊ လျှပ်စစ်နွယ် သောက်ရူးကြယ်ကဲ့သို့ ထွန်းပ

ပေ၏၊ နေမင်းကဲ့သို့ ထွန်းလင်းသော အရောင်ရှိပေ၏၊ ရွှေကဲ့သို့ ဝါဝင်းသော စန္ဒကူး နံ့သာကိုလည်း လိမ်းကျံပေ၏၊ တခဲနက် ဥရုလက္ခဏာရှိပေ၏၊ နုပျို၏၊ များသော မာယာရှိပေ၏၊ ရှုချင်စဖွယ်ရှိပေ၏၊ သေးသွယ် တင့်တယ်သော ခါးရှိပေ၏၊ နူးညံ့သိမ်မွေ့၏၊ ကြည်လင်သန့်ရှင်း၏၊ ခြေတို့သည် မြေ၌ အညီအညွတ်တည်ကုန်၏၊ ချစ်နှစ်သက်ဘွယ်ယဉ်ကျေးသော သွားခြင်းကိုလည်း ငါ၏စိတ်ကို ဆောင်နိုင်ကုန်၏။

ပေါင်နှလုံးတို့သည် အရင်းကြီး အဖျားသွယ်သဖြင့် ဆင်နှာမောင်းနှင့် တူကုန်၏၊ ကြွေအန်ကစားသော ပျဉ်ကဲ့သို့ သင်၏ခါးသည် တင့်တယ်ပြေပြစ်လှ၏။

ချက်သည်လည်း ကောင်းသော သဏ္ဍာန်ရှိ၏၊ ကြာညိုပန်း၏ ချက်ကဲ့သို့ရင်း, သစ်နက်ရေဖြင့်ပြည့်သကဲ့သို့ရင်း အဝေးမှ စိမ်းစိမ်းညိုညို မြင်ရ၏။

ရင်ပတ်ဝယ် တည်ရှိသော အသားမြတ်နှစ်ခုတို့သည် အညှာလည်းမရှိကုန်၊ ရင်မှကောင်းစွာပြူ၍ထွက်ကုန်၏၊ မရှုံ့မတွ တွဲလျားမကျကုန်၊ ရွှေအင်းပျဉ်တွင် တင်ထားသော ဘူးသီးပိုင်းနှင့် တူကုန်၏။

သင်၏လည်ပင်းသည် ကျီသား၏လည်ပင်းကဲ့သို့ အနည်းငယ်ရှည်၏၊ ရွှေမုရိုးစည်ငယ်နှင့် တူ၏၊ နှုတ်ခမ်းတို့သည် လျှာအဆင်းကဲ့သို့တင့်တယ်နီမြန်းကုန်၏။

အထက်အောက် စွေစပ်ညီညွတ်သဖြင့် အလွန်စင်ကြယ် ဖြူဖွေးသောသွားတို့သည် ရှုချင်စဖွယ် တင့်တယ်ကုန်၏။

ညိုသင့်ရာအရပ်၌ ညို၍ နီသင့်ရာအရပ်၌နီသဖြင့် ရှည်၍ကျယ်ပြန့်သောမျက်လုံးတို့သည် ရှုချင်စဖွယ် တင့်တယ်ကုန်၏။

မရှည်လွန်းသဖြင့် ကောင်းစွာ ပြေပြစ်၍ဆီမွှေး လိမ်းကျံလျက် ကောင်းစွာဖီးအပ်သော ဆံပင်တို့သည် စန္ဒကူးနံ့ဖြင့် လှိုင်ကုန်၏။

ဤမြေအပြင်၌ လယ်ထွန်သွားကျောင်းကုန်သည် စသော ခပ်သိမ်းသောသူတို့တွင် သင်နှင့်တူမျှသော သူကို ငါမမြင်ဘူး၊ သင်ကား အဘယ်သူ နည်း၊ အဘယ်သူ၏ သားနည်း”—

ဟုခြေဖျားမှ ဆံဖျားတိုင်အောင် တကိုယ်လုံး ချီးကျူးကာ အလမ္ဗုသာနတ်သမီးအား အမျိုးအမည်ကို မေးလေ၏။

ဝိတက္ကမကိလေသာ ထကြွလာ

ထိုအခါ အလမ္ဗုသာ နတ်သမီးသည် မိမိဂုဏ်ကျေးဇူး တို့ကို ချီးကျူးသံကို ကြားရလျှင် မိမိသို့တိမ်းညွတ်ကာအလိုသို့ လိုက်ပါသည်ကိုသိ၍ မိန်းမတို့ပရိယာယ် မာယာဖြင့် စကားပြန်မပြောဘဲ ဆိတ်ဆိတ်သာနေ၏၊ ဣသိသိင်္ဂရသေ့၏ ကိုယ်သန္တာန်၌ ကိန်းဝပ်သော အနုသယကိလေသာတို့သည် နတ်သမီးတည်းဟူသော ဝိသဘာဂ အာရုံထုးနှင့်

တွေ့သဖြင့် အကြောင်းညီညွတ်က ပရိယုဋ္ဌာန,ဝီတိက္ကသို့ ပြောင်းလွဲရန် ပြင်ဆင်လျက် ရသေ့ရဟန်းတို့၏ အဖြစ်ကိုပင် သတိမရတော့ဘဲ မိန်းမောတွေဝေစေလျက်နေလေ၏။

တဏှာနှင့်များ ဘိတ်ခေါ်ခြင်း

ထိုအခါ အလမ္ဗုသာ နတ်သမီးသည် မိန်းမော တွေဝေ နေသည့် အဖြစ်ကို သိလျှင်—

"အို-ရှင်ရသေ့....အကျွန်ုပ်အပေါ်သို့ကြွင်နာ ယိုဖိတ် ချစ်ခင်သောမေတ္တာစိတ် ဤမျှ ရောက်နေလတ်သော် မေးမြန်းသင့်သောအခါ မဟုတ်တော့ပြီ၊ ယခု ကြွရောက်တော်မူပါ၊ ကျောင်းတွင်း၌ပိုက်ဘက်က မွေ့လျော်ပါအံ့၊ကာမဂုဏ်ဖြင့် မွေ့လျော်ရာ၌ အလွန်လိမ္မာသော အရှင်ဖြစ်တော်မူပါ"—

ဟုရသေ့အား ကိုယ်အလုံးကို အပ်နှင်းကာ ကာမဂုဏ်ဖြင့် မွေ့လျော်ရန် ဘိတ်မန်တိုက်တွန်းလေ၏။

သွားဟန်ပြုကာ မိန်းမမာယာ

ထိုနောက် နတ်သမီးသည် ငါဤလိုရပ်နေပါလျှင် ငါ့ထံသို့ လာမည်မဟုတ်၊ သွားဟန်ပြုမှတော်မည် ဟု နှလုံးသွင်းကာ မိန်းမတို့မာယာ၌ တဘက်ကမ်းခတ် တတ်မြောက်လိမ္မာသော နတ်သမီးသည် ရသေ့တကိုယ်လုံး တုန်လှုပ်စေလျက် မိမိလာခဲ့သောလမ်းသို့ မျက်နှာပြုလျက်ပြန်သွားသောအဟန်ပြုလေ၏၊ ဣသိသိင်္ဂ ရသေ့သည် အလမ္ဗုသာ နတ်သမီးပြန်သွားသည်ကိုမြင်လျှင် ဤသူသည် သွားခဲ့ပြီတကားဟု လွတ်သွားမည်ကို စိုးရိမ်လျက် နတ်သမီးထံ အမြန်သွားကာ လက်ဖြင့်ဆံထုံးကို ဆွဲငင်လေ၏၊ ထိုအခါ နတ်သမီးသည် နောက်သို့ပြန်လည်၍ ရသေ့ကို တအား

ဘက်လေ၏၊ ရသေ့၏ မြတ်သောအကျင့်သည် ရွေ့လျော ပျက်စီးလေ၏။

နတ်အတွေ့မွေ့လျော် သုံးနှစ်ကျော်

သိကြားမင်း၏အလိုအတိုင်း ပြည့်စုံသဖြင့် သိကြားမင်းလည်း အလမ္ဗုသာနတ်သမီးကို အလွှန်နှစ်သက်လေ၏၊ အလမ္ဗုသာနတ်သမီးလည်း သိကြားမင်းကို စိတ်ဖြင့် အောက်မေ့ကာ မိမိအလိုရှိရာကို တောင့်တလေ၏၊ထိုအခါ သိကြားမင်းလည်း အလမ္ဗုသာနတ်သမီး၏ စိတ်အကြံအစည်ကိုသိ၍ အခြံအရံနှင့်တကွ ရွှေဖြင့်ပြီးသော ငါးဆယ်သော အပေါ်လွှမ်းပိတာန်ကိုကြက်လျက် နတ်တို့ကော်ဇော တထောင် ခင်းထားသော ပလ္လင်ကို ချက်ခြင်း ပို့စေ၏၊ ဣသိသိင်္ဂရသေ့နှင့် အလမ္ဗုသာနတ်သမီးတို့သည် သိကြားပေးသောနတ်မွေ့ရာပလ္လင်ပေါ်၌ ပိုက်ဖက်၍ နတ်တို့အတွေ့ဖြင့် မွေ့လျော်မိန့်မောနေခဲ့ရာ နတ်တို့အရေအတွက်အားဖြင့် တခဏမျှသာ ထင်ရသော်လည်း လူတို့အရေအတွက် အားဖြင့် သုံးနှစ်မျှကြာမြင့်လေ၏။

ရသေ့ ယေသတိရ ကြံတွေးဆ

ကိစ္စပြီး၍ အမိန်းမောပြေသောအခါ အိပ်ရာမှနိုး၍သတိရကာ ကျောင်းပတ်ဝန်းကျင်ကို ကြည့်ရှုလတ်သော် မီးတင်းကုပ်ကိုခြံရံလျက် ရှည်လျားစိမ်းညိုသော မြက်သစ်ပင်တို့ ပေါက်ပွား ဖုံးလွှမ်းနေသည်ကို မြင်ရလေ၏၊ ဣသိသိင်္ဂရသေ့သည် ကျေးငှက် ဥဩတို့တွန်မြူးရာ ပေါက်သစ်စရွက်နုနှင့် ပွင့်သစ်စပန်းတို့ဖြင့်ဝေဆာလျက် ကြည်နူးဘွယ်ရှိသော ပတ်ဝန်းကျင်တောကိုကြည့်ရှုလျက် ကြံမှိုင်ကာနေလေ၏။

သီလကျင့်ပျက် ညည်းညူလျက်

ထိုအခါ ဗြဟ္မဒတ်ရသေ့သည် မျက်ရည်တွေ ဖြိုင်ဖြိုင်ကျဆင်းကာ ငိုကြွေး မြည်တမ်းလျက်—

"အချင်းတို့····ငါသည်မီးမပူဇော်မိလေ၊ဖေဒင်တို့ကို မသရဇ္ဈာယ်မိလေ၊မီးပူဇော်ခြင်းကို စွန့်လွှတ်ခဲ့၏၊ အဘယ်သူသည် ငါ့စိတ်ကို ဖြားယောင်း သွေးဆောင်ကာ ကာမဂုဏ်ဖြင့် လုပ်ကျွေးဘိသနည်း"။

"အချင်းတို့···· ရတနာအထူးထူးတို့ဖြင့် ပြည့်သောလှေကို သမုဒ္ဒရာလယ်၌ နှစ်ဘိသကဲ့သို့ တောထဲ၌နေသော ငါ၏ရသေ့ရဟန်းတို့ အစွမ်းကြောင့် ဖြစ်သော ဈာန်တည်းဟူသောကျေးဇူးကို ဖျက်ဆီးသူကား အဘယ်သူဖြစ်သနည်း"—

ဟု ငိုကြွေး မြည်တမ်းကာ နေ၏။

နတ်သမီးကိုယ်ထင်ပြ တောင်းပန်ဝန်ချ

ထိုအသံကို အလမ္ဗုသာနတ်သမီးကြားလျှင် အကယ်၍ ဟုတ်တိုင်းမှန်ရာကို မပြောချေအံ့၊ရသေ့သည် ငါ့ကိုကျိန်ဆဲခဲ့ရာ၏၊ သို့အတွက် ပြောဆိုမည်ဟု ကြံစည်လျက် ကိုယ်ထင်ပြကာ-ရသေ့အား—

"အို-အရှင်ရသေ့···· အကျွန်ုပ်သည် သိကြားမင်းစေခိုင်းသောကြောင့် ကာမဂုဏ်ဖြင့်လုပ်ကျွေးမိပါ၏၊ အရှင်၏စိတ်တော်ကို ညှဉ်းဆဲမိပါ၏၊အရှင်ကား မိန်းမော်တွေဝေစေလျက် သတိမရချေ"—

ဟု အတိအလင်း ဟုတ်မှန်သည့်အတိုင်းလျှောက်ထားလေ၏။

တဏှာပြစ်မြင် ဈာန်ပြန်ဝင်

ဣသိသိင်္ဂ ရသေ့သည် အလမ္ဗုသာနတ်သမီးစကားကိုကြားလျှင်(ချစ်သား ဤဟိမဝန္တာတောဌ် ဤပန်းပွင့်နှင့် တူသော မိန်းမတို့မည်သည်တို့ရှိကုန်၏၊ ထိုမိန်းမတို့သည် မိမိအလိုသို့လိုက်သောသူတို့ကို ကြီးစွာသော ပျက်စီးခြင်းသို့ရောက်စေကုန်၏၊ မိန်းမတို့အလိုသို့မလိုက်အပ်) ဟု ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံသော ငါ့ဘခင်ရသေ့ကြီးသည် ငါ့ကို အဖန်ဖန် ဆုံးမခဲ့ဘူး၏၊ ငါ့ဘခင်၏အဆုံးအမကို မလိုက်နာမိသဖြင့် ယနေ့ငါ့မှာ စိုးရိမ်ပူဆွေးရ၏၊ ဝိုကြွေးမြည်တမ်းရ၏၊ ငါ၏အသက်ရှည်ခြင်းဖြင့် စက်ဆုပ်ဘွယ်ရှိစွတကား၊ သေရခြင်းသာ မြတ်သေး၏တကား ဟု ကြံစည်နှလုံးသွင်းကာ ငါသည် ယခုပင်လျှင် ဈာန်ကိုရအောင်ကြိုးစားမည် ဟု ကာမရာဂကို ပယ်လျက် ကသိုဏ်းပရိကံကို ပြုလုပ်အားထုတ်လျှင် ခဏချင်းပင် ကွယ်ပျောက်လေပြီးသောဈာန်ကို တဖန်ပြန်၍ ရလေ၏။

သိကြားစေနိုင်းပြု ပြုလုပ်မှု

ထိုအခါ အလမ္ဗုသာ နတ်သမီးသည် ချက်ခြင်းပင် ဈာန်ကို ပြန်၍ ရအောင် ကြိုးစားနိုင်သော ဣသိသိင်္ဂ ရသေ့၏ အစွမ်းကိုသိရလျှင် ငါသည် ပြစ်မှားဖျက်ဆီးမိလေခြင်းဟု ယူကျုံးမရဖြစ်ကာ အလွန်ကြောက်ရွံ့ထိတ်လန့်လျက်—

"ကြီးမြတ်သောလုံ့လရှိသော အရှင်ရသေ့…. အကျွန်ုပ်အား အမျက်မထွက်ပါလင့်၊ အရှင်၏ခြေတော်အစုံတို့ကို ရှိခိုးပါ၏၊ အရှင်၏ သီလတန်ခိုး

ကြောင့် နတ်ပြည်တပြည်လုံး တုန်လှုပ်ပါ၏၊ ထို
နတ်တို့အကျိုးစီးပွားအလို့ငှါ ဤသို့ပြုလုပ်မိပါ၏”-
ဟု လျှောက်ထား တောင်းပန်ကာ ရသေ့၏ခြေတော်
အစုံတို့ကို ဦးတိုက်လေ၏။

တရားနှလုံးသွင်း သည်းခံခြင်း

ထိုသို့ နတ်သမီးတောင်းပန် ကန်တော့သည်ရှိသော် ဣသိသိင် ရသေ့သည် သည်းခံကာ—

“အို-မွန်မြတ်သော လက္ခဏာနှင့် ပြည့်စုံသော
နတ်သမီး····တာဝတိံသာနတ်တို့သည်ချမ်းသာကြ
ပါစေ၊ နတ်တို့အရှင်ဖြစ်သော သိကြားမင်းလည်း
ချမ်းသာပါစေ၊သင်နတ်သမီးလည်းချမ်းသာပါစေ၊
အို-နတ်သမီး···· သင်အလိုရှိရာသွားလေလော့”-
ဟု ခွင့်ပြုလေ၏၊ ထိုအခါ အလမ္ဗုသာနတ်သမီးသည်
ဣသိသိင်ရသေ့ထံမှ ခွင့်ရလျှင် ရသေ့ကိုရှိခိုး၍ လက်ျာရစ်
လှည့်ပြီးလျှင် သိကြားမင်းပို့စေသော ဗိတာန် အခင်းနှင့်
တကွဖြင့် ရွှေပလ္လင်ပေါ်၌နေကာ ပလ္လင်နှင့်တကွ သိကြား
မင်းထံသို့ ပြန်လေ၏။

နောင်တွင်၍အမှု ဆုတောင်းပြု

သိကြားမင်းသည် အလိုပြည့်အောင် ဆောင်ရွက်နိုင်သဖြင့် အလွန်အားရ နှစ်သက်ကာ အလမ္ဗုသာ နတ်သမီး
အား“ရှင်မအလမ္ဗုသာ···· သင်အလိုရှိရာ ဆုမြတ်ကိုယူ
လော့”ဟု ဆုကိုပေးလေ၏။

ထိုအခါ အလမ္ဗုသာ နတ်သမီးသည်“အရှင်သိကြား
မင်း····အကျွန်ုပ်အား အကယ်၍ ဆုပေးတော်မူသည်ဖြစ်
အံ့၊ အကျွန်ုပ်သည် ရသေ့ ရဟန်းတို့အား ဖြားယောင်း

သွေးဆောင်ရန် မသွားရပါလို၊ ဤဆုကိုသာ တောင့်တပါ၏''ဟု လျှောက်ထားလေ၏။

ဒေသနာတော်တို့ကို ဆောင်၍ သစ္စာကို ပြသည်၏အဆုံး၌ သာသနာတော်၌ ငြီးငွေ့ပျင်းရိသောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်လျက်—

ရဟန်းတို့....

※ ထိုအခါ အလမ္ဗုသာ နတ်သမီးသည်— ယခုအခါ မယားဟောင်း။

※ ဣသိသိင်္ဂ ရသေ့သည်— သာသနာတော်၌ ငြီးငွေ့သောရဟန်း။

※ ဣသိသိင်္ဂရသေ့၏ အဘရသေ့ကြီးသည်—ငါဘုရား ဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိန်းမတို့ကား၊မာယာများ၊ဖြားယောင်းသွေးဆောင်ကာ။
(၂) ရဟန်းမရှောင်၊ ကြော့ကွင်းထောင်၊ မိအောင်ဘမ်းသည်သာ။
(၃) ဈာန်ယာဉ်ဖြင့်သွား၊ ရဟန်းများ၊ကျခြားကျွမ်းပြန်ကာ။
(၄) မိန်းမလိုဆိုး၊ လိုက်မိမျိုး၊ ကိုယ်ကျိုးနဲလှစွာ။
(၅) သတိလွှတ်ကင်း၊ တွေဝေပြင်း၊ ကျဆင်းအပါယ်သာ။

အလမ္ဗုသာ ဇာတ်ပြီး၏။

၅၂၄- သင်္ပါလဇာတ်

ပစ္စုပ္ပန်ဝတ္ထု

သီလတန်ခိုး စည်းစိမ်တိုး

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဥပုသ်ဆောက်တည်သောဒါယကာတို့အား"ဒါယကာတို့.. ဥပုသ်ဆောက်တည်ခြင်းကား ရှေးသူတော်ကောင်းတို့ လုပ်ငန်းတည်း၊ ရှေးပညာရှိတို့သည် ကြီးစွာသော နဂါးမင်းစည်းစိမ်ကိုစွန့်၍ ဥပုသ်ဆောက်တည်ဘူးကုန်ပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

သားကိုနန်းအပ် ရဟန်းပြုလတ်

လွန်လေ ပြီးသောအခါ ရာဇဂြိုဟ်ပြည်ဝယ် မာဂဓမင်း မင်းပြုသည် ရှိသော် ဘုရား အလောင်းသည် မဂဓ မင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေ၍ ဘွားမြင်သောအခါ ဒုယောဒနဟု အမည်မှည့်ကုန်၏၊ အရွယ်သို့ ရောက်လတ်သော် ဒုယောဒနသတို့သားသည် တက္ကသိုလ်ပြည်၌အတတ်ပညာသင်ကြားပြီး၍ ပြန်လာသောအခါ မဂဓမင်းသည် သားတော် ဒုယောဒနကို အဘိသိက်သွန်း၍ မင်းမြှောက်ပြီးလျှင် မိမိမူကား ရသေ့ရဟန်းပြု၍ ဥယျာဉ်တော်၌ ရဟန်းတရားကို အားထုတ်လျက်နေ၏။

ဥယျာဉ်ခွါမှ အဘိညာဉ်ရ

ဒုယောဒန မင်းသည် တနေ့သုံးကြိမ် အဘရသေ့ထံ ဆည်းကပ်၏၊ ရသေ့အား များစွာသော ပူဇော်သက္ကာရ

သည်ဖြစ်လေ၏၊ ထိုကြောင့် ရသေ့သည် ကသိုဏ်းပရိကံကို ပြုလုပ်ခွင့်မရလေ၊ ထိုအခါ ရသေ့သည် ငါ့မှာ ဥယျာဉ်တော်၌နေသဖြင့် ဤအနှောင်အဖွဲ့ကို ဖြတ်ခြင်းငှါမတတ်နိုင်၊ တစုံတယောက်ကို မပန်ကြားဘဲ သွားတော့မည်ဟု ကြံစည်ဆုံးဖြတ်ကာ ဥယျာဉ်တော်မှ ထွက်၍ သွားရာ မဟိံသကတိုင်း သင်္ခပါလအိုင်မှ ထွက်သော ကဏ္ဏဝဏ္ဏာ မြစ်ကွေ့သို့ရောက်၍ စန္ဒကတောင်ကို အမှီပြုကာ သစ်ရွက်မိုးကျောင်း ဆောက်လုပ်၍ နေလျက် ကသိုဏ်းပရိကံကို ပြုလုပ် အားထုတ်သဖြင့် မကြာမီ ဈာန်အဘိညာဉ်ရ၍ ဆွမ်းခံဝတ်ဖြင့် မျှတကာနေ၏။

ဖခင်ကျောင်းတွင် နဂါးမင်းမြင်

ထိုအခါ သင်္ခပါလ နဂါးမင်းသည် ကဏ္ဏဝဏ္ဏာမြစ်မှထွက်၍ များစွာသော စည်းစိမ် အခြံအရံဖြင့် ကြိုးကြား ကြိုးကြား ရသေ့ထံသို့ ဆည်းကပ်ကာ တရားနာ၏၊ ဒုယောဒနမင်းလည်း ခမည်းတော်ရသေ့ကို စုံစမ်းစေရာ သိသဖြင့် များစွာသော အခြံအရံနှင့်တကွ ခမည်းတော် ရသေ့ထံ ဖူးမျှော်ရန်လာ၏၊ ထိုခဏ၌ သင်္ခပါလနဂါးမင်းသည် များစွာသောအခြံအရံနှင့်တကွ ရသေ့ထံတရားနာလျက်နေ၏၊ နဂါးမင်းသည် မဂဓမင်းလာသည်ကို မြင်လျှင် ရသေ့ကိုရှိခိုး၍ နေရာမှထ၍ သွားလေ၏။

နဂါးပြည်နှစ်သက် တောင့်တလျက်

မဂဓမင်းလည်း ခမည်းတော်ရသေ့ကို ရှိခိုးပြီးလျှင် လျှောက်ပတ်သောအရပ်၌ နေလျက် "အရှင်ဘုရား.... အရှင်ဘုရားထံသို့ ဆည်းကပ်လာသော ဤမင်းကား အဘယ်မင်း

နည်း''ဟုလျှောက်၏၊''ချစ်သား····ဤမင်းကား သင်္ခပါလ နဂါးမင်းဖြစ်သည်'' ဟု မိန့်တော်မူ၏၊ ထိုအခါ မဂဓ မင်းသည် သင်္ခပါလနဂါးမင်း၏စည်းစိမ်ကိုမှီ၍ နဂါးပြည်၌ တပ်စွန်းမိလေ၏၊ ခမည်းတော်ရသေ့ထံ၌ နှစ်ရက်သုံးရက် နေပြီးလျှင် မိမိတိုင်းပြည်သို့ ပြန်၍ တံခါးလေးမျက်နှာ၌ အလှူတင်းကုပ် လေးဆောင်တို့ကို ဆောက်စေပြီးလျှင် ဇမ္ဗူဒိပ်ကျွန်းအလုံးကို ချောက်ချားစေလျက် အလှူပေး ခြင်း, သီလဆောက်တည်ခြင်း, ဥပုသ်စောင့်သုံးခြင်းကို ပြု လျက် နဂါးပြည်၌ဖြစ်ရန်သာ ဆုတောင်း၏၊သေလွန်သော အခါ ဆုတောင်းသော အတိုင်း နဂါးပြည်၌ ဖြစ်၍ သင်္ခပါလနဂါးမင်း ဖြစ်လေ၏။

သီလဆောက်တည် အမိဋ္ဌာန်အညီ

ထိုသင်္ခပါလ နဂါးမင်းသည် နဂါးမင်း စည်းစိမ်ကို ခံစား၍ ကာလ ကြာမြင့် လတ်သော် နဂါးတို့အဖြစ်ကို ငြီးငွေ့ ကာ လူ့အဖြစ်ကို တောင့်တလျက် ဥပုသ်စောင့်သုံးလေ၏၊ နဂါးပြည်၌ ဥပုသ်စောင့်သုံးသော နဂါးမင်းအား သီလ ပျက်စီးခြင်းသာ များလေ၏၊ ထိုအခါ သင်္ခပါလ နဂါး မင်းသည် နဂါးပြည်မှထွက်၍ ကဏ္ဏဝဏ္ဏမြစ်၏ အနီးဝယ် ခရီးလမ်းကြားရှိ တောင်ပို့တခုတွင် ရစ်ပတ်လျက် ဥပုသ် စောင့်သုံးလေ၏၊ (ငါ၏ အသားအသွေးတို့ကို အလိုရှိ သောသူတို့သည် အလိုရှိတိုင်း ယူစေသတည်း။) ဟု သစ္စာ မိဋ္ဌာန်ပြုကာ ကိုယ်အသက်ကို အလှူဝဋ္ဋစွန့်ကာ ထား၏၊ လစဉ် ဆယ့်လေးရက်မြောက်နေ့၊ ဆယ့်ငါးရက်မြောက်နေ့ အားဖြင့် နှစ်ရက်ပတ်လုံး ဥပုသ်စောင့်သုံး၍ အထွက် တရက်နေ့မှ နဂါးပြည်သို့ ပြန်သွားလေ့ရှိ၏။

မူဆိုးတို့မြင်စွမ်း နဂါးဖမ်း

တနေ့သ၌ နဂါးမင်းသည် တောင်ပို့ကို ရစ်ပတ်ကာ ဥပုသ်စောင့်သုံး၍နေလတ်သော် မူဆိုးတကျိပ် ခြောက်ယောက်တို့သည် လက်နက်တို့ကိုကိုင်ကုန်လျက် အမဲသား အလို့ငှါ တော၌ လှည့်လည်ကြရာ တစုံတခုသောအသားကို မရကြကုန်၊ ထိုအခါ တောမှထွက်၍ ပြန်လာခဲ့ကြရာ ခရီးအကြား၌ တောင်ပို့ကိုရစ်ပတ်ကာ ဥပုသ် စောင့်သုံးနေသော သင်္ခပါလနဂါးမင်းကိုမြင်လျှင် ငါတို့ကား ဖွတ်တကောင်မျှ မရကုန်၊ ဤနဂါးမင်းကိုသတ်၍ ယူကြကုန်အံ့၊ နဂါးမင်းကား လှေပိန်းကောမျှကြီးမားလှသောကိုယ်ရှိ၏၊ ဖမ်းယူသော် ပြေးလေရာ၏၊ အခွေမပျက် တံကျင်တို့ဖြင့် ထိုး၍ အားနည်းအောင်ပြုပြီးမှ ယူမည်ဟု တိုင်ပင်ညီညွတ်ကာ တံကျင်တို့ကိုကိုင်၍ အနီးသို့ ချဉ်းကပ်ကုန်၏။

သီလမိဋ္ဌာန် မပျက်ရန်

နဂါးမင်းသည် တကျိပ်ခြောက်ယောက်သော မူဆိုးတို့လာသောခြေသံကိုကြားလျှင် အခွေကြားမှ ဦးခေါင်းကိုဘော်ကာ ကြည့်ရှုလတ်သော် တံကျင်လက်နက် စွဲကိုင်၍လာသော မူဆိုးတို့ကိုမြင်၍ ယနေ့ငါ၏နှလုံးအလိုသည် အပြီးသို့ရောက်လတ့်၊ ငါ့ကိုဘယ်သို့ နှိပ်စက် ညှဉ်းပန်းစေကာမူ ငါသည် အမျက်ထွက်သောအားဖြင့် မျက်စိကို မျှဖွင့်၍ မကြည့်တော့အံ့ဟု မြဲမြံစွာ မိဋ္ဌာန်လျက် ဦးခေါင်းကိုအခွေကြားသို့သွင်းကာ လျောင်းလေ၏။

တံကျင်နှင့်ထိုး စိုင်းထမ်းပိုး

မူဆိုးတို့သည် နဂါးမင်းကို မြီးထူး၌ကိုင်ကာ ဆွဲငင်၍မြေကြီး၌ ပုတ်ခတ်ပြီးလျှင်ရှစ်ဌာနတို့၌ တံကျင်တို့ဖြင့်ဖေါက်

၍ ကြိမ်တို့ကို ထိုးလျှိုကာ ကြိမ်ကွင်းတို့ကို ပြုလုပ်ပြီးလျှင် ထမ်းပိုးရှစ်ချောင်းတို့ဖြင့် ထိုးစွပ်ကာ ဦးပဲ့တဆယ့်ခြောက် ယောက်ထမ်း၍ လမ်းမ၌ သွားကြကုန်၏၊ နဂါးမင်းဦး ခေါင်းသည် တွဲလျားကျနေပြန်သဖြင့် တဖန် တံကျင်ဖြင့် နှာခေါင်းဖုကို ဖေါက်ကာ ကြိုးတပ်လျက် ထမ်းပိုးစွန်း တွင်ချိပ်ဆွဲလျက် သွားကြကုန်၏၊ နဂါးမင်းကား ကိုးဌာန အပေါက်ဖေါက်သော အခါ၌၎င်း, ကြိမ်ကွင်းလျှိုသော အခါ၌၎င်း, ထမ်းပိုးသွားသောအခါ၌၎င်း တကြိမ်တခါမျှ အမျက်မထွက် အဓိဋ္ဌာန်မပျက်အောင်သာ နေလေ၏။

အာဠာရသူကြွယ် ရွှေနှင့်လဲလှယ်

ထိုအခါ ဝေဒေဟတိုင်း မိဓိလာမြို့နေ အာဠာရမည်သောသူကြွယ်သည် ညင် သာသော လှည်းယာဉ်ကို စီးလျက် ထိုလမ်းခရီးသို့ လာလတ်သော် မုဆိုးဆယ့်ခြောက်ယောက် တို့သည် သခ်ပါလနဂါးမင်းကို ထမ်းလာသည်ကိုမြင်လျှင် အလွန်ကြင်နာ သနားလှသဖြင့် မုဆိုးတို့အား လှည်းတိုက် နွားတဆယ့်ခြောက်ကောင်တို့ကို၎င်း,တလက်ဆွမ်းစီသော ရွှေပဲရုပ်တို့ကို၎င်း, အဝတ်အရုံ တန်ဆာတို့ကို၎င်း ပေး၍ နဂါးမင်းကို လွှတ်စေ၏၊ နဂါးမင်းလည်း မုဆိုးတို့လက်မှ လွတ်လျှင် နဂါးပြည်သို့ ပြန်လေ၏။

နဂါးစည်းစိမ်ခံစား တောထွက်သွား

မကြာမြင့်မီလျှင် များစွာသော အခြံ အရံဖြင့် နဂါးပြည်မှထွက်ခဲ့၍ အာဠာရ ကုန်သည်ထံသွားပြီးလျှင် နဂါးပြည်၏ ဂုဏ်ကျေးဇူးကို ပြောဆို၍ နဂါးပြည်သို့ ခေါ်ယူပြီးလျှင် နဂါးကညာ သုံးရာနှင့်တကွ များစွာသော စည်းစိမ်ကို

ပေး၍ နတ်တို့ကာမဂုဏ်ဖြင့် ရောင့်ရဲစေ၏၊ အာဠာရကုန် သည်လည်း တနှစ်ပတ်လုံး စည်းစိမ်ခံစားပြီးလျှင် "အဆွေ နဂါးမင်း.... အကျွန်ုပ် ကာမဂုဏ်ကိုစွန့်၍ ရဟန်းပြုလို သည်"ဟု ပြောဆို တောင်းပန်ပြီးလျှင် ရဟန်းပရိက္ခရာ တို့ကိုယူ၍ နဂါးပြည်မှထွက်ကာ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ရသေ့ရဟန်း ပြုလေ၏။

ဆွမ်းခံကြွရောက် မင်းပင့်လျှောက်

နောက်အဘို့၌ ဒေသစာရီ လှည့်လည် ပြန်ရာ ဗာရာဏသီ မင်းဥယျာဉ်သို့ ရောက်၍ နက်ဖြန်ဆွမ်းခံဝင်သောအခါ မင်းအိမ်တံခါးသို့သွားလေ၏၊ မင်းကြီးမြင်လျှင် ကြည်ညို၍ နန်းတော်သို့ပင့်ကာ ကောင်းသော ခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေးပြီးလျှင် ရှိခိုးလျက်—

"အရှင်ဘုရား.... အရှင်ဘုရားကား အပြစ် ကင်း၍ ကောင်းသော ကိုယ်ရောင် ကိုယ်ဝါရှိ၏၊ ကြည်လင်သောမျက်စိရှိ၏၊ အဘယ်အမျိုးမှရဟန်း ပြုသနည်း၊ အဘယ်အကြောင်းကြောင့် ပစ္စည်းဥစ္စာ တို့ကိုစွန့်၍ ရသေ့ရဟန်း ပြုသနည်း"—

ဟု ရသေ့ရဟန်း ပြုလာခြင်းအကြောင်းရင်းကို မေး လျှောက်လေ၏။

မျိုးဇာတ်ရင်းများ ရသေ့ပြောကြား

ထိုအခါအာဠာရရသေ့သည် တွေ့ကြုံ ခံစားခဲ့ရသောအကြောင်းတို့ကို မင်း ကြီးအားပြန်၍ပြောကြားလိုသဖြင့်—

"မြတ်သောမင်းကြီး.... ငါသည် တန်ခိုးအာ နုဘော် ကြီးမားလှသော သင်္ခပါလ နဂါးမင်း၏

ဗိမာန်ဝယ် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသည်ကို မြင်ခဲ့ရခြင်း, ကောင်းမှုအကျိုးကြီးခြင်းကို မြင်ခဲ့ရခြင်း,ကံ ကံ၏အကျိုး, တမလွန်ဘဝကိုယုံကြည်ခြင်း တို့ကြောင့် ရသေ့ရဟန်းပြုပါ၏”—

ဟု ရသေ့ရဟန်း ပြုခဲ့ခြင်းအကြောင်းကို ပြောကြားလေ၏၊ ထို့နောက် ဗာရာဏသီမင်းကြီးသည် ရသေ့အား—

“အရှင်ဘုရား···· ရသေ့ရဟန်းတို့ မည်သည် ကာမဂုဏ်၌ တပ်စွန်းသဖြင့်ငှင်း, ကြောက်သဖြင့်ငှင်း, အမျက်ထွက်သဖြင့်ငှင်း ချွတ်ယွင်းသော စကားကို မဆိုကြကုန်၊ အကျွန်ုပ်အားပြောကြားတော်မူပါ၊ ကြည်ညိုရပါလတံ့”—

ဟု ရသေ့ရဟန်းတို့၏ အကျိုးကို မေးမြန်းပြန်၏။

မိမိဖြစ်သမျှ မင်းဟောပြ

ထိုအခါ အာဠာရရသေ့သည် မင်းကြီးအား မိမိဖြစ်ခဲ့သမျှအကြောင်းကိုပြောလိုပြန်၍—

“မြတ်သောမင်းကြီး···· ငါသည် ကုန်ကူးမည်ဟုသွားခဲ့ရာ လမ်းခရီး၌ ကြီးသောကိုယ်ရှိသော မြတ်သောနဂါးမင်းကို ဝမ်းမြောက်စွာထမ်းပိုး၍ လာကြကုန်သော မှုဆိုးတို့ကိုမြင်ရပါ၏။

ထိုအခါ ငါသည် မုဆိုးတို့အနီးသို့ ချဉ်းကပ်၍ ကြက်သည်းမွေးညှင်းထကာ ကြောက်လျက်ပင် မုဆိုးသားတို့····နဂါးမင်းကို အဘယ်အရပ်မှဖမ်းယူခဲ့ကြသနည်း၊ အဘယ်သို့ ပြုကြမည်နည်းဟု မေးမိပါ၏”။

"ဝေဒေဟတိုင်းသားကုန်သည်…. ကြီးသော ကိုယ်ရှိသော မြတ်သော ဤနဂါးမင်းကို အသားကို စားရန် ထမ်းပိုးခဲ့ကြ၏၊ နဂါးသားသည် ကောင်း လည်းကောင်း ဆူလည်းဆူ နူးညံ့လည်းနူးညံ့လှ၏၊ သင်နဂါးသားကိုမသိ။

ငါတို့သည် ထမ်းပိုးယူဆောင်၍ အိမ်သို့ရောက် လျှင် ထားတို့ဖြင့် အသားတို့ကိုလှီးဖြတ်ကာ ဝမ်း မြောက် ဝမ်းသာ စားကြပါကုန်အံ့၊ ငါတို့ကား စင်စစ် နဂါး၏ရန်သူတို့တည်း"။

"မှူဆိုးသားတို့…. ကြီးသောကိုယ်ရှိသော မြတ် သောနဂါးမင်းကို အသားကိုစားရန် အကယ်၍ ထမ်းပိုးခဲ့ငြားအံ့၊ သင်တို့အား လှည်းတိုက်နွားတ ဆယ့်ခြောက်ကောင်ကို ပေးပါအံ့၊ ဤနဂါးမင်းကို လွှတ်ကြပါ"။

"ဝေဒေဟတိုင်းသားကုန်သည်….နှစ်လိုဘွယ်ရှိ သော နဂါးသားကို ငါတို့သည် စင်စစ်စားဘူးကုန် ၏၊ လူများစွာတို့လည်းစားဘူးကြကုန်၏၊ သို့သော် လည်း သင့်စကားကို လိုက်နာကြပါအံ့၊ သင်သည် ငါတို့အဆွေခင်ပွန်း ဖြစ်ပါလော့"။

"မြတ်သောမင်းကြီး….ထိုအခါ မှူဆိုးတို့သည် နဂါးမင်းအား အနှောင်အဖွဲ့မှလွှတ်မြောက်ကုန်၏၊ နဂါးမင်း၏ နှာခေါင်းပေါက်မှ သွင်း၍ချည်အပ် သော အနှောင်အဖွဲ့မှလည်း လွှတ်ကုန်၏၊ နဂါး

မင်းသည် အနှောင်အဖွဲ့မှလွတ်လျှင် လွတ်ခြင်း အရှေ့အရပ်သို့သွားလေ၏၊ တခဏမျှ အရှေ့အ ရပ်သို့သွားလေ၏၊ ထိုခဏ၌ အရှေ့အရပ်သို့သွား ပြီးလျှင် မျက်ရည်ယိုစီးနေသော မျက်စိဖြင့်ငါ့ကို ကြည့်ရှုပါ၏၊ ထိုအခါငါသည် နဂါးမင်း၏နောက် မှ လက်အုပ်ချီကာ လိုက်ပါ၏"။

"အရှင်နဂါးမင်း....သင်သည် အဆောတလျင် ကြွတော်မူပါ၊ သင့်ကို တဖန် ရန်သူတို့ မဖမ်းပါ စေကုန်လင့်၊ ကြမ်းကြုတ်သောသူတို့နှင့် တဖန် ပေါင်းဘော်ရခြင်းသည် စင်စစ်ဆင်းရဲလှ၏၊ မုဆိုး တို့မမြင်ရာအရပ်သို့ ကြွတော်မူပါ"။

"မြတ်သော မင်းကြီး....ထိုအခါ နဂါးမင်း သည် ကြည်လင်ညိုမှောင်သောအရောင်ရှိလျက် မွှေ လျော်ဘွယ်ဆိပ်ကမ်းရှိ၍သပြေပင်,ရင်းရဲပင်တို့ဖြင့် ကမ်းနှစ်ဘက်ညွတ်မျှပေါက်နေသော ကဏ္ဏဝဏ္ဏာ မြစ်တွင်းသို့ သက်ဆင်းကာဝင်လေ၏"။

"မြတ်သော မင်းကြီး.... ထိုနဂါးမင်းသည် မကြာမြင့်မီလျှင် နတ်၌ဖြစ်သော အခြံအရံဖြင့်ခြံရံ လျက် ငါ၏ရှေ့မှောက်တွင်ထင်ရှားရောက်လာပြန် ၏၊ သားသည်အဘကိုဆည်းကပ်သကဲ့သို့ စိတ်နှလုံး သို့သက်ဝင်ကာ နားချမ်းသာသောစကားကို ပြော ဆိုလျက် ငါ့ထံသို့ဆည်းကပ်လာပြန်၏"။

ထိုနောက် သင်္ခပါလနဂါးမင်းသည် တဖန်ငါ့အား–

"အို-အာဠာရ....သင်ကား ငါ၏အမိလည်း ဖြစ်၏၊ အဘလည်းဖြစ်၏၊ အသက်ကိုပေး၍ နှလုံး

သားနှင့်တူသောအဆွေခင်ပွန်းလည်းဖြစ်၏၊ သင့်ကို ပူဇော်ချီးမြှောက်ပါအံ့၊ငါ့မှာတန်ခိုးကိုပြန်၍ရခဲ့၏၊ ငါ၏နေရာဗိမာန်ကို ရှုလှည့်ပါ၊ ငါ၏နေရာဗိမာန် ကား သိကြားမင်း၏နေရာ တာဝတိံသာနတ်ပြည် နှင့်တူ၏၊ များသော ထမင်းအဖျော်ခဲဘွယ်ဘောဇဉ် လည်းရှိ၏၊ နဂါးပြည်ကို ကြည့်ရှုလှည့်ပါဟု ဘိတ် ကြားပြန်၏”။

“အို-အာဠာရ ....ငါတို့နဂါးပြည်ဝင်ကာမျှ သောသူတို့သည်၏၌ စိုးရိမ်ခြင်းကင်းကုန်မြေလည် ညီညွတ်၏၊ ကျောက်ခဲ ကျောက်စရစ်ခဲလည်းမရှိ၊ နူးညံ့သိမ်မွေ့သော ရတနာခုနစ်ပါးတို့ အရောင်ဖြင့် တပြောင်ပြောင် ထွန်းလင်း၏၊ ပိုးပရုံအဆင်းကဲ့ သို့နီမြန်း၍ နိမ့်သောမြက်လည်းရှိ၏၊ မြူမှုံလည်း ကင်း၏၊ ကြည်ညိုဘွယ်လည်းရှိ၏၊ မယုတ်သော လမ်းနှင့်တကွ ကျောက်မြက်ရွှဲဖြင့်ပြီးသဖြင့် စိမ်းညို သော ရေ၏တည်ရာ ရေကန်လည်းရှိ၏၊ ရေကန်၏ လေးမျက်နှာတို့၌ သရက်ဥယျာဉ်လည်းရှိ၏၊ မှည့် သောအသီး, စိမ်းရွှမ်းသောအသီး အပွင့်တို့ဖြင့် လည်း စည်ပင်၏၊ ရတုခြောက်ပါးနှင့်လျော်သော အသီးအပွင့်နှင့်လည်း ပြည့်စုံ၏”—

ဟု မိမိနဂါးပြည်၏ ဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းပြော ဆိုပြန်၏။

နဂါးပြည်ချီးမွမ်း လွန်ထူးဆန်း

ထိုနောက်တဖန် အာဠာရ ရသေ့ သည် နဂါးပြည်၏ စည်းစိမ်ချမ်းသာကို မင်းကြီးအားပြောကြားလိုပြန်သဖြင့်—

"မြတ်သောမင်းကြီး.... သရက် ဥယျာဉ်အလယ်၌ ပြိုးပြိုးပြက်အရောင်ထွက်လျက် ငွေဖြင့်ပြီးသော တံခါးရွက်ရှိ၍ မွန်မြတ်သော ရွှေနန်းပြာသာဒ်ကြီးသည် ကောင်းကင်လယ်၌ လျှပ်စစ်နွယ်ကဲ့သို့ တောက်ပ၏၊ ထိုရွှေပြာသာဒ်ဝယ် ကောင်းစွာတန်ဆာဆင်လျက် ဆန်းကြယ်၍ ပတ္တမြားဖြင့်စီချယ်အပ်သော ရွှေအတိပြီးသော မွန်မြတ်သော စုလစ်မွန်းချွန်တပ်သော အဆောင် တိုက်ခန်းတို့သည် တန်ဆာဆင်ကာ ရွှေခြေကျင်းဝတ်ကုန်သော သတို့သမီးတို့ဖြင့် ပြည့်ကုန်၏။

များစွာသော သည်တိုင်ရှိ၍ တုဘက်ကင်းသော အာနုဘော်ရှိသော ထိုရွှေပြာသာဒ်သို့ မွန်မြတ်သော အဆင်းရှိသော သင်္ခပါလနဂါးမင်းသည် အဆောတလျင် ငါ့ကိုလက်ဆွဲကာ တက်ပြီးလျှင် နဂါးမိဖုရားကြီးရှိရာအရပ်သို့ ဆောင်ယူလေ၏၊ ထိုအခါ နဂါးမိန်းမတယောက်သည် မန္တန်းဆော် မတိုက်တွန်းရဘဲ အဘိုးများစွာထိုက်တန်၍ ကောင်းမြတ်သော ပုလဲပတ္တမြားတို့ဖြင့် စီချယ်အပ်သော နေရာကို ယူထည့်၍ ခင်းလေ၏၊ ထိုနောက်နဂါးမင်းသည် ငါ့ကို လက်၌ကိုင်လျက် မြတ်သောနေရာ၌နေစေ၏၊အရှင်ကား ငါတို့အလေးအမြတ်ပြုအပ်သော မိဘတို့တွင် တယောက် အပါအဝင်တည်း။ ဤနေရာမြတ်ကား အရှင်၏နေရာတည်း၊ ထိုင်တော်မူပါ ဟု ပြောဆိုဘိတ်မန်ပြန်၏"။

"မြတ်သောမင်းကြီး.... ချစ်စွာသောမယား သည် လုပ်ကျွေးမွေးမြူသော ချစ်စွာသောလင်၏ ခြေတို့ကို ဆေးကြောပေးဘိသကဲ့သို့ မိန်းမတယောက်သည် အဆောတလျင်ရေကိုယူ၍ ငါ့သို့ ချဉ်းကပ်ကာ ခြေတို့ကို ဆေးကြောပေးလေ၏"။

"မြတ်သောမင်းကြီး.. အခြားမိန်းမတယောက် သည် ရွှေခွက်ဖြင့်များစွာသောဟင်း အထူးထူးအ ပြားပြားသော ဟင်းလျာ နှစ်သက်ဘွယ်သော ထ မင်းကို အဆောတလျင် ယူထည့်၍ ကပ်ဆက်လာ ပြန်၏"။

"မြတ်သောမင်းကြီး....မိန်းမတို့သည် လင်ဖြစ် သော သင်္ခပါလနဂါးမင်း၏ အလိုတော်ကိုသိ၍ ကခြင်း,သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့် လုပ်ကျွေးကြ ပြန်၏၊ နဂါးမင်းသည် အတိုင်းထက်အလွန် ငါ့သို့ ဆည်းကပ်၏၊ နတ်၌ဖြစ်သော ကာမဂုဏ်တို့ဖြင့် လုပ်ကျွေးစေ၏၊ ထိုအခါ ငါသည် သုံးရသော မိန်းမတို့နှင့် ကာမဂုဏ်ချမ်းသာကို ခံစားလျက် နေစဉ် သင်္ခပါလနဂါးမင်းအား မေးခဲ့ဘူး၏၊ ဘယ် လိုမေးခဲ့ဘူးသနည်း"။

"အို-နဂါးမင်း....သင်သည်ဤစည်းစိမ်ချမ်းသာ ကို အဘယ်ကုသိုလ်ကောင်းမှုကို ပြု၍ရသနည်း၊ ဘယ်အကြောင်းကြောင့် ရသနည်း၊ အကြောင်း ကင်း၍ အလိုလိုရသလော၊ သင့်အကျိုးငှါတစုံတ ယောက်သောသူ ညွှတ်ခြင်းကြောင့် ရသလော၊

မိမိအလိုလို ဆောက်လုပ်စေသလော၊ နတ်တို့ပေးအပ်သလော" ဟု မေးပါ၏၊ ထိုအခါ သမ်ပါလနဂါးမင်းသည်ငါ့အား—

"အို-အာဠာရ.... ဤစည်းစိမ်ချမ်းသာကို အကြောင်းကင်း၍ရသည်မဟုတ်၊ ငါ့အကျိုးငှါတစုံတယောက်သောသူသည် ညွှတ်ခြင်းကြောင့် ရသည်မဟုတ်၊ နတ်တို့လည်းမပေးအပ်၊ မိမိသန္တာန်၌ဖြစ်သော ကုသိုလ်ကောင်းမှုတို့ကြောင့် ဤစည်းစိမ်ချမ်းသာကို ရပါ၏"။

"အို-နဂါးမင်း.... သင်သည် ဤစည်းစိမ်ကို ရအောင် အဘယ်အကျင့်ကို ကျင့်သနည်း၊ ဘယ်ကုသိုလ်ကောင်းမှုကို ပြုသနည်း၊ ကျင့်အပ်သော အကျင့်နှင့်၊ ပြုအပ်သော ကုသိုလ်ကောင်းမှုကို ပြောကြားပါ"။

"အို-အာဠာရ.... ငါသည်ရှေးအခါ မာဂဓတိုင်းကို အစိုးရလျက် တန်ခိုးအာနုဘော်ကြီးသော ဒုယောဒနမည်သော မင်းဖြစ်ဘူးပြီ၊ ထိုအခါ ငါသည် အသက်ကို နည်းငယ် တိုလျ၏ ဟူ၍၎င်း၊ မမြဲ ဖောက်ပြန်သော သဘောရှိ၏ ဟူ၍၎င်း၊ သိမြင်၍ ကြည်ညိုသောစိတ်ဖြင့် မြို့တံခါး လေးမျက်နှာတို့၌အလှူတင်းကုပ် လေးဆောင်တို့ကို ဆောက်လုပ်လျက် အလှူပေးခြင်း သီလဆောက်တည်ခြင်း ဥပုသ်စောင့်သုံးခြင်းကို ပြုခဲ့ဘူးပြီ၊ ထိုသို့ပြုခဲ့ခြင်း

ကား ဤစည်းစိမ် ချမ်းသာကိုရကြောင်း ဖြစ်သော အကျင့်တည်း၊ ကုသိုလ်ကောင်းမှုတည်း”။

“အိုနဂါးမင်း....သင်သည် ဤမျှလောက်ဘုန်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံပါလျက် အဘယ်ကြောင့် မှုဆိုးတို့လက်သို့ ရောက်ရသနည်း၊ မှုဆိုးတို့ အနှိပ်စက်ခံရသနည်း၊ မှုဆိုးတို့ကိုမြင်၍ ကြောက်လေသလော”

“အို- အာဠာရ....ငါသည်မှုဆိုးတို့ကို မြင်၍ မကြောက်ပါ၊ ငါ၏အဆိပ်ကို တပါးသော သူတို့၏ အဆိပ်ဖြင့် ဖျောက်ဖျက်ခြင်းငှါ မတတ်နိုင်၊သို့သော်လည်း သီလပျက်စီးမည်ကို ကြောက်သောကြောင့် မှုဆိုးတို့လက်သို့ ရောက်ရ၏၊ အနှိက်စက်ခံရ၏”။

“အို-အာဠာရ...ငါသည် လစဉ် တဆယ့်လေးရက်မြောက်နေ့၊ တဆယ့်ငါးရက် မြောက်နေ့၌ အမြဲဥပုသ်ဆောက်တည်၏၊ ထိုအခါ မှုဆိုးတကျိပ် ခြောက်ယောက်တို့သည် တံကျင် ကြိမ်ကြိုး တို့ကို ကိုင်ကာ ငါ့ထံသို့လာ၍ ကိုးဌာနတို့၌ အပေါက်ဖေါက်ပြီးလျှင် ကြိမ်ကြိုးတို့ကို ထိုးလျှိုကာ ထမ်းယူကြကုန်၏၊ ငါကား ဥပုသ်ပျက်မည်ကို စိုးရိမ်၍ ဆင်းရဲကို ခံစားရ၏”။

“အို-နဂါးမင်း....သင်သည်ဤကဲ့သို့ စည်းစိမ်ဘုန်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံပါလျက် ကြီးစွာသော ဆင်းရဲကိုခံလျက် ဘယ်အကျိုးငှါ ဥပုသ်စောင့်သုံးပါသနည်း”။

"အို-အာဠာရ....ငါ့ကား သားသမီး ပစ္စည်း ဥစ္စာ အသက်ကိုလိုသောကြောင့် ဥပုသ်စောင့်သုံး သည်မဟုတ်၊ စင်စစ်ကား လူ့အဖြစ်ကို လိုချင် တောင့်တသောကြောင့် ဤမျှအဆင်းရဲခံ၍ အား ထုတ်ကာ ဥပုသ်စောင့်သုံးပါ၏"။

"အို-နဂါးမင်း..သင်သည် တင့်တယ်လှပသော ကိုယ်အင်္ဂါရှိ၏၊ ဆံမုတ်ဆိတ်ကိုလည်း ပြုပြင်၍ ထား၏၊ စန္ဒကူး နံ့သာလည်း လိမ်းကျံ အပ်၏၊ အရပ်မျက်နှာတို့၌ ဂန္ဓဗ္ဗနတ်မင်းကဲ့သို့ ထွန်းပ၏။

နတ်၏ တန်ခိုးအာနုဘော်နှင့်ပြည့်စုံ၏၊ ကာမ ဂုဏ်အလုံးစုံနှင့်လည်းပြည့်စုံ၏၊ ဤနဂါးပြည်ထက် လူ့ပြည်သည် အဘယ်အရာဖြင့် ကဲသာ မွန်မြတ် သနည်း"။

"အို-အာဠာရ....လူ့ပြည်ကို ကြဉ်ထား၍ မဂ် ဖိုလ်နိဗ္ဗာန်ဟူသော စင်ကြယ်ခြင်းသည်ဝင်း၊ သီလ ဆောက်တည်ရခြင်းသည်ဝင်း မရှိပေ၊ငါကား လူ့ အဖြစ်ကိုရလျှင် ပဋိသန္ဓေနေခြင်း၏ အဆုံးကို ပြု တော့အံ့"။

"အို-နဂါးမင်း....သင်၏အထံ၌နေသည်မှာငါ့ အား တနှစ်လည်ခဲ့ပြီ၊သင်သည်ငါ့ကိုထမင်းအဖျော် ကာမဂုဏ်ဖြင့် လုပ်ကျွေးဘိ၏၊ လူ့ပြည်သွားရန် ပန်ကြားပါ၏၊ လူ့ပြည်မှ လာခဲ့ရာလည်းကြာမြင့် ပေပြီ"။

"အို-အာဥ္စာရ…ငါ၏သားသမီး မယား အစေအပါးတို့သည် ငါဆုံးမသည့်အတိုင်း သင့်ကို လုပ်ကျွေးကြကုန်၏၊ အဘယ်သူမျှ မဆဲရေး မခြိမ်းခြောက်သည် မဟုတ်ပါလော၊ သင့်ကို မပြတ်မြင်နေလိုပါ၏"။

"အို-နဂါးမင်း…. သင်နဂါးမင်း၏ စိတ်သည် ငါ့အပေါ်၌ ချစ်ခင်ကြည်ညို၏၊ အမိအဘတို့သည် ချစ်ခင်ကြည်ညိုစွာ လုပ်ကျွေးသော သားအိမ်၌ နေရသကဲ့သို့ နေရပါ၏၊ မိမိအိမ်၌ နေရခြင်းထက် ဤနဂါးပြည်၌ နေရခြင်းသည် မွန်မြတ်လှပါ၏"။

"အို-အာဥ္စာရ….ငါ့မှာ ဥစ္စာကို ဆောင်ယူတတ်သော နီမြန်းသောပတ္တမြားရတနာရှိ၏၊ ထိုနီမြန်းသောပတ္တမြားရတနာကိုသင်ဆောင်ယူပြီးလျှင် အိမ်သို့ သွားလော့၊ ဥစ္စာကို ဆောင်ယူပြီးမှ ထိုပတ္တမြားကို ရေအိုးထဲ၌ ထားပါလေ"—ဟု ပေးကမ်းဘွယ်လက်ဆောင်ကို ပေးကမ်းကာမှာ ထားလေ၏။

ထိုအခါငါသည် "အဆွေနဂါးမင်း….ငါ့အား ဥစ္စာဖြင့်အလိုမရှိပါ၊ ရဟန်းပြုခြင်းငှါသာ အလိုရှိပေ၏"ဟု ပြောဆိုပြီးလျှင် ရသေ့ရဟန်း၏ ပရိက္ခရာတို့ကို ဆောင်ယူကာ နဂါးပြည်မှထွက်ခဲ့၍ လိုက်ပို့သော နဂါးမင်းကိုပြန်စေ၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ရသေ့ရဟန်း ပြုလေ၏"။

လောကီချမ်းသာ ရှုံ့ဘွယ်ရာ

ဤသို့အာဠာရရသေ့သည် နောက်က အကြောင်းစုံနှင့်တကွ နဂါးမင်း၏စည်းစိမ်ကြီးကျယ်ပုံကို ပြောပြီးလျှင် မင်းကြီးအား တဖန်–

"မြတ်သော မင်းကြီး.... ငါသည် လူ့ပြည်၌ ဖြစ်သော ကာမဂုဏ်တို့ကို တွေ့မြင် ခံစားဘူးပြီ၊ ကာမဂုဏ်တို့ကား မမြဲကုန်၊ ဖေါက်ပြန်ခြင်း သဘောရှိကုန်၏၊ ငါသည်ကာမဂုဏ်တို့၌ အပြစ်ကို မြင်၍ရှင်း, ကံ ကံ၏အကျိုး နိဗ္ဗာန်ကိုမြင်၍ရှင်း ရသေ့ရဟန်း ပြုခဲ့ပါ၏"။

"မြတ်သောမင်းကြီး.. အစိမ်းအမှည့်ဖြစ်သော သစ်သီးတို့သည် ကြွေကျကုန်သကဲ့သို့ ထို့အတူ ငယ်ကုန်သောသူ, ကြီးရင့်အိုမင်းကုန်သော သူတို့သည် သေလွန်ပျက်စီးရကုန်၏၊ ထိုသေလွန်ပျက်စီးခြင်းကို မြင်၍မဍ္ဍတ်သံသရာမှထွက်မြောက်ကြောင်း ရဟန်းအဖြစ်သည်သာမြတ်၏ဟု ရသေ့ရဟန်းပြုခဲ့ပါ၏"–

ဟု ရသေ့ရဟန်း ပြုခဲ့ခြင်းအကြောင်းကို ပြောဆိုကာ တရားဟောလေ၏။

ပညာရှိဆည်းကပ် ကောင်းမှုရပ်

ထိုအခါ မင်းကြီးသည် တရားတော်ကို ကြားနာရလျှင် ဝမ်းမြောက်သည်ဖြစ်၍-

"အို-အရှင် အာဠာရ.... သူတော်ကောင်းတို့သည် ပညာရှိကုန်၏၊ အကြားအမြင် များကုန်၏ များစွာသော အကြောင်းအရာတို့ကို သိကုန်၏၊

ကုသိုလ်ကောင်းမှုကို အလိုရှိသောသူတို့သည် စင်စစ် သူတော်ကောင်းတို့ကို ဆည်းကပ်ကုန်ရာ၏၊ အကျွန်ုပ်သည် နဂါးမင်း၏ ဂုဏ်ကျေးဇူး စကားကိုဇင်း, အရှင်ရသေ့၏တရားစကားကိုဇင်း ကြားနာရ၍ များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုပါတော့အံ့"—

ဟုချီးကျူးဝန်ခံလေ၏၊ ဤသို့လျှင် အာဠာရရသေ့သည် မြတ်ဗုဒ္ဓတ်မင်းကြီးကို တရားဟောကာ ဥယျာဉ်၌ပင် မိုးလေးလပတ်လုံး နေ၍ တဖန် ဟိမဝန္တာသို့ သွားပြီးလျှင် ဗြဟ္မဝိဟာရတရားကို ပွားများကာ သေလွန်သော်အခါ ဗြဟ္မာပြည်သို့ လားလေ၏။

သင်္ခပါလနဂါးမင်းနှင့် မြတ်ဗုဒ္ဓတ်မင်းတို့လည်း အသက်ထက်ဆုံး ဥပုသ်စောင့်သုံး၍ ဒါနသီလစသော ကုသိုလ်ကောင်းမှုကို ပြုကာ သေလွန်သောအခါ ကံအားလျော်စွာ လားကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်-

ဒါယကာတို့....

※ ထိုအခါ ခမည်းတော်ရသေ့သည်-ယခုအခါ မဟာကဿပ။

※ ဗာရာဏသီမင်းသည်-အာနန္ဒာ။

※ အာဥ္စာရရသေ့သည်-သာရိပုတ္တရာ။
※ သန်ပါလမင်းသည်-ငါဘုရားဖြစ်လာပြီ-
ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) တိရစ္ဆာန်ဖြစ်၊ အလောင်းစစ်၊ စောင့်လစ်ဥပုသ်ကို။
(၂) လူဖြစ်သူမှာ၊ မဆိုရာ၊ စောင့်ရာဥပုသ်ကို။
(၃) ဥပုသ်စောင့်သုံး၊ သူတော်ထုံး၊ နှလုံးပိုက်စေလို။
သန်ပါလဇာတ်ပြီး၏။

၅၂၅- ရုဇသုတသောမဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

တောထွက်မှုလတ် အကျင့်မြတ် နတ်လူတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် မြတ်သော တောထွက်တော်မူခြင်း နိက္ခမပါရမီကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

ဗြဟ္မဒတ်မင်းသား မင်းပြုပြား လွန်လေပြီးသောအခါ ဗာရာဏသီပြည်ကား သုဒဿနမြို့မည်၏၊ထိုသုဒဿနမြို့၌ ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီး ဝမ်း၌ဖြစ်၍ ဘွားမြင်သောအခါ လပြည့်ဝန်းကဲ့သို့ တင့်တယ်သော မျက်နှာရှိသောကြောင့် (သောမ) သတို့သား ဟု အမည်မှည့်ကုန်၏။

P.385 ဆေတ္တာသည်သည် မင်းကြီးဦးခေါင်းတော်မှ ဆံဖြူတပင်ကိုရွှေညှပ်ဖြင့်နှုတ်၍ သုတသောမမင်းကြီးအား ပြသနေပုံ

ထိုသောမ သတို့သားသည် သိကြား လိမ်မာသော အရွယ်သို့ရောက်သောအခါ အကြားအမြင်ကို နှစ်သက်၍၊ စကားကောင်းကိုနာယူ၏၊ ထို့ကြောင့် သောမသတို့သားကို သုတသောမဟု ခေါ်ဝေါ်ကြကုန်၏၊ သုတသောမသည် တက္ကသိုလ်ပြည်၌ အလုံးစုံသော အတတ်ပညာတို့ကို သင်ကြား၍ ပြန်လာလျှင် ခမည်းတော်၏ ဥစ္စာဖြစ်သော မင်းအဖြစ်ကိုရ၍ တရားနှင့်အညီ မင်းပြု၏၊ များသောစည်းစိမ်ရှိ၏၊ စန္ဒာဒေဝီမိဖုရားကြီး အမှူးရှိသော တသောင်းခြောက်ထောင်သော မောင်းမတို့သည် ရှိကုန်၏။

စည်းစိမ်မမွေ့ မင်းညီးငွေ့

နောက်အဘို့၌ သုတသောမမင်းသည် သားသမီးတို့ဖြင့် ပွားများ လာသည်ရှိသော် အိမ်ရာ တည်ထောင် လူ၏ဘောင်၌ မမွေ့မလျော် တောထွက်၍ရသေ့ရဟန်းပြုလို၏၊ တနေ့သ၌ ဆတ္တာသည်ကိုခေါ်၍ "အမောင်....ငါ၏ဦးခေါင်း၌ ဆံဖြူကိုမြင်သောအခါ ငါ့အား လျှောက်ထားလော့"ဟု မှာထား၏၊ ဆတ္တာသည်လည်း နောက်အဘို့၌ မင်းကြီး၏ဦးခေါင်းဝယ် ဆံဖြူကိုမြင်လတ်သော်"အရှင်မင်းကြီး....ဦးခေါင်း၌ ဆံဖြူကိုမြင်ပါ၏"ဟု လျှောက်ထားလေ၏၊"အမောင်.... ရွှေမွေးညှပ်ဖြင့်နုတ်၍ ငါ့လက်ဝါးပြင်သို့တင်လော့"ဟု မိန့်တော်မူ၏၊ ထိုအခါ ဆတ္တာသည် သည် ရွှေမွေးညှပ်ဖြင့် ဆံဖြူကိုနုတ်၍ မင်းကြီး၏ လက်ဝါးပေါ်၌ တင်ထား၏။

ဖူးမတ်ခေါ်လတ် တိုင်းပြည်အပ်

ထိုအခါသုတသောမ မင်းသည် ဆံဖြူကို ကြည့်ရှု၍ ငါ၏ကိုယ်ကို အိုခြင်းတရားနှိပ်စက်ခဲ့ပြီဟု ထိတ်လန့် တုန်

လှုပ်ရကား ဆံဖြူကိုယူ၍ ပြာသာဒ်မှ ဆင်းသက်ပြီးလျှင် ရာဇပလ္လင်ပေါ်၌ နေတော်မူလျက် စစ်သူကြီး အမှူးရှိသော အမတ်ရှစ်သောင်းတို့ကိုရင်း, ပုရောဟိတ် အမှူးရှိသော ပုဏ္ဏား ခြောက်သောင်းတို့ကိုရင်း, တပါးသော တိုင်းသူ ပြည်သားတို့ကိုရင်း ခေါ်စေပြီးလျှင်—

"အမောင်တို့.... နိဂုံးသူတို့ကိုရင်း, အဆွေ ခင်ပွန်းတို့ကိုရင်း, ကျွန်အမှုလုပ်တို့ကိုရင်း သိစေ ပါအံ့၊ ငါ၏ဦးခေါင်း၌ ဆံဖြူပေါက်လတ်ပြီ၊ ယခု အခါ ငါတောထွက်၍ ရသေ့ရဟန်း ပြုတော့ မည်"—

ဟု ပရိသတ်တို့အား မိန့်ကြား ပြောဆိုလေ၏။

တောရပ်ကိုနို ရဟန်းပြုလို

မင်းကြီးစကားကိုကြားလျှင် အလွန်ပင် ပန်းခြင်းသို့ ရောက်သော သူတယောက် သည် မင်းကြီးအား—

"အရှင်မင်းမြတ်.... အကျွန်ုပ်၏ အကျိုးမဲ့ စကားကို အဘယ်ကြောင့် မိန့်ဆိုတော်မူသနည်း၊ ရင်ဝ၌ ထက်လှစွာသော လှံဖြင့် အဘယ့်ကြောင့် ထိုးတော်မူသနည်း၊ အရှင်မင်းမြတ်၏ ခုနစ်ရာ သော မိဖုရားတို့သည် အဘယ်သို့ ဖြစ်ကုန်လတံ့ နည်း"—

ဟု လျှောက်ထားလေ၏၊ထိုအခါမင်းကြီးသည်—

"အမောင်.... မိဖုရား ခုနစ်ရာတို့ကား နုပျို ကုန်သေး၏၊ ထင်ရှားကြလိမ့်မည်၊တပါးသောမင်း

သို့ ဆည်းကပ်ကြလိမ့်မည်၊ ငါသည် နတ်ပြည်ကို
တောင့်တသောကြောင့် ရဟန်းပြုတော့အံ့”—

ဟု ထီးနန်းစည်းစိမ်နှင့်တကွ ပယ်တော်မူ၏။

မိခင်တောင်းပန်
ငိုကြွေးပြန်

ထိုနောက် မှူးမတ်တို့သည် မတင် လျှောက်ဝံ့ကြသဖြင့် ထိုအကြောင်းကို မယ်တော် မိဖုရားကြီးထံ သွား၍ လျှောက်ထားကုန်၏၊မယ်တော်မိဖုရားကြီးလည်း အဆော တလျင် လာတော်မူ၍—

“ချစ်သား....ငါကား သင်၏ မယ်တော်ဖြစ်၏၊
သင့်ကိုငါဘွားမြင်ရ၏၊ ငါငိုကြွေးနေစဉ်ပင် ငဲ့ကွက်
ခြင်းမရှိဘဲ သင်ရဟန်းပြုလိုဘိ၏၊ ထိုကြောင့် ငါ့မှာ
သားကို ရခြင်းကား မကောင်းသဖြင့် ရခြင်းဖြစ်
ချေ၏”—

ဟု အပြစ်တင်ကာ ငိုကြွေးမြည်တမ်းလေ၏၊ သုတ သောမမင်းသည် ဆိတ်ဆိတ်သာနေ၏။

ခမည်းတော်မေး
ရဟန်းပြုရေး

ထို့နောက် အမတ်တို့သည် ခမည်း တော်မင်းကြီးထံသွား၍ လျှောက်ထား ကြပြန်၏၊ ခမည်းတော်လည်း အ ဆောတလျင် လာတော်မူ၍—

“ချစ်သား.... ငါတို့သားဖြစ်သော သင်သည်
အိုမင်းသောငါတို့ကို ငဲ့ကွက်ခြင်းမရှိ စွန့်ခွါ၍
ရဟန်းပြုလိုဘိ၏၊ မွေးမြူတို့ မွေးမြူသင့်သော မိဘ
တို့ကို မငဲ့ကွက်ဘဲ စွန့်ခွါ၍ ရဟန်းပြုသောအကျင့်

သည် ဘယ်အကျင့်နည်း၊ ရဟန်းပြုခြင်းသည် ဘယ်အကျိုးရှိသနည်း"—

ဟု အပြစ်တင်ကာ ပြောဆိုပြန်၏၊ သုတသောမမင်းသည် ဆိတ်ဆိတ်သာနေ၏။

တရားသဘောအရ ဘခင်ပြောပြ

ထိုအခါ ခမည်းတော်သည် တဖန်သားသမီးငယ်များ ငဲ့ကွက်ရန် သားတော်မင်းကြီးအား ပြောကြားလိုသဖြင့်—

"ချစ်သား.... သင်သည် မယ်တော် ခမည်းတော်တို့ကို မငဲ့လျှင်ရှိစေတော့ အရွယ်မရောက်သေးသော သင်၏ သားတော်သမီးတော်တို့ကို ငဲ့ဘို့ကောင်း၏၊ ထိုသားတော် သမီးတော်တို့သည် သင့်ကို မမြင်ရသည်ရှိသော် ဆင်းရဲ ပင်ပန်းကြကုန်လတ္တံ့"—

ဟု သားသမီးတို့ကို ငဲ့ညှာရန် ပြောပြန်၏၊ ထိုအခါ သုတသောမမင်းသည် ခမည်းတော်အား—

"ခမည်းတော်.... မယ်တော် ခမည်းတော်တို့နှင့်ငင်း, အရွယ်မရောက်သေးသော သားတော်သမီးတော်တို့နှင့်ငင်း ကြာမြင့်စွာ အတူတကွနေရသော်လည်း အကျွန်ုပ်အား ပျက်စီးခြင်းသဘောရှိသည်တကား"—

ဟု တရားဟောလေ၏၊ ခမည်းတော်လည်း တရားစကားကို ကြားရလျှင် ဆိတ်ဆိတ်သာနေပြန်၏။

မိဖုရားတို့တောင်းပန်
ဝိုကြွေးမြန်

ထို့နောက်ခုနစ်ရာသော မိဖုရားတို့သည် ထိုအကြောင်းကိုကြားလျှင် လာလတ်၍ သုတသောမ မင်း၏ ဖမျက်တော်ကို ကိုင်ကုန်လျက်—

"အရှင်မင်းမြတ်.... အရှင်သည် အကျွန်ုပ်တို့ ဝိုကြွေး မြည်တမ်းကုန်စဉ် ငဲ့ကွက်တော် မမူဘဲ ရဟန်းပြုလိုဘိ၏၊ အရှင်မင်းမြတ်သည် အကျွန်ုပ်တို့အပေါ်၌ ချစ်ခြင်းမေတ္တာစိတ် ကင်းပြတ်ပြီးလော၊ သနားခြင်း ကရုဏာစိတ် မရှိတော့ပြီလော"—

ဟု လျှောက်ထားကာ လူးလည်းလျက် ဝိုကြွေးမြည်တမ်းကုန်၏၊ သုတသောမမင်းသည် မိဖုရားတို့အား—

"အိုနှမတို့.... သင်တို့အပေါ်၌ ငါ၏ချစ်ခြင်းမေတ္တာစိတ်သည် မကင်းပြတ်ပါ၊ သနားခြင်းကရုဏာစိတ်သည်လည်း ရှိပါ၏၊ သို့သော်လည်း ငါသည် နတ်ပြည်သို့တောင့်တခြင်းကြောင့် ရဟန်းပြုလိုပါ၏"—

ဟု ဖျောင်းဖျကာ နှစ်သိမ့်စေ၏။

မိဖုရားကြီးမှူပင်
လျှောက်တင်

ထို့နောက် ထိုအကြောင်းကိုစန္ဒာဒေဝီ မိဖုရားကြီး ကြားပြန်လျှင် ကိုယ်ဝန်အရင့် အမာနှင့် လာကာ မင်းကြီးကို ရှိခိုးကာ လျှောက်ထားတောင်းပန်၍—

"အရှင်မင်းမြတ်.... အကျွန်ုပ်သည် အရှင်မင်းမြတ်၏ မိဖုရားကြီးဖြစ်ပါ၏၊ ဝိုကြွေးမြည်တမ်းနေ

သော အကျွန်ုပ်ကိုရင်း, ဝမ်း၌တည်သော်သားငယ်ကိုရင်း ငဲ့ညှာတော်မမူဘဲ အရှင်မင်းမြတ်သည် ရဟာန်းပြုလိုဘိ၏၊ ထိုကြောင့် အကျွန်ုပ် မိဖုရားကြီးအဖြစ်ကိုရခြင်းသည် မကောင်းသောရခြင်းဖြစ်ပါ၏"၊

"အရှင်မင်းမြတ်.... အကျွန်ုပ်၏ကိုယ်ဝန်သည် ယခုအခါ ရင့်မာခဲ့ပြီ၊ သားငယ်ဘွားမြင်ရုံမျှ ဆိုင်းငံ့တော်မူပါ၊ နောက်အခါ အကျွန်ုပ်သည် မုဆိုးမဖြစ်လျက် တယောက်ထီးတည်း မဆင်းရဲပါစေလင့်"—

ဟု ငိုကြွေးမြည်တမ်းကာ တားမြစ်လေ၏။

မိဖုရားလျှောက်ချက် မင်းပြင်းပယ်

ထို့နောက်မှသုတသောမမင်းကြီးသည် မိဖုရား လျှောက်ထားသော စကားကို ပြင်းပယ်လျက်—

"အို-မိဖုရားကြီး.... သင်၏ကိုယ်ဝန်သည် ရင့်မာခဲ့ပြီ၊ ငါ တိုက်တွန်းလိုသည်မှာ သင်သည် အဆင်းသဏ္ဍာန် လှပတင့်တယ်သော သားတော်ကို ဘွားမြင်ရစ်ပါလော့၊ ငါကား သင်တို့သား အမိနှစ်ယောက်လုံးကိုပင် စွန့်ပစ်ကာ ရဟာန်းပြုပါအံ့"—

ဟု မိန့်ဆိုကာ မိဖုရားကြီး၏စကားကို ပယ်လေ၏၊ ထိုအခါ မိဖုရားကြီးသည် စိုးရိမ်သောကကို မချုပ်တည်းနိုင်တော့သဖြင့် "အရှင်မင်းမြတ်.... ယခုအခါမှ စ၍ အကျွန်ုပ်မှာ ဘုန်းကြက်သရေမရှိတော့ပြီ"ဟု လျှောက်

ထားကာ လက်နှစ်ဘက်တို့ဖြင့် ရင်ကိုမ၍ မျက်ရည်ဖြိုင်းဖြိုင်းကျလျက် သည်းထန်စွာ ငိုကြွေးမြည်တမ်းလေ၏။

စိတ်ခေတ်ပြင်းထန်ရဟန်းပြုရန်

ထိုအခါ သုတသောမမင်းကြီးသည် မိမိရဟန်း ပြုလိုသော အကြောင်း တို့ကို မိဖုရားကြီးအား ပြောကြားကာ မှာထားလိုသဖြင့်—

"အို-မိဖုရားကြီး.... သင်မိဖုရားကြီးသည် မငိုကြွေးပါလင့်၊ မစိုးရိမ်ပါလင့်၊ ရွှေနန်းပြာသာဒ်ပေါ်သို့ တက်ပါလော့၊ ငါကား ငွဲ့ညှာခြင်းမရှိ ရဟန်းပြုတော့အံ့"—

ဟု မိန့်ဆိုကာ နှစ်သိမ့်စေပြန်၏၊ မိဖုရားကြီးသည် မင်းကြီး၏စကားကိုကြားလျှင် မတည်တံ့နိုင်တော့ဘဲ ရွှေနန်း ပြာသာဒ်ပေါ်သို့ တက်၍ ငိုကြွေးလျက်သာ နေ၏၊ သားတော်ကြီးသည် မယ်တော်ငိုကြွေးနေသည်ကို မြင်လျှင် မယ်တော်အား—

"မယ်တော်.... မယ်တော်ကို အဘယ်သူသည် မျက်လိုမုန်းထား ပြုဘိသနည်း၊ အဘယ်ကြောင့် ငိုကြွေးဘိသနည်း၊ အဘယ်ကြောင့် အကျွန်ုပ်ကို စိန်းစိန်း ကြည့်ဘိသနည်း၊ သတ်သင့်သောသူကို ဆွေမျိုးတို့ကြည့်နေစဉ် အကျွန်ုပ်သတ်ပါအံ့"—

ဟု မေးမြန်း ပြောဆိုလေ၏။

သားတော်ကြားချက်သောကပွက်

ထိုအခါ မယ်တော်သည် သားတော်အား ဖခင်မင်းကြီး ရဟန်းပြုတော့မည့် အကြောင်းကို ပြောကြားလို၍—

"ချစ်သား.... သင်တို့ခမည်းတော်သည် ငါ့ကို မျက်လိုမုန်းထားပြုဘိ၏၊ ငါ့ကိုမငဲ့ညှာဘဲ ရဟန်းပြုတောထွက်တော့မည်ဟု မိန့်တော်မူဘိ၏၊ သင့်ခမည်းတော်ကို သတ်ခြင်းငှါ မတတ်ကောင်းသည်တကား"—

ဟု ပြောကြားလေ၏၊ သားတော်ကြီးသည် မယ်တော်စကားကို ကြားလျှင် "မယ်တော်.... အသို မိန့်တော်မူသနည်း၊ခမည်းတော်ဘုရား ရဟန်းပြုလတ်သော် အကျွန်ုပ်တို့မှာ ကိုးကွယ်ရာမရှိမဟုတ်ပါလော" ဟု လျှောက်ထားပြီးလျှင်—

"မယ်တော်.... အကျွန်ုပ်သည် ရှေးအခါမြင်းလေးစီးကာလျက် တန်ဆာဆင်သောရထားကို စီးနင်းလျက် ဥယျာဉ်ကစားသွားရ၏၊ အမှန်ယစ်သောဆင်ပြောင်တို့ကိုလည်း တိုက်စေ ထိုးစေရ၏၊ ခမည်းတော် ရဟန်းပြုလတ်သော် ယခုအခါအဘယ်သို့ ပြုရအံ့နည်း"—

ဟု လျှောက်ထားပြောဆိုကာ ငိုကြွေး လေ၏။

သားသမီးငယ်များ တောင်းပန်ခြင်း

ထိုအခါ သားတော်ကြီးကား အသက်အရွယ် ခုနစ်နှစ်သာရှိသေး၏၊ ညီတော်သည် မယ်တော်နှင့် နောင်တော်တို့ငိုကြွေးနေသည်ကို မြင်လျှင် မယ်တော်ထံ ချဉ်းကပ်လျက်မေးမြန်း၍ ထိုအကြောင်းကိုသိလျှင်"မငိုကြလင့်၊အကျွန်ုပ်သည် ခမည်းတော် ရဟန်းမပြုရအောင် ပြုလုပ်မည်" ဟု မယ်တော်နှင့်နောင်တော်တို့ကို နှစ်သိမ့်စေ၍ အထိန်းတော်

နှင့်တကွ ရွှေနန်းပြာသာဒ်မှ ဆင်းသက်ပြီးလျှင်– "ခမည်းတော်····ခမည်းတော်သည် မခွဲခွါလိုသောအကျွန်ုပ်တို့ကို ခွဲခွါ၍ ရဟန်းပြုလိုသည် ဟု ကြားရ၏၊ အကျွန်ုပ်သည် ခမည်းတော်ကို ရဟန်းပြုရန် သွားခွင့်မပေးနိုင်"ဟု တားမြစ်ကာ လက်နှစ်ဘက်တို့ဖြင့် ခမည်းတော်လည်ပင်းကို မြဲမြဲစွာ ဘက်၍ထားလေ၏။

ပတ္တမြားပေးကာ အထိန်းတော်မှာ

ထိုအခါမင်းကြီးသည် ဤသားငယ်ကား ငါ့၏ဘေးရန်ကိုပြုဘိ၏၊ ဘယ်နည်းဖြင့် သွားစေရမည်နည်း ဟု ကြံစည်စဉ်းစားပြီးလျှင် အထိန်းတော်ကို ကြည့်တော်မူ၍–

"အို-အထိန်းတော် ·· ဤပတ္တမြားတုံးတန်ဆာကိုယူလော့၊ သားငယ်ကိုလည်း တနေရာသို့ချီသွားကာ မွေ့လျော်စေလော့၊ နတ်ပြည်ကို တောင်းတသော ငါ့၏ဘေးရန်ကို မပြုစေလင့်"–

ဟု အထိန်းတော်အား ပတ္တမြားတုံးကို တံစိုးလက်ဆောင်ပေးကာ သားငယ်ကို လည်ပင်းမှဖြေ၍ အတင်းယူသွားစေ၏။

အထိန်းတော်လည်း မင်းကြီးအာဏာကို မလွန်ဆန်ဝံ့သဖြင့် ပတ္တမြားတုံးကို ယူပြီးလျှင် သားငယ်ကိုလည်း ချော့မော့ယူဆောင်ကာ တနေရာ၌ မွေ့လျော်စေပြီးလျှင်–

" အချင်းတို့···· မင်းကြီး တံစိုးလက်ဆောင်ပေးလိုက်သောဤပတ္တမြားတုံးတန်ဆာကို အကယ်၍ ယူခဲ့မိ၏၊ အရှင်မင်းမြတ် ရဟန်းပြုသည်ရှိသော်

ငါ့မှာ ဤပတ္တမြားတုံးတန်ဆာဖြင့် ဘာအသုံးကျ မည်နည်း၊ ပတ္တမြားတုံးတန်ဆာဖြင့် ဘာလုပ်ရ မည်နည်း''—

ဟု ပြောဆိုကာ ငိုကြွေး လေ၏။

သူဌေးတားဘွယ် မင်းကြီးပယ်

ထိုနောက် စစ်သူကြီးသည် ဤမင်းကြီး ကား နန်းတော်၌ ဥစ္စာနည်းပါးသည် မှတ်ထင်၍ ရဟန်းပြုလိုဟန်တူသည်ဟု ကြံစည်လျက် နေရာမှထ၍ ရှိခိုးကာ—

''အရှင်မင်းမြတ်…အရှင်မင်းမြတ်၏ရွှေတိုက်, ငွေတိုက်တို့သည် ပြည့်လျှံကုန်၏၊ ကျီကျတို့လည်း ပြည့်ဖြိုးကုန်၏၊ လူအပေါင်းကိုလည်း အစိုးရတော် မူ၏၊ အရှင်မင်းမြတ်… မွေ့လျော်တော်မူပါ၊ရဟန်း ပြုတော်မမူပါလင့်''—

ဟု လျှောက်ထားတောင်းပန်လေ၏၊သုတသောမ မင်း ကြီးသည် စစ်သူကြီးစကားကို ပယ်တော်မူ၏၊ထိုအခါ စစ်သူ ကြီးသည် ဘဲသွားလေ၏၊ ထိုနောက် ကုလဝဓုန သူဌေး ကြီးသည် နေရာမှထ၍ ရှိခိုးကာ မင်းကြီးအား—

''အရှင်မင်းမြတ်…. အကျွန်ုပ် အားလည်း ပစ္စည်းဥစ္စာများစွာရှိပါ၏၊ မရေတွက်နိုင်ပါ၊ထိုအ လုံးစုံသောပစ္စည်းဥစ္စာကို အရှင် မင်းကြီးအား ဆက်သပါ၏၊ အရှင်မင်းမြတ်မွေ့လျော်တော်မူပါ၊ ရဟန်းမပြုပါလင့်''—

ဟု လျှောက်တင် တောင်းပန်ပြန်၏၊ မင်းကြီးသည် သူဌေးကြီး စကားကိုလည်း ပယ်တော်မူပြန်၏၊ ထိုအခါ သူဌေးကြီးသည် ဘဲသွားလေ၏။

ညီတော်နန်းအပ်ပြောကြားလတ်

ထိုနောက် မင်းကြီးသည် သောမဒတ္တမည်သော ညီတော်ကိုခေါ်၍ ထီးနန်းစည်းစိမ်ကိုအပ်နှင်းကာ ညီတော်အား ပြောကြားလိုသဖြင့်—

"အို-ညီတော်....ငါသည် ဆောင်းဖြင့်လှောင်ထားသော ကြက်ကဲ့သို့ ငြီးငွေ့လှ၏၊ မပျော်ရွှင်ခြင်းသည် နှိပ်စက်လှ၏၊ ငါ့အား ဘေးအန္တရာယ်များစွာထင်ကုန်၏၊ ယနေ့ပင် ရဟန်းပြုတော့အံ့၊ သင်သည် မင်းအဖြစ်ကို ခံယူပါ"—

ဟု ထီးနန်းစည်းစိမ်ကို ပေးလေ၏၊ မင်းကြီးစကားကို ကြားလျှင် ညီတော်သောမဒတ္တသည် မင်းကြီးအား—

"နောင်တော် မင်းမြတ်.... နောင်တော်သည် ရဟန်းအဖြစ်ကိုနှစ်သက်တော်မူဘိ၏၊ယနေ့ပင်လျှင် ရဟန်း ပြုတော်မူပါ၊ အကျွန်ုပ်လည်းရဟန်းပြုပါအံ့၊ နောင်တော်နှင့်ကွဲကွာ၍မနေရစ်နိုင်ပါ"—

ဟု ထီးနန်းစည်းစိမ်ကိုပယ်၍ ရဟန်းပြုရန် လျှောက်ထားလေ၏။

ညီတော်မင်းပြုကာနေရစ်ပါ

ထိုစကားကိုမင်းကြီးကြားလျှင် ဆင်ခြင်တော်မူကာ ညီတော်အား ပြောကြားဆုံးမပေးလိုသဖြင့်—

"အို-ညီတော်.... ငါရဟန်းပြုလိုသော အဖြစ်ကိုကြားရသောအခါ သုဒဿနမြို့တော်၌ဝင်း, ဇနပုဒ်တို့၌ဝင်း ခုံလှောက်တွင် တစုံတယောက်သော

သူ မိးမမွေးရဘဲ ပူပြင်း တောက်လောင်ကြကုန်၏
သို့အတွက် သင်ရဟန်းပြုရန်မသင့်လျှော်''—

ဟုထိးနန်းစည်းစိမ်ကို ခံယူရန်တိုက်တွန်းပြန်၏၊ထိုအခါ လူအပေါင်းတို့သည် မင်းကြီးစကားကိုကြားလျှင် ''အရှင်မင်းမြတ် ရဟန်းပြုသည်ရှိသော် ယခုအခါ အကျွန်ုပ်တို့ အဘယ်သို့ ပြုရကုန်အံ့နည်း'' ဟု လျှောက်ထားကာ ခြေတော်ရင်း၌ လူးလည်း၍ ငိုကြွေးကြကုန်၏။

တကျော့ဖွဲ့နှောင်
ငရဲဆောင်

ထိုအခါသုတသောမမင်းသည် သတ္တဝါတို့အသက်သည် လျင်စွာ ပျက်စီးတတ်သော အကြောင်းကို လူအပေါင်းအား ဆုံးမပြောကြားလိုသဖြင့်—

''အမောင်တို့····ခဝါသည်၏ပေါင်းအိုး၌ ထည့်ထားအပ်သော ရေအနည်းငယ်သည် လျင်မြန်စွာ ကုန်ခန်းသကဲ့သို့ ထို့အတူ သတ္တဝါတို့၏အသက်သည် လျင်မြန်စွာ ကုန်ခန်း၏ဟု ငါအောက်မေ့၏၊ ဤသို့အလွန်အသက်တိုသော သတ္တဝါတို့အား မေ့လျော့ခွင့်မရှိကုန်၊ ထိုသို့ဖြစ်သော်လည်း သူမိုက်တို့ကား မေ့လျော့ကြကုန်၏''။

''အမောင်တို့···· တဏှာ အနှောင်အဖွဲ့ ဖြင့် နှောင်ဖွဲ့ အပ်ကုန်သော သူမိုက်တို့သည် ငရဲ, တိရစ္ဆာန်,ပြိတ္တာ, အသုရကာယ်ဟု ဆိုအပ်သော အပါယ်ဘုံတို့ကို ပွားစေကုန်၏''—

ဟု တရားပြကာ ဆုံးမတော်မူ၏။

လူတို့အလယ်ဆံတော်ပယ်

ဤသို့ ဆုံးမပြီးလျှင် ပုဗ္ဗကပြာသာဒ်၏ ဘုံခုနစ်ဆင့်သို့ တက်၍ လက်စွဲတော် သန်လျက်ဖြင့် ဥဿျှောင်တော်ကို ပယ် ဖြတ်ပြီးလျှင်"ငါကား သင်တို့နှင့် စိုးစဉ်းမျှ တော်စပ်သည် မဟုတ်၊မိမိတို့အလိုရှိသောမင်းကို တင်မြှောက်ကြကုန်"ဟု မိန့်ဆိုကာ ဘောင်းတော်နှင့်တကွ ဥဿျှောင်တော်ကို လူ များအလယ်သို့ ပစ်ချလိုက်၏၊ လူအများသည် ဥဿျှောင် တော်ကို ကောက်ယူ၍ မြေကြီး၌ လူးလဲကာ ငိုကြွေးကြ ကုန်၏၊ ထိုအရပ်၌ မြူမှုန်တို့သည် ထောင်းထောင်းထ ကုန်၏၊ထိုအခါ မနီးမဝေး အရပ်၌နေကုန်သောသူတို့သည် "အချင်းတို့..ပုဗ္ဗကပြာသာဒ်တော်အနီး၌မြူမှုန်တွေထောင်း ထောင်းထခဲ့၏၊ အခြံအရံများသော ငါတို့တရားမင်းမြတ် သည့် ဆံတော်ကိုဖြတ်တော်မူသည်ထင်၏"ဟု ငိုကြွေးမြည် တမ်းကုန်၏။

ပရိက္ခရာလွယ်လျက် နန်းမှထွက်

ထိုနောက်မင်းကြီးသည် ဆေတ္တာသည် ကို ဆံမုတ်ဆိတ်တို့ကို ရိပ်စေ၍ ရသေ့ ပရိက္ခရာတို့ကို ယူစေပြီးလျှင် ရသေ့ပြု ကာ ပြာသာဒ်တော်မှ ဆင်းသက်၍ ခရီးလမ်းမ လယ်သို့ ကြွသွားလေ၏၊ မင်းကြီးဖြစ်သည်ကို တစုံတယောက်မျှ မသိလေ၊ ထိုအခါ မိဖုရားတို့သည် ပြာသာဒ်တော်သို့တက် ၍ မင်းကြီးကိုမမြင်လျှင်ဆင်းခဲ့ကြ၍ကြွင်းသော တသောင်း ခြောက်ထောင်သော မိန်းမတို့ထံသွားကြ၍"အို-ရှင်မတို့.. သင်တို့၏ ချစ်လှစွာသော သုတသောမ မင်းမြတ်သည် ရဟန်းပြုလေပြီ" ဟု ပြောဆိုကာ ငိုကြွေးမြည်တမ်းကြ လျက် ပြင်ပသို့ ထွက်ကြကုန်၏။

ထိုခဏချင်းလျှင် မင်းကြီးရဟန်းပြုသော အဖြစ်ကိုတမြို့လုံးသိကြကုန်၏၊ ထိုအခါ မြို့သူမြို့သားတို့သည် ငါတို့အရှင်မင်းမြတ်သည် ဤအရပ်၌ရှိလိမ့်မည်၊ ဤအရပ်၌ရှိလိမ့်မည် ဟုတွေ့လိမ့်နိုးနိုးဖြင့် နန်းပြာသာဒ်,ဥယျာဉ်, ရေကန်,လွှတ်ရုံးသဘင်,ဆွေတော် မျိုးတော်၊ မိဖုရား မောင်းမ မိဿံမှူးမတ်စသည်တို့ကို ချီးကျူးဖွဲ့နွဲ့ကာ လှည့်လည်ကုန်လျက် သနားစဖွယ် ငိုကြွေးမြည်တမ်းကြကုန်၏။

ပြည်သားကုန်စင် တောသို့ဝင်

ထိုသို့ ငိုကြွေးမြည်တမ်းကြပြီးလျှင် မိမိတို့အိုးအိမ် စည်းစိမ် ဥစ္စာ ရတနာတို့ကို စွန့်ထားခဲ့၍ သားသမီးတို့ကို လက်ဆွဲလျက် အသီးအသီး ထွက်ကာ မင်းကြီးထံသို့ လိုက်သွားကြကုန်၏၊ မယ်တော် ခမည်းတော် မိဖုရားမောင်းမ မိဿံတို့လည်း နန်းအိမ်တို့ကို စွန့်လွှတ်ကာ မင်းကြီးထံသို့ လိုက်သွားကြကုန်၏၊ တမြို့လုံးသည် အချည်းနှီးကဲ့သို့ ဖြစ်လေ၏၊ ဇနပုဒ်၌ နေသောသူတို့ကား နောက်မှလိုက်သွားကြကုန်၏၊ သုတသောမမင်းကြီးလည်း မိမိနောက်သို့လိုက်လာသော ဆယ့်နှစ်ယူဇနာရှိ ပရိသတ်ကို ယူဆောင်၍ ဟိမဝန္တာသို့ သွားလေ၏။

သိကြားဖန်ဆင်း ကျောင်းလှူခြင်း

ထိုအခါ သိကြားမင်း သိတော်မူလျှင် ဝိသုကြုံနတ်သားကိုခေါ်၍ "အမောင်.. သုတသောမ မင်းကြီးသည် ပရိသတ်များစွာဖြင့်တောထွက်လာခဲ့သည် ဟိမဝန္တာဝယ် ကျောင်းရသေ့ပရိက္ခရာစသည်တို့ကို ဖန်ဆင်း၍ပေးချေ"ဟုစေခိုင်းလိုက်၏၊ ဝိသုကြုံနတ်သားလည်း ဟိမဝန္တာသို့သွား၍ ဂင်္ဂါ

မြစ်နားဝယ် အလျားသုံးယူဇနာ အနံငါးယူဇနာ ရှိသော အရပ်ဝယ် ကျောင်းသင်္ခမ်း လမ်းခရီး ရသေ့ ပရိက္ခရာ အသုံးအဆောင်တို့ကို ပြည့်စုံလုံလောက်အောင် ဖန်ဆင်းပြီးလျှင် နတ်ပြည်သို့ပြန်ခဲ့၏။

ချာန်ကိုရခြင်း ဗြဟ္မာ့ရွာလား

သုတသောမ မင်းကြီးလည်း ဟိမဝန္တာသို့ရောက်၍ ကျောင်းသင်္ခမ်း ရသေ့ ပရိက္ခရာတို့ကို မြင်လျှင် ကိုယ်တိုင် ရှေးဦးစွာ ရသေ့ ရဟန်းပြုပြီးလျှင် နောက်မှ လိုက်လာသော ပရိသတ်ကိုလည်း ရသေ့ရဟန်းပြုစေ၏၊ နောက်အဘို့ဝယ် များစွာသောသူတို့ ရသေ့ရဟန်း ပြုကြသဖြင့် ယူဇနာသုံးဆယ်ရှိသော အရပ်သည် ပြည့်လေ၏၊ သုတသောမရသေ့လည်း ကာမဝိတက်စသည်တို့ကို ကြံစည်သော ရသေ့တို့အား ကောင်းကင်ထက်မှနေ၍ အဆုံးအမပေးတော်မူ၏၊ ရသေ့အပေါင်းတို့လည်း သုတသောမ ရသေ့၏အဆုံးအမ၌တည်၍ သေလွန်သောအခါ ဗြဟ္မာပြည်သို့ လားကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ မယ်တော် ခမည်းတို့သည်—ယခုအခါလည်း မယ်တော် ခမည်းတော်။

※ စန္ဒာဒေဝီမိဖုရားကြီးသည်— ရာဟုလာမယ်တော်။

※ သားတော်ကြီးသည်—သာရိပုတ္တရာ။

※ သားတော်ငယ်သည်–ရာဟုလာ။
※ အထိန်းတော်သည်–ခုဇ္ဇုတ္တရာ။
※ ကုလဝမှုနသူဌေးကြီးသည်–ကဿပ။
※ စစ်သူကြီးသည်–မောဂ္ဂလာန်။
※ သောမဒတ္တသည်–အာနန္ဒာ။
※ သုတသောမမင်းကြီးသည်–ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကာမပယ်ဖြတ်၊ ရဟန်းဇာတ်၊ မွန်မြတ်တောထွက်မည်။
(၂) တောထွက်၍ရှုန်း၊ သူတော်ထုံး၊ လက်သုံးပြုရမည်။

စူဠသုတသောမဇာတ် ပြီး၏။

စတ္တာလီသနိပါတ် စကားပြေ ပြီး၏။

အဋ္ဌမတွဲပြီး၏။

သာသနာရေး ဦးစီး
အရှင် က
လှူဒါန်းပါသည်။

တအုပ်